

# လှထိုး

(ပညာရေး)

မြန်မာပြန်

# ကတ္တီပါခန်းဆီးနောက်ကွယ်မှ ပဉ္စလက်ဆရာ

## The Secret Life of HOUDINI

**William Kalush** and **Larry Sloman**

2009.GRAPHIC DESIGN : KYAW MINN MOUNG

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်"

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လှမိုး (ပညာရေး)

## ကဏ္ဍတို့ပါခန်းဆီးနောက်ကွယ်မှ ပဉ္စလက်ဆရာ

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
၀၁–၂၄၀၆၉၀

ကတ္တီပါခန်းဆီးနောက်ကွယ်မှပဥ္စလက်ဆရာ

လှမိုး(ပညာရေး)

အတွင်းစာသားခွင့်ပြုချက်အမှတ်
၅၀၀၆၇၂၀၅၀၉
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၁၃၇၀၁၀၀၉
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ
၅၀၀
အဖုံးပန်းချီ
ကိုကျော်မင်းမောင်
ဖလင်
ကိုလှဝင်း
စာအုပ်ချုပ်
ပယိုး
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြ - ၀၃၉၄၅)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းဆိပ်သာ၊ သုဝဏ္ဏ
မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)၊
အမှတ် ၇၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့
တန်ဖိုး
၃၀၀၀ - ကျပ်

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅.၈၃

လှမိုး (ပညာရေး)

ကတ္တီပါခန်းဆီးနောက်ကွယ်မှ ပဥ္စလက်ဆရာ /
လှမိုး(ပညာရေး) ။ - ရန်ကုန်၊
ပညာရွှေတောင်စာအုပ်တိုက်၊ ၂၀၀၉ ။
၂၈၆ - စာ၊ ၁၃ စင်တီ x ၂၁ စင်တီ

(၁) ကတ္တီပါခန်းဆီးနောက်ကွယ်မှ ပဥ္စလက်ဆရာ

## မြန်မာပြန်သူ၏အမှာစာ

ဤစာအုပ်သည် The secret life of houdini အမည်ရှိ စာအုပ်ကို မြန်မာဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။ မြန်မာစာဖတ်ပရိသတ်များအတွက် 'ဟူဒီနီ' ဟူသော အမည်သည် စိမ်းမနေဘဲ ကြားဖူးနားဝရှိပြီး ဖြစ်ပါသည်။ ကျွန်တော်တို့ လေးစားရသော စာရေးဆရာကြီးများသည် ဟူဒီနီအကြောင်း ဆောင်းပါးများကို မှုဟန်သွယ်သွယ်နှင့် မဂ္ဂဇင်းများ၊ ဂျာနယ်များတွင် ရေးသားခဲ့ကြပြီး ဖြစ်ပါသည်။ ဟူဒီနီဟူသောအမည်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက လက်ထိတ်ဧကရာဇ်၊ သော့ဝိဇ္ဇာ၊ ရုပ်ပြောင်းနာမ်ပြောင်းနိုင်သော မဟာပဥ္စလက်ဆရာတစ်ဦးဖြစ်ကြောင်း သိပြီးဖြစ်ပါသည်။

ကျွန်တော်သည် ကျောင်းသားဘဝကပင် ဟူဒီနီကို စွဲလမ်းခဲ့သူဖြစ်ပါသည်။ သူ့အကြောင်းရေးသားထားသည့် စာအုပ်များ၊ ဆောင်းပါးများကို လက်လှမ်းမီသလောက် ဝယ်ယူစုဆောင်းထားခဲ့ပြီး လွန်ခဲ့သော နှစ်ပေါင်း (၄၀) ခန့်က အမေရိကန်ပြည်ထောင်စုမှထုတ်ဝေသော ရုပ်ရှင်မဂ္ဂဇင်းကြီးတစ်စောင်တွင် မြန်မာရုပ်ရှင်ပရိသတ်ကြိုက် မင်းသားကြီး တိုနီကားတစ်နှင့် ရုပ်ရှင်မင်းသမီး ဂျနက်လိတ်တို့ပါဝင်သော **ဟူဒီနီဘဝ** (Houdini- His Life Story) ရုပ်ရှင်ကားကြီး ရိုက်ကူးနေပြီဟု ဖတ်ရှုရသောအခါ အားရပါးရ ကြည့်ခွင့်ရပေတော့မည်ဟု စောင့်မျှော်နေခဲ့ရသော်လည်း အကြောင်းကြောင်းကြောင့် ဤရုပ်ရှင်ကားကြီးကို ကြည့်ခွင့်မရခဲ့။

ကံအားလျော်စွာပင် စာပေလောကသို့ ခြေချခွင့်ရသည်နှင့် သူ့အကြောင်းကိုရေးမည်ဟု အားခဲထားခဲ့၏။ လွန်ခဲ့သောသုံးနှစ်ခန့်ကမှ သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ဟူဒီနီဘဝဖြစ်စဉ်အကျဉ်းကို **နှစ်လောက** အမည်ဖြင့် မြန်မာဘာသာ ပြန်ဆို ရေးသားခဲ့ပါသည်။ ဟူဒီနီနှင့် ပတ်သက်သော ဆောင်းပါးအချို့ကိုလည်း သူရဇ္ဇမဂ္ဂဇင်းတွင် အလျဉ်းသင့်သလို ရေးသားဖော်ပြခဲ့ပါသည်။ လွန်ခဲ့သော ခြောက်လခန့်ကမှ သူရဇ္ဇမဂ္ဂဇင်း

အယ်ဒီတာချုပ်ဖြစ်သူ ဆရာဦးအောင်မြတ်သည် ပြည်ပခရီးမှပြန်လာစဉ် ၂၀၀၇ ခုနှစ်မှ ထုတ်ဝေသော အထက်ဖော်ပြပါ လျှို့ဝှက်ဆန်းကြယ်သော **ဟူဒီနီဘဝ** ဟူသော စာအုပ်ကို ဝယ်ယူလာခဲ့ပြီး မြန်မာဘာသာပြန်ဆိုရန် တိုက်တွန်းခဲ့ပါသည်။

အမှန်အားဖြင့် ဟူဒီနီကို မဏ္ဍိုင်ထား၍ ရေးသား ပြုစုခဲ့သော စာအုပ်များမှာ အနောက်တိုင်းနိုင်ငံများတွင် အဟောင်းရောအသစ်ပါ ယနေ့ထိ ရိုက်နှိပ်ထုတ်ဝေ၍မဆုံးနိုင်အောင် ရှိနေကြသည်ကို တွေ့ကြရပါသည်။

ယခု စာဖတ်သူ၏လက်ဝယ်ရောက်ရှိနေသော **လျှို့ဝှက်ဆန်းကြယ်သော ဟူဒီနီဘဝ** (The secret life of Houdini) ဟူသော စာအုပ်မှာ သူ့အကြောင်း နောက်ဆုံး ထုတ်ဝေသော စာအုပ်တစ်အုပ် ဖြစ်ပါသည်။ စာရေးသူ ဝီလျံကလူ(ရှ်)နှင့် လာရီစလိုးမင်းတို့မှာ ပဥ္စလက်ပညာကို လက်တစ်ဆုံးနှိုက် လေ့လာထားသော သုတေသီများ ဖြစ်ပါသည်။ စာရေးဆရာကြီးများကဲ့သို့ စာရေးကောင်းကြသူမဟုတ်ဟု စာပေအကဲဖြတ်သူတို့က ဆိုကြသော်လည်း စာဖတ်သူများ ဟူဒီနီနှင့်ပတ်သက်၍ သိသင့်သင့်ထိုက်သော အကြောင်းအရာမှန်သမျှ စနစ်တကျ စိစစ်စူးစမ်းရှာဖွေ၍ အထောက်အထား ခိုင်ခိုင်မာမာနှင့် တင်ပြထားသောစာအုပ် ဖြစ်ပါသည်။ ကျွန်တော် ဖတ်ရှုခဲ့ရသမျှ ဟူဒီနီအကြောင်းစာအုပ်များတွင် သူ့အကြောင်း အပြည့်စုံဆုံးစာအုပ်တစ်အုပ် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အမှန်အတိုင်းဝန်ခံရလျှင် စာရေးသူနှစ်ယောက်သည် စာရေးဆရာများမဟုတ်ကြဘဲ သုတေသီများသာဖြစ်သဖြင့် အရေးအသားရေးဟန်မှာ ကျမ်းစာအုပ်တစ်အုပ်ဆန်နေသည်။ သူတို့ စုံစမ်းရှာဖွေတွေ့ရှိရသလောက် အချက်အလက်များကို စာဖတ်သူများအား စေတနာထား၍ စုစုစည်းစည်း ရေးသားခဲ့ကြသဖြင့် အခန်းအကူးအပြောင်း အဖြတ်အတောက်များလှပါသည်။ ဝတ္ထုမဆန် ရုပ်ရှင်ကားတစ်ကားကို ကြည့်နေရသည်နှင့်လည်း တူနေသည်။

သို့ဖြစ်ရာ ယခု မြန်မာဘာသာပြန်ဆိုရာတွင် မြန်မာစာဖတ်ပရိသတ်များ လွယ်ကူချောမွေ့စွာ နားလည်ရန် ပြန်ဆိုထားပါသည်။ သို့ပြန်ဆိုရသဖြင့် ဤစာအုပ်သည် လုံးစေ့ပတ်စေ့ တိုက်ရိုက်ဘာသာပြန်ဆိုထားသည့် စာအုပ်တစ်အုပ်မဟုတ်ပါဟူ၍လည်း ဝန်ခံပါသည်။ အချို့အခန်းများတွင် ပို၍ ခိုင်မာရှင်းလင်းစေရန် အောက်ပါစာအုပ်များကို ကိုးကားခဲ့ပါကြောင်း။

(1) The great Houdini: - By. B.william and samuel. Epstein
(2) Houdini on Magic - By. walter-B.Gibson
(3) Death of the Magician - By. R Fitzsimon
(4) The secrets of Houdini - By. T.C Cannall

# (၁)

၁၈၇၄ ခုနှစ်၊ မတ်လ (၂၄) ရက်။

ဟန်ဂေရီနိုင်ငံ ဘူဒါပက်(ခ်)မြို့၏ အရုဏ်ဦးများသည် ထာဝစဉ် လှပနေတတ်သည်ဟု ဟန်ဂေရီနိုင်ငံသားများက ဆိုကြပါသည်။ ရာသီဥတု သာယာကြည်လင်သောနေ့များတွင် အရုဏ်သည် အရှေ့ဘက် အပင်နိုင်တောင်တန်းကြီးပေါ်မှ ညင်ညင်သာသာ ကျလာတတ်သည်။ ရဲရဲနီနေသော အရုဏ်ဦးသည် မှိုင်းပြာမှုန်ဝေနေသော တောင်တန်းကြီးပေါ်မှ ယပ်တောင်တစ်ချောင်း ပွင့်လာသလို တဖြည်းဖြည်း ပွင့်လာပြီးနောက် ရှုခင်းတစ်ခုလုံးကို ရဲရဲနီနေသော နေရောင်ခြည်တို့ဖြင့် ပက်ဖျန်းပေးတတ်သည်။ ဆောင်းရာသီအရုဏ်ဦးများတွင်မူ ဘူဒါပက်(ခ်)မြို့တော်တစ်ခွင်အား ရဲရဲနီနေသော နှင်းမြူဇာပဝါကို ခြုံထားသည်နှင့် တူသည်ဟူ၍လည်း ဆိုကြ၏။

ဘူဒါပက်(ခ်)မြို့ကလေးမှ ရှေ့နေလေး ဆမ်မြူရယ်ဝိတ်(ခ်)သည် ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်ကာ ဘူဒါပက်(ခ်)မြို့၏ အရုဏ်ရှုခင်းကို ငေးမောကြည့်နေမိသည်။ အမှန်အားဖြင့် သူ့အဖို့ အရုဏ်ဦး၏ ရှုခင်းသာယာမှုကိုစိတ်မရောက်။ အိပ်ခန်းအတွင်းမှ ဇနီးဖြစ်သူ၏ ညည်းတွားနေသည့်အသံ၊ သားဖွားဆရာမ၏ အားပေးသည့်အသံတို့ကိုသာ နားစွင့်နေမိသည်။

ဧည့်ခန်းအတွင်းနံရံပေါ်မှ တချက်ချက်မြည်နေသည့် တိုင်ကပ်နာရီ ကြီးဆီသို့လည်း မကြာခဏငေးကြည့်နေမိသည်။ ကလေးငယ်များအားလုံးသည် သူတို့အိပ်ခန်းတွင် အိပ်စက်ကြဆဲ ဖြစ်၏။ သူ့အိမ်အနီးရှိ ထင်းရှူးပင်ထက်မှ ငှက်ကလေးများ၏ တေးသံသာနှင့် လေတိုးဝှေ့သဖြင့် တရှဲရှဲမြည်နေသည့် ထင်းရှူးပင်အိုကြီး၏ မြည်သံကိုလည်း သူ စိတ်မဝင်စား။ အိပ်ခန်းတွင်းမှ မျက်နှာမြင်တော့မည့် သူ့ဇနီး စီဆီလျာ၏ ဖြူဖွေးနွမ်းလျနေသည့်မျက်နှာကိုသာ မြင်ယောင်နေသည်။ ခါတိုင်း

ဆိုလျှင် ငှက်ကလေးများ၏ တေးသံတစာစာနှင့်အတူ သူ့ဇနီး စီဆီလျာ၏အသံကို ကြားရမြဲ ဖြစ်သည်။ ယနေ့တွင်မူ စီဆီလျာ၏ ညည်းသံကိုသာ ကြားနေရသည်။ အမှန်မှာ သားသမီးမွေးရခြင်းသည် အမျိုးသမီးများအဖို့ သေရေးရှင်ရေး တိုက်ပွဲတိုက်ရခြင်းပင် ဖြစ်သည်။ စီဆီလျာသည် လွန်ခဲ့သော (၂) နာရီလောက်တွင် ခပ်စိပ်စိပ်ဗိုက်နာလာခဲ့ပြီ ဖြစ်သည်။ သူတို့ရပ်ကွက်ကလေးမှ သားဖွားဆရာမကမူ ရေမြွာပေါက်လာခဲ့ပြီဖြစ်၍ မျက်နှာမြင်တော့မည်ဟု သားဖွားဆရာမက ပြောပြသည်။ သူ့ဇနီးဖြစ်သူ ချောချောမောမော မျက်နှာမြင်ပါမလားဟု စိတ်လှုပ်ရှားနေမိသည်။

မိနစ်ပိုင်းအကြာတွင် အိပ်ခန်းအတွင်းမှ ကလေးငယ်တစ်ယောက် ငိုသံသဲ့သဲ့ကြားရပြီး သားဖွားဆရာမ၏ -

"မစ္စတာဆမ်မြူရယ်ရေ့, သားကလေးရှင်ရေ၊ တော်တော်သန်တဲ့ အကောင်ကြီး"

ဟု အသံကိုကြားရတော့သည်။

သူ့အဖို့ သက်ပြင်းတစ်ချက်ချလိုက်ပြီး -

'အင်း - ပါးစပ်တစ်ပေါက်တိုးလာပါပကော' ဟု စဉ်းစားမိသည်။ သူ့သားနာမည်ကိုလည်း အန်းရစ် (ချ်) (နောင်အခါ ဟူဒီနီဟု နာမည်ကျော်ကြား လူသိများလာသူ) ဟု ကင်ပွန်းတပ်မည်ဟူ၍လည်း ဆုံးဖြတ်ချက်ချလိုက်သည်။ အမှန်အားဖြင့် ထိုအမည်မှာ ဂျာမန်နာမည် ဖြစ်ပါသည်။ မစ္စတာဆမ်မြူရယ်နှင့် စီဆီလျာတို့မှာ ဂျူးလူမျိုးများ ဖြစ်ကြသည်။

မစ္စတာဆင်မြူရယ်မှာ ယခင်က သူ့ဇာတိ ကျေးလက်ဒေသတွင် ရှေ့နေအဖြစ် အသက်မွေးခဲ့သည်။ ပထမအိမ်ထောင်ဖြင့် သားတစ်ယောက် ရရှိခဲ့ပြီးမှ ဇနီးဖြစ်သူ ကွယ်လွန်ခဲ့ရပြီး ၁၈၆၃ ခုနှစ်တွင် စီဆီလျာနှင့် လက်ထပ်ခဲ့သည်။ စီဆီလျာသည် မုဆိုးဖို ဆင်မြူရယ်ကို လက်ဆက်ခဲ့ရသော်လည်း မိမိခင်ပွန်းအပေါ် သစ္စာရှိသူ၊ နားလည်သူ၊ အိမ်ထောင်ရှင်မကောင်းတစ်ယောက် ဖြစ်၏။ ယခု နောင် ဟူဒီနီဟု နာမည်ကျော်လာမည့် အန်းရစ်(ချ်)ကို မွေးဖွားသည်အထိ ချို့ချို့ငဲ့ငဲ့ နေထိုင်ခဲ့ရသည်။ မစ္စတာဆင်မြူရယ်သည် ဘူဒါပက်(ခ်)မြို့ကလေးသို့ သူ့မိတ်ဆွေတစ်ဦး၏ အကူအညီနှင့် ပြောင်းရွှေ့လာခဲ့သည်။ သူသည် အတော်အသင့် ဥပဒေကို နားလည်ပြီး စကားပြောကောင်းသူ၊ တရားရုံးများတွင် အတွေ့အကြုံများသူတစ်ဦး ဖြစ်သော်လည်း ဘူဒါပက်(ခ်)လို မြို့ကြီးတစ်မြို့မှ ရှေ့နေအဝန်းအဝိုင်းကို မတိုးနိုင်။ သူ့ဝင်ငွေနှင့် မိသားစု ရပ်တည်နိုင်ရေးမှာ မလွယ်။ သူ့မိတ်ဆွေဖြစ်သူကို အားကိုးနေရသည်။ ယခု ပါးစပ်ပေါက် တစ်ပေါက်တိုးလာခဲ့လေပြီ။ အိမ်ထောင်ရှင်မဖြစ်သူ စီဆီလျာအဖို့ ကသီလင်တဖြစ်ရပေတော့မည်ဟူ၍လည်း မစ္စတာဆင်မြူရယ်က စဉ်းစားမိသည်။

ဤသို့အတွင်း ဥရောပတိုက်နိုင်ငံအသီးသီးမှ လူအများသည်

အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့ကြသည့်သတင်းများ လှိုင်လာသည်။ အမေရိကန်ပြည်ထောင်စုသည် အလွန်ကျယ်ဝန်းပြီး စားသောက်နေရေးလွယ်ကူသည်၊ နိုင်ငံတကာမှ လာရောက်ကြသူများအဖို့ သင့်တင့်လျောက်ပတ်သောဝင်ငွေ ရရှိနိုင်သည်၊ ပြောင်းရွှေ့လာသူများအားလည်း လက်ခံသည် စသော သတင်းများကိုလည်း ကြားလာရသည်။ ဟန်ဂေရီနိုင်ငံမှ ပြောင်းရွှေ့သွားကြသော ဂျူးအမျိုးသားများမှာ နယူးယောက်၊ ဘိုစတုန်၊ ချီကာဂိုမြို့ကြီးများတွင် နေသားတကျ နေထိုင်နိုင်ကြပြီး ပြောင်းရွှေ့လာသော ဂျူးလူမျိုးများအား အကူအညီပေးသည်ဆိုသော သတင်းများကိုလည်း သိုးသိုးသန့်သန့်ကြားရသည်။

သူ့မိသားစုအဖို့ ဘူဒါပက်(စ်)တွင် ကြာမြင့်စွာနေရလျှင် ဒုက္ခဆင်းရဲရောက်၍ သူ့သားများရှေ့ရေးမှာ မရေမရာဖြစ်ရမည်ကိုလည်း စိုးရိမ်သည်။ သူ့မိတ်ဆွေကိုလည်း အားကိုးနေရသည်ကို ကြာမြင့်လာသောအခါ သူ့အဖို့ မျက်နှာပူလာသည်။ နယူးယောက်မြို့မှ သူ့မိတ်ဆွေ ဂျူးအမျိုးသားတစ်ဦး ရေးသားလိုက်သည့်စာတွင် နယူးယောက်မြို့ကြီး၏ ခမ်းနားပုံ၊ အလုပ်ရှာဖွေရနိုင်ပုံ၊ အတော်အသင့်ဝင်ငွေနှင့် မိသားစုတစ်စု နေထိုင်နိုင်ပုံများကို မစားရဝခမန်း ရေးသား ဖော်ပြထားသည်ကို ဖတ်ရှုရသော ဆင်မြူရယ်အဖို့ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့ သူတို့မိသားစု ပြောင်းရွှေ့သွားရန် ဆုံးဖြတ်ချက်ချလိုက်သည်။ မိတ်ဆွေဖြစ်သူကလည်း အမေရိကန်ပြည်ထောင်စုကို သွားရောက်ရာတွင် ကုန်ကျမည့်သင်္ဘောခနှင့် စားသောက်စရိတ်အတွက် တတ်နိုင်သလောက် ထောက်ပံ့မည်ဟု ဆိုသည်။ ဆင်မြူရယ်ကလည်း သူ့မိသားစုပိုင် ပစ္စည်းအချို့ကို ထုခွဲရောင်းချမည်ဟု ဆုံးဖြတ်သည်။

သူတို့မိသားစုရှိသားများတွင် အန်းရစ်(ချ်)မှာ အထူးဆန်းဆုံးကလေးငယ်ဖြစ်သည်ဟု မစ္စတာဆင်မြူရယ်က သတိထားမိသည်။ သူသည် အလွန်ငိုခဲသောကလေး ဖြစ်သည်ဟုလည်းထင်သည်။ ကလေးတို့သဘာဝ ဝမ်းနည်းစရာ၊ ကြေကွဲစရာတွေ့လာရသည်နှင့် နောင်အခါ ထိတ်သီးပဋ္ဌာလက်ဆရာ ပြိုင်စံရှားသည့် စွန့်ဦးသူ သူရဲကောင်းကြီး ဖြစ်လာမည့် အန်းရစ်(ချ်)သည် သူ့မိခင်နားသို့ တိုးကပ်သွားလေ့ရှိသည်။ ထိုအခါ မိခင်ဖြစ်သူ စီဆီလျာက သူရင်ဘတ်နားသို့ ကပ်ချီလိုက်သည်နှင့် အန်းရစ်(ချ်)အဖို့ အားတက်သွားသည်ဟု ဆိုသည်။

၁၈၇၈ ခုနှစ်၊ ဇွန်လ (၁၉)ရက်နေ့တွင် မစ္စတာဆင်မြူရယ်ဝိတ်(စ်) မိသားစုသည် ဂျာမနီနိုင်ငံ ဟမ်း(မ်)ဘတ်(ခ်)မြို့ဆိပ်ကမ်းမှ ဂျာမန်ကုန်တင်သင်္ဘော ဖရီစီယာနှင့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့ ထွက်ခွာလာခဲ့သည်။ ကုန်တင်သင်္ဘော ဖရီစီယာမှာ (၃၆၄) ပေရှည်၍ တန်ချိန် (၃၅၀၀) သာရှိသော သင်္ဘောတစ်စီးဖြစ်သော်လည်း ဂျူးလူမျိုး (၆၂၀) ကျော် တင်ဆောင်လာခဲ့သည်။ အန်းရစ်(ချ်)မှာ လေးနှစ်သား

ကလေးသာ ဖြစ်သည်။ မိခင်၊ ဖခင်များ၏ စိုးရိမ်သောကရောက်မှု၊ အမေရိကန်ပြည်ထောင်စုတွင် မည်သို့ ရှန်းကန်နေထိုင်ရမည့်အရေးကို ရင်လေးနေကြသည့် မိဘများနှင့်အတူ အဏ္ဏဝါပြင်ကျယ်အတွင်း ခုတ်မောင်းနေသည့် ဖရီစီယာကုန်းပတ်ပေါ်မှ ဝဲယာရှုခင်းများကို ငေးမောရင်း အချိန်ကုန်ခဲ့ရသည်။

မစ္စတာဆင်မြူရယ်တို့မိသားစုပိုင်ပစ္စည်းအချို့ ထုခွဲရောင်းချရာမှ ရရှိသည့် ငွေကြေးမှာလည်း သဘော်ခဖြင့် ကုန်သလောက်ရှိလာသည်။ နယူးယောက်ဆိပ်ကမ်းသို့ရောက်သည်နှင့် မိသားစုတွင် ငွေစအနည်းငယ်သာကျန်တော့၏။ နယူးယောက်မြို့တွင်းရောက်နှင့်နေကြသော စီဆီလျာ၏ ဆွေမျိုးသားချင်းအချို့၏ အကူအညီနှင့် အမေရိကန်ပြည်ထောင်စုတွင် ခြေချနေထိုင်မည့် ဝက်စလင်းပြည်နယ် အက်ပယ်လတန်မြို့သို့ မီးရထားတစ်တန်၊ တူးမြောင်းမှ လှေဖြင့်တစ်ဖုံ၊ ရေအိုင်ကြီးကို ကူးတို့သဘော်ဖြင့်တစ်သွယ် ဖြတ်ကာ ရောက်ရှိခဲ့ကြသည်။

အယ်ပယ်တန်မြို့သည် ဝစ်စကင်းပြည်နယ်တွင် လူဦးရေအထူထပ်ဆုံးနှင့် စီးပွားရေးဖွံ့ဖြိုးသည့် မြို့ကြီးတစ်မြို့ ဖြစ်၏။ ပထမတွင် ဆင်မြူရယ်ဝိတ်(ခ်)သည် ဤမြို့တွင် အခြေချနေနိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။ ဆင်မြူရယ်ဝိတ်(ခ်)ကား အလွန် ယဉ်ကျေးသိမ်မွေ့သူ၊ ဘာသာရေးကိုင်းရှိုင်းသူ၊ ရိုးသားဖြောင့်မတ်သူ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ မြို့ကြီးပြကြီးရှိ လူအများနှင့် လိုက်လျောညီထွေ နေထိုင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ ထိုမြို့တွင် နိုင်ငံတကာမှ လာရောက် နေထိုင်၍ အလုပ်လုပ်ကြသူများ အထူး များပြားလှ၏။ အထူးသဖြင့် ဥရောပနွယ်ဖွား ဂျူးလူမျိုးများမှာ များလှသည်။

သူတို့တွင် ပတ်ဝန်းကျင်နှင့် ဆက်ဆံရေးခက်နေသည်။ စီဆီလျာကလည်း အင်္ဂလိပ်စကားမပြောတတ်။ ဟန်ဂေရီဘာသာစကားအပြင် ဂျာမန်ဘာသာကိုသာ အတော်အသင့် တတ်ကျွမ်းသည်။ ကံအားလျော်စွာ ဂျာမန်ဘာသာတတ်ကျွမ်းသူများရှိသဖြင့် ဆက်ဆံရေးအဆင်ပြေသည်။ အသက် (၄၅) နှစ်ရှိလာပြီ ဖြစ်သော ဆင်မြူရယ်အဖို့ အင်္ဂလိပ်ဘာသာစကား သင်ယူရမည်ကို ဝန်လေးသည်။ သူ့ဇနီးဖြစ်သူ စီဆီလျာကလည်း အင်္ဂလိပ်စကားကို မသင်ယူလို။ သို့ဖြစ်၍ သူတို့မိသားစုသည် ဂျာမန်ဘာသာစကားကိုသာ ပြောကြသည်။ အန်းရစ်(ချ်)ကလေးမှာလည်း ဂျာမန်စကားနှင့်သာ ကြီးပြင်းလာခဲ့ရသည်။

သူတို့မိသားစုအဖို့ ကံကောင်းသည်ဟုဆိုရမည် ဖြစ်သည်။ ဆင်မြူရယ်၏ ဂျူးအမျိုးသား မိတ်ဆွေတစ်ဦး၏ အကူအညီနှင့် အယ်ပယ်တန်မြို့ ဂျူးလူမျိုးများရပ်ကွက်၌ ဘုရားရှိခိုးကျောင်းတွင် ဂျူးဘာသာ မဗ္ဗဆရာရာထူးကိုရသဖြင့် မိသားစုစားဝတ်နေရေးမှာ အတော်အသင့် နေထိုင်နိုင်သည်။ ထိုစဉ်က သူရရှိသည့်ဝင်ငွေမှာ တစ်နှစ်လျှင် ဒေါ်လာငွေ (၇၅၀)

သာ ရရှိခဲ့၏။ ထိုစဉ်က ထိုငွေမှာ မိသားစုအဖို့ ကြောင်းကြမဲ့ကင်းစွာ နေထိုင်နိုင်သည်။ စီဆီလျာမှာလည်း စနစ်တကျ ခြိုးခြံချွေတာသုံးတတ်သော အိမ်ထောင်ရှင်မတစ်ဦးဖြစ်သဖြင့် အဆင်ပြေသည်ဟုဆိုရသော်လည်း ငွေပိုစုဆောင်းထားနိုင်ခြင်းမရှိခဲ့။

နောင်အခါ ဟူဒီနီဖြစ်လာမည့် အန်းရစ်(ချ်)မှာ ဂျာမန်စကားဖြင့် ကြီးပြင်းလာရပြီး ပတ်ဝန်းကျင်တွင်မူ သဒ္ဒါနည်းမကျသော အမေရိကန်စကားကို အတော်အသင့် ပြောတတ်လာသည်။ သူတို့အိမ်ထောင်စုကား နွေးထွေးသည်။ ပျော်စရာကောင်းသည်။ ဖခင်ဖြစ်သူကလည်း သားသမီးအပေါ် ဂရုစိုက်သည်။ ပတ်ဝန်းကျင်နှင့်လည်း လိုက်လျောညီထွေဖြစ်အောင် ကြိုးစားသည်။ သူသင်ကြားတတ်မြောက်ခဲ့သော ဥပဒေပညာမှာ ဤအသိုင်းအဝိုင်းအတွင်း အဆင်မပြေ။ သို့ဖြစ်၍ ဓမ္မဆရာရာထူးကို မြဲမြဲဆုပ်ကိုင်ထားနိုင်ရန် ဂျူးဘာသာဓမ္မကျမ်းများကို လက်တစ်ဆုံးနှိုက်နားလည်ထားနိုင်ရန် ကြိုးစားခဲ့သည်။

စီဆီလျာကလည်း အိမ်တွင်းမှုအလုပ်များကို အပြုံးအရယ်မပျက်ဘဲ အမြဲ ရှာကြံလုပ်ဆောင်နေသဖြင့် မစ္စတာဆင်မြူရယ် အခါအားလျော်စွာ ကြုံတွေ့လာရသော စိတ်မချမ်းမြေ့မှုများကို ပျက်ပြယ်သွားစေသဖြင့် သူတို့မိသားစုမှာ ပျော်ရွှင်စရာကောင်းသောမိသားစု ဖြစ်တော့၏။ ဆင်မြူရယ်သည် သားများအား စာရိတ္တကောင်းမွန်ရေးကို အထူးအလေးထား၍ သင်ကြားပေးသည်။ ဂျူးဘာသာဝင်တို့ အလေးအမြတ်ထားသည့် ထိုသမ္မာကျမ်းစာအတိုင်း တစ်သဝေမတိမ်းလိုက်နာစေသည်။ ဟူဒီနီဖြစ်လာမည့် အန်းရစ်(ချ်)အား အထူး ဂရုပြုလာသည်။

တစ်နေ့တွင် အန်းရစ်(ချ်)သည် သူတို့ရပ်ကွက်အတွင်းရှိ အဆောက်အအုံတစ်ခုဆောက်နေသည့် လုပ်ငန်းခွင်မှ သံတိုသံစများကို ကလေးငယ်တစ်ဦး သဘာဝအတိုင်း ယူလာမိသည်။ ထိုအပြုအမူကို ဂရုစိုက်မိသည့် ဆင်မြူရယ်သည် အန်းရစ်(ချ်)အား ပြင်းပြင်းထန်ထန် ပြောဆိုဆုံးမသည်။ ဤကဲ့သို့ပြုမူခြင်းသည် တစ်ပါးသူ၏ပစ္စည်းကို ပိုင်ရှင်မသိဘဲ ခိုးယူခြင်းဖြစ်ကြောင်း၊ ဤပြစ်မှုကို ထာဝရဘုရားသခင်ကိုယ်တော်က ပညတ်ထားကြောင်း ရှင်းပြသည်။ ဟူဒီနီကလေးအဖို့ ဤဖြစ်ရပ်ကို စွဲစွဲမြဲမြဲ သတိရစေသည်။ နောင်အခါ ကြီးပြင်းလာ၍ ကမ္ဘာကျော် ပဉ္စလက်ဝိဇ္ဇာကြီး ဖြစ်လာသည့်အခါမှာပင် ထိုဖြစ်ရပ်ကလေးအကြောင်း ခင်မင်ရင်းနှီးသူများအား ပြောပြလေ့ရှိသည်။

အန်းရစ်(ချ်)အဖို့ အယ်ပယ်တန်တွင် ငယ်စဉ်ဘဝက နေထိုင်ရခြင်းများသည် ထာဝစဉ် ကြည်နူးဖွယ်ဖြစ်ခဲ့ရသည်။ သူသည် မိခင်ဖြစ်သူကို အမြဲကြည့်ကာ ကြည်နူးနေသူ ဖြစ်သည်။ မိခင် စိတ်ချမ်းသာမည့်နည်းကို ရှာဖွေနေသည်။ သူ့မိခင် မျက်နှာညှိုးငယ်နေမည်ကို စိုးရိမ်သည်။ သူ့ဖခင်ဖြစ်သူကိုမူ စံထားထိုက်သူဟု မှတ်ယူထားသည်။ မှန်ပါသည်။

အနိုးရစ်(ချ်)အဖို့ အမေချစ်သားတစ်ဦး ဖြစ်လာရတော့သည်။ ဤသို့ဖြင့် သူတို့မိသားစုမှာ ကလေးငယ်ခုနစ်ဦး ဖြစ်လာသည်။ ရိုးသား၍ ပြင်ပ ဝင်ငွေမရှာတတ်သော ဆင်မြူရယ်၏ဝင်ငွေမှာ မိသားစုကိုးဦးအတွက် မလောက်မငဖြစ်လာရသည်။

ဆင်မြူရယ်ဝိတ်(ခ်)ကမူ သူတို့မိသားစုအား အယ်ပယ်တန်ရှိ ဂျူး လူမျိုးအသိုင်းအဝိုင်းသည် ထာဝစဉ် ကျွေးမွေးထောက်ပံ့ထားနိုင်လေမည် ဟု ယူဆထားသည်။ သို့သော် စီးပွားရေးကျပ်တည်းလာသဖြင့် ဂျူးလူမျိုး များကလည်း ဓမ္မဆရာမိသားစုအား လုံလောက်အောင် မထောက်ပံ့နိုင်။ သူ့မိသားစုအဖို့ ကလေးငယ်များအား အခြေခံပညာ သင်ကြားပေးနိုင်သည် ကလွဲ၍ ရှေ့ရေးကို မျှော်လင့်ရန် ခက်ခဲလာသည်။ ဒီဇင်ဘာလ၊ ၁၈၈၂ ခုနှစ်တွင် ဆင်မြူရယ်သည် ဓမ္မဆရာအဖြစ်မှ နုတ်ထွက်ခဲ့ပြီး ဝင်ကိုစင် ပြည်နယ် မာ(လ်)ဝေါကီမြို့သို့ ပြောင်းရွှေ့လာခဲ့ကြ၏။

❐



တက်သစ်စ ပဉ္စလက်ဆရာ ဟူဒီနီ



ဟူမီနီတ်ဗခင်



လက်ရွေ့သမား ဟူဗိနီ



လမ်းဘေးပဉ္စလက်ဆရာ ဟူဒီနီ




ဟယ်ရီဟူဒီနီ (၁၉၀၃)



မဟာလွတ်မြောက်မှုပြကွက်










ဟူဒီနီ ပဥ္စလက်ပြပွဲကြော်ငြာ
(အပေါ်ဝဲနှင့် အပေါ်ယာ)
လက်ထိတ်ဝိဇ္ဇာ (ဘေး)
လန်ဒန်ကြေးမုံသတင်းစာမှပေးသော
အမှတ်တရဆု (အောက်ပုံ)






ဟူဒီနီ ပဥ္စလက်ပြပွဲကြော်ငြာ




ဟူဒီနီ၏ နွားနို့သံကန်အတွင်းမှ
မဟာလွတ်မြောက်မှု




ဟူဒီနီညီနောင်




ဟူဒီနီ၏ တံတားခုန်ချပွဲ




ဟူဒီနီ၏ အပ်စိုက်ပဥ္စလက်ပြကွက်





ဟူဒီနီ၏လေယာဉ်ပျံ



ဟူဒီနီ၏ နဒီတွင်း မဟာလွတ်မြောက်မှုပြကွက်များ




ဟူဒီနီ၏ နဒီတွင်း မဟာလွတ်မြောက်မှုပြကွက်များ



ဟူဒီနီ၏ နဒီတွင်း မဟာလွတ်မြောက်မှုပြကွက်များ




ဟူဒီနီ သရုပ်ဆောင်အဖြစ် ပါဝင်သော ရုပ်ရှင်ကားတစ်ကားမှ ဇာတ်ဝင်ခန်း





စာရေးဆရာကြီး ဒေါက်တာကိုနင်ဒွိုင်းနှင့် ဟူဒီနီ




ဟူဒီနီ၏ပစ်ဘတ်(ခ်)တံတားခုန်ပွဲ



ဟူဒီနီ၏ ရေနှင့်ညှဉ်းပန်းနှိပ်စက်သည့်ပြကွက်



ပါရီရောက် ဟူဒီနီ (အပေါ်ယာပုံ)




အဆောက်အအုံထက်မှ ဇောက်ထိုးဆွဲခြင်း







ဟူဒီနီနှင့် ချစ်ဇနီး ဘက်(စ်)
(အပေါ်ပိုနှင့် ဘေးပုံ)
ဟူဒီနီ၏ နောက်ဆုံးခရီး
(အောက်ပုံ)











ဒီနီနှင့် နတ်ဝင်သည် မာဂျရီ (အပေါ်ယာပုံ)
ဟူဒီနီ သရုပ်ဆောင်အဖြစ် ပါဝင်သော
ရုပ်ရှင်ကားတစ်ကားမှ ကြော်ငြာ (ဘေးပုံ)
ဟူဒီနီ၏ မြေမြှုပ်ပြသည့် ပြကွက်ဆန်း
(အပေါ်ပုံ)



ရေထဲ၌ ဇောက်ထိုးဆွဲခြင်း



## (၂)

ဆင်မြူရယ်ဝိတ်(ခ်)မိသားစု အယ်ပယ်တန်မှ မပြောင်းရွှေ့မီကပင် အန်းရစ်(ချ်)ကလေးမှာ လူလားမြောက်စပြုလာပြီ ဖြစ်သည်။ ပြင်ပလောကအကြောင်းကိုလည်း အတော်အတန်သိလာပြီ ဖြစ်သည်။ ချို့တဲ့သော မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရေးကို စိတ်ဝင်စားသည်။ မာ(လ်)ဝေါကီမြို့သို့ ပြောင်းရွှေ့လာသည်နှင့် အန်းရစ်(ချ်)သည် သတင်းစာရောင်းသည်။ ထိုမြို့ရှိ ပလင်ကင်တန်ခန်းမရှေ့တွင် ဖိနပ်တိုက်ပေးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရလာသည်။ လမ်းသွားလမ်းလာများက သတင်းစာများထဲတွင် ထူးခြားဆန်းကြယ်၍ စာဖတ်သူများ စိတ်ဝင်စားမည်ဟုထင်သော သတင်းများကို သူ၏ မပီမသ သဒ္ဒါနည်းလမ်းမကျသော အမေရိကန်စကားဖြင့် အော်ဟစ်ရောင်းချသည်ကို သဘောကျသဖြင့် သူ့ထံမှ သတင်းစာများကို လမ်းသွားလမ်းလာများက ဝယ်ယူကြသည်။ သူ၏ သိမ်မွေ့ချိုသာသော မျက်နှာပေးကြောင့် ဖိနပ်တိုက်ပေးရသည့်အလုပ်လည်း မျှော်လင့်ထားသည်ထက် ဝင်ငွေပိုရသည်။

အန်းရစ်(ချ်)၏ အစ်ကိုနှင့် ညီငယ်များကလည်း အပြင်သို့အလုပ်ထွက်လုပ်ကြသဖြင့် ဆင်မြူရယ်ဝိတ်(ခ်)မိသားစုအတွက် အသက်ရှူချောင်လာသည်။ ဆင်မြူရယ်ဝိတ်(ခ်)ကမူ မာ(လ်)ဝေါကီမြို့မှ ဂျူးလူမျိုးများသည် သူကဲ့သို့ ဟီဘရူးပညာရှင်ကို လုံလောက်အောင် ထောက်ပံ့ပေးနိုင်လိမ့်မည်ဟု ထင်သော်လည်း သူမျှော်လင့်ထားသလိုဖြစ်မလာ။ ထိုမြို့ရှိ ဂျူးလူမျိုးဦးရေမှာ အယ်ပယ်တန်မြို့ရှိ ဂျူးလူမျိုးဦးရေထက်များသော်လည်း ဆင်းရဲနွမ်းပါးသူများသည်။ လက်လုပ်လက်စားများသာဖြစ်ကြသဖြင့် ဓမ္မဆရာ ဟီဘရူး(ဂျူး)ဘာသာ တတ်မြောက်သူ မိသားစုအား မကြောင့်မကြနေနိုင်အောင် ထောက်ပံ့မထားနိုင်ခဲ့။

အန်းရစ်(ချ်) သတင်းစာရောင်းရာမှ ရရှိသည့်ဝင်ငွေ၊ ဖိနပ်တိုက်ရာ

မှ ရရှိသည့်ဝင်ငွေသည် သူတို့မိသားစုအတွက် အတော်အသင့်သာ အထောက်အကူဖြစ်သည်။ အန်းရစ်(ချ်)ကလေးအဖို့ အချိန်ပြည့် အလုပ် ရနိုင်ဖို့လိုလားသည်။ ကံအားလျော်စွာပင် မာ(လ်)ဝေါကီမြို့ အယ်ပယ် တန်လမ်းရှိ သော့ပြင်ဆိုင်တစ်ဆိုင်တွင် တောက်တိုမည်ရ အလုပ်သင် တစ်ယောက်ဖြစ်လာရတော့သည်။ အမှန်အားဖြင့် အန်းရစ်(ချ်)သည် ငယ်စဉ်ကပင် သော့ပြင်မှုကို ဝါသနာပါသည်။ အယ်ပယ်တန်မြို့တွင် နေထိုင်ခဲ့စဉ်ကမူ ရပ်ကွက်အတွင်းရှိ သော့ကျပျောက်သောအိမ်မှ သော့ များ၊ မတော်တဆ သော့တံနုတ်မရသဖြင့် ဖွင့်မရပိတ်မရဖြစ်နေသော သော့များကို အန်းရစ်(ချ်)က သံချောင်းငယ်ကလေးတစ်ချောင်းဖြင့် ဖွင့် နိုင်သဖြင့် ရပ်ကွက်အတွင်းက မည်သည့်အိမ်မဆို ဖွင့်နိုင်၊ ပိတ်နိုင်သော သော့ဝိဇ္ဇာဟု နာမည်ကျော်ခဲ့သည်။

ယခု သော့ပြင်ဆိုင်တွင် အလုပ်သင်လက်ထောက်ဖြစ်လာသူ အန်းရစ်(ချ်)အဖို့ သူ့ဝါသနာဖြင့် ကိုက်ညီလျက်ရှိတော့၏။ ဝါသနာပါ သော အလုပ်ကိုလုပ်ရသဖြင့် အန်းရစ်(ချ်)အဖို့ စိတ်ပျော်ရွှင်သည်။ လုပ် ငန်းတွင်လည်း စိတ်ဝင်စားခဲ့သည်။ တစ်ခါတွင် သော့ပြင်ဆိုင်ပိုင်ရှင်ကြီး ပင်လျှင် အန်းရစ်(ချ်)၏ ပါရမီပါသော သော့ပြင်အတတ်ပညာကို ထူးထူး ခြားခြား အံ့ဩသွားခဲ့သည်။ တစ်ဦးအား ခတ်ထားသောလက်ထိတ်မှာ ပျက်သွားသဖြင့် အကျဉ်းသားအတွက် အခက်အခဲကြုံနေရသည်။ သို့ဖြစ် ၍ အုပ်ချုပ်ရေးမှူးသည် အစောင့်အရှောက်များဖြင့် အကျဉ်းသားအား ခေါ်ယူလာခဲ့ပြီး သော့ပြင်ဆိုင်သို့ ရောက်လာခဲ့တော့သည်။ ဤအချိန် တွင် သော့ပြင်ဆိုင်ရှင်ကြီးမှာ နေ့လယ်စာ စားသောက်နေသည့်အချိန် ဖြစ်နေသည်။ ရုတ်တရက်ရောက်လာသည့် မြို့ကလေးမှ အုပ်ချုပ်ရေးမှူး ကိုလည်း ခေတ္တစောင့်ဆိုင်းရန် ပြောရမည်ကိုလည်းအားနာသဖြင့် အကျဉ်း သားတွင် ခတ်ထားသော လက်ထိတ်အား အန်းရစ်(ချ်)ကို စစ်ဆေး ကြည့် ရှုစေသည်။

သော့ပါရမီရှင် နောင်အခါ လက်ထိတ်ဝိဇ္ဇာ ဟူဒီနီဟု ကျော်ကြား လာသည့် အန်းရစ်(ချ်)သည် အကျဉ်းသား၏လက်ထိတ်ကို ကိုင်ကြည့်ရုံ မျှနှင့် ချို့ယွင်းချက်ကို သိခွင့်ရလိုက်သည်။ လက်ထိတ်ပြုလုပ်ထားသည့် အခြေခံသဘောတရားကိုလည်း မြင်သည်။ အန်းရစ်(ချ်)သည် မိနစ်ပိုင်း အတွင်း လက်ထိတ်ကို ဖွင့်ပေးလိုက်နိုင်သည်။ ပျက်စီးနေသော လက် ထိတ်ကို သံချောင်းအသေးကလေးဖြင့် လွယ်လွယ်ကူကူ ဖွင့်လိုက်သည်။ လူငယ်ကလေး အန်းရစ်(ချ်)ကို အုပ်ချုပ်ရေးမှူးက အံ့ဩသွားသည်။ အုပ် ချုပ်ရေးမှူးသာမဟုတ်၊ သော့ပြင်ခြင်းဖြင့် နှစ်ပေါင်းများစွာ အသက်မွေး ခဲ့သော သော့ပြင်ဆရာ သော့ဆိုင်ပိုင်ရှင်ကြီးမှာ အန်းရစ်(ချ်)ကိုကြည့်ပြီး ထူးထူးခြားခြား ထိတ်လန့်သွားသည်။ တော်လွန်းသည့် သော့ဝိဇ္ဇာကလေး ပါကလားဟု မှတ်ချက်ချခဲ့သည်။

(၁၉) ရာစုက ပဥ္စလက်ပညာသည် ဇာတ်ခုံပေါ်တွင်ပြသသော ဖျော်ဖြေမှုတစ်ရပ်သာ ဖြစ်သည်။ ထိုပညာရပ်ကို လူအများ လေးစားလာအောင်၊ တိုးတက်လာအောင်၊ စိတ်ဝင်စားလာအောင် စွမ်းဆောင်နိုင်သူကား နာမည်ကျော် ပဥ္စလက်ဆရာ ကာ(လ်)ဟာမင်ဆိုသူဖြစ်သည်။ ကာ(လ်)ဟာမင်သည် ဥရောပတိုက်နိုင်ငံအသီးသီးသို့ လှည့်လည် သွားရောက်၍ သူ့ပဥ္စလက်ပညာကို ပြသခဲ့သည်။ သူ့ပဥ္စလက်ပညာပြပွဲများသို့ တက်ရောက်ကြည့်ရှုသူများမှာ ဥရောပတိုက်မှ တော်ဝင်မိသားစုများ၊ ဆွေတော်မျိုးတော်များနှင့် သန်းကြွယ်သူဌေးကြီးများ၊ လုပ်ငန်းရှင်ကြီးများ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ စာနယ်ဇင်းသမားများ ဖြစ်သည်။ နိုင်ငံတကာမှထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် သူ့ပြပွဲသတင်းမပါလျှင် ခေတ်မမီဟု ယူဆထားကြသည်။

သူ့ပြပွဲသတင်းများကို အမေရိကန်ပြည်ထောင်စုမှထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် ထည့်သွင်းဖော်ပြသဖြင့် အန်းရစ်(ချ်)သည် ကမ္ဘာကျော် ပဥ္စလက်ဆရာ ကာ(လ်)ဟာမင်အား စိတ်ဝင်စားလာသည်။ သူရေးသော '**ပဥ္စလက်ပညာ ငါဆရာ**' စသော ပဥ္စလက်ပညာနှင့်ပတ်သက်သော စာအုပ်များကို သဲသဲမဲမဲ ဖတ်ရှုခဲ့သည်။ မာ(လ်)ဝေါကီမြို့ရှိ အမျိုးသားစာကြည့်တိုက်သို့ မကြာခဏ သွားရောက်၍ ပဥ္စလက်ပညာနှင့် ပတ်သက်သော စာအုပ်စာတမ်းများကို မွှေနှောက်ဖတ်ရှုခဲ့သည်။ သူ၏ မုန့်ဖိုးများ စုဆောင်းထားသည့်ငွေမှလည်း ပဥ္စလက်စာအုပ်များကို လက်လှမ်းမီသလောက် ဝယ်ယူဖတ်ရှုခဲ့၏။ ထိုစဉ်က အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော ဘိုစတုန် ကမ္ဘာလုံးသတင်းစာ၊ နယူးယောက်တိုင်း(စ်)သတင်းစာနှင့် နယူးယောက်ဆန်း(သူရိယ)သတင်းစာကြီးများတွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်ဝင် ဇာတ်ရုံကြီးနှင့် နာမည်ကျော် အီဂျစ်ခန်းမဆောင်ကြီးတွင် ဖျော်ဖြေပြသလျက်ရှိသော ပဥ္စလက်ဆရာ ဒေါက်တာလင့်အကြောင်း သတင်းဆောင်းပါးများကို ဓာတ်ပုံများနှင့်ပါ ဝေဝေဆာဆာ ဖော်ပြလျက် ရှိသည်။ ဒေါက်တာဟာမင်သည် လန်ဒန်မြို့ ပြပွဲတစ်ပွဲတွင် သေဆုံးနေသော ခိုငှက်များကို အသက်ပြန်ရှင်စေရန် အသက်ပြန်သွင်းသည့် ပြကွက်တစ်ကွက်အကြောင်း ဆောင်းပါးရှည်တစ်စောင်ကို နယူးယောက်တိုင်း(စ်)သတင်းစာကြီးတွင် အသေးစိတ် ဖော်ပြထားသည်။

ဤသတင်းဆောင်းပါးကို ဖတ်ရှုခဲ့ရသော အန်းရစ်(ချ်)သည် တစ်နေ့တွင် ဒေါက်တာလင့်ကဲ့သို့ ပဥ္စလက်ဆရာ အကျော်အမော်ကြီး ဖြစ်ရမည်ဟု ဆုံးဖြတ်ချက်ချထားသည်။ အန်းရစ်(ချ်)၏ဖခင်ဖြစ်သူ ဓမ္မဆရာဆင်မြူရယ်ဝိတ်(စ်)ကလည်း ရိပ်မိသည်။ သူ၏ တစ်ဆယ့်နှစ်နှစ်သာရှိသော သားဖြစ်သူ အန်းရစ်(ချ်)သည် ပဥ္စလက်ဝိဇ္ဇာရူး ရူးနေသည်ကို သတိထားမိသည်။ ပဥ္စလက်ပညာ ငါဆရာ ဟူသော စာအုပ်ကို သဲသဲမဲမဲ ထမင်းမေ့ဟင်းမေ့ဖတ်သည်။ သူသွားလေရာသို့ယူသွားသည်။ ထိုစာအုပ်

တွင် ဖော်ပြထားသည့် ဖဲချပ်များ၊ ပိုက်ဆံပြားများနှင့် မျက်စိကိုလှည့်စား ပြသောနည်းကို စမ်းသပ်သည်။ မိသားစုများကို သူ့ဖဲချပ်ပဉ္စလက်နည်းကို ကြည့်စေသည်။

ဟူဒီနီဟု နာမည်ကျော်လာမည့် အန်းရစ်(ချ်)သည် အမေရိကန်ပြည်မှထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် တခမ်းတနား ဖော်ပြထားသည့် ဒေါက်တာလင့်၏ ပဉ္စလက်ပြကွက်များကို ဖတ်ရှုရသောအခါ သူလေ့ကျင့်ပြသနေသည့် ဖဲချပ်များ၊ ပိုက်ဆံပြားများနှင့် ပြသသည့် ပဉ္စလက်ပြကွက်များသည် ကွာခြားလှသည့် ပြကွက်များဖြစ်သည်ဟု ယူဆသည်။ ဒေါက်တာလင့်၏ ဇာတ်စင်ပေါ်မှပြကွက်များသာ ပရိသတ်စွဲမက်စေမည့်ပြကွက်များ၊ ပညာပါသောပြကွက်များဟု သတိထားမိသည်။

ကံအားလျော်စွာပင် ဒေါက်တာလင့်သည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိလာခဲ့ပြီး နယူးယောက်မြို့ ဘရော(ဒ်)ဝေးရပ်ကွက်ရှိ ဇာတ်ရုံကြီးများတွင် 'ထူးဆန်းထွေလာပြပွဲမဟာ' အမည်ဖြင့် ပြသသည်။ အင်္ဂလန်နိုင်ငံတွင် ပြသခဲ့သော ပဉ္စလက်ပြကွက်များအပြင် လူအများစိတ်ဝင်စားမည့် အသစ်အဆန်းပြကွက်သစ်များကို တီထွင်တင်ဆက်သည့် သတင်းကို အန်းရစ်(ချ်)ကလေးက ကြားသိရသည်။ သူ့အဖို့ နာမည်ကျော်ကြား လူသိများလိုသော ပဉ္စလက်ဆရာဖြစ်လိုပါက ထာဝစဉ် ပဉ္စလက်ပြကွက်သစ်ပြကွက်ဆန်းများကို လေ့ကျင့်တီထွင်နေရမည်ဟု သတိထားမိသည်။

ကံအားလျော်စွာ ဗြိတိသျှအမျိုးသား ဒေါက်တာလင့်နှင့်အဖွဲ့သည် အန်းရစ်(ချ်)တို့နေထိုင်သည့် မာ(လ်)ဝေါကီမြို့သို့ ရောက်ရှိလာခဲ့သည်။ ဓမ္မဆရာဆင်မြူရယ်သည် သူ့ပဉ္စလက်ဆရာရူး ရူးနေသည့်သား အန်းရစ်(ချ်)ကိုခေါ်၍ ဒေါက်တာလင့်၏ ထူးဆန်းထွေလာပြပွဲမဟာကို သွားရောက် ကြည့်ရှုကြသည်။

အန်းရစ်(ချ်)သည် ဇာတ်စင်ပေါ်မှ မှင်မောင်းသေသော ဒေါက်တာလင့်၏ ဟန်အမူအရာ၊ စကားပြောဟန်၊ ပွဲလာပရိသတ် စိတ်ဝင်စားမည့် ပြကွက်များကို သေသေချာချာ ကြည့်သည်။ ပြကွက်တစ်ကွက်တွင် ဒေါက်တာလင့်သည် သူ့အဖွဲ့ဝင်တစ်ဦးအား ဇာတ်စင်ပေါ်တွင် အလွန်ကြီးမားသော အာရေဗျအမျိုးသားများ ကိုင်ဆောင်လေ့ရှိသည့် ဓားကောက်ကြီးဖြင့် ခြေ၊ လက်၊ ဦးခေါင်း စသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းများကို တစ်စချင်း ခုတ်ထစ်ပြပြီး ထိုအဖွဲ့ဝင်အား အသက်ပြန်သွင်းစေသည့် အခန်း ဖြစ်သည်။ ဇာတ်စင်ပေါ်တွင် မီးမှိန်မှိန်ထွန်းထားပြီး တေးဂီတအဖွဲ့ကလည်း ပွဲကြည့်ပရိသတ် သည်းထိတ်ရင်ဖိုစေမည့် တီးလုံးတီးကွက်များကို တီးမှုတ်နေပုံ၊ ဒေါက်တာလင့်ကလည်း အစီအစဉ်ကို ပျော်ပျော်ရွှင်ရွှင်နှင့် စကားပြောရင်း ပရိသတ်မျက်စိကို လှည့်စားသွားပုံတို့ကို အန်းရစ်(ချ်)က သတိထားမိသည်။ ဤပြကွက်များသည် တကယ်မဟုတ်။

ပရိသတ်မျက်စိကို လှည့်စားသော ပြကွက်များဖြစ်သည်ကို အန်းရစ်(ချ်)က ရိပ်မိသည်။ သို့သော် ထိုပြကွက်များကို ပွဲကြည့်ပရိသတ်အား ရင်သိမ့်တုန်စေ၍ စိတ်ဝင်စားသည်ကို တွေ့ရသည်။ မဖြစ်နိုင်သောဖြစ်ရပ်ဟု သိထားသော်လည်း တကယ်ပင် ဒေါက်တာလင့်သည် သူ့အဖွဲ့ဝင်တစ်ယောက်၏ ခန္ဓာကိုယ်အား တစ်စချင်းခုတ်ထစ်နေသည်ဟု ယုံကြည်သည်။ ထိုပြကွက်သည် အန်းရစ်(ချ်)အဖို့ မေမ့ရသည့် ပြကွက်တစ်ကွက်ဖြစ်ခဲ့သည်ဟု နောင်အခါ အန်းရစ်(ချ်)က ထုတ်ဖော်ပြောဆိုခဲ့၏။

အန်းရစ်(ချ်)သည် ဒေါက်တာလင့်၏ ပဋ္ဌလက်ပြကွက်များနှင့် သူတကယ်အားကျသည့် ပဋ္ဌလက်ဆရာကာ(လ်)ဟာမင်၏ ပြကွက်များကို ယှဉ်ကြည့်သည်။ သူ့စိတ်တွင် ဒေါက်တာလင့်သည် သူငယ်စဉ်က ကြည်ညိုနေသော ပဋ္ဌလက်ဆရာ ကာ(လ်)ဟာမင်ကို မီမည်မထင်။ ဟာမင်သည် ထိုစဉ်က အမေရိကန်ပြည်ထောင်စု အိမ်ဖြူတော်တွင် သမ္မတကြီးနှင့် အစိုးရအဖွဲ့ဝင်များ၊ ဧည့်သည်တော်များကို ဖျော်ဖြေခဲ့ရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဧကရာဇ်များ၊ မင်းစိုးရာဇာများ၊ သန်းကြွယ်သူဌေးများ၊ ပညာရှင်ကြီးများ အသိုင်းအဝိုင်း ရောက်ရှိသွားပြီး ဟိုးဟိုးကျော်ခဲ့သည်။ ထိုက်ထိုက်တန်တန် ချီးမြှောက်ခြင်းခံခဲ့ရသည်။ အင်္ဂလန်နိုင်ငံတွင်မူ ဝိတိုရိယဘုရင်မကြီးနှင့် ကြင်ရာတော်မင်းသားကြီးတို့သည် ဟာမင်၏ ပဋ္ဌလက်ပြပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့သည်ဟု သိထားသော အန်းရစ်(ချ်)အဖို့ တစ်နေ့တွင် သူကဲ့သို့ ဟိုးဟိုးကျော်ကြားပြီး တိုင်းပြည်နိုင်ငံအသီးသီးမှ မင်းစိုးရာဇာအသိုင်းအဝန်းက ချီးမြှောက်မ,စခြင်းခံရမည်ဟု မျှော်လင့်ထားခဲ့၏။

၁၈၈၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အန်းရစ်(ချ်)တို့မိသားစုအဖို့ ပထမဆုံး သောကဝေဒနာခံစားကြရသည်။ ဟန်ဂေရီနိုင်ငံ ဘူဒါပတ်(စ်)မြို့မှ သူတို့မိသားစုနှင့် အတူလိုက်ပါလာသော ဆင်မြူရယ်ဝိတ်(စ်)၏ ပထမအိမ်ထောင်နှင့်ရခဲ့သော သားကြီးမှာ နယူးယောက်မြို့တွင် အဆုတ်ရောဂါဝေဒနာနှင့် ကွယ်လွန်ခဲ့ရသည်။ သားကြီး ဟာမင်မှာ အသက်နှစ်ဆယ့်နှစ်နှစ်ရှိခဲ့ပြီ ဖြစ်သည်။ ထိုခေတ်က အဆုတ်ရောဂါဝေဒနာမှာ ကုသမရနိုင်သော နာတာရှည်ရောဂါဝေဒနာ ဖြစ်သည်။ အန်းရစ်(ချ်)တို့မိသားစုရရှိသည့်ဝင်ငွေမှာ ထိုနာတာရှည်ရောဂါဝေဒနာသည် ဟာမင်အားထောက်ပံ့ရသည့်အတွက် အတော်ဝန်လေးလှသည်။ လူမှုဒုက္ခအဖြာဖြာကို ခံစားနေရသော ဓမ္မဆရာဆင်မြူရယ်အဖို့လည်း ဖြေမဆည်နိုင်ဖြစ်သည်။

တစ်နေ့တွင် ဆင်မြူရယ်သည် သူ့သား အန်းရစ်(ချ်)အား မာ(လ်)ဝေါကီမြို့ လူသူရှင်းသည့် ပန်းခြံတစ်ခြံသို့ ခေါ်သွားခဲ့ပြီး -

"သား၊ တကယ်တော့ တို့မိသားစုဟာ ငွေကြေးမပြည့်စုံပေမယ့် ချစ်ခြင်းမေတ္တာပြည့်လျှံနေတဲ့ မိသားစုပါကွယ်။ ငါ့ဘဝမှာ ကြုံတွေ့ရတဲ့ စိတ်မချမ်းမြေ့စရာများကို ထာဝစဉ်ပျောက်အောင် ပြုစုယုယပေးထားက

တော့ မင်းမိခင်ပဲ။ ဒီတော့ အန်းရစ်(ချ်)၊ မင်းဟာ မင်းအမေရဲ့ အချစ်ဆုံးသားလို့လည်း ငါထင်တယ်။ မင်း ငါ့ကို ကတိတစ်ခုတော့ပေးရမယ်။ မင်းဟာ ဘယ်ဘဝရောက်ရောက် ဘာပဲဖြစ်ဖြစ် မင်းမိခင်ကို ထာဝစဉ်စောင့်ရှောက်ပါမယ်ဆိုတဲ့ကတိပဲ။ ဘယ့်နှယ်လဲ အန်းရစ်(ချ်)၊ ပေးနိုင်ပါတယ်နော်"

အန်းရစ်(ချ်)သည် သောကဝေဒနာခံစားနေရသော သူ့ဖခင်ကြီး၏ ညှိုးနွမ်းနေသောမျက်နှာကို သေသေချာချာ စူးစိုက်ကြည့်ပြီး -

"စိတ်ချပါ ဖေဖေ၊ ကျွန်တော့်တစ်သက်မှာတော့ မေမေ့ကို ထာဝစဉ် ဦးထိပ်ထားပြီး အသက်နှင့်ထပ်တူ စောင့်ရှောက်ပါ့မယ်လို့ ကတိပေးပါတယ်"

ဟု ပြောလိုက်သည်နှင့် ဆင်မြူရယ်ဝိတ်(ခ်)၏မျက်နှာသည် ပြုံးရိပ်များယှက်လာခဲ့တော့၏။

❐

# (၃)

မာ(လ်)ဝေါကီမြို့ ဆောင်းရာသီသည် ခိုက်ခိုက်တုန်ချမ်းလှသည်။ အန်းရစ်(ချ်)အဖို့ အိပ်မပျော်နိုင်။ ဘယ်လူးညာလှိမ့်ဖြင့် အချိန်ကုန်သည်။ သူ့အသက် (၁၂) နှစ်ပြည့်ခဲ့ပြီ ဖြစ်သော်လည်း မည်မည်ရရ ပညာမရသေး။ သူဖြစ်လိုသည့် ပဋ္ဌလက်ဆရာဖြစ်ဖို့ဆိုသည်မှာ စွန့်စားရမည် ဖြစ်သည်။ သူ့မိဘများကလည်း သူ ပဋ္ဌလက်ဆရာတစ်ယောက်ဖြစ်ရန် ကြံဆောင်ပေးနိုင်ဖို့ လမ်းမမြင်။ သို့ဖြစ်၍ အိမ်မှထွက်ပြေးကာ လူ့လောကကြီးအလယ် အတွေ့အကြုံသစ်ကို ရှာရမည် ဖြစ်သည်။ မိမိဘဝကို မိမိဖန်တီးရမည်။ သို့သော် သူ့ဖခင်ကြီးအား ပေးထားသည့်ကတိကိုလည်း သတိရသည်။ မိသားစုကို ကျောခိုင်း၍ တစ်နေရာတွင် ကိုယ့်ထူးကိုယ်ချွန် ရပ်တည်ပြီး ပဋ္ဌလက်ပညာ ဆည်းပူးရမည်မှာ ဖြစ်နိုင်ပါမည်လော။

ရပ်ကွက်တွင်းမှ သူပြောကိုယ်ပြောသတင်းများအရ အမေရိကန်ပြည်ထောင်စု မြင်းတပ်မတော်သည် သူတို့မြို့မှဖြတ်၍ ဝင်ကိုစင်သို့ ချီတက်သွားမည်ဟု သိထားသည်။ သို့ဖြစ်၍ အန်းရစ်(ချ်)သည် ထိုတပ်မတော်သားများကို ဖိနပ်တိုက်ပေးသူအဖြစ် သူတို့နှင့်လိုက်သွားရလျှင် သူ့အတွက် ဘဝအတွေ့အကြုံရလာပြီး ဗဟုသုတစုံကာ ပဋ္ဌလက်ပညာသည်များနှင့် တွေ့ဆုံရမည့်အခွင့်လည်း ကြုံရမည်ဟု ယူဆမိသည်။ သို့သော် သူ့အကြံအစည်မှာ အကောင်အထည်မပေါ်၊ လေထဲ၌ တိုက်အိမ်ဆောက်ခြင်းသာ ဖြစ်ရတော့၏။

၁၈၈၇ ခုနှစ်တွင်မူ ဆင်မြူရယ်ဝိတ်(ခ်)နှင့် အန်းရစ်(ချ်)တို့သည် မာဟက်တန်မြို့သို့ ထွက်ခွာလာခဲ့သည်။ ဆင်မြူရယ်ဝိတ်(ခ်)၏ အစီအစဉ်မှာ သူနှင့် အန်းရစ်(ချ်)တို့သည် ရနိုင်မည့်အလုပ်လုပ်ကြ၍ ငွေစုကာ ကျန်မိသားစုအားခေါ်ယူ၍ နယူးယောက်မြို့သို့ ပြောင်းရွှေ့နေထိုင်ရေး ဖြစ်သည်။ သူတို့သားအဖသည် မာဟက်တန်မြို့၊ (၇၉) လမ်း၊ အခန်း

နံပါတ် (၂၄၄) တွင် ခေတ္တဌာရမ်းနေထိုင်ခဲ့ကြသည်။ ဆင်မြူရယ်ဝိတ်(ခ်) အဖို့ မာဟက်တန်မြို့ ဂျူးရပ်ကွက်မှ ဂျူးကလေးငယ်များအား ဟီဘရူးစာ သင်ကြားပေးခြင်းဖြင့်လည်းကောင်း၊ အန်းရစ်(ချ်)ခမျာမှာမူ အထွေထွေ လုပ်သားအဖြစ် ဆောင်ရွက်ရခြင်းအတွက် အတော်အသင့် ဝင်ငွေရလာ သည်။ သူ့အဖို့ ဤရရှိသောဝင်ငွေသည် သူတို့မိသားစု နယူးယောက်မြို့ ပြောင်းရွှေ့နေထိုင်ရေးအတွက် အတော်အသင့်ထောက်ပံ့နိုင်သော ဝင်ငွေ ဖြစ်သည်။ သူတို့သားအဖသည် ချို့ချို့ငဲ့ငဲ့ ဖြစ်သလိုစား ဖြစ်သလိုနေထိုင် ၍ ရရှိသည့်ဝင်ငွေကို စုဆောင်းကြရသည်။ အန်းရစ်(ချ်)အဖို့ ဝင်ငွေ ကောင်းသည့်အလုပ်တစ်ခုရရန် ကြိုးစားခဲ့ရသည်။ တစ်ဖက်မှလည်း သူ ဝါသနာပါသော ပဋ္ဌလက်ပညာနှင့် ပတ်သက်သော စာအုပ်များကို ဝယ် ယူစုဆောင်းခဲ့ရသည်။ အားလပ်သည့်အချိန်ကလေးတွင် ထိုစာအုပ်များ ကို လေ့လာခဲ့ရသည်။ မာဟက်တန်မြို့တွင်ပြသသည့် လမ်းဘေးမျက် လှည့်ပွဲတိုင်း အန်းရစ်(ချ်) မကြည့်ဘူးသည့်ပွဲမရှိတော့။ သူကြည့်သည့် မျက်လှည့်ပွဲများမှ မျက်လှည့်ပြသူများ၏ အားနည်းချက်၊ အားသာချက် မှန်သမျှ ဂရုတစိုက်လေ့လာသည်။ ၁၈၈၈ ခု၊ နိုဝင်ဘာလတွင် အသက် (၁၄) နှစ်ရှိပြီဖြစ်သော အန်းရစ်(ချ်)သည် ပင်တိုင်အလုပ်တစ်ခုရသွား သည်။ ထိုစဉ်က အိပ်(ချ်)ရစ်(ချ်)တာဆန်းဆိုင်ကြီးတွင် အမျိုးသားလည် စီးချုပ်သောအလုပ် ဖြစ်သည်။ ယင်းအလုပ်ရခြင်းသည် သူ့အတွက် ပဋ္ဌ လက်ပညာရှင် အကျော်အမော်ဖြစ်လာရတော့မည့် လမ်းစရသည်ဟု ဆိုရ တော့မည် ဖြစ်၏။

ရရှိလာသည့်ဝင်ငွေကြောင့် သူတို့မိသားစုအားလုံးသည် နယူး ယောက်မြို့သို့ ပြောင်းရွှေ့လာခဲ့ကြသည်။ အန်းရစ်(ချ်)၏ ဝင်ငွေနှင့် သူ့ ဖခင်၏ဝင်ငွေသည် မိသားစုအတွက် အထိုက်အသင့် နေထိုင်စားသောက် နိုင်သည်။ အခြေအနေရလာသည့် အန်းရစ်(ချ်)သည် နယူးယောက်မြို့ ဂျူးလူမျိုးရပ်ကွက် လူငယ်များ၏ အားကစားအသင်းတွင် ပါဝင်လှုပ်ရှား လာခဲ့နိုင်သည်။ သူ၏ ကိုယ်ခန္ဓာကြံ့ခိုင်ရေး ကျွမ်းဘား စသည့်တို့ကိုလည်း လေ့ကျင့်သင်ယူလာနိုင်သည်။ အန်းရစ်(ချ်)မှာ ယခင် အန်းရစ်(ချ်)မဟုတ် တော့။ သန်မာဖျတ်လတ်သည့် လုလင်ပျိုပေါက်စဖြစ်လာခဲ့ပြီ ဖြစ်သည်။ ဂျူးလူငယ်များအသင်း (Young men's Hebrew Assouation) ပျော်ပွဲရွှင်ပွဲ များ၊ ဖျော်ဖြေရေးပွဲများတွင် အန်းရစ်(ချ်)သည် သူ့ပဋ္ဌလက်ပြပွဲများ ပြသ ခဲ့သည်။ သူ၏ ဖဲချပ်များ၊ ပိုက်ဆံပြားများနှင့်ပြသသည့် ပြကွက်များကို ဂျူးလူငယ်များက သဘောကျသည်။ သူ့အား အန်းရစ်(ချ်)ဝိ(စ်) ဟူ၍ လည်းကောင်း၊ မဟာအန်းရစ်(ချ်)ကြီးဟု လည်းကောင်း ကင်ပွန်းတပ်ခဲ့ကြ ၏။

အန်းရစ်(ချ်)၏ဘဝအား အပြောင်းလဲကြီးပြောင်းလဲသွားစေသည့် ဖြစ်ရပ်တစ်ခုနှင့်လည်း ဆုံရပြန်သည်။ သူ ဂျူးလူငယ်များအသင်း စာ

ကြည့်တိုက်တွင် ကမ္ဘာကျော် ပဥ္စလက်ဆရာကြီး ရောဘတ်ဟူဒင်ရေးသော (Memoirs of Robert-Houdin) **ရောဘတ်ဟူဒင်၏ ဘဝအတွေ့အကြုံ** ဟူသော စာအုပ်တစ်အုပ်ကို တွေ့ရသည်။ ထိုစာအုပ်ကို အန်းရစ်(ချ်)သည် သဲသဲမဲမဲဖတ်ရှုခဲ့သည်သာမက ထိုစာအုပ်ရောင်းချသည့် စာအုပ်ဆိုင်သွား၍ တစ်အုပ်ကိုလည်း ဝယ်ယူခဲ့တော့သည်။ ရောဘတ်ဟူဒင်ကား (၁၉)ရာစု၏ ပဥ္စလက်ဆရာ၊ လောကီပညာရှင်၊ တစ်ခေတ်တွင် တစ်ယောက်ပေါ်ပေါက်သူ၊ ကွယ်လွန်သူများ၏ဝိညာဉ်နှင့် ဆက်သွယ်နိုင်သူ၊ ခေတ်သစ် ပဥ္စလက်ပညာကို မြေစမ်းခရမ်းပျိုးသူ၊ သိပ္ပံပညာနှင့် ပဥ္စလက်ပညာကို ပေါင်းကူးပေးသူဟု ကင်ပွန်းတပ်ခဲ့ကြပါသည်။ ဟူဒင်၏ ကျော်ကြားသော ဂုဏ်ပုဒ်များကို တန်းစီ၍ နံပါတ်ရေးထိုးရလျှင် ကုန်မည်မထင်။ သူ့အကြောင်းရေးသားထားသည့် ဆောင်းပါးများ၊ သူ့ပဥ္စလက်ပညာပြကွက်များကို ရေးသားကြသည့် သတင်းဆောင်းပါးများ၊ သူ့အတ္ထုပ္ပတ္တိကို မှီငြမ်း၍ ရေးသားထုတ်ဝေသောစာအုပ်များမှာလည်း လက်ဆစ်ချိုး၍ ရေတွက်၍ မရဟု ဆိုသည်။

သူ့အကြောင်း ရေးသားဖော်ပြချက်မပြုသော သတင်းစာ၊ ဂျာနယ်များမှာ ခေတ်မမီဟု ယူဆကြသည်။ လန်ဒန်၊ ပါရီ၊ ဘာလင်၊ အမ်စတာဒင်၊ ရောမ၊ ဝါဆော အစရှိသော ဥရောပနိုင်ငံအသီးသီးရှိ မြို့တော်ကြီးများတွင် ဟူဒင်ပြပွဲဆိုလျှင် လူတွေ သောင်းနှင့်ချီကြည့်ရှုခဲ့ကြသည်။ သူကား ရှေးပဝေသဏီက ပဥ္စလက်ဆရာများကဲ့သို့ သမားရိုးကျပဥ္စလက်ပညာရှင်မဟုတ်။ နာနာဘာဝများ၊ ပရလောကသားများအကူအညီနှင့် ပြသသည့် ပဥ္စလက်ပညာပြပွဲ ဖြစ်သည်။ ယနေ့ ကမ္ဘာကျော် ပဥ္စလက်ဆရာများ၏ အံ့ဖွယ်ပဥ္စလက်ပြကွက်ဆန်းများဖြစ်သော ဇာတ်စင်ပေါ်တွင် ပဥ္စလက်သရုပ်ဆောင်တစ်ဦးအား လွှဖြင့်ဖြတ်ပြပုံ၊ လေထဲတွင် လူအများပျံဝဲပြသခြင်း၊ လူအား အိပ်မွေ့ချ၍ လေထဲတွင် အိပ်ပြခြင်း၊ လူ့ပါးစပ်ကို သေနတ်ဖြင့်ပစ်ပြခြင်း စသော ပြကွက်များသည် အမှန်အားဖြင့် (၁၉) ရာစု ပဥ္စလက်ဆရာ ရောဘတ်ဟူဒင်၏ ပြကွက်များကို ခေတ်မီအောင် တီထွင်ထားခြင်းသာဖြစ်၍ ထူးလျက်နှင့်မဆန်းဟု ဆိုနိုင်ပါသည်။

သာဓကအားဖြင့် ပဥ္စလက်ဆရာကြီး ရောဘတ်ဟူဒင်အား ပြင်သစ်ပြည့်ရှင် လူဝီဖိလစ်သည် သူ့စံနန်းတော် စိန်ကလောက်သို့ ဖိတ်ခေါ်၍ နိုင်ငံခြားသံတမန်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြင်သစ်နိုင်ငံမှ စစ်ဘက်နယ်ဘက်အရာရှိကြီးများရှေ့တွင် သူ့ပဥ္စလက်ပညာကို ပြသစေခဲ့သည်။ ဟူဒင်သည် သူ့ပြပွဲအား တက်ရောက် ကြည့်ရှုချီးမြှင့်သည့် ယင်းပရိသတ်ထံမှ အမျိုးသမီး (၆) ဦး၏ ပိုးပဝါခြောက်ထည်ကိုတောင်းယူပြီး ယင်းပိုးပဝါများကို မည်သည့်နေရာတွင် လျှို့ဝှက်ထားစေလိုသနည်းဟု လူဝီဖိလစ်မင်းအား မေးမြန်းခဲ့၏။

လူဝီဖိလစ်က ထိုပဝါများကို စိန်ကလောက်နန်းတော်ရှိ ဥယျာဉ်

တော်အတွင်း ဥယျာဉ်တော်သုံးပစ္စည်းများထားသော အခန်းတွင်းရှိ ပစ္စည်းအဟောင်းများထားသော သံသေတ္တာပျက်ကြီးအတွင်း ထားလိုပါသည်ဟု ထုတ်ဖော် ပြောဆိုခဲ့၏။

ဟူဒင်သည် မင်းပရိသတ်ရှေ့တွင် လက်ဝှေ့လိုက်ရုံမျှဖြင့် ပိုးပဝါခြောက်ထည်တို့မှာ သေသေချာချာ စူးစိုက်ကြည့်နေကြသော ပရိသတ်ရှေ့မှ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားတော့သည်။ ဟူဒင့်လက်ထဲတွင် တစ်ထည်မှမရှိတော့။ ထူးဆန်းသည့် အံ့ဖွယ်သရဲ ဖြစ်သည်။ ဟူဒင့်လက်ထဲမှ ပဝါခြောက်ထည်သည် မည်ကဲ့သို့ ရုတ်တရက် ပျောက်ဆုံးသွားခဲ့ရသနည်း။ ထို့နောက် ဧကရာဇ်လူဝီဖိလစ်ခေါင်းဆောင်သော မင်းပရိသတ်သည် ဥယျာဉ်တော်အတွင်း သွားရောက်ခဲ့ကြပြီး ပစ္စည်းဟောင်းများထားသော စတိုအတွင်းရှိ သေတ္တာဟောင်းကြီးကို ဖွင့်ကြည့်လိုက်ကြသည်နှင့် ကြက်သေသေသွားကြတော့၏။ အဘယ်ကြောင့်ဆိုသော် အချိန်အနည်းငယ်အတွင်း ရောဘတ်ဟူဒင်လက်တွင်းမှ ရုတ်တရက် ပျောက်သွားသော ပဝါခြောက်ထည်အား သေတ္တာဟောင်းကြီးအတွင်း တွေ့ရတော့သည်။ ထိုပြကွက်မျိုးကို သာမန် ပဉ္စလက်ဆရာတို့ ပြနိုင်စွမ်းမရှိနိုင်ဟု လူအများက ယူဆထားကြသည်။

ဂျာမနီနိုင်ငံ ဘာလင်မြို့တော်၌ ပြသသော ရောဘတ်ဟူဒင်၏ ပဉ္စလက်ပညာပြပွဲမှာ ပို၍လျှို့ဝှက်ဆန်းကြယ်သည်ဟု ဆိုသည်။ ဟူဒင်သည် နှစ်ပေခန့်အမြင့်ရှိသော လိမ္မော်ပင်တစ်ပင်ကို ပရိသတ်အများရှေ့ ဇာတ်စင်ပေါ်တွင် ပြသထားသည်။ သူပြသမည့်ပြကွက် မပြသခင် လာရောက် အားပေးချီးမြှင့်သည့် မင်းပရိသတ်ထဲမှ မည်သည့်ပုဂ္ဂိုလ်မဆို ဇာတ်စင်ပေါ်သို့တက်၍ လိမ္မော်ပင်အားလည်းကောင်း၊ ဇာတ်ခုံထဲ၌ အံဖုံး၊ အံဝှက် ရှိ မရှိ စသည်တို့ကိုလည်း စစ်ဆေးခွင့်ပြုသည်။ အားလုံးကျေနပ်သည်ဟုဆိုမှ ဟူဒင်က လိမ္မော်ပင်ကလေးအား 'နွေဦးရာသီရောက်ပြီ'ဟု ဆိုသည်နှင့် လိမ္မော်ပင်ကလေးမှ လိမ္မော်ရွက်တို့သည် တဖြုတ်ဖြုတ်ကြွေကျကုန်သည်။ 'ကဲ - မိုးဦးသစ်ပြီကွယ်' ဟု ဆိုသည်နှင့် ရွက်နုတွေဝေလာတော့သည်။ 'ဆောင်းဦးရောက်ခဲ့ပါပြီကောကွယ်' ဟု ဆိုသည်နှင့် လိမ္မော်သီးများ သီးလာခဲ့တော့သည်။ ဟူဒင်၏ ယင်းပြကွက်ကို ကြည့်ရှုရသော ပုဂ္ဂိုလ်အများကမူ ဟူဒင်၏ပြကွက်ကို ကြည့်ရှုရသည်မှာ ကမ္ဘာကျော်တစ်ထောင့်တစ်ညပြောရသော အာရေဗျပုံပြင်ထဲက အာလာဒင်နှင့် မီးခွက်စွဲဘီလူးပုံဝတ္ထုကို ဖတ်ရှုရသကဲ့သို့ ခံစားရသည်ဟု ဆိုသည်။

ဟူဒင်၏ပြပွဲသို့ လာရောက် ကြည့်ရှုအားပေးသော ပရိသတ်တို့ အများဆုံးသဘောကျသောပြကွက်တစ်ခုမှာ ဇာတ်စင်ပေါ်တွင် စားပွဲတစ်လုံးအား တင်ထား၏။ စားပွဲပေါ်တွင် ကြက်ဥတစ်လုံး၊ လိမ္မော်သီးတစ်လုံးနှင့် ရှောက်သီးတစ်လုံးတို့ကို တင်ထားသည်။ ပွဲကြည့်ပရိသတ်အတွင်းမှ လက်ကိုင်ပဝါတစ်ထည်ကို ခေတ္တယူပြီး ဖုံးထားကာ အထက်ဖော်ပြပါ

သစ်သီးသုံးလုံးရှေ့တွင် ထားလိုက်သည်။ ပဥ္စလက်ဆရာကြီး ဟူဒင်က ထိုစားပွဲခုံရှေ့တွင်ရပ်၍ လက်ကိုဝှေ့လိုက်သည်နှင့် စားပွဲပေါ်တွင်တင် ထားသောအရာများအားလုံး လိမ္မော်တစ်လုံးမှလွဲ၍ ပျောက်ခြင်းမလှ ပျောက်သွားရတော့သည်။ လက်ကိုင်ပဝါလည်း မည်သည့်နေရာရောက် သွားသည်မသိရ။ ပွဲကြည့်ပရိသတ်ကလည်း ထိုစားပွဲမှ ပစ္စည်းများကို မျက်တောင်မခတ်နိုင်။ အာရုံကြောများတင်လာသည်အထိ စူးစိုက်ကြည့် နေကြသည်။

ဟူဒင်သည် စားပွဲတွင် ကျန်ရစ်သည့် လိမ္မော်သီးကို လက်ဖြင့်ညစ် လိုက်သည်နှင့် အမှုန့်များနှင့်အတူ လက်ကိုင်ပဝါတစ်ထည် ထွက်လာ တော့သည်။ ဤပြကွက်မှာ ရှေးပွဲလာပရိသတ်များသာမက သတင်းစာ များ၊ ဂျာနယ်များတွင် စာနယ်ဇင်းသမားများက ချီးကျူးဝေဖန်ကြသည့် ပြကွက် ဖြစ်သည်။ ခရစ်နှစ် ၁၈၄၄ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့တော် ၌ကျင်းပသော ကမ္ဘာ့ကုန်စည်ပြပွဲကြီးတွင် ရောဘတ်ဟူဒင် တင်ဆက် ပြသသည့် 'စာရေးစာပွဲနှင့် စာရေးဆရာ' ဟူသော ပြကွက်မှာ ထိုပြပွဲသို့ လာရောက် လည်ပတ်လေ့လာကြသော ယင်းပရိသတ် တသသဖြစ်စေ သောပြကွက် ဖြစ်ပါသည်။ ထိုပြကွက်အကြောင်းကို ပါရီမြို့မှထုတ်ဝေ သော လာဖီဂါရိုသတင်းစာနှင့် လာမွန်ဒေးသတင်းစာကြီးများတွင် သတင်း ဆောင်းပါးအဖြစ် ရေးသားဖော်ပြခဲ့သည်။

ထိုပြကွက်တွင် ဟူဒင်ကိုယ်တိုင် ကြပ်မတ်ပြုလုပ်ထားသော လူ သားတစ်ယောက်အရွယ် စက်ရုပ်ကြီးတစ်ရုပ်က စားပွဲနောက်ရှိ ကုလား ထိုင်ထက်တွင် ထိုင်နေပြီး ပြပွဲလာပရိသတ်တို့မေးသည့် မေးခွန်းများကို စက်ရုပ်ကြီးက ဖြေဆိုပြသခြင်း ဖြစ်သည်။ ဤပြကွက်ပြသနိုင်သဖြင့် လူ အများက ဟူဒင်၏ ပဥ္စလက်ပညာကို အံ့ဖွယ်သရဲဖြစ်ခဲ့ရသည်။ ပြင်သစ် ဧကရာဇ် လူဝီဖိလစ်ကိုယ်တိုင် ရောဘတ်ဟူဒင်နှင့် လာရောက်တွေ့ဆုံပြီး သူ၏ အံ့ဖွယ်ကောင်းသော ပဥ္စလက်ပညာအကြောင်း ဆွေးနွေးခဲ့သည်ဟု ဆိုသည်။

ဟူဒင်၏ အခြား အံ့ဖွယ်သရဲပြကွက်တစ်ခုမှာ လေထဲ၌ လူများ ဝဲပျံပြသသည့်အခန်း ဖြစ်သည်။ ထိုပြကွက်တွင် ဟူဒင်သည် သူ၏ အသက် (၆)နှစ်အရွယ် သားငယ်ကလေးကို ပွဲထုတ်ခဲ့၏။ ထိုကလေးငယ် အား ထိုင်ခုံရှည်တစ်လုံးပေါ်တွင် ကြိမ်လုံးနှစ်လုံးကိုကိုင်၍ အိပ်နေစေ သည်။ သူကိုယ်တိုင်ကမူ မန္တန်များရွတ်ဖတ်နေသည်။ မိနစ်အနည်းငယ် ကြာသည်နှင့် ဟူဒင်သည် ကလေးငယ်အိပ်နေသော ထိုင်ခုံရှည်ကို သူ့ တပည့်နှစ်ယောက်အား ဆွဲထုတ်ယူစေသည်။ ကလေးငယ်ကမူ သူ့လက် ထဲမှ ကြိမ်နှစ်ချောင်းထောက်၍ လေထဲ၌ အိပ်ပြသည်။ ဟူဒင်သည် မိနစ် အနည်းငယ် ကြာမြင့်လာသည်နှင့် ကြိမ်နှစ်ချောင်းကို တစ်ချောင်းပြီးတစ် ချောင်း ဆွဲယူလိုက်သည်။ ကလေးငယ်ကလေးမှာ လေပေါ်တွင် အိပ်

လျက်သား အံ့ဩဖွယ်ရှိနေသည်။ ဤပြကွက်ကို အခြားပဥ္စလက်ဆရာများက အမျိုးမျိုးဝေဖန်ခဲ့ကြသော်လည်း ဟူဒင်၏ပြကွက်အား လူအများက သဘောကျသည်။ ကလေးငယ်အား ဤကဲ့သို့ လေထဲ၌ အိပ်ပြစေနိုင်ခြင်းမှာ ပရလောကသားတို့၏ အကူအညီယူခဲ့ခြင်းသာ ဖြစ်သည်ဟု ဆိုသည်။

ပြင်သစ်ပိုင် အယ်(လ်)ဂျီယာနိုင်ငံတွင် ဟူဒင်ပြသသည့် ပဥ္စလက်ပြကွက်ဆန်းများမှာ ပို၍ အံ့ဖွယ်သရဲဖြစ်စေသည်။ သာဓကအားဖြင့် ဇာတ်စင်ပေါ်တွင်တင်ထားသော စားပွဲငယ်တစ်လုံးပေါ်၌ ပန်းကန်ပြားတစ်ချပ်တင်ထားစေသည်။ ထိုပန်းကန်ပြားပေါ်တွင် သေတ္တာငယ်ကလေးတင်ထားခဲ့၏။ ဟူဒင်သည် ပွဲလာပရိသတ်များထံမှ ထူးထူးခြားခြား ထွားကျိုင်းသန်မာသည်ဟုယူဆရသော အာရပ်အမျိုးသားများကို တစ်ယောက်ပြီးတစ်ယောက် စင်ပေါ်သို့ဖိတ်ခေါ်၍ ယင်းသေတ္တာငယ်ကလေးကို မ,စေသည်။ အာရပ်အမျိုးသား လူသန်ကြီးများကလည်း တစ်ယောက်ပြီးတစ်ယောက် ကြိုးစားမ,သည်။ သူတို့အားလုံးမှာ တကယ်အားကောင်းမောင်းသန်ပုဂ္ဂိုလ်များသာ ဖြစ်သည်။ သို့သော် သူတို့သည် ဤသေတ္တာငယ်ကလေးကို တစ်ယောက်မှ မ,ယူနိုင်ခြင်းမရှိခဲ့။

ပွဲကြည့်ပရိသတ်အတွင်းမှ လူသန်များ သေတ္တာကလေးကို မ,ယူရန်မတတ်နိုင်တော့သည့်အခြေအနေ ရောက်လာမှပင် ဟူဒင်သည် မန္တန်များရွတ်ဖတ်လိုက်ပြီး ထိုသေတ္တာကလေးကို အသာအယာမ,ယူပြလိုက်တော့သည်။ ပွဲကြည့်ပရိသတ်အဖို့ ထူးခြားသော ပြကွက်ဆန်းဖြစ်တော့သည်။

ထို့နောက် ဟူဒင်သည် ဇာတ်စင်ပေါ်ရှိ မီးသွေးမီးဖိုထဲမှ တရှိန်ရှိန်တောက်နေသော မီးခဲများကို မီးညှပ်ဖြင့်ညှပ်ယူပြီး တစ်ခဲပြီးတစ်ခဲ စားပြခဲ့သည်။ အခြားပြကွက်တစ်ကွက်မှာ တကယ့် အံ့ဖွယ်သရဲပြကွက် ဖြစ်သည်။ ထိုပြကွက်မှာ သူ့ပါးစပ်အား ခပ်လှမ်းလှမ်းမှ ခြောက်လုံးပြူးသေနတ်ဖြင့်ပစ်စေပြီး ကျည်ဆန်ကို ပါးစပ်ဖြင့်ကိုက်ပြသည့်ပြကွက် ဖြစ်သည်။ အယ်ဂျီရီးယားတွင်ပြသသည့် ပြပွဲ၌ အာရပ်အမျိုးသား ခေါင်းဆောင်တစ်ဦးကိုယ်တိုင် ဇာတ်စင်ပေါ်သို့တက်ခဲ့ပြီး သူ့ခြောက်လုံးပြူးသေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ကျည်ဆန်များကို ဟူဒင်က ပါးစပ်ဖြင့်ကိုက်ပြခဲ့သည်။ ဤပြကွက်ကို အယ်(လ်)ဂျီယာမှ အာရပ်မျိုးနွယ်စုများက သဘောကျသည်။ ဟူဒင်မှာ သာမန် ပဥ္စလက်ဆရာမဟုတ်။ တကယ့် အတုမရှိသော ပဥ္စလက်ဆရာကြီးတစ်ဦး ဖြစ်သည်ဟုဆိုကာ Sidel- Robert-Houdin ဆီဒီရောဘတ်ဟူဒင်ဟု ဘွဲ့ထူးကြီး ချီးမြှင့်ခဲ့သည်။ အာရပ်လောကီပညာရှင်များကိုယ်တိုင် သူ့အား ခီးမွမ်းခဲ့ကြသည်။ သူကား အခြားပဥ္စလက်ဆရာများနှင့်မတူ တစ်မူထူးခြားသည်။ ပွဲကြည့်ပရိသတ်အားတကယ့် ရင်သိမ့်တုန် ပဥ္စလက်ပြခန်းများ ပြသနေစဉ် သူကိုယ်တိုင်မှာ

ရိုးရိုးသားဝတ်ဆင်ထားသည်။ ရောဘတ်ဟူဒင်ကား တစ်ခေတ်တွင်တစ်ယောက် ထွန်းတောက်သော ပဥ္စလက်ပညာရှင် ဖြစ်တော့သည်။

သူ၏ ပြကွက်ဆန်းများ၊ ရင်သိမ့်တုန်ပြခန်းများအကြောင်း လေ့လာခဲ့သည်။ အန်းရစ်(ချ်)သည် သူ့အမည်ကို ဟယ်ရီဟူဒီနီဟု ပြောင်းခဲ့သည်။ သူလေးစားသည့် ရောဘတ်ဟူဒင်ကို ဂုဏ်ပြုသည့်အနေဖြင့် ဤကဲ့သို့ နာမည်ပြောင်းခဲ့ခြင်းဖြစ်သည်ဟု နောင်အခါ ထုတ်ဖော်ပြောဆိုခဲ့သည်။ သူသည် တစ်နေ့တွင် ရောဘတ်ဟူဒင်ကဲ့သို့ ပဥ္စလက်ဆရာတိုင်း၊ လူသားတိုင်း လေးစားရမည့် ပဥ္စလက်ဆရာတစ်ယောက် ဖြစ်ရမည်ဟူ၍လည်း မျှော်လင့်ထားသည်။ သူအလုပ်လုပ်နေသော အိပ်(ချ်)ရစ်(ချ်)တာဆန်း အမျိုးသားလည်စီးချုပ်ဆိုင်ကြီးမှ လည်စီးချုပ်အလုပ်သမားဖြစ်မှ နုတ်ထွက်လိုက်သည်။ ဆိုင်ပိုင်ရှင်များကလည်း သူ့အား ရိုးသားဖြောင့်မတ်၍ အလုပ်ကြိုးစားသော အလုပ်သမားတစ်ယောက်ဟု ထောက်ခံစာရေးပေးလိုက်ကြသည်။

ဟယ်ရီဟူဒီနီတစ်ဖြစ်လဲ အန်းရစ်(ချ်)ကမူ သူသည် ပဥ္စလက်ဆရာလောကသို့ ခြေစုံပစ်ဝင်မည်ဟု ခိုင်မာသော ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီ။ သူ့မိတ်ဆွေ ဂျက်ကော့ဟိုင်မင်နှင့်တွဲ၍ ဟူဒီနီညီနောင် ပဥ္စလက်အဖွဲ့ဟု တည်ထောင်ခဲ့လေတော့၏။ ထိုအချိန်တွင် ဟယ်ရီဟူဒီနီမှာ အသက်တစ်ဆယ့်ခုနှစ်အရွယ်သာ ရှိသေးသည်။ သို့သော် ဤသို့ ဟူဒီနီညီနောင် ပဥ္စလက်အဖွဲ့ တည်ထောင်ခဲ့သည်နှင့် ဟူဒီနီအဖို့ ကြေးစားပဥ္စလက်ဆရာဖြစ်လာတော့၏။ ဟူဒီနီညီနောင်ပဥ္စလက်ပြပွဲများပြသော နေရာများမှာ လူစည်ကားသော ဘီယာဆိုင်များ၏ ခန်းမများသာ ဖြစ်၏။ ထိုစဉ်က ဖျော်ဖြေပွဲများမှန်သမျှ နာမည်ကျော်ကြား လူသိမများမီ ပထမဆုံး မြေစမ်းခရမ်းပျိုး၍ အားယူရသောနေရာများမှာ ဘီယာဆိုင်ခန်းမများသာ ဖြစ်၏။ အမှန်အားဖြင့် ထိုဘီယာခန်းမများသည် လူကြမ်းလူရမ်း လူသောင်းသွမ်းများ စုဝေးသောနေရာများ ဖြစ်သည်။ အရက်မူးသမားများ အချင်းချင်း ငြင်းခုံကြရာနေရာ ဖြစ်၏။

ထိုနေရာများသို့ ဟယ်ရီဟူဒီနီတို့လို လူသိနည်းသေးသော ပဥ္စလက်ဆရာများ၊ ပုံပြင်ပြောစာပြောဆရာများ၊ လူရွှင်တော်များ ရောက်ရှိလာပြီး ဟာသပြက်လုံးများထုတ်မှသာ ယင်းအရက်မူးသမားများ ငြိမ်သက်စွာ ဘီယာသောက်ကာ ကြည့်ရှုနားထောင်နေကြသည်။ ဟူဒီနီညီနောင်၏ ပဥ္စလက်ပြပွဲမှာလည်း ထိုစဉ်က ပြသလေ့ရှိသည့် ပဥ္စလက်ပြပွဲကလေးများကဲ့သို့သာ ဖြစ်သည်။ ထူးခြားဆန်းကြယ်သည့် ပြကွက်များကိုလည်း စစချင်း မတင်ဆက်နိုင်။ သို့ဖြစ်၍ ဟူဒီနီညီနောင် ပဥ္စလက်ပြပွဲပဒေသာမှာ လမ်းဘေးပဥ္စလက်ပြပွဲသာသာ ဖြစ်သည်။ သူတို့ပြပွဲဖျော်ဖြေရသည့်အချိန်မှာလည်း တိုတောင်းသည်။ (၁၅) မိနစ်သာ ရှိသည်။ ပထမပိုင်းတွင် အခြားပဥ္စလက်ပြပွဲများကဲ့သို့ ဖဲချပ်များဖြင့် မျက်စိလှည့်စားသော လက်

လှည့်နည်းများသာ ဖြစ်သည်။ ထိုပြကွက်များကို ဘီယာမူးနေကြသူများက စိတ်မဝင်စား။ အခြားပဥ္စလက်ပြပွဲများနှင့် ထူးမခြားနားဖြစ်သည်ဟု ဆိုကာ သောသောညံအောင် စကားတွေပြောကြတော့၏။ အချို့ကလည်း အသံပေါင်းစုံဖြင့် နောက်ပြောင်ကြတော့သည်။ သို့ဖြစ်၍ ဘီယာနှင့် ယမကာ စည်းစိမ်ခံ၍ ဆူပူနောက်ပြောင်နေသူတို့၏အသံကို လွှမ်းမိုးသွားလောက်အောင် အော်၍ ဖျော်ဖြေခဲ့ကြရသည်။

ဟူဒီနီညီနောင်ပဥ္စလက်အဖွဲ့၏ လူအများ စိတ်ဝင်စားသည့် ပြကွက်မှာ ပြပွဲပြီးဆုံးခါနီးတွင် ပြသလေ့ရှိသည်။ ထိုပြကွက်မှာလည်း ထူး၍မဆန်းပါ။ သူတို့လက်ထက်မှ တီထွင်ပြသသည့်ပြကွက်လည်း မဟုတ်။ ယခင် နှစ်ပေါင်း(၂၀)ကျော်ခန့်ကပင် ဗြိတိသျှအမျိုးသား ပဥ္စလက်ဆရာ ဂျွန်နဗ္ဗီးမတ်(စ်)ကလင်က ထိုပြကွက်မျိုးကို ဖန်တစ်ရာတေအောင် ပြသခဲ့ဖူးသည်။ ယင်းပြကွက်မှာ သေတ္တာကြီးများ လဲလှယ်အစားထိုးသောပြကွက် ဖြစ်၏။

အတော်အသင့်ကြီးမားသော သေတ္တာကြီးတစ်လုံးတွင် လျှို့ဝှက်အံဖုံးများတပ်ထားသည်။ ထိုအံဖုံးများကို အတွင်းမှ ဖွင့်ရအောင် စီမံထားသည်။ သော့ခတ်၊ ကြိုးနှင့် အထပ်ထပ် ချည်နှောင်ထားသည်။ သို့သော် ထိုသေတ္တာအတွင်း ဝင်နေသူသည် သော့နှင့်ကြိုးတို့ကို မထိမကိုင်ရဘဲ ထွက်လာသည့်ပြကွက် ဖြစ်၏။ ဟူဒီနီညီနောင် ပဥ္စလက်အဖွဲ့ကမူ ထိုပြကွက်ကိုပင် လူအများစိတ်ဝင်စားလာအောင် ပြုပြင်ထားသည်။ ဘီယာသောက်၍ ဇိမ်ခံကြည့်နေသူများကို သူ ပြပွဲကျင်းပနေသည့်ခန်းမရှိ စင်မြင့်ထက်သို့ ဖိတ်ခေါ်သည်။ သူတို့ကို စစ်ဆေးရေးကော်မတီဖွဲ့စေသည်။ သူနှင့် ဂျက်ကော့တို့အား သေသေချာချာ စစ်ဆေးစေသည်။ ဟယ်ရီ ဟူဒီနီအား သူတို့ကိုယ်တိုင် လက်ပြန်ကြိုးချည်စေသည်။ ထို့နောက် သူ့အား အိတ်ကြီးတစ်အိတ်အတွင်း သွင်းစေသည်။ ထိုအိတ်ကြီးကိုလည်း ကော်မတီဝင်များအား သေသေချာချာ စစ်ဆေးကြည့်ရှုစေပြီး အိတ်ဝကို ကြိုးဖြင့် သေသေချာချာ ချည်စေသည်။ ကော်မတီဝင်များ သဘောကျပါသည်ဟုဆိုသည်နှင့် ထိုအိတ်ကြီးကို သေတ္တာကြီးထဲ၌ ထည့်သွင်းစေ၍ သေတ္တာကို သော့ခတ်ပိတ်စေသည်။ သေတ္တာကြီးကိုလည်း ကြိုးများဖြင့် ချည်နှောင်စေပြန်သည်။ ထိုအခိုက် ဟူဒီနီညီနောင်အဖွဲ့သားများက သတ္တုပိုက်များဖြင့် ဘောင်ခွေထားသောအခန်းငယ်ကလေးတွင် အပြာရင့်ရောင် ကတ္တီပါကားလိပ် တပ်ထားသည်။ ထိုအခန်းငယ်ကလေးကို သူ့လူများကို မ,ယူလာစေပြီး သေတ္တာကြီးကို အုပ်လိုက်တော့သည်။ ဂျက်ကော့ဟိုင်မင်က ထိုကတ္တီပါကားလိပ်ထဲသို့ ဝင်သွားသည်။ ခေတ္တအကြာတွင် ကတ္တီပါကားလိပ်ကို ဖွင့်လိုက်သည်။ ထိုအခါ ဂျက်ကော့ကို မတွေ့ရတော့။ ဂျက်ကော့ကား ကော်မတီဝင်များ၊ ဘီယာခန်းမအတွင်း ကြည့်ရှုနေသူများ မျက်စိရှေ့မှောက်တွင် ပျောက်ခြင်းမလှပျောက်သွားခဲ့

လေပြီ။ ပွဲကြည့်သူများကလည်း တအံ့တသြဖြစ်နေသည်။ဂျက်ကော့အစား ဟူဒီနီကိုတွေ့မြင်ကြရသည်။ ကော်မတီဝင်များကလည်း အံ့သြသွားသည်။ သူတို့ကိုယ်တိုင် ဟူဒီနီအား သေသေချာချာ ကြိုးများနှင့် ချည်နှောင်၍ အိတ်ကြီးထဲထည့်ခဲ့သည်။ အိတ်ကြီးကို သေတ္တာထဲ သေသေချာချာ ထည့်၍ သေတ္တာကို သော့ခတ်ထားလိုက်သည်။ သေတ္တာကြီးကိုလည်း ကြိုးချည်ထားသည်။ ယခုလည်း သေတ္တာကြီးမှာ သော့ခတ်၊ ကြိုးချည်လျက် တွေ့နေရသည်။ ဂျက်ကော့မှာ ရုတ်တရက် ပျောက်သွားပြီး သူတို့ လက်ပြန်ကြိုး သေသေချာချာ ချည်ထားသော ဟူဒီနီက ထွက်လာသည်။

သူ မည်သို့ လက်ပြန်ကြိုးကိုဖြေကာ သေတ္တာပြင်ဘက်ထွက်လာခဲ့သနည်း။ ထူးဆန်းအံ့ဖွယ်ဖြစ်နေသည်။ ဟူဒီနီက စင်မြင့်ပေါ်တွင်ရှိနေသော ကော်မတီဝင်များကို သော့ခတ်၍ ကြိုးချည်ထားသော သေတ္တာကြီးကို ဖွင့်စေသည်။ ကော်မတီဝင်များအဖို့ သေတ္တာကြီးအား ချည်ထားသော ကြိုးများကို ကြိုးစား၍ ဖြေကြရသည်။ သေတ္တာကိုဖွင့်ပြီး ကြိုးတုပ်ထားသောအိတ်ကြီးကို ဖွင့်လိုက်သည်နှင့် လက်ပြန်ကြိုးတုပ်ထားသော ဂျက်ကော့ကို အံ့သြဖွယ် တွေ့ရတော့သည်။

ဟယ်ရီဟူဒီနီက သူ့ပြကွက်ကို 'ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူ' ဟု ကင်ပွန်းတပ်ထားသည်။ ဘီယာခန်းမအတွင်းမှ ပွဲကြည့်ပရိသတ်ကလည်း ထိုပြကွက်သည် အံ့ဖွယ်သရဲသာ ဖြစ်သည်ဟု ကင်ပွန်းတပ်ထားသော 'ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူ' ဟူသည့် ပြကွက်အမည်ဖြင့် ကိုက်ညီပါသည်ဟု တညီတညွတ်တည်း လက်ခုပ်သြဘာပေးခဲ့ကြတော့သည်။

မှန်ပါသည်။ ဟူဒီနီညီနောင်ပဥ္စလက်အဖွဲ့၏ အခြားပြကွက်များမှာ သာမန် ပဥ္စလက်ပြပွဲများတွင်တွေ့ရသော ပြကွက်များဖြစ်သော်လည်း ယခုပြကွက်မှာမူ ပိပိရိရိနှင့် ပရိသတ်ကို တအံ့တသြဖြစ်စေရန် လှည့်စားနိုင်သည်။ အသက် (၁၇) နှစ်သာရှိသော ဟူဒီနီ၏ တီထွင်ဉာဏ်သည် အံ့ဖွယ် ဖြစ်သည်။ သူလေးစားသည့် ပဥ္စလက်ဆရာ ရောဘတ်ဟူဒင်၏ ခြေရာကိုနင်းနိုင်သော ပါရမီရှင်ဖြစ်တော့၏။

အမှန်အားဖြင့် ဟူဒီနီသည် အိတ်ကြီးထဲသို့ ရောက်လျှင်ရောက်ချင်း သူ့အား ချည်ထားသောလက်ပြန်ကြိုးကို တဖြည်းဖြည်း ညင်သာစွာဖြေသည်။ သေတ္တာကြီးထဲသို့ရောက်သွားပြီး သေတ္တာကြီးကိုပိတ်ကတည်းက သူသည် အိတ်ကြီးအောက်ပိုင်းကို ဖောက်ထွက်ပြီး ဖြစ်သည်။ ကားလိပ်တပ်ထားသော ဘောင်ခွေနှင့် သေတ္တာကို ဖုံးလိုက်သည်နှင့် တစ်ပြိုင်နက် သေတ္တာအတွင်းမှထပ်ထားသော ခလုတ်များကိုနှိပ်၍ သေတ္တာဘေးမှ တွားသွားထွက်ပြီး ဖြစ်တော့သည်။ ဂျက်ကော့သည် သေတ္တာထဲသို့ ဟူဒီနီဝင်သည့်နေရာမှဝင်ကာ အသင့်ယူလာသော တုပ်ချည်ထားသောကြိုးထဲသို့ လက်နောက်ပြန်လျှိုဝင်လိုက်တော့သည်။ အတွင်း၌ အားလုံး သေသေချာချာ ချောချောမောမောပြီးသည်နှင့် ဂျက်

ကော့က သေတ္တာကို ညင်ညင်သာသာခေါက်၍ အချက်ပေးလိုက်သည်။ ဤအသံကြားသည်နှင့် ကတ္တီပါကားလိပ်တပ်ထားသော ဘောင်ခွေကို ဖယ်လိုက်သည်။ ပွဲကြည့်ပရိသတ်ရှေ့တွင် ကော်မတီဝင်လူကြီးများက သော့ဖွင့်၊ ကြိုးဖြတ်၍ အိတ်ကိုဖြည်လိုက်ရာ ဂျက်ကော့ကို လက်ပြန်ကြိုးနှင့် ထိုင်လျက်တွေ့ရ၏။ ဂျက်ကော့ကမူ ထိုင်ရာမှမထ မထွက်ဘဲ နေရသည်။ အဘယ်ကြောင့်ဆိုသော် အိတ်အောက်ပိုင်းဖောက်ထားသည်ကို ကော်မတီဝင်များသိ၍ သူတို့၏ မဟာကလိမ်ကျမှုပေါ်သွားမည်ဖြစ်သော ကြောင့်တည်း။

ဤပြကွက်အား ပွဲကြည့်ပရိသတ်အများက အထူးတအံ့တဩဖြစ်ခဲ့ကြသော်လည်း ဟူဒီနီ၏ လက်ထိတ်အား မိနစ်ပိုင်းအတွင်း ဖွင့်ပြသည့် ပြကွက်ကိုမူ လူအများက စိတ်ဝင်စားခြင်းမရှိပေ။ ထိုပြကွက်တွင် လက်ထိတ်ခတ်ထားသော ဟူဒီနီ၏လက်ကို ဂျက်ကော့၏ညီဖြစ်သူ ဂျိုးက လက်ကိုင်ပဝါအဖြူဖြင့် အုပ်စေသည်။ သူ့လက်ထိတ်သော့ကိုလည်း စင်ပေါ်တွင်ရောက်နေသော ပရိသတ်များထဲမှ ကော်မတီဝင်များကို သေသေချာချာ စစ်ဆေး၍ သော့ခတ်စေသည်။ ဂျိုးက လက်ကိုင်ပဝါကို ဖယ်လိုက်သည်နှင့် လက်ထိတ်သော့မှာ ပွင့်နေတော့သည်။

ဤကဲ့သို့ပြကွက် ပြသနိုင်ရန် ဟူဒီနီသည် ကိုယ်ပိုင်လက်ထိတ်ဝယ်ယူ၍ ရက်ပေါင်းများစွာ လေ့ကျင့်ခဲ့ရသည်။ ဤပြကွက်ကိုလည်း ပွဲကြည့်ပရိသတ်က သဘောကျနှစ်ခြိုက်ကြပေလိမ့်မည်ဟု မျှော်လင့်ထားသည်။ သို့သော် ထိုသို့ ပဉ္စလက်ဆရာများနှင့် အခြား နာမည်ကြီးဆရာများကလည်း ဤပြကွက်မျိုး ပြသလေ့ရှိသဖြင့် ဟူဒီနီပြသသည့်ပြကွက်ကို ပွဲကြည့်ပရိသတ်က စိတ်မဝင်စားခြင်း ဖြစ်ပေမည်။ မည်သို့ပင်ဖြစ်စေကာမူ သူ၏ ရုပ်ပြောင်းနာမ်ပြောင်းနိုင်မှုပြကွက်မှာ အောင်မြင်ပေါက်ရောက်ကျော်ကြားသောပြကွက် ဖြစ်ခဲ့ရသည်။ ဟူဒီနီညီနောင်ပဉ္စလက်အဖွဲ့မှာလည်း အတော်အသင့် နာမည်ကျော်လာသည်။ ဝင်ငွေလည်း ရရှိခဲ့၏။ ဟူဒီနီ နာမည်ရလာသည်ကို ဂျက်ကော့က စိုးရိမ်လာသည်။ သူ့အပေါ် ဟူဒီနီသည် လွှမ်းမိုးသွားပြီး နာမည်ကျော် ပဉ္စလက်ဆရာဖြစ်သွားမည်ကို မလိုလား။ သို့ဖြစ်၍ ဟူဒီနီနှင့် ဂျက်ကော့တို့သည် လမ်းခွဲရန် ပြဿနာပေါ်လာတော့သည်။ ဟူဒီနီက ကြိုးစား၍ ဂျက်ကော့ ခွဲမထွက်ရန်တားသော်လည်း နောက်ဆုံးတွင် ဂျက်ကော့သည် ဟူဒီနီညီနောင်ပဉ္စလက်အဖွဲ့ကြီးမှ ခွဲထွက်သွားခဲ့တော့၏။

❐

## (၄)

ဂျက်ကော့ ဟူဒီနီညီနောင်ပဉ္စလက်အဖွဲ့ကြီးမှ ခွဲထွက်သွားခဲ့သော်လည်း ဟူဒီနီက စိတ်ဓာတ်မကျ။ ဂျက်ကော့နေရာအတွက် ပဉ္စလက်ပညာ အတော်အသင့် နားလည်သူ မှင်မောင်းကောင်းသူတစ်ယောက်ရှာရမည် ဖြစ်သည်။ ဟူဒီနီအဖို့ သူ လေထဲ၌တိုက်အိမ်ဆောက်ခဲ့သော ကမ္ဘာကျော်ပဉ္စလက်ဆရာကြီး ဖြစ်ရမည့်စီမံကိန်းကို တစ်နည်းနည်းဖြင့် အကောင်အထည်ဖော်မည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်သည်။

သို့ဖြစ်၍ သူ့ညီငယ်ဖြစ်သူ သီယိုထံ ချဉ်းကပ်သည်။ သူ ဟူဒီနီညီနောင်ပဉ္စလက်ပြပွဲ မည်သို့မည်ပုံအောင်မြင်နေပုံ၊ ပရိသတ်အများက လက်ခံကြပုံ၊ နောင်လအနည်းငယ်အတွင်း ဟိုးဟိုးကျော်သွားနိုင်သည့် ပဉ္စလက်အဖွဲ့ကြီး ဖြစ်သွားနိုင်ပုံတို့ကို ဟူဒီနီက အာဘောင်အာရင်းသန်သန်နှင့် ရှင်းပြသည်။ ပထမတွင် သီယိုက စိတ်မဝင်စား။ အကြိမ်ကြိမ်တိုက်တွန်းခဲ့ရာမှ သူ့အစ်ကို ဟူဒီနီအား သံယောဇဉ်ကြီးမားသော သီယိုသည် ပဉ္စလက်ဆရာတစ်ယောက် ဖြစ်လာခဲ့ရသည်။

သူ့တို့ဖခင် ဓမ္မဆရာကြီး ဆင်မြူရယ်ဝိတ်(ခ်)ကမူ သီယိုတစ်ယောက် ပဉ္စလက်ဆရာကြီးဖြစ်လာခြင်းကို အားမပေး။ သူ့မျက်မြင်တွင် အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျား လမ်းဘေးပဉ္စလက်ဆရာတွေမှိုလိုပေါက်နေသည်။ တကယ်အောင်မြင်သည့် ပဉ္စလက်အဖွဲ့က လက်ဆစ်ချိုးရေတွက်၍ပင် ရလောက်သည်။ လူအများကလည်း ပဉ္စလက်ပညာကို အထင်သေးကြ၏။ သူ၏သားနှစ်ယောက်စလုံး ပဉ္စလက်ပညာသည်များ ဖြစ်လာမည်ကို မလိုလား။ သူ့အဖို့ လုံးဝ လက်မခံနိုင်။ သူ့လို ဓမ္မဆရာတစ်ယောက် ဖြစ်လာစေလိုသည်။ ဆင်မြူရယ်အဖို့ သူဖြစ်ချင်သည့်တိုင် မဖြစ်ရသည့်လောကအတွက် စိတ်ပျက်ရသည်။ စိတ်အားလျော့လာသည်။ အသက်အရွယ်ထောက်လာပြီဖြစ်သော ဆင်မြူရယ်အဖို့

ကျန်းမာရေးက ချို့ယွင်းလာသည်။ လူ့လောကသည် သူ့အဖို့ စိတ်ရှုပ်စရာ ကြီးဖြစ်နေတော့၏။

ဟူဒီနီညီနောင်၏ ပဥ္စလက်ပြပွဲသည် နယူးယောက်မြို့တော်တွင် အတော်အသင့် အောင်မြင်နေသည်။ တစ်နေ့ ပွဲခွင် (၂၀) ထိ လက်ခံပြီး ပြသခဲ့ရသဖြင့် ဝင်ငွေအတော်အသင့်ရှင်လာသည်။ အိမ်တွင် နားရသည် မရှိခဲ့။ သို့သော် ဟူဒီနီသည် သူ့ဖခင်ကြီးအား သူသည် သေတစ်ပန်သက် တစ်ဆုံး မိခင်ကြီးအား ကြည့်ရှုစောင့်ရှောက်ပါမည် ဆိုသောကတိကို ထာဝစဉ် သတိရနေသည်။ ပြပွဲများပြသရန် စာချုပ်ရသည်နှင့်အမျှ ဟူဒီနီကလည်း လူများစိတ်ဝင်စားမည့်ပြကွက်များ တီထွင်နိုင်ရန် ကြိုးစား ခဲ့ရသည်။ သူ၏ ကြားဆရာ၊ မြင်ဆရာ ပဥ္စလက်ဆရာကြီး ရောဘတ် ဟူဒင်၏ပြကွက်များကို ခေတ်မီအောင်တီထွင်နိုင်ဖို့ ထာဝစဉ်အကြံထုတ် နေရသည်။ သူသွားလေရာ ရောဘတ်ဟူဒင်ရေးသည့် 'ရောဘတ်ဟူဒင် နှင့် ဘဝအထွေထွေ' စာအုပ်ကို ဆောင်ထားသည်။ သူရေးသော ပဥ္စလက် ပညာနှင့်ပတ်သက်သည့် စာအုပ်များကို ဖန်တစ်ရာတေအောင်ဖတ်၍ အာဂုံဆောင်ခဲ့တော့သည်။

၁၈၉၂ ခုနှစ်၊ အောက်တိုဘာလ၏ သာယာသောနေ့တစ်နေ့တွင် ဟူဒီနီညီနောင်ပဥ္စလက်အဖွဲ့ကြီးသည် နယူးယောက်မြို့ လူစည်ကားရာ ရပ်ကွက်ရှိ ဘီယာဆိုင်တစ်ဆိုင်၏ခန်းမတွင် ပြသနေကြသည်။ ပရိသတ် ကလည်း သူတို့၏ နာမည်ကျော်ကြား လူသိများနေသော 'ရုပ်ပြောင်း နာမ်ပြောင်းနိုင်သူ ဟူသောပြကွက်ကို ပြသရန် တောင်းဆိုကြသည်။ ဟူဒီနီနှင့် သီယိုတို့ကလည်း စင်မြင့်ပေါ်တွင် သူ၏ အံ့ဩဖွယ်ကောင်း သည့်ပြကွက်ကိုပြသရန် ပြင်ဆင်နေကြစဉ် သူငယ်တစ်ဦး ဘီယာခန်းမ အတွင်းသို့ ပြေးဝင်လာခဲ့ပြီး -

"ဗျို့- ပဥ္စလက်ဆရာကြီး၊ ခင်ဗျားအိမ်ပြန်မှဖြစ်မယ်။ ခင်ဗျားတို့ ဖခင် ဓမ္မဆရာကြီး သတိမရတော့ဘူးဗျ"

ဟု အော်ပြောလိုက်တော့သည်နှင့် ဟူဒီနီသည် ပွဲကြည့်ပရိသတ် အား သူ့ဖခင် အသည်းအသန်ဖြစ်နေသဖြင့် ပဥ္စလက်ပြပွဲကို ရပ်ဆိုင်းခွင့် ပြုရန် အနူးအညွတ်တောင်းပန်သည်။ ပရိသတ်ကလည်း သူ့အား ခွင့်ပြုခဲ့ ကြသည်။

သူတို့ညီအစ်ကိုနှစ်ယောက် အိမ်ပြန်ရောက်သောအခါ သူတို့ဖခင် ဓမ္မဆရာကြီးမှာ ရောဂါဝေဒနာ ပြင်းပြင်းထန်ထန်ခံစားနေရသည်။ သူတို့ မိသားစုဆရာဝန်ကြီးကမူ ကုသရန်မလွယ်ကူသည့် အစာအိမ်ကင်ဆာ ရောဂါကို ခွဲစိတ်ကုသခဲ့ရသော်လည်း မျှော်လင့်ချက်မရှိတော့ဟု ဆိုသည်။ သူ့ဖခင်အနီး ရောက်လာသောအခါ ဓမ္မဆရာကြီး ဆင်မြူရယ်သည် ပဥ္စလက်ဝတ်စုံဖြင့် သူ့အနီးရပ်နေသော ဟူဒီနီကို အားနည်း၍ဖျော့တော့ နေသော မျက်လုံးများဖြင့် စူးစိုက်ကြည့်သည်။ သူ့ဇနီးဖြစ်သူကိုလည်း

လှည့်ကြည့်လိုက်ပြီး လေသံဖြင့် -

"အမေကြီးရယ်၊ စိတ်အားမငယ်ပါနဲ့ကွယ်။ မင်းရဲ့သားကြီး ဟူဒီနီက မင်းကို တစ်သက်လုံးစောင့်ရှောက်ပါ့မယ်လို့ ကတိပေးပြီးပါပြီကွယ်။ တစ်နေ့ကျရင် ဟူဒီနီက မင်းရင်ခွင်ထဲကို ရွှေတုံးရွှေခဲတွေ ပုံထည့်ပေးပါမှာကွယ်"

ဟု ပြောရင်း ကွယ်လွန်သွားခဲ့ရတော့၏။

၁၈၉၃ ခုနှစ် နှစ်ဦးတွင် ချီကာဂိုမြို့တွင် နိုင်ငံတကာ ကမ္ဘာ့ဈေးပွဲတော်ကြီး ကျင်းပခဲ့တော့၏။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ကုန်စည်ပြခန်းများလည်း ပြသခဲ့ပြီး နိုင်ငံတကာမှ ဈေးပွဲတော်နှင့် ပြပွဲကြီးကို ကြည့်ရှုရန် ကမ္ဘာလှည့်ခရီးသည် ထောင်သောင်းချီ၍ ချီကာဂိုမြို့သို့ လာရောက်ကြ၏။ အမေရိကန်ပြည်ထောင်စု အနှံ့အပြားမှ ပြည်သူအများကလည်း လာရောက် ကြည့်ရှုကြသဖြင့် ပြပွဲကြီးနှင့် ဈေးပွဲတော်ကြီးမှာ အထူးစည်ကားလှသည်။ နိုင်ငံတကာမှ လာရောက်ပြသသော ဆပ်ကပ်ပွဲများ၊ ပဥ္စလက်ပြပွဲများ၊ ဂီတပဒေသာပွဲများ၊ ကပွဲပဒေသာများမှာလည်း လူကြိတ်ကြိတ်တိုးစည်ကားလှ၏။ ဟူဒီနီညီနောင်သည် ဤပြပွဲကြီးတွင် ပြကွက်ဆန်းတင်ဆက်ပြသရန်ကိုသာ အားသန်နေကြသည်။ ဟူဒီနီကမူ သူ့ကြားဆရာ၊ မြင်ဆရာ ကမ္ဘာကျော်ပဥ္စလက်ဆရာကြီး ရောဘတ်ဟူဒင်၏ ပဥ္စလက်ပြကွက်များကို ဆန်းသစ်တီထွင်ပြသမည်ဟု အားခဲထားသည်။ ကံအားလျော်စွာ ထိုပြပွဲကြီးတွင် သူတို့ပဥ္စလက်အဖွဲ့ပြသရန် ကန်ထရိုက်ရခဲ့ကြ၏။

ထိုပြပွဲတွင် ဟူဒီနီညီနောင်ပဥ္စလက်အဖွဲ့ကဲ့သို့ ပဥ္စလက်အဖွဲ့ပေါင်း များစွာကလည်း အပြိုင်အဆိုင် လာရောက်ပြသသည်။ ဟူဒီနီသည် အခြားပဥ္စလက်အဖွဲ့များ ပြသသည့် ပြကွက်များကို အသေအချာ ကြည့်သည်။ အထူးသဖြင့် သူစိတ်ဝင်စားသောပြကွက်မှာ လက်ထိတ်ခတ်ထားခံရခြင်းမှ ရုတ်တရက် လွယ်ကူစွာ လွတ်လာပုံကိုပြခြင်း ဖြစ်သည်။ ဤပြကွက်မျိုးကို သူသည် ဂျက်ကော့နှင့် အတူတွဲခဲ့စဉ်က ပြသခဲ့ဖူးသည်။ အမှန်အားဖြင့် ထူးထူးခြားခြားပညာသားပါသော ပြကွက်မဟုတ်ပါ။ လက်ထိတ်ခတ်မှုမှ ထွက်လာပုံမျက်လှည့်ကား ရိုးရိုးမျက်စိလှည့်သော လှည့်ကွက် ဖြစ်၏။ ပြသသည့် ပဥ္စလက်ဆရာ၏လက်ကို လက်ကိုင်ပဝါနှင့်အုပ်ပြီး သော့တူနှင့် ရုတ်တရက် ဖွင့်ခြင်းသာ ဖြစ်သည်။

ဟူဒီနီသည် ဤပြကွက်ကို ဆန်းသစ်လိုသည်။ သူ့လက်အား ညီဖြစ်သူ သီယိုကို လက်ထိတ်ခတ်ခိုင်းသည်။ ဤကဲ့သို့ လက်ထိတ်အခတ်ခံရတိုင်း လေးလေးနက်နက် စဉ်းစားသည်။ သော့တူဖြင့်မဖွင့်ဘဲရသည့် နည်း ရမည်ဆိုလျှင် သူ့အဖို့ ထူးထူးခြားခြားအောင်မြင်ပေါက်ရောက်သော ပဥ္စလက်ဆရာအကျော်အမော်ဖြစ်မည်ဟု တွက်ဆထား၏။ သော့တူနှင့် မဖွင့်ဘဲ ရနိုင်သည့်နည်းလမ်းများကိုရှာသည်။ စဉ်းစားသည်။ အတွေး

နယ် အမျိုးမျိုးချဲ့ကြည့်သည်။ လက်ထိတ်ပြုလုပ်ထားသည့် သဘာဝကို အသေးစိတ်လေ့လာသည်။ သော့တူနှင့်မဖွင့်ဘဲ အခြားနည်းလမ်းများဖြင့် အမျိုးမျိုး စမ်းသပ်ကြည့်မိသည်။ ဤသို့ဖြင့် သော့တူမပါဘဲ လက်ထိတ်ဖွင့် နည်းကို ကြိုးစားသည်။ လေ့ကျင့်သည်။ ပြပွဲတွင်လည်း သူတို့ပြင်ဆင်ထားသည့် 'ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူ' ပြကွက်ကို ပြသည်။ ဂျက်ကော့နေရာတွင် သူ့ညီ သီယိုက နေရာယူခဲ့ရ၏။ ထိုပြပွဲတွင် ဤပြကွက်ထက် လူအများကို ဆွဲဆောင်နိုင်သော ပြကွက်တစ်ကွက်ကို ဆန်းသစ်တီထွင်ပြသရန် လေ့ကျင့်ထားသည်။ ထိုပြကွက်မှာ သူငယ်ငယ်က လေးစားကြည်ညိုသော ပဥ္စလက်ဆရာ ရောဘတ်ဟူဒင်ပြသည့်ပြကွက် ဖြစ်၏။

ဟူဒီနီညီနောင်သည် အိန္ဒိယတိုင်းရင်းသား ယောဂီများကဲ့သို့ ဝတ်ဆင်ထားကြ၏။ ပထမဆုံး ဟူဒီနီက လူအများရှိ မြေပြင်တွင် ထိုင်လိုက်သည်။ သူ့အနီးတွင် ပဥ္စလက်ပြပွဲ၌ အသုံးပြုမည့် ပစ္စည်းကိရိယာများ ထည့်ထား၏။ ပထမဆုံး ဟူဒီနီသည် မီးလောင်ကျွမ်းထားသော အမျိုးသမီးတစ်ယောက်၏ လက်ပုံနှင့်တူသည့် အရာတစ်ခုကို ထုတ်ယူလိုက်သည်။ ထို့နောက် လိုတိုင်းရသည့် ဆေးရည်များထည့်ထားသော ပုလင်းတစ်လုံးကိုလည်း လွယ်အိတ်အတွင်းမှ ထုတ်လိုက်ပြန်သည်။ ထို့နောက် အိတ်ငယ်ကလေးတစ်ခုကိုယူလိုက်ပြီး မန္တန်များရွတ်ဖတ်သည်။ ရှေ့ပွဲလာပရိသတ်များမြင်သာအောင် သူ့အိတ်အတွင်းမှ သစ်စေ့များကို မြေပေါ်သို့ ကြဲဖြန့်လိုက်သည်။ ပွဲကြည့်ပရိသတ်ကလည်း ဟူဒီနီ၏ လှုပ်ရှားမှုမှန်သမျှကို မျက်တောင်မခတ် သေသေချာချာ လိုက်ကြည့်ကြသည်။ ထို့နောက် ဟူဒီနီသည် သူ့လွယ်အိတ်ကြီးအတွင်း မည်သည့် အရာဝတ္ထုပစ္စည်းမျှ မရှိကြောင်းကို ပွဲကြည့်ပရိသတ်အားလိုက်ပြသည်။ စိတ်ကြိုက်စစ်ဆေးလိုသူရှိပါက သေသေချာချာ ကြည့်ရှုစစ်ဆေးစေခဲ့သည်။

ဤသို့အတွင်း အိန္ဒိယတိုင်းရင်းသား ယောဂီတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားသော သီယိုက ဟူဒီနီ သစ်စေ့များဖြန့်ကြဲ၍ ရေလောင်းထားသော မြေပြင်အား ကတ္တီပါစအနီကားလိပ်တပ်ထားသော သတ္တုပိုက်များဖြင့် ဘောင်ခွေပြုလုပ်ထားသည့် အခန်းငယ်ကလေး ကာထားလိုက်သည်။ ပွဲကြည့်ပရိသတ်အားလည်း စစ်ဆေးကြည့်ရှုစေသည်။ ထို့နောက် ဟူဒီနီက ထိုကတ္တီပါစအနီဖြင့် အခန်းဖွဲ့ထားသည့်ဘက်သို့ တည့်တည့်လှည့်လိုက်ပြီး -

"ကဲ - သရက်ပင်ကလေးရေ၊ မိုးဥတုရောက်လာပြီကောကွယ်။ ရွက်သစ်တွေဝေပြီး အသီးအပွင့်တွေပွင့်စေသတည်း"

ဟု အမိန့်ပေးလိုက်သည်။

သို့သော် မည်သည့်ထူးခြားသောအရာမျှ မတွေ့ရ။ ဟူဒီနီက မှင်မောင်းကောင်းကောင်းဖြင့် -

"ဩော် - သရက်ပင်ကလေးက အမိန့်ကို နာခံချင်ပုံမပေါ်ပါ

ကလား။ ကဲ- ဒီတစ်ခါတော့ သိရစေ့မယ်"

ဟု ဒေါသဖြင့် မန္တန်အမျိုးမျိုး ရွတ်ဖတ်သည်။

ခဏအကြာတွင် ဟူဒီနီ၏မျက်နှာတွင် ပြုံးရိပ်များ ယှက်သန်းလာသည်။ ထို့နောက် မှင်မောင်းကောင်းသော ဟူဒီနီသည် သူ့ညီ သီယိုဘက်လှည့်၍ ကတ္တီပါကားလိပ်ကို ဖွင့်စေသည်။ ယင်းကားလိပ်ကို ဖွင့်လိုက်သည်နှင့် လက်မ(၃၀)ခန့်ရှိသော သရက်သီးပင်ပျို နှစ်ပင်ကို အံ့ဩဖွယ် တွေ့ရတော့သည်။

ပရိသတ်ကြီးမှာလည်း တအံ့တဩဖြစ်သွားရတော့သည်။ သူတို့မျက်စိရှေ့မှာပင် ဟူဒီနီသည် သရက်စေ့များအား လက်မ (၃၀)အရွယ် သရက်ပင်အဖြစ် ပြောင်းသွားသည်မှာ သာမန်နည်းပညာမဟုတ်။ ဟူဒီနီညီနောင်ပဥ္စလက်အဖွဲ့သည် ပရလောကသားတို့၏ အကူအညီကို ယူခဲ့တန်ရာသည်ဟု ဆိုကြသည်။ သူတို့ညီအစ်ကိုအား မိမိတို့တွင်ပါလာသော ကြေးငွေများကို ပစ်ချပေးခဲ့သည်။

ဤပြကွက်နှင့် ရုပ်ပြောင်းနာမ်ပြောင်းပြကွက်များကြောင့် ဟူဒီနီညီနောင်ပဥ္စလက်အဖွဲ့ကြီးမှာ အတော်အသင့် လူသိများလာတော့၏။ ဟူဒီနီညီနောင်သည် ဤပြပွဲတွင် အောင်မြင်မှုရလာခဲ့သဖြင့် ကိုနီကျွန်းတွင် ကျင်းပသည့် ဈေးပွဲတော်တွင် ပြသရန် ကန်ထရိုက်ရခဲ့ကြသည်။ ကိုနီကျွန်းဈေးပွဲတော်မှာ လူစည်ကားသောဈေးပွဲတော် ဖြစ်သည်။ ပဥ္စလက်ပြပွဲများ၊ ပြဇာတ်ပွဲများ၊ ဆပ်ကပ်ပြပွဲများ၊ ဂီတပဒေသာပွဲများနှင့် လူအတော်စည်ကားလှ၏။ ထိုပွဲတော်တွင်လည်း ဟူဒီနီညီနောင်တို့မှာ လူသိများ၍ ကျော်ကြားလာသည်။

ယင်းပွဲတော်တွင် သူတို့ပဥ္စလက်ပွဲကဲ့သို့ နာမည်ကျော်လာသော ဂီတပဒေသာပွဲမှာ ဂီတမာလာအဖွဲ့ ဖြစ်သည်။ ထိုအဖွဲ့မှ ဂီတမယ်များမှာလည်း လူသိများလာသည်။ ထိုအဖွဲ့မှ ခေါင်းဆောင်ဖြစ်သူ ဘက်(ခ်) ရေမွှန်၏အမည်မှာ ရေပန်းစားလှ၏။ သူ့အမည်မှာ ရွှေပွဲလာပရိသတ်လောကတွင် 'ဘက်(ခ်) ' ဟု လေးစားမြတ်နိုးဟန်ခေါ်ကြ၏။ ဘက်(ခ်)က မျက်နှာထားချိုသည်။ ဆံပင်က ပိတုန်းရောင်နက်နက်၊ သေးသေးသွယ်သွယ်၊ ကာလသားများနှင့် လားလားမျှမထိုက်။ မင်းကြိုက်စိုးကြိုက်ဖြစ်သော မိန်းကလေးတစ်ယောက်ဖြစ်သည်။ သူ့မျက်နှာကလေးမှာလည်း တစ်ခါကြည့်ဖူးရုံနှင့် မည်သည့်အခါမျှ မေ့မရနိုင်သောမျက်နှာဟု ဆိုကြသည်။ သူ့နာမည်အရှည်မှာ ဘီအဲထရစ်ရပ်နား ဖြစ်သည်။ သူတို့မိသားစုသည် ဂျာမနီနိုင်ငံမှ အမေရိကန်ပြည်ထောင်စု ဘရုတ်ကလင်မြို့သို့ ပြောင်းရွှေ့လာခဲ့ပြီး ခရစ်ယာန်ဘာသာကို ထူးထူးခြားခြား ကိုင်းရှိုင်းသော ရိုမန်ကက်သလစ်ခရစ်ယာန်ဂိုဏ်းဝင်မိသားစု ဖြစ်၏။

ဘရုတ်ကလင်မြို့သို့ ရောက်ရှိစကမှ ဘက်(ခ်) သည် သူ့ခဲအိုတော်သူ၏ စက်ချုပ်ဆိုင်တစ်ဆိုင်တွင် ဝင်ရောက်အလုပ်လုပ်ခဲ့သည်။ သို့သော်

ဘက်(ခ်)သည် ငယ်စဉ်ကပင် သီချင်းဆိုဝါသနာပါသည်။ အသံလည်း အထိုက်အလျောက်ကောင်း၍ အဆိုလည်းပိုင်သည်။ တေးဂီတကိုလည်း ဝါသနာပါသည်။ စက်ချုပ်ဆိုင်တွင် အချိန်ပြည့် စက်ချုပ်နေရသည်ကို မပျော်ပိုက်။ လွတ်လွတ်လပ်လပ်နေလိုသည်။ သူ့သွေးထဲက အဆိုဝါသနာပါမှုကို သူ မထိန်းနိုင်။

သို့ဖြစ်၍ ဂီတမာလာအဖွဲ့မှ အမျိုးသမီးငယ်နှစ်ယောက်နှင့် ခင်မင်ရင်းနှီးရာမှ အသက် (၁၆) နှစ်ရွယ် ဘက်(ခ်)သည် သူ့ခဲအိုတော်သူ၏ စက်ချုပ်ဆိုင်ကိုကျောခိုင်း၍ ဂီတလောကသို့ ခြေစုံပစ်ဝင်ခဲ့သည်။ ဂီတမာလာညီအစ်မများ၏ ဖြေဖျော်မှုအဖွဲ့သည် ဘရုတ်ကလင်မြို့တွင် အတော်အသင့် နာမည်ရလာသည်။ သူ့မိသားစုကမူ ဘက်(ခ်) အဆိုတော်လောကသို့ရောက်သွားသည်ကို ဘဝင်မကျ။ သို့သော် သူ၏ ပြင်းပြသောဆန္ဒကြောင့် ဂီတမာလာအဆိုတော်အဖွဲ့သို့ ဝင်ရောက်ခွင့်ပြုခဲ့ကြရသည်။ ကိုနီကျွန်းပြပွဲတွင်မူ အသက် (၁၆)ရွယ် ဘက်(ခ်) သတင်းထွက်လာသည်။ သူ၏ လုပကျော့ရှင်းသော အမူအရာကြောင့် လည်းကောင်း၊ အသံကောင်း၍ အဆိုပိုင်သဖြင့် ပြပွဲလာပရိသတ်၏ အသည်းစွဲအဆိုတော်ကလေး တစ်ယောက် ဖြစ်လာခဲ့တော့၏။

ဟူဒီနီညီနောင်တို့သည် သူတို့ပြပွဲပြီးသည်နှင့် ဂီတမာလာညီအစ်မများ၏ ဖျော်ဖြေပွဲသို့ ခြေဦးလှည့်ခဲ့ကြသည်။ ဟူဒီနီသည် ဂီတမာလာညီအစ်မများအဖွဲ့မှ တက်သစ်စ အဆိုတော်ကလေး ဘက်(ခ်)ကို သဘောကျနေစဉ် ညီတော်မောင်သီယိုနှင့်အတူ ဂီတမာလာဖျော်ဖြေပွဲသို့ သွားရောက်နားထောင်သည်။ အစ်ကိုဖြစ်သူတစ်ယောက် ဂီတမာလာမယ်ကလေး ဘက်(ခ်)ကို မျက်စိကျနေပြီဆိုသည်ကို သီယိုက ရိပ်မိသည်။

တစ်နေ့တွင် သီယိုသည် ဂီတမယ် ဘက်(ခ်)ကို သူတို့ပဉ္စလက်ပွဲကျင်းပသည့်နေရာသို့ ဖိတ်ခေါ်လာခဲ့သည်။ တစ်ဖက်သတ်ချစ်စိတ်မွှန်နေသူ ဟူဒီနီသည် ဘက်(ခ်)ကို မြင်မြင်ချင်းစွဲလမ်းသွားသည်။ စိတ်စေတသိက်တို့၏ဖြစ်စဉ်ကား ဆန်းကြယ်လှသည်။ သူတို့နှစ်ဦးချင်း၏ စက္ခုအာရုံမှ သံယောဇဉ်နှောင်ကြိုးများ သူတို့နှစ်ဦးကို ရစ်ပတ်ဖွဲ့နှောင်လာတော့သည်။ ဟူဒီနီကလည်း သူ့ချစ်သူ ဘက်(ခ်)ကို ဖွင့်ပြောသည်။ ချစ်ခွင့်တောင်းသည်။

ပဉ္စလက်ဆရာကလေး ဟူဒီနီသည် သူ၏ ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူဟူသောပြကွက်တွင် ရစ်ပတ်ချည်နှောင်ထားသော သံကြိုးများကို မိနစ်ပိုင်းအတွင်း လွယ်လင့်တကူဖြေနိုင်သော်လည်း ဘက်(ခ်)၏ သံယောဇဉ်နှောင်ကြိုးကို ဖြေဆိုခြင်းမပြုနိုင်။ ရက်သတ္တပတ်နှစ်ပတ်အတွင်းမှာပင် အသက် (၂၀)အရွယ်မျှသာရှိသေးသော တက်သစ်စပဉ္စလက်ဆရာကလေးဟူဒီနီနှင့် အဆိုတော် အသစ်ကျပ်ချွတ် အသက်(၁၈)နှစ်အရွယ်ရှိ ဘက်(ခ်)ခေါ် ဝီဟက်မီနာဘီအဲထရစ်ရပ်နားခေါ် ဂျာမန်အမျိုးသမီး

ကလေးနှင့် လက်ထပ်ခဲ့ကြသည်။ အမှန်အားဖြင့် သူတို့နှစ်ဦး၏ ချစ်မှုချစ်ရေးသည် လွယ်လွယ်ကူကူနှင့်ဖြစ်မလာ။ အဘယ်ကြောင့်ဆိုသော် ဟူဒီနီမှာ ဂျူးအမျိုးသားတစ်ဦးဖြစ်ပြီး ဘက်(ခ်)မှာ ဂျာမန်အမျိုးသမီး ရိုမန်ကတ်သလစ်ဘာသာဝင်ဖြစ်သောကြောင့် ဖြစ်၏။

ဟူဒီနီမိခင်၏ဖြစ်သူ စီဆီလျာကမူ သားအား ချစ်သည့်ဇော ကြောင့် ချွေးမဖြစ်သူ ဘက်(ခ်)ကို ခရီးဦးကြိုပြုသည်။ သူ့အဖို့ သမီးတစ်ဦး တိုးလာသည်ဟုယူဆပြီး ဘက်(ခ်)အား သမီးအရင်းတစ်ယောက်ကဲ့သို့ ချစ်ခင်ယုယသည်။ ဟူဒီနီကလည်း သူချစ်သူသက်ထားအား သူ့ဖခင်ကြီး မကွယ်လွန်မီက သူ မည်သို့ ကတိပေးခဲ့ရသည့်အကြောင်းနှင့် သူ့မိခင်ကြီး ၏ သဘောသဘာဝ စိတ်နေစိတ်ထား အသေးစိတ်ကို ပြောပြထားသည်။

ဟူဒီနီသည် သူ လူမှန်းသူမှန်းသိကတည်းက လေထဲ၌ တိုက်အိမ် ဆောက်ခဲ့သည့် သူ့ရည်မှန်းချက်လည်း ပြောပြခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီး သီးရှိ နာမည်ကျော်ဇာတ်ရုံကြီးများတွင် သူ၏ ပဉ္စလက်ပြပွဲကို တင်ဆက် လိုကြောင်း၊ သူ့အား ကမ္ဘာကျော်ပဉ္စလက်ဆရာကြီး ရောဘတ်ဟူဒင်ကဲ့ သို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ မင်းစိုးရာဇာ၊ သူဌေးသူကြွယ်များနှင့် လူ ပုဂ္ဂိုလ်အများက ဂုဏ်ပြုခြင်းကို ခံယူလိုကြောင်း၊ တစ်နေ့တွင် နိုင်ငံတကာ မှထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၏ မျက်နှာဖုံးတွင် သူ၏ ဓာတ်ပုံနှင့် သူ့အကြောင်းကို ချီးမွမ်းထောပနာပြု၍ ရေးသားထားကြသည် ကို ဖတ်လိုမြင်လိုကြောင်း၊ သူ အောင်မြင်ပေါက်ရောက်သော ပဉ္စလက် ဆရာကြီးဖြစ်လာသည်နှင့် လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် ထူးထူး ခြားခြား ထင်ရှားပြောင်မြောက်သည့် လုပ်ငန်းများကို ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောပြခဲ့သည်။

သူသည် ညီငယ်ဖြစ်သူ သီယိုကိုလည်းခေါ်ယူကာ သူတို့သုံး ယောက်သည် တစ်နေ့တွင် လျှမ်းလျှမ်းတောက်ကျော်ကြားသည့် ပဉ္စလက် အဖွဲ့ကြီးဖြစ်အောင် ကြိုးစားမည်ဟူ၍လည်း ဆုံးဖြတ်ချက်ချခဲ့သည်။ ဟူဒီနီအဖို့ ဘက်(ခ်)အား လက်ထပ်ရခြင်းသည် ဇနီးကောင်းတစ်ယောက် ရခဲ့သည်သာမက သူ့ပဉ္စလက်ပြပွဲအတွက် အကူအညီရသည့် အဖွဲ့ဝင် တစ်ဦးတိုးလာခြင်းလည်းဖြစ်သည်ဟု ဆိုရမည် ဖြစ်၏။

ဟူဒီနီအဖို့ ဘက်(ခ်)သည် ရာခိုင်နှုန်းပြည့် ဇနီးကောင်းပီသသူ ဖြစ်သည်ဟု ယူဆထားသည်။ သူ၏ နာမည်ကျော် ရုပ်ပြောင်းနာမ်ပြောင်း နိုင်သူ ဟူသော အံ့စရာကောင်းသည့်ပြကွက်၌ ယခင် ဂျက်ကော့နှင့် ဟူဒီနီ၏ညီ သီယိုတို့ ဆောင်ရွက်ခဲ့ရသောနေရာတွင် ဘက်(ခ်)က ဝင် ရောက်၍ ပြသခဲ့သည်။ ဘက်(ခ်)သည် ဂျက်ကော့နှင့် သီယိုတို့ထက် လျင်သည်။ ဟူဒီနီကို အမီလိုက်နိုင်အောင် လေ့ကျင့်သည်။ အိတ်ထဲတွင် ဝင်ပြီး လက်ပြန်ကြိုး မိမိဘာသာချည်တုပ်ရခြင်းတို့သည် မလွယ်။ သို့ သော် ဘက်(ခ်)က ပါရမီရှိသူ ဖြစ်သည်။ ဟူဒီနီလောက် သွက်သည်။

ထို့ကြောင့် ထိုပြကွက်မှာ အောင်မြင်သည်ဟုဆိုရမည် ဖြစ်၏။

ဘက်(ခ်)သည် အသက်ငယ်ရွယ်သူဖြစ်သော်လည်း ခင်ပွန်းသည် ဖြစ်သူအပေါ် ကြင်နာမှုအပြည့်ရှိသည်။ မိမိခင်ပွန်းအပေါ် နားလည်သူ ဖြစ်သည်။ သူ့ခင်ပွန်းဖြစ်သူ ဟူဒီနီ၏ မျှော်လင့်ချက်များကို အပြည့်အဝ ထောက်ခံသည်။ ဟူဒီနီကလည်း သူ့စိတ်ကူးယဉ်အိပ်မက်ကို အကောင် အထည်ဖော်ရန် ကြိုးစားသည်။ တစ်နေ့လျှင် (၄)နာရီမျှသာအိပ်သည်။ လူများစိတ်ဝင်စားမည့်ပြကွက်များ ပြသနိုင်ရန် စိတ်ကူးသည်။ အကြံထုတ် သည်။ ပဉ္စလက်စာအုပ်များကို လက်လှမ်းမီသလောက် ရှာ၍ဖတ်ရှု၏။ ဘက်(ခ်)ကား ဟူဒီနီ၏ ဘဝခရီးတစ်လျှောက်အတွက် ဘဝကြင်ဖော် ကောင်းတစ်ယောက် ဖြစ်တော့သည်။

ဇန်နဝါရီလတွင် ဟူဒီနီညီနောင်ပဉ္စလက်အဖွဲ့သည် နယူးယောက် မြို့ တိုနီပါစတားဇာတ်ရုံကြီး၌ ပြသရန် ကန်ထရိုက်ရကြ၏။ ထိုပြပွဲ များမှာလည်း အောင်မြင်သည်ဟုဆိုရမည် ဖြစ်သည်။ သူတို့ပြသည့် ရုပ် ပြောင်းနာမ်ပြောင်းနိုင်သူဟူသော ပဉ္စလက်ပြကွက်ကို နယူးယောက်မြို့ မှထုတ်ဝေသော သတင်းစာကြီးများ၊ ဂျာနယ်များတွင် အကျယ်တဝင့် ရေးသား ဖော်ပြခဲ့ကြသဖြင့် ဟူဒီနီ မျှော်လင့်ခဲ့သော မျှော်လင့်ချက် အတော်အသင့် ပြည့်စုံလာသည်ဟု ဆိုရမည် ဖြစ်သည်။

ဤကန်ထရိုက်ပွဲများ ပြသနေစဉ်အတွင်း ဟူဒီနီ သူ၏ရည်မှန်း ချက်များ အပြည့်အဝ ဖြည့်စွမ်းရေးအတွက် မည်မျှ မနေမနားကြိုးပမ်းနေ ကြောင်းကို ချစ်ဇနီးဖြစ်သူ ဘက်(ခ်)က နားလည်သည်။ သဘောပေါက် သည်။ သို့ဖြစ်၍ ခင်ပွန်းဖြစ်သူ လိုသမျှကို ဖြည့်ဆည်းသည်၊ အကူအညီ ပေးခဲ့သည်။ ဟူဒီနီသည် တစ်ညအိပ်ချိန် လေးနာရီမျှလွဲပြီး ကျန်အချိန် များတွင် ထမင်းမေ့ဟင်းမေ့ ပဉ္စလက်ပြကွက်များကိုသာ တီထွင်လေ့ကျင့် နေသည်။ ကြိုးများ၊ လက်ထိတ်များ၊ ပိုက်ဆံပြားများ၊ ဖဲချပ်များနှင့် လက် လှည့်ကစားကွက်များကို လေ့ကျင့်သည်။ ပြင်းပြင်းထန်ထန် လေ့ကျင့် သည့်အတွက် ဟူဒီနီအဖို့ တိုးတက်မှုရလာသည်။ သူ့လက်ချောင်းများ မှာလည်း ယခင်ကထက် သွက်လက်လာသည်။ ပျော့ပျောင်းလာသည်။

သူ့ဇနီးဖြစ်သူ ဘက်(ခ်)ကိုလည်း ပဉ္စလက်ပညာအခြေခံကို သင် စေသည်။ သူ၏ ပဉ္စလက်ပြကွက်များတွင် အကူအညီပေးသူတစ်ယောက် ထက် ပဉ္စလက်ပညာသဘောတရားကို နားလည်လာစေသည့် ပဉ္စလက် ဆရာ ဖြစ်စေလိုသည်။ သွက်သွက်လက်လက် မည်သို့မည်ပုံ ဆောင်ရွက် ရမည်ကို သင်ကြားပြသပေးသည်။ သူတို့ဇနီးမောင်နှံသည် ပြပွဲနားသည့် ရက်များတွင် ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူပြကွက်ကို အချိန်ရှိသမျှ လေ့ ကျင့်သည်။ ထိုပြကွက်မှာလည်း တစ်နေ့ထက်တစ်နေ့ သွက်လက်၍လာ သဖြင့် ယခင်ကထက် လူကြိုက်များလာခဲ့၏။ နယူးယောက်မြို့တော်တွင် ပြသပြီးသည်နှင့် ဟူဒီနီမောင်နှံတို့သည် ပြပွဲများကို လှည့်လည်ပြသရန်

သည်။ သူ ရှုန်းကန်၍ လွတ်မြောက်မှုပန်းတိုင်ကို မဖြစ်မနေရောက်ရေး ကို အချိန်ရှိသရွေ့ လေ့ကျင့်နေသည်။ သူ့ကိုယ်ခန္ဓာတစ်ခုလုံး ညိုမည်းနေသည်။ လက်ချောင်းများ သွေးခြည်ဥလာသည်။ အချို့လက်များမှာ အရေပြားတွေလန်ပြီး သွေးယိုစီးကျလာတော့သည်။ ဘက်(ခ်)အဖို့ သူ့ချစ်လင်၏ ပွန်းပဲ့ထိခိုက်မှုများကို မြင်တွေ့နေရသဖြင့် စိတ်မကောင်း။

ရက်သတ္တပတ် တစ်ပတ်ပြည့်သောနေ့တွင် သူသည် အင်္ကျီကိုယ်ကျပ်နှင့် ရုန်းကန်နေစဉ် လွတ်ထွက်လာတော့သည်။ သူ၏ မနေမနားကြိုးစားမှုကား အောင်မြင်သွားခဲ့သည်။ တကယ်တော့ သူသည် ဤကဲ့သို့ အင်္ကျီကိုယ်ကျပ်မှ လွတ်မြောက်ကြိုးပမ်းမှုသည် မိမိကိုယ်ပိုင်ခွန်အားကို သုံးစွဲပြီး အောင်မြင်ပေါက်ရောက်စွာ လွတ်မြောက်ခြင်း ဖြစ်၏။ မည်သည့် ပရလောကသားတို့၏ အကူအညီမပါ။ နောက်ပြန်တုပ်ထားသော သူ့လက်နှစ်ဖက်အား ရှေ့သို့ရောက်လာအောင် ကြိုးစားရပြန်သည်။ သည့်နောက် သူ့သွားဖြင့် အင်္ကျီကိုယ်ကျပ်လက်များရှိ ကြိုးများကိုဖြေသည်။ လက်ထိတ်ခတ်ထားသော သူ့လက်များကို နောက်ပစ်ပြီး ကျန်သော အင်္ကျီကိုယ်ကျပ်မှကြိုးများကို ဖြေသည်။ ဤကဲ့သို့ဖြေပြီးသည်နှင့် ကိုယ်ကျပ် အင်္ကျီကိုချွတ်၍ ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်တော့၏။

ဤသည်တွင် ဟူဒီနီအဖို့ ထူးခြားသော လွတ်မြောက်မှုအရသာကို ခံစားရတော့၏။ သူ ကြေးစားပဥ္စလက်ဆရာဖြစ်ခဲ့သည်တွင် ယင်းကဲ့သို့ ခံစားရမှုမျိုး တစ်ခါမျှ မကြုံမိခဲ့ချေ။ သူ ရက်ပေါင်းများစွာခံစားနေရသော ကြောက်စိတ်နှင့် စိုးရိမ်သောကရောက်စိတ် အနှောင်အဖွဲ့များကို ချွတ်ခွာချနိုင်သည်။ သူ နောက်တင်ဆက်မည့်ပြကွက်သည် မလွဲမသွေ ပရိသတ် အကြိုက် ဖြစ်စေရမည်ဟု ယုံကြည်သည်။ ညစဉ် အိပ်မပျော်သည့် ဝေဒနာလည်း ပျောက်သွားသည်ဟု ထင်မိသည်။ ဤပြကွက်ဆန်းကို တီထွင်နိုင်အောင် သူ့အား နည်းလမ်းပြခဲ့သူမှာ စိတ်ရောဂါဝေဒနာ စွဲကပ်နေသူ ဖြစ်သည်။ သူမျှော်လင့်ထားသည့်အတိုင်း ထိုနေ့ညတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့တော့၏။

ဟူဒီနီမောင်နှံသည် ဟဲလီးဖတ်(စ်)မြို့တွင် တင်ဆက်ပြသရသည့် ပွဲခွင်များပြီးသည့်နောက် ကန်ထရိုက်ရထားသော အခြားမြို့များသို့ ကူးခဲ့သည်။ သူ၏ အင်္ကျီကိုယ်ကျပ်နှင့် လက်ထိတ်မှ လွတ်မြောက်သည့်ပြကွက်မှာ အသစ်အဆန်းဖြစ်နေသည့်ပြင် ပညာသားပါသဖြင့် ပရိသတ်က သဘောကျသည်။ ဟူဒီနီပြသသည့် ပြကွက်မှန်သဖြင့် ပရလောကသားတို့က သူ့အား အကူအညီပေးနေသည်ဟု ပရိသတ်က ထင်မြင်ယူဆကြသည်။ ဟူဒီနီကမူ သူ့လေ့ကျင့်မှုနှင့် ကိုယ့်ခွန်အားဟု ရှင်းပြသော်လည်း မယုံကြည်။

ဤပွဲစဉ်များသည် သူတို့ဇနီးမောင်နှံအဖို့ ပင်ပန်းသော်လည်း အတော်အသင့် ဝင်ငွေရသည်။ နာမည်ကြီးလာသည်။ ဒေသခံသတင်းစာ

ကြီးများကလည်း ဟူဒီနီ၏ မဟာလွတ်မြောက်မှုများအကြောင်းကို အမွှမ်းတင်ရေးကြ၏။ ဤကဲ့သို့ ပွဲစဉ်များ မနေမနားပြသခဲ့ရသဖြင့် ဘက်(ခ်)မှာ ကျန်းမာရေးချို့ယွင်းလာသည်။

၁၈၉၇ ခုနှစ်၊ ဇူလိုင်လတွင် ဟူဒီနီမောင်နှံသည် ပြပွဲများ ခေတ္တနားခဲ့ပြီး နယူးယောက်မြို့သို့ ပြန်လာခဲ့သည်။ ဟူဒီနီသည် သူ့ဇနီးကျန်းမာရေးအတွက် ပဉ္စလက်ကန်ထရိုက်ပြပွဲများကို လက်ခံရန် စိတ်ပျက်လာသည်။ သို့ဖြစ်၍ သူ၏ လျှို့ဝှက်စွာတီထွင်မှုများ၊ လက်ထိတ်မျိုးစုံမှ ရုန်းကန်လွတ်မြောက်အောင် ကြိုးစားသည့်နည်းများနှင့် အခြားပဉ္စလက်ပြနည်းများကို ရောင်းချမည်ဟု သတင်းစာကြီးများနှင့် စာအုပ်ထုတ်ဝေသူများအား ကမ်းလှမ်းခဲ့သော်လည်း မအောင်မြင်။ သို့ဖြစ်၍ ဟူဒီနီသည် ပဉ္စလက်ပညာသင်ကျောင်းတစ်ကျောင်းထောင်ရန် အကြံရလာသည်။ ပဉ္စလက်ပညာသင်တန်းဖွင့်မည်ဟူ၍လည်း ဒေသခံသတင်းစာများတွင် ကြေညာခဲ့သော်လည်း သူစိတ်ထင်ထားသည့်အတိုင်း ဖြစ်မလာ။

သို့ဖြစ်၍ ချီကာဂိုမြို့မှ သူ့မိတ်ဆွေ ပဉ္စလက်ပညာစာအုပ်များထုတ်ဝေသူတစ်ဦးနှင့် တိုင်ပင်၍ (Magic Made Easy) **ပဉ္စလက်ပညာငါးဆရာ**အမည်ဖြင့် လက်ကမ်းစာအုပ်ကလေးတစ်အုပ် စမ်းသပ်ထုတ်ဝေကြည့်သော်လည်း ထင်သလောက် အမှာစာမရ။ ရောင်း၍မစွံ။ မာ(လ်)ဝေါကီမြို့သို့ တစ်ကျော့ပြန်လာပြီး ထိုမြို့ရှိ ဂီတပဒေသာပြပွဲခန်းမဆောင်တွင် သူ့ပဉ္စလက်ပြပွဲကို ကျင်းပခဲ့သည်။ ထို့နောက် ဟူဒီနီသည် ဒေါက်တာဟီး(လ်)ဆိုသူ ဆေးရောင်းချသည့်အဖွဲ့နှင့်တွဲ၍ အိုဟိုင်းအိုပြည်နယ် လီမာမြို့သို့ သွားရောက်၍ သူ့ပဉ္စလက်ပြပွဲ ပြသခဲ့သည်။ ဟူဒီနီသည် ဒေါက်တာဟီး(လ်)နှင့် တွဲဖက်၍ ပွဲစဉ်ပေါင်း (၁၅) ပွဲ ပြသခွင့်ရရှိခဲ့သည်။

သူပြသည့် ပဉ္စလက်ပွဲများတိုင်း လူများ ကြိတ်ကြိတ်တိုးလာရောက်အားပေးကြသည်။ လီမားမြို့ပြပွဲတစ်ပွဲတွင် ဒေသခံသတင်းစာတစ်စောင်မှ သတင်းထောက်ဖြစ်သူ မစ္စတာဝေါ(လ်)ကားဆိုသူသည် ဟူဒီနီအားလာရောက် တွေ့ဆုံပြီး သူ၏ လက်ထိတ်မှ လွတ်မြောက်မှုပြခန်း၊ ကိုယ်ကျပ်အင်္ကျီများမှ လွတ်မြောက်မှုပြကွက်များ၊ ရိုးရိုးရေအား မိမိကြိုက်သည့်မှင်အရောင်အဖြစ်ပြောင်းသည့်ပြကွက်များ၊ ဖဲချပ်လက်လှည့်ပြကွက်များအကြောင်း ဆွေးနွေးသည်။ ဟူဒီနီ၏ပြကွက်ဆန်းများ ခေတ်မီသည့်အကြောင်းများကို ချီးမွမ်းသည်။

ဟူဒီနီနှင့် မစ္စတာဝေါ(လ်)ကားတို့မှာ သက်တူရွယ်တူများသာဖြစ်သည်။ မိမိတို့ တာဝန်ယူထားကြသည့်လုပ်ငန်းများကို လေးစားကြသူများ ဖြစ်သည်။ မစ္စတာဝေါ(လ်)ကားမှာ တစ်နေ့ နာမည်ကြီး စာနယ်ဇင်းတစ်ယောက်ဖြစ်ရမည်ဟု မျှော်မှန်းထားသည်။ နှစ်ဦးစလုံးမှာလည်း ပွင့်လင်းသူများ ဖြစ်သည်။ ဟူဒီနီက သူ့ပညာ၏ လျှို့ဝှက်များကို မစ္စတာဝေါ(လ်)ကားအား ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ မစ္စတာ

ဝေါ(လ်)ကားကလည်း သူတာဝန်ယူထားသောသတင်းစာတွင် ဟူဒီနီ၏ ပြကွက်ဆန်းများအကြောင်း ချီးမွမ်းရေးသားခဲ့လေသည်။

❒

## (၅)

ဟူဒီနီသည် ဤသို့ဖြင့် ပဥ္စလက်ဆရာအဖြစ် အသက်မွေးနေခဲ့ရာမှ ကင်ဆပြည်နယ် ဂါးနက်မြို့သို့ ရောက်လာခဲ့ရသည်။ ၁၈၉၇ ခုနှစ်၊ နိုဝင်ဘာလ၏ အေးချမ်းသောညတစ်ညတွင် ဂါးနက်မြို့ ကျက်သရေဆောင် အောင်ပရာခန်းမတွင် သူ၏ ပဥ္စလက်ပြပွဲအား ပြသမည်ဟု ကြော်ငြာများ ကမ်းထားသည်။ မြို့သူမြို့သားများကလည်း ထိုပြပွဲတွင် ပဥ္စလက်ပညာရှင် ဟူဒီနီသည် တမလွန်လောကမှ ပရသားတို့နှင့် ဆက်သွယ်ပြမည်ဟုလည်း သူ့ကြော်ငြာများတွင် ဖော်ပြထား၏။ မြို့သူမြို့သားများကလည်း အထူးအဆန်းဆိုလျှင် သိလိုမြင်လိုကြသည့် လူ့သဘာဝအတိုင်း ကြိတ်ကြိတ်တိုး လာရောက်ခဲ့ကြသည်။

ထိုစဉ်က အမေရိကန်ပြည်ထောင်စုတွင် စိတ်ဝိညာဉ်ဝါဒအား ယုံကြည်ကြသူများ တစ်နေ့တခြား များပြားလာနေသည့်အချိန် ဖြစ်သည်။ လူအများကွယ်လွန်လျှင် မည်သို့ဖြစ်သွားသနည်း။ လူသေလျှင် ဘဝပြောင်းမသွားဘဲ အတ္တဝိညာဉ်အဖြစ် တမလွန်လောက၌ သွားလာကျင်လည်နေသည်ဟု ယုံကြည်ထားကြသူများလည်း အမြောက်အမြား ရှိသည်။ သူတို့အားထားရသော ပုဂ္ဂိုလ်များမှာ နတ်ဝင်သူဟုခေါ်သော Medium များဖြစ်သည်။ နတ်ဝင်သည် ဘဝင်ကျ၍ မိန်းမောနေစဉ် တမလွန်လောကမှ ဝိညာဉ်တစ်ခုသည် ယင်းနတ်ဝင်သည်ကိုမှီကပ်လာ၍ မေးမြန်းလိုသူတို့က ထိုနတ်ဝင်သည်မှတစ်ဆင့် မိမိတို့သိလိုသော ကွယ်လွန်သူတို့၏ ဝိညာဉ်နှင့် ကိုယ်တိုင် ဆက်သွယ်နိုင်သည်ဟု ဆိုသည်။ တစ်ခါတစ်ရံ ကွယ်လွန်သူတို့၏ ဝိညာဉ်ကိုယ်တိုင် နတ်ဝင်သည်ကိုစီး၍ ၎င်းနှင့်တိုက်ရိုက် ဆက်သွယ်နိုင်သည်ဟု ဆိုကြ၏။

ယင်းကိစ္စရပ်များကို ယုံကြည်သူရှိသကဲ့သို့ မယုံကြည်သူများလည်း ရှိကြသည်။ မယုံကြည်သူအများကမူ နတ်ဝင်သည်ဆိုသူများသည် လူ

မဆို လက်ထိတ်နှင့် သံမဏိကြိုးများကို လာရောက် စစ်ဆေးနိုင်ကြောင်း ဖိတ်ခေါ်သည်။ ပွဲကြည့်ပရိသတ်အတွင်းမှ ယင်းပြကွက်ကို စိတ်ဝင်စားဟန်ရှိသော ပုဂ္ဂိုလ်အချို့သည် ဇာတ်စင်ပေါ်သို့တက်လာပြီး လက်ထိပ်များကိုလည်းကောင်း၊ သံမဏိကြိုးများကိုလည်းကောင်း ဟူဒီနီကိုယ်ခန္ဓာတွင် သော့တူ ရှိမရှိ စစ်ဆေးသည်။

ဟူဒီနီကလည်း သူပြသမည့် လက်ထိတ်အနှောင်အဖွဲ့မှ လွတ်ကင်းသည့်ပြကွက်သည် စနစ်တကျ အချိန်ကုန်ခံ၍ တစ်စိုက်မတ်မတ် လေ့ကျင့်ထားခြင်းဖြင့် ပြသခြင်းသာဖြစ်ကြောင်း၊ ပရိသတ်များထင်သလို ပရလောကသားတို့ အကူအညီယူခြင်း မဟုတ်ပါကြောင်း၊ သူသည် မိမိကိုယ်စွမ်းကိုယ်စကိုသာ ယုံကြည်သူဖြစ်ကြောင်း ရှင်းပြသည်။

ရဲနှင့် စုံထောက်များသည် ဟူဒီနီအား သေသေချာချာ သံမဏိကြိုးများချည်နှောင်ပြီး အာမခံ သံမဏိ အထူးလက်ထိတ်များဖြင့် ခတ်လိုက်ကြသည်။ ဟူဒီနီသည် ကားလိပ်ကာထားသော သံမဏိဘောင်ခွေအတွင်း ဝင်လိုက်သည်။

ဤပြကွက်ကိုမူ ပရိသတ်သည် စိတ်ဝင်စားလာသည်။ ရဲနှင့် စုံထောက်အရာရှိများမှာ နယူးဗြိတိန်မြို့မှ လူသိများ၍ စိတ်ချယုံကြည်ရသောသူများဖြစ်သောကြောင့် ဖြစ်၏။ စက္ကန့်အနည်းငယ်အတွင်း ဟူဒီနီသည် လက်ထိတ်အနှောင်အဖွဲ့မှ လွတ်မြောက်လာတော့၏။

ဤပြကွက်ကိုမူ ပြပွဲလာပရိသတ်သည် ထူးထူးခြားခြားစိတ်ဝင်စားသည်။ ထိုပြကွက်မှာ အံ့ဖွယ်သရဲလည်း ဖြစ်သည်။ ယခင်ယခင်က နာမည်ကျော်ခဲ့သော ပဉ္စလက်ဆရာကြီးများသည် ဟူဒီနီပြကွက်ကဲ့သို့ ရဲနှင့်စုံထောက်တို့အား စိန်ခေါ်ခဲ့သည်သာမက ပြပွဲလာပရိသတ်ကိုပါ စိန်ခေါ်သဖြင့် ဤပြကွက်သည် မည်သည့်နည်းနှင့်မျှ လူသာမန်တစ်ဦး ပြုလုပ်နိုင်မည့်ပြကွက် မဟုတ်။ တမလွန်လောကမှ ပရဘုံသားများ၏ အကူအညီပါသည်မှာ သေချာသည်ဟု ပြပွဲလာပရိသတ်များက ယူဆခဲ့ကြသည်။

မှန်ပါသည်။ ရှေးယခင် ပဉ္စလက်ဆရာကြီးအချို့က မိမိတို့သည် လောကီပညာရှင်များဖြစ်သည်။ တမလွန်လောကသားတို့နှင့် ဆက်သွယ်နိုင်သည်။ သူတို့ပြသသော ပြကွက်များအား ပရလောကသားတို့ ကူညီမ,စသည်။ ပွဲကြည့်ပရိသတ်ယုံလောက်အောင် မှင်မောင်းကောင်းကောင်းနှင့် ပြောဆိုတတ်ကြသည်။ သာဓကအားဖြင့် ပွေ့ပိုက်သည့်ဟန်ကို သရုပ်ဆောင်ပြသလေ့ ရှိကြသည်။ ယခု ဟူဒီနီကဲ့သို့ သူ့ပဉ္စလက်ပြပွဲမှာ ပယောဂမပါ။ သဘာဝကျကျနှင့် ပွဲကြည့်ပရိသတ်၏မျက်စိကို လှည့်စားခြင်းသာဖြစ်သည်ဟု ပြောဆိုခြင်းကို မယုံကြည်ကြခြင်း ဖြစ်၏။

ဟူဒီနီဇနီးမောင်နှံတို့၏ ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူ ပဉ္စလက်အဖွဲ့သည် နော်ဗာစကိုရှာပြည်နယ် ဟဲလီးဖတ်(စ်)သို့ ရောက်လာသည်။

ဟူဒီနီသည် ကြော်ငြာ၏တန်ဖိုးကို နားလည်ထားသူ ဖြစ်သည်။ သို့ဖြစ်၍ သူ နယူးဗြိတိန်တွင် ရဲနှင့် စုံထောက်တို့အား စိန်ခေါ်ပြသသည့် လက်ထိတ်အနှောင်အဖွဲ့မှ စက္ကန့်ပိုင်းအတွင်း လွတ်မြောက်စေသည့် မဟာလွတ်မြောက်မှုပြကွက်ကို ပြသမည်ဟု ဒေသခံ စာနယ်ဇင်းသမားများအား ရှင်းလင်းပြသည်။ သူပြပွဲပြသမည့် ဟဲလီးဖတ်(စ်)မြို့ ဂီတပဒေသာပြပွဲခန်းမရှေ့တွင် သူ၏ ကြီးမားသော ပုံတူပိုစတာကြီးတွင် လက်ထိတ်အနှောင်အဖွဲ့မှ မဟာလွတ်မြောက်မှုကြီး ဟူဒီနီ၏ မြေစမ်းခရမ်းပျိုးသော ပြပွဲအစီအစဉ်သစ်ဟု ကြေညာထားသည်။

ပြပွဲပြသသည့်ညတွင် ဟဲလီးဖတ်(စ်)မြို့ ရဲစခန်းမှ ရဲတပ်ကြပ်ကြီးကော်လင်းနှင့် ဟဲလီးဖတ်(စ်)မြို့၏ လူသိများသော ဟိုတယ်ကြီး၏ ပိုင်ရှင်ဖြစ်သူတို့အား ဇာတ်စင်ပေါ် တက်၍ ဟူဒီနီအား စစ်ဆေးခြင်း၊ ရဲတပ်ကြပ်ကြီးကော်လင်း ယူဆောင်လာသော လက်ထိတ်အား စစ်ဆေးခြင်းများပြုလုပ်စေသည်။ ဟဲလီးဖတ်(စ်)မြို့မှ စာနယ်ဇင်းသမားများ၊ မြို့မိမြို့ဖများကိုလည်း ဖိတ်ကြားထားခဲ့သည်ဟု ဆိုသည်။ သူပြသည့်ပြကွက်မှာ ယခင်နယူးဗြိတိန်မြို့တွင် ပြသသည့် ပြကွက်အတိုင်း ဖြစ်သည်။

ပြပွဲလာပရိသတ်ကလည်း စက္ကန့်ပိုင်းအတွင်း ရဲစခန်းမှ အာမခံလက်ထိပ်ကိုဖြုတ်၍ ထွက်ပြသည့်ပြကွက်ကို ထူးထူးခြားခြား သဘောကျသည်။ ပြပွဲအား လာရောက်ကြည့်ရှုအားပေးသည့် သတင်းစာတိုက်ပိုင်ရှင်များ၊ စာနယ်ဇင်းသမားများကလည်း ဤပြကွက်မှာ ယခင် ပဥ္စလက်ဆရာများ ပြလေ့ပြထရှိသော ပြကွက်နှင့်မတူ ထူးခြား၍ အံ့ဖွယ်ကောင်းသဖြင့် စိတ်ဝင်စားသည်။ ဟူဒီနီ၏ မဟာလွတ်မြောက်မှုကြီးပြကွက်အကြောင်း သတင်းစာများတွင် ချီးမွမ်းရေးသားခဲ့ကြ၏။

၁၈၉၆ ခုနှစ်တွင် ဟူဒီနီဇနီးမောင်နှံသည် နော်ဗာစကိုရှာပြည်နယ် ဟဲလီးဖတ်(စ်)တွင် သောင်တင်နေသည်။ ပဥ္စလက်ပြပွဲခွင်များမရှိသဖြင့် အချိန်ပြည့် အားလပ်နေသည်။ သို့သော် ဟူဒီနီသည် ပြကွက်သစ်များ အသစ်တီထွင်နိုင်ရေးအတွက် ထာဝစဉ် စဉ်းစားကြံဆနေသည်။ တစ်ခါတစ်ရံ အိပ်၍မရနိုင်အောင်ဖြစ်လာသည်။ ထိုရက်များကား နာမည်ကျော်စပြုပြီဖြစ်သော ဟူဒီနီအတွက် စိတ်မချမ်းမြေ့စရာဖြစ်သောအချိန်ဟု ထင်ရသည်။ ပဥ္စလက်ပွဲခွင် ကန်ထရိုက်များလည်းမရသဖြင့် ဝင်ငွေမရှိဖြစ်နေသည်။ သူ့မိခင်ကြီး ကွယ်လွန်သွားမည်ကို ကြိုတင်၍ ပူပင်သောကဖြစ်မိသည်။ ပွဲခွင်မရှိသဖြင့် ဝင်ငွေနည်းပါးသည့်အချိန်တွင် သူ့မိခင် ကွယ်လွန်ခဲ့သည်ရှိသော်ဟူသော အတွေးများဝင်လာသောအခါ ဟူဒီနီအဖို့ အိပ်မပျော်သောညများနှင့် ကြုံလာရသည်။ တစ်ခါတစ်ရံ မိုးလင်းသည့်အချိန်ထိ မှေးစက်၍မရ။ အိပ်ရာပေါ်တွင် ဘယ်လူးညာလှိမ့်ဖြင့်သာ အချိန်ကုန်ရသည်။ သူ့အဖို့ အိပ်မပျော်သောညများသည် ကုန်လွန်ခဲ့သည်ဟု ထင်သည်။

ပညာရွှေတောင်စာအုပ်တိုက်

ချစ်ဇနီးဘက်(ခ်)က အမျိုးမျိုး ဖျောင်းဖျခဲ့သော်လည်း ပူပင်သောကရောက်စရာမဟုတ်သော သူ့မိခင်ကွယ်လွန်ခဲ့သော် ဟူသောအကြောင်းကို စဉ်းစားမိတိုင်း စိတ်မချမ်းမြေ့ဖြစ်ခဲ့သည်။ အိပ်မပျော်သောရောဂါဝေဒနာ စွဲကပ်လာပေတော့မည်လော သို့မဟုတ် အိပ်မပျော်သည့်ဝေဒနာကြောင့် စိတ်ပျံ့လွင့်သည့်ဝေဒနာ ဖြစ်လာနိုင်သည်ကိုလည်း စဉ်းစားမိသည်။ စိတ်ဝေဒနာစွဲကပ်လာမည်ကို စိုးရိမ်လာမိ၏။

တစ်နေ့တွင် ဟူဒီနီသည် ဟဲလီးဖတ်(စ်)မြို့ ဆင်ခြေဖုံးရှိ စိတ်ရောဂါဝေဒနာကုဆေးရုံသို့ သွားရောက် ကြည့်ရှုသည်။ စိတ်ရောဂါဝေဒနာကုသည့် ဆရာဝန်ကြီး ဒေါက်တာစတီနှင့် တွေ့ဆုံသည်။ စိတ်ရောဂါဝေဒနာကုဆေးရုံတွင် တက်ရောက် ဆေးကုသခံနေသော ဝေဒနာရှင်အများကိုလည်း သူလေ့လာသည်။ ဆရာဝန်ကြီး ဒေါက်တာစတီသည် ဟူဒီနီအား စိတ်ရောဂါဝေဒနာ ပြင်းပြင်းထန်ထန်ခံစားနေရသော လူနာတစ်ယောက်နှင့် တွေ့ပေးသည်။

ထိုလူနာမှာ သူ့ကိုယ်သူ သေကြောင်းကြံစည်ခဲ့သည်သာမက အခြား လူနာများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံရှိလူနာများအား လာရောက် တွေ့ဆုံသည့် ဧည့်သည်များကိုပါ ရန်ပြုသည်ဟုဆိုသည်။ မည်သည့်နည်းဖြင့်မျှ ထိန်းသိမ်းမရဖြစ်လာရသဖြင့် ထိုလူနာအား အင်္ကျီကိုယ်ကျပ် ဝတ်ဆင်ထားပြီး လက်ထိတ်ခတ်၍ လုံခြုံသော အခန်းငယ်တစ်ခန်းတွင် အာမခံသော့ခတ်ထားသည်။

ဟူဒီနီသည် သံတိုင်များစိုက်ထားသည့်အပေါက်မှ ယင်းလူနာ၏ အခြေအနေကို အကဲခတ်သည်။ သေသေချာချာကြည့်မိသည်။ စိတ်ရောဂါဝေဒနာစွဲကပ်နေသူသည် ကြမ်းပြင်ပေါ်တွင်လှိမ့်၍ နည်းလမ်းအမျိုးမျိုးဖြင့် ခတ်ထားသောလက်ထိတ်ကိုလည်းကောင်း၊ သူ့အား ဝတ်ဆင်ပေးထားသည့် ကိုယ်ကျပ်အင်္ကျီကိုလည်းကောင်း ချွတ်ရန် ကြိုးစားသည်။ စိတ်ရောဂါစွဲကပ်သူ ရုန်းကန်လှုပ်ရှားသည်ကို အနီးကပ်၍ သေသေချာချာ ကြည့်မိသည်။

စိတ်ရောဂါဝေဒနာကုဆရာဝန်ကြီး ဒေါက်တာစတီ ရှင်းပြသည်များကို ဟူဒီနီ နားမဝင်။ အလုံပိတ်ထားသော တိုက်ခန်းကလေးထဲမှ စိတ်ဝေဒနာသည် အနှောင်အဖွဲ့မှ လွတ်အောင်ရုန်းနေသည့် နည်းလမ်းကိုသာ လေ့လာနေမိသည်။ သူ့တွင် စိတ်ရောဂါဝေဒနာ စွဲကပ်လာတော့မည်ဟု စိုးရိမ်နေသော သောကများလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သည်။ သူ့မိခင်အတွက် ကြိုတင်၍ မပူသင့်ဘဲပူမိသည့် သောကဝေဒနာများလည်း ပပျောက်၍ ယာယီအားဖြင့် စိတ်ငြိမ်အေးသွားသည်။ သူ၏ ပဉ္စလက်ပြပွဲကြည့်ပရိသတ် စိတ်ဝင်စားမည့် ပြကွက်တစ်ကွက် တီထွင်ရန် စိတ်ကူးကောင်းတစ်ခုပေါ်လာသည်။

ထိုစိတ်ကူးကာ စိတ်ရောဂါကုဆေးရုံမှ ကိုယ်ကျပ်အင်္ကျီဝတ်၍

လက်ထိတ်ခတ်ခံထားရသောလူနာသည် အနှောင်အဖွဲ့မှ ရုန်းထွက်ရန် ကြိုးပမ်းသကဲ့သို့ သူကိုယ်တိုင် ကိုယ်ကျပ်အင်္ကျီဝတ်၊ လက်ထိတ်ခတ်ပြီး အနှောင်အဖွဲ့မှ လွတ်စေသည့်နည်းကိုပြသရန် ရှေ့ပွဲလာပရိသတ်များ ကြိုက်ကြမည်ကို ကြိုတင် သိမြင်သည်။ ဤပြကွက်မျိုးကို ပဥ္စလက်ပညာသည် ဘယ်ဘိုးအေကြီးများကမှ ပြသခြင်းမရှိခဲ့။ သူ ယခုပြသနေသော လက်ထိတ်မှ လွတ်ထွက်ပုံပြကွက်မှာ ရိုးနေပြီ ဖြစ်သည်။ သို့ဖြစ်၍ ကိုယ်ကျပ်အင်္ကျီဝတ်၊ လက်ထိတ်ခတ် ထိုအနှောင်အဖွဲ့မှ လွတ်အောင်ရုန်းပြလျှင် သေချာ ပြပွဲလာပရိသတ်များ တအံ့တသြဖြစ်မည်ဟု တွက်ဆမိသည်။

ဟူဒီနီသည် စိတ်ရောဂါကုဆရာဝန်ကြီးအား ရုတ်တရက် နှုတ်ဆက်ပြီး အိမ်သို့ပြန်လာသည်။ လမ်းတစ်လျှောက်တွင် ဟူဒီနီသည် သူ အသစ်တီထွင်မည့် ပြကွက်အတွက် အမျိုးမျိုး အကြံထုတ်သည်။ စဉ်းစားသည်။ သူ့တွင် သူ့မိခင်အတွက် စိုးရိမ်သောကရောက်နေသောဝေဒနာကို ဤပြကွက်သစ် တီထွင်လိုသောစိတ်က မောင်းနှင်ထုတ်ခဲ့သည်။ သို့သော် ထိုညတွင် သူ အလွန် မောပန်းနွမ်းနယ်နေသော်လည်း အိပ်မရ။ အချိန်တွေကုန်ခဲ့ရသည်။ သူ့အဖို့ မြန်မြန်မိုးလင်းရန်သာ မျှော်လင့်နေမိသည်။ ထိုနေ့ည အိပ်မပျော်ရခြင်းသည် ယခင်ညများက အိပ်မပျော်ရခြင်းနှင့် မတူ။ ထိုနေ့ည အိပ်မပျော်ရခြင်းမှာ ပဥ္စလက်ပြကွက်သစ် ဖန်တီးရန်အတွက် စဉ်းစားရသောကြောင့်သာ ဖြစ်၏။

နံနက်လင်းသည်နှင့် ဟူဒီနီသည် ဟဲလီးဖတ်(စ်)မြို့ အဝတ်အစားအဟောင်းများ ရောင်းချသောဆိုင်များသို့ အပြေးအလွှားသွားရောက်၍ ကိုယ်ကျပ်အင်္ကျီတစ်ထည်ကို ဝယ်ယူခဲ့သည်။ အိမ်ရောက်သည်နှင့် ထိုအင်္ကျီကြီးကို ကမန်းကတန်းဝတ်ပြီး လွတ်ထွက်ရန် အမျိုးမျိုး ကြိုးစားသည်။ ကြမ်းပြင်ပေါ်တွင် ကိုယ်ကိုလှိမ့်၍ ကြိုးစားသည်။ ဤဖြစ်စဉ်များအကြောင်းမသိရသေးသော ဘက်(စ်)ကမူ သူ့ခင်ပွန်းသည် ဟူဒီနီတစ်ယောက် အိပ်မပျော်သောရောဂါဝေဒနာရ၍ စိတ်ပျံ့လွင့်သွားခဲ့လေပြီဟု ထင်မိသည်။

ဟူဒီနီကလည်း ကိုယ်ကျပ်အင်္ကျီမှ လွတ်မြောက်ရန် နာရီပေါင်းများစွာ လေ့ကျင့်သည်။ ထမင်းမေ့ဟင်းမေ့ လေ့ကျင့်၏။ သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ ချွေးများစီးကျပြီး လဲကျသွားခဲ့ရသည်။ ဟူဒီနီအဖို့ ဤပြကွက်အတွက် လေ့ကျင့်ရခြင်းသည် အပင်ပန်းဆုံးဖြစ်သည်ဟု နောင်အခါ ထုတ်ဖော်ပြောဆိုခဲ့၏။

နေ့စဉ်နေ့တိုင်း ကိုယ်ကျပ်အင်္ကျီနှင့် ရုန်းကန်လေ့ကျင့်နေရာ သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ ထာဝစဉ် သွေးချင်းချင်းနီနေသည်။ ပွန်းပဲ့ထိခိုက်အနာတရဖြစ်နေသည်။ ဘက်(စ်)ကမူ သူ့ချစ်လင်အား စိတ်အေးအေးထား၍ ဖြည်းဖြည်းလေ့ကျင့်ရန် ဖျောင်းဖျသော်လည်း ဟူဒီနီက ခေါင်းမာ

စီစဉ်ခဲ့ရတော့သည်။

ပထမဆုံး စမ်းသပ်သည့်အနေဖြင့် နယူးယောက်မြို့တော်ရှိ နာမည်ကြီးဘီယာဆိုင်ခန်းမတွင် ပြသခဲ့သည်။ သီယိုနေရာတွင် ဘက်(ခ်)က ဆောင်ရွက်ပေးခဲ့၏။ ဘက်(ခ်)က မှင်မောင်းကောင်းသည့် တကယ့်ပဥ္စလက်ပညာရှင် ပီသလာသည်။ ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူပြကွက်တွင် ဘက်(ခ်)က ပြပွဲလာပရိသတ်ကို နှုတ်ဆက်သည်။

"ရှေ့ပွဲလာပရိသတ်များရှင့်၊ ယခု ကျွန်မတို့ပြသမည့် ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူပြကွက်ကို သေသေချာချာ ရှုစားစေလိုပါသည်။ ကျွန်မလက်ခုပ်သုံးချက် တီးလိုက်တာနဲ့ တစ်ပြိုင်နက် ထူးဆန်း၍ ရင်သိမ့်တုန်စရာကောင်းသည့် ပြကွက်ကို တွေ့ကြရပါမည်။ ရှုစားတော်မူပါရှင်"

ဟု ပြောလိုက်ပြီး သံပိုက်ဘောင်ကားလိပ်များ ဘောင်းခတ်ထားသည့်ခွေထဲသို့ ရုတ်တရက် ပြေးဝင်လိုက်ရာ လက်ခုပ်သုံးချက်ထွက်လာသည်။ ကြိုးများချည်နှောင်ထားပြီး သော့ခတ်ထားသောသေတ္တာအတွင်းမှ ဟူဒီနီက ထွက်လာသည်။ သူ့ဇနီးဘက်(ခ်)ကား ဇာတ်စင်ပေါ်မှ ပျောက်ခြင်းမလှပျောက်သွားသည်။ သေတ္တာကြီးကမူ သော့ခတ်၍ ကြိုးချည်လျက် ပရိသတ်က ရှင်းရှင်းလင်းလင်းမြင်နေရသည်။ သေတ္တာတွင်း၌မူ အိတ်ကြီးကိုတွေ့နေရသည်။ ပွဲကြည့်ပရိသတ်တွင်းမှ လူအချို့က သော့ဖွင့်၍ ကြိုးဖြေလိုက်သည်။ ထို့နောက် ဘက်(ခ်)ကို တွေ့ရတော့၏။

သူတို့ဇနီးမောင်နှံ သေတ္တာထဲမှ အဝင်၊ အထွက်သည် စုစုပေါင်း သုံးစက္ကန့်သာကြာသည်၊ အံ့ဖွယ်ဖြစ်ရသည်။ ယခင်က ဂျက်ကော့နှင့် သီယိုတို့နှင့်ပြသစဉ်ကထက် အချိန်တိုသည်။ ပိရိသည်။ ပရိသတ်ကြီးတစ်ခုလုံး ဝေါခနဲဖြစ်သွားသည်။ လက်ဖျားခါကြသည်။ စုတ်သတ်ကြသည်။ ပြကွက်နာမည်နှင့်လိုက်သည်။ မည်သည့်ပဥ္စလက်ဆရာမျှ ဤမျှတိုတောင်းသောအချိန်အတွင်း ပြောင်းလဲနိုင်မည်မဟုတ်။ ဟူဒီနီသည် အသက်အရွယ်ငယ်ပင်ငယ်ငြားသော်လည်း ဤကဲ့သို့ ပြကွက်မျိုး ပြသနိုင်သည်မှာ နောက်ကွယ်မှ တစ်စုံတစ်ယောက်၏အကူအညီကို ရရပေမည်။ ထိုအကူအညီပေးသူမှာလည်း လူသာမန်မဟုတ်။ တမလွန်လောကမှလာရောက် အကူအညီပေးခြင်းသာ ဖြစ်မည်။ ဟူဒီနီကား သာမန် ပဥ္စလက်ဆရာမဟုတ်။ လောကီပညာရှင်သာဖြစ်ရမည်။ သူ၏ဇနီးကလည်း ဤပညာတတ်သူဖြစ်ရမည်ဟု ထင်ကြေးပေးကြသည်။ ဤပြကွက်ကို ရင်သပ်ရှုမော တအံ့တသြဖြစ်ကြတော့သည်။ ဤကဲ့သို့ လူတိုင်း အံ့သြဖွယ်ကောင်းသည့်ပြကွက်ကို ပြသနိုင်ရန် သူတို့ဇနီးမောင်နှံ အချိန်ပြည့် လူပင်ပန်းခံပြီး လေ့ကျင့်ခဲ့ကြသည်ကို မသိကြပေ။

ကြိုးစား၍ လျင်မြန်ဖျတ်လတ်ရန် လေ့ကျင့်ထားခြင်းကြောင့် ဤပြကွက်ကို ပိပိရိရိပြသနိုင်ခြင်းဖြစ်သည်ကို မည်သူမျှ လက်မခံကြ။ မြန်လွန်းသည်။ လူသာမန်တို့ ပြုလုပ်နိုင်စွမ်းမရှိ။ ပရလောကသားတို့ကပင်

ကူညီပေးခြင်း ဖြစ်သည်ဟူ၍ ထင်မှတ်နေကြ၏။

၁၈၉၆ ခုနှစ် နှစ်ဦးပိုင်းတွင် ဟူဒီနီဇနီးမောင်နှံတို့သည် ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူပြကွက်ဆန်းပင် အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျား လှည့်၍ ပြသခဲ့ကြ၏။ ယင်းပြကွက်မှာ လူကြိုက်များလာသည်။ နယူးယောက်တိုင်း(စ်)၊ ဟယ်ရယ်တရီဗြူန်း၊ ချီကာဂိုဒေးလီနယူးနှင့် ဘိုစတုန်ဂလုပ်သတင်းစာကြီးများတွင် မျက်နှာဖုံးသတင်းများအဖြစ် ဖော်ပြပေးခဲ့သဖြင့် လူအများ စိတ်ဝင်စားလာသည်။ ပဉ္စလက်ပြပွဲငှား ကန်ထရိုက်များက သူ့နောက် အုံ၍လိုက်ကြသည်။ ယခင် ဘီယာဆိုင်များရှိ ပြပွဲခန်းမများတွင် ပြသခဲ့ရသော ဟူဒီနီမောင်နှံပဉ္စလက်ပြပွဲမှာ တစ်ဆင့်မြင့်လာသည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် မကြာခဏ ပြပွဲနားရသဖြင့် ထင်သလောက်ဝင်ငွေမရ။ ချို့ချို့တဲ့တဲ့သာနေကြရသည်။ ပြပွဲနားရက်များတွင် ဟူဒီနီသည် အနားမနေ။ ပြကွက်ဆန်းတီထွင်နိုင်ရန် စဉ်းစားသည်။ ပြကွက်ဟောင်းများကို လူအများ ပို၍စိတ်ဝင်စားလာစေရန် ပြုပြင်သည်။ ဇနီးဖြစ်သူ ဘက်(ခ်)ကိုလည်း လျင်မြန်သွက်လက်မှုရစေရန် မနေမနားလေ့ကျင့်ပေးခဲ့သည်။

၁၈၉၆ ခုနှစ်၊ စက်တင်ဘာလတွင် ဟူဒီနီတို့ဇနီးမောင်နှံသည် ဘိုစတုန် မြို့တော်ဝင်ရုံကြီးတွင် ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူပြကွက်နှင့် အခြား ပဉ္စလက်ပြကွက်များကို ပြသနိုင်ခဲ့၏။ ဤပြပွဲရုံကြီးတွင် ပြသရသည့်ပွဲတိုင်း ရုံပြည့်သဖြင့် ဟူဒီနီအဖို့ အောင်မြင်သည်ဟုဆိုနိုင်ပါသည်။ ကံအားလျော်စွာပင် ဘိုစတုန်မြို့တွင် ထိုစဉ်က နာမည်ကျော် ပဉ္စလက်ဆရာ ဒီလီရှိုင်းဆိုသူနှင့် ခင်မင်လာသည်။ ရှိုင်းမှာ ထိုစဉ်က လက်ထိတ်အနှောင်အဖွဲ့မှ ပရိသတ်အများရှေ့တွင် စက္ကန့်ပိုင်းအတွင်း ထွက်ပြနိုင်သူဟု ကျော်ကြားနေသူ ဖြစ်၏။ ဟူဒီနီသည် သူ၏ ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူဟူသော ပြကွက်ကို တီထွင်ခြင်းမပြုခင်ကပင် လက်ထိတ်အနှောင်အဖွဲ့မှ လွတ်မြောက်သည့်နည်းကို စိတ်ဝင်းစားသည်။ ထိုနည်းကို လူအများစိတ်ဝင်စားအောင်ပြနိုင်ရန် နည်းလမ်းရှာသည်။ ဟူဒီနီက လက်ထိတ်သော့တူနှင့် ဖွင့်သောနည်းကို လုံးဝစိတ်မဝင်စား။ သို့ဖြစ်၍ ဒီလီရှိုင်းနှင့် မတွေ့မီရက်များအတွင်း သံကြိုးခတ်၊ လက်ထိတ်အထပ်ထပ်ခတ်ထားသော အနှောင်အဖွဲ့မှ ပရိသတ်များမျက်စိရှေ့တွင် ထူးဆန်းစွာ လွတ်မြောက်သည့်နည်းကိုပင် ထာဝရ စိတ်ကူးနေခဲ့သည်။ သူရောက်ရှိရာမြို့များမှ သံတိုသံစနှင့် ပစ္စည်းအဟောင်းရောင်းချသောဆိုင်များ၊ အပေါင်ဆိုင်များ၊ သံတိုသံစစုပုံထားသောနေရာများသို့ ရှာဖွေသည်။ သော့အဟောင်းအမျိုးမျိုး၊ လက်ထိတ်မျိုးစုံကို ဝယ်ယူထားပြီး စုဆောင်းထားသည်။ လေ့လာသည်။ လက်ထိတ်မျိုးစုံကို အမျိုးမျိုးကစားကြည့်သည်။ ဖွင့်ပိတ်ကြည့်သည်။ သော့တံနှင့် မဖွင့်ရဘဲ ဖွင့်နိုင်၊ပိတ်နိုင်သည့်နည်းကိုရှာသည်။ ထာဝစဉ် စဉ်းစားသည်။ ဤသို့ လက်ထိတ်ဖြင့် လူအများ အံ့ဖွယ်ဖြစ်စေ

သောနည်းပညာကို အတော်အသင့်တီးမိခေါက်မိသည်ဟု ကျော်ကြားသည့် လက်ထိတ်ဝိဇ္ဇာ ဒီလီရှိုင်းနှင့် တွေ့ကြရခြင်း ဖြစ်၏။

ဘိုစတုန်မြို့တွင်ပင် ဒီလီရှိုင်းထံမှ ထိုနည်းပညာကို ဝယ်ယူခဲ့သည်။ သူ၏နည်းမှာ ယခင် လက်ထိတ်ခတ်အနှောင်အဖွဲ့မှ လွတ်ကင်းနိုင်သည့် ပြကွက်များကို ပြသခဲ့သူများထက် ခေတ်မီသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်။ ဟူဒီနီသည် လက်ထိတ်အနှောင်အဖွဲ့မှ လွတ်မြောက်သည့်နည်းကို ဘိုစတုန်မြို့တော်ဝင်ရုံကြီးတွင် စတင်စမ်းသပ်ပြသသည်။ ဟူဒီနီမှာမူ ပါရမီရှိသူ၊ စိတ်ကူးဉာဏ်ထက်သူ ဖြစ်သည်။ ပွဲကြည့်ပရိသတ်စိတ်ဝင်စားရေးကို အာရုံထားသူ ဖြစ်၏။

သို့ဖြစ်၍ ဒီလီရှိုင်း၏ လက်ထိတ်အနှောင်အဖွဲ့မှ လွတ်မြောက်သည့်နည်းထက် ပိုမို၍ ပွဲကြည့်ပရိသတ် ကြိုက်နှစ်သက်မည့်နည်းကို စမ်းသပ်သည်။ သူ့နည်းမှာ ပြပွဲလာပရိသတ်တို့ထံမှ လက်ထိတ်များကို ငှားရမ်းပြီး လက်ထိတ်ခတ်ထားရာမှ စင်္ကြန့်ပိုင်းအတွင်း လွတ်မြောက်သည့်ပြကွက် ဖြစ်သည်။ သူ ယခင်ပြသနေဆဲဖြစ်သည့် ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူပြကွက် ပြသရာတွင်လည်း အသစ်တီထွင်သည်။ ထိုပြကွက်တွင် သူ့အား ဇာတ်စင်ပေါ်တွင် မျက်မြင်သက်သေများက သူ့အင်္ကျီချွတ်စေ၍ ပွဲကြည့်ပရိသတ်တစ်ဦးထံမှ အင်္ကျီကိုဝတ်ခဲ့ပြီး ကြိုးဖြင့်ချည်စေသည့်ပြကွက် ဖြစ်သည်။ ဤနည်းများကို အခြားပဥ္စလက်ဆရာများက အသုံးမပြုခဲ့ဘူးပေ။ သို့ဖြစ်၍ ဤပြကွက်ကို ရှုမြင်ကြရသော ရွှေပွဲလာပရိသတ်များက တအံ့တသြဖြစ်ကြရသည်။

ဘိုစတုန်မြို့ပြပွဲခွင်များ ပြီးဆုံးသည်နှင့် ဟူဒီနီမောင်နှံသည် မက်ဆက်ကျူဆက်ပြည်နယ်သို့ ကူးလာခဲ့သည်။ ဟူဒီနီသည် သူ့အား လူအများ အာရုံစိုက်စေလိုသည်။ သူ့နာမည်ကို နေ့စဉ်ထုတ်သတင်းစာများတွင် ပါဝင်နေစေချင်သည်။ သို့မှသာ ပရိသတ်သည် သူ့အား ထာဝစဉ်လေးစားနေမည်ဟု ယူဆထား၏။ သို့ဖြစ်၍ မက်ဆက်ကျူဆက်ပြည်နယ် ဂလူစတာမြို့ကလေးသို့ သူတို့အဖွဲ့ရောက်ခဲ့သည်နှင့် ဟူဒီနီသည် ယင်းမြို့ကလေးရှိ ရဲစခန်းသို့သွားရောက်ပြီး ရဲအရာရှိများနှင့် ရဲသားများရှေ့တွင် ရဲစခန်းရှိ ခေတ်မီလက်ထိတ်သစ်များ၊ လက်ထိတ်ဟောင်းများကိုသော့ တူမသုံးဘဲ စင်္ကြန့်ပိုင်းအတွင်းတွင် ဖွင့်ပြသည်။ ထိုသတင်းကို ဒေသခံသတင်းစာများကလည်း ရေးသား ဖော်ပြခဲ့သည်။ ဟူဒီနီကိုလည်း လူထူး လူဆန်း ခေတ်သစ်လက်ထိတ်ဝိဇ္ဇာဟု ကင်ပွန်းတပ်ခဲ့၏။ ထိုသတင်းကိုပင် အခြား နာမည်ကျော် သတင်းစာကြီးများက ထပ်၍ချဲ့ထွင်ရေးသားကာ ဖော်ပြခဲ့ကြ၏။

ဤကဲ့သို့ သတင်းစာများက အမွှမ်းတင်ရေးသားခဲ့ကြသော်လည်း ပြပွဲကြည့်ပရိသတ်ကမူ လက်ထိတ်မှ ရုတ်တရက် ချက်ချင်း လွတ်မြောက်လာသည့်ပြကွက်ကို အထင်မကြီး။ ယခင် ပဥ္စလက်ဆရာများလည်း ဤ

နည်းဖြင့်ပြသည်ဟူ၍သာ ယူဆထားသည်။ ဟူဒီနီသည် အများပဥ္စလက်ထိတ်ဆရာများနည်းတူ သော့တူသုံး၍ဖွင့်သည်ဟူ၍ပင် အများကယူဆထားကြ၏။ ထိုပြပွဲကြည့်ပရိသတ် အထင်ကြီးလာမည့်နည်းကို ဟူဒီနီက စဉ်းစားခဲ့သည်။ နည်းလမ်းရှာကြသည်။ သို့ဖြစ်၍ လူအများအထင်ကြီးစေရန်နှင့် သူ၏လက်ထိတ်ကို ဖွင့်သောနည်းသည် ယခင်ပဥ္စလက်ဆရာများနှင့် မတူဟု လူသိရှင်ကြားဖြစ်စေ၍ သူရောက်သည့်မြို့တွင်ရှိသော ရဲစခန်းမှ ရဲသားတို့အား စိန်ခေါ်သည့်နည်းကို အသုံးပြုရန် ဆုံးဖြတ်ခဲ့သည်။

၁၈၉၆ ခုနှစ်၊ မတ်လတွင် ဟူဒီနီတို့မောင်နှံသည် အမေရိကန်ပြည်ထောင်စု မက်ဆက်ကျူဆက်ပြည်နယ် နယူးဗြိတိန်မြို့ကလေးသို့ ရောက်လာသည်။ ထိုမြို့ကလေးရှိ ပြပွဲရုံတွင် သူ့ပဥ္စလက်ပြပွဲကို တင်ဆက်ပြသသည်။ ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူအမည်ရှိ ပြကွက်ကို ပွဲကြည့်ပရိသတ်က တစ်ခဲနက် အားပေးကြသည်။ ထိုပြကွက်ပြီးသည့်နောက် လက်ထိတ်မှ စက္ကန့်ပိုင်းအတွင်း လွတ်မြောက်သည့်ပြကွက်ကို ပြသသည်။ ပထမဆုံး ဟူဒီနီက ပြပွဲလာပရိသတ်အတွင်း ပုဂ္ဂိုလ်အချို့ကိုခေါ်ယူ၍ သူ့လက်ထိတ်ကို စနစ်တကျ အသေးစိတ် ကြည့်ရှု စစ်ဆေးကြသည်။ ဤကဲ့သို့ စစ်ဆေးပြီးနောက် ဟူဒီနီသည် ကားလိပ်ကာထားသော သံပိုက်ဘောင်ခွေအတွင်း စက္ကန့်ပိုင်းအတွင်းဝင်သွားပြီး လက်ထိတ်များကိုဖြုတ်၍ ဦးခေါင်းပေါ်တင်ထားလျက် ထွက်လာသည်။ သူ့အဖို့ ထိုပြကွက်သည် သူ၏ နာမည်ကျော်ကြားလူသိများနေသော ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူပြကွက်ကဲ့သို့ နှစ်ခြိုက်သဘောကျလိမ့်မည်၊ တအံ့တသြဖြစ်လိမ့်မည်ဟု ထင်မိသည်။ သို့သော် ပြပွဲလာပရိသတ်ကြီးကမူ ထူးဆန်းအံ့သြသည့်ပုံမပြ။ အထင်ကြီးကြဟန်လည်းမတူခဲ့။

သို့ဖြစ်၍ ဟူဒီနီသည် နယူးဗြိတိန်ရဲစခန်းသို့ သွားရောက်၍ ရဲအရာရှိများအား စိန်ခေါ်သည်။ သူ့အား မည်သည့်လက်ထိတ်နှင့်မဆို ခတ်နိုင်ကြောင်း၊ သူ့ခန္ဓာကိုယ်ကိုလည်း ကြိုးတင်ရှာဖွေထားနိုင်ကြောင်း၊ သူတို့ခတ်ထားသော မည့်သည့်အမျိုးအစားလက်ထိတ်ကိုမဆို စက္ကန့်ပိုင်းအတွင်း ဖွင့်ပြမည်ဟုဆိုသည်။ သူ ဤကဲ့သို့ ရဲနှင့်စိန်ခေါ်သည့်အကြောင်းကိုလည်း နယူးဗြိတိန်မြို့မှ ပရိသတ်ကို ကြေညာချက်ထုတ်ထားသည်။ ဇွန်လ၊ (၁၀) ရက်နေ့ည ပြပွဲတွင်မူ နယူးဗြိတိန် ရဲစခန်းမှ ရဲအရာရှိဘက်(ခ်)တာ၊ ဂျွန်မက်ဖာတီနှင့် အလွတ်စုံထောက် အာသာမက်ဂင်လေတို့သည် ရဲစခန်းမှ အထူးအာမခံလက်ထိတ်များနှင့် သံမဏိကြိုးများကိုယူဆောင်၍ ဟူဒီနီ ပဥ္စလက်ပြသနေသည့် ပြပွဲရုံသို့ ရောက်လာသည်။ ပွဲကြည့်ပရိသတ်သည် ရဲအရာရှိများကိုယ်တိုင်ရောက်လာသဖြင့် ထူးထူးခြားခြား စိတ်ဝင်စားလာသည်။

ရဲနှင့် အလွတ်စုံထောက်များသည် ပွဲကြည့်ပရိသတ်ထဲမှ မည်သူ

လိမ်လည်ညာများသာဖြစ်သည်ဟု ဆိုကြသည်။ အချို့သော နတ်ဝင်သူတို့မှာ လိမ်လည်လှည့်စားခြင်း ရှိကောင်းရှိမည်ဖြစ်သော်လည်း အချို့ကမူ နတ်ဝင်သည်အချို့သည် ကွယ်လွန်သူအကြောင်းကိုသော်လည်းကောင်း၊ နတ်မေးသူ၏အကြောင်းကိုသော်လည်းကောင်း၊ ဆွေမျိုးသားချင်း အပေါင်းအသင်းများအကြောင်းကိုသော်လည်းကောင်း တိကျမှန်ကန်စွာ ပြောပြနိုင်ကြသည် ဟူ၍လည်း ဆိုသည်။

အမှန်အားဖြင့် ယုံကြည်ချက်ဖြစ်ပေါ်လာရသော အကြောင်းရင်းမှာ အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ် ဟိုက်ဗီ(လ်)မြို့ကလေးတွင် ၁၈၄၈ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့က ဖြစ်ပွားခဲ့သော ဖြစ်ရပ်ဆန်းတစ်ခုက စတင်ခဲ့သည်ဟု ဆိုသည်။ ထိုမြို့ကလေးဆင်ခြေဖုံးတွင်နေထိုင်သော ရိုးသားဖြောင့်မတ်သည့် လယ်သမားကြီး၏သမီးဖြစ်သူ သုံးဦးအနက် ကတ်တီဖောက်(စ်)နှင့် မာဂရက်ဖောက်(စ်)တို့သည် တစ်နေ့တွင် ထူးဆန်းသော နံရံနှင့်တံခါးအားခေါက်သည့်အသံများ ကြားရသည်။ ပထမတွင် သူတို့ညီအစ်မသည် ထိုတတောက်တောက်ခေါက်သံကို ဟုတ်မှဟုတ်ပါ့မလားဟု ထင်မိသည်။ လူပျော်လူနောက်များက သူတို့ညီအစ်မများအား လာရောက် နောက်ပြောင်သည်ဟု ထင်သည်။ ဖောက်(စ်)ညီအစ်မများတွင် အငယ်ဆုံးဖြစ်သူ အင်နာဖောက်(စ်)ကလည်း ကြားရသည်ဟု ဆိုသည်။ ထိုအခါ ခေါက်သံသည် ရပ်မသွား။ နေ့ခင်းကြောင်တောင်ပင် ကြားလာရသည်။

ဤတတောက်တောက်ခေါက်သံကိုပင် အချက်ပေး ဆက်သွယ်မှုဟု ယူဆကာ ဖောက်(စ်)ညီအစ်မများသည် ယင်းခေါက်သံဖြင့် ကွယ်လွန်သူများကို ဆက်သွယ်နိုင်သည်ဟု ဆိုလာသည်။ သူတို့အား လာရောက်တွေ့ဆုံ စူးစမ်းကြသူများ တစ်နေ့တခြားများလာရာမှ ကွယ်လွန်သူတို့၏ ဝိညာဉ်နှင့်ဆက်သွယ်နိုင်သည်။ ကွယ်လွန်သူတို့သည် သက်ရှင်လျက်ရှိသူများနှင့် ဆက်သွယ်လိုကြသဖြင့် နည်းလမ်းအမျိုးမျိုးရှာကြရာ ဤနည်းလမ်းဖြင့် ဆက်သွယ်ခြင်းဖြစ်သည်ဟုဆိုကာ ကွယ်လွန်သူများနှင့် ဆက်သွယ်သောပွဲများ ကျင်းပလာခဲ့ကြသည်။

နတ်ဝင်သူတို့က တမလွန်လောကသားတို့အား သူတို့ဆက်သွယ်နိုင်ကြောင်းကို သိရှိရန် အံ့ဖွယ်သရဲများကို ပြုလုပ်ပြလေ့ရှိသည်။ ထိုပြပွဲ၌ ကွယ်လွန်သူ ကိုယ်ထင်ပြသည်ဟူသောအဖြစ်မျိုးကိုလည်း ဖန်တီး ပြသသည်။ သက်မဲ့အရာဝတ္ထုများ ဥပမာ စားပွဲ၊ ကုလားထိုင် စသော ပရိဘောဂများ အလိုအလျောက် ရွေ့ပြောင်းခြင်း၊ မေးမြန်းလာသူကိုင်ထားသော သင်ပုန်းပေါ်၌ စာများ ပေါ်လာခြင်း၊ ခေါင်းလောင်းများ အလိုအလျောက် အသံမြည်လာခြင်း၊ တူရိယာပစ္စည်းများ အသံမြည်လာခြင်း၊ လက်ကိုင်ပဝါ၊ မီးခြစ်ဘူး၊ လက်သုတ်ပဝါ၊ စားပွဲခင်း စသည်တို့ လေထဲ၌ ပျံဝဲခြင်းများ ပြုလုပ်ပြသသည်။ ဤကဲ့သို့ နတ်ဝင်သည်များ တစ်နေ့တခြား များ

လာသည်။ ထိုစဉ်က နာမည်ကျော် နတ်ဝင်သည်များမှာ ဟန်နရီစလက်၊ မင်နီဝီလျံမဒမ်ဒစ်ဒီဘားတို့မှာ နာမည်ကျော်ကြား လူသိများလာသည်။ ပဥ္စလက်ဆရာအချို့ကလည်း ကွယ်လွန်သူများနှင့် ဆက်သွယ်နိုင်သည် ဟုဆိုကာ ဇာတ်စင်မြင့်များပေါ်တွင် ဝိညာဉ်နှင့်ဆက်သွယ်ပုံကို ပြသသည် သာမက ပြပွဲလာပရိသတ်များ အထင်ကြီးစေရန် အံ့ဖွယ်သရဲများလုပ်ပြ ခဲ့ကြသည်။

တမလွန်ဘုံသားများနှင့် ဆက်သွယ်နိုင်သည် ဟူသော ပဥ္စလက် ဆရာကြီးများမှာ ရောဘတ်ဟဲလား၊ ဂျွန်ဟင်နရီအင်ဒါဆင်နှင့် ဒေါက် တာလင်တို့ ဖြစ်ကြသည်။ ဟူဒီနီကမူ ထိုကွယ်လွန်သူများနှင့် ဆက်သွယ် သည့်ပွဲများ၊ ကွယ်လွန်သူများနှင့် ဆက်သွယ်နိုင်သည်ဟုဆိုကာ ဇာတ်စင် ပေါ်တွင် ပြသသည့် ပဥ္စလက်ပွဲများကို ငယ်စဉ်ကပင် သေသေချာချာ စူးစမ်းလေ့လာရန် ကြည့်ရှုခဲ့ဖူးသည်။ သူ့အမြင်တွင်မူ ဝိညာဉ်အပူးခံရ သူများမှာ လိမ်ညာနေသူများ ဖြစ်သည်။ ဇာတ်စင်ပေါ်တွင် ပဥ္စလက် ပညာဖြင့်ပေါင်း၍ ပွဲကြည့်ပရိသတ်အား ယုံလောက်အောင်ညာနေသူများ ဖြစ်သည်ဟု ယူဆသည်။ ရိုးသားဖြောင့်မတ်သော ပဥ္စလက်ပညာသည် ပွဲကြည့်ပရိသတ် သည်းထိတ်ရင်ဖိုဖြစ်စေရန် မိမိပဥ္စလက်ပညာဖြင့်သာ ရိုးရိုးသားသား ပယောဂမပါ ပြသနိုင်ရမည်ဟု ယူဆထား၏။ ၁၈၉၁ ခုနှစ်ခန့်က ဟူဒီနီသည် နယူးယောက်မြို့တွင် ကျင်းပသည့် တမလွန် လောကနှင့် ဆက်သွယ်နိုင်သူများ ညီလာခံသို့ တက်ရောက်ခဲ့ဖူးသည် သာမက ထိုစဉ်က နာမည်ကျော်နတ်ဝင်သည် မီနီဝီလျံ ဆိုသူအိမ်သို့ မိတ်ဆွေတစ်ဦးနှင့် သွားရောက် လေ့လာခဲ့ဖူးသည်။

သို့ဖြစ်၍ ဟူဒီနီသည် နာမည်ကျော်နတ်ဝင်သည်အိမ်သို့ ရောက် သွားခဲ့သည်။ ဝိညာဉ်ပူးကပ်သည့်ပြပွဲ ကျင်းပသည့်အခန်းမှာ လုံခြုံသော အခန်းတစ်ခန်းဖြစ်ပြီး နံရံတွင် ထူထဲသော ကန့်လန့်ကာများ ကာထား သည်။ အလင်းရောင်ကိုလည်း မှိန်ထားသည်။

သူတို့နှစ်ဦးအပါအဝင် ပရိသတ်ရှေ့တွင် ကွယ်လွန်သူတစ်ဦး၏ ဝိညာဉ်ဝင်ပူးလာသည်။ ပွဲကြည့်ပရိသတ်အတွင်းမှ ကွယ်လွန်သူ၏ ဆွေ မျိုးသားချင်းဟု ယူဆရသူ တစ်ဦး၊ နှစ်ဦးက ဝင်ပူးသည့် ဝိညာဉ်နှင့် အဆက်အသွယ်ပြုကြသည်။ စကားပြောကြသည်။ ကွယ်လွန်သူဝိညာဉ် ကလည်း သက်ရှိထင်ရှားရှိသူများမေးသည့် မေးခွန်းများကို ဖြေသည်။

မကြာမီ မီးမှိန်မှိန်ထွန်းထားသော အခန်းတွင်းမှ လူရိပ်များထွက် လာသည်။ တစ်ခါတွင် တစ်ယောက်တည်းထွက်လာပြီး တစ်ခါတွင်မူ နှစ်ယောက် ဖြစ်နေသည်။ ပရိသတ်ထဲမှ အချို့ကမူ သူတို့မိသားစုများထဲ မှ သေဆုံးသူများဖြစ်တန်ရာသည်ဟု ယူဆသည်။ ဟုတ်၊ မဟုတ်ဆိုသည် ကိုမူ မည်သူမျှ တိတိကျကျ ပြောမပြနိုင်။ ဟူဒီနီကမူ နတ်ဝင်သည်သည် ပိပိရိရိနှင့် လိမ်ညာနေခြင်း ဖြစ်သည်။ အဘယ်ကြောင့် မီးမှိန်မှိန်ထွန်း

ထားသနည်း။

တမလွန်လောကမှ လာရောက်ပူးကပ်သည်ဟူသော ကွယ်လွန်သူ၏ ဝိညာဉ်သည် နတ်ဝင်သည်၏ကိုယ်ခန္ဓာမှ ပြန်ထွက်သွားခါနီးတွင် 'ဘုရားသခင်က သင်တို့ကို စောင့်ရှောက်ပါလိမ့်မည်ဟု' အသံဝါကြီးဖြင့် အော်၍ ဆုတောင်းသွား၏။ ဝိညာဉ်ဆိုသည့် လူအရိပ်များ တမလွန်လောကသို့ ထွက်ခွာသွားရန် ဟန်ပြင်သည်နှင့် ကြမ်းပြင်ပေါ်ရှိ ဆွေးမြည့်နေသော ပျဉ်များပေါ်သို့ အမှတ်မဲ့နင်းမိသဖြင့် တကျွိကျွိမြည်သွားသော အသံကို ကြားရသဖြင့် ဝိညာဉ်ဟု သရုပ်ဆောင်နေသူများသည် လူသားစင်စစ်ဖြစ်ကြပြီး ဝိညာဉ်အပူးခံရသူများမှာ နတ်ဝင်သည်၏ တပည့်များဖြစ်သည်ဟု သိလိုက်သည်။ လိမ်ညာနေသည်ဆိုခြင်းကို ဟူဒီနီက သိလိုက်တော့သည်။ လူအများသည် ဤမျှ ပေါ်ပေါ်ထင်ထင် လိမ်နေခြင်းကိုပင် ယုံကြလွန်းလှသည်ဟု ဟူဒီနီက တအံ့တသြဖြစ်သွားသည်။ လူအများ၏ ပျော့ကွက်ကို ထင်ထင်ရှားရှားသိသွားသည်။ နတ်ဝင်သည်သည် လိမ်ညာခြင်းယုံကြည်စေရန် အမျိုးမျိုးဆင်ထားခြင်းများ ဖြစ်သည်ကိုလည်း နားလည်သဘောပေါက်သည်။ သို့သော် ဤကဲ့သို့ အတုအယောင် နတ်ဝင်သည်များရှိလျှင် အမှန်တကယ် တမလွန်လောကနှင့် ဆက်သွယ်နိုင်သော နတ်ဝင်သည်များ မရှိနိုင်သလောဟူ၍လည်း ဟူဒီနီက စဉ်းစားမိပြန်သည်။

ထိုစဉ်က အမေရိကန်ပြည်ထောင်စုတွင် တမလွန်လောကနှင့် အမှန်တကယ် ဆက်သွယ်နိုင်သည်ဟူသော ပဥ္စလက်အဖွဲ့တစ်ဖွဲ့ ပေါ်ပေါက်လာသည်။ ထိုအဖွဲ့ခေါင်းဆောင်လေးဦးအား ဒါဗင်ပို့ညီနောင်ဟု ပရိသတ်က ခေါ်ကြသည်။ ညီနောင်နှစ်ဦးစလုံး တမလွန်လောကနှင့် ဆက်သွယ်နိုင်သည်ဟု ဆိုသည်။ သူတို့ပြသသည့် ပဥ္စလက်ပွဲများတွင် ပရလောကနှင့် ဆက်သွယ်သည့်ပြကွက်များ ထည့်သွင်းလေ့ရှိသည်။ ပြပွဲစင်ပေါ်တွင် ချိတ်ထားသော တူရိယာပစ္စည်းများသည် အလိုအလျောက် မြည်လာသည်။ လေမှုတ်တူရိယာပစ္စည်းများ၊ ဗျပ်စောင်းများလည်း သံစုံမြည်လာသည်။

ဒါဗင်ပို့ညီနောင်ကမူ သူတို့သည် ပရလောကသားတို့နှင့် ဆက်သွယ်ခြင်းမဟုတ်။ ပရိသတ်အား အမြင်လွဲစေရန် ပဥ္စလက်ပညာဖြင့် ဖန်တီးထားခြင်း ဖြစ်သည်။ ဟူဒီနီသည် ဒါဗင်ပို့ညီနောင် ပဥ္စလက်ပြပွဲများသို့ အခါအားလျော်စွာ သွားရောက် ကြည့်ရှုသည်။ သေသေချာချာ စူးစမ်းလေ့လာသည်။ လေ့လာရသလောက် ဒါဗင်ပို့ညီနောင်သည် သာမန် ပဥ္စလက်ပညာဖြင့် ပရိသတ်ကို လှည့်စားထားခြင်းမဟုတ်ဟု သိလိုက်သည်။ ဒါဗင်ပို့ညီနောင်အား တမလွန်လောကမှ တစ်စုံတစ်ယောက် အကူအညီဖြင့် ပရိသတ်အား လှည့်စားခြင်းဖြစ်သည်ဟု သိရသည်နှင့် တမလွန်လောကနှင့် အစစ်အမှန် ဆက်သွယ်နိုင်ရန် ကြိုးစားမည်ဟု ဆုံး

ဖြတ်ချက်ချထားလိုက်သည်။ သူ ဤကဲ့သို့ ဆုံးဖြတ်ထားသည်ကို သူ့ဇနီး ဖြစ်သူ ဘက်(ခ်)အားလည်း အသိပေးသည်။ သူသည် ယခင်က တမလွန် လောကနှင့် ဆက်သွယ်နိုင်သူအားလုံးအား လူလိမ်လူညာများဟု သတ် မှတ်ထားခဲ့သည်။ သို့သော် ဒါဗင်ပို့ညီနောင်နှင့်တွေ့သောအခါ အမှန် တကယ် တမလွန်လောကဆိုသည်မှာ ရှိသည်။ ထိုသူတို့နှင့် ဆက်သွယ် နိုင်သည်ဆိုသော အချက်အလက်တို့ကို ယုံကြည်လာသည်။

ဂါးနက်မြို့ ကျက်သရေဆောင်ခန်းမတွင် ဟူဒီနီသည် ကြော်ငြာ ထားသည့်အတိုင်း သူ့ဇနီးဘက်(ခ်)အား ဘဝင်ကျအောင် ပြုလုပ်၍ တမ လွန်လောကနှင့် ဆက်သွယ်ပြသည်။ ဟူဒီနီနှင့် သူ့ဇနီးဘက်(ခ်)တို့၏ ပြကွက်မှာ တကယ် တမလွန်လောကနှင့် ဆက်သွယ်သည်နှင့်တူသဖြင့် ဟူဒီနီသည် အမှန်တကယ် တမလွန်လောကသားတို့နှင့် ဆက်သွယ်နိုင် ခဲ့ပြီဟု အများက ထင်မြင်လာခဲ့သည်။ ဤမြို့တွင် ခေတ္တနားနေစဉ် အမည်မဖော်လိုသော နတ်ဝင်သည်တစ်ယောက် ရေးသားပြုစုခဲ့သော **'နတ်ဝင်သည်တစ်ဦး၏ လက်တွေ့ဘဝ'** ဟူသော စာအုပ်တစ်အုပ် ရရှိခဲ့ သည်။ ထိုစာအုပ်တွင် နတ်ဝင်သည်များ တမလွန်လောကနှင့် ဆက် သွယ်သည့်နည်းများ၊ လူထုအား အချို့နတ်ဝင်သည်တို့က ပိပိရိရိနှင့် မည် သို့လိမ်ကြသည်ဟူသော အချက်အလက်များကို တိတိကျကျ ခရေစေ့ တွင်းကျ ဖော်ပြထားခဲ့သည်။

သို့ဖြစ်၍ ထိုစာအုပ်ကို ဟူဒီနီသည် သဲသဲမဲမဲ ထမင်းမှန်းဟင်းမှန်း မသိအောင် ဖတ်ရှုခဲ့သည်။ ယင်းစာအုပ်တွင် ဖော်ပြသည့် အချက်အ လက်များကို သေသေချာချာ စူးစမ်းလေ့လာသည်။ သူ ယခင်က တက် ရောက် လေ့လာခဲ့သော ဝိညာဉ်ခေါ်ပွဲများ၊ ဝိညာဉ်နှင့် ဆက်သွယ်ပွဲများ တွင် တွေ့ခဲ့ရသော အတွေ့အကြုံများနှင့် ထင်ဟပ်ကြည့်သည်။ နတ်ဝင် သည်လောကတွင် လူလိမ်လူညာများ ထိုးဖောက် ဝင်ရောက်နေသဖြင့် အစစ်အမှန် နတ်ဝင်သူများ နာမည်ပျက်ခဲ့ရသည်။ သို့ဖြစ်၍ နတ်ဝင် သည် အတုအယောင်များအား တတ်နိုင်သလောက် ဖော်ထုတ်မည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့တော့သည်။ နတ်ဝင်သည်လောကအား စုံစမ်း သုတေသနပြုနိုင်ရန် သူကိုယ်တိုင်လည်း ဝိညာဉ်ဝါဒကို နားလည်ထား ရမည်၊ လေ့လာထားရမည်ဟူ၍လည်း ယူဆမိတော့၏။

ဟူဒီနီသည် ဂါးနက်မြို့တွင် ပြသနေစဉ် ထိုမြို့ဆင်ခြေဖုံးရှိ သုသာန်သို့သွား၍ အုတ်ဂူများကို လေ့လာသည်။ အုတ်ဂူများတွင် ရေး သားထားသော နာမည်များကိုလည်း သေသေချာချာ မှတ်ထားသည်။ တစ်ခါတွင် ဟူဒီနီသည် သုသာန်တွင် ပျက်စီးယိုယွင်းနေသောဂူပေါ်မှ နာမည်တစ်ခုကို မှတ်သားထားလိုက်သည်။ ထိုအုတ်ဂူမှာ ဂါးနက်မြို့မှ လွန်ခဲ့သော သုံး၊ လေးနှစ်ခန့်က ကွယ်လွန်ခဲ့သော အသက် (၆)နှစ်အရွယ် ရှိ ဂျိုး(ခ်)အော့(စ်)ဘွန်းအမည်ရှိ ကလေးငယ်တစ်ယောက်၏အုတ်ဂူ ဖြစ်

သည်။

ထိုနေ့ညပြပွဲတွင်မူ ပါမောက္ခဟူဒီနီကိုယ်တိုင် ဂါးနက်မြို့မှ ကွယ်လွန်သူများ၏ဝိညာဉ်နှင့် ဆက်သွယ်ပြသမည်ဟု ကြေညာထားသည်။ ပြပွဲတွင် အခြားပြကွက်များ ပြသပြီးသည်နှင့် ပါမောက္ခဟူဒီနီနှင့် ကွယ်လွန်သူတို့၏ဝိညာဉ်နှင့် ဆက်သွယ်ခန်းကို တင်ဆက်သည်။ ဟူဒီနီသည် နတ်ဝင်သည်အမျိုးမျိုးတို့၏ လိမ်နည်းညာနည်းများကို လက်တစ်ဆုံးနှိုက်လေ့လာထားသူဖြစ်သဖြင့် သူ၏ တမလွန်ဘဝရောက် ပရလောကသားနှင့် ဆက်သွယ်ပုံပြကွက်မှာ ယုတ္တိရှိစေရန် ကျကျနန ပြင်ဆင်ထားသည်။

ပြပွဲတွင် သူဘဝင်ကျသည်နှင့် ဂါးနက်မြို့မှ လွန်ခဲ့သောသုံးနှစ်ခန့်က ကွယ်လွန်သွားသူ ချာတိတ်ကလေးဂျိုးက မိဘများဖြစ်သော မစ္စတာဟယ်ရီအော့(ခ်)ဘွန်းနှင့် မစ္စက်အော့(ခ်)ဘွန်းတို့အား တွေ့လိုပါသည်ဟု ဟူဒီနီက ပြောလိုက်သည်။ ပြပွဲရှိ ဇာတ်စင်ပေါ်မှ ဟူဒီနီ၏ တပည့်တစ်ဦးကလည်း ပရိသတ်အများကြားရလေအောင် မစ္စတာဟယ်ရီအော့(ခ်)ဘွန်းတို့ဇနီးမောင်နှံအား အော်ခေါ်သည်။

ပြပွဲပရိသတ်မှာ တအံ့တသြဖြစ်သွားသည်။ တစ်နယ်တစ်ကျေးမှလာသော ပဉ္စလက်ဆရာ ဟူဒီနီသည် မည်သည့်နည်းဖြင့် ဤမြို့မှ ကွယ်လွန်သွားသော သာမန် အသက် (၆)နှစ်ရွယ် ကလေးငယ်တစ်ယောက်၏ အမည်ကို သိရှိနိုင်ပါမည်နည်း။ ဟူဒီနီက မှင်မောင်းလည်းကောင်းသည်။ ပြပွဲမှ တူရိယာအဖွဲ့ကလည်း အတီးအမှုတ်ကို ခေတ္တရပ်ထားသဖြင့် ကြိတ်ကြိတ်တိုးစည်ကားသည်။ ပြပွဲရုံကြီးတစ်ခုလုံး ကျောချမ်းစဖွယ်ကောင်းလောက်အောင် ငြိမ်သက်သွားသည်။ အပ်ကျသည့်အသံကိုပင်ကြားရအောင် ငြိမ်သက်နေသည်။

ပွဲလာပရိသတ်အတွင်းမှ လူငယ်တစ်ဦးကမူ ကွယ်လွန်သူ ဂျိုးမိဘများနေထိုင်သည့် ရပ်ကွက်သို့ အပြေးအလွှား သွားရောက်၍ မိဘနှစ်ပါးအား ပြပွဲရုံသို့ ခေါ်ဆောင်လာသည်။ ရောက်လာသည်နှင့် ဂျိုး၏ဝိညာဉ်ပူးကပ်နေသော ဟယ်ရီဟူဒီနီသည် ကလေးငယ်အသံဖြင့် -

"ဖေဖေနဲ့ မေမေတို့ခင်ဗျား၊ သားကိုစိတ်ချပါ။ သား တမလွန်ဘဝမှာ ပျော်နေပါတယ်။ မကြာမီ မေမေတို့မိသားစုမှာ သားနေရာကိုယူမယ့်တစ်ယောက် ရောက်လာမှာပါ သေချာပါတယ်"

ဟု ပြောလိုက်သည်။

ဟူဒီနီအဖို့ ကံကောင်းသည်ဟု ဆိုနိုင်ပါသည်။ မစ္စက်ဟယ်ရီအော့(ခ်)ဘွန်းမှာ ပဋိသန္ဓေရှိစ ဖြစ်နေသည်။ ရှေ့ပွဲလာပရိသတ်အားလုံးကလည်း ထူးထူးခြားခြား တအံ့တသြဖြစ်သွားသည်။ မစ္စက်ဟယ်ရီအော့(ခ်)ဘွန်းမိသားစုကလည်း ပါမောက္ခဟူဒီနီအမည်ခံ ဟယ်ရီဟူဒီနီနှင့် သူ့ဇနီးဘက်(ခ်)တို့သည် အမှန်တကယ် တမလွန်လောကမှ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်နိုင်သည်ဟု ယုံကြည်ခဲ့ကြတော့၏။

၁၈၉၈ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့တွင် ဂါလီနာမြို့ကလေးရှိ ဇာတ်ရုံတွင်ပြသသည့် ပါမောက္ခဟူဒီနီပြပွဲမှာ ယခင် ဂါးနက်မြို့တွင် ပြသခဲ့သော ကွယ်လွန်သူတို့နှင့် ဆက်သွယ်သည့်ပြပွဲထက် ကျော်ကြားလာရန် ကံကြမ္မာက ဖန်တီးခဲ့သည်ဟု ဆိုနိုင်သည်။ ကင်ဆနယ် ဂါးနက်မြို့တွင် ပြသခဲ့သော ဝိညာဉ်နှင့် ဆက်သွယ်ပွဲဖြစ်ရပ်သည် ကင်ဆပြည်နယ် တစ်နံတစ်လျား တောမီးပမာ ပျံ့နှံ့လာသည်။ ဂါလီနာမြို့လူထုကလည်း ဟူဒီနီအား တမလွန်လောကသားတို့နှင့် ဆက်သွယ်သည့်ပြပွဲကို တင်ဆက်ပါရန် တောင်းပန်သည်။

ဤမြို့တွင် လွန်ခဲ့သော ရက်သတ္တတစ်ပတ်ခန့်က ဤမြို့ဆင်ခြေဖုံးရှိ လူမည်းရပ်ကွက်တွင် လူချစ်လူခင်များသော ဘင်နီကာတာဆိုသူ လူမည်းတစ်ယောက် အသတ်ခံရ၏။ သို့ဖြစ်၍ ဒေသခံရဲများနှင့် စုံထောက်တို့က အသက်ခံရသူ ဘင်နီကာတာနှင့် ရင်းနှီးသူ လူမည်းနှစ်ယောက်အား ရဲစခန်းသို့ ခေါ်ယူစစ်ဆေးပြီး အထောက်အထားခိုင်မာမှု မတွေ့ရသေးသဖြင့် ပြန်လွှတ်ပေးခဲ့သည်။

ဤထူးခြားဖြစ်စဉ် အသေးစိတ်ကို ဟူဒီနီစည်းရုံးထားသော မြို့ခံလူငယ်တစ်ဦးက ပြောပြထားသည်။ ထိုလူသတ်မှုနှင့် သက်ဆိုင်မကင်းဖြစ်သဖြင့် ခေါ်ယူအစစ်ဆေးခံရသော လူမည်းနှစ်ဦးသည် ထိုနေ့ ပဥ္စလက်ပြပွဲသို့ လာရောက် ကြည့်ရှုကြလိမ့်မည်ဟု သတင်းပေးဖြစ်သူက ဟူဒီနီအား ပြောပြတော့သည်။ ဤသတင်းအချက်အလက် အပြည့်အစုံကိုရထားသော ဟူဒီနီအဖို့ ထိုနေ့ညတွင်ပြသမည့်ပြပွဲတွင် တမလွန်လောကနှင့် ဆက်သွယ်ခန်းကို အထူးပြသမည်ဟု ကြေညာထားသည်။ ဒေသခံစာနယ်ဇင်းသမားများ၊ မြို့မိမြို့ဖများမှ အရေးပါအရာရောက်သူများအား အထူးဧည့်သည်တော်များအဖြစ် ဖိတ်ကြားထားခဲ့သည်။

ပြသမည့် အစီအစဉ်အတွက် စနစ်တကျရှိစေရန် ဟယ်ရီဟူဒီနီကိုယ်တိုင် စီစဉ်သည်။ ဇာတ်စင်ပေါ်တွင် သူဘဝင်ကျသလို့ မိန်းမောနေသည်ကို ရှေ့ပွဲလာပရိသတ်များ စိတ်ဝင်စားစေရန် မီးအလင်းအမှောင်မည်သို့ပေးရမည်ကအစ ညွှန်ကြားထားသည်။ တေးဂီတအဖွဲ့ကိုလည်း လူအများ စိတ်ချောက်ချားစေမည့် သံစဉ်များကို တီးမှုတ်ရန် စီစဉ်ခဲ့သည်။

မြို့မိမြို့ဖများနှင့် ပြပွဲလာပရိသတ်တို့သည် သူ၏ ပဥ္စလက်ပြကွက်များထက် သေသူ၏ ဝိညာဉ်နှင့် ဆက်သွယ်မှုကို စိတ်ဝင်စားကြသဖြင့် ရုံလျှံအောင်လာကြည့်ကြသည်။ သူ၏ဝိညာဉ်ပွဲကိုကြည့်ရန် အားခဲထားသည်။ ဟူဒီနီကမူ သူ့အစီအစဉ်များကို ရိုးမသွားအောင် ပြောင်းလဲထားသည်။

ဝိညာဉ်ဆက်သွယ်သည့် ပြကွက်ပြသရာတွင်လည်း ဟူဒီနီ မှင်မောင်းကောင်းကောင်းနှင့် မြို့ခံလူများနှင့် ကြိုတင် စကားကမ်းဆက်သွယ်ထားခြင်းကို မရိပ်မိအောင် စီစဉ်ထားသည်။ ပြကွက်တင်ဆက်သည်နှင့်

မီးမှိန်နေသောဇာတ်စင်ပေါ်တွင် လူရိပ်များထင်လာသည့်ပုံများ ပြသသည်။ တေးဂီတအဖွဲ့ကလည်း ရွှေပွဲလာပရိသတ် စိတ်ချောက်ချားစေမည့် သံစဉ်များကို တီးမှုတ်ကြသည်။ ဟူဒီနီ မိန်းမောလာသည်နှင့် တေးဂီတအဖွဲ့က တီးကွက်များကို ရုတ်တရက် ရပ်လိုက်သည်။ ပွဲရုံတစ်ရုံလုံး လှုပ်လှုပ်ရွရွဖြစ်သွားပြီး ချက်ချင်း ကျောချမ်းဖွယ်ကောင်းလောက်အောင် ငြိမ်ကျသွားသည်။

သူဘဝင်ကျသည်ဟု ပရိသတ်က ယူဆလာသည်နှင့် အသတ်ခံထားရသော လူမည်းတစ်ယောက်ကိုမြင်သည်ဟု အသံတုန်တုန်နှင့် ပြောလိုက်သည်။ ထိုသူတွင်ရရှိထားသော ဒဏ်ရာဒဏ်ချက် အတိအကျကို ထုတ်ပြောလိုက်သည်နှင့် ပြပွဲလာပရိသတ်မှာ ထူးထူးခြားခြား ငြိမ်သွားသည်။ ပွဲကြည့်ပရိသတ်သည် ငြိမ်သက်စွာကြည့်နေစဉ် ဟယ်ရီဟူဒီနီက သူ အသက်ခံရသူ လူမည်းအမျိုးသား ဘင်နီကာတာနှင့် ဆက်သွယ်နိုင်ပြီဟု ကြေညာလိုက်သည်နှင့် ပွဲရုံတစ်ရုံလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ငြိမ်ကျသွားသည်။

ဟယ်ရီဟူဒီနီအား ဝင်ရောက်ပူးကပ်သည့်ဝိညာဉ်က သူ့တွင် မည်သည့်နေရာတွင် ဒဏ်ရာများရသည်။ လူသတ်သမားနှစ်ဦးက မည်သို့မည်ပုံ ထိုးကြ၊ ရိုက်ကြသည်ကို ပြောပြလိုက်သည်။

ပွဲကြည့်ပရိသတ်အဖို့ ဟူဒီနီသည် အမှန်တကယ် ကွယ်လွန်သူတို့၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည်ဟု ယုံကြည်သွားကြသည်။ ဤပွဲသို့လာရောက်ကြည့်ရှုသူများထဲမှ လူသတ်သမားဟု ရဲတို့က စွပ်စွဲခံရသူနှစ်ဦးမှာလည်း ထိတ်လန့်တကြားဖြစ်၍ ပြပွဲခန်းမမှ ထွက်သွားခဲ့သည်။

ပွဲနားရက်များတွင် ဟူဒီနီနှင့် ဘက်(ခ်)တို့သည် နယူးယောက်မြို့သို့ ခေတ္တပြန်လာခဲ့ပြီး သူ့မိခင်ကြီးနှင့်တွေ့ဆုံခဲ့၏။ ဤသို့ ပွဲပြတ်၍ အနားယူနေစဉ် ဟူဒီနီသည် နယူးယောက်မြို့တွင် သူ့မိတ်ဆွေ ဂျိုးရင်းနှင့် ပြန်လည် တွေ့ဆုံသည်။ ဂျိုးရင်းမှ စိတ်ဝိညာဉ်ဆိုင်ရာဝါဒကို လက်တစ်ဆုံးနိုက် လေ့လာထားသူ ဖြစ်၏။ ဂျိုးရင်းသည် စိတ်ဝိညာဉ်ဆိုင်ရာဝါဒကို စတင်၍ မြေစမ်းခရမ်းပျိုးသော ဖောက်(Fox) ညီအစ်မများအနက် တစ်ယောက်ဖြစ်သူ မာဂရက်ဖောက်(ခ်)နှင့် ထူးထူးခြားခြားခင်သူ ဖြစ်၏။ နယူးယောက်မြို့တော်ရှိ စိတ်ဝိညာဉ်ဆိုင်ရာဝါဒကို သက်ဝင်ယုံကြည်သူအများအား ဦးဆောင်နေသူမှာ မာဂရက်ဖောက်(ခ်)ပင် ဖြစ်၏။

ဟူဒီနီအဖို့ ထိုစဉ်က သို့လောသို့သောဖြစ်နေသော ပုစ္ဆာတစ်ပုဒ်မှာ အဖြေရှာမရဖြစ်နေသည်။ ထိုအဖြေရဖို့ သူ့အဖို့ အမြဲတစေ သောကပွားနေရ၏။ သူ၏ ရုပ်ပြောင်းနာမ်ပြောင်းပြကွက်ဆန်းများ ထူးထူးခြားခြား အောင်မြင်ရခြင်းသည် သူထင်သလို သူ၏ မနေမနား လေ့ကျင့်နေသော စွမ်းအင်ကြောင့်လော သို့မဟုတ် ဤကဲ့သို့ ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်မှုသည် သူ၏ ကိုယ်တွင်းအားဟု ခေါ်ရမည်ဖြစ်သော စိတ်

စွမ်းအင်ကြောင့်လော။ ဤသို့ဖြင့် ရက်ပေါင်းများစွာ၊ လပေါင်းများစွာ အဖြေရှာခဲ့သော်လည်း မတွေ့ရ။ သို့ဖြစ်၍ ဤအဖြေကို သိရှိနိုင်ရန် ဂျိုးရင်းနှင့် တွဲမိကြခြင်း ဖြစ်သည်။ သူတို့နှစ်ဦးသည် ထိုစဉ်က နာမည်ကျော်နေသော မာဂရက်ဖောက်(စ်)၏ တမလွန်လောကနှင့် ဆက်သွယ်သည့် ဝိညာဉ်ခေါ်ပွဲများကို တက်ရောက် လေ့လာခဲ့သည်။ မည်သို့ တမလွန်လောကရောက် ဝိညာဉ်နှင့် ဆက်သွယ်ရမည့်နည်းကို ဟူဒီနီက အသေးစိတ်လေ့လာသည်။

ထိုစဉ်က နတ်ဝင်သည်တို့သည် တစ်ခါတစ်ရံ သူတို့ဆက်သွယ်ရသဖြင့် ရရှိသောသတင်းကို နှုတ်ဖြင့်မပြောဘဲ စာဖြင့် ရေးပြလေ့ရှိသည်။ ဤနည်းကို အော်တိုမက်တစ် (အလိုအလျောက်) စာရေးသားခြင်းဟု ခေါ်၏။ လုပ်နည်းလုပ်ဟန်မှာ နတ်ဝင်သည်သည် ခဲတံတစ်ချောင်းကို လက်ထဲ၌ ခပ်ဖော့ဖော့ကိုင်ထား၍ အခြားအရာတစ်ခုခုတွင် အာရုံစူးစိုက်ထားရသည်။ ထိုအခါ ခဲတံမှာ အလိုလို မသိမသာ ရွေ့လျား၍ အဓိပ္ပာယ်ရှိသော စာသားများပေါ်လာသည်ဟု ဆိုသည်။ ဤကဲ့သို့ စာဖြင့် ကွယ်လွန်သူများကို ဆက်သွယ်ရာတွင် နတ်ဝင်သည်များသာမဟုတ်၊ မည်သူမဆို ကြိုးစားလေ့ကျင့်ပေးပါက ထိုစာမျိုးရေးသားနိုင်သည်ဟုလည်း ဆိုသည်။ ဟူဒီနီသည် နတ်ဝင်သည်လောကအသိုင်းအဝန်းအား ဂျိုးရင်းနှင့်အတူ သေသေချာချာ စူးစမ်းလေ့လာခဲ့သည်။ နတ်ဝင်သည်အများကမူ ဟူဒီနီ၏ ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူပြကွက် ထူးထူးခြားခြားအောင်မြင်ရခြင်းမှာ တမလွန်လောကမှ မိတ်ဆွေများ၏ ပံ့ပိုးမှုကြောင့်ဟု ပြောဆိုကြ၏။

ဤအချက်ကိုမူ ဟူဒီနီက မယုံကြည်။ သူ့လေ့ကျင့်အားနှင့် စွမ်းအင်ကြောင့်သာ ဖြစ်သည်ဟု ဆိုသည်။ ဤကဲ့သို့ ပြပွဲနားရက်များတွင် ငွေကြေးအခက်အခဲရှိလာသည်။ ဘက်(စ်)၏ မောင်ဖြစ်သူကမူ နာမည်ကျော်ယေး(လ်) အာမခံသော့ပြုလုပ်သောကုမ္ပဏီတွင် သူနှင့်ထိုက်တန်သော အလုပ်ရမည်ဟုဆိုသော်လည်း ဟူဒီနီက သူငယ်စဉ်ကပင် တစ်နေ့ကမ္ဘာကျော် ပဥ္စလက်ဆရာကြီးဖြစ်ရမည် ဟူသော ခံယူထားချက်ကို မစွန့်နိုင်။ ပြပွဲနားရက်များတွင် သူနှင့်သင့်တော်သော အလုပ်တစ်ခု ဝင်ရောက်လုပ်ကိုင်ပြီး ပဥ္စလက်ပညာသင်တန်းကျောင်းတစ်ကျောင်း ဖွင့်မည်ဟု မျှော်မှန်းထားခဲ့သည်။

သို့ဖြစ်၍ သူ ယခင်က ရေးသားထုတ်ဝေခဲ့ဖူးသော (Magic Made Easy) **ပဥ္စလက်ပညာငါဆရာ** ဟူသော စာအုပ်ကလေးကို ဖြည့်စွက်ရေးသားပြီး ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ နယူးယောက်မြို့ (၆၉) လမ်း၊ အမှတ် (၂၂၁) တွင် ပါမောက္ခဟယ်ရီဟူဒီနီ၏ ပဥ္စလက်ပညာသင်တန်းကျောင်းကို ဖွင့်ခဲ့သော်လည်း သူထင်ထားသလို မအောင်မြင်။ ဤကဲ့သို့ စိတ်ပျက်ဖွယ်ရာများနှင့် ကြုံတွေ့နေရစဉ် ကံအားလျော်စွာ ချီကာဂိုမြို့ရှိ ခိုးနှင့်မစ်ဒယ်တန်ဇာတ်ရုံကြီးက ပွဲပြတ်သောရက်များတွင်

သူ၏ ပဉ္စလက်ပြပွဲကို ပြသပေးရန် လာငှားသည်။ ချီကာဂိုပရိသတ်က လည်း သူ၏ ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူပြကွက်ကိုသာ တန်းတန်းစွဲဖြစ် နေသည်။

ဟူဒီနီကမူ လက်ထိတ်အနှောင်အဖွဲ့မှ လွတ်မြောက်သောပြကွက် ကို အဆန်းထွင်၍ပြသရန် စိတ်စွဲလမ်းနေသည်။ ယခင် ဟဲလီဖတ်(ခ်) ပြည်နယ်တွင် တင်ဆက်ခဲ့သော တမလွန်လောကနှင့်ဆက်သွယ်သည့် ပြကွက်များမှာလည်း ရိုးနေပြီဟု သူက ယူဆထားသည်။ အခြားနာမည် ကြီးပဉ္စလက်အဖွဲ့များက ဖန်တစ်ရာတေအောင် တင်ဆက်ပြီး ဖြစ်သည်။ ဟူဒီနီကမူ လက်ထိတ်မှလွတ်မြောက်ခန်းပြကွက်ကို အဆန်းထွင်၍ ပြသ လျှင် ပရိသတ် မလွဲမသွေ နှစ်သက်ရမည်ဟု ခံယူထား၏။

ဟူဒီနီသည် ခိုးနှင့်မစ်ဒယ်(လ်)တန်ဇာတ်ရုံကြီးတွင် ချီကာဂိုမြို့မှ စာနယ်ဇင်းသမားများကို ဖိတ်ခေါ်ပြီး သတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ် ခဲ့သည်။ ချီကာဂိုမြို့သမိုင်းတွင် စာနယ်ဇင်းသမားများကို ပဉ္စလက်ဆရာ ကြီးတစ်ဦးက ဖိတ်ခေါ်၍ သတင်းစာသမားများ၊ စာရေးဆရာများအား တွေ့ဆုံသည်မှာ ပထမဆုံးအကြိမ်ဖြစ်သဖြင့် မြို့နေလူထုအဖို့ စိတ်ဝင် စားဖွယ်ဖြစ်လာခဲ့တော့သည်။ ဟူဒီနီကမူ သူငယ်စဉ်ကပင် စနစ်တကျ လေ့ကျင့်ထားခဲ့သည့် လက်ထိတ်ခတ်အနှောင်အဖွဲ့မှ လွတ်မြောက်သည့် ပြကွက်အသစ်အဆန်းတစ်ခုကို ဤဇာတ်ရုံကြီး၌ တင်ဆက်ပြသရန် စီစဉ် ထားကြောင်း၊ လူအများအနေဖြင့် လက်ထိတ်အနှောင်အဖွဲ့မှလွတ်မြောက် ခန်းပြကွက်ဟုဆိုလျှင် ဒါဘာဆန်းသလဲ၊ ယခင်ပဉ္စလက်ဆရာကြီးများ လည်း ဤကဲ့သို့ ပြကွက်များကိုပြသပြီး ပြသဆဲဖြစ်သည်ဟု ဆိုကြမည် ဖြစ်ကြောင်း၊ သူ ယခုပြသမည့် လက်ထိတ်အနှောင်အဖွဲ့မှ လွတ်မြောက် ခန်းပြကွက်မှာ ထိုပဉ္စလက်ဆရာကြီးများ ပြသပြီးပြသဆဲပြကွက်များနှင့် လုံးဝမတူပါကြောင်း၊ သာဓကအားဖြင့် ယခု သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်သည့် ပညာရှင်လူကြီးမင်းများကိုပင် စိန်ခေါ်ရမည်ထင် ကြောင်း၊ သူသည် ချီကာဂိုမြို့ရဲအဖွဲ့၏ အချုပ်အနှောင်မှ လွတ်ရုန်းထွက် နိုင်သည်ကို စာနယ်ဇင်းသမားများ၏ရှေ့မှောက်တွင် ပြသလိုကြောင်း၊ သို့ဖြစ်၍ သူ့အား ချီကာဂိုမြို့ ရဲစခန်းတစ်ခုသို့ခေါ်ဆောင်သွားပြီး ရဲတို့ ၏ အချုပ်အနှောင်ခံစေရန် စီစဉ်ပေးလိုကြောင်း ပြောပြခဲ့သည်။

ဟူဒီနီ စိန်ခေါ်သည့်အချက်ကို ချီကာဂိုမြို့မှာ စောင်ရေအများဆုံး ထွက်ဝေရသော ချီကာဂိုထရီဗြွန်းသတင်းစာကြီး၏ အယ်ဒီတာအဖွဲ့ဝင် တစ်ဦး ခေါင်းဆောင်သော သတင်းစာသမားများက စီစဉ်ဆောင်ရွက်ပေး ရန် ကတိပြုခဲ့ကြသည်။ နောက်တစ်နေ့တွင် ချီကာဂိုမြို့မှထုတ်ဝေသော သတင်းစာကြီးများတွင် ပဉ္စလက်ဆရာဟူဒီနီက ချီကာဂိုရဲအဖွဲ့အား စိန် ခေါ်သည်ဟူသောခေါင်းစဉ်ဖြင့် ယမန်နေ့က ခိုးနှင့်မစ်ဒယ်တန်ဇာတ်ရုံ တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲအကြောင်းအား ဓာတ်ပုံများနှင့်

တကွ ဝေဝေဆာဆာရေးသားဖော်ပြခဲ့သဖြင့် ချီကာဂိုသတင်းစာဖတ်ပရိသတ်အဖို့ စိတ်ဝင်စားဖွယ်သတင်း ဖြစ်လာခဲ့သည်။

ချိန်းဆိုထားသောနေ့တွင် ချီကာဂိုထရီဗြွန်းသတင်းစာကြီးမှ သတင်းထောက်များ၊ အယ်ဒီတာအဖွဲ့ဝင်များ၊ ချီကာဂိုမြို့မှထုတ်ဝေသော အခြားသတင်းစာတိုက်များမှ သတင်းထောက်များ၊ စာနယ်ဇင်းသမားများ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဟူဒီနီနှင့် ဇနီးဖြစ်သူ ဘက်(ခ်) တို့အား ချီကာဂိုမြို့ မြို့မရဲစခန်းသို့ ခေါ်ယူသွားခဲ့ကြသည်။ သတင်းစာကြီးများတွင် ဟူဒီနီ၏ စိန်ခေါ်မှုကို ဖတ်ရှုခဲ့ကြရပြီဖြစ်သဖြင့် ကြုံရခဲသော စိန်ခေါ်ပွဲကို ကြည့်ရှုရန် ချီကာဂိုမြို့လူထုသည် လာရောက် ကြည့်ရှုကြသည်။ ထောင်နှင့်ချီ၍ များပြားလွန်းသောကြောင့် မြို့မရဲစခန်းရှေ့ရှိ စားသောက်ဆိုင်များမှာ လက်မလည်အောင် ရောင်းချရသည်ဟု ဆိုသည်။ တပျော်တပါးကြီး တိုးဝှေ့နေသော ပရိသတ်ထုကြားထဲမှဖြတ်၍ ဟူဒီနီနှင့် ဇနီးဘက်(ခ်)တို့သည် ဖြတ်လျှောက်လာပြီး ဝိုင်းအုံကြည့်နေသော ပရိသတ်ထုကြီးအား လက်ဝှေ့ယမ်းနှုတ်ဆက်ပြရင်း မြို့မရဲစခန်းအတွင်းသို့ စာနယ်ဇင်းသမားများနှင့်အတူ ဝင်ရောက်ခဲ့တော့၏။

ရဲစခန်းအတွင်းမှ ရဲအုပ် အင်ဒရူရိုဟန်၊ ဒုရဲအုပ် ရိုတန်နှင့် စုံထောက်ကြီး ဖရင်း(ခ်)ကိုဘက်(ခ်)တို့က ခရီးဦးကြိုပြုကြသည်။ ဟူဒီနီအား လက်ထိတ်ခတ်အနှောင်အဖွဲ့မှ လွတ်မြောက်အောင်ပြုလုပ်ရန်မှာ သာမန်လူသားတို့ ပြုလုပ်နိုင်သည့်ကိစ္စတစ်ရပ်မဟုတ်ကြောင်း၊ ထို့ပြင် အန္တရာယ်လည်း အလွန်ရှိကြောင်း၊ သူတို့ စုံစမ်းသိရသလောက် အချို့ပဉ္စလက်ဆရာများသည် လက်ထိတ်အနှောင်အဖွဲ့မှ ကင်းလွတ်သည့်ပြကွက်မျိုး ပြသရာတွင် သော့တူကို လျှို့ဝှက်ဖွက်ထားပြီး ထိုသော့တူဖြင့် လက်ထိတ်အနှောင်အဖွဲ့မှ လွတ်ရုန်းထွက်ခြင်းသာဖြစ်သည်ဟု သိရကြောင်း၊ ရဲစခန်းရှိ လက်ထိတ်သော့များမှာ နာမည်ကျော်သော့ကုမ္ပဏီများမှ ပြုလုပ်ထားသော အာမခံသော့များသာဖြစ်ကြောင်း၊ သို့ဖြစ်၍ ဤစိန်ခေါ်ပွဲကို မပြုလုပ်ရန် အတန်တန် တားမြစ်ခဲ့ကြသည်။

ဟူဒီနီကမူ သူ့အား စေတနာ၊ မေတ္တာထား၍ တားမြစ်ကြသော ရဲအရာရှိများအား အထူးကျေးဇူးတင်ပါကြောင်း၊ သူကမူ သူ၏စွမ်းအင်နှင့် နည်းပညာကို ယုံကြည်ထားပါသဖြင့် ဤစိန်ခေါ်ပွဲပြုလုပ်ရခြင်း ဖြစ်ပါကြောင်း ရှင်းပြသည်။

နောက်ဆုံးတွင် ရဲအုပ်ကြီး အင်ဒရူရိုဟန်သည် စာနယ်ဇင်းသမားများနှင့် လူထုရှေ့တွင် ဟူဒီနီအား ခြေဆုံးခေါင်းဆုံး စစ်ဆေးစေသည်။ ဒုရဲအုပ်ရိုတန်ကလည်း ဟူဒီနီ၏တစ်ကိုယ်လုံးကို စစ်ဆေးပြီး ရဲစခန်းအတွင်းမှ လက်ထိတ်နှစ်စုံကိုထုတ်ယူ၍ ဟူဒီနီ၏လက်ကောက်ဝတ်များကို သေသေချာချာ ခတ်ထားလိုက်၏။

ထို့နောက် အလွန်ဆိုးသွမ်းသော လူဆိုးဒုစရိုက်သမားများအား

ခတ်ထားရန် အထူးပြုလုပ်ထားသော အာမခံ သံခြေချင်းနှစ်စုံကိုလည်း ထုတ်ယူလာကာ ရဲစခန်းပြင်ပတွင် စိတ်ဝင်စားစွာ တိုးဝှေ့ကြည့်ရှုနေကြသော ပရိသတ်ထုကြီးအား မြှောက်ပြလာပြန်သည်။ ပရိသတ်ကြီး၏ ဩဘာသံများ၊ လက်ခုပ်သံများ မိုးလုံးညံသွားသည်။ ထို့နောက် စုံထောက်ကြီးနှင့် ဒုရဲအုပ်တို့က ဟူဒီနီ၏ ခြေထောက်များကို သံခြေချင်းဖြင့် ခတ်လိုက်ကြပြန်သည်။ ဟူဒီနီမှာ ခြေထိတ်များ၊ လက်ထိတ်များ ခတ်ထားပြီးဖြစ်၍ လုံးဝ မလှုပ်ရှားနိုင်သော အခြေအနေသို့ ရောက်လာသဖြင့် စုံထောက်ကြီးနှင့် ဒုရဲအုပ်ကြီးတို့က ဟူဒီနီအား ချီမ၍ ရဲစခန်းခန်းမတွင်းသို့ သယ်ယူလာခဲ့ကြရသည်။ ခန်းမအတွင်းရှိ စာနယ်ဇင်းသမားများနှင့် ရဲအုပ်အင်ဒရူတို့ကမူ စိတ်မချမ်းမြေ့သည့်လက္ခဏာဖြင့် ဟူဒီနီအား ငေးမောကြည့်နေကြသည်။

ဟူဒီနီ၏ ပတ်လည်တွင်မူ ထုံးတမ်းစဉ်လာအတိုင်း သတ္တုပိုက်များဖြင့် ဘောင်ခွေထားသော ကတ္တီပါကားလိပ်များ တပ်ဆင်ထားသည့် ကားလိပ်ဖြင့် ကာလိုက်သည်။ ရဲစခန်းအတွင်းရှိ အရာရှိများ၊ စုံထောက်များ၊ ရဲသားများနှင့် စာနယ်ဇင်းသမားများသည် ဟူဒီနီရှိနေသော ကားလိပ်ကိုသာ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေကြသည်။ ရဲစခန်းမတစ်ခုလုံး ကျောချမ်းဖွယ်ကောင်းလောက်အောင် ငြိမ်သက်လျက်ရှိနေတော့သည်။ အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်နေတော့သည်။

လူအားလုံးသည် ခန်းမအတွင်းရှိ နံရံပေါ်မှ တချက်ချက်မြည်နေသော တိုင်ကပ်နာရီကြီးကို လှမ်းကြည့်နေကြ၏။ နှစ်မိနစ်ခန့်ရှိလာသည်။ စောင့်ကြည့်နေသူများအဖို့ နှစ်နာရီဟု ထင်ရသည်။ ရဲစခန်းပြင်ပမှ စောင့်ကြည့်နေသော ပရိသတ်ကြီးကလည်း ငြိမ်၍နေသည်။ ရုတ်တရက် လက်ထိတ်များ၊ သံခြေချင်းများ ကြမ်းပြင်ပေါ်သို့ ကျသွားသည့်မြည်သံကြောင့် စိတ်ချောက်ချားနေသော ရဲအရာရှိများနှင့် စာနယ်ဇင်းသမားများသည် ကတ္တီပါကားလိပ်ကို ဖွင့်ထွက်လာသည့် ဟူဒီနီကို မြင်လိုက်သောအခါ ကြက်သေသေသွားကြတော့သည်။ ဟုတ်မှဟုတ်ပါ့မလားဟု ထင်မိကြသည်။ သတင်းထောက်များအားလုံးနှင့် ဧည့်သည်များအားလုံးမှာ သူတို့မျက်စိများကိုပင် မယုံနိုင်အောင်ဖြစ်ရသည်။ ရဲနှင့်စုံထောက်တို့၏ လက်ထိတ်များ၊ သံခြေချင်းများအားလုံးကို ကြမ်းပြင်ပေါ်တွင် ပုံလျက်အနေအထားတွေ့ရသည်။ ဟူဒီနီ ဤကဲ့သို့ ရုတ်တရက် လွယ်ကူစွာ လက်ထိတ်နှင့် သံခြေချင်းများကို ဖြုတ်ထွက်ပြလိုက်ခြင်းသည် မည်သူမျှ မဖြစ်နိုင်ဟု ယူဆထားသည်။

ဟူဒီနီသည် လက်ကိုဝှေ့ယမ်း၍ပြလိုက်သည်နှင့် သတိဝင်လာသော စာနယ်ဇင်းသမားများသည် လက်ခုပ်ဩဘာပေးလိုက်ကြသည်နှင့် ပြင်ပတွင် ရပ်စောင့်နေကြသော ရာပေါင်းများစွာသော ပရိသတ်ကြီးကလည်း ဩဘာပေးကြသည်။

အမေရိကန်ပြည်ထောင်စု ပဥ္စလက်ပညာရှင်များသမိုင်းတွင် ရဲနှင့်စုံထောက်တို့အား စိန်ခေါ်၍ လက်ထိတ်နှင့် သံခြေချင်းအနှောင်အဖွဲ့မှ စက္ကန့်ပိုင်းအတွင်း လွတ်အောင်ထွက်ပြသူမှာ ဟယ်ရီဟူဒီနီတစ်ယောက်တည်းသာ တွေ့ဖူးကြောင်း၊ သူ့လက်နှင့် ခြေထောက်များသည် လူသာမန်တို့ ခြေနှင့်လက်နှင့်မတူ။ အလွန်မာကျောသော သစ်သားများနှင့်သာတူကြောင်း၊ သူ့လက်နှင့် ခြေတို့တွင် မည်သည့်ဒဏ်ရာ အနာတရမှမတွေ့ရကြောင်းကို ရဲအုပ်အင်ဒရူက စာနယ်ဇင်းသမားများအား ရှင်းပြခဲ့သည်။

နောက်နေ့တွင်ထုတ်ဝေသော ချီကာဂိုထရီဗြွန်းသတင်းစာကြီးတွင် **လက်ထိတ်ကေရာဇ်ဟူဒီနီ** ဟူသော စိတ်ဝင်စားဖွယ် ခေါင်းစဉ်အောက်မှ ဟူဒီနီသည် စက္ကန့်ပိုင်းအချိန်အတွင်း ရဲနှင့်စုံထောက်အရာရှိကြီးကိုယ်တိုင် အာမခံလက်ထိတ်များနှင့် ခြေချင်းများ ချုပ်နှောင်ထားမှုမှ လွတ်ကင်းအောင် ပြုလုပ်နိုင်ခြင်းသည် အံ့ဖွယ်သရဲဖြစ်ကြောင်း၊ သာမန်မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ ပြုလုပ်နိုင်မည်မဟုတ်ကြောင်း ရေးသား ဖော်ပြထားသည်။ ချီကာဂိုမြို့မှ စောင်ရေအများဆုံးထုတ်ဝေသော (The Chicago Journal) ချီကာဂိုဂျာနယ်ကြီးကမူ မျက်နှာဖုံးတွင် ဟူဒီနီအား ရဲအုပ် မစ္စတာအင်ဒရူနှင့် ဒုရဲအုပ်ကြီး ရိုတန်တို့နှစ်ဦးက အာမခံလက်ထိတ်များခတ်နေသော ဓာတ်ပုံကိုဖော်ပြ၍ ကမ္ဘာပေါ်တွင် မည်သူမျှမလုပ်ဘူးသော လုပ်ရပ်ဆန်းတစ်ခုကို အသက်နှစ်ဆယ်ကျော်မျှသာရှိသော ပဥ္စလက်ဆရာကလေး ဟယ်ရီဟူဒီနီက လက်တွေ့အကောင်အထည်ဖော်သွားခဲ့လေပြီဟု စိတ်ဝင်စားဖွယ်ခေါင်းစဉ်အောက်မှ ဟူဒီနီ၏ ရဲနှင့် စုံထောက်တို့အား စိန်ခေါ်ပွဲဖြစ်စဉ်တို့ကို အသေးစိတ် ရေးသား ဖော်ပြခဲ့ကြသည်။ အခြားဒေသခံသတင်းစာများကလည်း ထိုဖြစ်ရပ်ဆန်းကိုပင် စိတ်ဝင်စားဖွယ်ခေါင်းစဉ်များတပ်ကာ ချဲ့ထွင်ရေးသားခဲ့ကြသဖြင့် ဟယ်ရီဟူဒီနီမှာ လက်ထိတ်ဧကရာဇ်ဟု ဟိုးဟိုးကျော်လာခဲ့ရတော့၏။

ထိုနေ့ညတွင် ချီကာဂိုမြို့ ခိုးနှင့်မစ်ဒယ်(လ်)တန်ဇာတ်ရုံကြီးတွင် ဟူဒီနီသည် ရဲနှင့် ပရိသတ်တို့အား စိန်ခေါ်ပွဲကျင်းပမည်ဟု ကြေညာချက်ထုတ်ထားသဖြင့် ချီကာဂိုမြို့သူမြို့သားအများသည် ကြုံရခဲသော ပြပွဲဆန်းတစ်ခုကိုရှုစားရန် ညနေ (၅)နာရီခန့်ကပင် ဇာတ်ရုံကြီးရှေ့သို့ ရောက်ရှိလာကြသည်။ ပရိသတ်များမှာ ထောင်နှင့်ချီ၍ များပြားလွန်းသောကြောင့် အုပ်ချုပ်ရေးအာဏာပိုင်များ၏ မေတ္တာရပ်ခံချက်အရ ရုံကြီး၏တံခါးများကို ဖွင့်ပေးလိုက်ရသည်။ သတ်မှတ်သည့်အချိန်ရောက်သည်နှင့် ဟယ်ရီဟူဒီနီသည် ဇာတ်စင်ပေါ်သို့တက်ခဲ့ပြီး ပရိသတ်ထဲမှ လည်းကောင်း၊ လာရောက်ကြည့်ရှုသူ ရဲအရာရှိများနှင့် စုံထောက်များထဲမှ သူ့ကို လက်ထိတ်ခတ်၊ သံခြေချင်းခတ်လိုသူများရှိပါက ဇာတ်စင်ပေါ်သို့ ကြွရောက်ကြပါရန် ဖိတ်ခေါ်လိုက်တော့၏။

လာရောက်ကြည့်ရှုသူ ပရိသတ်သည် ဟယ်ရီဟူဒီနီနှင့် မည်သို့မျှ

ပတ်သက်သူများ မဟုတ်ကြ။ ကြိုတင် စကားကမ်းလှမ်းထားခြင်းလည်း မဖြစ်နိုင်။ ခတ်ရမည့်လက်ထိတ်များ၊ ခြေချင်းများမှာလည်း ဟူဒီနီ ကိုယ်ပိုင်မဟုတ်သဖြင့် ကြိုတင် ပြုပြင်ထားခြင်းလည်း မဖြစ်နိုင်။

ပွဲကြည့်ပရိသတ်ကြီးကမူ ဟယ်ရီဟူဒီနီ၏ စိန်ခေါ်မှုကို တအံ့တဩဖြစ်သွားသည်။ ဆူဆူညံညံဖြစ်နေသော ပြပွဲလာပရိသတ်အားလုံးသည် မီးကို ရေနှင့်ငြိမ်းသတ်သကဲ့သို့ဖြစ်သွားပြီး အပ်ကျလျှင်ပင် အသံကြားလောက်အောင် ငြိမ်သက်သွားသည်။ သုံးလေးမိနစ်ကုန်သွားသော်လည်း ပရိသတ်ထဲမှ တုတ်တုတ်မျှမလှုပ်။ ဤသို့ ငြိမ်သက်နေစဉ် ရဲသည်တော်များထဲမှ တပ်ကြပ်ကြီးဝါ(လ်)ဒရန်နှင့် ရဲသားတစ်ဦးတို့သည် သူတို့တွင်ပါလာသော လက်ထိတ်များနှင့် သံခြေချင်းများကိုကိုင်ကာ ဇာတ်စင်ပေါ်သို့တက်လာသဖြင့် တိုးဝှေ့နေသော ပရိသတ်ကြီးသည် လက်ခုပ်လက်ဝါးတီး၍ တစ်ခဲနက်ဩဘာပေးခဲ့ကြသည်။

ရဲတပ်ကြပ်ကြီးနှင့် ရဲသားတို့သည် ပွဲကြည့်ပရိသတ်များကို လည်းကောင်း၊ ပရိသတ်များထဲမှ ရွေးထားသော ဟူဒီနီအား စုံစမ်းစစ်ဆေးမည့် ပုဂ္ဂိုလ်များကိုလည်းကောင်း သူ့ကိုယူဆောင်လာသော လက်ထိတ်များ၊ ခြေချင်းများကို ပြသကြသည်။ လက်ထိတ်များ၊ သံခြေချင်းများမှာ နာမည်ကျော် ယေး(လ်)အာမခံသော့များပြုလုပ်သော ကုမ္ပဏီများမှ ပြုလုပ်ခြင်းဖြစ်ပြီး ရဲနှင့် စုံထောက်တို့အတွက် အထူးပြုလုပ်ထားသော လက်ထိတ်များ၊ သံခြေချင်းများသာ ဖြစ်သည်။ ပွဲကြည့်ပရိသတ်ကြီးမှာ ထူးထူးခြားခြား လှုပ်လှုပ်ရွရွဖြစ်လာပြီး အုတ်အော်သောင်းတင်းဖြစ်လာသည်။

ရဲတပ်ကြပ်ကြီး ဝါ(လ်)ဒရန်သည် ဟူဒီနီ၏လက်နှစ်ဖက်ကို လက်ထိတ်မခတ်မီ ဟူဒီနီ၏ တစ်ကိုယ်လုံးကို သော့တူများဝှက်ထားခြင်း ရှိမရှိ သေသေချာချာ ရှာသည်။ ကြည့်နေသော ပွဲကြည့်ပရိသတ်သည် ပထမတွင် လှုပ်လှုပ်ရွရွဖြစ်လာပြန်သည်။ အချို့ကမူ ပြုံးနေကြသည်။ သေသေချာချာ နှိုက်နှိုက်ချွတ်ချွတ်ရှာ၍ မည်သည့် သက်ာမကင်းဖွယ် ပစ္စည်းမျှ မတွေ့ရပါကြောင်း ကြေညာလိုက်သည်နှင့် အပြုံးရပ်သွားသည်။ ဟူဒီနီကိုလည်း အံ့ဩခြင်း၊ လေးစားခြင်း၊ နားမလည်နိုင်ခြင်းအတိပြည့်နေသော မျက်နှာများဖြင့် စူးစိုက်ကြည့်နေကြ၏။

ဟူဒီနီကမူ မည်သူမျှ စွမ်းဆောင်နိုင်ခြင်းမရှိသော စွမ်းဆောင်မှုကြီးကို ဆောင်ရွက်တော့မည့် သူရဲကောင်းတစ်ဦးနှင့် တူနေသည်။ ရဲတပ်ကြပ်ကြီးနှင့် ရဲသားတို့သည် ဟူဒီနီ၏လက်များကို နောက်ပြန်လက်ထိတ်ခတ်သည်။ သံခြေချင်းများကိုခတ်ပြီးသည်နှင့် ကားလိပ်ကာဖုံးထားသော သံပိုက်ဘောင်ခွေကို တပည့်များက မ,ယူလာပြီး သံခြေချင်းအထပ်ထပ် လက်ထိတ်အသွယ်သွယ် လှုပ်မရအောင်ခတ်ထားသော ပဥ္စလက်ဆရာ ဟူဒီနီကို ဖုံးအုပ်လိုက်သည်။

ရဲတပ်ကြပ်ကြီးဝါ(လ်)ဒရန်နှင့် ရဲသားတို့ကမူ သူတို့တာဝန်ဝတ္တ

ရားကို ကျေပွန်စွာဆောင်ရွက်ပြီးပြီဟု ယူဆထားဟန် ရှိသည်။ စိန်ခေါ် သူ ဟူဒီနီ မည်သည့်နည်းနှင့်မျှ သူတို့၏ အာမခံလက်ထိတ်သော့များနှင့် သံခြေချင်းအနှောင်အဖွဲ့မှ လွတ်မြောက်နိုင်လိမ့်မည်မဟုတ်ဟု ယူဆထားသည်။ ချီကာဂိုမြို့ စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များကလည်း အပွဲပွဲနွှဲခဲ့သော ဟူဒီနီသည် ယခုအချိတွင် အရှုံးကြီးရှုံးရပေတော့မည်ဟု ယူဆထားသည်။ ဟူဒီနီ၏ပြိုင်ဘက် ပဥ္စလက်ဆရာများအား ရင်းနှီးသူများကမူ ဟူဒီနီအပြောကြီး၍ အပွဲပွဲနွှဲခဲ့သမျှ ဒီတစ်ချိတွင် မလွဲမသွေရှုံးရမည်၊ မလွဲကေန်ဖြစ်ပြီဟု တွက်ဆထားသည်။ တေးဂီတအဖွဲ့ကလည်း စိတ်လှုပ်ရှားဖွယ်၊ စိတ်ချောက်ချားဖွယ် တေးသံစဉ်များကို တီးမှုတ်တော့သည်။

ရဲတပ်ကြပ်ကြီး ဝါ(လ်)ဒရန်ကမူ သူ့လက်ပတ်နာရီကို အကြိမ်ကြိမ် ကြည့်မိသည်။ နှစ်မိနစ်၊ သုံးမိနစ်ခန့် ကြာလာသည်။ ပွဲကြည့်ပရိသတ်အဖို့ အရှည်ကြာဆုံး မိနစ်များဟု ထင်နေရသည်။ ဇာတ်စင်ပေါ်ရှိ ကားလိပ်ကာဖုံးထားသော သံပိုက်ဘောင်ခွေအနီးတွင် ဘက်(ခ်)ကမူ သူ့ခင်ပွန်း အနှောင်အဖွဲ့မှ ရုတ်တရက် လွယ်ကူစွာ ဖြုတ်ထွက်လာမည့် အချိန်ကိုမျှော်မိသည်။ စက္ကန့်မှ မိနစ်ပြောင်းလာသည်နှင့်အမျှ စိတ်သောကရောက်လာသည်။ သူ့ခင်ပွန်းဖြစ်သူ ဟူဒီနီ စိန်ခေါ်သည့်ပြကွက်ကို အောင်မြင်ပေါက်ရောက်စွာ ပြသနိုင်ပါတော့မည်လောဟု စိုးရိမ်သောကရောက်လာတော့သည်။

ဟူဒီနီအား မလိုလားသူအများကမူ -

"ဟေ့- ဟူဒီနီ၊ ထွက်ခဲ့ပါလား"

"လူလိမ်လူညာဟေ့"

ဟု သရော်လှောင်ပြောင်ကြသည်။

ရဲကြပ်ကြီး ဝါ(လ်)ဒရန်ကလည်း အောင်မြင်သောအပြုံးဖြင့် လက်ထိတ်ဝိဇ္ဇာ၊ လက်ထိတ်ကေရာဇ်ဟု စာနယ်ဇင်းများက ကင်ပွန်းတပ်ထားသော ဟူဒီနီတစ်ယောက် သေသေချာချာ ရှုံးခဲ့လေပြီဟု မှတ်ယူလိုက်သည်။ ပရိသတ်ကြီးက လှုပ်လှုပ်ရွရွဖြစ်လာသည်။ ဆူဆူပူပူ အော်ဟစ်လာသည်။ ဤသို့အတွင်း ဇာတ်စင်ကြမ်းပြင်ပေါ်သို့ လက်ထိတ်များ၊ သံခြေချင်းများ ကျသွားသည့်အသံ ကြားလိုက်ရပြီး ဟူဒီနီသည် ကတ္တီပါကားလိပ်ကိုမ,ပြီး ထွက်လာခဲ့သည်။

ရဲကြပ်ကြီးဝါ(လ်)ဒရန်သည် ကြက်သေသေသွားတော့၏။ ဟုတ်မှဟုတ်ပါ့မလားဟု ထင်သည်။ သူ့မျက်စိအမြင်မှားခြင်းလော၊ ဆူပူအော်ဟစ်နေသော ပရိသတ်ကြီးသည် ရုတ်တရက် မီးအား ရေနှင့်သတ်လိုက်သကဲ့သို့ ငြိမ်ကျသွားတော့သည်။ ဟူဒီနီသည် သူ့လက်ကို ဝှေ့ယမ်းပြလိုက်သည်နှင့် ပရိသတ်ကြီးမှာ အုတ်အော်သောင်းတင်းဖြစ်သွားသည်။ ပွဲကြည့်ပရိသတ်များအားလုံး လက်ဖျားခါ စုတ်သတ်ကုန်ကြတော့သည်။ ဟူဒီနီ ကတ္တီပါကားလိပ်အတွင်းဝင်ချိန်မှနေ၍ ထွက်လာချိန်အထိ

သုံးမိနစ်ခန့်သာကြာသည်။ ရဲတပ်ကြပ်ကြီးနှင့် ရဲသားတို့သည် ဟူဒီနီချွတ်ထားသော လက်ထိတ်များ၊ သံခြေချင်းများကို ယူလိုက်ကြပြီး ပရိသတ်မြင်သာအောင် မြှောက်ပြလိုက်သည်နှင့် ပရိသတ်၏ ဩဘာသံကြီးမှာ မစဲတော့။ ဤမျှ တိုတောင်းသောအချိန်အတွင်း အာမခံလက်ထိတ်များ၊ ခြေချင်းများကို ဖြုတ်နိုင်သည်မှာ သာမန်လူသားတစ်ဦးမှ ဟုတ်ပါလေစ။ မှော်ပညာ သို့မဟုတ် လောကီနည်းဖြင့် လွတ်မြောက်အောင် ပြုလုပ်ခဲ့ခြင်းလော။

ရဲတပ်ကြပ်ကြီးသည် ဟူဒီနီ၏လက်များ၊ ခြေထောက်များကို သေသေချာချာ စစ်ဆေးကြည့်ရှုပြန်သည်။ ဟူဒီနီတွင် မည်သည့် ပွန်းပဲ့သည့်ဒဏ်ရာမှ မတွေ့ရ။ ဟူဒီနီကမူ သူ ဤကဲ့သို့ အံ့ဖွယ်သရဲ လက်ထိတ်နှင့် သံခြေချင်းများ၏ အနှောင်အဖွဲ့မှ လွတ်ထွက်နိုင်ခြင်းမှာ သူ၏ အချိန်ကုန်လူပင်ပန်းခံပြီး ဇွဲကောင်းကောင်းနှင့် ယင်းပြကွက်ကို လေ့ကျင့်ခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း ရှင်းပြသည်။ သို့သော် ပရိသတ်ကြီးက မယုံနိုင်။

ထိုစဉ်က အမေရိကန်ပြည်ထောင်စု၏ တစ်ခုတည်းသော စုံထောက်နှင့် ရဲသတင်းလွှာ " The National Detective Police Review" တွင်မူ ပဋ္ဌလက်ဆရာ ဟူဒီနီနှင့် ချီကာဂိုရဲအဖွဲ့တို့ စိန်ခေါ်ပွဲအကြောင်း အသေးစိတ်ကို ဓာတ်ပုံများနှင့် ဝေဝေဆာဆာ ဖော်ပြပေးခဲ့သည်။ ဤသတင်းလွှာပါ အချက်အလက်များကို အခြေခံ၍ အခြားဒေသခံသတင်းစာများက ချဲ့ထွင်ရေးသားခဲ့ကြသဖြင့် ဟူဒီနီ၏ ပွဲစဉ်များမှာ ကြိတ်ကြိတ်တိုး လူစည်ကားလာခဲ့သည်။ ချီကာဂိုမြို့မှ ၁၈၉၉ ခုနှစ်၊ ဇန်နဝါရီလထုတ် (Chicago Journal) ချီကာဂိုဂျာနယ် မျက်နှာဖုံးတွင်မူ ဟူဒီနီအား ရဲအရာရှိက လက်ထိတ်ခတ်နေပုံနှင့် အခြားရဲတစ်ယောက်က သံခြေချင်းခတ်နေပုံ ဓာတ်ပုံများအား ဖော်ပြပြီး 'လက်ထိတ်ဝိဇ္ဇာနှင့် လက်ထိတ်ကရာဇ်ဟူဒီနီ' ဟု စီးစီးပိုင်ပိုင်ရှိလှသော စာလုံးများဖြင့် တခမ်းတနား ချီးမွမ်းရေးသားဖော်ပြခဲ့ခဲ့၏။

ဟူဒီနီအဖို့ အမေရိကန်ပြည်ထောင်စု၏ အောင်မြင်ပေါက်ရောက်သော ထိပ်တန်းပဋ္ဌလက်ဆရာတစ်ဦး ဖြစ်လာခဲ့ရ၏။ သူ့တစ်ညတာရရှိသည့် ဝင်ငွေမှာလည်း ပထမတန်း ထိပ်သီးပဋ္ဌလက်ဆရာတစ်ဦးရသည့် ညကြေးများရခဲ့သည်။ ဟူဒီနီကား တစ်မုဟုတ်ချင်း ဟိုးဟိုးကျော်ခဲ့ပြီ ဖြစ်တော့သည်။ ဤမြို့တွင် ဟူဒီနီအတွက် အံ့ဖွယ်အတွေ့အကြုံတစ်ခု တွေ့ရသည်။ ယင်းအတွေ့အကြုံမှာ သူ ချီကာဂိုမြို့တော် ကျက်သရေဆောင်ခိုးနှင့်မစ်ဒယ်(လ်)တန်ဇာတ်ရုံကြီးတွင် 'ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူ' ဟူသောပြကွက်နှင့် 'လက်ထိတ်ဝိဇ္ဇာ၏စိန်ခေါ်ပွဲ' ပြကွက်များ တင်ဆက်အပြီးတွင် ချီကာဂိုမြို့မှ နာမည်ကျော် လောင်းကစားသမားနှစ်ဦး သူ့အားလျှို့ဝှက်စွာ လာရောက်တွေ့ဆုံကြပြီး ချီကာဂိုမြို့မှ နာမည်ကျော် လောင်းကစားရုံအား လျှို့ဝှက်စွာ ဖောက်ထွင်းဝင်ရောက်ပြီး ထိုလောင်းကစားရုံ

အတွင်းမှ ဖဲထုပ်များအား မှတ်သားပေးပါက ဆုငွေ ထိုက်ထိုက်တန်တန် ပေးမည်ဟု ပြောကြားခဲ့သော်လည်း ဟူဒိနီက ငြင်းဆိုခဲ့၏။

သို့သော် လောင်းကစားသမားများသည် ဟူဒိနီတို့ဇနီးမောင်နှံ တည်းခိုနေသော ဟိုတယ်သို့ ရုပ်ဖျက်လာရောက်ခဲ့ကြပြီး ဟူဒိနီအား သေနတ်ဖြင့်ချိန်၍ လောင်းကစားရုံရှိရာသို့ ခေါ်ဆောင်သွားခဲ့ကြ၏။ လောင်းကစားရုံကြီး၏ နောက်ဘက်တံခါးသော့ကို ဟူဒိနီအား သေနတ်ဖြင့်တေ့၍ ဖွင့်ခိုင်းခဲ့စဉ် ဟူဒိနီနှင့် ရုတ်တရက် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး ဟူဒိနီ၏ လက်ဝဲဘက်အား သေနတ်ထိမှန်ခဲ့ရသည်ဟု ဆိုသည်။ ထိုဒဏ်ရာမှာ အနည်းငယ်သာထိခိုက်သဖြင့် သူ၏ပြပွဲစဉ်များကို ထိခိုက်ခြင်း မရှိခဲ့ပေ။ အကြမ်းဖက် လောင်းကစားသမားနှစ်ဦးအားလည်း ရဲနှင့် စုံထောက်တို့က ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ ထိုဖြစ်စဉ်ထူးကိုလည်း သတင်းစာများက အကျယ်တဝင့် ရေးသား ဖော်ပြခဲ့သဖြင့် ဟူဒိနီအဖို့ နာမည်ကြီးရန် အခွင့်အလမ်းရသွားခြင်းတစ်ရပ် ဖြစ်တော့၏။

❐

## (၆)

ဟူဒီနီအဖို့ ကံကောင်းသည်ဟု ဆိုရပေတော့မည်။ သူနှင့်ဘက်(ခ်)တို့သည် မီနီဆိုတာပြည်နယ် စိန့်ပေါ(လ်)မြို့ရှိ နာမည်ကြီးဟိုတယ်တစ်ခုတွင် ခေတ္တတည်းခိုနေစဉ် ညနေထုတ် သတင်းစာတစ်စောင်၌ စိန့်ပေါ(လ်)မြို့ အကျဉ်းထောင်မှ နာမည်ကြီးအကျဉ်းသမားတစ်ယောက် တရားရုံးသို့ တရားဆိုင်ရန်ထုတ်ယူလာသည်။ အာမခံလက်ထိတ်ခတ်ထားသော ထိုအကျဉ်းသား လွတ်မြောက်သွားကြောင်း ဖော်ပြထားသည်ကို ဖတ်ရှုခဲ့ရတော့သည်။ ရဲနှင့် စုံထောက်တို့သည် စိန့်ပေါ(လ်)တစ်မြို့လုံးရှိ မီးရထားနှင့် မော်တော်ကားဆိပ်များ၊ တည်းခိုခန်းများ၊ ဟိုတယ်များအား ခြေရာထပ်မျှ ရှာဖွေခဲ့ကြသည်။ ထွက်ပြေးလွတ်မြောက်သွားသော အကျဉ်းသားမှာ အာမခံလက်ထိတ်ခတ်ထားသဖြင့် သူ မည်သည့်နည်းဖြင့်မျှ ထိုလက်ထိတ်မှ လွတ်မြောက်အောင်ပြုလုပ်နိုင်ရန် မလွယ်ဟု ရဲနှင့် စုံထောက်တို့က ယူဆထား၏။

သူ ပွဲစဉ်ပြသည့် ညနေ (၃)နာရီ (၃၀)မိနစ်ခန့်တွင် ဟူဒီနီသည် ဇာတ်ရုံအတွင်းရှိ အဝတ်အစားများလဲသော အခန်းတွင်းသို့ ဝင်သွားသည်နှင့် လူနှစ်ဦးနှင့် လက်ထိတ်ခတ်ထားသောလူတစ်ဦး လုံးထွေးသတ်ပုတ်နေသည်ကို တွေ့ရတော့၏။ ဟူဒီနီသည် ထိုလက်ထိတ်ခတ်ထားသောသူအား လွယ်လွယ်နှင့် ဖမ်းပေးလိုက်နိုင်သည်။ ထိုလက်ထိတ်ခတ်ထားသော အကျဉ်းသားအား ဖမ်းဆီးသူများမှာ စုံထောက်နှစ်ယောက် ဖြစ်နေသည်။ ရဲနှင့် စုံထောက်တို့ကမူ လက်ထိတ်ခတ်ထားသော အကျဉ်းသားသည် လက်ထိတ်အနှောင်အဖွဲ့မှ လွတ်မြောက်ရန်အတွက် မလွဲမသွေ လက်ထိတ်ပိဋ္ဋကာ ဟူဒီနီထံသို့ လာရောက်ရမည်ဟု ကောက်ချက်ချထားပြီး ဇာတ်ရုံဝမှ စောင့်နေစဉ် လူဆိုးနှင့် ရင်ဆိုင်တွေ့ရခြင်း ဖြစ်ပေသည်။

မတ်လတွင် အိုမဟာမြို့ မြို့မဇာတ်ရုံကြီးတွင် ဟူဒီနီ၏ ပဥ္စလက်ပွဲ တင်ဆက်ပြသနေစဉ် မစ္စတာမာတင်ဘက်ဆိုသူ ဇာတ်ရုံပိုင်ရှင်နှင့်

ပြပွဲကန်ထရိုက်တာကြီးက လာကြည့်သည်။ ဟူဒီနီ၏ ပြပွဲအခမ်းအနား အစီအစဉ်ကအစ အသေးစိတ်လေ့လာသည်။ ပြပွဲလာပရိသတ်တို့ပြောသံများကိုလည်း နားထောင်သည်။ မာတင်ဘက်မှာ ထိုစဉ်က အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းပြည်နယ်များရှိ ပြပွဲရုံများ၊ ဇာတ်ရုံများကို ချုပ်ကိုင်ထားသည့် ကန်ထရိုက်တာကြီး ဖြစ်၏။ သူပိုင်ဇာတ်ရုံမှာ ချီကာဂိုမြို့တွင်ရှိပြီး အမေရိကန်ပြည်ထောင်စုအနောက်ပိုင်းပြည်နယ် မြို့များရှိ ပြဇာတ်ရုံအချို့ကို နှစ်ပေါက်စာချုပ်ဖြင့် ငှားရမ်းထားသူ ဖြစ်၏။ အမေရိကန်ပြည်ထောင်စု ဆပ်ကပ်ပြပွဲလောကနှင့် ပဉ္စလက်ပြပွဲလောကကို ဦးဆောင်နေသူဟု သတင်းကြီးနေသူ ဖြစ်သည်။

မာတင်ဘက်သည် နောက်နေ့ ဟူဒီနီ၏ ပဉ္စလက်ပွဲသို့ လာရောက်ကြည့်ရှုခဲ့ပြန်သည်။ ဤအချိတွင်မူ မာတင်ဘက်သည် လက်ချည်းသက်သက်မဟုတ်။ သူ သေသေချာချာဝယ်ယူထားသည့် လက်ထိတ်သုံးခုယူလာပြီး ပြပွဲပြီးသည်နှင့် ဇာတ်စင်နောက်တွင် ဟူဒီနီ၏လက်များအား သူကိုယ်တိုင် လက်ထိတ်ခတ်သည်။ ဟူဒီနီကမူ မာတင်ဘက်ရှေ့တွင် လက်ထိတ်အနှောင်အဖွဲ့များမှ ရှင်းရှင်းလင်းလင်းထွက်ပြခဲ့၏။ ပဉ္စလက်ဆရာပေါင်းစုံ ကျင်လည်နေသော မာတင်ဘက်အဖွဲ့ ထိုကဲ့သို့ လက်ထိတ်အနှောင်အဖွဲ့မှ လွတ်ပြသည့်ပြကွက်များကို ကြည့်ခဲ့ဖူး၏။ ပဉ္စလက်ပြပွဲကန်ထရိုက်လုပ်ခဲ့သည်မှာ အံ့တိုလှပြီ ဖြစ်၏။ သို့သော် ဟူဒီနီတစ်ယောက် မာတင်ဘက်ပိုင် လက်ထိတ်အနှောင်အဖွဲ့များမှ လွတ်အောင်ထွက်ပြပုံကိုမူ သူ့အဖို့ တအံ့တဩဖြစ်ရတော့သည်။ သူကိုယ်တိုင် နှုတ်မှဖွင့်ဟချီးကျူးခဲ့ပြီး သူပိုင် နယ်လှည့်အော်ဖီယန်ဇာတ်အဖွဲ့တွင် ဟူဒီနီအားရက်သတ္တပတ်တစ်ပတ်လျှင် ဒေါ်လာ (၆၀)ဖြင့် ပဉ္စလက်ပညာပြခန်းပြသရန် ကမ်းလှမ်းသည်။

သို့သော် မာတင်ဘက်က သူ့နယ်လှည့်ပြပွဲသဘင်တွင် အချို့ပဉ္စလက်ကွက်များ ဥပမာ - ဖဲချက်လိမ်သည့်နည်းများကို လျှော့ပြပြီး ဟူဒီနီ၏ ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူဟူသော ပြကွက်နှင့် လက်ထိတ်ခတ်ခြင်းမှ လွတ်မြောက်ခြင်း ဟူသော ပြကွက်နှစ်မျိုးကိုသာ အဓိကထား၍ ပြသရန် အရေးဆိုသည်။ ဟူဒီနီသည် မိမိကိုယ်မိမိ ပရိသတ်အများအပျင်းတော်ပြေစေရန် ဖျော်ဖြေပေးသော အနုပညာရှင်တစ်ဦးသာ ဖြစ်သည်ဟု မည်သည့်အခါမျှ ယူဆထားသူ မဟုတ်ပါ။ ပဉ္စလက်ပညာသည် အနုပညာတစ်ရပ်သာဖြစ်သည်ဟု ယုံကြည်ထားသည်။ သူမျှော်မှန်းထားခဲ့သည်မှာ ကမ္ဘာကျော်ပဉ္စလက်ဆရာကြီးတစ်ယောက် ဖြစ်ရေးသာ ဖြစ်သည်။ သူ့ပဉ္စလက်ပညာကိုလည်း လူအများ အထင်အမြင်သေးမည်ကို စိုးရိမ်သည်။

မာတင်ဘက်ပေးသော ရက်သတ္တပတ် တစ်ပတ်လျှင် ဒေါ်လာ (၆၀) ဆိုသည်မှာ ထိုစဉ်က မည်သည့် ပဉ္စလက်ဆရာမျှ မရသေးသော

ညဏ်ပူဇော်ခ ဖြစ်၏။ ထိုစဉ်က နာမည်ကျော်ကြား လူသိများနေသော တော်ဖီဟန်နယ်လှည့်ပြပွဲသဘင်နှင့် တွဲဖက်ပြသရမည့် အခွင့်အရေးကို လက်လွှတ်မခံလို။ သို့ဖြစ်ရကား ဇနီးဖြစ်သူ ဘက်(ခ်)ကို သူ့လက်ထောက် အဖြစ်ထားခဲ့ပြီး သူ့ကိုယ်သူ 'လက်ထိတ်ဧကရာဇ်ကြီးဟူဒီနီ' ဟု ကင်ပွန်း တပ်ခဲ့ပြီး အော်ဖီယန်နယ်လှည့်ပြပွဲသဘင်နှင့် တွဲဖက်၍ ခရီးထွက်ခဲ့သည်။ ဟူဒီနီ၏ ကျော်ကြားမှုမှာ အံ့မခန်းဖြစ်ခဲ့သည်။

သူရောက်လေသည့်မြို့တိုင်းမှ ထုတ်ဝေသော ဒေသခံသတင်းစာ များတွင် သူ၏ ရုပ်လွှဲနာမ်လွှဲနိုင်သူနှင့် လက်ထိတ်ဧကရာဇ်၏ စွမ်းဆောင်ချန်း များမှာ ပရိသတ်အကြိုက် ဖြစ်ခဲ့ရသည်။ ရောက်လေရာတွင် စိန်ခေါ်ပွဲ များနှင့် ကြုံခဲ့ရသည်။ ဟူဒီနီသည် သူနှင့် ခေတ်ပြိုင် ပဥ္စလက်ဆရာများ ဖြစ်ကြသော အလက်ဇန္ဒားဟာမင်နှင့် ဟယ်ရီကယ်(လ်)လာတို့၏ ပျော့ ကွက်ဟာကွက်များကို မည်သည့်အခါမျှ ထုတ်မပြော။ ဝေဖန်ခြင်းလည်း မပြုလုပ်။ ရှုတ်ချခြင်းကိုလည်း တတ်နိုင်သမျှ ရှောင်ရှားသည်။

မြို့ငယ်တစ်မြို့တွင်ပြသသည့် ပြပွဲတစ်ခုတွင် ဒေသခံစီးပွားရေး သမားငါးယောက်တို့သည် သော့ဝိဇ္ဇာများကိုယ်တိုင် မိနစ် (၆၀) တိတိ ကြာမြင့်အောင် ဖွင့်ရသည့် လက်ထိတ်တစ်စုံကို ယူဆောင်လာခဲ့ပြီး ဟူဒီနီ အား စိန်ခေါ်ခဲ့ကြသည်။ ဟူဒီနီကလည်း ထိုစိန်ခေါ်ပွဲကို လွယ်လွယ်ကူကူ နှင့် လက်ခံသည်။ ဒေသခံပဥ္စလက်ဆရာများကမူ ဟူဒီနီတစ်ယောက် အပွဲပွဲနွှဲခဲ့သမျှ ဤတစ်ချီတွင် ခံရပေတော့မည်ဟု သေသေချာချာ တွက် ထားသည်။ ထိုပြပွဲအား မြို့နေလူထုက ရုံလျှံအောင် တက်ရောက်အားပေး ကြည့်ရှုခဲ့ကြသည်။ စိန်ခေါ်သူ မြို့မိမြို့ဖငါးယောက်နှင့် ဒေသခံ ပဥ္စလက် ပညာရှင်များသည် ဇာတ်စင်ပေါ်သို့တက်၍ ပရိသတ်အား သူတို့ ယူ ဆောင်လာသည့် လက်ထိတ်ကို ပြသခဲ့ကြပြီး ဟူဒီနီကို ထိုလက်ထိတ် များဖြင့် ခတ်ခဲ့ကြသည်။

ဟူဒီနီကမူ မည်သည့်စိန်ခေါ်ပွဲကိုမျှ ပေါ့ပေါ့ဆဆမထား။ သတိ လက်မလွတ်ကြိုးစားပြီး လွတ်ထွက်ပြလိုက်သည်နှင့် ပရိသတ်အားလုံးနှင့် စိန်ခေါ်သူများမှ ကြက်သေသေသွားသည်။ ဟူဒီနီ ဤလက်ထိတ်အနှောင် အဖွဲ့မှ လွတ်ထွက်အောင်ပြသသည့်အချိန်မှာ လေးမိနစ်သာကြာမြင့်ခဲ့ သည်ဟု ဆို၏။

မာတင်ဘက်သည် ဟူဒီနီ၏ ပဥ္စလက်ပွဲစဉ်များမှ ဆို့ဆို့ပို့ပို့ရမည် ဟု မျှော်လင့်ထား၏။ သူသည် စီးပွားရေးလာဘ်မြင်သူ ဖြစ်သည်။ ကြော်ငြာကို ငွေကုန်ကြေးကျခံ၍ ကြော်ငြာခြင်း၏တန်ဖိုးကို နားလည် သည်။ ဟူဒီနီ၏ ပဥ္စလက်ပြပွဲပြသမည့် ဇာတ်ရုံများအနီးတွင် ဟူဒီနီ၏ ကြီးမားသော ပုံတူပန်းချီကားကြီးများနှင့်အတူ 'သံခြေချင်းနှင့် လက်ထိတ် တို့၏မှော်ဝိဇ္ဇာ' ဟူ၍လည်းကောင်း၊ 'တစ်ခေတ်တွင်တစ်ယောက် ထွန်း တောက်သောမောင်အံ့ဖွယ်' ဟူ၍လည်းကောင်း စာတန်းကြီးများ ရေး

ဆွဲထားခဲ့၏။ ဒေသခံသတင်းစာများမှ သတင်းထောက်များ၊ မြို့မိမြို့ဖ ဂုဏ်သရေရှိ အာဏာပိုင်များကိုဖိတ်ကြား၍ အထူးပွဲများပြသပေးခဲ့သည်။ ဒေသခံသတင်းစာကြီးများကမူ အသစ်စက်စက် ဘိသိက်မြှောက်ခြင်းခံရသော လက်ထိတ်ဧကရာဇ် ဟူဒီနီဟု ကင်ပွန်းတပ်ခဲ့ရသည်။ ထိုစဉ်မှစ၍ ဟူဒီနီ ကွယ်လွန်ခဲ့သည်အထိ လက်ထိတ်ဧကရာဇ်ဟူသောအမည်တွင်ခဲ့ရလေတော့၏။

ဤရက်ပိုင်းများအတွင်း ဟူဒီနီ၏ ပဥ္စလက်ပြပွဲများသည် ပွဲကိုထိန်းထားနိုင်သည်။ မြို့ခံလူထုသာမက နီးရာရွာနီးချုပ်စပ်များမှ လူအများ ရုံလျှံအောင်လာကြည့်ကြသည်။ သို့ဖြစ်၍ ပွဲကန်ထရိုက် မာတင်ဘက်သည် ဟူဒီနီ၏ညဏ်ပူဇော်ခကို တစ်ပတ် ဒေါ်လာ (၆၀) မှ ဒေါ်လာ (၉၀) အထိ တိုးမြှင့်ပေးခဲ့သည်။ ထိုညဏ်ပူဇော်ခမှာ ထိုစဉ်က ပဥ္စလက်ဆရာတစ်ဦး ထိုက်ထိုက်တန်တန်ရသည့် ညဏ်ပူဇော်ခ ဖြစ်၏။

သို့ဖြစ်၍ မာတင်ဘက်နှင့် ဟူဒီနီတို့သည် နှစ်ပေါင်းများစွာ လက်တွဲခဲ့ကြသည်။ ဟူဒီနီကမူ ပွဲကန်ထရိုက်များတွင် မာတင်ဘက်သည် သူ့အား နားအလည်ဆုံးသော ကန်ထရိုက်တစ်ဦးဖြစ်သာမက သူ့အား အကြံကောင်းညဏ်ကောင်းပေးနိုင်သူတစ်ဦး ဖြစ်သည်ဟု နောင်အခါ ထုတ်ဖော်ပြောပြခဲ့သည်။ ၁၈၉၉ ခုနှစ်၊ နွေဦးပေါက်တွင် ဟူဒီနီတို့ နယ်လှည့်ပြပွဲသဘင်သည် အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းပြည်နယ်များသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။ ထိုစဉ်က ထုတ်ဝေသော လော့(ခ်)အင်ဂျလိတိုင်း(စ်)သတင်းစာကြီးတွင် ဟူဒီနီပြပွဲများအကြောင်း အသေးစိတ် ရေးသားဖော်ပြခဲ့ပြီး ဟူဒီနီသည် သက်ဆိုင်ရာတာဝန်ရှိသူ ရဲများ၊ စုံထောက်များနှင့် အဆက်အသွယ်ရှိသူဖြစ်ကြောင်း၊ သို့ဖြစ်၍ ဟူဒီနီမှာ လျှို့ဝှက်ရဲသတင်းပေးတာဝန်ယူထားရသူ ဖြစ်နိုင်သည်ဟု ရေးသားခဲ့သည်။

ထိုစဉ်က အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းဒေသများတွင် ငွေစက္ကူအတုလုပ်သောဂိုဏ်းများ မှိုလိုပေါက်နေသည်။ ဥရောပတိုက်မှ လာရောက်ကြသော မင်းမဲ့ဝါဒီများမှာလည်း ခြေရှုပ်နေကြသဖြင့် ဟူဒီနီမှာ လျှို့ဝှက်ရဲသတင်းပေးတာဝန်ယူခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ သူ့အား ဒေသခံသတင်းစာများမှ စွပ်စွဲချက်များကိုမူ ဟူဒီနီက ဖြေရှင်းခဲ့ခြင်းမရှိခဲ့။

၁၈၉၉ ခုနှစ်၊ ဧပြီလတွင် ဟူဒီနီတို့ နယ်လှည့်ပြပွဲသဘင်သည် ကင်ဆမြို့သို့ ရောက်လာခဲ့သည်။ မာတင်ဘက်၏ ကြိုတင်စီမံထားသည့်အတိုင်း ကင်ဆမြို့ ကျက်သရေဆောင်ရုံတော်ကြီးအဝင်ဝတွင် လက်ထိတ်ဧကရာဇ်ဟူသော ပိုစတာကြီးကို ထောင်ထားသည်။ လက်ကမ်းပိုစတာများတွင်လည်း ဒေသခံသတင်းစာများက ချီးမွမ်းရေးသားထားချက်များကို မိတ္တူကူးယူဖော်ပြပေးထားသည်။ ကင်ဆမြို့ဇာတ်ရုံကြီးတွင် ဟူဒီနီ၏ ပြပွဲများအတွက် ကြိုတင်လက်မှတ်များ ထူးထူးခြားခြား ရောင်းချခဲ့ရသည်ဟု ဆိုကြသည်။

ဧပြီလ (၁၀)ရက်နေ့ နံနက်တွင်မူ ဟူဒီနီသည် ကင်ဆမြို့ ရဲဌာနချုပ်သို့သွားရောက်၍ ဒေသခံအရာရှိများ၊ စုံထောက်များနှင့် တွေ့ဆုံပြီး စိန်ခေါ်ခဲ့သည်။ ဤစိန်ခေါ်ပွဲတွင်လည်း ဟူဒီနီသည် ရဲအင်စပက်တော်ကြီးနှင့် ဒေသခံ စုံထောက်အကြီးအကဲကိုယ်တိုင် သေသေချာချာ သံကြိုးများ၊ လက်ထိတ်များ၊ သံခြေချင်းများဖြင့် ချည်နှောင်ခတ်ထားခဲ့သော်လည်း မိနစ်ပိုင်းအတွင်း အလွယ်တကူ အနှောင်အဖွဲ့အားလုံးမှ လွယ်ကူစွာ ဖြုတ်ထွက်ပြခဲ့သည်။ ကင်ဆမြို့တွင်ပြသသည့် ဟူဒီနီ၏ပြကွက်များမှာ လာရောက်ကြည့်ရှုသူ ပရိသတ်အား ထိန်းထားနိုင်ခဲ့သည်။ ဖြပွဲအစီအစဉ်များကိုလည်း ပရိသတ် ရိုးမသွား၊ အီမသွားစေရန် ပြောင်းလဲပစ်သည်။ ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူပြကွက်နှင့် လက်ထိတ်ဧကရာဇ်ပြကွက်များအပြင် လူအများ စိတ်ရွှင်လန်းစေမည့် ပြကွက်သစ်များ၊ ရယ်ရွှင်စရာ ဟာသခန်းများကိုပါ စီစဉ်ထားခဲ့သည်။

ကင်ဆမြို့တော်တွင် အတော်အသင့် အောင်ပွဲခံခဲ့ပြီးသည့်နောက် ဟူဒီနီတို့ နယ်လှည့်ပြပွဲသဘင်သည် ဆန်ဖရန်စစ္စကိုမြို့သို့ ကူးလာခဲ့သည်။ သူ၏ ယခင် လုပ်နည်းလုပ်ဟန်စတန့်များအတိုင်း ဆန်ဖရန်စစ္စကိုရောက်သည်နှင့် ရဲအဖွဲ့အကြီးအကဲဖြစ်သူ မစ္စတာလီအား သွားရောက်တွေ့ဆုံသည်။ မစ္စတာလီ၏ ခွင့်ပြုချက်ဖြင့် ဆန်ဖရန်စစ္စကို ရဲစခန်းများနှင့် စုံထောက်အဖွဲ့တို့မှ အရာရှိ (၄၀၀)ကို ရဲအဖွဲ့ဌာနချုပ်ရှိ ခန်းမသို့ ဖိတ်ကြားခဲ့သည်။ ဒေသခံသတင်းစာကြီးများမှ သတင်းထောက်များနှင့် စာရေးဆရာများကိုလည်း အထူးဧည့်သည်တော်များအဖြစ် ဖိတ်ကြား၍ သူ့အထူးအစီအစဉ်ကို ပြသည်။ ခန်းမကြီးဗဟိုတွင် စားပွဲခုံများချထားပြီး ထိုစားပွဲခုံများကို ဇာတ်စင်သဖွယ်ထား၍ သူ့ပြကွက်များကို တင်ဆက်ပြသခဲ့၏။

ဟူဒီနီကမူ ရဲအရာရှိများအား သူတို့ကြိုက်သလို ရဲစခန်းရှိ လက်ထိတ်များ၊ သံခြေချင်းများ၊ သံကြိုးများနှင့် ချုပ်နှောင်စေလိုကြောင်း၊ သူ့ကိုယ်ခန္ဓာတစ်ခုလုံးကိုလည်း ကြိုက်သလို ရှာဖွေနိုင်ကြောင်း၊ မှူခင်းဆရာဝန်များကိုခေါ်၍ သူ့ခန္ဓာကိုယ်ကိုလည်း လိုအပ်သလို စစ်ဆေးနိုင်ကြောင်း စသည်ဖြင့် ပြောဆိုပြီး စိန်ခေါ်ခဲ့သည်။ ဆန်ဖရန်စစ္စကို ရဲအဖွဲ့အကြီးအကဲကိုယ်တိုင် မှူခင်းဆရာဝန်နှင့်အတူ ဟူဒီနီ၏ တစ်ကိုယ်လုံးအား စေ့စေ့စပ်စပ် ရှာဖွေတော့သည်။ ဟူဒီနီကလည်း သူ့အဝတ်အစားအားလုံး ချွတ်ပစ်လိုက်ရာ အဝတ်မပါဗလာကိုယ်လုံးတီး ဖြစ်သွားသည်။

သတင်းထောက်များကလည်း သူ့တစ်ကိုယ်လုံး ချစ်တီးဦးခေါင်းသန်းရှာသလို နှိုက်နှိုက်ချွတ်ချွတ်ရှာဖွေနေပုံကို ဓာတ်ပုံဖြင့် မှတ်တမ်းတင်ကြ၏။ ရဲနှင့် စုံထောက်တို့ကမူ ဟူဒီနီသည် လက်ထိတ်များ၊ သံခြေချင်းများတွင် ခတ်ထားသော သော့ခလောက်များအား ဖွင့်နိုင်သည့် သော့တူသို့မဟုတ် သော့ဖွင့်သည့်ကိရိယာများကို သူ့ခန္ဓာကိုယ်တစ်နေရာရာတွင်

မလွဲမသွေ ဖွက်ထားရပေမည်ဟု တွက်ဆထားသည်။ သတင်းထောက်များကလည်း ဒီတစ်ချီ စိန်ခေါ်ပွဲတွင် ဟူဒီနီ သို့မဟုတ် လက်ထိတ်ကေရာင်ကြီးတစ်ယောက် မဟာအရှက်တော်ကွဲရပေတော့မည်ဟု တစ်ထစ်ချ ယုံကြည်ထားကြသည့်အတိုင်း အဝတ်မပါ ကိုယ်လုံးတီးဖြစ်နေသော ဟူဒီနီ၏ခန္ဓာကိုယ်ကို စေ့စေ့စပ်စပ်ရှာကြတော့သည်။ ပါးစပ်၊ နား၊ နှာခေါင်း သူ့ကိုယ်ခန္ဓာတစ်ခုလုံးအား မရှုံမရှာ သေသေချာချာ ရှာကြသည်။ ရဲနှင့် စုံထောက်များသာမက သတင်းစာကြီးများမှ သတင်းထောက်များ၊ အယ်ဒီတာကြီးများအားလုံးသည် သူတို့မျက်နှာများပေါ်တွင် အပြုံးရိပ်ယှက်နေသည်။ တချို့ကလည်း သရော်တော်တော် ပြောင်ချော်ချော်မျက်နှာများနှင့် ပြုံးနေကြသည်။ လက်ထိတ်ကေရာင်ကြီး ဟူဒီနီကမူ မပြုံးမရယ် တည်ကြည်သောမျက်နှာထားဖြင့် ကြီးမားသော မဟာစွမ်းဆောင်မှုကြီးတစ်ရပ်ကို ဆောင်ရွက်ပြတော့မည်ဟူသော အသွင်သဏ္ဍာန်ကိုဆောင်နေတော့၏။ စက္ကန့်မှ မိနစ် တဖြည်းဖြည်း ကြာမြင့်လာသည်။ မှူခင်းဆရာဝန်ကြီးသည် ဟူဒီနီအား မှုခင်းတစ်မှု ကျူးလွန်ထားသူတစ်ဦးကဲ့သို့ ရှာဖွေသည်။ တစ်စုံတစ်ရာ သင်္ကာမကင်းဖွယ် မတွေ့ရမှ ပြုံးနေသော သူ့မျက်နှာသည် အပြုံးရပ်သွားသည်။

ခန်းမအတွင်းရှိ ရဲအရာရှိများ၊ ရဲသားများ၊ သတင်းထောက်များအားလုံးသည်လည်း သရော်တော်တော် ပြောင်ချော်သောအပြုံးများ ရပ်သွားကြပြီး နားမလည်နိုင်ခြင်း၊ အံ့ဩခြင်း၊ ထူးထူးခြားခြား လေးစားခြင်းဖြစ်လာသည်။ ထို့နောက် ရဲနှင့် စုံထောက်အရာရှိများသည် အဝတ်မပါ ဗလာကိုယ်တုံးလုံးဖြစ်နေသော ဟူဒီနီ၏လက်များကို နောက်ပြန်လက်ထိတ်ခတ်ကြသည်။ ခြေထောက်များကိုလည်း သံခြေချင်းအထပ်ထပ်ခတ်ကြတော့၏။ ခန်းမကြီးတစ်ခုလုံး သံခြေချင်းများ၊ လက်ထိတ်များခတ်နေသည့်အသံသာ ကြားနေရပြီး သည်းထိတ်ရင်ဖိုဖွယ်ကောင်းလောက်အောင် ငြိမ်သက်နေသည်ကို တွေ့ကြရသည်။ ခန်းမတွင်းရှိ တိုင်ကပ်နာရီကြီးမှ တချက်ချက်မြည်နေသောအသံကို ကြားနေရသည်။ ရဲအဖွဲ့အကြီးအကဲသည် လက်ထိတ်ဆယ်စုံကို တစ်ခုနှင့်တစ်ခု ဆက်ခတ်ပြီး ဟူဒီနီ့လက်များကို နောက်ပြန် လက်ထိတ်ခတ်ထားသော လက်ထိတ်များနှင့် ခြေတွင်ခတ်ထားသော သံခြေချင်းများကို ဆက်ပြီး ခတ်လိုက်ပြန်သည်။ ဟူဒီနီ၏တစ်ကိုယ်လုံးမှာ လက်ထိတ်များ၊ သံခြေချင်းများ၊ သံကြိုးများ ဖုံးနေတော့၏။ ထို့နောက် ခန်းမကြီးဘေးရှိ ရဲအရာရှိကြီးများနှင့် သတင်းထောက်များကိုယ်တိုင် သေသေချာချာ ရှာဖွေစစ်ဆေးကာ အခန်းကျဉ်းကလေးထဲသို့ ရဲအရာရှိကြီးကိုယ်တိုင် ဟူဒီနီအား ရဲများခြံရံ၍ ခေါ်သွားတော့သည်။ ထို့နောက် လက်ထိတ်ကေရာင်ဟူဒီနီအား ကြမ်းပြင်ပေါ်သို့ ထိုင်ခိုင်းလိုက်သည်။ ထို့နောက် ရဲအရာရှိကြီးကိုယ်တိုင် အခန်းကျဉ်းကလေးတံခါးသော့ကို ပိတ်ထားလိုက်သည်။ ခန်းမတွင်းမှ ရဲအရာရှိများ၊

စုံထောက်များ၊ သတင်းစာကြီးများမှ သတင်းထောက်များသည် ထူးထူးခြားခြား ငြိမ်သက်လျက်ရှိကြပြီး သူတို့မျက်လုံးများသည် အခန်းကျဉ်းကလေးဆီသို့သာ စူးစိုက်ကြည့်နေကြတော့၏။ ရဲအရာရှိအချို့နှင့် စုံထောက်တို့ကမူ စစ်ပွဲတွင် အောင်ပွဲခံရတော့မည့် စစ်ဗိုလ်ချုပ်ကြီးများ အသွင်ဆောင်နေကြသည်။ အပွဲပွဲစိန်ခေါ်၍ အနိုင်ယူခဲ့သော လက်ထိတ်ကေရာဇ်ကြီး ဆန်ဖရန်စစ္စကို ရဲအဖွဲ့နှင့်တွေ့မှ အရှုံးပေးရပေတော့မည်ဟု ထင်မှတ်ထားကြသည်။ ဧည့်သည်တော်အချို့ကမူ နံရံပေါ်ရှိ တိုင်ကပ်နာရီကြီးကိုသာ စူးစိုက်ကြည့်နေကြသည်။

နာရီကြီးကား တချက်ချက်မြည်လျက် ရှိနေသည်။ မိနစ်လက်တံကလည်း တစ်မိနစ်ပြီးတစ်မိနစ် တက်လာသည်။ (၅) မိနစ်ကြာလာခဲ့ပြီဖြစ်သော်လည်း အခန်းကျဉ်းကလေးအတွင်းမှ မည်သည့်အသံမျှ မကြားရ။ ဟူဒီနီအပေါ် သံယောဇဉ်ရှိကြသူ သတင်းထောက်အချို့နှင့် ဧည့်သည်များ၏ မျက်နှာပေါ်တွင်မူ စိုးရိမ်သောကစိတ်များ ပေါ်လာသည်။ ဟူဒီနီစိန်ခေါ်ခြင်းခံရသည့် ရဲအရာရှိကြီးနှင့် စုံထောက်ကြီးတို့ကမူ 'ကဲ-ဘယ့်နှယ်ရှိစ' ဟူသော ကျေနပ်နှစ်သိမ့်သည့် ဟန်အမူအရာ ပေါ်နေသည်။ (၁၀) မိနစ်ကြာလာသည်နှင့် တံခါးဖွင့်သည့်အသံ ကြားလာရပြီး လက်ထိတ်ကေရာဇ်ကြီးနှင့် သော့ဝိဇ္ဇာဟူဒီနီ ထွက်လာသည်။

ရဲအဖွဲ့အကြီးအကဲနှင့် စုံထောက်များကမူ ကြက်သေသေသွားကြသည်။ သူတို့မျက်လုံးများကို သူတို့မယုံနိုင်။ ဟုတ်မှဟုတ်ပါ့မလားဟု ထင်ကြသည်။ ဧည့်ခန်းအတွင်းထိုင်နေကြသော ဧည့်သည်များနှင့် ရဲသားများသည် တညီတညွတ်တည်း 'ဟာ' ဟူသောအသံ ထွက်လာခဲ့တော့၏။ ဟူဒီနီကား အဝတ်မပါ ဗလာကိုယ်တုံးလုံးနှင့် ပရိသတ်များရှေ့တွင် ရပ်နေတော့၏။ သူ့အား နှောင်ဖွဲ့ခတ်ထားသော အရာခပ်သိမ်းမှာ လက်ရာမပျက်။ အခန်းထဲရှိ ကြမ်းပြင်တွင် စုပုံလျက်ရှိနေတော့သည်။ စိန်ခေါ်ခံရသူ ရဲများနှင့် စုံထောက်များမှာလည်း ပါးစပ်အဟောင်းသားဖြစ်သွားသည်။ စာနယ်ဇင်းသမားများနှင့် သက်သေအဖြစ် ဆောင်ရွက်ပေးရသူ မှူခင်းဆရာဝန်ကြီးနှင့် မြို့မိမြို့ဖများမှာလည်း နားမလည်နိုင်အောင် ဖြစ်ရတော့သည်။

ဤသတင်းသည် ဟိုးဟိုးကျော်သွားခဲ့သည်။ နောက်တစ်နေ့တွင် ထုတ်ဝေသော ဆန်ဖရန်စစ္စကို သူရိယသတင်းစာအပါအဝင် အခြားသတင်းစာကြီးများသည် ဆန်ဖရန်စစ္စကို ရဲအဖွဲ့ခန်းမတွင် ဟူဒီနီ လက်ထိတ်များ၊ ခြေချင်းများမှ လွတ်ထွက်လာသည့်ဓာတ်ပုံ၊ ဟူဒီနီအား ဆန်ဖရန်စစ္စကို ရဲအဖွဲ့အရာရှိကြီးကိုယ်တိုင် လက်ထိတ်ခတ်နေသောဓာတ်ပုံနှင့်အတူ စိတ်ဝင်စားဖွယ်ကောင်းသော ခေါင်းစဉ်များဖြင့် သတင်းစာကြီးများ၏ မျက်နှာဖုံးမှ ဖော်ပြခဲ့သည်။ ဆန်ဖရန်စစ္စကိုလူထုသည် ဤသတင်းကို စိတ်ဝင်စားစွာဖတ်ကြရင်း ဟူဒီနီသည် သဘာဝနည်းဖြင့်

လွတ်စရာလမ်းမရှိနိုင်။ သူ့အား တမလွန်လောကမှ တစ်စုံတစ်ယောက်၏အကူအညီ သို့မဟုတ် လောကီပညာအစီအရင်နည်းများဖြင့်သာ ဖြစ်နိုင်သည်ဟု ဆိုကြသည်။ ဆန်ဖရန်စစ္စကို သံတော်ဆင့်သတင်းစာကြီးကမူ ဟူဒီနီ ကိုယ်လုံးတီး လက်ထိတ်များ၊ သံခြေချင်းများခတ်ထားသော ဓာတ်ပုံကိုဖော်ပြပြီး 'လက်ထိတ်ကေရာဇ်၏ တစ်ကိုယ်စွန့်စားခန်း' ဟူသော စိတ်ဝင်စားဖွယ်အောက်မှ အထက်တွင် ဖော်ပြပြီးဖြစ်သော ဟူဒီနီ၏ မဟာလွတ်မြောက်မှုကြီးသတင်းကို အသေးစိတ် ရေးသားဖော်ပြခဲ့၏။

ယင်းသတင်းစာ၏ အယ်ဒီတာဖြစ်သူကလည်း ဤကဲ့သို့ လက်ထိတ်များ၊ သံခြေချင်းများ ကိုယ်လုံးတီးခတ်ခံရပြီး သော့အသေအချာခတ်ထားခဲ့သည့် ရဲတို့၏ သော့လုံခန်းမှ ဆယ်မိနစ်အတွင်း လက်ရာခြေရာမပျက် လွတ်ထွက်လာသည်မှာ ထူးဆန်းလွန်းလှသည်။ သဘာဝလွန်၊ လောကီလွန်သော ကိစ္စတစ်ရပ်ဖြစ်သဖြင့် ဟူဒီနီမှာ မှော်ဆရာ သို့မဟုတ် လောကီပညာရှင်တစ်ဦးဖြစ်ရမည်ဟု မှတ်ချက်ပေးခဲ့သည်။

လော့(ခ်)အင်ဂျလိ(စ်)မြို့မှ ထုတ်ဝေသော **လော့(ခ်)အင်ဂျလိ(စ်) ပုံ့တင်သံ** ဟူသော သတင်းစာကြီးတွင်မူ အင်္ဂလိပ်အမျိုးသား ပဉ္စလက်ဆရာ ဖဲဝိဇ္ဇာပါမောက္ခ ဘင်ဇွန်ဆိုသူကမူ ဟူဒီနီ ဤကဲ့သို့ လက်ထိတ်များ၊ သံခြေချင်းများ လွတ်ထွက်ပုံပြကွက်မှာ ထူးလျက်နှင့်မဆန်းသော ပြကွက်သာဖြစ်ကြောင်း၊ ရဲတို့၏လက်ထိတ်များ၊ သံခြေချင်းများမှာ သေသေချာချာ သော့ကုမ္ပဏီကြီးများက ပြုလုပ်ထားခြင်းဖြစ်သဖြင့် ဖွင့်ထွက်နိုင်သော အခြားနည်းလမ်းမရှိကြောင်း၊ လွတ်ထွက်နိုင်ရန် နည်းတစ်နည်းမှာ သော့တူနှင့်ဖွင့်မှသာ လွတ်မြောက်နိုင်မည်ဖြစ်ကြောင်း၊ ဤသို့ ဟူဒီနီ လွတ်မြောက်အောင်လုပ်ပြပုံမှာ သူ၏ပါးစပ်တွင် သော့တူများ ဝှက်ယူလာပြီး ဖွင့်လိုက်ခြင်းသာဖြစ်ကြောင်း၊ ထိုပြကွက်များကို ရှေးခေတ်ကပင် အမေရိကန်ဖျော်ဖြေရေး ပဉ္စလက်ဆရာများက လုပ်ပြလေ့ရှိသော ပြကွက်ဟောင်းများသာဖြစ်သည်ဟု ဝေဖန်ရေးသားခဲ့သည်။

ဟူဒီနီကလည်း နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်အရ ရက်အားမရှိသဖြင့် ပါမောက္ခဘင်ဇွန်နှင့်တွေ့ဆုံပြီး စိန်ခေါ်ပြပွဲမပြုလုပ်နိုင်သည့်အတွက် ဝမ်းနည်းပါကြောင်း၊ ပါမောက္ခဘင်ဇွန်ကိုယ်တိုင် သူ့ပြပွဲရှိရာသို့လာရောက်၍ သူနှင့်စိန်ခေါ်လိုကြောင်း၊ သူက ပါမောက္ခဘင်ဇွန်အား ဒေါ်လာ (၁၀၀) ဆုအဖြစ် ချီးမြှင့်မည်ဖြစ်ကြောင်း၊ အကယ်၍ ပါမောက္ခဘင်ဇွန် ရှုံးနိမ့်ပါက သူ၏နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးတို့သာ ရိတ်ပေးစေလိုကြောင်း စသည်ဖြင့် ဆန်ဖရန်စစ္စကိုသတင်းစာကြီးများမှ ထုတ်ပြန်ရေးသားခဲ့သည်။ (ထိုစဉ်က ပဉ္စလက်ဆရာအများမှာ မုတ်ဆိတ်ရှည်များ၊ နှုတ်ခမ်းမွေးများ ထားလေ့ရှိသည်ဟု ဆိုသည်။)

ပါမောက္ခဘင်ဇွန်ဆိုသူကမူ ဟူဒီနီအား စိန်ခေါ်ခြင်းမပြုခဲ့ပေ။ နောင်အခါ အမေရိကန်ပြည်ထောင်စု ပဉ္စလက်ပညာရှင်များအသင်းကြီး

ပတ်သက်သူများ မဟုတ်ကြ။ ကြိုတင် စကားကမ်းလှမ်းထားခြင်းလည်း မဖြစ်နိုင်။ ခတ်ရမည့်လက်ထိတ်များ၊ ခြေချင်းများမှာလည်း ဟူဒီနီ ကိုယ်ပိုင်မဟုတ်သဖြင့် ကြိုတင် ပြုပြင်ထားခြင်းလည်း မဖြစ်နိုင်။

ပွဲကြည့်ပရိသတ်ကြီးကမူ ဟယ်ရီဟူဒီနီ၏ စိန်ခေါ်မှုကို တအံ့တသြဖြစ်သွားသည်။ ဆူဆူညံညံဖြစ်နေသော ပြပွဲလာပရိသတ်အားလုံးသည် မီးကို ရေနှင့်ငြိမ်းသတ်သကဲ့သို့ဖြစ်သွားပြီး အပ်ကျလျှင်ပင် အသံကြားလောက်အောင် ငြိမ်သက်သွားသည်။ သုံးလေးမိနစ်ကုန်သွားသော်လည်း ပရိသတ်ထဲမှ တုတ်တုတ်မျှမလှုပ်။ ဤသို့ ငြိမ်သက်နေစဉ် ပရိသတ်တော်များထဲမှ တပ်ကြပ်ကြီးဝါ(လ်)ဒရန်နှင့် ရဲသားတစ်ဦးတို့သည် သူတို့တွင်ပါလာသော လက်ထိတ်များနှင့် သံခြေချင်းများကိုကိုင်ကာ ဇာတ်စင်ပေါ်သို့တက်လာသဖြင့် တိုးဝှေ့နေသော ပရိသတ်ကြီးသည် လက်ခုပ်လက်ဝါးတီး၍ တစ်ခဲနက်သြဘာပေးခဲ့ကြသည်။

ရဲတပ်ကြပ်ကြီးနှင့် ရဲသားတို့သည် ပွဲကြည့်ပရိသတ်များကို လည်းကောင်း၊ ပရိသတ်များထဲမှ ရွေးထားသော ဟူဒီနီအား စုံစမ်းစစ်ဆေးမည့် ပုဂ္ဂိုလ်များကိုလည်းကောင်း သူ့ကိုယူဆောင်လာသော လက်ထိတ်များ၊ ခြေချင်းများကို ပြသကြသည်။ လက်ထိတ်များ၊ သံခြေချင်းများမှာ နာမည်ကျော် ယေး(လ်)အာမခံသော့များပြုလုပ်သော ကုမ္ပဏီများမှ ပြုလုပ်ခြင်းဖြစ်ပြီး ရဲနှင့် စုံထောက်တို့အတွက် အထူးပြုလုပ်ထားသော လက်ထိတ်များ၊ သံခြေချင်းများသာ ဖြစ်သည်။ ပွဲကြည့်ပရိသတ်ကြီးမှာ ထူးထူးခြားခြား လှုပ်လှုပ်ရွရွဖြစ်လာပြီး အုတ်အော်သောင်းတင်းဖြစ်လာသည်။

ရဲတပ်ကြပ်ကြီး ဝါ(လ်)ဒရန်သည် ဟူဒီနီ၏လက်နှစ်ဖက်ကို လက်ထိတ်မခတ်မီ ဟူဒီနီ၏ တစ်ကိုယ်လုံးကို သော့တူများဝှက်ထားခြင်း ရှိ၊ မရှိ သေသေချာချာ ရှာသည်။ ကြည့်နေသော ပွဲကြည့်ပရိသတ်သည် ပထမတွင် လှုပ်လှုပ်ရွရွဖြစ်လာပြန်သည်။ အချို့ကမူ ပြုံးနေကြသည်။ သေသေချာချာ နှိုက်နှိုက်ချွတ်ချွတ်ရှာ၍ မည်သည့် သက်ာမကင်းဖွယ် ပစ္စည်းမျှ မတွေ့ရပါကြောင်း ကြေညာလိုက်သည်နှင့် အပြုံးရပ်သွားသည်။ ဟူဒီနီကိုလည်း အံ့သြခြင်း၊ လေးစားခြင်း၊ နားမလည်နိုင်ခြင်းအတိပြည့်နေသော မျက်နှာများဖြင့် စူးစိုက်ကြည့်နေကြ၏။

ဟူဒီနီကမူ မည်သူမျှ စွမ်းဆောင်နိုင်ခြင်းမရှိသော စွမ်းဆောင်မှုကြီးကို ဆောင်ရွက်တော့မည့် သူရဲကောင်းတစ်ဦးနှင့် တူနေသည်။ ရဲတပ်ကြပ်ကြီးနှင့် ရဲသားတို့သည် ဟူဒီနီ၏လက်များကို နောက်ပြန်လက်ထိတ်ခတ်သည်။ သံခြေချင်းများကိုခတ်ပြီးသည်နှင့် ကားလိပ်ကာဖုံးထားသော သံပိုက်ဘောင်ခွေကို တပည့်များက မ,ယူလာပြီး သံခြေချင်းအထပ်ထပ် လက်ထိတ်အသွယ်သွယ် လှုပ်မရအောင်ခတ်ထားသော ပဉ္စလက်ဆရာ ဟူဒီနီကို ဖုံးအုပ်လိုက်သည်။

ရဲတပ်ကြပ်ကြီးဝါ(လ်)ဒရန်နှင့် ရဲသားတို့ကမူ သူတို့တာဝန်ဝတ္တ

ရားကို ကျေပွန်စွာဆောင်ရွက်ပြီးပြီဟု ယူဆထားဟန် ရှိသည်။ စိန်ခေါ် သူ ဟူဒီနီ မည်သည့်နည်းနှင့်မျှ သူတို့၏ အာမခံလက်ထိတ်သော့များနှင့် သံခြေချင်းအနှောင်အဖွဲ့မှ လွတ်မြောက်နိုင်လိမ့်မည်မဟုတ်ဟု ယူဆထား သည်။ ချီကာဂိုမြို့ စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များကလည်း အပွဲပွဲနွှဲ ခဲ့သော ဟူဒီနီသည် ယခုအချီတွင် အရှုံးကြီးရှုံးရပေတော့မည်ဟု ယူဆ ထားသည်။ ဟူဒီနီ၏ပြိုင်ဘက် ပဥ္စလက်ဆရာများအား ရင်းနှီးသူများကမူ ဟူဒီနီအပြောကြီး၍ အပွဲပွဲနွှဲခဲ့သမျှ ဒီတစ်ချီတွင် မလွဲမသွေရှုံးရမည်၊ မလွဲကေန်ဖြစ်ပြီဟု တွက်ဆထားသည်။ တေးဂီတအဖွဲ့ကလည်း စိတ်လှုပ် ရှားဖွယ်၊ စိတ်ချောက်ချားဖွယ် တေးသံစဉ်များကို တီးမှုတ်တော့သည်။

ရဲတပ်ကြပ်ကြီး ဝါ(လ်)ဒရန်ကမူ သူ့လက်ပတ်နာရီကို အကြိမ် ကြိမ် ကြည့်မိသည်။ နှစ်မိနစ်၊ သုံးမိနစ်ခန့် ကြာလာသည်။ ပွဲကြည့်ပရိ သတ်အဖို့ အရှည်ကြာဆုံး မိနစ်များဟု ထင်နေရသည်။ ဇာတ်စင်ပေါ်ရှိ ကားလိပ်ကာဖုံးထားသော သံပိုက်ဘောင်ခွေအနီးတွင် ဘက်(ခ်)ကမူ သူ့ ခင်ပွန်း အနှောင်အဖွဲ့မှ ရုတ်တရက် လွယ်ကူစွာ ဖြုတ်ထွက်လာမည့် အချိန်ကိုမျှော်မိသည်။ စက္ကန့်မှ မိနစ်ပြောင်းလာသည်နှင့်အမျှ စိတ် သောကရောက်လာသည်။ သူ့ခင်ပွန်းဖြစ်သူ ဟူဒီနီ စိန်ခေါ်သည့်ပြကွက် ကို အောင်မြင်ပေါက်ရောက်စွာ ပြသနိုင်ပါတော့မည်လောဟု စိုးရိမ် သောကရောက်လာတော့သည်။

ဟူဒီနီအား မလိုလားသူအများကမူ -

"ဟေ့- ဟူဒီနီ၊ ထွက်ခဲ့ပါလား"

"လူလိမ်လူညာဟေ့"

ဟု သရော်လှောင်ပြောင်ကြသည်။

ရဲကြပ်ကြီး ဝါ(လ်)ဒရန်ကလည်း အောင်မြင်သောအပြုံးဖြင့် လက်ထိတ်ဝိဇ္ဇာ၊ လက်ထိတ်ကေရာဇ်ဟု စာနယ်ဇင်းများက ကင်ပွန်းတပ် ထားသော ဟူဒီနီတစ်ယောက် သေသေချာချာ ရှုံးခဲ့လေပြီဟု မှတ်ယူ လိုက်သည်။ ပရိသတ်ကြီးက လှုပ်လှုပ်ရွရွဖြစ်လာသည်။ ဆူဆူပူပူ အော် ဟစ်လာသည်။ ဤသို့အတွင်း ဇာတ်စင်ကြမ်းပြင်ပေါ်သို့ လက်ထိတ်များ၊ သံခြေချင်းများ ကျသွားသည့်အသံ ကြားလိုက်ရပြီး ဟူဒီနီသည် ကတ္တီပါ ကားလိပ်ကိုမ,ပြီး ထွက်လာခဲ့သည်။

ရဲကြပ်ကြီးဝါ(လ်)ဒရန်သည် ကြက်သေသေသွားတော့၏။ ဟုတ်မှ ဟုတ်ပါ့မလားဟု ထင်သည်။ သူ့မျက်စိအမြင်မှားခြင်းလော၊ ဆူပူအော် ဟစ်နေသော ပရိသတ်ကြီးသည် ရုတ်တရက် မီးအား ရေနှင့်သတ်လိုက် သကဲ့သို့ ငြိမ်ကျသွားတော့သည်။ ဟူဒီနီသည် သူ့လက်ကို ဝှေ့ယမ်းပြ လိုက်သည်နှင့် ပရိသတ်ကြီးမှာ အုတ်အော်သောင်းတင်းဖြစ်သွားသည်။ ပွဲကြည့်ပရိသတ်များအားလုံး လက်ဖျားခါ စုတ်သတ်ကုန်ကြတော့သည်။ ဟူဒီနီ ကတ္တီပါကားလိပ်အတွင်းဝင်ချိန်မှနေ၍ ထွက်လာချိန်အထိ

သုံးမိနစ်ခန့်သာကြာသည်။ ရဲတပ်ကြပ်ကြီးနှင့် ရဲသားတို့သည် ဟူဒီနီချွတ်ထားသော လက်ထိတ်များ၊ သံခြေချင်းများကို ယူလိုက်ကြပြီး ပရိသတ်မြင်သာအောင် မြှောက်ပြလိုက်သည်နှင့် ပရိသတ်၏ သြဘာသံကြီးမှာ မစဲတော့။ ဤမျှ တိုတောင်းသောအချိန်အတွင်း အာမခံလက်ထိတ်များ၊ ခြေချင်းများကို ဖြုတ်နိုင်သည်မှာ သာမန်လူသားတစ်ဦးမှ ဟုတ်ပါလေစ။ မှော်ပညာ သို့မဟုတ် လောကီနည်းဖြင့် လွတ်မြောက်အောင် ပြုလုပ်ခဲ့ခြင်းလော။

ရဲတပ်ကြပ်ကြီးသည် ဟူဒီနီ၏လက်များ၊ ခြေထောက်များကို သေသေချာချာ စစ်ဆေးကြည့်ရှုပြန်သည်။ ဟူဒီနီတွင် မည်သည့် ပွန်းပဲ့သည့် ဒဏ်ရာမှ မတွေ့ရ။ ဟူဒီနီကမူ သူ ဤကဲ့သို့ အံ့ဖွယ်သရဲ လက်ထိတ်နှင့် သံခြေချင်းများ၏ အနှောင်အဖွဲ့မှ လွတ်ထွက်နိုင်ခြင်းမှာ သူ၏ အချိန်ကုန်လူပင်ပန်းခံပြီး ဇွဲကောင်းကောင်းနှင့် ယင်းပြကွက်ကို လေ့ကျင့်ခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း ရှင်းပြသည်။ သို့သော် ပရိသတ်ကြီးက မယုံနိုင်။

ထိုစဉ်က အမေရိကန်ပြည်ထောင်စု၏ တစ်ခုတည်းသော စုံထောက်နှင့် ရဲသတင်းလွှာ " The National Detective Police Review" တွင်မူ ပဥ္စလက်ဆရာ ဟူဒီနီနှင့် ချီကာဂိုရဲအဖွဲ့တို့ စိန်ခေါ်ပွဲအကြောင်း အသေးစိတ်ကို ဓာတ်ပုံများနှင့် ဝေဝေဆာဆာ ဖော်ပြပေးခဲ့သည်။ ဤသတင်းလွှာပါ အချက်အလက်များကို အခြေခံ၍ အခြားဒေသခံသတင်းစာများက ချဲ့ထွင်ရေးသားခဲ့ကြသဖြင့် ဟူဒီနီ၏ ပွဲစဉ်များမှာ ကြိတ်ကြိတ်တိုး လူစည်ကားလာခဲ့သည်။ ချီကာဂိုမြို့မှ ၁၈၉၉ ခုနှစ်၊ ဇန်နဝါရီလထုတ် (Chicago Journal) ချီကာဂိုဂျာနယ် မျက်နှာဖုံးတွင်မူ ဟူဒီနီအား ရဲအရာရှိက လက်ထိတ်ခတ်နေပုံနှင့် အခြားရဲတစ်ယောက်က သံခြေချင်းခတ်နေပုံ ဓာတ်ပုံများအား ဖော်ပြပြီး 'လက်ထိတ်ဝိဇ္ဇာနှင့် လက်ထိတ်ကေရာဇ်ဟူဒီနီ' ဟု စီးစီးပိုင်ပိုင်ရှိလှသော စာလုံးများဖြင့် တခမ်းတနား ချီးမွမ်းရေးသားဖော်ပြခဲ့ခဲ့၏။

ဟူဒီနီအဖို့ အမေရိကန်ပြည်ထောင်စု၏ အောင်မြင်ပေါက်ရောက်သော ထိပ်တန်းပဥ္စလက်ဆရာတစ်ဦး ဖြစ်လာခဲ့ရ၏။ သူ့တစ်ညတာရရှိသည့် ဝင်ငွေမှာလည်း ပထမတန်း ထိပ်သီးပဥ္စလက်ဆရာတစ်ဦးရသည့် ညကြေးများရခဲ့သည်။ ဟူဒီနီကား တစ်မုဟုတ်ချင်း ဟိုးဟိုးကျော်ခဲ့ပြီ ဖြစ်တော့သည်။ ဤမြို့တွင် ဟူဒီနီအတွက် အံ့ဖွယ်အတွေ့အကြုံတစ်ခု တွေ့ရသည်။ ယင်းအတွေ့အကြုံမှာ သူ ချီကာဂိုမြို့တော် ကျက်သရေဆောင်ခိုးနှင့်မစ်ဒယ်(လ်)တန်ဇာတ်ရုံကြီးတွင် 'ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူ' ဟူသောပြကွက်နှင့် 'လက်ထိတ်ဝိဇ္ဇာ၏စိန်ခေါ်ပွဲ' ပြကွက်များ တင်ဆက်အပြီးတွင် ချီကာဂိုမြို့မှ နာမည်ကျော် လောင်းကစားသမားနှစ်ဦး သူ့အားလျှို့ဝှက်စွာ လာရောက်တွေ့ဆုံကြပြီး ချီကာဂိုမြို့မှ နာမည်ကျော် လောင်းကစားရုံအား လျှို့ဝှက်စွာ ဖောက်ထွင်းဝင်ရောက်ပြီး ထိုလောင်းကစားရုံ

အတွင်းမှ ဖဲထုပ်များအား မှတ်သားပေးပါက ဆုငွေ ထိုက်ထိုက်တန်တန် ပေးမည်ဟု ပြောကြားခဲ့သော်လည်း ဟူဒီနီက ငြင်းဆိုခဲ့၏။

သို့သော် လောင်းကစားသမားများသည် ဟူဒီနီတို့ဇနီးမောင်နှံ တည်းခိုနေသော ဟိုတယ်သို့ ရုပ်ဖျက်လာရောက်ခဲ့ကြပြီး ဟူဒီနီအား သေနတ်ဖြင့်ချိန်၍ လောင်းကစားရုံရှိရာသို့ ခေါ်ဆောင်သွားခဲ့ကြ၏။ လောင်းကစားရုံကြီး၏ နောက်ဘက်တံခါးသော့ကို ဟူဒီနီအား သေနတ်ဖြင့်တေ့၍ ဖွင့်ခိုင်းခဲ့စဉ် ဟူဒီနီနှင့် ရုတ်တရက် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး ဟူဒီနီ၏ လက်ဝဲဘက်အား သေနတ်ထိမှန်ခဲ့ရသည်ဟု ဆိုသည်။ ထိုဒဏ်ရာမှာ အနည်းငယ်သာထိခိုက်သဖြင့် သူ၏ပြပွဲစဉ်များကို ထိခိုက်ခြင်း မရှိခဲ့ပေ။ အကြမ်းဖက် လောင်းကစားသမားနှစ်ဦးအားလည်း ရဲနှင့်စုံထောက်တို့က ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ ထိုဖြစ်စဉ်ထူးကိုလည်း သတင်းစာများက အကျယ်တဝင့် ရေးသား ဖော်ပြခဲ့သဖြင့် ဟူဒီနီအဖို့ နာမည်ကြီးရန် အခွင့်အလမ်းရသွားခြင်းတစ်ရပ် ဖြစ်တော့၏။

❐

## (၆)

ဟူဒီနီအဖို့ ကံကောင်းသည်ဟု ဆိုရပေတော့မည်။ သူနှင့်ဘက်(ခ်)တို့သည် မီနီဆိုတာပြည်နယ် စိန့်ပေါ(လ်)မြို့ရှိ နာမည်ကြီးဟိုတယ်တစ်ခုတွင် ခေတ္တတည်းခိုနေစဉ် ညနေထုတ် သတင်းစာတစ်စောင်၌ စိန့်ပေါ(လ်)မြို့ အကျဉ်းထောင်မှ နာမည်ကြီးအကျဉ်းသမားတစ်ယောက် တရားရုံးသို့ တရားဆိုင်ရန်ထုတ်ယူလာသည်။ အာမခံလက်ထိတ်ခတ်ထားသော ထိုအကျဉ်းသား လွတ်မြောက်သွားကြောင်း ဖော်ပြထားသည်ကို ဖတ်ရှုခဲ့ရတော့သည်။ ရဲနှင့် စုံထောက်တို့သည် စိန့်ပေါ(လ်)တစ်မြို့လုံးရှိ မီးရထားနှင့် မော်တော်ကားဆိပ်များ၊ တည်းခိုခန်းများ၊ ဟိုတယ်များအား ခြေရာထပ်မျှ ရှာဖွေခဲ့ကြသည်။ ထွက်ပြေးလွတ်မြောက်သွားသော အကျဉ်းသားမှာ အာမခံလက်ထိတ်ခတ်ထားသဖြင့် သူ မည်သည့်နည်းဖြင့်မျှ ထိုလက်ထိတ်မှ လွတ်မြောက်အောင်ပြုလုပ်နိုင်ရန် မလွယ်ဟု ရဲနှင့် စုံထောက်တို့က ယူဆထား၏။

သူ ပွဲစဉ်ပြသည့် ညနေ (၃)နာရီ (၃၀)မိနစ်ခန့်တွင် ဟူဒီနီသည် ဇာတ်ရုံအတွင်းရှိ အဝတ်အစားများလဲသော အခန်းတွင်းသို့ ဝင်သွားသည်နှင့် လူနှစ်ဦးနှင့် လက်ထိတ်ခတ်ထားသောလူတစ်ဦး လုံးထွေးသတ်ပုတ်နေသည်ကို တွေ့ရတော့၏။ ဟူဒီနီသည် ထိုလက်ထိတ်ခတ်ထားသောသူအား လွယ်လွယ်နှင့် ဖမ်းပေးလိုက်နိုင်သည်။ ထိုလက်ထိတ်ခတ်ထားသော အကျဉ်းသားအား ဖမ်းဆီးသူများမှာ စုံထောက်နှစ်ယောက် ဖြစ်နေသည်။ ရဲနှင့် စုံထောက်တို့ကမူ လက်ထိတ်ခတ်ထားသော အကျဉ်းသားသည် လက်ထိတ်အနှောင်အဖွဲ့မှ လွတ်မြောက်ရန်အတွက် မလွဲမသွေ လက်ထိတ်ဝိဇ္ဇာ ဟူဒီနီထံသို့ လာရောက်ရမည်ဟု ကောက်ချက်ချထားပြီး ဇာတ်ရုံဝမှ စောင့်နေစဉ် လူဆိုးနှင့် ရင်ဆိုင်တွေ့ရခြင်း ဖြစ်ပေသည်။

မတ်လတွင် အိုမဟာမြို့ မြို့မဇာတ်ရုံကြီးတွင် ဟူဒီနီ၏ ပဥ္စလက်ပွဲ တင်ဆက်ပြသနေစဉ် မစ္စတာမာတင်ဘက်ဆိုသူ ဇာတ်ရုံပိုင်ရှင်နှင့်

ပြပွဲကန်ထရိုက်တာကြီးက လာကြည့်သည်။ ဟူဒီနီ၏ ပြပွဲအခမ်းအနား အစီအစဉ်ကအစ အသေးစိတ်လေ့လာသည်။ ပြပွဲလာပရိသတ်တို့ပြောသံများကိုလည်း နားထောင်သည်။ မာတင်ဘက်မှာ ထိုစဉ်က အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းပြည်နယ်များရှိ ပြပွဲရုံများ၊ ဇာတ်ရုံများကို ချုပ်ကိုင်ထားသည့် ကန်ထရိုက်တာကြီး ဖြစ်၏။ သူပိုင်ဇာတ်ရုံမှာ ချီကာဂိုမြို့တွင်ရှိပြီး အမေရိကန်ပြည်ထောင်စုအနောက်ပိုင်းပြည်နယ် မြို့များရှိပြဇာတ်ရုံအချို့ကို နှစ်ပေါက်စာချုပ်ဖြင့် ငှားရမ်းထားသူ ဖြစ်၏။ အမေရိကန်ပြည်ထောင်စု ဆပ်ကပ်ပြပွဲလောကနှင့် ပဉ္စလက်ပြပွဲလောကကို ဦးဆောင်နေသူဟု သတင်းကြီးနေသူ ဖြစ်သည်။

မာတင်ဘက်သည် နောက်နေ့ ဟူဒီနီ၏ ပဉ္စလက်ပွဲသို့ လာရောက်ကြည့်ရှုခဲ့ပြန်သည်။ ဤအချိတွင်မူ မာတင်ဘက်သည် လက်ချည်းသက်သက်မဟုတ်။ သူ သေသေချာချာဝယ်ယူထားသည့် လက်ထိတ်သုံးခုယူလာပြီး ပြပွဲပြီးသည်နှင့် ဇာတ်စင်နောက်တွင် ဟူဒီနီ၏လက်များအား သူကိုယ်တိုင် လက်ထိတ်ခတ်သည်။ ဟူဒီနီကမူ မာတင်ဘက်ရှေ့တွင် လက်ထိတ်အနှောင်အဖွဲ့များမှ ရှင်းရှင်းလင်းလင်းထွက်ပြခဲ့၏။ ပဉ္စလက်ဆရာပေါင်းစုံ ကျင်လည်နေသော မာတင်ဘက်အဖွဲ့ ထိုကဲ့သို့ လက်ထိတ်အနှောင်အဖွဲ့မှ လွတ်ပြသည့်ပြကွက်များကို ကြည့်ခဲ့ဖူး၏။ ပဉ္စလက်ပြပွဲကန်ထရိုက်လုပ်ခဲ့သည်မှာ အံ့တိုလှပြီ ဖြစ်၏။ သို့သော် ဟူဒီနီတစ်ယောက် မာတင်ဘက်ပိုင် လက်ထိတ်အနှောင်အဖွဲ့များမှ လွတ်အောင်ထွက်ပြပုံကိုမူ သူ့အဖို့ တအံ့တသြဖြစ်ရတော့သည်။ သူကိုယ်တိုင် နှုတ်မှဖွင့်ဟချီးကျူးခဲ့ပြီး သူပိုင် နယ်လှည့်အော်ဖီယန်ဇာတ်အဖွဲ့တွင် ဟူဒီနီအားရက်သတ္တပတ်တစ်ပတ်လျှင် ဒေါ်လာ (၆၀)ဖြင့် ပဉ္စလက်ပညာပြခန်းပြသရန် ကမ်းလှမ်းသည်။

သို့သော် မာတင်ဘက်က သူ့နယ်လှည့်ပြပွဲသဘင်တွင် အချို့ပဉ္စလက်ကွက်များ ဥပမာ - ဖဲချက်လိမ်သည့်နည်းများကို လျှော့ပြပြီး ဟူဒီနီ၏ ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူဟူသော ပြကွက်နှင့် လက်ထိတ်ခတ်ခြင်းမှ လွတ်မြောက်ခြင်း ဟူသော ပြကွက်နှစ်မျိုးကိုသာ အဓိကထား၍ပြသရန် အရေးဆိုသည်။ ဟူဒီနီသည် မိမိကိုယ်မိမိ ပရိသတ်အများအပျင်းတော်ပြေစေရန် ဖျော်ဖြေပေးသော အနုပညာရှင်တစ်ဦးသာ ဖြစ်သည်ဟု မည်သည့်အခါမျှ ယူဆထားသူ မဟုတ်ပါ။ ပဉ္စလက်ပညာသည်အနုပညာတစ်ရပ်သာဖြစ်သည်ဟု ယုံကြည်ထားသည်။ သူမျှော်မှန်းထားခဲ့သည်မှာ ကမ္ဘာကျော်ပဉ္စလက်ဆရာကြီးတစ်ယောက် ဖြစ်ရေးသာ ဖြစ်သည်။ သူ့ပဉ္စလက်ပညာကိုလည်း လူအများ အထင်အမြင်သေးမည်ကို စိုးရိမ်သည်။

မာတင်ဘက်ပေးသော ရက်သတ္တပတ် တစ်ပတ်လျှင် ဒေါ်လာ (၆၀) ဆိုသည်မှာ ထိုစဉ်က မည်သည့် ပဉ္စလက်ဆရာမျှ မရသေးသော

ညာဏ်ပူဇော်ခ ဖြစ်၏။ ထိုစဉ်က နာမည်ကျော်ကြား လူသိများနေသော တော်ဖီဟန်နယ်လှည့်ပြပွဲသဘင်နှင့် တွဲဖက်ပြသရမည့် အခွင့်အရေးကို လက်လွှတ်မခံလို။ သို့ဖြစ်ရကား ဇနီးဖြစ်သူ ဘက်(စ်)ကို သူ့လက်ထောက် အဖြစ်ထားခဲ့ပြီး သူ့ကိုယ်သူ 'လက်ထိတ်ဧကရာဇ်ကြီးဟူဒီနီ' ဟု ကင်ပွန်း တပ်ခဲ့ပြီး ဖော်ဖီယန်နယ်လှည့်ပြပွဲသဘင်နှင့် တွဲဖက်၍ ခရီးထွက်ခဲ့သည်။ ဟူဒီနီ၏ ကျော်ကြားမှုမှာ အံ့မခန်းဖြစ်ခဲ့သည်။

သူရောက်လေသည့်မြို့တိုင်းမှ ထုတ်ဝေသော ဒေသခံသတင်းစာ များတွင် သူ၏ ရုပ်လွှဲနာမ်လွှဲနိုင်သူနှင့် လက်ထိတ်ဧကရာဇ်၏ စွန့်စားခန်း များမှာ ပရိသတ်အကြိုက် ဖြစ်ခဲ့ရသည်။ ရောက်လေရာတွင် စိန်ခေါ်ပွဲ များနှင့် ကြုံခဲ့ရသည်။ ဟူဒီနီသည် သူနှင့် ခေတ်ပြိုင် ပဥ္စလက်ဆရာများ ဖြစ်ကြသော အလက်ဇန္ဒားဟာမင်နှင့် ဟယ်ရီကယ်(လ်)လာတို့၏ ပျော့ ကွက်ဟာကွက်များကို မည်သည့်အခါမျှ ထုတ်မပြော။ ဝေဖန်ခြင်းလည်း မပြုလုပ်။ ရှုတ်ချခြင်းကိုလည်း တတ်နိုင်သမျှ ရှောင်ရှားသည်။

မြို့ငယ်တစ်မြို့တွင်ပြသသည့် ပြပွဲတစ်ခုတွင် ဒေသခံစီးပွားရေး သမားငါးယောက်တို့သည် သော့ဝိဇ္ဇာများကိုယ်တိုင် မိနစ် (၆၀) တိတိ ကြာမြင့်အောင် ဖွင့်ရသည့် လက်ထိတ်တစ်စုံကို ယူဆောင်လာခဲ့ပြီး ဟူဒီနီ အား စိန်ခေါ်ခဲ့ကြသည်။ ဟူဒီနီကလည်း ထိုစိန်ခေါ်ပွဲကို လွယ်လွယ်ကူကူ နှင့် လက်ခံသည်။ ဒေသခံပဥ္စလက်ဆရာများကမူ ဟူဒီနီတစ်ယောက် အပွဲပွဲနွဲခဲ့သမျှ ဤတစ်ချီတွင် ခံရပေတော့မည်ဟု သေသေချာချာ တွက် ထားသည်။ ထိုပြပွဲအား မြို့နေလူထုက ရုံလျှံအောင် တက်ရောက်အားပေး ကြည့်ရှုခဲ့ကြသည်။ စိန်ခေါ်သူ မြို့မိမြို့ဖငါးယောက်နှင့် ဒေသခံ ပဥ္စလက် ပညာရှင်များသည် ဇာတ်စင်ပေါ်သို့တက်၍ ပရိသတ်အား သူတို့ ယူ ဆောင်လာသည့် လက်ထိတ်ကို ပြသခဲ့ကြပြီး ဟူဒီနီကို ထိုလက်ထိတ် များဖြင့် ခတ်ခဲ့ကြသည်။

ဟူဒီနီကမူ မည်သည့်စိန်ခေါ်ပွဲကိုမျှ ပေါ့ပေါ့ဆဆမထား။ သတိ လက်မလွှတ်ကြိုးစားပြီး လွတ်ထွက်ပြလိုက်သည်နှင့် ပရိသတ်အားလုံးနှင့် စိန်ခေါ်သူများမှ ကြက်သေသေသွားသည်။ ဟူဒီနီ ဤလက်ထိတ်အနှောင် အဖွဲ့မှ လွတ်ထွက်အောင်ပြသသည့်အချိန်မှာ လေးမိနစ်သာကြာမြင့်ခဲ့ သည်ဟု ဆို၏။

မာတင်ဘက်သည် ဟူဒီနီ၏ ပဥ္စလက်ပွဲစဉ်များမှ ဆို့ဆို့ပို့ပို့ရမည် ဟု မျှော်လင့်ထား၏။ သူသည် စီးပွားရေးလာဘ်မြင်သူ ဖြစ်သည်။ ကြော်ငြာကို ငွေကုန်ကြေးကျခံ၍ ကြော်ငြာခြင်း၏တန်ဖိုးကို နားလည် သည်။ ဟူဒီနီ၏ ပဥ္စလက်ပြပွဲပြသမည့် ဇာတ်ရုံများအနီးတွင် ဟူဒီနီ၏ ကြီးမားသော ပုံတူပန်းချီကားကြီးများနှင့်အတူ 'သံခြေချင်းနှင့် လက်ထိတ် တို့၏မှော်ဝိဇ္ဇာ' ဟူ၍လည်းကောင်း၊ 'တစ်ခေတ်တွင်တစ်ယောက် ထွန်း တောက်သောမောင်အံ့ဖွယ်' ဟူ၍လည်းကောင်း စာတန်းကြီးများ ရေး

ဆွဲထားခဲ့၏။ ဒေသခံသတင်းစာများမှ သတင်းထောက်များ၊ မြို့မိမြို့ဖ ဂုဏ်သရေရှိ အာဏာပိုင်များကိုဖိတ်ကြား၍ အထူးပွဲများပြသပေးခဲ့သည်။ ဒေသခံသတင်းစာကြီးများကမူ အသစ်စက်စက် ဘီသိက်မြောက်ခြင်းခံရသော လက်ထိတ်ကေရာဇ် ဟူဒီနီဟု ကင်ပွန်းတပ်ခဲ့ရသည်။ ထိုစဉ်မှစ၍ ဟူဒီနီ ကွယ်လွန်ခဲ့သည်အထိ လက်ထိတ်ကေရာဇ်ဟူသောအမည်တွင်ခဲ့ရလေတော့၏။

ဤရက်ပိုင်းများအတွင်း ဟူဒီနီ၏ ပဥ္စလက်ပြပွဲများသည် ပွဲကို ထိန်းထားနိုင်သည်။ မြို့ခံလူထုသာမက နီးရာရွာနီးချုပ်စပ်များမှ လူအများ ရုံလျှံအောင်လာကြည့်ကြသည်။ သို့ဖြစ်၍ ပွဲကန်ထရိုက် မာတင်ဘက်သည် ဟူဒီနီ၏ညဏ်ပူဇော်ခကို တစ်ပတ် ဒေါ်လာ (၆၀) မှ ဒေါ်လာ (၉၀) အထိ တိုးမြှင့်ပေးခဲ့သည်။ ထိုညဏ်ပူဇော်ခမှာ ထိုစဉ်က ပဥ္စလက်ဆရာတစ်ဦး ထိုက်ထိုက်တန်တန်ရသည့် ညဏ်ပူဇော်ခ ဖြစ်၏။

သို့ဖြစ်၍ မာတင်ဘက်နှင့် ဟူဒီနီတို့သည် နှစ်ပေါင်းများစွာ လက်တွဲခဲ့ကြသည်။ ဟူဒီနီကမူ ပွဲကန်ထရိုက်များတွင် မာတင်ဘက်သည် သူ့အား နားအလည်ဆုံးသော ကန်ထရိုက်တစ်ဦးဖြစ်သာမက သူ့အား အကြံကောင်းညဏ်ကောင်းပေးနိုင်သူတစ်ဦး ဖြစ်သည်ဟု နောင်အခါ ထုတ်ဖော်ပြောပြခဲ့သည်။ ၁၈၉၉ ခုနှစ်၊ နွေဦးပေါက်တွင် ဟူဒီနီတို့ နယ်လှည့်ပြပွဲသဘင်သည် အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းပြည်နယ်များသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။ ထိုစဉ်က ထုတ်ဝေသော လော့(ခ်)အင်ဂျလိတိုင်း(စ်)သတင်းစာကြီးတွင် ဟူဒီနီပြပွဲများအကြောင်း အသေးစိတ် ရေးသားဖော်ပြခဲ့ပြီး ဟူဒီနီသည် သက်ဆိုင်ရာတာဝန်ရှိသူ ရဲများ၊ စုံထောက်များနှင့် အဆက်အသွယ်ရှိသူဖြစ်ကြောင်း၊ သို့ဖြစ်၍ ဟူဒီနီမှာ လျှို့ဝှက်ရဲသတင်းပေးတာဝန်ယူထားရသူ ဖြစ်နိုင်သည်ဟု ရေးသားခဲ့သည်။

ထိုစဉ်က အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းဒေသများတွင် ငွေစက္ကူအတုလုပ်သောဂိုဏ်းများ မှိုလိုပေါက်နေသည်။ ဥရောပတိုက်မှ လာရောက်ကြသော မင်းမဲ့ဝါဒီများမှာလည်း ခြေရှုပ်နေကြသဖြင့် ဟူဒီနီမှာ လျှို့ဝှက်ရဲသတင်းပေးတာဝန်ယူခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ သူ့အား ဒေသခံသတင်းစာများမှ စွပ်စွဲချက်များကိုမူ ဟူဒီနီက ဖြေရှင်းခဲ့ခြင်းမရှိခဲ့။

၁၈၉၉ ခုနှစ်၊ ဧပြီလတွင် ဟူဒီနီတို့ နယ်လှည့်ပြပွဲသဘင်သည် ကင်ဆမြို့သို့ ရောက်လာခဲ့သည်။ မာတင်ဘက်၏ ကြိုတင်စီမံထားသည့်အတိုင်း ကင်ဆမြို့ ကျက်သရေဆောင်ရုံတော်ကြီးအဝင်ဝတွင် လက်ထိတ်ကေရာဇ်ဟူသော ပိုစတာကြီးကို ထောင်ထားသည်။ လက်ကမ်းပိုစတာများတွင်လည်း ဒေသခံသတင်းစာများက ချီးမွမ်းရေးသားထားချက်များကို မိတ္တူကူးယူဖော်ပြပေးထားသည်။ ကင်ဆမြို့ဇာတ်ရုံကြီးတွင် ဟူဒီနီ၏ ပြပွဲများအတွက် ကြိုတင်လက်မှတ်များ ထူးထူးခြားခြား ရောင်းချခဲ့ရသည်ဟု ဆိုကြသည်။

ဧပြီလ (၁၀)ရက်နေ့ နံနက်တွင်မူ ဟူဒီနီသည် ကင်ဆမြို့ ရဲဌာနချုပ်သို့သွားရောက်၍ ဒေသခံအရာရှိများ၊ စုံထောက်များနှင့် တွေ့ဆုံပြီး စိန်ခေါ်ခဲ့သည်။ ဤစိန်ခေါ်ပွဲတွင်လည်း ဟူဒီနီသည် ရဲအင်စပက်တော်ကြီးနှင့် ဒေသခံ စုံထောက်အကြီးအကဲကိုယ်တိုင် သေသေချာချာ သံကြိုးများ၊ လက်ထိတ်များ၊ သံခြေချင်းများဖြင့် ချည်နှောင်ခတ်ထားခဲ့သော်လည်း မိနစ်ပိုင်းအတွင်း အလွယ်တကူ အနှောင်အဖွဲ့အားလုံးမှ လွယ်ကူစွာ ဖြုတ်ထွက်ပြခဲ့သည်။ ကင်ဆမြို့တွင်ပြသသည့် ဟူဒီနီ၏ပြကွက်များမှာ လာရောက်ကြည့်ရှုသူ ပရိသတ်အား ထိန်းထားနိုင်ခဲ့သည်။ ပြပွဲအစီအစဉ်များကိုလည်း ပရိသတ် ရိုးမသွား၊ အီမသွားစေရန် ပြောင်းလဲပစ်သည်။ ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူပြကွက်နှင့် လက်ထိတ်ဧကရာဇ်ပြကွက်များအပြင် လူအများ စိတ်ရွှင်လန်းစေမည့် ပြကွက်သစ်များ၊ ရယ်ရွှင်စရာ ဟာသခန်းများကိုပါ စီစဉ်ထားခဲ့သည်။

ကင်ဆမြို့တော်တွင် အတော်အသင့် အောင်ပွဲခံခဲ့ပြီးသည့်နောက် ဟူဒီနီတို့ နယ်လှည့်ပြပွဲသဘင်သည် ဆန်ဖရန်စစ္စကိုမြို့သို့ ကူးလာခဲ့သည်။ သူ၏ ယခင် လုပ်နည်းလုပ်ဟန်စတန့်များအတိုင်း ဆန်ဖရန်စစ္စကိုရောက်သည်နှင့် ရဲအဖွဲ့အကြီးအကဲဖြစ်သူ မစ္စတာလီအား သွားရောက်တွေ့ဆုံသည်။ မစ္စတာလီ၏ ခွင့်ပြုချက်ဖြင့် ဆန်ဖရန်စစ္စကို ရဲစခန်းများနှင့် စုံထောက်အဖွဲ့တို့မှ အရာရှိ (၄၀၀)ကို ရဲအဖွဲ့ဌာနချုပ်ရှိ ခန်းမသို့ ဖိတ်ကြားခဲ့သည်။ ဒေသခံသတင်းစာကြီးများမှ သတင်းထောက်များနှင့် စာရေးဆရာများကိုလည်း အထူးဧည့်သည်တော်များအဖြစ် ဖိတ်ကြား၍ သူ့အထူးအစီအစဉ်ကို ပြသည်။ ခန်းမကြီးဗဟိုတွင် စားပွဲခုံများချထားပြီး ထိုစားပွဲခုံများကို ဇာတ်စင်သဖွယ်ထား၍ သူ့ပြကွက်များကို တင်ဆက်ပြသခဲ့၏။

ဟူဒီနီကမူ ရဲအရာရှိများအား သူတို့ကြိုက်သလို ရဲစခန်းရှိ လက်ထိတ်များ၊ သံခြေချင်းများ၊ သံကြိုးများနှင့် ချုပ်နှောင်စေလိုကြောင်း၊ သူ့ကိုယ်ခန္ဓာတစ်ခုလုံးကိုလည်း ကြိုက်သလို ရှာဖွေနိုင်ကြောင်း၊ မှူခင်းဆရာဝန်များကိုခေါ်၍ သူ့ခန္ဓာကိုယ်ကိုလည်း လိုအပ်သလို စစ်ဆေးနိုင်ကြောင်း စသည်ဖြင့် ပြောဆိုပြီး စိန်ခေါ်ခဲ့သည်။ ဆန်ဖရန်စစ္စကို ရဲအဖွဲ့အကြီးအကဲကိုယ်တိုင် မှုခင်းဆရာဝန်နှင့်အတူ ဟူဒီနီ၏ တစ်ကိုယ်လုံးအား စေ့စေ့စပ်စပ် ရှာဖွေတော့သည်။ ဟူဒီနီကလည်း သူ့အဝတ်အစားအားလုံး ချွတ်ပစ်လိုက်ရာ အဝတ်မပါဗလာကိုယ်လုံးတီး ဖြစ်သွားသည်။

သတင်းထောက်များကလည်း သူ့တစ်ကိုယ်လုံး ချစ်တီးဦးခေါင်းသန်းရှာသလို နှိုက်နှိုက်ချွတ်ချွတ်ရှာဖွေနေပုံကို ဓာတ်ပုံဖြင့် မှတ်တမ်းတင်ကြ၏။ ရဲနှင့် စုံထောက်တို့ကမူ ဟူဒီနီသည် လက်ထိတ်များ၊ သံခြေချင်းများတွင် ခတ်ထားသော သော့ခလောက်များအား ဖွင့်နိုင်သည့် သော့တူသို့မဟုတ် သော့ဖွင့်သည့်ကိရိယာများကို သူ့ခန္ဓာကိုယ်တစ်နေရာရာတွင်

မလွဲမသွေ ဖွက်ထားရပေမည်ဟု တွက်ဆထားသည်။ သတင်းထောက်များကလည်း ဒီတစ်ချီ စိန်ခေါ်ပွဲတွင် ဟူဒီနီ သို့မဟုတ် လက်ထိတ်ဧကရာဇ်ကြီးတစ်ယောက် မဟာအရှက်တော်ကွဲရပေတော့မည်ဟု တစ်ထစ်ချ ယုံကြည်ထားကြသည့်အတိုင်း အဝတ်မပါ ကိုယ်လုံးတီးဖြစ်နေသော ဟူဒီနီ၏ခန္ဓာကိုယ်ကို စေ့စေ့စပ်စပ်ရှာကြတော့သည်။ ပါးစပ်၊ နား၊ နှာခေါင်း သူ့ကိုယ်ခန္ဓာတစ်ခုလုံးအား မရှုံမရှာ သေသေချာချာ ရှာကြသည်။ ရဲနှင့် စုံထောက်များသာမက သတင်းစာကြီးများမှ သတင်းထောက်များ၊ အယ်ဒီတာကြီးများအားလုံးသည် သူတို့မျက်နှာများပေါ်တွင် အပြုံးရိပ်ယှက်နေသည်။ တချို့ကလည်း သရော်တော်တော် ပြောင်ချော်ချော်မျက်နှာများနှင့် ပြုံးနေကြသည်။ လက်ထိတ်ဧကရာဇ်ကြီး ဟူဒီနီကမူ မပြုံးမရယ် တည်ကြည်သောမျက်နှာထားဖြင့် ကြီးမားသော မဟာစွမ်းဆောင်မှုကြီးတစ်ရပ်ကို ဆောင်ရွက်ပြတော့မည်ဟူသော အသွင်သဏ္ဌာန်ကိုဆောင်နေတော့၏။ စက္ကန့်မှ မိနစ် တဖြည်းဖြည်း ကြာမြင့်လာသည်။ မှူခင်းဆရာဝန်ကြီးသည် ဟူဒီနီအား မှုခင်းတစ်မှု ကျူးလွန်ထားသူတစ်ဦးကဲ့သို့ ရှာဖွေသည်။ တစ်စုံတစ်ရာ သင်္ကာမကင်းဖွယ် မတွေ့ရမှ ပြုံးနေသော သူ့မျက်နှာသည် အပြုံးရပ်သွားသည်။

ခန်းမအတွင်းရှိ ရဲအရာရှိများ၊ ရဲသားများ၊ သတင်းထောက်များအားလုံးသည်လည်း သရော်တော်တော် ပြောင်ချော်သောအပြုံးများ ရပ်သွားကြပြီး နားမလည်နိုင်ခြင်း၊ အံ့ဩခြင်း၊ ထူးထူးခြားခြား လေးစားခြင်းဖြစ်လာသည်။ ထို့နောက် ရဲနှင့် စုံထောက်အရာရှိများသည် အဝတ်မပါဗလာကိုယ်တုံးလုံးဖြစ်နေသော ဟူဒီနီ၏လက်များကို နောက်ပြန်လက်ထိတ်ခတ်ကြသည်။ ခြေထောက်များကိုလည်း သံခြေချင်းအထပ်ထပ်ခတ်ကြတော့၏။ ခန်းမကြီးတစ်ခုလုံး သံခြေချင်းများ၊ လက်ထိတ်များခတ်နေသည့်အသံသာ ကြားနေရပြီး သည်းထိတ်ရင်ဖိုဖွယ်ကောင်းလောက်အောင် ငြိမ်သက်နေသည်ကို တွေ့ကြရသည်။ ခန်းမတွင်းရှိ တိုင်ကပ်နာရီကြီးမှ တချက်ချက်မြည်နေသောအသံကို ကြားနေရသည်။ ရဲအဖွဲ့အကြီးအကဲသည် လက်ထိတ်ဆယ်စုံကို တစ်ခုနှင့်တစ်ခု ဆက်ခတ်ပြီး ဟူဒီနီ့လက်များကို နောက်ပြန် လက်ထိတ်ခတ်ထားသော လက်ထိတ်များနှင့် ခြေတွင်ခတ်ထားသော သံခြေချင်းများကို ဆက်ပြီး ခတ်လိုက်ပြန်သည်။ ဟူဒီနီ၏တစ်ကိုယ်လုံးမှာ လက်ထိတ်များ၊ သံခြေချင်းများ၊ သံကြိုးများ ဖုံးနေတော့၏။ ထို့နောက် ခန်းမကြီးဘေးရှိ ရဲအရာရှိကြီးများနှင့် သတင်းထောက်များကိုယ်တိုင် သေသေချာချာ ရှာဖွေစစ်ဆေးကာ အခန်းကျဉ်းကလေးထဲသို့ ရဲအရာရှိကြီးကိုယ်တိုင် ဟူဒီနီအား ရဲများခြံရံ၍ ခေါ်သွားတော့သည်။ ထို့နောက် လက်ထိတ်ဧကရာဇ်ဟူဒီနီအား ကြမ်းပြင်ပေါ်သို့ ထိုင်ခိုင်းလိုက်သည်။ ထို့နောက် ရဲအရာရှိကြီးကိုယ်တိုင် အခန်းကျဉ်းကလေးတံခါးသော့ကို ပိတ်ထားလိုက်သည်။ ခန်းမတွင်းမှ ရဲအရာရှိများ၊

စုံထောက်များ၊ သတင်းစာကြီးများမှ သတင်းထောက်များသည် ထူးထူးခြားခြား ငြိမ်သက်လျက်ရှိကြပြီး သူတို့မျက်လုံးများသည် အခန်းကျဉ်းကလေးဆီသို့သာ စူးစိုက်ကြည့်နေကြတော့၏။ ရဲအရာရှိအချို့နှင့် စုံထောက်တို့ကမူ စစ်ပွဲတွင် အောင်ပွဲခံရတော့မည့် စစ်ဗိုလ်ချုပ်ကြီးများ အသွင်ဆောင်နေကြသည်။ အပွဲပွဲစိန်ခေါ်၍ အနိုင်ယူခဲ့သော လက်ထိတ်ကြေရာဇ်ကြီး ဆန်ဖရန်စစ္စကို ရဲအဖွဲ့နှင့်တွေ့မှ အရှုံးပေးရပေတော့မည်ဟု ထင်မှတ်ထားကြသည်။ ဧည့်သည်တော်အချို့ကမူ နံရံပေါ်ရှိ တိုင်ကပ်နာရီကြီးကိုသာ စူးစိုက်ကြည့်နေကြသည်။

နာရီကြီးကား တချက်ချက်မြည်လျက် ရှိနေသည်။ မိနစ်လက်တံကလည်း တစ်မိနစ်ပြီးတစ်မိနစ် တက်လာသည်။ (၅) မိနစ်ကြာလာခဲ့ပြီဖြစ်သော်လည်း အခန်းကျဉ်းကလေးအတွင်းမှ မည်သည့်အသံမျှ မကြားရ။ ဟူဒီနီအပေါ် သံသယဇဉ်ရှိကြသူ သတင်းထောက်အချို့နှင့် ဧည့်သည်များ၏ မျက်နှာပေါ်တွင်မူ စိုးရိမ်သောကစိတ်များ ပေါ်လာသည်။ ဟူဒီနီစိန်ခေါ်ခြင်းခံရသည့် ရဲအရာရှိကြီးနှင့် စုံထောက်ကြီးတို့ကမူ 'ကဲ-ဘယ့်နှယ်ရှိစ' ဟူသော ကျေနပ်နှစ်သိမ့်သည့် ဟန်အမူအရာ ပေါ်နေသည်။ (၁၀) မိနစ်ကြာလာသည်နှင့် တံခါးဖွင့်သည့်အသံ ကြားလာရပြီး လက်ထိတ်ကြေရာဇ်ကြီးနှင့် သော့ဝိဇ္ဇာဟူဒီနီ ထွက်လာသည်။

ရဲအဖွဲ့အကြီးအကဲနှင့် စုံထောက်များကမူ ကြက်သေသေသွားကြသည်။ သူတို့မျက်လုံးများကို သူတို့မယုံနိုင်။ ဟုတ်မှဟုတ်ပါ့မလားဟု ထင်ကြသည်။ ဧည့်ခန်းအတွင်းထိုင်နေကြသော ဧည့်သည်များနှင့် ရဲသားများသည် တညီတညွတ်တည်း 'ဟာ' ဟူသောအသံ ထွက်လာခဲ့တော့၏။ ဟူဒီနီကား အဝတ်မပါ ဗလာကိုယ်တုံးလုံးနှင့် ပရိသတ်များရှေ့တွင် ရပ်နေတော့၏။ သူ့အား နှောင်ဖွဲ့ခတ်ထားသော အရာခပ်သိမ်းမှာ လက်ရာမပျက်။ အခန်းထဲရှိ ကြမ်းပြင်တွင် စုပုံလျက်ရှိနေတော့သည်။ စိန်ခေါ်ခံရသူ ရဲများနှင့် စုံထောက်များမှာလည်း ပါးစပ်အဟောင်းသားဖြစ်သွားသည်။ စာနယ်ဇင်းသမားများနှင့် သက်သေအဖြစ် ဆောင်ရွက်ပေးရသူ မှူခင်းဆရာဝန်ကြီးနှင့် မြို့မိမြို့ဖများမှာလည်း နားမလည်နိုင်အောင် ဖြစ်ရတော့သည်။

ဤသတင်းသည် ဟိုးဟိုးကျော်သွားခဲ့သည်။ နောက်တစ်နေ့တွင် ထုတ်ဝေသော ဆန်ဖရန်စစ္စကို သူရိယသတင်းစာအပါအဝင် အခြားသတင်းစာကြီးများသည် ဆန်ဖရန်စစ္စကို ရဲအဖွဲ့ခန်းမတွင် ဟူဒီနီ လက်ထိတ်များ၊ ခြေချင်းများမှ လွတ်ထွက်လာသည့်ဓာတ်ပုံ၊ ဟူဒီနီအား ဆန်ဖရန်စစ္စကို ရဲအဖွဲ့အရာရှိကြီးကိုယ်တိုင် လက်ထိတ်ခတ်နေသောဓာတ်ပုံနှင့်အတူ စိတ်ဝင်စားဖွယ်ကောင်းသော ခေါင်းစဉ်များဖြင့် သတင်းစာကြီးများ၏ မျက်နှာဖုံးမှ ဖော်ပြခဲ့သည်။ ဆန်ဖရန်စစ္စကိုလူထုသည် ဤသတင်းကို စိတ်ဝင်စားစွာဖတ်ကြရင်း ဟူဒီနီသည် သဘာဝနည်းဖြင့်

လွတ်စရာလမ်းမရှိနိုင်။ သူ့အား တမလွန်လောကမှ တစ်စုံတစ်ယောက်၏အကူအညီ သို့မဟုတ် လောကီပညာအစီအရင်နည်းများဖြင့်သာ ဖြစ်နိုင်သည်ဟု ဆိုကြသည်။ ဆန်ဖရန်စစ္စကို သံတော်ဆင့်သတင်းစာကြီးကမူ ဟူဒီနီ ကိုယ်လုံးတီး လက်ထိတ်များ၊ သံခြေချင်းများခတ်ထားသော ဓာတ်ပုံကိုဖော်ပြပြီး 'လက်ထိတ်ဧကရာဇ်၏ တစ်ကိုယ်စွန့်စားခန်း' ဟူသော စိတ်ဝင်စားဖွယ်အောက်မှ အထက်တွင် ဖော်ပြပြီးဖြစ်သော ဟူဒီနီ၏ မဟာလွတ်မြောက်မှုကြီးသတင်းကို အသေးစိတ် ရေးသားဖော်ပြခဲ့၏။

ယင်းသတင်းစာ၏ အယ်ဒီတာဖြစ်သူကလည်း ဤကဲ့သို့ လက်ထိတ်များ၊ သံခြေချင်းများ ကိုယ်လုံးတီးခတ်ခံရပြီး သော့အသေအချာခတ်ထားခဲ့သည့် ရဲတို့၏ သော့လုံခန်းမှ ဆယ်မိနစ်အတွင်း လက်ရာခြေရာမပျက် လွတ်ထွက်လာသည်မှာ ထူးဆန်းလွန်းလှသည်။ သဘာဝလွန်၊ လောကီလွန်သော ကိစ္စတစ်ရပ်ဖြစ်သဖြင့် ဟူဒီနီမှာ မှော်ဆရာ သို့မဟုတ် လောကီပညာရှင်တစ်ဦးဖြစ်ရမည်ဟု မှတ်ချက်ပေးခဲ့သည်။

လော့(စ်)အင်ဂျလိ(စ်)မြို့မှ ထုတ်ဝေသော **လော့(စ်)အင်ဂျလိ(စ်) ပုံတင်သံ** ဟူသော သတင်းစာကြီးတွင်မူ အင်္ဂလိပ်အမျိုးသား ပဥ္စလက်ဆရာ ဖဲဝိဇ္ဇာပါမောက္ခ ဘင်ဇွန်ဆိုသူကမူ ဟူဒီနီ ဤကဲ့သို့ လက်ထိတ်များ၊ သံခြေချင်းများ လွတ်ထွက်ပုံပြကွက်မှာ ထူးလျက်နှင့်မဆန်းသော ပြကွက်သာဖြစ်ကြောင်း၊ ရဲတို့၏လက်ထိတ်များ၊ သံခြေချင်းများမှာ သေသေချာချာ သော့ကုမ္ပဏီကြီးများက ပြုလုပ်ထားခြင်းဖြစ်သဖြင့် ဖွင့်ထွက်နိုင်သော အခြားနည်းလမ်းမရှိကြောင်း၊ လွတ်ထွက်နိုင်ရန် နည်းတစ်နည်းမှာ သော့တူနှင့်ဖွင့်မှသာ လွတ်မြောက်နိုင်မည်ဖြစ်ကြောင်း၊ ဤသို့ ဟူဒီနီလွတ်မြောက်အောင်လုပ်ပြပုံမှာ သူ၏ပါးစပ်တွင် သော့တူများ ဝှက်ယူလာပြီး ဖွင့်လိုက်ခြင်းသာဖြစ်ကြောင်း၊ ထိုပြကွက်များကို ရှေးခေတ်ကပင် အမေရိကန်ဖျော်ဖြေရေး ပဥ္စလက်ဆရာများက လုပ်ပြလေ့ရှိသော ပြကွက်ဟောင်းများသာဖြစ်သည်ဟု ဝေဖန်ရေးသားခဲ့သည်။

ဟူဒီနီကလည်း နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်အရ ရက်အားမရှိသဖြင့် ပါမောက္ခဘင်ဇွန်နှင့်တွေ့ဆုံပြီး စိန်ခေါ်ပြပွဲမပြုလုပ်နိုင်သည့်အတွက် ဝမ်းနည်းပါကြောင်း၊ ပါမောက္ခဘင်ဇွန်ကိုယ်တိုင် သူ့ပြပွဲရှိရာသို့လာရောက်၍ သူနှင့်စိန်ခေါ်လိုကြောင်း၊ သူက ပါမောက္ခဘင်ဇွန်အား ဒေါ်လာ (၁၀၀) ဆုအဖြစ် ချီးမြှင့်မည်ဖြစ်ကြောင်း၊ အကယ်၍ ပါမောက္ခဘင်ဇွန် ရှုံးနိမ့်ပါက သူ၏နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးတို့သာ ရိတ်ပေးစေလိုကြောင်း စသည်ဖြင့် ဆန်ဖရန်စစ္စကိုသတင်းစာကြီးများမှ ထုတ်ပြန်ရေးသားခဲ့သည်။ (ထိုစဉ်က ပဥ္စလက်ဆရာအများမှာ မုတ်ဆိတ်ရှည်များ၊ နှုတ်ခမ်းမွေးများ ထားလေ့ရှိသည်ဟု ဆိုသည်။)

ပါမောက္ခဘင်ဇွန်ဆိုသူကမူ ဟူဒီနီအား စိန်ခေါ်ခြင်းမပြုခဲ့ပေ။ နောင်အခါ အမေရိကန်ပြည်ထောင်စု ပဥ္စလက်ပညာရှင်များအသင်းကြီး

ဖွဲ့စည်းထည်ထောင်၍ ဟူဒီနီ ဥက္ကဋ္ဌဖြစ်လာခဲ့သည့်အခါ ပါမောက္ခ ဘင်ဇွန်သည် ပဥ္စလက်ပညာရှင်များအသင်း ဝင်ရောက်ရန် ဟူဒီနီအား လာရောက် တွေ့ဆုံခဲ့လေသည်။ ဟူဒီနီကလည်း ဝမ်းမြောက်ဝမ်းသာ ပါမောက္ခဘင်ဇွန်အား ပဥ္စလက်ပညာရှင်များအသင်းသို့ ဝင်ခွင့်ပေးခဲ့လေသည်။

ဟူဒီနီတို့ နယ်လှည့်ဖျော်ဖြေရေးအဖွဲ့သည် စိန့်လူဝီသို့ ရောက်လာခဲ့သည်။ ဟူဒီနီမှာ ဟိုးဟိုးကျော်လာသည့် ပဥ္စလက်ပညာရှင်တစ်ဦး ဖြစ်လာသည်။ ဤသို့ နာမည်ကြီးလာလေ သူ့အား တိုက်ခိုက်ရှုတ်ချလိုသော သူများအဖို့ များလာလေ ဖြစ်သည်။ သူနှင့်ခေတ်ပြိုင် ပဥ္စလက်ဆရာများ ကလည်း သတင်းစာအချို့မှ သတင်းမှုဆိုးများနှင့်ပူးပေါင်း၍ ဟူဒီနီအား ပြင်းပြင်းထန်ထန် ဝေဖန်ရေးသားခဲ့ကြသည်။ သူပါဝင်သည့် နယ်လှည့် ဖျော်ဖြေရေးအဖွဲ့ကြီးမှ တာဝန်ရှိသူအချို့ကမူ ဟူဒီနီအား ဤမျှ ကြေး ကြီးပေး၍ ငှားရမ်းထားသော်လည်း သူ့ပြကွက်ဆန်းများမှာ ထူးထူးခြားခြား စွမ်းဆောင်မှုများမတွေ့ရကြောင်း၊ သူတင်ဆက်နေသည့် ပြကွက်များနှင့် လက်ထိတ်များ၊ သံခြေချင်းများမှ လွတ်ထွက်သွားပုံပြကွက်များမှာ မပြော ပုဆိုးဖြစ်နေပြီဟု တိုးတိုးတိတ်တိတ် ဝေဖန်ခဲ့သည်။

မာတင်ဘက်ကမူ ဟူဒီနီ၏ အစွမ်းအစ၊ ကြိုးစားမှုကို နားလည် သည်။ သို့ဖြစ်၍ ဟူဒီနီ အားရက်သတ္တပတ်တစ်ပတ်လျှင် (၁၂၅) ဒေါ်လာ ဘောနပ်စ်ကြေးအဖြစ် ချီးမြှင့်ပေးခဲ့သည်။ ဟူဒီနီကလည်း သူ့ပြကွက်များ ရိုးလာမည်ကို စိုးရိမ်လာသည်။ ပွဲကြည့်ပရိသတ်များ အီလာမည်ကိုလည်း ကောင်း၊ တစ်ခါလာ မဲပြောပုဆိုးဟု ဝေဖန်လာမည်ကိုလည်းကောင်း တွေးပူ မိသဖြင့် အသစ်အဆန်းပြကွက်အချို့ ပြုလုပ်ပြသရန် ကြံရွယ်ခဲ့သည်။

၁၈၉၉ ခုနှစ်၊ စက်တင်ဘာလတွင်မူ ဟူဒီနီတို့ နယ်လှည့်ဖျော်ဖြေ ရေးအဖွဲ့သည် စိန့်လူဝီမြို့သို့ ရောက်လာသည်။ ဟူဒီနီသည် ဒေသခံ သတင်းစာကြီးတစ်ခုမှ သတင်းထောက်တစ်ဦးနှင့် တွေ့ဆုံ၍ သူသည် သင့်လျော်သောနေ့တွင် လက်ထိတ်များ၊ ခြေချင်းများခတ်၍ စိန့်လူဝီမြို့ စိန့်လူဝီတံတားမှ စိန့်လူဝီမြစ်အတွင်းသို့ ခုန်ချပြမည်ဟု ထုတ်ဖော်ပြောဆို ခဲ့သည်။ သို့သော်လည်း အကြောင်းကြောင်းကြောင့် ဤစွန့်စားမှုကို ပြု လုပ်ပြသနိုင်ခြင်း မရှိခဲ့ပေ။ ဟူဒီနီကမူ ဤကဲ့သို့ စွန့်စားပြသမှုကို မပြနိုင် သေးသော်လည်း လက်မလျှော့။ သူ့ဇာတ်စင်ပေါ်တွင် အထူးစီမံပြုလုပ် ထားသည့် သံရေကန်ငယ်အတွင်း သူ့အား လက်ထိတ်များ၊ ခြေချင်းများ၊ သံကြိုးများ အထပ်ထပ်ခတ်၍ ချထားရာမှ လွတ်မြောက်သည့် ပြကွက် ပြသရန် ကြိုးစားမည်ဟု ဆုံးဖြတ်ခဲ့သည်။ ဆုံးဖြတ်သည့်အတိုင်း ဆောင် ရွက်ရန် လေ့ကျင့်သည်။

ဟူဒီနီတို့ နယ်လှည့်ဖျော်ဖြေရေးအဖွဲ့သည် စိန့်လူဝီမြို့မှ ဘတ် ဖလိုးမြို့သို့ ကူးလာခဲ့၏။ ဘတ်ဖလိုးမြို့ ကျက်သရေဆောင် မြို့တော်ဦး

ဇာတ်ရုံတွင် ပြပွဲပြသရန် စီစဉ် ဆောင်ရွက်ထားသည်။ ပွဲကန်ထရိုက် မာတင်ဘက်နှင့် ဟူဒီနီသည် ပိုမို ရင်းနှီးလာခဲ့သည်။ မာတင်ဘက်သည် သာမန် ပြပွဲကန်ထရိုက်တာတစ်ဦးထက် ဟူဒီနီအား ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော ပဥ္စလက်ဆရာတစ်ဦးအဖြစ် ရောက်စေလိုသည်။ သို့ဖြစ်၍ ဟူဒီနီ၏ အားနည်းချက်၊ အားသာချက်များကို ပွင့်ပွင့်လင်းလင်း ဝေဖန် အကဲဖြတ်လေ့ရှိသဖြင့် ဟူဒီနီအတွက် မိတ်ဆွေကောင်းတစ်ဦး ဖြစ်လာခဲ့သည်။ ဘတ်ဖလိုးမြို့ပြဇာတ်ရုံတွင် ပြပွဲတင်ဆက်ပြသမှုမပြုမီ ဟူဒီနီသည် ထုံးတမ်းစဉ်လာအတိုင်း ဘတ်ဖလိုးမြို့ရဲဌာနသို့ သွားရောက်၍ ရဲအရာရှိများကို စိန်ခေါ်သည်။ ဤစိန်ခေါ်ပွဲတွင်မူ ဟူဒီနီသည် ယခင် မြို့ကြီးများတွင် ရဲနှင့် စုံထောက်များအား စိန်ခေါ်ခဲ့သောပွဲများထက် တစ်ဆင့်တက်၍ ပြသရန် စီစဉ်သည်။

ဘတ်ဖလိုးမြို့ရဲစခန်းအတွင်း စိန်ခေါ်ပွဲတွင်လည်း ဟူဒီနီသည် ရဲနှင့် စုံထောက်များအပြင် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများကိုပါ ဖိတ်ခေါ်ထားသည်။ ထိုစိန်ခေါ်ပွဲတွင်မူ ဟူဒီနီသည် အင်္ကျီကိုယ်ကျပ်ဝတ်၍ ကိုယ်ကျပ်ပေါ်မှ လက်ထိတ်များ၊ သံခြေချင်းများ၊ သံကြိုးများ အထပ်ထပ်ခတ်ထားရာမှ လွတ်အောင်ထွက်ပြမည်ဟု စိန်ခေါ်သည်။ မြို့သူမြို့သားအများကမူ ဤစိန်ခေါ်ပွဲတွင် ဟူဒီနီ အောင်မြင်နိုင်ပါ့မလားဟု သံသယရှိကြ၏။ ဟူဒီနီ၏မိတ်ဆွေ ပြပွဲကန်ထရိုက်တာကြီးကိုယ်တိုင် ဤလွတ်အောင်ထွက်ပြမည့် မဟာလွတ်မြောက်မှုပြကွက်သည် ဖြစ်မှဖြစ်ပါ့မလားဟု စိတ်အထူးလေးခဲ့သည်ဟု နောင်အခါ ထုတ်ဖော်ပြောဆိုခဲ့သည်။

ချိန်းဆိုထားသောနေ့တွင် ဟူဒီနီသည် သူဝတ်ဆင်ထားသည့် အဝတ်အစားများ ချွတ်ပစ်ခဲ့ပြီး ရဲအဖွဲ့မှူးခင်းဆရာဝန်ကြီးအား သူ့တစ်ကိုယ်လုံးတွင် သော့တူများ၊ သက်မကင်းဖွယ် ကိရိယာများ ရှိ၊ မရှိ နှိုက်နှိုက်ချွတ်ချွတ်စစ်ဆေးစေသည်။ မှူခင်းဆရာဝန်ကြီးနှင့်အဖွဲ့ စိတ်ကျေနပ်လောက်အောင်ရှာဖွေပြီးမှ အင်္ကျီကိုယ်ကျပ်ကို ဝတ်ဆင်သည်။ သူ့ပါးစပ်ကိုလည်း လက်ကိုင်ပဝါများဖြင့် ရဲနှင့် စုံထောက်တို့အား အထပ်ထပ်စီးစေသည်။ အဘယ်ကြောင့်ဆိုသော် ဒေသခံသတင်းစာကြီးများအချို့တွင် ဟူဒီနီသည် သော့တူကလေးအား ပါးစပ်အတွင်း ငုံထားနိုင်သည်ဟု စွပ်စွဲခဲ့ကြသောကြောင့် ဖြစ်၏။

အင်္ကျီကိုယ်ကျပ်ပေါ်မှ သံကြိုးအထပ်ထပ် ချည်နှောင်ခဲ့ပြီး လက်ထိတ်များ၊ သံခြေချင်းများခတ်ခဲ့ကြသည်။ ရဲနှင့် စုံထောက်တို့သည် ဟူဒီနီအား လက်ထိတ်များ၊ သံခြေချင်းများ အထပ်ထပ်ခတ်ရာတွင် တစ်ဆယ့်ငါးမိနစ်ခန့် ကြာမြင့်ခဲ့သော်လည်း ဟူဒီနီကမူ ထိုအနှောင်အဖွဲ့များမှ (၃) မိနစ်အတွင်း လွတ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် စိန်ခေါ်သူ ရဲနှင့် စုံထောက်များဖို့ တအံ့တသြဖြစ်ကြသည်သာမက လေးလေးစားဖြစ်

လာသည်။

ဘတ်ဖလိုးမြို့မှထုတ်ဝေသော ဒေသခံသတင်းစာများနှင့် ညနေထုတ်သတင်းစာများတွင် ရဲနှင့် စုံထောက်များနှင့် ပဥ္စလက်ဆရာ ဟူဒီနီတို့ စိန်ခေါ်ပွဲအကြောင်းကို အသေးစိတ် ရေးသားဖော်ပြခဲ့ပြီး ဟူဒီနီအား ကင်ပွန်းတပ်ထားသော **'လက်ထိတ်ဘေရာဇ်'** မှာ တကယ်ထိုက်တန်သော နာမည်ဖြစ်သည်ဟု ရေးသား ဖော်ပြခဲ့ကြသည်။ ၁၉၀၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ဟူဒီနီတို့ နယ်လှည့်ပြပွဲသဘင်သည် ဘိုစတုန်မြို့သို့ ရောက်ရှိလာခဲ့သည်။ အမှန်အားဖြင့် ထိုနယ်မြေသည် ကိုညီနောင် ဆပ်ကပ်နှင့် ပဥ္စလက်အဖွဲ့တို့ လွှမ်းမိုးကြီးစိုးထားသောနယ်မြေ ဖြစ်သည်။ ကိုညီနောင်မှာလည်း ပဥ္စလက်ပြကွက်သစ်များ တင်ဆက်ရာတွင် နာမည်ကျော်ကြားလူသိများသူများ ဖြစ်သည်။ ဟူဒီနီမရောက်လာမီကပင် ဟူဒီနီ၏ မဟာလွတ်မြောက်မှုပြကွက်များမှာ အဆန်းမဟုတ်ကြောင်း ရှေးအစဉ်အလာပြကွက်များကို ကြော်အောင်ငြာထားခြင်းသာ ဖြစ်သည်ဟု သတင်းများဖြန့်ထားသည်။

ဟူဒီနီကမူ သူ ယခင်မြို့များတွင် ပြုလုပ်ခဲ့သည့် စိန်ခေါ်ပွဲများထက် လူအများ စိတ်ဝင်စားအောင် ပြုလုပ်ပြသမည်ဟု ဆုံးဖြတ်ထားသည်။ ပွဲမဝင်ခင်ကတည်းက ဤစိန်ခေါ်ပွဲအတွက် ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်ထားခဲ့၏။ သို့ဖြစ်၍ ဘိုစတုန်မြို့သို့ ရောက်သည်နှင့် ဟူဒီနီသည် ဘိုစတုန်မြို့တော် ရဲအဖွဲ့အကြီးအကဲ အင်စပတ်တော်ကြီး ဝီလျံဝါ(ဒ်)ကို သွားတွေ့ခဲ့သည်။ ယခု စိန်ခေါ်ပွဲတွင်မူ ယခင် စိန်ခေါ်ပွဲများနှင့် မတူ တစ်မူထူးခြား ပြုလုပ်ပြသမည်ဟု ဆိုသည်။ ပြသမည့်အစီအစဉ်များကိုလည်း ရဲနှင့် စုံထောက်တို့နှင့် စီစဉ်သည်။ ထိုပြပွဲတွင် သူသည် ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားမည်ဖြစ်ပြီး သူ့အား နာမည်ကြီးလူဆိုးများ ချုပ်နှောင်သည့် အခန်းအတွင်းနံရံတွင် လက်ထိတ်များ၊ သံခြေချင်းများနှင့် ခတ်ထားစေမည့် စိန်ခေါ်ပွဲ ဖြစ်သည်။

သူ့အစီအစဉ်အတိုင်း စိန်ခေါ်ပွဲကို ဘိုစတုန်မြို့မရဲစခန်းရှိ ဟောပြောပွဲများကျင်းပသည့် ခန်းမဆောင်တွင် စီစဉ်ထားသည်။ ဘိုစတုန်မြို့မှ စာနယ်ဇင်းသမားများ၊ မြို့မျက်နှာဖုံး၊ မြို့မိမြို့ဖများ၊ ဘိုစတုန်မြို့ရဲအတတ်သင်ကျောင်းမှ ကျောင်းသားများပါ တက်ရောက်ခဲ့ကြ၏။ ရဲများ၊ စုံထောက်များနှင့် စာနယ်ဇင်းသမားများသည် တစ်ကိုယ်လုံး မိမွေးတိုင်းဖမွေးတိုင်း အဝတ်မပါ ကိုယ်လုံးတီးဖြစ်နေသော ဟူဒီနီအား တရားခံရှာသကဲ့သို့ ရှာဖွေကြသည်။ ကိုယ်ကျပ်အင်္ကျီကိုလည်း အသေးစိတ် ရှာဖွေခဲ့ပြီး ဟူဒီနီ၏လက်များကို နောက်ပြန် လက်ထိတ်ခတ်ကြသည်။ ရဲစခန်းအတွင်း အာမခံအခန်းအတွင်းနံရံရှိ သံချိတ်ကြီးများတွင် ဟူဒီနီအား ခတ်ထားသော သံကြိုးများကို ချည်နှောင်ကြပြီး သော့ဖြင့်ခတ်ကြသည်။ သူ့အား သော့အထပ်ထပ်ခတ်ထားသည့် အထူး လုံခြုံရေးအခန်းပြုလုပ်

ထားသော အခန်းသော့ကိုလည်း နာမည်ကျော် ယေး(လ်)အာမခံသော့ ကုမ္ပဏီမှပြုလုပ်သော သော့ခလောက်ကြီးဖြင့် အတွင်းမှ ခတ်ထားပြန်သည်။ အပွဲပွဲနွှဲခဲ့သော ဟူဒီနီအဖို့ ဤစိန်ခေါ်ပွဲတွင် လွတ်မြောက်နိုင်ပါ့မလားဟု သူ့ပွဲကန်ထရိုက်ကြီး မာတင်ဘက်ကိုယ်တိုင် သံသယရှိလာသည်။ စိတ်အားလျှော့ထားသည်။ သို့သော် ထိုစိန်ခေါ်ပွဲတွင် ဟူဒီနီသည် (၁၁) မိနစ်အတွင်း အနှောင်အဖွဲ့မှ ထွက်လာခဲ့သည်။ စိန်ခေါ်ပွဲတက်ရောက်သူ အားလုံး ကြက်သေသေရသည့် စိန်ခေါ်ပွဲ ဖြစ်သည်။

ရဲအဖွဲ့အကြီးအကဲဖြစ်သူ ဝီလျံဝါ(ဒ်)သည် ဟူဒီနီ ဤကဲ့သို့ လွယ်လွယ်ကူကူနှင့် လွတ်မြောက်လာမှုကို စိတ်မကျေနပ်။ ရဲစခန်းမှ အာမခံလက်ထိတ်နှင့် သံခြေချင်းများကို သူကိုယ်တိုင် စနစ်တကျ စစ်ဆေးသည်။ ဟူဒီနီ၏ အင်္ကျီကိုယ်ကျပ်ကိုလည်း အထပ်ထပ် စစ်ဆေးပြန်သည်။ စိတ်ကျေနပ်မှပင် ဝီလျံဝါ(ဒ်)သည် ဟူဒီနီအား သူကိုယ်တိုင် လက်ထိတ်များ တစ်ခုနှင့်တစ်ခု ဆက်ခတ်ပြီး သူကိုယ်တိုင် ကျကျနန ရှာဖွေထားသည့် အထူးလုံခြုံသည့်အခန်းတွင်းနံရံရှိသံချိတ်တွင် သံကြိုးဖြင့် ခတ်လိုက်ပြန်သည်။ ဤကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ စိတ်ကျေနပ်စွာ ပြုလုပ်ခဲ့သော ရဲအင်စပတ်တော်ကြီးသည် အောင်နိုင်သူအပြုံးဖြင့် ဧည့်သည်များ၏ ထိပ်ဆုံးတွင် နေရာချထားသော ကုလားထိုင်သို့ သွားထိုင်သည်။

(၉)မိနစ်တိတိ ကြာသောအခါတွင် ဟူဒီနီသည် ဗလာကိုယ်လုံးတီးဖြင့်ထွက်လာပြီး လက်ထိတ်များ၊ သံခြေချင်းများကို အင်စပတ်တော်ကြီး ဝါ(ဒ်)လက်ထဲသို့ ထည့်လိုက်သည်။ ကြက်သေသေနေသော အင်စပတ်တော်ကြီးကို တွေ့ကြရသော ရဲအရာရှိများ၊ ရဲသားများ၊ သတင်းစာဆရာများနှင့် ဧည့်သည်တော်များမှာ ပြုံးတမဲ့မဲ့ဖြစ်ရတော့၏။ ပြပွဲကန်ထရိုက် မာတင်ဘက်ကိုယ်တိုင် ဟုတ်မှဟုတ်ပါ့မလားဟု သူ့မျက်လုံးများကို သူမယုံနိုင်အောင်ဖြစ်ရတော့၏။ ဟူဒီနီကား ဇမ္ဗူတစ်လွှားပါတကားဟု နှုတ်မှထုတ်၍ ချီးမွမ်းခဲ့ရ၏။

❐

# (၅)

ဘိုစတုန်မြို့ ကမ်းနားလမ်းတစ်လျှောက် သတင်းစာရောင်းသူတို့၏အသံသည် ဖုံးလွှမ်းလျက် ရှိသည်။ ပလက်ဖောင်းတစ်လျှောက်ရှိ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာရောင်းသောဆိုင်ကလေးများတွင် သတင်းစာဝယ်ယူမည့်ပရိသတ်တို့ တန်းစီလျက် ရှိသည်။

"သတင်းစာတွေ သတင်းစာတွေ၊ လက်ထိတ်ကေရာဇ် ဟူဒီနီ ဘိုစတုန်မြို့မရဲစခန်း အထူး အာမခံလျှို့ဝှက်အကျဉ်းစခန်းမှ (၇) မိနစ်အတွင်း လွတ်မြောက်လာခြင်း၊ ဘိုစတုန်ရဲအဖွဲ့ အကြီးအကဲ ဝီလျံဝါ(ဒ်) လက်မြှောက်အရှုံးပေးခဲ့ရသည်ဆိုခြင်း"

စသည်ဖြင့် ဘိုစတုန်မြို့ထုတ် သတင်းစာကြီးများ၏ မျက်နှာဖုံးများတွင် အထူး အရေးပါအရာရောက်သော သကင်းကြီးတစ်ပုဒ်အဖြစ်ထားသည်ကို သတင်းစာဖတ်ပရိသတ်ကြီးက ဖတ်ခဲ့ကြရ၏။ ဘိုစတုန်မြို့မှ စောင်ရေအများဆုံးထုတ်ဝေရပြီး အမေရိကန်ပြည်ထောင်စုတွင်း ဩဇာတိက္ကမအကြီးမားဆုံး သတင်းစာကြီးတစ်စောင်ဖြစ်သော ဘိုစတုန်ကမ္ဘာလုံးသတင်းစာကြီးကမူ ကိုယ်ကျပ်အင်္ကျီဖြင့် လက်ထိတ်များ၊ သံခြေချင်းများ ခတ်ထားသည့်ဓာတ်ပုံကို မျက်နှာဖုံးတွင်ဖော်ပြပြီး ဟူဒီနီ၏ ပဉ္စလက်ပညာသစ်နှင့် ပတ်သက်သော အခန်းဆက်ဆောင်းပါးတစ်စောင်ကို ထည့်သွင်း ဖော်ပြပေးခဲ့သည်။ ယင်းဆောင်းပါးတွင် ယနေ့ ကမ္ဘာတွင် နာမည်ကျော်ကြားလူသိများနေသော တရုတ်အမျိုးသား ပဉ္စလက်ဆရာချင်လင်ဖူအား ဟူဒီနီ ဖြတ်ကျော်သွားခဲ့လေပြီဟု စီးစီးပိုင်ပိုင်ရှိလှသော ခေါင်းစဉ်အောက်မှ ဟူဒီနီ၏ အောင်မြင်ပေါက်ရောက်သော မဟာလွတ်မြောက်မှုပြကွက်နှင့် ရဲနှင့် စုံထောက်တို့ စိန်ခေါ်ခြင်းဖြစ်စဉ်ကို အသေးစိတ် ဖော်ပြထားခဲ့သည်။ ချင်လင်ဖူမှာ ထိုစဉ်က အင်္ဂလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၌ လျှမ်းလျှမ်းတောက်ကျော်ကြားသော ပဉ္စလက်ဆရာ ဖြစ်သည်။

ဘိုစတုန် သံတော်ဆင့်သတင်းစာကြီးကမူ ပဉ္စလက်ဆရာ ဟူဒီနီအား လက်ထိတ်တို့၏ကေရာဇ် ဟူ၍ ကင်ပွန်းတပ်ထားခြင်းသည် ပြည့်စုံခြင်းမရှိသေးသဖြင့် 'ကိုယ်ကျပ်အင်္ကျီကေရာဇ်' ဟူ၍လည်း ကင်ပွန်းတပ်သင့်ကြောင်း ဝေဖန် ရေးသားခဲ့၏။

၁၉၀၀ ပြည့်နှစ်၊ ဧပြီလ (၅) ရက် သာယာသောနံနက်ခင်း (၆) နာရီတိတိတွင် ချီကာဂိုမြို့ စုံထောက်အဖွဲ့ဌာနချုပ်တည်ရှိရာ အဆောက်အအုံအတွင်း ဝတ်စုံနက်ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော လူငယ်တစ်ယောက်သည် ဝင်ရောက်လာခဲ့ပြီး စုံထောက်အဖွဲ့အကြီးအကဲဖြစ်သူနှင့် လာရောက် တွေ့ဆုံခဲ့သည်။ ထိုလူငယ်ကား အခြားသူမဟုတ်ပေ။ လက်ထိတ်ဝိဇ္ဇာ၊ လက်ထိတ်ကေရာဇ်ဟု ဟိုးဟိုးကျော်နေသော ဟူဒီနီဖြစ်သည်။ ဟူဒီနီ ၁၈၉၉ ခုနှစ်ဦးပိုင်း ချီကာဂိုမြို့သို့ ရောက်ခဲ့စဉ်ကလည်း သတင်းထောက်များအကူအညီနှင့် ရဲတို့၏ အနှောင်အဖွဲ့မှ လွတ်ရုန်းထွက်နိုင်ကြောင်းပြကွက်ကို ပြသရန် စိန်ခေါ်ခဲ့ဖူးသည်။ ထိုစဉ်ကလည်း ဟူဒီနီသည် ရဲတို့ချုပ်နှောင်ထားသည့် လက်ထိတ်များ၊ သံခြေချင်းများကို လွယ်လွယ်ကူကူနှင့်ဖြုတ်၍ ထွက်ပြခဲ့ဖူးသည်။ ယခုအကြိမ်တွင်မူ စုံထောက်ဌာနချုပ်ရှိ အထူးစီမံထားသည့် အချုပ်ခန်းအတွင်းမှ ရုတ်တရက် လွတ်မြောက်ပြသည့် အစီအစဉ်ကို ပြသနိုင်ရန် စုံထောက်အဖွဲ့ အကြီးအကဲကို လာရောက် စိန်ခေါ်ခြင်း ဖြစ်၏။

ချီကာဂိုစုံထောက်အဖွဲ့ရုံးရှိ အထူးလုံခြုံသောအခန်းမှာ ခိုင်ခံ့လှသော သံမဏိသံချောင်းများကာထားပြီး နာမည်ကျော် ယေး(လ်)သော့ကုမ္ပဏီကြီးမှပြုလုပ်သည့် အထူးအာမခံသော့နှစ်လုံးဖြင့် ခတ်ထားသည်။ ချီကာဂိုစုံထောက်အဖွဲ့မှ စုံထောက်ကြီးကွီနင်၊ စုံထောက်ကလေးရိုဟန်နှင့် ဆားပုလင်းကူဘလာတို့သည် စိန်ခေါ်လာသူ ပဉ္စလက်ဝိဇ္ဇာ ဟူဒီနီအား သေသေချာချာ ရှာဖွေကြသည်။ စုံထောက်တို့ကမူ ဟူဒီနီ၏ခန္ဓာကိုယ်တွင် သော့တူများ သို့မဟုတ် သော့ဖွင့်သည့်ကိရိယာများ ရှိ၊ မရှိကို အသေးစိတ် ရှာဖွေခဲ့ကြပြီး ဟူဒီနီအား အထူးလုံခြုံသောအခန်းတွင်း ထည့်သွင်းပြီး သော့နှစ်လုံးဖြင့် အပြင်မှ ခတ်ထားလိုက်သည်။ ဟူဒီနီကမူ သံတိုင်များကြားမှ လက်နှိုက်၍ သော့များကို စမ်းသပ်သည်။ သေသေချာချာ ကိုင်ကြည့်သည်။ သူ့တွင် မည်သည့်သော့တူမျှမရှိ။ လက်ချည်းသက်သက်သာ ဖြစ်၏။ သို့သော် (၄) မိနစ်ခန့်အတွင်း ချောက်ခနဲမြည်သံ ကြားခဲ့ရပြီး ဟူဒီနီသည် စုံထောက်တို့၏ အထူးအာမခံအခန်းမှ လွတ်မြောက်လာသည်ကို တအံ့တသြ တွေ့ကြရတော့၏။

အမှန်အားဖြင့် ဟူဒီနီသည် လွန်ခဲ့သော တစ်ဆယ့်ခြောက်လကလည်း ချီကာဂိုရဲအဖွဲ့အား စိန်ခေါ်ခဲ့ဖူးသည်။ ထိုစဉ်ကမူ ဟူဒီနီ ယခုအခါကဲ့သို့ အတွေ့အကြုံနှင့် လေ့ကျင့်မှုမရှိသေး။ ထိုလွတ်မြောက်မှုပြကွက်မှာ ယခင် ပဉ္စလက်ပညာရှင်ကြီးများ ပြသခဲ့သော လက်ထိတ်နှင့်

သံခြေချင်းများမှ လွတ်မြောက်သည့်ပြကွက်များကိုသာ ကြော်အောင်ပြာ၍ လုပ်ပြခြင်းဖြစ်သည်ဟု ဝေဖန်ခဲ့ကြသည်။ ယခုအကြိမ်တွင်မူ စိန်ခေါ်ပွဲကို လေ့လာသူများအဖြစ် တက်ရောက်လာခဲ့ကြသော စာနယ်ဇင်းသမားများကိုယ်တိုင် လက်ဖျားခါရတော့သည်။

ရဲစခန်း၏ အထူးလုံခြုံရေးအခန်းတံခါးမှ အာမခံသော့ခလောက်များကိုပါ မိနစ်ပိုင်းအတွင်း လက်ရာခြေရာမပျက် ထွက်လာရသည်မှာ အံ့ဖွယ်သရဲ ဖြစ်တော့သည်။ မထူးဆန်းပါလား၊ လောကီလွန်, သဘာဝလွန် မဟုတ်ပါလားဟု မေးခွန်းထုတ်ဖွယ် ဖြစ်ရတော့၏။ ယခင် တစ်ဆယ့်ခြောက်လခန့်က စိန်ခေါ်ပွဲနှင့်ပတ်သက်၍ ချီကာဂိုမြို့မှ ထုတ်ဝေသော သတင်းစာများကလည်း 'ဒါ ဘာဆန်းသလဲ၊ သက်သက် စတန့်ထွင်လုပ်ပြခြင်းဖြစ် သည်' ဟု ရေးသား ဖော်ပြခဲ့ကြသည်။ ချီကာဂိုမြို့ထု၏ အိတ်ဇင်းမင်းနား သတင်းစာကမူ ဟူဒီနီ၏ စိန်ခေါ်ပွဲများ ထူး၍မဆန်းကြောင်း စသည်ဖြင့် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။ သို့ဖြစ်၍ ဟူဒီနီသည် ယခုတစ်ကြိမ်တွင် သတင်းမှဆိုးများအား သူ၏ ကြိုးစားလေ့ကျင့်ထားသည့် 'မဟာလွတ်မြောက်မှု' ပြကွက်ကို ချီကာဂိုရဲစခန်းတွင် ပြသခဲ့ခြင်း ဖြစ်၏။

ယခုစိန်ခေါ်ပွဲတွင်မူ သတင်းစာကြီးများအားလုံးမှ စာနယ်ဇင်းသမားများအားလုံး ဟူဒီနီအား ကြီးမားသောစွမ်းဆောင်မှုကြီးတစ်ခု ဖြစ်ပါပေသည်ဟု တညီတညွတ်တည်း ဝန်ခံခဲ့ကြရသည်။ ဤသတင်းသည် တအံ့တသြ ဟိုးလေးတကျော်ဖြစ်သွားရသည်။ ချီကာဂိုမြို့မှထုတ်ဝေသော ချီကာဂိုထရီဗြွန်းသတင်းစာ၊ ချီကာဂို သံတော်ဆင့်သတင်းစာ၊ အိတ်ဇင်းမင်းနားသတင်းစာကြီးများအားလုံး ဟူဒီနီအား ချီးမွမ်းဂုဏ်ပြုရေးသားခဲ့ကြ၏။

ချီကာဂိုမှ တိုရွန်တိုမြို့သို့ ကူးလာခဲ့သည်။ ရောက်လေရာမြို့များတွင် ဟူဒီနီအား လူအများက ချီးမွမ်းခဲ့ကြသည်။ ပွဲတိုင်း ပရိသတ် ကြိတ်ကြိတ်တိုးစည်လျက်ရှိသည်။ သူပြသသည့် သာမန်ပြကွက်များ၊ ရုပ်ပြောင်းနာမ်နိုင်သူပြကွက်နှင့် မြို့ခံလူထုနှင့် ရဲတို့အား စိန်ခေါ်ပြသလေ့ရှိသော 'မဟာလွတ်မြောက်မှု'ပြကွက်တို့မှာ ပွဲကြည့်သူတို့အဖို့ တအံ့တသြဖြစ်ကြပြီး အုတ်အော်သောင်းတင်းဖြစ်ကြရသည်။ သတင်းစာများ၏ ကျေးဇူးကြောင့်လည်း ဟူဒီနီအဖို့ သူအလိုရှိနေသော ကြော်ငြာမှုမျိုး ရသွားသည်။

(၁၉) ရာစုမှ (၂၀) ရာစုအကူးတွင် ဟူဒီနီအဖို့ စန်းပွင့်ချိန်ဟု ဆိုရပေတော့မည်။ သူ့မိတ်ဆွေ ပြပွဲကန်ထရိုက် မာတင်ဘက်၏ တိုက်တွန်းမှုကြောင့် ပြပွဲငှားရမ်းသူများက ရက်သတ္တပတ်တစ်ပတ်လျှင် ဒေါ်လာ (၄၀၀) ချီးမြှင့်ကြသည်။ (ထိုစဉ်က ဒေါ်လာ ၄၀၀ သည် ယခုအခါ ဒေါ်လာ ၄၅၀၀၀ နှင့် ညီမျှသည်ဟု သိရ၏။) အမေရိကန်ပြည်ထောင်စုသမိုင်းတွင် မည်သည့်ပဥ္စလက်ဆရာမျိုးမှ မရရှိဘူးသော ချီးမြှင့်ငွေဖြစ်သည်ဟု သိရ၏။

၁၉၀၀ ပြည့်နှစ်၊ ဧပြီလတွင်မူ ဟူဒီနီတို့ နယ်လှည့်ပြပွဲသဘင်သည် အိုမဟာမြို့သို့ ရောက်လာခဲ့၏။ ဤမြို့တွင်လည်း ဟူဒီနီသည် ပွဲထိန်းထားနိုင်ခဲ့သည်။ ပွဲတိုင်း ရုံလျှံသဖြင့် ကန်ထရိုက်တာများအဖို့ သောက်သောက်လဲဝင်ငွေရသည်။ ဟူဒီနီသည် အနှောင်အဖွဲ့မှ လွတ်မြောက်ခန်းများတွင် သူသည် စိန်ခေါ်ခဲ့သည်။ အိုမဟာ နေ့စဉ်ထုတ်သတင်းစာ (Omaha Daily News) ကြီးကမူ ဟူဒီနီဓာတ်ပုံကြီးကို မျက်နှာဖုံးတွင်ဖော်ပြပြီး သူ၏ ထူးဆန်းစွာ လွတ်လာသောပြကွက်များသည် လောကီပညာရှင်များ၏ ပံ့ပိုးကူညီမှုကြောင့်သာ ဖြစ်တန်ရာသည်၊ ဟူဒီနီသည် ပရလောကသားတို့အား ဆက်သွယ်ထားဟန်ရှိသည် စသဖြင့် ရေးသား ဖော်ပြခဲ့လေ၏။

ဤသို့ အောင်မြင်မှုများရနေသော်လည်း ဟူဒီနီကမူ ကျေနပ်ခြင်း မရှိခဲ့။ ရက်ကြာမြင့်လာလျှင် သူ့ပြကွက်များသည် ပွဲကြည့်ပရိသတ်များ အတွက် ရိုးအီသွားနိုင်သည်။ သူ့ဆန္ဒမှာ သူငယ်စဉ်က တသသဖြစ်ခဲ့ရသော ပဉ္စလက်ပညာရှင် ရောဘတ်ဟူဒင်ကဲ့သို့ ထွန်းတောက်အောင်မြင်ပေါက်ရောက်သော မဟာတော်ဝင်ပဉ္စလက်ဆရာကြီး ဖြစ်လိုသည်။ ယခုကဲ့သို့ အမေရိကန်ပြည်ထောင်စုတွင် ဟိုးဟိုးကျော်နေရသည့်ဘဝမှာ ရေတွင်းထဲမှ ဖားသူငယ်ဖြစ်ရသည်ဟု ယူဆထား၏။ သူ့အား အင်္ဂလန်နိုင်ငံ အပါအဝင် ဥရောပတိုက်နိုင်ငံများသို့ ခရီးထွက်၍ ပြကွက်အသစ်အဆန်းများရရှိအောင် လေ့လာခြင်းနှင့် နာမည်ကျော်အောင်လုပ်ပြီးမှ အမေရိကန်ပြည်ထောင်စုသို့ ပြန်လာသင့်သည်ဟူသောအကြံကို တစိုက်မတ်မတ်ပေးခဲ့သူမှာ သူ့မိတ်ဆွေ ပြကွဲကန်ထရိုက်တာကြီး မာတင်ဘက် ဖြစ်၏။ သူ့ဇနီးဘက်(ခ်)ကလည်း မာတင်ဘက်တင်ပြသည့်အကြံကို လက်ခံသင့်သည်ဟု ခင်ပွန်းဖြစ်သူအား တိုက်တွန်းခဲ့၏။ သို့ဖြစ်၍ ၁၉၀၀ ပြည့်နှစ်၊ မေလအတွင်း အင်္ဂလန်နိုင်ငံသို့ ထွက်ခွာနိုင်ရန် ကြိုတင် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခဲ့ရသည်။

ပြပွဲကန်ထရိုက်တာများနှင့် ပြပွဲရက်များရွေ့စေခြင်း၊ ရွှေ့တိုးခြင်း၊ နောက်ဆုတ်ခြင်းတို့ကိုမူ ဟူဒီနီ၏ အကြံပေးမန်နေဂျာဟု အများက ယူဆထားသော ပြပွဲကန်ထရိုက်တာ မာတင်ဘက်က ဆောင်ရွက်ခဲ့သည်။ ဟူဒီနီ အင်္ဂလန်နိုင်ငံသို့ သွားရောက်၍ ကမ္ဘာ့စုံထောက်အဖွဲ့ကြီးများ၏ ဘိုးအေဟု ကင်ပွန်းတပ်ခံရသော စကော့တလန်ယာဒ်စုံထောက်အဖွဲ့ကြီးအား စိန်ခေါ်မည်ဟူသောသတင်းကို ရရှိသွားကြသော သတင်းမှုဆိုးများသည် သတင်းစာကြီးများတွင် ယင်းသတင်းကို စာလုံးမည်းကြီးများဖြင့် ဖော်ပြခဲ့ကြ၏။ ဟူဒီနီအား ထာဝစဉ် တိုက်ခိုက် ရေးသားလေ့ရှိသော ချီကာဂိုမြို့မှ ထုတ်ဝေသည့် အိတ်ဇင်းမင်းနားသတင်းစာကြီးကမူ ဟူဒီနီ အင်္ဂလန်နိုင်ငံနှင့် ဥရောပတိုက်သို့ ထွက်ခွာသွားခြင်းသည် ရေသာများ၍ ငါးမတွေ့ရသော ဝမ်းဘဲကိန်းဆိုက်ရပေလိမ့်မည်ဟု တင်ကြို ဟောကိန်း

ထုတ်ခဲ့၏။

ပြပွဲရက်များနားသည့်ရက်တွင် ဟူဒီနီသည် နယူးယောက်မြို့ အမှတ် (၅၁၇)၊ အနောက်လမ်းသွယ်တွင် ရုံးခန်းဖွင့်ထားသော နာမည်ကျော် လက္ခဏာဆရာနှင့် နက္ခတ်ဗေဒင်ပညာရှင် ပရော်ဖက်ဆာပေါ(လ်) အလက်ဇန္ဒားဆိုသူအား သွားရောက် တွေ့ဆုံခဲ့သည်။ လက္ခဏာဆရာကြီး ပရော်ဖက်ဆာပေါ(လ်) အလက်ဇန္ဒားသည် ဟူဒီနီ၏လက္ခဏာများအား အသေးစိတ် စစ်ဆေးကြည့်ရှုခဲ့ပြီး မကြာမီရက်ပိုင်းအတွင်း အမေရိကန်ပြည်ထောင်စုတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဟူဒီနီသည် ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော ပဥ္စလက်ပညာရှင်ဖြစ်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ တော်ဝင်မိသားစုများအပါအဝင် အောင်မြင်ကျော်ကြားသူများက ပေးအပ်ချီးမြှင့်သည့် ဂုဏ်ထူးဘွဲ့ထူးများ မလွဲမသွေရရမည်။ သို့သော် သူ့အသက် (၃၇) နှစ်တွင် ကျန်းမာရေးချို့ယွင်းနိုင်သဖြင့် ဤရက်ပိုင်းများတွင် အထူးဂရုပြုနေထိုင်သွားရန် ဟောကြားအကြံပေးခဲ့သည်။

ဟူဒီနီသည် အင်္ဂလန်နိုင်ငံသွားရေးအတွက် မနေမနားပြင်ဆင်ခဲ့ရ၏။ သူ့ဆွေမျိုးသားချင်းများ၊ မိတ်ဆွေရင်းများ၊ ပြပွဲကန်ထရိုက်တာတို့၏ ဂုဏ်ပြုညစာထမင်းကျွေးပွဲများ၊ လက်ဖက်ရည်တိုက်သောပွဲများကိုလည်း သွားရပြီး မိခင်ဖြစ်သူနှင့်လည်း နေ့စဉ် စကားပြောခဲ့ရ၏။ ဤသို့ အလုပ်ရှုပ်ရင်းနှင့်ပင် သင်္ဘောဆိပ်သို့ဆင်းရန်အချိန် ရောက်လာခဲ့၏။ ၁၉၀၀ ပြည့်နှစ် နံနက်စောစောတွင် နယူးယောက်မြို့ သင်္ဘောဆိပ်သို့ဆင်းလာခဲ့ရတော့သည်။ ဟူဒီနီနှင့် ဘက်(စ်)အဖို့ ဝမ်းနည်းရမလို၊ ဝမ်းသာရမလို ဖြစ်နေသည်။ လန်ဒန်သို့ထွက်ခွာရမည့်အချိန်အထိ အင်္ဂလန်နိုင်ငံတွင် ပြသရမည့်ပြပွဲများအတွက် ကြိုတင်စာချုပ်ထားခြင်းမရှိသေးပေ။ သို့ဖြစ်၍ နယူးယောက်မြို့မှ ပဥ္စလက်ဆရာများကမူ ဟူဒီနီအား စကော့တလန်ယာဒ် စုံထောက်အဖွဲ့ကသာ ဝမ်းပန်းတသာဆီးကြိုပေလိမ့်မည်ဟု သရော်ခဲ့ကြ၏။

မည်သို့ပင်ဖြစ်စေကာမူ ဟူဒီနီတို့မောင်နှံသည် မိခင်ကြီးနှင့် ပြပွဲကန်ထရိုက်တာ မာတင်ဘက်နှင့် မိတ်ဆွေများအား ပြုံးပြုံးရွှင်ရွှင်နှင့် နှုတ်ဆက်ကြပြီး ကူးတို့သင်္ဘောကလေးပေါ်သို့ တက်ရောက်ခဲ့ကြသည်။ လန်ဒန်သွား အက်(စ်)အက်(စ်)ကင်ဆင့်တန်သင်္ဘောကြီးကား ဆိပ်ကမ်းတွင်မကပ်။ ဆိပ်ကမ်းမှ ခပ်လှမ်းလှမ်းတွင်ဆိုက်၍နေလေသည်။ မကြာမီ ကူးတို့သင်္ဘောကလေးသည် တံတားမှထွက်ခွာခဲ့၏။ တံတားမှထွက်လာ၍ ငါးမိနစ်ခန့်ကြာလျှင် အက်(စ်)အက်(စ်)ကင်ဆင်တန်သင်္ဘောကြီးပေါ်သို့ ရောက်ကြတော့သည်။

၁၉၀၀ ပြည့်နှစ်၊ ဇွန်လ (၉)ရက်နေ့ ညနေ (၄)နာရီကျော်ကျော်ခန့်တွင် အင်္ဂလန်နိုင်ငံသို့ ရောက်လာခဲ့ကြ၏။ (၅) နာရီသာသာခန့်တွင်

ဟူဒီနီတို့ ဇနီးမောင်နှံသည် အက်(စ်)အက်(စ်)ကင်ဆင်တန်သင်္ဘောကြီး ပေါ်မှ ကူးတို့သင်္ဘောကလေးပေါ်သို့ ဆင်းခဲ့ကြရပြီး ဆောက်သန်ပတန်သို့ ရောက်ခဲ့ကြ၏။ ထိုမှတစ်ဆင့် လန်ဒန်သို့ ခရီးဆက်ခဲ့ရပြန်သည်။ ဟူဒီနီတို့အဖို့ လန်ဒန်မြေကိုနင်းမိသည်နှင့် ရင်ဆိုင်ရမည့်ပြပွဲများအတွက် စိတ်ပူလာမိတော့သည်။ လန်ဒန်တွင် လူသိများသောဟိုတယ်များတွင် တည်းခိုခဲ့ကြသည်။ ဧည့်ရိပ်သာမှ တာဝန်ရှိသူများကမူ ဟူဒီနီတို့အား ရင်းရင်းနှီးနှီး လေးလေးစားစား ခရီးဦးကြိုပြုခဲ့ကြသည်။ သူတို့ရောက်ရှိပြီး သုံး၊ လေးရက်အတွင်း လာရောက်တွေ့ဆုံကြသည့် ပြပွဲကန်ထရိုက်တာများနှင့်မူ ပြပွဲရုံသွင်းရေးကိစ္စများတွင် ချောမွေ့ခြင်း မရှိခဲ့ပေ။

ဇွန်လ(၁၄)ရက်နေ့တွင်မူ လန်ဒန်မြို့တော်တွင် နာမည်ကျော်ကြားလူသိများပြီး အကောင်းဆုံး ဘက်စုံဇာတ်ရုံကြီးဖြစ်သော အယ်(လ်)ဟမ်ဘရာဇာတ်ရုံကြီး၏ မန်နေဂျာကြီးဖြစ်သူ စီဒန်ဒတ်(စ်)စလိတ်တာနှင့် သူ၏ လက်ထောက်ဖြစ်သူ အက်(ဒ်)ဝါ(ဒ်)အေပစ်ကာရင်တို့က လာရောက် တွေ့ဆုံကြသည်။ ဟူဒီနီက အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့နှင့် ချီကာဂိုမြို့ရှိ ရဲဌာနများနှင့် စုံထောက်အဖွဲ့များက ပေးအပ်ခဲ့သည့် လက်မှတ်များ၊ ချီးကျူးလွှာများ၊ ထောက်ခံစာများ၊ ဂုဏ်ထူးဆောင်လက်မှတ်များ ထုတ်ပြသော်လည်း မန်နေဂျာကြီးဖြစ်သူ စီဒန်ဒတ်(ခ်)စလိတ်တာက အထင်ကြီးပုံမရ။ သို့ဖြစ်၍ ဟူဒီနီသည် သူ၏ အနှောင်အဖွဲ့မှ လွတ်ထွက်ပြသည့် ပြကွက်ဆန်းတစ်ခုကို အကြိုပြုလုပ်ပြသသော်လည်း မန်နေဂျာ ကြီးကမူ သဘောသက်ဝင်ခြင်းမရှိခဲ့။ အထင်ကြီးခြင်းလည်းမရှိ။

ဟူဒီနီသည် ပထမတွင် စိတ်ရှုပ်အားလျော့သွား၏။ လန်ဒန်မြို့တော်ရှိ အယ်(လ်)ဟမ်ဘရာပြဇာတ်ရုံကြီးမှာ နှယ်နှယ်ရရပြဇာတ်ရုံကြီး မဟုတ်ပေ။ လူအများ စိတ်ဝင်စားမည့် အဆင့်အတန်းမြင့်သော ပြဇာတ်အဖွဲ့များ၊ ပဥ္စလက်အဖွဲ့များ၊ တေးဂီတအဖွဲ့များကိုသာ ငှားရမ်းပြသလေ့ရှိသောရုံကြီး ဖြစ်သည်။ ဟူဒီနီသည် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာလာခြင်း မပြုခင်ကပင် အရာခပ်သိမ်း အသင့်ပြင်ဆင်ထားခဲ့သည်။ အင်္ဂလန်နိုင်ငံ ရဲအဖွဲ့ဝင်များ အသုံးပြုလေ့ရှိသော လက်ထိတ်မျိုးစုံ၊ သံခြေချင်းမျိုးစုံကို သေသေချာချာ လေ့လာထားသည်။ အင်္ဂလန်နိုင်ငံမှ နာမည်ကျော် သော့ခလောက်များ၊ သော့များပြုလုပ်သည့် ကုမ္ပဏီကြီးများမှ သော့များကို ဝယ်ယူ၍ စနစ်တကျ လေ့လာထားသည်။ ဗြိတိသျှလုပ် လက်ထိတ်များ၊ သံခြေချင်းများ၊ သော့ခလောက်အမျိုးမျိုးတို့ကို အသေးစိတ် လေ့လာပြီး ထိုလက်ထိတ်များ၊ သံခြေချင်းများအနှောင်အဖွဲ့မှ လွတ်မြောက်သည့်နည်းများကို လေ့ကျင့်ထားသည်။

အင်္ဂလန်နိုင်ငံမှ နာမည်ကျော် ပဥ္စလက်ဆရာကြီးများ၏ ပြကွက်များကိုလည်းကောင်း၊ သူတို့အတ္ထုပ္ပတ္တိများအကြောင်း ရေးသားထားသော

စာအုပ်စာတမ်းများကို လက်လှမ်းမီသလောက် စုဆောင်း ဖတ်ရှုထားခဲ့သည်။ အင်္ဂလန်နိုင်ငံမှ နာမည်ကျော် ပြပွဲကန်ထရိုက်တာများအကြောင်းကိုလည်း တတ်နိုင်သလောက် လေ့လာထားသည်။ သို့ဖြစ်၍ လန်ဒန်သို့ ရောက်လျှင် အယ်(လ်)ဟမ်ဘရာဇာတ်ရုံကြီး၏မန်နေဂျာ စီဒန်ဒတ်(စ်) စလိတ်တာသည် သူ့ပြကွက်များကို လွယ်လွယ်ကူကူနှင့် သဘောကျမည်ဟု ယူဆထားခဲ့သည်။ သူ အထင်အမြင်နှင့် လွဲခဲ့ရသည်နှင့် စလိတ်တာအား လန်ဒန်မြို့တော် ရဲအဖွဲ့ဌာနတစ်ခုခု သို့မဟုတ် စကော့တလန်ယာဒ် စုံထောက်အဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သူ၏ မဟာလွတ်မြောက်မှုပြကွက် ပြသနိုင်ရန် စီစဉ်ပေးဖို့ အနူးအညွတ် တောင်းပန်ခဲ့သည်။ စလိတ်တာကလည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဟု ကတိပေးခဲ့သည်။

# (၈)

ဇွန်လ (၁၀) ရက်နေ့သည် စွတ်စိုသောနေ့တစ်နေ့ ဖြစ်၏။ အယ်(လ်)ဟမ်ဘရာဇာတ်ရုံကြီး၏မန်နေဂျာ စလိတ်တာနှင့် ဟူဒီနီတို့သည် နာမည်ကျော် စကော့တလန်ယာဒ် စုံထောက်ရုံးကြီးရှိရာသို့ အငှားယာဉ်တစ်စီးဖြင့် ထွက်ခွာလာခဲ့ကြသည်။ ဟူဒီနီအဖို့ စိတ်လှုပ်ရှားလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် စကော့တလန်ယာဒ်စုံထောက်အဖွဲ့ကြီးမှာ ကမ္ဘာပေါ်တွင် အထင်ရှား အကျော်ကြားဆုံး ဟူ၍ နိုင်ငံအသီးသီးက အသိအမှတ်ပြုထားရသည်။ လန်ဒန်မြို့တော်ရဲအဖွဲ့နှင့် စကော့တလန်ယာဒ်စုံထောက်အဖွဲ့ကြီးတို့မှာ အခြားနိုင်ငံရှိ စုံထောက်အဖွဲ့များနှင့် သက်တမ်းအားဖြင့် နှိုင်းယှဉ်ရလျှင် ဝါအရင့်ဆုံးဟု မှုခင်းသုတေသီများက ဆိုကြသည်။ တစ်နည်းအားဖြင့်ပြောရလျှင် လွန်ခဲ့သော နှစ်ပေါင်း (၈၀၀)ကျော်ခန့်ကပင် စတင်ပေါ်ပေါက်ခဲ့သည်ဟု ဆိုသဖြင့် အစဉ်အလာအားဖြင့်လည်း အလွန်ကြီးမားသော ရဲအဖွဲ့နှင့် စုံထောက်အဖွဲ့တို့ ဖြစ်ပါသည်။

ယင်းအဖွဲ့ကြီးများတွင် အမှုထမ်းဆောင်ကြသော ရဲအမှုထမ်းများနှင့် စုံထောက်များမှာလည်း အတွေ့အကြုံရင့်ကျက်ကြသူများ ဖြစ်သည်။ ဟူဒီနီအဖို့ အမေရိကန်ပြည်ထောင်စုမှ ရဲများနှင့် စုံထောက်များအားလွယ်လွယ်ကူကူနှင့် စိန်ခေါ်နိုင်ခဲ့ပြီး ထိပ်တန်းရဲအရာရှိများနှင့် စုံထောက်ကျော်ကြီးများရှေ့တွင် လက်ထိတ်များ၊ သံခြေချင်းများမှ မိနစ်ပိုင်းအတွင်းလွတ်အောင်ထွက်ပြခဲ့သည်။ ယခု စကော့တလန်ယာဒ်စုံထောက်အဖွဲ့ဝင်များရှေ့တွင် တရားဝင်အသုံးပြုသော အထူးလက်ထိတ်များမှ လွတ်မြောက်အောင်ထွက်ပြရမည်မှာ ဖြစ်နိုင်ပါ့မည်လောဟု စိတ်အားငယ်မိသော်လည်း သူ၏ လေ့ကျင့်ထားသည့်နည်းပညာကို သူယုံကြည်သည့်အတိုင်း စိတ်တင်းထားလိုက်သည်။

ဇာတ်ရုံမန်နေဂျာ စလိတ်တာကမူ မနူးမနပ် အမေရိကန်ပြည်ထောင်စုသား သူ့ကိုယ်သူ လက်ထိတ်ဝိဇ္ဇာ၊ လက်ထိတ်ဧကရာဇ်ဟု

ပညာရွှေတောင်စာအုပ်တိုက်

မှန်းထားသော ဟူဒီနီသည် ဒီတစ်ချီ၌ သေချာပေါက် အရှုံးပေးရပြီး အမေရိကန် ပြည်ထောင်စုသို့ မထင်မရှား ပြန်ပြေးသွားရပေလိမ့်မည်ဟု ယူဆထားသည့်အတိုင်း ဟူဒီနီအား သနားကြင်နာ စိုးရိမ်သည့်မျက်နှာဖြင့်ကြည့်နေမိသည်။

စကော့တလန်ယာဒ်ရုံးချုပ်သို့ ရောက်သည်နှင့် ကမ္ဘာကျော် စကော့တလန်ယာဒ်စုံထောက်အဖွဲ့ကို စိန်ခေါ်သူ မနူးမနပ် အမေရိကန် တောသားလေးဟုဆိုကာ စုံထောက်ကြီးများက ပြုံး၍လည်းကောင်း၊ သနားကြင်နာသောအမူအရာဖြင့်လည်းကောင်း ကြည့်ရှုကြသည်။

စကော့တလန်ယာဒ်စုံထောက်အဖွဲ့မှ မန်နေဂျာစလိတ်တာ၏ မိတ်ဆွေဖြစ်သူ နာမည်ကျော် စုံထောက်အင်စပတ်တော်ကြီး ဝီလျံမာဗိ(လ်)က သူတို့နှစ်ယောက်အား လက်ခံတွေ့ဆုံခဲ့သည်။ အင်စပတ်တော်ကြီးကမူ ဟူဒီနီ၏ ကိုယ်ခန္ဓာကိုကြည့်၍ သနားစရာသတ္တဝါကလေး ပါကလား ဟူသောအပြုံးမျိုးဖြင့် ကြည့်လိုက်ပြီး သူ့စားပွဲအံဆွဲထဲမှ အာမခံလက်ထိတ်နှင့် သံကြိုးများကို ဆွဲထုတ်ယူလိုက်သည်။ ထို့နောက် စင်္ကြံတွင် ဥဒဟို သွားလာနေကြသော စုံထောက်နှစ်ယောက်တို့အား လှမ်းခေါ်လိုက်ပြီး -

"ဟေ့- ဒီမှာ အမေရိကန်ပြည်သားကလေး လက်ထိတ်ဝိဇ္ဇာ ဟူဒီနီဆိုသူပဲ။ သူက တို့စကော့တလန်ယာဒ်စုံထောက်အဖွဲ့ကို စိန်လာခေါ်သကွယ့်။ ကဲ- သူ့ကို ခန်းမထဲက သံမဏိတိုင်မှာ ဟောဒီလက်ထိတ်နဲ့ ခတ်လိုက်ပြီး မင်းတို့ သူ့အခြေအနေကိုစောင့်ကြည့်။ ငါနဲ့ မိတ်ဆွေကြီး စလိတ်တာတော့ နေ့လယ်စာသွားစားမယ်"

ဟု ပြောလိုက်သည်နှင့် စုံထောက်ကလေးနှစ်ယောက်ကမူ ဟူဒီနီ၏ခန္ဓာကိုယ်အား ချစ်တီးခေါင်းသန်းရှာသကဲ့သို့ နှိုက်နှိုက်ချွတ်ချွတ်ရှာဖွေပြီး သံမဏိတိုင်တွင် ဟူဒီနီ၏လက်နှစ်ဖက်အား အာမခံလက်ထိတ်ဖြင့် ခတ်လိုက်ကြသည်။

အင်စပတ်တော်ကြီး ဝီလျံမာဗိ(လ်)သည် ပြုံးရွှင်သောမျက်နှာဖြင့်-

"ကဲ- ဟူဒီနီ၊ တို့နှစ်ယောက် နေ့လယ်စာသွားစားမယ်။ အနည်းဆုံး (၂)နာရီခန့်ကြာမယ်။ ဒီအချိန်အတွင်း မင်း တို့အာမခံလက်ထိတ်က လွတ်မြောက်အောင်ထွက်ပြပေတော့"

ဟု ပြောပြောဆိုဆို ပြုံးပြုံးရွှင်ရွှင်နှင့် စလိတ်တာနှင့်အတူ ခန်းမမှထွက်ရန် ဟန်ပြင်လိုက်သည်နှင့် -

"ဒီမယ် အင်စပတ်တော်ကြီးနဲ့ မစ္စတာစလိတ်တာတို့၊ ခင်ဗျားတို့နှစ်ယောက်နဲ့အတူ ကျွန်တော် လိုက်မယ်ဗျာ"

ဟူသော အသံကြားသည်နှင့် အင်စပတ်တော်ကြီးနှင့် စလိတ်တာတို့သည် ကြက်သေသေသွားတော့သည်။ စုံထောက်ကလေးနှစ်ယောက်မှာလည်း ပါးစပ်အဟောင်းသားဖြစ်သွားရသည်။ နှစ်မိနစ်အတွင်း ဟူဒီနီ

သည် အာမခံလက်ထိတ်အနှောင်အဖွဲ့မှ လွတ်မြောက်လာပြီး စလိတ်တာတို့နှစ်ယောက်အနီး ရောက်လာသည်။ အင်စပတ်တော်ကြီးနှင့် စလိတ်တာတို့မှာ ဟုတ်မှဟုတ်ပါ့မလားဟု ထင်မိသည်။ ဟူဒီနီသည် ကမ္ဘာကျော်စကော့တလန်ယာဒ် စုံထောက်အဖွဲ့၏ အာမခံလက်ထိတ်ကို ကြမ်းပြင်တွင် ချွတ်ပုံထားသည်။ အားလုံး ထိတ်လန့်တကြား ဖြစ်သွားတော့၏။

စကော့တလန်ယာဒ် အင်စပတ်တော်ကြီး ဝီလျံမာဗိ(လ်)မှာလည်း ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ပြုံးနေသောအပြုံး ရပ်သွားပြီး 'လူကြီးရှက်တော့ရယ်' ဟူသော ရှေးလူဟောင်းတို့ စကားပုံအတိုင်း အားရပါးရရယ်မောလိုက်ပြီး -

"ဟော့- အမေရိကန်ပေါက်စကလေး၊ မင်းကို တို့စကော့ယာဒ်က ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ပါဘူးကွယ်"

ဟု ပြောလိုက်တော့သည်။

ပဥ္စလက်ဆရာအမျိုးမျိုး၏ပြကွက်ကို ကြည့်လာရသော အယ်(လ်)ဟမ်ဘရာဇာတ်ရုံမန်နေဂျာကြီးမှာလည်း စကားဆက်မပြောနိုင်တော့။ အံ့သြခြင်းနှင့် မိမိမျက်စိကိုပင် မယုံနိုင်အောင်ဖြစ်ရခြင်း စသော အမူအရာများ သူ့မျက်နှာပေါ်တွင် ယှက်သန်းလာခဲ့ပြီး ဟူဒီနီအား လေးစားသောအကြည့်ဖြင့် ကြည့်မိပြီး ဟူဒီနီ၏လက်ကို အားရပါးရဆုပ်ကိုင်ထားလိုက်တော့သည်။

ဘေးမှရပ်ကြည့်နေသော စကော့တလန်ယာဒ်စုံထောက်အဖွဲ့မှ အရာရှိများ၊ ဝန်ထမ်းများအားလုံး အလန့်တကြားဖြစ်သွားကုန်သည်။ တအံ့တသြ အုတ်သော်သောင်းတင်းဖြစ်လာရတော့သည်။ ဟူဒီနီအဖို့ သူ အင်္ဂလန်ရောက်နေသည်မှာ ရက်သတ္တပတ် သုံးပတ်ရှိခဲ့သော်လည်း လူအများမသိခဲ့။ ယခုမူ မိနစ်ပိုင်းအတွင်း ဟိုးဟိုးကျော်သွားခဲ့ရ၏။ ချေးများသော မန်နေဂျာကြီး စလိတ်တာသည် မည်သူ့ကိုမျှ တိုင်ပင်ခြင်းမရှိတော့ဘဲ ဟူဒီနီအား အယ်ဟမ်ဘရာဇာတ်ရုံကြီးတွင် ရက်သတ္တပတ်နှစ်ပတ်ပြသရန် စာချုပ်လိုက်သည်။ လိုအပ်ပါက ရက်အကန့်အသတ်မရှိ ပြသမည် ဟူသော အချက်ကိုလည်း စာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားသဖြင့် ဟူဒီနီအဖို့ သူမျှော်လင့်ထားသည့်အတိုင်း ဟိုးဟိုးကျော်ရသည့်အဖြစ်ရောက်လာသည်။ လန်ဒန်မြို့မှထုတ်ဝေသော ညနေထုတ်သတင်းစာ "The London Evening Sun" ကြီးတွင် စကော့တလန်ယာဒ်စုံထောက်အဖွဲ့မှ အင်စပတ်တော်ကြီး ဝီလျံမာဗိ(လ်)နှင့် ဟူဒီနီတို့ စိန်ခေါ်ခန်းသတင်းကို မျက်နှာဖုံးသတင်းအဖြစ် ဓာတ်ပုံများနှင့်တကွ ဝေဝေဆာဆာ ဖော်ပြထားခဲ့သဖြင့် လန်ဒန်လူထုအတွင်း ဟူဒီနီ၏ အံ့ဖွယ်စွမ်းဆောင်မှုကြီးမှာ စိမ့်ဝင်ပျံ့နှံ့သွားသည်။

လန်ဒန်မြို့ လိုက်စက်စတာစကွဲယားလမ်းရှိ အယ်(လ်)ဟမ်ဘရာဇာတ်ရုံကြီး၏ရှေ့တွင် 'လက်ထိတ်တကာဧကရာဇ်တို့ဘုရင်' ဟူသော

ကြီးမားသော ပိုစတာကြီးကိုစိုက်ထူထားသည်။ လန်ဒန်မြို့တော် လူစည်ကားရာရပ်ကွက်များတွင်လည်း ဟူဒီနီ၏ ကြီးမားသောပုံကြီးနှင့် လက်ထိတ်တကာကေရာဇ်တို့၏ဘုရင်ဟူသော ပိုစတာကြီးများကို စိုက်ထူသည်။ လက်ကမ်းပိုစတာများကိုလည်း လန်ဒန်မြို့တော်တစ်ခွင်အနှံ့ ဖြန့်ဝေသည်။ မန်နေဂျာကြီးစလိတ်တာသည် မည်သည့်ပြပွဲအခမ်းအနားမှ ဤကဲ့သို့ ကြော်ငြာခြင်းမရှိခဲ့သဖြင့် လန်ဒန်လူထုအဖို့ အသစ်အဆန်းဖြစ်နေသည်။ နေ့စဉ်ထုတ်သတင်းစာများတွင်လည်း ကြော်ငြာများထည့်ခဲ့လေသည်။

ပထမနေ့ပွဲတွင် မန်နေဂျာကြီးစလိတ်တာသည် လန်ဒန်စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များအားလုံးအား အထူးဧည့်သည်တော်များအဖြစ် လေးလေးစားစား ဖိတ်ကြားခဲ့သည်။ လန်ဒန်လူထုကလည်း ကြိတ်ကြိတ်တိုး အားပေးခဲ့သည်။ ပထမပြပွဲနေ့တွင် လန်ဒန်ညနေထုတ် သူရိယသတင်းစာမှ အထူးသတင်းထောက်ဖြစ်သူ ဂျော်ဂျီမက်နက်က အသင့်ယူလာသော အာမခံလက်ထိတ်ဖြင့် ဟူဒီနီအား စိန်ခေါ်ခဲ့တော့သည်။ ဟူဒီနီကလည်း စိန်ခေါ်ခြင်းကိုလက်ခံပြီး သူ့ခန္ဓာကိုယ်အား သတင်းထောက်များနှင့် ပွဲလာပရိသတ်မှ ကိုယ်စားလှယ်များက သူ့ခန္ဓာကိုယ်တွင် သော့တူများ ရှိမရှိ ကြိုက်သလိုရှာဖွေနိုင်ကြောင်းကြေညာပြီး ဇာတ်စင်ပေါ်သို့ ဖိတ်ခေါ်သည်။ ပွဲကြည့်ပရိသတ်ကိုယ်စားလှယ်များတွင် ပဥ္စလက်ဆရာအချို့ ပါဝင်ခဲ့သည်ဟု ဆိုသည်။ ဟူဒီနီအား ကိုယ်စားလှယ်များက စိတ်ကျေနပ်အောင် စစ်ဆေးပြီးသည်နှင့် စိန်ခေါ်သူသတင်းထောက် ဂျော်ဂျီမက်နက်က အသင့်ယူလာသော အသစ်ကျပ်ချွတ် အာမခံလက်ထိတ်ဖြင့် ဟူဒီနီအား ခတ်လိုက်သည်။ ပြဇာတ်ခုံပေါ်တွင် ဟူဒီနီသည် သုံးမိနစ်အတွင်း သတင်းထောက်ကြီး၏ အာမခံလက်ထိတ်ကို ချွတ်ပြလိုက်သည်နှင့် ဧည့်သည်တော်များနှင့် ပြပွဲလာပရိသတ်များ အံ့သြသွားခဲ့ရသည်။

ဧည့်သည်တော်များတွင် ဟူဒီနီ၏ မိတ်ဆွေဟောင်းကြီးဖြစ်သော စကော့တလန်ယာဒ်စုံထောက်အဖွဲ့မှ အင်စပတ်တော်ကြီး ဝီလျံမာဗိ(လ်) ပါဝင်ခဲ့သည်။ ညနေထုတ် သူရိယသတင်းစာသတင်းထောက်၏ စိန်ခေါ်ပွဲကို လူအများ စိတ်ဝင်စားခဲ့သည်။ ပရိသတ်များ၏ လက်ခုပ်သံသည် မိုးယံကပင် ကြားလောက်သည်ဟု ဆိုကြ၏။ နောက်နေ့ထုတ် သတင်းစာများအားလုံးတွင် ဟူဒီနီနှင့် ညနေထုတ်သူရိယသတင်းစာတို့ စိန်ခေါ်ပွဲသတင်းများကို အသေးစိတ် ရေးသား ဖော်ပြခဲ့သည်။ သတင်းစာအားလုံးလိုလိုပင် ဟူဒီနီ၏ ပြကွက်ဆန်းများအကြောင်း ချီးမွမ်းရေးသားခဲ့သည်။ လန်ဒန်မြို့ထုတ် မောနင်းဟယ်ရယ် (Morning Herald) သတင်းစာကြီးကမူ ဟူဒီနီကား တစ်ခေတ်တွင် တစ်ယောက်ဟု ဆိုရမည့် ပဥ္စလက်ဆရာဖြစ်ကြောင်း၊ သူ့အား လူအများကပေးထားသော လက်ထိတ်ကေရာဇ်

ဟူသောအမည်ဖြင့် တကယ်ထိုက်တန်သော အာဂလူဖြစ်သည်ဟု ချီးမွမ်းရေးသားခဲ့ရာ ဟူဒီနီမှာ တကယ် ဟိုးဟိုးကျော်သော ပဥ္စလက်ဆရာဖြစ်ရတော့သည်။ ပွဲတိုင်း ရုံပြည့်လျက် ရှိသည်။ ရက်သတ္တပတ်ပြီး တစ်ပတ်ပြသနေသော်လည်း ရုံပြည့်မြဲပြည့်နေသည်။ ဟူဒီနီက သူ့ပြပွဲကို ထိန်းထားနိုင်သည်။ အစီအစဉ်များ ရိုးမသွားအောင် တစ်နေ့တစ်မျိုး ပြောင်းလဲဖြစ်သည်။ ပြပွဲကန်ထရိုက်တာကြီးစလိတ်တာအဖို့ စိုစိုပိုပိုရသွားသည်။

သတင်းစာကြီးများအားလုံးကလည်း ဟူဒီနီအား ချီးကျူးရေးသားခဲ့ကြသဖြင့် ဟူဒီနီ၏ ရည်မှန်းချက်အောင်မြင်သည်ဟု ဆိုရပေတော့မည်။ လန်ဒန်မြို့ အယ်(လ်)ဟမ်ဘရာဇာတ်ရုံကြီးတွင် ပြသသည့် ပွဲစဉ်တစ်ခုမှာ ဟူဒီနီအား ပိုမိုကျော်ကြား လူသိများလာစရာအကြောင်းဖန်လာသည်။ ဟူဒီနီသည် သူတင်ဆက်ပြသသည့် ပြပွဲများတွင် ကြွရောက်အားပေးသူများထဲမှ အားလုံးကို စိန်ခေါ်လေ့ ရှိသည်။ သို့သော် သတိလက်မလွတ်ပါ။ သူကြိုစစ်ဆေးစမ်းသပ်ထားပြီးသော လက်ထိတ်နှင့် သံခြေချင်းအမျိုးအစားများမှသာ လွတ်ထွက်ပြသည့်ပြကွက်ကို ပြသလေ့ ရှိသည်။ အစီအစဉ်များ ရိုးမသွားစေရန် မကြာခဏ ပြောင်းလဲပစ်သည်။ သို့သော် သူ၏ပြကွက်များမှာမူ အနှောင်အဖွဲ့မှ ထူးဆန်းစွာလွတ်လာသော ပြကွက်များချည်း ဖြစ်သည်။

ပွဲစဉ်တစ်ခု၌ ဟူဒီနီသည် ဇာတ်စင်ပေါ်မှ ပြပွဲလာပရိသတ်အား ဂါရဝပြုစကား ပြောကြားနေစဉ် ပြပွဲလာပရိသတ်အတွင်းမှ ထူးထူးခြားခြား ကျန်းမာသန်စွမ်းသည်ဟုဆိုနိုင်သော လူထူးလူဆန်းတစ်ယောက်သည် ရုတ်တရက် ဇာတ်ခုံပေါ်သို့တက်လာခဲ့ပြီး -

"ရွှေပွဲလာပရိသတ်များ ခင်ဗျာ၊ ယခု လူကြီးမင်းတို့အား သူ့ကိုယ်သူ လက်ထိတ်တကာဘုရင်တို့၏ ဧကရာဇ်ဆိုသူ ဟူဒီနီမှာ လူလိမ်လူညာသာဖြစ်ကြောင်း၊ ကျွန်တော်သာ အမေရိကန်အမျိုးသား လက်ထိတ်ဝိဇ္ဇာမဟာဆာနေဖြစ်ကြောင်း"

ဟု ပြောလိုက်သည်နှင့် ပြဇာတ်ရုံကြီးအတွင်း ရောက်ရှိနေကြသော ပွဲကြည့်ပရိသတ်ကြီးမှာ တအံ့တဩဖြစ်သွားသည်။ ရှေ့ဆုံးတန်းထိုင်ခုံရှေ့တွင် ထိုင်နေသော ဇာတ်ရုံမန်နေဂျာ စလိတ်တာသည် ထိုင်ရာမှထပြီး ကြက်သေသေနေသည်။ ပရိသတ်အများမှာလည်း လှုပ်လှုပ်ရွရွဖြစ်သွားကြတော့သည်။

ဟူဒီနီအဖို့ ရုတ်တရက် မည်ကဲ့သို့ပြောဆိုရမည်မသိ ဖြစ်သွားသည်။ ဤကဲ့သို့အခြေအနေတွင် ရှေ့ဆုံးတန်းဝဲဘက် အထူးဧည့်သည်တော်များ ထိုင်ခုံတွင် ထိုင်နေသော အမေရိကန်ပြည်ထောင်စုသံရုံးမှ အထက်လွှတ်တော်အမတ် မစ္စတာဒီပေါ်(လ်)ဆိုသူသည် ရုတ်တရက်ထလိုက်ပြီး -

"ရွှေပွဲလာမိတ်ဆွေများခင်ဗျာ၊ ကျွန်တော်သည် ယခု လက်ထိတ်

တကာဘုရင်တို့၏ကေရာဇ်ဟု ကင်ပွန်းတပ်ခံရသော မစ္စတာဟူဒီနီနေထိုင်သော မြို့နယ်မှ အထက်လွှတ်တော်ကိုယ်စားလှယ်အမတ်တစ်ဦး ဖြစ်ပါသည်။ ဇာတ်စင်ပေါ်သို့တက်၍ သူသာလျှင် လက်ထိတ်ဝိဇ္ဇာဟု စွပ်စွဲပြောဆိုသူ မဟာဆာနေကို ကျွန်တော် မသိပါ။ ကျွန်တော်များ အမေရိကန်ပြည်ထောင်စုတွင် လူအများက လက်ထိတ်ကေရာဇ်ဟု အသိအမှတ်ပြုထားသူမှာ ဟူဒီနီသာလျှင် ဖြစ်ပါသည်”

ဟု ပြောဆိုသည်နှင့် ပြပွဲပရိသတ် ဆူဆူညံညံဖြစ်သွားသည်။

ဟူဒီနီသည် သူ့အား ဇာတ်စင်ပေါ်သို့တက်လာခဲ့ပြီး စိန်ခေါ်သော မဟာဆာနေဆိုသူအား -

“ကဲ- မိတ်ဆွေကြီး၊ ကျွန်တော့်ကို ခင်ဗျား အသင့်ယူလာတဲ့ လက်ထိတ်နဲ့ခတ်ဗျာ”

ဟု စိန်ခေါ်လိုက်သည်။

မဟာဆာနေကလည်း သူအသင့်ယူလာသောလက်ထိတ်နှင့် ခတ်လိုက်သည်နှင့် ပရိသတ်ကြီးမှာ အပ်ကျသံကြားရလောက်အောင် ငြိမ်သက်သွားတော့သည်။

မဟာဆာနေဆိုသူကမူ အောင်မြင်သောအပြုံးဖြင့် ဟူဒီနီအားလည်းကောင်း၊ ပွဲကြည့်ပရိသတ်အားလည်းကောင်း ကြည့်နေသည်။ နှစ်မိနစ်ခန့်အတွင်း ဟူဒီနီမှာ သူ့အားခတ်ထားသော လက်ထိတ်များမှ လွတ်ထွက်လာတော့သည်။

စိန်ခေါ်သူ မဟာဆာနေဆိုသူမှာ အံ့အားသင့်သွားသည်။ ပွဲကြည့်ပရိသတ်မှာလည်း ထိတ်လန့်တကြားဖြစ်သွားတော့၏။ ဟူဒီနီကမူ -

“ကဲ- မိတ်ဆွေကြီး၊ ကျွန်တော့်လက်ထိတ်အနှောင်အဖွဲ့မှ ခင်ဗျား လွတ်အောင် ထွက်ပြမယ်ဆိုလျှင် ဒေါ်လာ (၅၀၀) ဆုချမယ်”

ဟု စိန်ခေါ်လိုက်သည်နှင့် ပရိသတ်ကြီး၏ဩဘာသံများမှာ မိုးလုံးညံသွားတော့၏။ သူ့အား စိန်ခေါ်သူ မဟာဆာနေ၏လက်များကို နောက်ပြန်လက်ထိပ်ခတ်လိုက်သည်။ ဟူဒီနီ၏ ဂီတအဖွဲ့ကလည်း တေးသီးချင်းများကို ကျယ်ကျယ်လောင်လောင် တီးမှုတ်ပေးခဲ့သည်။ ပွဲကြည့်ပရိသတ်ကြီးကလည်း အော်ဟစ်လျောင်ပြောင်ကြသည်။

သူ့ကိုယ်သူ လက်ထိတ်ဝိဇ္ဇာဟု ကင်ပွန်းတပ်ခဲ့သူ မဟာဆာနေမှာ တစ်ကိုယ်လုံး ချွေးများစိုနေတော့၏။ ဂီတဝိုင်းတော်ကြီးမှ တေးသီချင်းသံစဉ်များ အမျိုးမျိုးပြောင်းလဲ၍ တီးမှုတ်ပေးခဲ့သော်လည်း မဟာဆာနေမှာ လက်ထိတ်မှ လွတ်မြောက်မလာနိုင်။ နောက်ဆုံးတွင် သူအရှုံးပေးပါကြောင်း ဝန်ခံလိုက်ရတော့မှ ဟူဒီနီက လက်ထိတ်များကို ဖွင့်ပေးလိုက်တော့သည်။

မဟာဆာနေဆိုသူကလည်း သူ ဤကဲ့သို့ ဟူဒီနီ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းရန် ပြုခဲ့သည့်အတွက် နောင်တတရား ရရှိသွားကြောင်း

:ပ့ၢ်ကွ်ပၤလၢဂ :ဒွံၤကိၣ်ၤဒွံၤကိၣ်ၤ ဝဲၦယလွံဖွဂၦဝါဒိ ပ့ၢ်ၤပါကၦဝစၤ :လ့ၢ်ကွ်ပဖွယၤဂီၤ ၡၢၤဟ်ၣ်ၤ ဒဂၢ်ဂွၢ်ၤသဲဒ်ၦဖွ ပွ်ဝၤဂီၤ ။ဖျၢဖြဲၤ ပါေပါ ၤလဒၤလဒ :ၤဖးလ့ၢ်ကွ်ပဖွယဖျၢၡၢဟ်ၣ် ၡၢၤပွ်(ဖ့)ၢ်လဒဂွဲ(လ့)းၤယ ကွ်လ :ၤဖကွ်ပဂိၢ်ဂြ ၡၢၤဂပါ ဖွၢဝဲၤ ၢ်ကိၤ၀ဲၡၢၤဂပါ ဒဲ့ၢ်ၡၢၤဝဂိၣ်ဖဒၡၢဖွ
။ၡၢၤဖြဲၤ

ဒဲ့ဂြးၡွးဂဒးၤဖး ၦဝဲဒၦယ :ၡၢၤလါၡ့ၤၤၤဖးၤဂၤ:ဒဲၤကွ်ၤဖ ၢ်ၡွဲဒၤလၤၤ ၥ့ဒွံဲၡၢၤဂပါ ။ဖျၢၢ်မ်ၡၢၤဖြ ၦဝဲဒၦယ :ၡၢၤလ(ဖ့)ၢ်လဒဂွဲ(လ့)းၤယ ကွ်လ :ၤဖကွ်ပ ဂိၢ်ဂြၦလဘီၤဂ ဖျၢၡၢဟ်ၣ် ၢ်ၥ့ဒွံဲၡၢၤဂပါ ။ၡၢၤဖြၢ်ၦဝဲဒၦယ ၦါယဒ (၀၀၆) :ဒ့ဂြဒမ်ဝဲဖး ဒဝဖၤဂြးၡွဝ်ဂ်ဒဝၡၢဒိ :ဖြ်ၤၤဇ်ၡိၤဖး ဒဗဲၤယၤဒွ်ပ ၢ်ဒလိၤဒၤၤလၤဒးၤထဂွဲး:ၡွၤ ။ၡၢၤဖဲ့:ၤထး:ပါဖြၦဝ ပွ်ဂိ့ၤဒ ၡွဖျၢၡၢဟ်ၣ် ဂြပွ်:ပါကမ်ဝဲဖး ၢ်ၡွဲဒၤ(ဖ့)ၦဗၤ ၥ့ဒွံဲၡၢၤဂပါ ယဂၤလ :ပါကမ်ဝဲဖး ၢ်ၦထဒၡွဲဒၤလၤၤ ၡၢၤ:ဂွထၦလၦဟဒၡၢဒိ ၦဖး:ဖြၤ ၡိၤဖး ၦထဒၡွဲဒၤလၤၤ ။ၡၢၤဖဲ့:ၢ်ဒၦၢ်ၦၤ :ၡၢၤလၡၢဗဂ:ဒၤယ ဒလိ ဒၤထဒဂး:ၡၢၤၡၢၤဒ ၦထဒ:ဖ့ဖျၢး:ၡွဝ်ဂ်ဒဝၡၢဒိ :ဖြ်ၤၤဇ်ၡိၤဖးဒဗဲၤယၤဒွ်ပ ၦထဒၡွဲဒၤလၤၤ :ၡၢၤလပွ်ဂိ့ၤဒၡွဖွ်ဖြ ။ဖျၢဖဲ့ၤဒၡွဖွ ပ်ဂၡၢၤဂြဂြၦလိ ဒၤဖးဒၦလိ ။ဂြဒၢ်ၡ်ဒဂါၤ ဒဲ့ၢ်:ပါ:ၡွဖြၤ ၤပါ:ဒၤၤဖြဒၤ ၤပါကၦထွ ၦလ ကၤၤဖွ ဂွၤၤၦၤဖြ ပွ်ဂီၤ :ဂြဲဝ်ၡိဒ ၦဝဲဒးၤၤ ဒဲ့ၢ်:ဂွထၦလ ၦဟဒၡၢဒိ ၦဖး:ဖြၤၡိၤဖးဒဗဲၤယၤဒွ်ပ ၡွဲဒၤလၤၤ :ဒွံဝဖၤဒွဝဂ္ဂလ်ၤဖွ ဂ္ဂလ်ဂီၤ ၡၢၤဟ်ၣ် ဒဲ့ၢ်ၡၢၤၦဝဲဒၤၢ်ၡွဲဒၤလၤၤ ၥ့ဒွံဲၡၢၤဂပါ
။ၡၢၤဖဲ့:ၤယ ၤဒ့ဒွံဲၡၢၤဂပါ

ၡၢၤ ၡိၤဖးပွ်ဂီၤ ဖြဖ္ဂြၤ ။ၡၢၤ:ၤထဇဂီၤ ပ်ဂလိဂ ၢ်ၡၢၤဂ့ဲလွဂဒဗ ဂွဗဖွယ:ဗဒဖး ဒဲ့ဓိဖး ၡၢၤဂဒွံဲၦၤ:ဒးထွဲ :ဒလိဖး:ပါ:ၡွ:ဒဂဇဒး:ဒဂဒဝ ၦထဒ ၢ်ၦပွ်ဂဝဲဒဝ် ဒဲ့ဂြး:ဒဖြဒွံဲၦဝဲဒဒဝ ဒလိး:ၡၢၤၡၢဖျၢယဒွ်ပ ၡွဝဲယ ၥ့ဒွံဲၡၢၤဂပါ ။ၡၢၤဇဂီၤ ပ်ၡၢၤဂဒွံဲဖြ :ပါဂဖွလၢဂၦလဘီၤဂ ၦလိဖး ၢ်ၤ ဒလိၥ့ဒွံဲၡၢၤဂပါ ၤလဒဲ့ၢ်ၦါယဒၡၢၤဂ ပ်ဂၥ့ဒွံဲၡၢၤလ:ၡွ:ဂွဗး:ဂွဝ ဂြဒ ဖြဒထဝ ၤလၢဂၦလဘီၤဂ ၢ်ၢ်ဂွထၦၡၢကွဖ်ၡၢဗ ဖျၢၡၢဟ်ၣ်
။ၡၢၤဂြဒွံဲဂွ်ၤ ပ်ဂၡၢၤဖဲ့:ၤယ:ၡွထိ :ပါဂြ:ပါဂြးထဲး:ထဲ

ဒလိၥ့ဒွံဲၡၢၤဂပါ ၢ်ၤလၢဂၦလဘီၤဂ ဖြဖ္ဂြၤ ။ၡၢၤဖြဲၤ:ၤဖၦဝဲ ၤလဲၤလဒ ဖ္ဂြဖးဒဲဖွယၤၢ်ၤလြဝ ဒလိး:ပါကၡွ:ဂွလး:ၤဖး ပွ်ၤလၢဂၦလဘီၤဂ ၡၢၤ:ပါကမ်ဝဲဖး ၢ်ၦယၤကွ်ၦယၤဖွဓ ၤပါ:ၤဖး:ၡွထလိ ဂီၤဂွါဒ္ဂဗၤ ဖွ ၥ့ဒွံဲၡၢၤဂပါ ။ဖျၢး:ၤထဒဂြ ဖ္ဂြဖးဂီၤၤလဒး:ဂဒဂွလ်ဂြ ဒၤဖးဒဖ္ဂြၢ်ဂြဒပါဒ ၤလဒဲ့ဂြး:ၡွထဖးဒဲ့ထဖး ၢ်ဂွဗဖွယၢ်ဂြဒပါဒ ၡွဂၤလ ပွ်ၤလၢဂၦလဘီၤဂ :ၤယၡွၡၢၤဟ်ၣ် ။ၡၢၤဖြး:ၢ်ၢ်ဖ်ၡၢၤဖြ ပွ်:ပါဂိ့ၤဒၡွဖွ ဖျၢၡၢဟ်ၣ် :ၡၢၤလယ :ပါဂဒဝ ၡိၤဖး:ဖ့ဂၤ ၥ့ဒွံဲၡၢၤဂပါ ။ၡၢၤၡ်ဒဝ်ဒထ ဒဲ့ၢ်ၡၢၤဂၤၡ်ကွ်ၤၡ:ၡွၤၡၢၤဂပါ ဒဲ့ဂြလဖ္ဂြ(ၡ့)ဖွဗ:ၡွဖး ၢ်ၡၢၤဂၤၡ်ကွ်ဒ ဖျၢၡၢဟ်ၣ် :ၡၢၤလယ:ဖ့ဂၤ ၥ့ဒွံ ၡၢၤဂပါ ။ၡၢၤဗဲ့ဂီၤ:ဒၤထဒ ပွ်ၦၢ်ဂြဒဲ့ဓိ ဒဲ့ဓိၦဝဲဒး:ၤၤ ၦလၦထ

ဝံသ့ၣ်ဒဲးနီၢ်ကစၢ် မ့ၢ်ပှၤဂီၤအိၣ် ဝံၤမ့ၢ်ၦၤနဲၣ်ကဒါ မ့ၢ်အဝဲအါဒိၣ်ထီၣ်လ
လၢတၢ်န့ၣ်အံၤ ကဲသိၣ်နီၢ်ခဲပှၤ (၁) လဲၤပိၣ်ထွဲ ဖှၢ်လၢၢ်ဂ့ၤ ဝဝ၁၉

။လၢတၢ်ဆိကမိၣ် နီၢ်ဒံကဲ ကဲသိၣ်နီၢ်ဂ့ၤကၢ်သ့ၣ်ဒဲးနီၢ်ကစၢ် ;ဂ့ၢ်
;ဂၢၤဂ့ၤလၢပှၤ ဝဲအါဒိၣ်မ့ၢ်ဂ့ၤ ဘၣ်ပှၤအိၣ်ဒ်နီၢ်ဂၤသ့ၣ်တဖၣ်ပှၤလီၤပၢၤ မ့ၢ်
နီၢ်ဂ့ၢ် ;လၢလၢထဲဂၤပှၤလိ(၃)ပှၤဒ်နီၢ်ဒ်ဝဲ မ့ၢ်ပှၤဂ့ၤ ။လၢတၢ်ပှၤမိၢ်သ့ၣ်ဖၢ
မ့ၢ်ဝဲ နီၢ်ဒံဂ့ၤခဲအိၣ်ပှၤဂီၤအိၣ် ဝံသ့ၣ်ဒဲးနီၢ်ကစၢ် မ့ၢ်ဂ့ၤလၢပှၤ ဝဲ;ကပှၤ
ဆိကမိၣ် ဘၣ်တၢ်ပှၤလိစၢ်နီၢ်ဒ်ကဂ့ၤ နီၢ်ဒံကဲပှၤလပှၤ သိး;ပှၤမ့ၢ်
ပှၤသးဂီၤလၢဂ့ၢ်(လၢ)ကၢ်အ ဂ့ၢ်ဒ်နီၢ်လ သ့ၣ်ဒဲးနီၢ်လပှၤ လၢတၢ်နီၢ်ဂ့ၢ်

။မှၢ်;ထံးနီၢ်ဂ့ၢ်ကၢ် ဝံလၢကၢ်
ဂ့ၢ်လၢဂခဲနီၢ်ခဲဂ့ၢ်လၢ ဝဲပှၤ;ထံးနီၢ်ဂ့ၢ်ကၢ်ခဲ ဝံလၢကၢ်ဖှပှၤဂီၤ ဝံဂီၤနီၢ်
မှၢ်သ့ၣ်ဂ့ၢ်ပှၤထဂီၤ ;ပှၤဂီၤထဲပှၤလီၤဂ့ၢ်ခဲကီ ဖဂီၤ (၅၀) ကခဲနီၢ်
ဖ့ဂီၤဘဲ;ပှၤ မှၢ်ခဲ ။လၢတၢ်;ထံးနီၢ်ဂ့ၢ်ကၢ် ဝဲပှၤဂီၤနီၢ်ခဲဂီၤထဲပှၤလီၤ ယဂီၤ
;ဖှ;သ့က လၢတၢ်ပှၤဂ့ၢ်ခဲ;ဂ့ၢ် ယ;ဂ့ၢ်ဝဲ;ကဂ့ၢ်သ့ၣ်ဝဲပှၤအိၣ်ဝံကဂီၤခဲ လၢတၢ်;ထဲ
;နီၢ်ဂ့ၢ်ကၢ်ခဲ ။သ့ၣ်ဒ်ဘၣ်ဂီၤခဲက ဒိၣ်ခဲ ;လၢလပှၤတၢ်ခဲနီၢ်ခဲဂ့ၢ်သ့ၣ်ဝဲ ပှၤဂ့ၢ်ထဲ
;ဂ့ၢ်ပှၤဂထိတၢ်ပှၤ သိၣ်မ့ၢ်ပှၤသးဂီၤလၢဂ့ၢ်(လၢ)ကၢ်အ လၢတၢ်ခဲ ။လၢကဲထဲ
ဂခဲဂ့ၢ် ဝံဂ့ၢ်သ့ၣ်ဂ့ၢ်သ့ၣ်ခဲတၢ်ဒဲဖှထဲပှၤဖှထဲ ပှၤ;နီၢ်ဂ့ၢ်ကၢ်ခဲ ။မှၢ်သ့ၣ်ဒဲ
ဂ;သ့ၢ် သိၣ်နီၢ်ဒ်နီၢ်လ ဝဲနီၢ်;ကခဲပှၤဂ့ၢ်ခဲဂ့ၢ် (၅၇) ခဲ လၢတၢ်နီၢ်ဂ့ၢ်

။လၢတၢ်ဂ့ၢ် ဝံလၢတၢ်လၢၢ်ဂ့ၤမ့ၢ်
;လံ;ပှၤ;ကဂီၤတၢ်ခဲဂ့ၢ်သိၣ်;ဂ့ၢ်မ့ၢ်ပှၤသးဂီၤလၢဂ့ၢ်(လၢ)ကၢ်အ ထလပှၤပိၣ်ထွဲ ကံ
လသ့ၣ်လံ ။မှၢ်ဖ့ဂ့ၢ် ခဲ;ထသ့ၣ်ဝပှၤဖှ ဝဲဂ့ၢ်လံအဂ့ၢ် ကယ ကံနီၢ်ဂ့ၢ် ။လၢတၢ်
ဘၣ်ဝံလံခဲ ;ထခဲဖဲ မ့ၢ်ကဂ့ၢ်ဝဲ;ဂ့;ဂ့ၢ်ပှၤလၢခဲကထဲ ။;ဂ့;ဂ့ၢ်ပှၤထ
ပှၤလ ။လၢတၢ်လၢလံခဲထိကထဲ မ့ၢ်ပှၤဂီၤအိၣ် ;နီၢ်ဒ်နီၢ်ခဲနီၢ်ဝံနီၢ်ခဲ ဝံ;က
သ့ၣ်ဒဲသ့ၣ်ဂ့ၢ်ကထဲ ။ကဒဲဂ့;နီၢ်ဂ ။ကမ့ၢ်ကဝံတၢ်ခဲဂ့ၢ်လံကထဲ သိၣ်;ကနီၢ်ဂ့ၢ်
လၢတၢ်ဂ့ၢ်လ;အ ။လၢတၢ်ဘၣ်ဝံလံခဲ ဒိသ့ၣ်ဂ့ၢ်ကဂ့ၢ် မ့ၢ်ဝဲနီၢ်ခဲ ။ပှၤလိကပှၤလဂ့ၢ်တၢ်
;လၢလပှၤတၢ်ခဲနီၢ်ခဲကဲပှၤဂီၤခဲပှၤဂခဲသ့ၣ်ဂ့ၢ်သ့ၣ်ခဲ ဝံဒဲပှၤ လၢတၢ်နီၢ်ဂ့ၢ်
။မှၢ်ကထဲခဲဖ့ဂ့ၢ်ထိတ်ဖှ ဝဲလၢတၢ်ဒဲသ့ၣ်ဒဲတၢ်ဂ့ၢ်ပှၤထသ့ထ ထိ;က;သ့ဂခဲ
ပှၤဂထိတၢ်ပှၤ ဝံဒဲပှၤ ဝဲဂိဂ့ၢ်ပှၤလဂီၤ သိၣ်;ဂ့ၢ်မ့ၢ်ပှၤသး;ဂ့ၢ်ဂ့ၢ် ဂီၤထ
ဂ့ၢ်(လၢ)ကၢ်အ ဒိၣ်အပှၤတဂ့ၢ် မ့ၢ်ထဲဂ့ၢ်ဒ်နီၢ်လ ။လၢတၢ်သ့ၣ်;ထံးနီၢ်ထဝဲဂိ
ယနီၢ်ဂ့ၢ် ပှၤဂဖှထ;ဂ့ၢ်ပှၤဂထိတၢ်ပှၤ ။မှၢ်ဘဲ;ဂ;အ ပှၤဂီၤခဲလ သ့ၣ်အ
ကဲမ့ၢ် လၢတၢ်ပှၤတဂ့ၢ် ကံသ့ၣ်ဒဲးနီၢ်လပှၤ သိၣ်;ကဒိဝဲဂိနီၢ်ခဲပှၤဂီၤ

။လၢတၢ်ဘဲဂ့ၢ်;ဂခဲ
ဂ့ၢ်ပှၤ ;သ့ၣ်ခဲလၢၢ်ထ ထထဝခဲဝခဲ ဝံထဘၣ်;ကဂ့ၢ်ပှၤဖ ဝဲဒိဖ့ဂ့ၢ်;ဂ့ၢ်;ဂ့ၢ်ထံ
သိၣ်;လံ;ဂ;ထသ့ထ ကထဲဝခဲပှၤထံကံသ့ၣ်ဒဲးနီၢ်လပှၤ ။မှၢ်ကထဲဖခဲဖ့ဂ့ၢ်
ဝဲခဲဝဲထ;လခဲ;ဂ့ၢ် ;ဂ့ၢ်;ဂ့ၢ်ထံ;ထံ ဒိၣ်အနီၢ်ဂ့ၢ် ;ထဂ့ၢ်ခဲဖ့ဂ့ၢ်ဖှ
။လၢတၢ်ကထဲ;ထိ;သ့ထ ကံဂ့ၢ်သ့ၣ်ဖပှၤသး ထသ့ၣ်ဝံလၢတၢ်ဂ့ၢ်နီၢ်ဝနီၢ်;ဂသ့ၣ်ထဲ
ပှၤလိ;ဂ;အ ;ထ;ကဂ့ၢ်ပှၤတဂ့ၢ်ထလဂ့ၢ် ဘၣ်ဒ်နီၢ်ဂ့ၢ် သိၣ်ပှၤကထ

လုံးဖြစ်သွားတော့၏။ ထိုအခါတွင်လည်း ရဲအဖွဲ့မှ မှူခင်းဆရာဝန်ကြီး တစ်ယောက်က သော့တူများ၊ သော့ဖွင့်နိုင်သည့်ကိရိယာများ သူ့ကိုယ်ခန္ဓာတွင် ဝှက်ထားခြင်း ရှိ၊ မရှိ နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးခဲ့ပြန်သည်။ ထို့နောက် ဂျာမန်ရဲအရာရှိများသည် ဟူဒီနီ၏လက်များကို နောက်ပြန် လက်ထိတ်ခတ်ကြသည်။ ခြေထောက်များကိုလည်း သံခြေချင်းများ ထပ်ခတ်ကြပြန်သည်။

ရဲအဖွဲ့ဝင်များ အသုံးပြုသည့် လက်ထိတ်များမှာ အာမခံသော့ကုမ္ပဏီကြီးများက အထူးပြုလုပ်ထားသော လက်ထိတ်များ၊ သံခြေချင်းများဖြစ်၏။ ဂျာမန်ကိုင်ဇာဘုရင်ရဲအဖွဲ့ဥက္ကဋ္ဌကြီးနှင့် ရဲအဖွဲ့အကြီးအကဲတို့မှာ ဟူဒီနီအား မျက်ခြည်မပြတ် စူးစိုက်ကြည့်နေသည်။ တက်ရောက်သူရဲအရာရှိများ၊ စာနယ်ဇင်းသမားများကလည်း သည်းထိတ်ရင်ဖိုစွာ စိုက်ကြည့်နေကြတော့၏။ လူအများရှေ့မှောက်မှာပင် ဟူဒီနီသည် လက်ထိတ်များ၊ သံခြေချင်းများကို (၅) မိနစ်အတွင်း ဖြုတ်ပစ်လိုက်ပြီး ခန်းမကြမ်းပြင်ပေါ်သို့ ပုံချထားလိုက်သည်။ ပရိသတ်ကြီးသည် အပ်ကျသံကြားရလောက်အောင် ငြိမ်သက်သွားပြီး ရဲအဖွဲ့ဥက္ကဋ္ဌကြီးနှင့် ရဲအဖွဲ့အကြီးအကဲတို့ကစ၍ လက်ခုပ်ဩဘာတီးလိုက်တော့မှ သတိပြန်ရလာကာ လက်ခုပ်ဩဘာများ ပေးခဲ့ကြတော့၏။ ပြပွဲကိုယ်စားလှယ် ကား(လ်)ပိုလော့(စ်)မှာလည်း ဟူဒီနီကို ဇမ္ဗူတစ်လွှ ထွန်းထောက်မည့် အာဂလူဖြစ်သည်ဟု နှုတ်မှ ဖွင့်ပြောခဲ့ရသည်။

ဒရက်(စ်)ဒင်မြို့ထုတ် "The Dresden Anzeiger" သတင်းစာကြီးကမူ 'အံ့ဩမကုန်နိုင်သော လူထူးလူဆန်း' ခေါင်းစဉ်ဖြင့် ဤစိန်ခေါ်ပွဲကြီးအကြောင်း အသေးစိတ် ရေးသား ဖော်ပြခဲ့သည်။ ဟူဒီနီသည် ဘာလင်စိန်ခေါ်ပွဲပြီးသည်နှင့် ဒရက်(စ်)ဒင်မြို့သို့ ကိုယ်စားလှယ် ကား(လ်)ပိုလော့(စ်)နှင့်အတူ ကူးလာခဲ့ကြသည်။

ဒရက်(စ်)ဒင်မြို့ ဗဟိုပြဇာတ်ရုံကြီးတွင် လက်ထိတ်တကာဘုရင်တို့၏ကေရာဇ် ဟူသော ကြီးမားသော ပိုစတာကြီးဖြင့် ကြော်ငြာသည်။ ဂျာမနီနိုင်ငံမှထုတ်ဝေသော ဂျာနယ်၊ မဂ္ဂဇင်းများ၊ သတင်းစာများတွင် ဟူဒီနီ ဘာလင်၌ ကိုင်ဇာဘုရင် ရဲအဖွဲ့ဥက္ကဋ္ဌကြီးနှင့် ရဲအဖွဲ့အကြီးအကဲတို့ခေါင်းဆောင်သော ရဲအဖွဲ့ဝင်များအား စိန်ခေါ်ပွဲအကြောင်းကို ဓာတ်ပုံများနှင့် ဝေဝေဆာဆာ ရေးသား ဖော်ပြကြသဖြင့် ဒရက်(စ်)ဒင်မြို့လူထုအဖို့ လက်ထိတ်ကေရာဇ်ဟူဒီနီ၏ပြပွဲကို ကြည့်ရှုကြရန် အားခဲထားကြ၏။ ဒရက်(စ်)ဒင်မြို့သူမြို့သားများသည် ဟူဒီနီ၏ပြကွက်တို့ကို ရုံလျှံအောင်လာကြည့်ခဲ့ကြ၏။

ပထမပွဲတွင် ဟူဒီနီသည် အလွန် ကြီးမားသော သံခြေချင်းများ၊ လက်ထိတ်များနှင့် ဒရက်(စ်)ဒင်မြို့ မသီး(လ်)ဒန်းထောင်ကြီးမှ နာမည်ကျော် လူဆိုးဒုစရိုက်သမားများအား ခတ်လေ့ရှိသော လက်ထိတ်များ၊

သံခြေချင်းများ၊ ပေါင်(၄၀)လေးသော သော့ခလောက်ကြီးများမှ လွယ်လွယ်ကူကူ လွတ်မြောက်လာပုံကို ပြသသောအခါ ဒရက်(စ်)ဒင်မြို့လူထုမှာ အံ့ဖွယ်သရဲဖြစ်ကြရတော့သည်။

ဟူဒီနီသည် ဘာလင်မြို့တော်၌ ရဲအဖွဲ့ဝင်များနှင့် စိန်ခေါ်စဉ်က ဘာလင်မြို့ ဝင်တာဂါဒင်ဇာတ်ရုံကြီးတွင် ရက်သတ္တပတ်အတွင်းပြသရန် စီစဉ်ထားခဲ့သည်။ သို့သော် ဒရက်(စ်)ဒင်မြို့လူထု၏ မေတ္တာရပ်ခံချက်အရ ဒရက်(စ်)ဒင်၌ တစ်လတိတိ ပြပွဲပြသရမည် ဖြစ်၏။ သို့ဖြစ်၍ ဘာလင်မြို့တော် ဝင်တာဂါဒင် ဇာတ်ရုံကြီးမန်နေဂျာထံသို့ ပြပွဲစဉ်များကို နောက်ဆုတ်ပေးရန် မေတ္တာရပ်ခံသည့် ကြေးနန်းစာကို ပေးပို့ခဲ့ရ၏။ ဒရက်(စ်)ဒင်မြို့ ဝင်တာဂါဒင်ဇာတ်ရုံကြီး အုပ်ချုပ်ရေးအဖွဲ့ကလည်း ဟူဒီနီ၏ မေတ္တာရပ်ခံချက်ကို လိုက်လျောခဲ့၏။

ဒရက်(စ်)ဒင်မြို့ ဗဟိုပြဇာတ်ရုံကြီးတွင် ဟူဒီနီသည် တစ်ပတ်ပြီး တစ်ပတ် ပွဲထိန်းထားနိုင်သည်။ မြို့လူထုကလည်း ရုံပြည့်လျှံအောင်လာကြည့်ကြသည်။ ပြကွက်များ ရိုးအီမသွားစေရန် ပြောင်းလဲပစ်သည်။ သူပြသသည့် ပြကွက်များမှာ အနှောင်အဖွဲ့မှ ထူးဆန်းစွာ လွတ်မြောက်လာသော မဟာပြကွက်များသာ ဖြစ်သော်လည်း လူထုက ကြိတ်ကြိတ်တိုးအားပေးသည်။ သူ့ပြကွက်များအားလုံးမှာ အံ့ဖွယ်သရဲသာဖြစ်ကြရ၏။ ဒရက်(စ်)ဒင်ပြပွဲများတွင်လည်း ဟူဒီနီသည် ပြပွဲလာပရိသတ်များကို စိန်ခေါ်သည်။ ဒရက်(စ်)ဒင်လူထုသည် ဟူဒီနီအား ဆပ်ကပ်ပြပွဲများ တင်ဆက်ပြသရန် တောင်းပန်သည်။ ဒုတိယအကြိမ် ဘာလင် ဝင်တာဂါဒင်ပြဇာတ်ရုံ အုပ်ချုပ်ရေးအဖွဲ့သို့ ကြေးနန်းရိုက်၍ ရက်ရွှေ့ဆိုင်းရန် တောင်းဆိုခဲ့ရပြန်သည်။ ယခုအကြိမ်တွင်မူ ဝင်တာဂါဒင်ပြဇာတ်ရုံ ကန်ထရိုက်တာများက ငြင်းဆိုခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ဘာလင်လူထုမှာ ဟူဒီနီ ဘာလင်ရောက်ခဲ့စဉ်က ရဲတို့အား စိန်ခေါ်ခဲ့သည့် ထူးခြားဖြစ်စဉ်ကို သတင်းစာများတွင် ဖတ်ရှုခဲ့ရပြီးဖြစ်ရာ ဟူဒီနီ၏ မဟာလွတ်မြောက်မှု ပြကွက်များကိုကြည့်ရန် တာစူနေကြပြီ ဖြစ်သည်။

ပြဇာတ်ရုံကြီးတွင် ကြိုတင်လက်မှတ် ဝယ်ယူကြသူများ ကြိတ်ကြိတ်တိုးဖြစ်နေသည်။ ပွဲစဉ်ပေါင်း ရက်သတ္တပတ်သုံးပတ်ထိ ရောင်းချပြီးဖြစ်နေသည်။ ပြပွဲလက်မှတ်များကို အမြတ်ပေးဝယ်ယူခဲ့ကြရသည်ဟု သတင်းစာများက ရေးသားဖော်ပြခဲ့ကြ၏။ သို့ဖြစ်၍ ဟူဒီနီသည် ဘာလင်မြို့သို့ သွားခဲ့ရသည်။ အောက်တိုဘာလ (၁)ရက်နေ့တွင် ဝင်တာဂါဒင်၌ စတင် ဖျော်ဖြေခဲ့ရသည်။ ပထမပွဲ၌ပင် ပြပွဲလာပရိသတ်ထဲမှ လူတစ်ယောက် ဇာတ်စင်ပေါ်သို့တက်လာခဲ့ပြီး ဟူဒီနီအား စိန်ခေါ်သည်။ သူ့ခတ်မည့်လက်ထိတ်မှ လက်ထိတ်ဧကရာဇ်ဟု ကြွားဝါနေသော ဟူဒီနီသည် မည်သည့်နည်းဖြင့်မျှ လွတ်မြောက်နိုင်မည်မဟုတ်ပါဟု ကြေညာသည်။ ပြပွဲလာပရိသတ်ကလည်း ထိုလူထူးလူဆန်း၏ စိန်ခေါ်မှုကို တအံ့တဩ

ဖြစ်ကြရသည်။

ဟူဒီနီကလည်း ထိုလူ၏ စိန်ခေါ်မှုကို လက်ခံလိုက်သည်နှင့် ထိုလူထူးလူဆန်းသည် သူ့အဆင်သင့်ယူလာသော သေးငယ်သောလက်ထိတ်ကလေးတစ်ခုကို သူ့အိတ်အတွင်းမှ ထုတ်ယူခဲ့ပြီး ဟူဒီနီ၏ လက်မနှစ်ချောင်းကို ချောက်ခနဲ ခတ်လိုက်သည်။ ဟူဒီနီအဖို့ ရုတ်တရက် အံ့ဩသွားသည်။ သူ့ပဥ္စလက်ဆရာအဖြစ် ဟိုးဟိုးကျော်ခဲ့သည့် စိန်ခေါ်ပွဲများတွင် ကြီးမားသောလက်ထိတ်များ၊ သံခြေချင်းများနှင့်သာ တွေ့ခဲ့ရသည်။ ယခုကဲ့သို့ လက်မနှစ်ချောင်းကိုခတ်သည့် လက်ထိတ်မျိုးနှင့် စိန်ခေါ်ခဲ့ခြင်း မခံခဲ့ရပေ။

ဟူဒီနီသည် စိန်ခေါ်သူခတ်လိုက်သည့် လက်ထိတ်ကို မိနစ်ပိုင်းအတွင်း ချွတ်ပြလိုက်သည်နှင့် တစ်ရုံလုံး ဩဘာသံများ ညံသွားသည်။ လူငယ်အချို့သည် ဇာတ်စင်ပေါ်သို့တက်လာခဲ့ကြပြီး ဟူဒီနီအား ထမ်းပိုး၍ ဂုဏ်ပြုကြသည်။ ဟူဒီနီကို သော့ဝိဇ္ဇာ၊ လက်ထိတ်ကေရာဇ်နှင့် သံခြေချင်းတို့၏ဘုရင်ဟူ၍လည်း ဘွဲ့ပေးခဲ့ကြသည်။ ဟူဒီနီ၏ ဘာလင်ပွဲစဉ်များသည် သူ့အတွက် ဟိုးဟိုးကျော်အောင်ပွဲခံရသော ပွဲစဉ်များသာ ဖြစ်သည်။ ဟူဒီနီသည် နေ့စဉ် ဘာလင်မြို့ပေါ်ရှိ အကျဉ်းထောင်များ၊ ရဲအချုပ်ခန်းများသို့သွား၍ စိန်ခေါ်ပွဲများ ပြုလုပ်သည်။ သူသွားလေရာသို့ ဘာလင်သတင်းစာလောကမှ သတင်းမုဆိုးများသည် တကောက်ကောက်လိုက်ကြသည်။ ဟူဒီနီ၏•ဘွဲ့ထူးဂုဏ်ထူးများတွင် အကျဉ်းထောင်အား ဖောက်ထွက်နိုင်သူ ဟူသော ဘွဲ့ထူးတစ်ခုတိုးခဲ့ရ၏။ ဘာလင်ပွဲစဉ်များမှာလည်း သောက်သောက်လဲ ဝင်ငွေရလာသည်။

ဘာလင်တွင် နေထိုင်စဉ် ဟူဒီနီသည် သော့ခလောက်လုပ်သော စက်ရုံများသို့သွား၍ ကမ္ဘာကျော် ဂျာမနီနိုင်ငံလုပ် သော့များ မည်သို့ပြုလုပ်ပုံကို အသေးစိတ်လေ့လာသည်။ သော့ခလောက်လက်ထိတ်နှင့် သံခြေချင်းများနှင့် ပတ်သက်၍ အကျွမ်းတဝင်ဖြစ်ခဲ့သော ဟူဒီနီသည် အချို့နာမည်ကြီး ဂျာမန်သော့ခလောက်များကို လက်ဖြင့် ထိရုံနှင့်ပင် ပွင့်လာသယောင် ဖြစ်လာရတော့၏။

ဟူဒီနီမှာ ဟိုးဟိုးကျော်သော ပဥ္စလက်ဆရာတစ်ယောက်ဖြစ်လာခဲ့ရသည်။ ဘာလင်မြို့တော်နှင့် ဒရက်(စ်)ဒင်မြို့များမှ ပြပွဲကန်ထရိုက်များသည် ဟူဒီနီနောက်သို့ တကောက်ကောက်လိုက်၍ ပြပွဲစဉ်များကို ဆက်လက် စာချုပ်ရန် သူ့ထက်ငါ ကြိုးစား၍ ဟူဒီနီထံ ချဉ်းကပ်ကြသည်။ သို့သော် ဟူဒီနီကမူ လန်ဒန်မြို့တော် အယ်(လ်)ဟမ်ဘရာ၏မန်နေဂျာ စီဒန်ဒတ်(စ်)စလိတ်တာအား ထားခဲ့သောကတိကို မမေ့။ ဂျာမနီတွင် ထူးထူးခြားခြား အောင်မြင်မှုရနေသော်လည်း အင်္ဂလန်သို့ ပြန်မည်ဟုဆုံးဖြတ်သည်။ ဂျာမနီမှ သူ့မိတ်ဆွေ ပြပွဲကန်ထရိုက်တာ ကား(လ်)ပိုလော့(စ်) ကမူ ဂျာမနီနိုင်ငံတွင် ဆက်လက်၍ ပြပွဲများပြသရန် အကြံပေးခဲ့

သော်လည်း ၁၉၀၀ ပြည့်နှစ်၊ ဒီဇင်ဘာတွင် ဟူဒီနီ၏အဖွဲ့သည် လန်ဒန်မြို့သို့ ပြန်လာသည်။ ပြပွဲကန်ထရိုက်တာ စလိတ်တာကမူ ဝမ်းပန်းတသာကြိုဆိုပြီး အယ်(လ်)ဟမ်ဘရာဇာတ်ရုံတွင် ယခင်ပွဲစဉ်များအတိုင်း ပြသခဲ့၏။ လန်ဒန်လူထုသည် ဟူဒီနီပြပွဲကို ရုံလျှံအောင်အားပေးသည်။ သူ့ပြပွဲများသည် ယခင်ပြပွဲများနှင့်မတူ တစ်မူထူးခြားနေသဖြင့် ထိပ်တန်းပဥ္စလက်ပြပွဲ ဖြစ်လာသည်။ ရက်သတ္တပတ်ပေါင်းများစွာကြာအောင် မအားလပ်အောင် ပွဲကန်ထရိုက်များ ရလာခဲ့သည်။ ဝင်ငွေမှာလည်း သောက်သောက်လဲရရှိခဲ့၏။

အယ်(လ်)ဟမ်ဘရာဇာတ်ရုံတွင် ရက်သတ္တပတ် ရှစ်ပတ်မြောက်အောင်ပွဲခံပြီးသည်နှင့် ဂျာမနီနိုင်ငံသို့ပြန်လာခဲ့သည်။ ယခုအခေါက်တွင်မူ ဟူဒီနီသည် ဘာလင်နှင့် ဒရက်(စ်)ဒင်မြို့ ပွဲစဉ်များတွင် ထူးထူးခြားခြားအောင်ပွဲခံခဲ့ပြီး လိုက်ပစ်(ဇ်)၊ ဒူဇင်ဒေါ့(ဖ်)၊ ဖရင်ဖက်(ခ်) နှင့် ဟန်း(မ်)ဘတ်မြို့များတွင် အောင်ပွဲခံနိုင်ခဲ့သည်။ ထိုမြို့များရှိ ဇာတ်ရုံများတွင် ပွဲတိုင်း လူကြိတ်ကြိတ်တိုးစည်ကားလျက်ရှိပြီး ဟူဒီနီကလည်း သူ့ပြကွက်များကို မရိုးအောင် ဆန်းသစ်တီထွင်သည်။ သူ့မဟာလွတ်မြောက်မှုပြကွက်များကို အားပေးကြည့်ရှုသူအများသည် မရိုးနိုင်သဖြင့် ထပ်ကျော့ကြည့်သူတွေ ဒုနှင့်ဒေးရှိလာသည်။

မေလ (၆) ရက်နေ့တွင် ဂျာမနီနိုင်ငံ ရူဟာပြည်နယ် အီဆန်မြို့တွင် ရက်သတ္တပတ်သုံးပတ် တင်ဆက်ပြသရန် ကန်ထရိုက်ရလိုက်သည်။ အီဆန်မြို့ကား ဂျာမနီနိုင်ငံ၏ စက်မှုဇုန်မြို့ကလေး ဖြစ်သည်။ ထိုမြို့သည် ကမ္ဘာကျော် ကရုပ်သံမဏိစက်မှုလုပ်ငန်းနှင့် လက်နက်ရုံများ ရှိသည်။ ဟူဒီနီအဖို့ လိပ်အား ရေသို့လွှတ်သလို ဖြစ်ခဲ့သည်။ ပြပွဲနားရက်များတွင် ကရုပ်သံမဏိစက်ရုံနှင့် လက်နက်စက်ရုံများတွင် အချိန်ပြည့်လေ့လာနိုင်ခဲ့သည်။ သူ့ပြပွဲသို့လည်း ရူဟာပြည်နယ်ကျေးရွာများမှ လူထုများပါ လာရောက် ကြည့်ရှုအားပေးခဲ့၏။ အီဆန်မြို့တော်ဇာတ်ရုံကြီးတွင် ပြသသည့်ပွဲ၌ ဟူဒီနီသည် ရဲတို့သာမက ပြပွဲလာပရိသတ်အား စိန်ခေါ်ခဲ့သည်။ ဤစိန်ခေါ်ပွဲ၌ ကရုပ်သံမဏိစက်ရုံမှ အင်ဂျင်နီယာများနှင့် လုပ်သားများက သူတို့ အထူးတီထွင်ပြုလုပ်ထားသော အာမခံလက်ထိတ်များ၊ သံခြေချင်းများနှင့် ဇာတ်စင်ပေါ်တွင် ဟူဒီနီကို သေသေချာချာ ခတ်ကြ၏။ သူ့ခန္ဓာကိုယ်တစ်ခုလုံးကိုလည်း အများရှေ့တွင် သေသေချာချာ ရှာဖွေသည်။ စိတ်ကျေနပ်မှပင် ဟူဒီနီအား ပြပွဲကိုဆက်ပြစေသည်။

ကရုပ်သံမဏိစက်ရုံမှ စိန်ခေါ်သူ အင်ဂျင်နီယာနှင့် လုပ်သားများ ဇာတ်စင်ပေါ်မှဆင်းရန် ဟန်ပြင်နေစဉ်မှာပင် လက်ထိတ်ဧကရာဇ် ဟူဒီနီက အနှောင်အဖွဲ့မှလွတ်ထွက်လာပြီး လက်ထိတ်များ၊ သံကြိုးများ၊ ခြေချင်းများ၊ သော့ခလောက်များကို ပိုင်ရှင်မျာ်းအား ပေးအပ်နိုင်ခဲ့၏။

ပရိသတ်ကြီးနှင့် စိန်ခေါ်သူများမှာ အံ့ဖွယ်သရဲဖြစ်ရတော့သည်။

ဤကဲ့သို့ ထူးထူးခြားခြား ဟိုးဟိုးကျော်လာရသော ဟူဒီနီကို အားကျသော ဂျာမနီမှ ပဥ္စလက်ဆရာများသည် လူထုများ စိတ်ဝင်စား၍ ထူးထူးခြားခြား ထင်ပေါ်လာသော လက်ထိတ်ခတ်ခြင်းမှ လွတ်မြောက်သည့်ပြကွက်များကို အခွင့်ကောင်းယူကာ ပြသကြ၏။ သာမန် နယ်လှည့်ပဥ္စလက်ဆရာများ၊ ပြဇာတ်ရုံများတွင် ရုံတင်ပြသသော ပဥ္စလက်ပြပွဲများမှ ပဥ္စလက်ဆရာများသည် ကြိုတင်ဖန်တီးထား၊ ပြုပြင်ထားသော လက်ထိတ်များကို အသုံးပြုကာ ပြသ၍ ငွေရှာခြင်းသာ ဖြစ်၏။ ဤဖြစ်ရပ်ဆန်းသည် အမှန်တကယ် ဉာဏ်စွမ်းကိုယ်စွမ်းဖြင့် လေ့ကျင့်ပြီးမှ ဤကဲ့သို့ လက်ထိတ်နှင့် သံခြေချင်းအနှောင်အဖွဲ့မှ လွတ်မြောက်မှုပြကွက်များကိုပြသသူ ဟူဒီနီအား သိက္ခာချပေးသလိုဖြစ်သည်ဟု သူက ယူဆထားသည်။ သို့ဖြစ်၍ ဂျာမနီနိုင်ငံမှ ပဥ္စလက်ဆရာအများကို ထိုးနှက်တိုက်ခိုက်ရန်အတွက် ယခု သူပြနေသောပြကွက်များထက် လူများ စိတ်ဝင်စားမည့်ပြကွက်များ တီထွင်ပြသရန် စိတ်ကူးမိသည်။ သူ့ပြပွဲတွင် အင်အားတိုးတက်လာအောင် ညီဖြစ်သူ သီယိုအား ဂျာမနီနိုင်ငံသို့ လိုက်လာရန် ကြေးနန်းရိုက်ခဲ့သည်။

ထိုစဉ်က သီယိုမှာ ပဥ္စလက်ဆရာကြီး ဟာဒင်အဖြစ် အတော်အသင့် နာမည်ရနေပြီ ဖြစ်၏။ အမေရိကန်ပြည်ထောင်စု မြို့ငယ်ကလေးများ၊ ကျေးလက်တောရွာများတွင် လှည့်လည်ပြသနေရသည်။ လူထုကလည်း သူ့အား ကမ္ဘာကျော် ပဥ္စလက်ဆရာ ဟူဒီနီ၏ ညီဖြစ်သည်ဟု သိရှိကြပြီ ဖြစ်၏။ သီယိုအား ဂျာမနီသို့ အမြန်ဆုံးလိုက်လာရန် ကြေးနန်းဖြင့် အကြောင်းကြားနေစဉ် ဟူဒီနီအဖို့ မိခင်ဖြစ်သူအား လွမ်းဆွတ်နေခဲ့သည်။ ပဥ္စလက်ဆရာတစ်ဆူအဖြစ် အောင်မြင်ပေါက်ရောက်၍ နိုင်ငံတကာ လှည့်နေခဲ့ရသဖြင့် သူ့မိခင်ကြီးနှင့်တွေ့ရန် အခွင့်အလမ်းနည်းနေသည်။

၁၈၉၂ ခုနှစ် နွေဦးပေါက်တစ်ရက်က ဟူဒီနီ၏ ဖခင်ဖြစ်သူဆင်မြူရယ်က ဟူဒီနီ၏ မွေးနေ့လက်ဆောင်ကတိအဖြစ် မိခင်ကြီးအားတစ်သက်လုံး စောင့်ရှောက်ပါမည်ဟု အကြိမ်ကြိမ် သစ္စာပြုခဲ့သည်ကို သတိရလာသည်။ သူ့ကိုယ်သူ တာဝန်ဝတ္တရားမကျေသော သားတစ်ယောက် ဖြစ်ခဲ့သလော။ သူသည် စုန်ရေတွင်သာ မျောနေသောသားဖြစ်သည်ဟူ၍လည်း ယူဆထားသည်။ သူ အင်္ဂလန် လန်ဒန်မြို့ ရက်သတ္တပတ်ပေါင်းများစွာ ပဥ္စလက်ပြပွဲများ ကျင်းပခဲ့စဉ်က လန်ဒန်မြို့ရှိ နာမည်ကျော် အပ်ချုပ်ဆိုင်ကြီးတစ်ဆိုင်မှ သူ့မိခင်ကြီးအား လက်ဆောင်ပေးရန် ဂါဝန်တစ်ထည်ကို ပေါင် (၅၀)ပေး၍ ဝယ်ယူထားခဲ့၏။ မှတ်တမ်းများအရ ယင်းဂါဝန်မှာ အင်္ဂလန်နိုင်ငံ ဝိတိုရိယဘုရင်မကြီးအား ဆက်သရန် ချုပ်ထားခဲ့သော်လည်း ဝိတိုရိယဘုရင်မကြီးမှာ ရုတ်တရက် ကွယ်လွန်သွားခဲ့သဖြင့် ထိုဂါဝန်ကို ဟူဒီနီအား ရောင်းချခဲ့သည်ဟု ဆိုသည်။ ဂျာမနီ

နိုင်ငံသို့ ပဥ္စလက်ဆရာကြီး ဟာဒင်အမည်ခံ သီယိုရောက်လာသည်နှင့် ဟူဒီနီသည် သူ့မိခင်ထံ အသွားအပြန်စရိတ်ပို့ပြီး ဂျာမနီနိုင်ငံ ဟမ်း(မ်)ဘတ်(ခ်)သို့လိုက်လာရန် ကြေးနန်းပို့လိုက်တော့သည်။ ဟူဒီနီ၏ မိခင်ကြီးဖြစ်သူ စီဆီလျာဝိတ်(ခ်)သည် ချက်ချင်းဆိုသလို အမေရိကန်ပြည်ထောင်စုမှ ကြုံရာသင်္ဘောဖြင့် ဂျာမနီနိုင်ငံသို့ ထွက်ခွာလာခဲ့သည်။

ဟူဒီနီအဖို့ မကြာမီ မိခင်ကြီးရောက်လာတော့မည်ဟု အားတက်လာသည်။ သူအားကိုးရသော သူ့ညီ ပဥ္စလက်ဆရာကြီး ဟာဒင်အမည်ခံ သီယိုလည်း ရောက်လာခဲ့ပြီဖြစ်ရကား သူတို့ညီနောင်၏ပြကွက်များသည် ပို၍ နာမည်ကြီးလာသည်။ ဒတ်(တ်)မိုး၊ အွန်စဘတ်နှင့် ကိုလုံးမြို့များတွင် တင်ဆက်ပြသသော ပြပွဲများတွင် ဟူဒီနီ၏ လက်ထိတ်ကေရာဇ်ဟူသော ပိုစတာကြီးနှင့်အတူ သူ့ညီ ဟာဒင်နာမည်ခံ သီယို၏ ပိုစတာကြီးများကို စိုက်ထူထားသည်။ သူတို့ညီအစ်ကိုနှစ်ယောက်စလုံး၏ ပြကွက်များမှာ အနှောင်အဖွဲ့များမှ ထူးဆန်းစွာ လွတ်မြောက်လာသည့်ပြကွက်များသာ ဖြစ်သော်လည်း ဟူဒီနီညီနောင်သည် သူ့ပွဲစဉ်များကို ထိန်းထားနိုင်သည်။ သူ ရက်သတ္တပတ်ပေါင်းများစွာပြသောပွဲများသည် ပွဲတိုင်း ရုံပြည့်နေသည်။

ဟမ်း(မ်)ဘတ်(ခ်)သို့ သူတို့အဖွဲ့ရောက်သည်နှင့် (၂) ရက်အတွင်း သူ့မိခင်ကြီးရောက်လာသည်။ ဟူဒီနီအဖို့ အတိုင်းမသိ ဝမ်းမြောက်ရတော့၏။ နာရီပေါင်းများစွာ မိခင်အနားထိုင်ပြီး သူတွေ့ကြုံရသည့် အတွေ့အကြုံများ၊ အောင်မြင်မှုများကို မနားမနေပြောပြနေသည်။ တစ်ခါတစ်ရံ သူ့မိခင်၏ရင်ခွင်ထဲ သူ့ဦးခေါင်းတိုးဝှေ့ပြီးဝင်သည်။ မိခင်ဖြစ်သူကလည်း အောင်မြင်မှုရနေသော ဟိုးဟိုးကျော်နေသည့် ပဥ္စလက်ဆရာကြီးကို ကလေးငယ်တစ်ဦးဟု ယူဆထားသည်။ မိခင်ဖြစ်သူသည် သူ့ဆံပင်များကို ကြင်နာယုယစွာ သပ်ပေးနေသည်။ တစ်ခါတစ်ရံ သူ၏နားကို မိခင်နှလုံးနားတိုးကပ်ပြီး ရင်ခုန်သံကို နားထောင်သည်။ ဤကဲ့သို့ မိခင်ကြီး ရင်ခုန်သံကိုနားထောင်ရခြင်းသည် ဟူဒီနီ၏ စိတ်ပင်ပန်းမှု၊ လူပင်ပန်းမှုကို ပပျောက်သွားပြီး အေးချမ်းသောသုခကိုရစေသည်ဟု ထင်မိ၏။ ပြပွဲများတွင် ကြုံတွေ့ခဲ့ရသော စိတ်သောကရောက်မှုတို့သည် မိခင်ကြီးမျက်နှာကိုမြင်ရသည်နှင့် ပျောက်သွားသည်ဟု ဟူဒီနီက ထင်သည်။ သူ့အောင်မြင်မှုကို ပြောပြလိုက်ရသည်နှင့် မိခင်ကြီး၏ ဝမ်းသာကြည်နူးသော အပြုံးကို မြင်ရသည်မှာ သူ့အဖို့ အားဆေးသဖွယ်ဖြစ်ပေသည်။

ဟူဒီနီတို့မိသားစုသည် သူတို့ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ဟန်ဂေရီနိုင်ငံ ဘူဒါပက်(ခ်)မြို့သို့ ပြန်လာခဲ့ကြသည်။ ဟူဒီနီမိခင်ကြီးသည် ၁၈၇၆ ခုနှစ်ကစ၍ သူ့မိခင်နိုင်ငံသို့ ပြန်မရောက်ခဲ့။ ဘူဒါဘတ်(ခ်)မြို့ရှိ ဆွေမျိုးသားချင်းအချို့ကမူ စီဆီလျာဝိတ်(ခ်)တစ်ယောက် သာမန်တောရွာနေကလေး ဆင်မြူရယ်ဝိတ်(ခ်)အား လက်ထပ်ခဲ့ခြင်းကို သဘောမတူခဲ့။ ဆင်မြူရယ်ဝိတ်(ခ်)မှာ လူရိုးလူကောင်းတစ်ယောက် ဖြစ်သော်

လည်း စီးပွားရေးအမြင်ရှိသူ မဟုတ်။ သူလိုလူကို လက်ထပ်ခြင်းဖြင့် တင့်တင့်တယ်တယ်နေနိုင်သော မိသားစုဖြစ်မလာနိုင်ဟု ယူဆထားသည်။ အထူးသဖြင့် ဆင်မြူရယ်ဝိတ်(ခ်)သည် ပထမအိမ်ထောင်ရှိခဲ့ဖူးသူဖြစ်၍လည်း သူတို့အမေဖြစ်သူ စီဆီလျှာနှင့် သဘောမတူကြခြင်းလည်း ဖြစ်မည်။ သို့သော် အမေရိကန်ပြည်ထောင်စုမှ မမျှော်လင့်ဘဲ ရုတ်တရက် ပြန်လာသူ စီဆီလျှာနှင့် ဟူဒီနီတို့အား ဆွေမျိုးသားချင်းအားလုံးက ဝမ်းပန်းတသာ ကြိုဆိုကြသည်။ ယခင်က ခါးခါးသီးသီး ဆန့်ကျင်ခဲ့ကြသော ဦးလေးများ၊ အဒေါ်များကလည်း ဝမ်းပန်းတသာ လာ၍တွေ့ဆုံကြ၏။ စီဆီလျှာဝိတ်(ခ်)အဖို့ စိတ်အားတက်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရ၏။

သားဖြစ်သူ ဟူဒီနီကလည်း မိခင်ကြီးဖြစ်သူအား ဘူဒါပက်(ခ်)မြို့ရှိ အကောင်းဆုံး ထိပ်တန်းဟိုတယ်ကြီးတွင် တည်းခိုစေခဲ့ပြီး တောရပ်ဒေသနှင့် ဘူဒါပက်(ခ်)မြို့မှ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများကို ဖိတ်ခေါ်၍ ညည့်ခံပွဲများပြုလုပ်ပေးခဲ့သည်။ ညည့်ခံပွဲကျင်းပသော ဟိုတယ်ကြီးမှာ တကယ့် မင်းစိုးရာဇာများ၊ သူဌေးသူကြွယ်များတည်းခိုသော ဟိုတယ်ကြီး ဖြစ်၏။ ဟူဒီနီအဖို့ ဤကဲ့သို့ ခမ်းနားသောဟိုတယ်ကြီး၌ မိခင်ကြီးစိတ်ကြိုက် ဆွေမျိုးသားချင်းများကို ထိုက်ထိုက်တန်တန် ညည့်ခံကျွေးမွေးခဲ့ရသဖြင့် ပီတိဖြစ်ရတော့သည်။

မိခင်ကြီးမှာလည်း သားဖြစ်သူ ဟူဒီနီ၏ ဟိုးဟိုးကျော်ရသည့် သတင်းများကို သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် ဖတ်ရှုရသဖြင့် ထူးထူးခြားခြား ကျေနပ်ခဲ့ရသည်။ ဟန်ဂေရီနိုင်ငံတွင် တစ်လခန့်အနားယူ အပန်းဖြေခဲ့ပြီး စီဆီလျှာသည် အမေရိကန်ပြည်ထောင်စုသို့ ပြန်သွားခဲ့သည်။

ဟူဒီနီညီနောင်နှင့်အဖွဲ့သည် ဟန်ဂေရီနိုင်ငံတွင် ဩဂုတ်လ တစ်လလုံး အနားယူနေထိုင်ကြပြီး ရှေ့ပြပွဲများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ရသည်။ ပရိသတ်များ ရိုးသွားခြင်းမရှိစေရန် ပြကွက်အသစ်အဆန်းများ တီထွင်ရေးကို ကြိုးစား၍ လေ့ကျင့်ခဲ့ကြ၏။ စက်တင်ဘာလတွင်မူ ပရပ်မြို့ တော်ဝင်ပြဇာတ်ရုံကြီးတွင် အကြိုပြပွဲတစ်ခု တင်ဆက်ပြသခဲ့သည်။ မြို့သူမြို့သားအများကလည်း ရုံပြည့်လျှံအောင် လာရောက်အားပေးကြသည်။ ဟူဒီနီ၏ မဟာလွတ်မြောက်မှုပြကွက်များအား ပရပ်မြို့သူမြို့သားအများက တအံ့တဩဖြစ်ကြသည်။ ထိုရုံကြီးမှာ ရက်သတ္တပတ်တစ်ပတ် ပွဲထိန်းထားနိုင်ခဲ့သည်။

ဟင်နိုဗာမြို့တွင်မူ ဟူဒီနီအား ရဲအဖွဲ့အကြီးအကဲဖြစ်သူ မင်းသားကြီး ဗွန်ရှုဝါရင်က စိန်ခေါ်သည်။ ရဲအဖွဲ့ဝင်များသည် ဂျာမနီနိုင်ငံတွင် အလွန်ဆိုးသွမ်းသော ဒုစရိုက်သမားများ ဖမ်းဆီးထားရာတွင် ဝတ်ဆင်ပေးလေ့ရှိသော အထူးကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်စေပြီး သံကြိုးများ၊ ခြေချင်း

များ၊ လက်ထိတ်များနှင့် တုပ်နှောင်စေသည်။ ကိုယ်ကျပ်အင်္ကျီမှာ အလွန်ထူထဲသော သားရေတို့ဖြင့် ချုပ်ထားသောအင်္ကျီ ဖြစ်၏။ ပြပွဲသို့ လာရောက် ကြည့်ရှုသူအများကမူ ဟူဒီနီသည် ဤစိန်ခေါ်ပွဲ၌ မည်သည့်နည်းနှင့်မျှ မလွတ်နိုင်ဟု တွက်ထားသည်။

ဟူဒီနီကလည်း ဤစိန်ခေါ်ပွဲတွင် သူလက်လျှော့အရှုံးပေးရတော့မည်ဟု သံသယဝင်လာမိ၏။ သို့သော် ဟူဒီနီသည် မည်သည့်အခါကမျှ လွယ်လွယ်ကူကူနှင့် လက်မြှောက်အရှုံးပေးလိုသူမဟုတ်။ သို့ဖြစ်၍ သူတို့အနှောင်အဖွဲ့မှ လွတ်မြောက်အောင် ကြိုးစား၍ ရုန်းကန်သည်။ တစ်မိနစ်ပြီးတစ်မိနစ် အချိန်တွေကုန်ခဲ့ရသည်။ သူ့ပြပွဲတေးဂီတအဖွဲ့ကလည်း တေးသံစဉ်များကို တစ်ကျော့ပြီးတစ်ကျော့ တီးမှုတ်ပေးနေရသည်။ ရဲအဖွဲ့အကြီးအကဲ မင်းသားကြီးဗွန်ရှဝါရင်ခေါင်းဆောင်သော ရဲအဖွဲ့ဝင်များကမူ သူတို့အောင်ပွဲခံရတော့မည်ဟု ကျိန်းသေတွက်ထားသည်။

သူတို့အနှောင်အဖွဲ့မှ လွတ်မြောက်ရန်ကြိုးပမ်းနေမှုကို ဇနီးဖြစ်သူ ဘက်(စ်)နှင့် ညီဖြစ်သူ သီယိုတို့က ရင်တမမနှင့် ကြည့်နေကြရသည်။ အပွဲပွဲအောင်ပွဲခံခဲ့သော ဟူဒီနီသည် ယခုစိန်ခေါ်ပွဲတွင် အရှုံးပေးရတော့မည်လော။

ဟင်နိုဗာမြို့မှ ရွှေပွဲလာပရိသတ်ကလည်း ဇာတ်စင်ကိုသာ စူးစိုက်ကြည့်နေသည်။ မိနစ် (၂၀) ကျော်လာခဲ့၏။ ယခင် စိန်ခေါ်ပွဲများတွင် ဟူဒီနီသည် (၄)မိနစ်၊ (၅)မိနစ်ဖြင့်သာ အနှောင်အဖွဲ့မှ ရုန်းထွက်နိုင်ခဲ့၏။ သို့သော် (၂၉) မိနစ်ရှိလာခဲ့သည်နှင့် ဟူဒီနီသည် အာမခံကိုယ်ကျပ်အင်္ကျီ၊ အာမခံလက်ထိတ်များ၊ သံကြိုးများ၊ သံခြေကျင်းများမှ ချွတ်လိုက်ပြီး ဇာတ်စင်ရှေ့သို့ ထွက်လာသည်။ တေးဂီတဝိုင်းကလည်း ဆူဆူညံညံသံစဉ်များကို တီးမှုတ်ပေးခဲ့သည်။ ရဲအဖွဲ့အကြီးအကဲ မင်းသားကြီးဗွန်ရှဝါရင်မှာလည်း တအံ့တဩဖြစ်သွားသည်။ သူကိုယ်တိုင် လက်ခုပ်ဩဘာပေးခဲ့သဖြင့် တစ်ရုံးလုံး လက်ခုပ်သံများ ညံသွားကြသည်။ မင်းသားကြီးဗွန်ရှဝါရင်ကိုယ်တိုင် ဇာတ်စင်ပေါ်သို့တက်လာပြီး ပွမ်းပဲ့ထိခိုက်အနာတရဖြစ်နေသော ဟူဒီနီလက်နှစ်ဖက်စလုံးကို ဝမ်းသာအားရ ဆွဲကိုင်ခဲ့ပြီး တကယ့် လက်ထိတ်ဘေရာင်ဖြစ်ပါသည်ဟု ကြေညာလိုက်တော့၏။

ဟူဒီနီလွတ်မြောက်လာရပုံမှာ သာမန်မဟုတ်ကြောင်း ထူးဆန်းအံ့ဩဖွယ်ကောင်းသော လောကီပညာဖြင့်လည်းကောင်း၊ တမလွန်လောကသားတို့၏ အကူအညီနှင့်သာ လွတ်မြောက်နိုင်မည်ဟု ပွဲကြည့်ပရိသတ်အများက ယူဆခဲ့သည်။

အမေရိကန်ပြည်ထောင်စုမှထုတ်ဝေသော သတင်းစာအချို့တွင် ပြည်ပရောက် ပဥ္စလက်ဆရာ ဟူဒီနီအား တောင်းတလာသည့်သတင်းပါလာသည်။ သူ့မိခင်ကြီးထံမှရသောစာများ၊ ဟူဒီနီ့ဇနီး ဘက်(စ်)၏သူငယ်ချင်းများက ပေးပို့သောစာများတွင် အမေရိကန်ပြည်ထောင်စုသား

အများသည် အင်္ဂလန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတွင် ဟူဒီနီ ဟိုးဟိုးကျော်သည့် သတင်း၊ ဂျာမန်ရဲအဖွဲ့အကြီးအကဲများကိုယ်တိုင် လက်ဖျားခါ ချီးကျူးကြသောသတင်းများကို ကြားရသောအခါ ဟူဒီနီအား တသသဖြစ်ကြသည်။ သို့ဖြစ်၍ ဟူဒီနီတို့အဖွဲ့သည် အမေရိကန်ပြည်ထောင်စုသို့ပြန်ရန် ပြင်ဆင်ကြသည်။ ဥရောပတိုက်မှမထွက်ခွာမီ ပြင်သစ်နိုင်ငံ ပါရီသို့ သွားရောက်လည်ပတ်မည်ဟူ၍လည်း မျှော်မှန်းထားသည်။ ဟင်နိုဗာပွဲစဉ်များပြီးဆုံးသည်နှင့် ဟူဒီနီသည် သူ့ချစ်ဇနီးနှင့်အတူ ပါရီသို့ လာခဲ့သည်။ ပါရီတွင် ချစ်ဇနီးဘက်(ခ်)ကမူ အမျိုးသမီးအသုံးအဆောင်များ ဝယ်ယူပြီး ပါရီမြို့မှ နာမည်ကျော် အပ်ချုပ်ဆိုင်ကြီးတွင် ဝတ်စုံများချုပ်မည်ဟုမျှော်မှန်းထားသည်။ အမေရိကန်ပြည်ထောင်စုမှ သူငယ်ချင်းအပေါင်းအသင်းများအတွက် အမှတ်တရလက်ဆောင်များလည်း ဝယ်ယူမည်ဟု ဆုံးဖြတ်ထား၏။

ပါရီသို့ရောက်သည်နှင့် ဟူဒီနီသည် ဧည့်လမ်းညွှန်တစ်ဦးနှင့်အတူ ပါရီမြို့တော် လာချေးသုသာန်ရှိ ကွယ်လွန်သူ ပဉ္စလက်ဆရာကြီး ရောဘတ်ဟူဒင်၏သင်္ချိုင်းဂူသို့ သွားရောက် ဂါရဝပြုခဲ့သည်။ ရောဘတ်ဟူဒင်ကား ဟူဒီနီ၏ သင်ဆရာ၊ ကြားဆရာ ဖြစ်သည်။ သူ့နာမည်ကိုပင် ရောဘတ်ဟူဒင်၏အမည်ကို ဂုဏ်ပြုခေါ်ဝေါ်ထားခြင်း မဟုတ်လော။ ပါရီမြို့ ပဉ္စလက်ဆရာများ ပတ်ဝန်းကျင်မှ ကွယ်လွန်သူ ပဉ္စလက်ဆရာကြီး ရောဘတ်ဟူဒင်၏ဇနီး ရှိနေသည်ဟူသော သတင်းရရှိခဲ့သဖြင့် သူ့ကြားဆရာ၏ဇနီးဖြစ်သူထံ သူ လာရောက်ဂါရဝပြုခွင့်ကို ခွင့်ပြုရန်တောင်းပန်သည်။

ရောဘတ်ဟူဒင်၏ဇနီးဖြစ်သူကမူ ဟူဒီနီသည် သူ့ခင်ပွန်းဖြစ်သူ၏နာမည်ကိုယူထားပြီး ကွယ်လွန်သူ သူ့ခင်ပွန်း ကမ္ဘာကျော်ပဉ္စလက်ဆရာကြီး ရောဘတ်ဟူဒင်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင်ပြုသူဖြစ်၍ အတွေ့မခံနိုင်ဟု ဆိုသည်။

ဟူဒီနီအဖို့ စိတ်မကောင်းဖြစ်ခဲ့ရသည်။ ပါရီမြို့တော်ရှိ ပဉ္စလက်ပညာရှင်အချို့နှင့် တွေ့ဆုံခွင့်ရရှိခဲ့သည်။ ပါရီမြို့ရှိ ပဉ္စလက်ပညာပစ္စည်းများရောင်းသောဆိုင်များသို့ သွားရောက်၍ လိုအပ်သောပစ္စည်းများကိုလည်း ဝယ်ယူစုဆောင်းခဲ့သည်။ ပဉ္စလက်ပညာနှင့်ပတ်သက်သော စာအုပ်စာတမ်းများ ရောဘတ်ဟူဒင်နှင့် ပတ်သက်သော ရှားပါးစာအုပ်စာတမ်းများကိုလည်း ဝယ်ယူခဲ့သည်။ (နောင်အခါ ဟူဒီနီသည် ရောဘတ်ဟူဒင်၏ မျက်နှာဖုံးကိုခွာချခြင်း The Unmasking of Robert Houdin ဟူသော စာအုပ်တွင် ရောဘတ်ဟူဒင်၏ လျှို့ဝှက်သောနည်းပညာများကို လူသိရှင်ကြား ထုတ်ဖော် ရေးသားခဲ့သည်။)

ဟူဒီနီသည် အင်္ဂလန်နှင့် ဂျာမနီတွင် (၂)နှစ်တိုင်တိုင် အချိန်ကုန်ခဲ့ပြီ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသို့ လွမ်းဆွတ်လာသည်။ မိခင်

ကြီး ပြန်သွားခဲ့သည်မှာလည်း (၆) လရှိခဲ့ပြီဖြစ်သဖြင့် မိခင်ကြီးကိုလည်း တွေ့လိုသည်။ သို့ဖြစ်၍ ၁၉၀၂ ခုနှစ်၊ ဧပြီလ (၃)ရက်နေ့တွင် 'အမ်ဂျာမန် နိုင်ငံတော်' သင်္ဘောဖြင့် အမေရိကန်ပြည်ထောင်စုသို့ ပြန်လာခဲ့သည်။ သူ အမေရိကန်ပြည်ထောင်စုသို့ ပြန်လာသည့်သတင်းကို ရရှိကြသော သတင်းစာကြီးများသည် **မဟာဟူဒီနီ** (The Great Houdini) **ပြည်တော်ပြန်ခဲ့ပြီ** ဟူသော စိတ်ဝင်စားဖွယ် ခေါင်းစဉ်များဖြင့် ရေးသား ဖော်ပြခဲ့ကြ၏။

ယခင်က ဟူဒီနီအား အတိုက်အခံရေးသားခဲ့ကြသော သတင်းစာကြီးများကပင် ဟူဒီနီသတင်းကို ဓာတ်ပုံများနှင့်တကွ မဟာဟူဒီနီ၏ ပြည်တော်ဝင်ခန်းဟု ရေးသား ဖော်ပြပေးခဲ့သည်။ ဟူဒီနီကား တကယ့် မဟာ ဟူဒီနီဖြစ်ခဲ့ပြီ ဖြစ်သည်။

ဟူဒီနီသည် အမေရိကန်ပြည်ထောင်စုသို့ ပြန်ရောက်သည်နှင့် နယူးယောက်၊ ဘိုစတုန်၊ ချီကာဂို၊ ဆန်ဖရန်စစ္စကို စသော မြို့ကြီးများရှိ ထိပ်တန်းဇာတ်ရုံကြီးများတွင် လှည့်လည်ပြသသည်။ ဟူဒီနီမှာ အမေရိကန်ပြည်ထောင်စုမှ (၂) နှစ်တိတိ ခွဲခွာသွားခဲ့သဖြင့် အနေဝေးခဲ့သော ကြောင့် ပရိသတ်သည် သူပြသသည့်ပွဲစဉ်များကို ရုံပြည့်လျှံအောင် အားပေးခဲ့ကြ၏။ 'လက်ထိတ်ဧကရာဇ်' ဟူသော ကြီးမားသည့်ပိုစတာကြီးများ နှင့်အတူ 'မဟာဟူဒီနီ' ဟူသော ကြီးမားသည့်ပိုစတာများကို သူပြပွဲပြသ သည့် မြို့ကြီးများ၏ လမ်းဆုံ၊ လမ်းမများတွင် ထောင်ထားသည်။ ဟူဒီနီ ကား အမေရိကန်ပြည်ထောင်စုတွင် ဟိုးဟိုးကျော်ခဲ့ရပြန်သည်။ အခြား ပဥ္စလက်ဆရာများ မရှုဆိတ်အောင် နာမည်ကျော်ခဲ့ရတော့၏။

ဤကဲ့သို့ လျှမ်းလျှမ်းတောက်ကျော်ခဲ့လာသော်လည်း ဟူဒီနီက အောင်မြင်ခြင်းကို ယစ်မူးခြင်းမရှိ။ သူ့ကိုအားပေးသည့် ပရိသတ်အား ထာဝစဉ်လေးစားသည်။ သူပြသည့်ဇာတ်ရုံကြီးများတွင် စိန်ခေါ်ပွဲများကို ကျင်းပသည်။ သူ့အဖို့ အင်္ဂလန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတွင် စိန်ခေါ်ပွဲပေါင်း များစွာကို ကြုံခဲ့ရပြီဖြစ်၍ သတိထား၍ ပြကွက်များကို ပြသည်။ ယခင် ဥရောပတိုက်သို့ ခရီးမထွက်ခင်ကပြသခဲ့သော မဟာလွတ်မြောက်မှု ပြကွက်များကို အမေရိကန်ပြည်ထောင်စု ပြပွဲပရိသတ်က ကြည့်ရှုခဲ့ဖူးကြ လေပြီ။ သို့သော် ရိုးမသွားစေရန် အသစ်အဆန်းထွင်သည်။ လူထုအများ ကမူ ဟူဒီနီ ဥရောပတိုက်မှပြန်လာ၍ တင်ဆက်ပြသော ပြကွက်တို့မှာ သူ ယခင် အမေရိကန်ပြည်ထောင်စုတွင် နယ်လှည့်ပဥ္စလက်အဖွဲ့နှင့် ပြသသည့် ပြကွက်များထက် စိတ်ဝင်စားစရာကောင်းပြီး ပြပွဲလာပရိသတ် အား အထိတ်အလန့်ဖြစ်စေသည်ဟု ဆိုကြ၏။ သူ့ပြကွက်အများမှာ ထူးဆန်းစွာ အနှောင်အဖွဲ့မှလွတ်ထွက်လာသည့် ပြကွက်များသာဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသို့ရောက်သည်နှင့် ဟူဒီနီသည် စာနယ် ဇင်းသမားများနှင့် အများဆုံးဆက်သွယ်သည်။ အမေရိကန်ပြည်ထောင်စု ပဥ္စလက်ပညာအသင်းမှထုတ်ဝေသော ဆရာသခင်များ (Mahatma) ဟူ

သော မဂ္ဂဇင်းကြီးတွင် ပင်တိုင်ဆောင်းပါးရှင် ဖြစ်လာသည်။ ထိုမဂ္ဂဇင်းတွင် ပဥ္စလက်ပညာ၏ လျှို့ဝှက်နက်နဲပုံ၊ စိတ်ဝင်စားစရာကောင်းပုံများကို သူ့ကိုယ်တွေ့ သာဓက အထောက်အထားများနှင့်ယှဉ်၍ ရေးသားဖော်ပြပေးခဲ့သဖြင့် စာဖတ်သူအများက ဟူဒီနီအား လေးစားလာခဲ့သည်။ သို့ဖြစ်၍ သူရောက်ရာအရပ်တွင် ပရိသတ်အများသည် ရုံလျှံအောင် လာကြည့်ကြပြီး တအံ့တသြ ချီးမွမ်းကြ၏။

ဟူဒီနီသည် သူ၏ နာမည်ကျော် မဟာလွတ်မြောက်မှုပြကွက်များကို ဆန်းသစ် တီထွင်သည်။ မြို့ကြီးများရှိ နာမည်ကျော်ဇာတ်ရုံကြီးများတွင် လှည့်လည်ပြသသောအခါ စိန်ခေါ်သည့် ပြကွက်အမျိုးမျိုး လုပ်ပြခဲ့၏။ အထူးတလည် စီမံပြုလုပ်ထားသော သံစည်ကြီးများ၊ သေတ္တာကြီးများအတွင်းမှ မိနစ်ပိုင်းအတွင်း လွယ်ကူစွာ ထွက်ပြသည်။ စိန်ခေါ်ပွဲများကို ရောက်သည့်နေရာတွင် ပြုလုပ်လေ့ရှိ၏။ သို့သော် ပရိသတ်များက စမ်းသပ်ခြင်း၊ စိန်ခေါ်ခြင်းတို့မှာကား သူဖန်တီးထားသော၊ ဇာတ်လမ်းဆင်ထားသော၊ ကုလားဖန်ထိုးထားသောအကွက်များသာ ဖြစ်သည်။ သို့သော် သူ့ပွဲကို ကြော်ငြာသော ပိုစတာကြီးများကို ပွဲကသောမြို့တိုင်းတွင် လှည်းနေလေ့အောင်း မြင်းစောင်းမကျန် ဝေငှသည်။ ဤကဲ့သို့ ဝေစေပြီး ပရိသတ်များထဲမှ စမ်းသပ်လေဟန်၊ စိန်ခေါ်ပြီး သူ့စွမ်းအင်အား လက်တွေ့စစ်ဆေးလေဟန် ပြုလုပ်ပြသသည်။

သူက မှင်မောင်းကောင်းသည့်သူ့အဖို့ သူ့ဂုဏ်သိက္ခာကို ထိန်းသည့်အနေနှင့် မလွှဲမရှောင်သာသောကြောင့် လာသမျှ စိန်ခေါ်ချက်များကို လက်လွှတ်မပေးဘဲ ရင်ဆိုင်တွေ့ရလေဟန်၊ စိန်ခေါ်ပွဲတိုင်းလည်း အောင်မြင်ရပုံတို့ကို တခမ်းတနား ကြော်ငြာသည်။ ရောက်လေသည့် မြို့ရွာတိုင်းမှ သတင်းထောက်မှုဆိုးများကို သူ့အိတ်ထဲထည့်ထားနိုင်သည်။ ဟူဒီနီက ပါးနပ်လွန်းသည်။ ပရိသတ်၏စိတ်ကို နားလည်သူ ဖြစ်သည်။ သူ့စိန်ခေါ်ပွဲ မဟာလွတ်မြောက်မှုပြကွက်တွင် အသုံးပြုသည့် သံစည်များ၊ သံကြိုးများ၊ ကိုယ်ကျပ်အင်္ကျီများ၊ လက်ထိတ်များကို ပြဇာတ်ရုံကြီးရှေ့တွင် တခမ်းတနားပြထားသည်။ ထိုပစ္စည်းများကို မည်သူမဆို လေ့လာကြည့်ရှုနိုင်ကြောင်း ကြေညာထုတ်ထားသဖြင့် ပွဲကြည့်ပရိသတ်သည် စိတ်တိုင်းကျ ကြည့်ရှု စစ်ဆေးကြ၏။

သို့သော် အချို့ပရိသတ်များကမူ ဟူဒီနီသည် ညလူခြေတိတ်သည်နှင့် သူပြထားသောသံစည်များ၊ ခြေချင်းများ၊ လက်ထိတ်များ၊ သံကြိုးများမှ မူလီများ၊ ဝက်အူများကို သူ့သဘောကျ ပြန်တပ်သည်၊ ဖြုတ်လဲသည်။ ပတ္တာများကိုလည်း သူ့သဘောကျပြုပြင်လုပ်သည်ဟု စွပ်စွဲကြ၏။ ဟူဒီနီကမူ ဤသို့ စွပ်စွဲခြင်းမျိုးကို သူ့ပြိုင်ဘက် ပဥ္စလက်ပညာရှင်များက ကောလာဟလ သတင်းလွှင့်ခြင်းသာ ဖြစ်သည်ဟု ဆိုသည်။

သူသည် အမှန်တကယ် စိန်ခေါ်မှုမျိုးကိုမူ သတိထားသည်။ သူ့

အဖို့ မည်သည့်အခါမျှ ကံစမ်းမလုပ်။ အဘယ်ကြောင့်ဆိုသော် သူ့ပဥ္စလက်ပညာသည်လူအများ၏ မျက်စိအား လှည့်စားနိုင်ရမည်မဟုတ်ပါလော။ ပဥ္စလက်ပညာတို့မည်သည် ကြိုတင် ပြင်ဆင်ရသည်။ ကျွမ်းကျင်မှုရှိရမည်။ လေ့ကျင့်မှုလည်း မနေမနားပြုလုပ်ရသည်။ လေ့ကျင့်မှုများမှသာ အသားကျရသည်။ မိမိအား လာရောက်ကြည့်ရှုသူ ပရိသတ်၏စိတ်ကို ထာဝရလှည့်စားပေးနေရမည်။ ပြည်သူအများအား ဖျော်ဖြေပွဲတွင် ဖျော်ဖြေမှုသည် ဟန်ပန်မှင်မောင်ကောင်းနေရမည် ဖြစ်သည်။ သူ ဥရောပနိုင်ငံများသို့ ပြန်မထွက်ခင် အမေရိကန်လူထုအား ထာဝရ ဆွဲဆောင်ထားနိုင်ရမည်။ ထိန်းထားနိုင်ရမည် ဖြစ်သည်။ အမေရိကန်လူထုသည် သူ့ပြပွဲများအား ဒါဘာဆန်းသလဲ၊ ပဥ္စလက်ပညာသည်တိုင်း လုပ်ပြနိုင်သည်ဟူသော အထင်မရောက်အောင် စွမ်းဆောင်နိုင်ရမည် ဖြစ်၏။

သို့ဖြစ်၍ ပဥ္စလက်ပညာကို တစ်ဖက်ကမ်းခပ်အောင် တတ်မြောက်သည်ဟု ပရိသတ်အထင်ကြီးအောင် ပဥ္စလက်ပညာအကြောင်းဆောင်းပါးများကို အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော ဂျာနယ်၊ မဂ္ဂဇင်းများတွင်ပါဝင်အောင်လည်း ကြိုးစားပေးရသည်။ ပြပွဲတွင် တင်ဆက်ပြသသည့် အစီအစဉ်သစ်များ ချမှတ်ရသည်။ လေ့ကျင့်ပေးရသည်။ အစီအစဉ်သစ်များအားလုံးသည် အခြားပဥ္စလက်ဆရာများ ပြသသည့် ပြကွက်များနှင့် မတူစေရန် အထူး သတိထား၍ ပြုလုပ်ရသည်။ ပြပွဲလူထု တအံ့တဩဖြစ်စေသော ပြကွက်များသာဖြစ်စေသည်။ တီထွင်ပြသသော ပြကွက်သစ်များကိုလည်း မထပ်စေရန် ပြုလုပ်ရသည်။ အချို့ ပဥ္စလက်ဆရာများမှာမူ ပြကွက်ဟောင်းများကိုသာ ထပ်တလဲလဲ ပြသကြသဖြင့် ပွဲကြည့်ပရိသတ်အဖို့ မဲပြာပုဆိုးဟု ထင်မှတ်သွားနိုင်သည်။

ဟူဒီနီကမူ ဤကဲ့သို့ ပရိသတ်အထင်ရောက်မည်ကို တတ်နိုင်သလောက် စိုးရိမ်သည်။ သူတီထွင်သည့်ပြကွက်များမှာလည်း ပရိသတ်မရိုးသည့်ပြင် အံ့ဩပြီးရင်း အံ့ဩရသော ပြကွက်များသာ ဖြစ်သည်။ သာဓကအားဖြင့် သူ့မဟာလွတ်မြောက်မှုပြကွက်သစ်တွင် သူ မည်ကဲ့သို့၊ ဤကဲ့သို့ လွတ်မြောက်နိုင်ရသနည်းဟု ပရိသတ်အတွေးခေါင်အောင် လှည့်စားပြသခဲ့၏။ အမေရိကန်ပြည်ထောင်စုမှ ဟူဒီနီ၏ပရိသတ်သည် ဟူဒီနီမှ ဟူဒီနီ ဖြစ်လာသည်။ သူကား အာဂလူ ဇမ္ဗူတစ်လူ ဖြစ်သည်။ သူပြသသည့် ပြကွက်မျိုး မည်သူမျှပြသခြင်း မပြုနိုင်ဟူ၍လည်း ထင်မြင်ခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု၏ ပဥ္စလက်ပညာသည်များသမိုင်းတွင် မှတ်တိုင်တစ်တိုင်အဖြစ် ထူထောင်နိုင်ခဲ့သည်။

ဘိုစတုန်မြို့ ကိ(သ်)ဇတ်ရုံကြီးတွင် ပြသစဉ် ဟူဒီနီသည် မဟာလွတ်မြောက်မှုပြကွက်အသစ် တီထွင်ခဲ့၏။ ထိုပြသသည့် ပြကွက်၌ ပထမဦးဆုံး သံဘွိုင်လာအိုးကြီးတစ်အိုးကို ရွှေပွဲလာပရိသတ်များ သဘောကျ စစ်ဆေးကြည့်ရှုနိုင်ရန် ပြသထားသည်။ ပြပွဲလာပရိသတ်များကလည်း

စိတ်တိုင်းကျ စစ်ဆေးကြည့်ကြသည်။ သေသေချာချာ ကြည့်ရှုပြီးသည်နှင့် ရဲရဲနီအောင်ဖုတ်ထားသော သံစို့ကြီး (၆) ချောင်းကို ဘို့င်လာအိုးတွင် ရိုက်သွင်းပြသသည်။ ရိုက်သွင်းနေသည့်အချိန်တွင် မင်းပရိသတ်ထဲမှ ကိုယ်စားလှယ်များက သေသေချာချာ ကြည့်ရှုကြပြန်သည်။

ထို့နောက် ဟူဒီနီသည် ရွှေပွဲလာပရိသတ်အား အရိုအသေပေးပြုခဲ့ပြီး ဘို့င်လာအိုးကြီးအတွင်း ဝင်ပြသည်။ သူဝင်လိုက်ချိန်တွင် ရိုက်သွင်းထားသော သံစို့ကြီးတို့သည် ရဲရဲနီလျက်ရှိသည်။ ဟူဒီနီ ဘို့င်လာအိုးကြီးအတွင်း ဝင်ရောက်သည်ကို စစ်ဆေးကြသူများမှာ သည်းထိတ်ရင်ဖိုဖြစ်ကြရသည်။ ဟူဒီနီ ဘို့င်လာအိုးအတွင်း ရောက်သွားသည်နှင့် လူနှစ်ယောက် အားစိုက်၍မ,ရသော သံအဖုံးကြီးကို အံဝင်ခွင်ကျ ဘို့င်လာအိုးပေါ်တွင် ဖုံးလိုက်တော့၏။ သံအဖုံးကြီးသည် လက်မပေါင်းများစွာ ဘို့င်လာအိုးနှုတ်ခမ်းအောက်ကို အုပ်မိထားသည်။ အလွန်မာသော သံမဏိဘားတန်းကြီးနှစ်ခုကို ဟူဒီနီတပည့်များက ထုတ်ယူလာသည်။ ထိုသံမဏိဘားတန်းများကိုလည်း ပရိသတ်၏ကိုယ်စားလှယ်များက စစ်ဆေးကြည့်ရှုကြပြန်သည်။ စိတ်ကျေနပ်ပြီဟု သဘောတူညီကြလျှင် ဟူဒီနီ၏တပည့်များသည် ထိုဘားတန်းကြီးနှစ်ခုကို ကြက်ခြေခတ်ပြီး သော့ခတ်ပိတ်လိုက်သည်။ သော့ခလောက်ကိုလည်း ပြပွဲပရိသတ်ကိုယ်စားလှယ်တော်များက စစ်ဆေး ကြည့်ရှုကြပြန်သည်။ အားလုံး ကျေနပ်သဘောကျသည်ဟုဆိုမှပင် ကတ္တီပါကားလိပ်တပ်ထားသော သံမဏိဘောင်ခွေနှင့် ဘို့င်လာအိုးကြီးကို အုပ်ထားလိုက်ပြီး တူရိယာဝိုင်းတော်သားများက သံစဉ်များကို ဆူဆူညံညံ တီးမှုတ်ကြတော့၏။ ပြပွဲလာပရိသတ်များမှာမူ ဇာတ်စင်ပေါ်မှ ဘို့င်လာအိုးကြီးအား ဖုံးအုပ်ထားသည့် ကတ္တီပါဘောင်ခွေများကို မျက်ခြည်မပြတ် ကြည့်နေကြသည်။

ပရိသတ်အချို့ကလည်း ဟူဒီနီသည် ဇာတ်ရုံအလယ်တွင် ရုတ်တရက်ပေါ်လာလေမည်လောဟု မျှော်နေကြ၏။ မီးမောင်းကြီးများကလည်း ဇာတ်စင်ပေါ်ရှိ ကတ္တီပါကားလိပ်တပ်ထားသော သံမဏိဘောင်ကို ထိုးထားသည်။ တစ်မိနစ်ပြီးတစ်မိနစ် ကြာလာသည်။ ယခု တူရိယာဝိုင်းက သံစဉ်သံဆန်းများ တစ်ပုဒ်ပြီးတစ်ပုဒ် တီးမှုတ်ဖျော်ဖြေနေရသော်လည်း ဟူဒီနီ က လွတ်မြောက်မလာ။ နာရီဝက်၊ လေးဆယ့်ငါးမိနစ်ရှိလာသည်။ ပရိသတ်အဖို့ စိုးရိမ်သောကဝင်လာသည်။ အပွဲပွဲနွှဲခဲ့သော လက်ထိတ်ကေရာဇ်၊ သံခြေချင်းကေရာဇ်သည် ဤပွဲတွင် အရှုံးပေးရပေတော့မည်လော။ အချို့ကလည်း ဟူဒီနီ၏ အသက်အန္တရာယ်အတွက် စိုးရိမ်သောကရောက်လာကြသည်။ ဘို့င်လာအိုးကြီးအတွင်း ဟူဒီနီ ဒုက္ခတွေ့နေခဲ့ပြီလော။

တစ်နာရီတိတိကြာမြင့်လာသောအခါ ဟူဒီနီသည် ကတ္တီပါကားလိပ်ကိုပင့်ပြီး ထွက်လာသည်။ တေးဂီတဝိုင်းကြီးက တေးသံစဉ်များကို

ရုတ်တရက် ရပ်ပစ်လိုက်သည်။

ဟူဒီနီ၏မျက်နှာနှင့် တစ်ကိုယ်လုံး ဘွိုင်လာအိုးထဲမှ ကျပ်ခိုးများ ပေကျံနေသည်။ ဆံပင်များမှာလည်း ဖရိုဖရဲဖြစ်နေသည်။ ပြဇာတ်ရုံ တစ်ရုံလုံး အပ်ကျသံကြားရလောက်အောင် ငြိမ်သက်နေရာမှ ထိတ်လန့် တကြားဖြစ်သွားသည်။ ပြပွဲလာအမျိုးသမီးများနှင့် ကလေးများ အော်ဟစ် ကုန်ကြသည်။ ဟူဒီနီ ဤကဲ့သို့ ဘွိုင်လာအိုးအတွင်းမှ လွတ်မြောက်လာ ပုံပြကွက်ကို ယခင် ပဉ္စလက်ဆရာများပြသဖူးခဲ့ခြင်းမရှိသဖြင့် လူထုအဖို့ တအံ့တသြဖြစ်ကြရသည်။ မီးဖုတ်ထားသဖြင့် ရဲရဲနီနေသော သံစို့ကြီးများ နှင့် ထိခိုက်ခြင်းမရှိအောင် ဟူဒီနီ ဘွိုင်လာအိုးကြီးအတွင်း မည်ကဲ့သို့နေ သနည်း။ ဤကဲ့သို့ ကြီးမားအံ့ဖွယ်ကောင်းသော မဟာလွတ်မြောက်မှုကို ဆောင်ရွက်ပြသနိုင်ခြင်းမှာ ဟူဒီနီသည် သာမန်လူသားဟုတ်ပါမည်လော သို့မဟုတ် သူသည် လောကီပညာရှင်တစ်ယောက် ဖြစ်သလော။ အံ့သြ ကုန်နိုင်ဖွယ်ဖြစ်ရတော့၏။

ဘိုစတုန်မြို့မှထုတ်ဝေသော ဘိုစတုန်ကမ္ဘာလုံးသတင်းစာကြီးကမူ ဟူဒီနီ ဘွိုင်လာကြီးအတွင်းမှ အံ့မခန်းလွတ်ထွက်လာပုံကို ဓာတ်ပုံ သာဓက ဝေဝေဆာဆာနှင့် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးခဲ့သည်။ သတင်းစာဖတ်ပရိသတ်နှင့် ပွဲကြည့်ပရိသတ်များအဖို့ အံ့သြပြီးရင်း အံ့သြ ကြရသည်။ သူ ဘယ်လို ဤကဲ့သို့ ရဲရဲနီအောင်ဖုတ်ထားသော တံစို့ကြီး များ၊ ခိုင်မာသော သံမဏိဘားတန်းကြီးများကို မည်ကဲ့သို့ ဖယ်၍ ထွက် လာသနည်း။ ဟူဒီနီသည် သံမဏိဘွိုင်လာအိုးကြီးကို မည်သူမဆို စစ်ဆေး ကြည့်ရှုနိုင်ရန် ဇာတ်ရုံကြီးအဝင်ဝတွင် ပြထားခဲ့သည် မဟုတ်လော။ ဤ ဘွိုင်လာအိုးအတွင်းမှ လွတ်ထွက်လာရပုံကို စဉ်းစားလေလေ စဉ်းစားရ ခက်လေဖြစ်လာရ၏။ ဟူဒီနီ ဤကဲ့သို့ လွတ်ထွက်လာခြင်းသည် သူ၏ ထူးခြားသောစွမ်းအင်ကြောင့် ဖြစ်တန်ရာသည်ဟု အများက တွက်ဆ သည်။

အမှန်အားဖြင့် ထိုပြကွက်မှာ ပွဲကြည့်ပရိသတ်အား ဟူဒီနီက ပဉ္စလက်ဆရာပီပီ လှည့်စားထားသော မဟာလွတ်မြောက်မှုပြကွက် ဖြစ် ၏။ ဇာတ်ရုံကြီးအဝင်ဝတွင် အများကြည့်ရှုလေ့လာနိုင်ရန် ဘွိုင်လာအိုး ကြီးကို ပြသထားစဉ် လူခြေတိတ်ချိန် ညတစ်ညတွင် ထိုဘွိုင်လာအိုးကြီး ကို ပညာသားပါပါ ပြောင်းလဲမှုများပြုလုပ်ထားသည်။ ဤဖြစ်ရပ်ဆန်းများ ကို နောင်အခါ ဟူဒီနီက ထုတ်ဖော် ရေးသားခဲ့၏။

ထိုညတွင် ဟူဒီနီသည် ယုံကြည်စိတ်ချရသော တပည့်များနှင့် အတူ ပြောင်းလဲမှုပြုလုပ်ထားတော့၏။ ဤကဲ့သို့ ပြောင်းလဲမှုများပြုလုပ် ထားခြင်းကို မည်သူမျှမသိကြ။ ဘွိုင်လာအိုးကြီးပေါ်တွင် ကြက်ခြေခတ် ပိတ်ထားသော အလွန်မာသည့် သံမဏိဘားတန်းကြီးများကို တစ်ပုံစံ တည်းလုပ်ထားသော ပျော့သော ခေါင်းပွသံမဏိဘားတန်းများနှင့် လဲထား

လိုက်သည်။ မူလသံမဏိဘားတန်းကြီးများကို ကတ္တီကားလိပ်တပ်ထားသော သံဘောင်ခွေအတွင်း၌ ဝှက်ထားသည့် အလွန် သေးငယ်သော သံဖြတ်လွှနှင့် ခေါင်းပွသံမဏိဘားတန်းကို လွှတိုက်သည်။ သို့ဖြစ်၍ တစ်နာရီနီးပါး အချိန်ကြာမြင့်ရခြင်း ဖြစ်၏။ သူ တဖြည်းဖြည်း လွှတိုက်သည့်အသံကို ပရိသတ်မကြားနိုင်ရန် သံစုံတီးဝိုင်းကြီးကို ဆူဆူညံညံ သံစဉ်များ တီးမှုတ်စေခဲ့ခြင်း ဖြစ်၏။

လွှဖြင့်တိုက်၍ ဖွင့်ထွက်နိုင်သည်နှင့် မူလသံမဏိဘားတန်းကြီးများကို မူလအတိုင်း အဖုံးပေါ် နေသားတကျ တင်ထားလိုက်သည်။ လွှဖြင့်တိုက်ထားသဖြင့် ကျိုးပဲ့နေသော သံမဏိခေါင်းပွဲဘားတန်းများကိုမူ ကတ္တီပါကားလိပ်တပ်ထားသည့် ဘောင်ခွေအတွင်းဝှက်ထားခဲ့ပြီးမှ ရွှေပွဲလာပရိသတ်ရှေ့တွင် ဟန်ပါပါထွက်ပြခြင်းသာ ဖြစ်၏။ သို့သော် ဤလျှို့ဝှက်ချက်များကို မသိကြသော ပရိသတ်များကမူ ဟူဒီနီ ဤကဲ့သို့ အခက်အခဲကြားမှ လွတ်မြောက်လာမှုသည် မဟာလွတ်မြောက်မှုကြီးဖြစ်လာရတော့၏။ ပွဲကြည့်ပရိသတ်အဖို့ ထိုပြကွက်သည် အလွန် ဆန်းကြယ်သည့် သဘာဝလွန်၊ လောကီလွန် ထူးခြားလွတ်မြောက်မှုသာ ဖြစ်သည်ဟု ယူဆကြ၏။ သေသေချာချာ ကျိုးကြောင်းဆင်ခြင်ကြည့်လေ ဆင်ခြင်၍ မရလေ ဖြစ်လာရပြီး ထိုပြကွက်ကို ဟူဒီနီပြနိုင်ခြင်းမှာ သဘာဝနည်း မဟုတ်နိုင်။ နာနာဘာဝအကူအညီနှင့်ကြောင့်သာ ဤမျှ အလွန်မာသော သံမဏိဘားတန်းကြီးများကို ဖွင့်ထွက်လာနိုင်သည်ဟု ပြောဆိုကြတော့၏။

စာနယ်ဇင်းသမားများကိုယ်တိုင် ယင်းပြကွက်ဆန်းကို တအံ့တသြဖြစ်ကုန်ကြပြီး သတင်းစာများ၊ ဂျာနယ်များတွင် 'ထူးထွေသည့် အံ့ရာသော်' ဟု ရေးသား ဖော်ပြခဲ့ကြသည်။ ဟူဒီနီအဖို့ ဤကဲ့သို့ ပြပွဲလာပရိသတ် တအံ့တသြဖြစ်ရမည်၊ ဖြစ်ပုံဆန်းကြယ်ပါပေသည်ဟု ပရိသတ်ပြောယူရမည့်ပြကွက်များကို ထာဝစဉ်ပြသနိုင်ရန် ကြံဆောင်နေရသည်။ ဇာတ်စင်ပြင်ပတွင်လည်း ဤကဲ့သို့ ပြကွက်များ ပြသနိုင်ရန် ထာဝစဉ် စီစဉ်နေရတော့၏။ သူ့အဖို့ ဤကဲ့သို့ ပြသနိုင်မှသာ ဟူဒီနီဆိုသူကား သာမန် ပဥ္စလက်ဆရာမဟုတ်။ မည်သည့်ပဥ္စလက်ဆရာမှ မပြုလုပ်နိုင်သော ပြကွက်တို့ကို ဇာတ်စင်ပေါ်နှင့် ပွဲခင်းအတွင်းသာမဟုတ် ဇာတ်စင်ပြင်ပ စိတ်ချယုံကြည်ရသော လူအများရှေ့တွင်ပင် သူ၏ ပဥ္စလက်ပညာအစွမ်းကို ပြသနိုင်သော အာဂပဥ္စလက်ဆရာဟု လူအများ သိစေလိုသည်။ သူ့ပဥ္စလက်ပညာသည် ယခင် ခေတ်ဟောင်းက ပဥ္စလက်ပညာရှင်များ တတ်မြောက်ထားသည့် ပဥ္စလက်ပညာမဟုတ်။ ပဥ္စလက်ပညာသစ် ဖြစ်သည်ဟု လူသိရှင်ကြား ဖြစ်စေလိုသည်။ သူ့ကို တုပနေသောသူများ မလုပ်ဝံ့သည့်နေရာများတွင် သူတို့မလုပ်နိုင်သောပြကွက်ကို လူထုမျက်မှောက်တွင် ပြသနိုင်ပေသည်ဟု ဟိုးဟိုးကျော်လာရတော့၏။

## (၉)

ဟူဒီနီတို့ ဇနီးမောင်နှံနှင့်အဖွဲ့သည် အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျားရှိ မြို့ကြီးများမှ ပြဇာတ်ရုံကြီးများတွင် လက်စွမ်းပြခဲ့ကြပြီး အင်္ဂလန်နိုင်ငံသို့ တစ်ကျော့ပြန်လာခဲ့ကြပြန်သည်။ အင်္ဂလန်နိုင်ငံမှထုတ်ဝေသော သတင်းစာကြီးများတွင် 'လူလော၊ နာနာဘာဝလော' ဟူသော စီးစီးပိုင်ပိုင်ရှိလှသည့် ခေါင်းစဉ်ဖြင့် ဟူဒီနီ အမေရိကန်ပြည်ထောင်စုတွင် ပြသခဲ့သော ပြပွဲစဉ်များအကြောင်းနှင့် ပြကွက်ဆန်းများအကြောင်း ချဲ့ထွင်ရေးသားခဲ့ကြသည်။

အင်္ဂလန်နိုင်ငံ ဘလက်ဘန်မြို့ကလေးတွင် သူ၏ မဟာလွတ်မြောက်မှုများပြကွက်ကို ပြသနေစဉ် ထိုမြို့ရှိ ကာယပညာနည်းပြကျောင်းမှ ကျောင်းအုပ်ဆရာကြီးဖြစ်သူ မစ္စတာဟော့(ဒ်)ဆင်ဆိုသူသည် သူအသင့်ယူလာသော လက်ထိတ်များ၊ သံခြေချင်းများ၊ သံကြိုးများကို ယူဆောင်လာခဲ့ပြီး ဇာတ်စင်ပေါ်သို့တက်လာ၍ ဟူဒီနီအား စိန်ခေါ်သည်။ ပထမတွင် ဟူဒီနီကမူ မစ္စတာဟော့(ဒ်)ဆင် ယူဆောင်လာသော လက်ထိတ်များ၊ ခြေချင်းများ၊ သံကြိုးများမှာ သူစစ်ဆေးကြည့်ရှုခြင်း မရှိသေးသဖြင့် စိန်ခေါ်မှုကို ယာယီအားဖြင့် လက်ခံရန် အခက်အခဲရှိသည်ဟု ဆိုသည်။ သို့သော် ပွဲကြည့်ပရိသတ်၏ ဆူဆူညံညံအားပေးသံကြောင့် မစ္စတာဟော့(ဒ်)ဆင် စိန်ခေါ်မှုကို ဟူဒီနီက လက်ခံလိုက်ရတော့သည်။ ထိုစိန်ခေါ်ပွဲမှာ ကျားနှင့်ဆင် စိန်ခေါ်သည့်ပွဲဟု ပရိသတ်က ယူဆသည်။ ဟူဒီနီကမူ ယင်းစိန်ခေါ်ပွဲကိုလည်း အေးအေးဆေးဆေးဖြင့် အနိုင်ယူနိုင်ခဲ့တော့၏။

ဟူဒီနီသည် အင်္ဂလန်နိုင်ငံ ကျေးလက်ဒေသများသို့ ပွဲလှည့်ပြသခဲ့သည်။ သူပြသသည့်ပြပွဲမှန်သမျှ အောင်မြင်သည်ဟု ဆိုနိုင်သည်။ ဗြိတိသျှကျေးလက်ဒေသလူထုသည် အင်္ဂလန်နိုင်ငံတွင် ပြသလျက်ရှိသော အခြား ပဥ္စလက်ဆရာများထက် ဟူဒီနီကို လေးစားကြသည်။ ဟူဒီနီ၏

ဇနီးဖြစ်သူ ဘက်(ခ်)မှာ ကျန်းမာရေးအခြေအနေအရ သားသမီးမရနိုင်။ ဟူဒီနီကမူ ကလေးအလွန်ချစ်သူ ဖြစ်သည်။ သူတို့ပြပွဲရောက်သည့် အင်္ဂလန်နိုင်ငံ ကျေးလက်ဒေသရှိ မိဘမဲ့ကျောင်းများ၊ မူလတန်းကျောင်းများသို့ သွားရောက်၍ ကလေးငယ်များ ပျော်ရွှင်ရေးအတွက် အထူး ပဉ္စလက်ပြပွဲများကို အခမဲ့ ပြသပေးလေ့ ရှိ၏။ အချို့ ရန်ပုံငွေချို့တဲ့သော မိဘမဲ့ကလေးကျောင်းများအား တတ်နိုင်သလောက် ရန်ပုံငွေလှူဒါန်းခဲ့သည်ဟု ဆိုသည်။ အီဒင်ဘရာမြို့ ဆင်ခြေဖုံးရှိ ဆင်းရဲချို့တဲ့သော မိဘမဲ့ကျောင်းသူကျောင်းသား (၃၀၀)ကျော်တို့အား ဖိနပ်အရန် (၃၀၀) ကျော် ဝယ်ယူလှူဒါန်းခဲ့၏။

၁၉၀၃ ခုနှစ်၊ ဇန်နဝါရီလတွင်မူ ဟူဒီနီတို့ပြပွဲသည် ဥရောပတိုက်သို့ ကူးလာခဲ့သည်။ သူကျော်ကြားဆဲဖြစ်ခဲ့သည့် ဂျာမနီနိုင်ငံရှိ မြို့များတွင် ပြသခဲ့ပြီး ဟော်လန်နိုင်ငံသို့ ကူးလာခဲ့သည်။ ရောက်သည့်နိုင်ငံရှိ ပြပွဲများတွင် လူအများ ကြိတ်ကြိတ်တိုး လာရောက် ကြည့်ရှု အားပေးခဲ့သည်။ ဟော်လန်နိုင်ငံမှထုတ်ဝေသော သတင်းစာကြီးများကလည်း လက်ထိတ်ကေရာဇ်ဟူဒီနီ၏ ပြကွက်သစ်များနှင့် မဟာလွတ်မြောက်မှုပြကွက်ဆန်းများကို သတင်းစာဖတ်ပရိသတ် စိတ်ဝင်စားလာရန် ရေးသားဖော်ပြပေးခဲ့၏။ အမာစတာဒမ်မြို့ ရမ်သရင်းဇာတ်ရုံကြီးတွင်မူ ဟူဒီနီသည် နာမည်ကျော်သီချင်းအဆိုတော် ဂျင်ဘတ်(ဒ်)နှင့်ပူးတွဲ၍ ဖြေဖျော်ပွဲများပြသခဲ့သည်။ ရက်သတ္တပတ်ပေါင်းများစွာ ပြသခဲ့ရသော်လည်း ပြပွဲလာပရိသတ်က ရုံလျှံအောင်အားပေးကြ၏။ ဟူဒီနီအဖို့ အောင်မြင်ခြင်းသရဖူဆောင်းသည့်နှစ်ဟု ဆိုနိုင်သည်။

ဂျာမနီနိုင်ငံမြို့ကြီးများတွင် ယခင်နှစ်က ဖျော်ဖြေခဲ့ဖူးသော ဇာတ်ရုံများတွင် ပြသဖျော်ဖြေခဲ့သည်။ ဟူဒီနီအား ဂျာမန်လူထုက ဆက်လက်အားပေးသည်။ ဂျာမနီနိုင်ငံသည် နာမည်ကျော် အစဉ်အလာရှိသော ပဉ္စလက်ဆရာများ မွေးထုတ်ပေးသည့်နိုင်ငံ ဖြစ်၏။ သို့ဖြစ်၍ ဟူဒီနီသည် သူပြသသည့်ပွဲစဉ်များတွင် ပွဲလာပရိသတ် ရိုးမသွားရန် အံ့မခန်း စွန့်စားခန်းများကို ယခင်ပြခဲ့သော ပြပွဲများနှင့်မတူအောင် တီထွင်ပြသခဲ့သဖြင့် ပွဲစဉ်များကို ထိန်းထားနိုင်သည်။

ဟူဒီနီသည် ဂျာမနီပွဲစဉ်များ ပြီးစီးပြီဖြစ်လျှင် နာမည်ကျော် ရုရှားနိုင်ငံသို့ ခြေဆန့်ရန် ပြင်ဆင်ထားသည်။ ထိုစဉ်က ရုရှားနိုင်ငံသည် ဥရောပတိုက်၌ ထူးခြားလျှို့ဝှက်သောရဲအဖွဲ့ ဩဇာကြီးမားသောနိုင်ငံဟု ဟိုးဟိုးကျော်နေသည်။ ရုရှားဇာဘုရင်၏ ရဲအဖွဲ့အား သူစိန်ခေါ်နိုင်ခဲ့လျှင် ဤကမ္ဘာပေါ်တွင် မည်သူမျှ မယှဉ်နိုင်၊ ပြိုင်ဘက်ကင်းသော ပဉ္စလက်ဆရာတစ်ဦး ဖြစ်လာမည်ဟူ၍လည်း သူက ယုံကြည်ထား၏။

ဇာဘုရင်၏ လျှို့ဝှက်ရဲအဖွဲ့ကို စိန်ခေါ်နိုင်ရန် အရည်အချင်းနှင့် ရဲစွမ်းသတ္တိလိုသည်ဟု ဟူဒီနီက ယူဆထား၏။ သို့ဖြစ်၍ ဇာဘုရင်ရဲအဖွဲ့

နှင့် ပတ်သက်သော အားနည်းချက်၊ အားသာချက်များကို အသေးစိတ် လေ့လာသည်။ သူ့ရည်မှန်းချက်မှာ ရဲအဖွဲ့ကို လွယ်လွယ်နှင့် စိန်ခေါ်နိုင်ခဲ့ပါက ဇာဘုရင်ရှေ့မှောက်တွင် သူ့ပဥ္စလက်ပညာကို ပြသနိုင်ရန် အခွင့်အလမ်းပေါ်လာမည်ဟု သေသေချာချာ တွက်ထားသည်။ သို့ဖြစ်၍ မော်စကို စိန့်ပီတာစဘတ် (ယခု လီနင်ဂရက်) ရှိ ပြပွဲကန်ထရိုက်တာများနှင့် ဆက်သွယ်ရန် ကြိုးစားသည်။ နစ်ဇနီနို(ဗ်)ဂိုရော(ဗ်)မြို့တွင် နှစ်စဉ်ကျင်းပသည့် ဈေးပွဲတော်ကြီးတွင်လည်း သူ့ပဥ္စလက်ပြပွဲ ပြသနိုင်ရန် အဆက်အသွယ်ရှာသည်။ ဂျာမနီနိုင်ငံမှ ကန်ထရိုက်တာများ၏ အဆက်အသွယ်ဖြင့် ဟူဒီနီ၏ဆန္ဒ ပြည့်လာခဲ့ရသည်။

သို့ဖြစ်၍ ဟူဒီနီသည် မော်စကိုမြို့တော်သို့ ထွက်ခွာလာခဲ့သည်။ ဂျာမနီနိုင်ငံမှ သတင်းစာများနှင့် ရုရှားနိုင်ငံမှ သတင်းစာများတွင် 'လက်ထိတ်ဘေရာဇ် ရုရှားနိုင်ငံမှ ကမ္ဘာကျော် လျှို့ဝှက်ရဲအဖွဲ့ကို စိန်ခေါ်ရန် ထွက်ခွာသွားသည်' ဟု မျက်နှာဖုံးများတွင် စာလုံးကြီးများနှင့် ရေးသားဖော်ပြခဲ့သည်။ ဇာဘုရင်၏ လျှို့ဝှက်ရဲအဖွဲ့အကြီးအကဲဖြစ်သူ လီဗီဒေ့(ဖ်)ကမူ ဟူဒီနီကို အထင်သေးသည်။ အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့၏ ရဲအဖွဲ့များနှင့် စိန်ခေါ်ပွဲများတွင် ဟူဒီနီ အနိုင်ရသည်ဆိုသည်မှာ လုပ်ဇာတ်များသာ ဖြစ်နိုင်သည်။ ဟူဒီနီသည် အထက်ဖော်ပြပါ နိုင်ငံများမှ ရဲအဖွဲ့ဝင်များ၊ စုံထောက်အဖွဲ့ဝင်များကို လျှို့ဝှက်စွာ ဆက်သွယ်ထားပြီး သော့တူများနှင့် အနှောင်အဖွဲ့မှ ရုတ်တရက် ထွက်ပြနိုင်ခြင်းသာ ဖြစ်မည်ဟု သေသေချာချာတွက်ထားသည်။ ဇာဘုရင် လျှို့ဝှက်ရဲအဖွဲ့၏ လက်ထိတ်နှင့် သံခြေချင်းများ အနှောင်အဖွဲ့မှ လွယ်လင့်တကူ ထွက်ပြနိုင်သော်လည်း ရုရှားဘာသာအားဖြင့် ကရက်ခေါ် နာမည်ကျော်အကျဉ်းသမားများအား ဆိုက်ဗေရီးယားသို့ပို့ရာတွင် အသုံးပြုသော ရဲသံချပ်ကာမြင်းဆွဲရထားမှာမူ ဟူဒီနီ မည်သည့်နည်းနှင့်မျှ လွတ်မထွက်နိုင်ဟု တွက်ဆထားသည်။

သို့ဖြစ်၍ လီဗီဒေ့(ဖ်)သည် စိန်ခေါ်သူ ပဥ္စလက်ဆရာ ဟူဒီနီအား မော်စကိုမြို့ နာမည်ကျော် ဘူတာဝကီယ အကျဉ်းထောင်သို့ ဖိတ်ခေါ်သည်။ မော်စကိုစာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များ၊ နိုင်ငံခြားသတင်းစာကြီးများမှ သတင်းထောက်များ၊ နိုင်ငံခြားသတင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားသင့်သော ပုဂ္ဂိုလ်များအား အထက်ဖော်ပြပါ အကျဉ်းထောင်ရုံးခန်းသို့ ဖိတ်ခေါ်သည်။ ဧည့်သည်တော်များစုံသည်နှင့် ဇာဘုရင် လျှို့ဝှက်ရဲအဖွဲ့ အကြီးအကဲဖြစ်သူ လီဗီဒေ့(ဖ်)က -

"ကဲ- မစ္စတာဟူဒီနီ၊ အားတော့နာပါတယ်။ လက်ထိတ်နဲ့ခြေချင်းတွေလောက်တော့ ခင်ဗျား လွတ်မြောက်အောင် လုပ်နိုင်ကောင်းလုပ်နိုင်ပေလိမ့်မယ်။ သို့သော် ယခု ရုံးခန်းရှေ့မှာရပ်ထားတဲ့ သံမဏိသံချပ်ကာ တရားခံပို့ မြင်းဆွဲရထားအချုပ်ခန်းကတော့ ခင်ဗျားမဟုတ်ဘူး၊

သိကြားမင်းတောင်လွတ်မှာမဟုတ်ဘူးတော့ အဲ့ရှုံးပေးပြီလို့သာ ကြေညာရင် ကောင်းမယ်ဗျာ။ ကျွန်တော်တို့က ခင်ဗျားလို နာမည်ကျော် ပဥ္စလက်ဆရာတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ကျမသွားစေချင်လိုပါ"

ဟု မျက်နှာထားတင်းတင်းနှင့် ပြောလိုက်တော့သည်။

ဟူဒီနီကလည်း မျက်နှာထားတည်တည်နှင့် သူ့စိန်ခေါ်ပွဲများတွင် မည်သည့်အခါမှ အရှုံးပေးရသည်ဆိုသည်မှာ မရှိပါကြောင်း၊ သို့ဖြစ်၍ စိန်ခေါ်ပွဲကို ကြိုတင် ညှိနှိုင်းထားသည့်အတိုင်း ဆက်လက် ဆောင်ရွက်ပါမည်ဟု ပြောကြားလိုက်သည်နှင့် ဇာဘုရင်လျှို့ဝှက်ရဲအဖွဲ့ အကြီးအကဲ လီဗီဒေ့ါ(ဖ်)သည် သူ့တပည့်များကို အချက်ပြလိုက်တော့၏။ ထို့နောက် လီဗီဒေ့ါ(ဖ်)သည် -

"ဟူဒီနီ၊ ခင်ဗျားလက်ကို ခတ်ထားမယ့် လက်ထိတ်သော့ကဝော့ ကျွန်တော့်မှာ မရှိဘူး။ ဆိုက်ဗေးရီးယားက အကျဉ်းထောင်မှူးထံမှာပဲ ရှိတယ်။ ခင်ဗျား ဖွင့်မရရင် ဆိုက်ဗေးရီးယားသွားပြီး ထောင်မှူးထံမှာ တောင်းယူမှပဲရမယ်။ ခင်ဗျားကံပေါ့ဗျာ။ ခင်ဗျားကစပြီး စိန်ခေါ်ခဲ့တာ နော်"

ဟု ဆက်ပြောလိုက်သည်နှင့် အားကောင်းမောင်းသန် လူထွားရုရှားအမျိုးသား ရဲသားလေးဦးသည် ဟူဒီနီရှိရာသို့ လျှောက်လာသည်။

လီဗီဒေ့ါ(ဖ်)ကမူ ဟူဒီနီအား ချုပ်နှောင်မည့် သံမဏိသံချပ်ကာ မြင်းရထားရှိရာမှ အကျဉ်းထောင်ရုံးခန်းသို့ လျှောက်လာခဲ့သည်။ ဖိတ်ကြားထားသော ဧည့်သည်များနှင့် သတင်းစာဆရာများကမူ ဟူဒီနီ အတွက် စိတ်မကောင်းဖြစ်နေသည်။ ရုရှားရဲအဖွဲ့ကမူ ဟူဒီနီသည် ဂျူး အမျိုးသားတစ်ဦး ဖြစ်သည်။ ရုရှားနိုင်ငံတွင် ဂျူးအမျိုးသားအများအား နေရာမပေးလို။ ဂျူးအမျိုးသားအများသည် အစဉ်အလာအားဖြင့် လူလူချင်း ခေါင်းပုံဖြတ်လိုသူများသာ ဖြစ်သည်။ ပဥ္စလက်ဆရာ ဂျူးအမျိုးသား ဟူဒီနီ ဂျာမနီနိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့တွင် ဟိုးဟိုးကျော်ရခြင်းမှာ ဂျူးလူမျိုးတို့သဘာဝအတိုင်း လိမ်လည်လှည့်ဖြားခြင်းဖြင့် ကျော်ကြားရခြင်းသာ ဖြစ်ရမည်ဟု ဇာဘုရင်ရဲအဖွဲ့ အကြီးအကဲဖြစ်သူက ယူဆထားခြင်းလည်း ဖြစ်ဟန်ရှိသည်။ သူ့မျက်နှာပေါ်တွင် အောင်နိုင်သူတစ်ယောက်၏အပြုံးမျိုး တွေ့နေရ၏။ သတင်းစာဆရာအချို့နှင့် ဖိတ်ကြား၍ တက်ရောက်သူအချို့တို့မှာလည်း ပြုံးနေကြ၏။

ငရဲသားများသဖွယ် ခက်ထန်မာကျောသော လျှို့ဝှက်ရဲသားလေးယောက်သည် ဟူဒီနီအား အကျဉ်းထောင်မှူး၏ ရုံးခန်းအတွင်းရှိ စားပွဲကြီးပေါ်တွင် ပက်လက်အိပ်စေပြီး အဝတ်အစားများကို ချွတ်ပစ်လိုက်ကြသည်။ လျှို့ဝှက်စုံထောက်အရာရှိကမူ ဟူဒီနီ၏ ပါးစပ်၊ နား၊ နှာခေါင်း၊ ဆံပင်ပါမကျန် သေသေချာချာ နှိုက်နှိုက်ချွတ်ချွတ်ရှာတော့သည်။ သူတို့ကမူ ဟူဒီနီသည် လက်ထိတ်များ၊ သံခြေချင်းများမှ လွတ်မြောက်လာနိုင်

ခြင်းသည် သော့တူ သို့မဟုတ် သံဖြတ်လွှအား သူ့ခန္ဓာကိုယ်တွင်း လျှို့ဝှက်ထားခြင်း ဖြစ်သည်ဟု ယူဆထားသည့်အတိုင်း ရှာဖွေခြင်းသာ ဖြစ်သည်။

ရှုရှားလျှို့ဝှက်ရဲအဖွဲ့ဝင်များသည် စေ့စပ် သေချာလွန်းသည်။ ဟူဒီနီ၏ ခန္ဓာကိုယ်တစ်ကိုယ်လုံး မည်သည့်နေရာမှမကျန်အောင် ရှာဖွေခဲ့သည်။ ဟူဒီနီသည် ဂျာမနီနိုင်ငံမှ ရဲနှင့် စုံထောက်များ၊ အင်္ဂလန်နိုင်ငံ စကော့တလန်ယာဒ်စုံထောက်အဖွဲ့မှ စုံထောက်နှင့်ရဲများ၊ အမေရိကန်ပြည်ထောင်စု ရဲအဖွဲ့မှ စုံထောက်များနှင့် ကြိမ်ဖန်များစွာ စိန်ခေါ်ပွဲပြုလုပ်ခဲ့ဖူးသည်။ သို့သော် ဇာဘုရင်လျှို့ဝှက်စုံထောက်နှင့် ရဲများကဲ့သို့ ကြမ်းကြမ်းတမ်းတမ်း စေ့စေ့စပ်စပ်ရှာဖွေခြင်းမျိုး တစ်ကြိမ်တစ်ခါမျှ ရှာဖွေခြင်း မခံခဲ့ရပေ။

လျှို့ဝှက်စုံထောက်အဖွဲ့မှ ရဲသားလေးယောက်တို့သည် ဟူဒီနီ၏ လက်များကို နောက်ပြန် လက်ထိတ်ခတ်ကြတော့သည်။ ခြေထောက်များကိုလည်း သံခြေချင်း အထပ်ထပ် ခတ်ကြပြန်သည်။ သည့်နောက် လက်ထိတ်တစ်ခုနှင့်တစ်ခုဆက်၍ ခတ်ကြပြန်သည်။ ထို့နောက် အထူးအကျဉ်းသားများကို ဆိုက်ဗေးရီးယားပို့သည့် သံမဏိမြင်းလှည်းရထားရှိရာသို့ ခေါ်သွားကြသည်။ စုံထောက်နှင့် ရဲတို့ကမူ အောင်နိုင်မည့်အပြုံးများဖြင့် ကြည့်နေကြသော်လည်း ဖိတ်ကြားထားသောဧည့်သည်များနှင့် စာနယ်ဇင်းသမားများကမူ စိတ်မကောင်းကြီးစွာဖြင့် ဟူဒီနီအား ကြည့်နေကြ၏။

ရဲနှင့်စုံထောက်တို့သည် သံမဏိသံချပ်ကာ ရထားအခန်းကိုလည်း သေသေချာချာ စေ့စေ့စပ်စပ်ရှာဖွေပြီး စိတ်ချရသည်ဟုယူဆမှ ဟူဒီနီအား သံချပ်ကာရထားအတွင်းဝင်စေပြီး အပြင်မှ တံခါးကို သော့ခတ်လိုက်တော့၏။ (၈)မိနစ်ခန့်ကြာသောအခါ သံချပ်ကာရထားအတွင်းမှ လက်ထိတ်များ၊ ခြေချင်းများ၊ သံကြိုးများအား ချွတ်ပုံသည့်အသံထွက်လာသည်။ ဇာဘုရင်၏ လျှို့ဝှက်ရဲအဖွဲ့ အကြီးအကဲဖြစ်သူ လီဗီဒေ့(ဖ်)၏ မျက်နှာမှာ အပြုံးရပ်သွားသည်။ သံချပ်ကာရထားအတွင်းမှ ကြမ်းပြင်ပေါ်သို့ လက်ထိတ်များကျသွားသောအသံကို သေသေချာချာ နားစိုက်ထောင်သည်။ ဟုတ်မှဟုတ်ပါ့မလားဟု ထင်ဟန်ရှိ၏။ နောက်ထပ် လေးမိနစ်ခန့်ကြာသည်နှင့် သံမဏိသံချပ်ရထားခန်းမှ ကိုယ်တုံးလုံးနှင့် ဟူဒီနီ ထွက်လာသည် တွေ့လိုက်ရတော့သည်။

လီဗီဒေ့(ဖ်)အဖို့ ကြက်သေသေသွားသည်။ ဟုတ်မှဟုတ်ပါ့မလားဟူ၍လည်း ထင်သည်။ သူ့အာရုံလွဲမှားမှုလော မဟုတ်ပါ။ ဟူဒီနီကား သူနှင့် ဧည့်သည်များရှေ့တွင် ရပ်လျက်တွေ့ရတော့သည်။ ဘယ်နည်းမှ မလွတ်နိုင်ဟု တွက်ဆထားသော ဟူဒီနီကား ဇာဘုရင်၏ လျှို့ဝှက်စုံထောက်အဖွဲ့နှင့် ရဲတို့၏ အာမခံလက်ထိတ်များ၊ သံခြေချင်းများ၏ အနှောင်အဖွဲ့သာမက သံမဏိသံချပ်ကာမြင်းရထား၏ အာမခံအလုံခန်း

မှ လွတ်မြောက်လာခဲ့လေပြီ။ သူ မည်ကဲ့သို့ လွတ်လာသနည်း။ သဘာဝ နည်းဖြင့် မည်သည့်နည်းမှ မလွတ်နိုင်။ တမလွန်လောကမှ ပရလောက သားတို့ အကူအညီနှင့်သာ လွတ်နိုင်မည်ဟု ယူဆရတော့၏။

ရုရှားနိုင်ငံ၏ ထိတ်ထိတ်ကြဲ လျှို့ဝှက်စုံထောက်အဖွဲ့ အကြီးအကဲ လီဗီဒေ့(ဖ်) ရှုံးနိမ့်ခဲ့ရလေပြီ။ ဟူဒီနီ၏စိန်ခေါ်မှုကား အောင်မြင်ပေါက် ရောက်သွားခဲ့လေပြီ။ သို့သော် ဟူဒီနီ၏ စိန်ခေါ်ပွဲ အောင်မြင်သွားပြီ ဖြစ်ကြောင်း ထောက်ခံစာရေးပေးရန်ကိုမူ လီဗီဒေ့(ဖ်)က ငြင်းဆန်သည်။ သို့သော် လျှို့ဝှက်စုံထောက်အဖွဲ့နှင့် ရဲအဖွဲ့တို့သည် ဟူဒီနီ၏ စိန်ခေါ်ပွဲကို အရှုံးပေးခဲ့ရပြီ ဟူသော သတင်းသည် မော်စကိုမြို့တော်တစ်ခွင် တောမီး ပမာ ပျံ့နှံ့သွားတော့၏။ ရုရှားနိုင်ငံမှထုတ်ဝေသော သတင်းစာကြီးများတွင် ဇာဘုရင်၏ လျှို့ဝှက်ရဲအဖွဲ့နှင့် ပဉ္စလက်ဆရာ ဟူဒီနီတို့ စိန်ခေါ်ပွဲအ ကြောင်းအား မျက်နှာဖုံးသတင်းတွင် ဓာတ်ပုံများနှင့်တကွ ဝေဝေဆာဆာ ဖော်ပြထားခဲ့သည်။

ဟူဒီနီနောက်သို့ ပြပွဲကန်ထရိုက်များ စုပြုံလိုက်လာခဲ့တော့၏။ မော်စကို စိန့်ပီတာစဘတ် (ယခု လီနင်ဂရဈ်) မြို့များရှိ ထိပ်တန်း ဇာတ်ရုံကြီးများတွင် ဇာဘုရင်၏ ရဲအဖွဲ့အား စိန်ခေါ်ခဲ့သော လက်ထိတ် ကေရာင်ဟူဒီနီ ဟူသော ပိုစတာကြီးများနှင့် ကြော်ငြာသည်။ ဇာတ်ရုံတိုင်း သူ၏ မဟာလွတ်မြောက်မှုပြကွက်များကို လူတိုင်း သဘောကျသည်။ စိန့်ပီတာစဘတ်တွင်မူ သူ၏ ဇာဘုရင်ရဲအဖွဲ့၏ အနှောင်အဖွဲ့မှ မိနစ်ပိုင်း အတွင်း လွတ်မြောက်လာပုံကို ပွဲကြည့်ပရိသတ်က မေးမြန်းကြသည်။ ဟူဒီနီကလည်း ပွဲကြည့်ပရိသတ်ကို စိန်ခေါ်သည်။ ဤစိန်ခေါ်ပွဲတွင် လည်း ဟူဒီနီက အေးအေးဆေးဆေးဖြင့် အနိုင်ယူနိုင်ခဲ့သဖြင့် ဟူဒီနီမှာ ရုရှားတစ်နိုင်ငံလုံး ဟိုးဟိုးကျော်ခဲ့ရ၏။ ဇူလိုင်နှင့် ဩဂုတ်လများတွင် ဟူဒီနီအဖို့ အားရပ်မရ။ ပွဲတိုင်း ပရိသတ်က ရုံပြည့်လျှံအောင် အားပေးခဲ့ ကြသည်။ ရုရှားတွင် ရက်သတ္တပတ်ပြီးတစ်ပတ် အောင်ပွဲခံနေရသော် လည်း ဟူဒီနီက ဘဝင်မကျနိုင်။ သူ့အား မည်သည့်နေ့တွင် ဇာဘုရင် ရှေ့မှောက်သို့ ဝင်ရောက်၍ ဖြေဖျော်ခွင့်ရမည်နည်းဟု မျှော်လင့်နေမိ သည်။ ရုရှားစစ်ဘက်နှင့်နယ်ဘက်အရာရှိကြီးများ၊ ဇာဘုရင်၏ ဆွေတော် မျိုးတော်များကမူ သူ့ပြပွဲများအား လာရောက် အားပေးခဲ့ကြပြီ ဖြစ်၏။

ဩဂုတ်လ နောက်ဆုံးပတ်တစ်ရက်တွင်မူ ဇာဘုရင့်ညီတော် မင်း သားကြီးဆာဂျီထံမှ လူယုံတော်များ ဟူဒီနီအား လာရောက် တွေ့ဆုံသည်။ ဇာဘုရင့်ညီတော် မင်းသားကြီးဆာဂျီကမူ ဟူဒီနီအား ဇာဘုရင့်မိသားစု ရှေ့မှောက်တွင် သူ၏ ထူးဆန်းသော မဟာလွတ်မြောက်မှုကြီးများ အပါ အဝင် ပဉ္စလက်ပြကွက်များကိုပြသရန် စီစဉ်စေသည်။

သတ်မှတ်ချိန်းဆိုထားသောနေ့တွင် ဟူဒီနီနှင့် အဖွဲ့သည် မော်စ ကိုမြို့တော် ကရင်မလင် ရဲတိုက်ကြီး၏ ခန်းမဆောင်ကြီးတွင် ဇာဘုရင်နှင့်

တော်ဝင်မိသားစုများ၊ မှန်နန်းအပျိုတော်ကြီးများ၊ ဇာဘုရင်၏ ဝန်ကြီးများ ပါ တက်ရောက်ခဲ့ကြသည်။

ဟူဒီနီ၏ ထူးဆန်းသော လွတ်မြောက်မှုပြကွက်များ ပြသပြီးသည်နှင့် ဇာဘုရင်၏ညီတော် မင်းသားကြီးဆာဂျီက အစီအစဉ်သစ်တစ်ခု ပြုလုပ်ခဲ့သည်။ ပြပွဲသို့ တက်ရောက်သူအားလုံးက မိမိတို့ကြည့်လိုသော ပြကွက်ကို ပြသနိုင်ရန် ဆန္ဒပြုခဲ့ကြသည်ဟု ဆိုသည်။ ဇာဘုရင်ကြီးကမူ ကရင်မလင်နန်းမဆောင်မှ မြင်နေရသော ကမ္ဘာတွင် အကြီးဆုံးဟု ဟိုးဟိုးကျော်နေသည့် ခေါင်းလောင်းကြီး အသံမြည်လာရန် ဟူဒီနီက သူ့ပညာစွမ်းဖြင့် ပြသရမည်ဟု ဆန္ဒပြု၏။ ပြပွဲတက်ရောက် အားပေးချီးမြှင့်သော ဇာဘုရင်ဆွေတော်မျိုးတော်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မှန်နန်းအပျိုတော်ကြီးများမှာ ဇာဘုရင်၏ဆန္ဒပြုမှုကို တွေ့ကြရသောအခါ တအံ့တသြဖြစ်သွားကြတော့သည်။

အဘယ်ကြောင့်ဆိုသော် ဤမဟာခေါင်းလောင်းကြီး အသံမမြည်တော့သည်မှာ နှစ်ပေါင်း (၁၀၀) ကျော်ခဲ့ပြီ ဖြစ်သောကြောင့် ဖြစ်သည်။ ဇာဘုရင်သည် လူသားတစ်ယောက် မပြုလုပ်နိုင်သော တာဝန်တစ်ခုအား ဟူဒီနီကိုပေးသည်ဟု ယူဆကြသည်။

ဇာဘုရင်ကြီးကမူ ဟူဒီနီသည် မည်သည့်နည်းဖြင့်မျှ လွတ်စရာလမ်းမရှိဟု ယူဆရဖွယ်ဖြစ်သော လက်ထိတ်များ၊ သံခြေချင်းများ၊ သံမဏိသံချပ်ကာရထားနှင့် အာမခံသော့များမှ မိနစ်ပိုင်းအတွင်း လွတ်မြောက်အောင် စွမ်းဆောင်နိုင်စွမ်းရှိသူ ဖြစ်သည်။ ဤကဲ့သို့ သာမန်လူသားတစ်ဦး လွတ်နိုင်စရာမရှိနိုင်သော အနှောင်အဖွဲ့မှ လွတ်မြောက်အောင် စွမ်းဆောင်ခြင်းသည် ပရလောကသား နာနာဘာဝများ၏ အကူအညီနှင့်သာ လွတ်နိုင်ရမည်။ သို့ဖြစ်၍ ယခု မဟာခေါင်းလောင်းကြီးကဲ့သို့ နှစ်ပေါင်း (၁၀၀) ကျော် အသံမမြည်ခဲ့ရသော ခေါင်းလောင်းကြီးအား အသံမြည်စေရန် ပြုလုပ်နိုင်စွမ်း ရှိရမည်။

ဟူဒီနီသည် ပရလောကသားတို့အား စေစားနိုင်သူဖြစ်ပါက ဤကဲ့သို့ အံ့ဖွယ်ဖြစ်ရပ်ကို ပြုလုပ်ပြသနိုင်ရမည်ဟု ဇာဘုရင်က ယူဆထားသည်။ ဟူဒီနီကမူ ဇာဘုရင်၏ဆန္ဒထူးကို သိရသည်နှင့် ဇာဘုရင်ကြီး၏ ဆန္ဒအတိုင်း ဖြစ်ရပါမည်ဟု ပြောဆိုလိုက်သဖြင့် ဆွေတော်မျိုးတော်များ၊ စစ်ဘက်နယ်ဘက်မှ အရာရှိများနှင့် ဇာဘုရင်၏သမီးတော်များမှာ တအံ့တသြဖြစ်သွားသည်။ ကရင်မလင် အထူးဧည့်ခန်းဆောင်အတွင်းရှိ မင်းပရိသတ်အပေါင်းတို့မှာ ထူးထူးခြားခြား ငြိမ်သက်သွားသည်။

ထိုအချိန်တွင် ကရင်မလင်နန်းတော်ကြီးပြင်ဘက်တွင် မြူနှင်းများရစ်ဆိုင်းလျက် လုံခြုံရေးများကိုလည်း တင်းတင်းကျပ်ကျပ်ချထားသည်။ ကရင်မလင်နန်းမဆောင်ကြီး၏ ခေါင်းလောင်းထားသော စင်ဘက်တွင်လည်း လူတစ်ဦးတစ်ယောက်မှမရှိ။ ဟူဒီနီသည် ခေါင်းလောင်းစင်

ရှိရာသို့ စူးစိုက်ကြည့်လိုက်ပြီး သူ့စိတ်ဖြင့် အမိန့်ပေးသည်။ တစ်မိနစ်၊ နှစ်မိနစ်ခန့်ကြာလာသော်လည်း ခေါင်းလောင်းသံက ထွက်ပေါ်လာခြင်း မရှိ။ ဆွေတော်မျိုးတော်များနှင့် ဧည့်ပရိသတ်တို့မှာ ဟူဒီနီ ရှုံးနိမ့်သွားလေပြီဟု ယူဆထားသည်။ သို့သော် သုံးမိနစ်ပြည့်မြောက်လာသည်နှင့် နန်းမဆောင်ရှိ ခေါင်းလောင်းကြီးထားသောစင်ထက်မှ စူးရှသောခေါင်းလောင်းသံတစ်ချက် ထွက်လာခဲ့သည်နှင့် ဇာဘုရင်ကြီးမှာ ကြက်သေသေသွားတော့၏။

ပထမတွင် ဇာဘုရင်ကြီးကမူ ဟုတ်မှဟုတ်ပါ့မလား။ သူ နားကြားအာရုံလွဲမှားသည်ဟု ထင်မိ၏။ ဟူဒီနီ၏ ပဥ္စလက်ပညာ သရုပ်ပြပွဲသို့ တက်ရောက်သူအားလုံးကလည်း အံ့အားသင့်သွားသည်။ ဇာဘုရင်ကြီး၏သမီးတော် အော်လဂါနှင့် သမီးတော် အင်နာစတာရှာတို့မှာလည်း တအံ့တသြဖြစ်သွားသည်။ ကရင်မလင်ခန်းမဆောင်မှ ကိုက်ပေါင်းများစွာကွာဝေးသော ခေါင်းလောင်းကြီးအား အသံမြည်လာအောင် ဟူဒီနီ မည်ကဲ့သို့ ပြုလုပ်ခဲ့သနည်း။ ဟူဒီနီတွင် စေတစ်လုံးပိုင်သော စွမ်းအင်ရှိခဲ့ပြီလော။ နှစ်ပေါင်း (၁၀၀) ကျော် အသံမမြည်ခဲ့ရသော ခေါင်းလောင်းကြီးအား မည်သည့်နည်းဖြင့် အသံထွက်လာအောင် ဆောင်ရွက်ခဲ့သနည်း။ လောကီလွန်စွမ်းအင်ကြောင့်ပေလော။ ဟူဒီနီနှင့် ဇနီးဖြစ်သူ ဘက်(ခ်)တို့သည် တမလွန်လောကမှ ပရလောကသားတို့အား စေခိုင်းနိုင်သော တန်ခိုးအာဏာရရှိနေပြီလော။

ဟူဒီနီ၏ ပဥ္စလက်ပြပွဲသို့ တက်ရောက် ကြည့်ရှုသူများအားလုံးအဖို့ ဟူဒီနီ၏ ပဥ္စလက်ပြကွက်များသည် အံ့စရာသဘာဝလွန်ပြကွက်များဖြစ်သည်ဟု ယူဆထားကြသည်။ ဇာဘုရင်၏ညီတော် မင်းသားကြီးဆာဂျီကမူ ဟူဒီနီ၏ ထူးခြားသောစွမ်းအင်ကို လေးစားသည်။ ဟူဒီနီတို့ ဇနီးမောင်နှံတို့၏ ရုပ်ပြောင်းနာမ်ပြောင်း အံ့ဖွယ်ကောင်း ဟူသော ပြကွက်ဆန်းကိုမူ ဇာဘုရင်ကြီး၏မိသားစုနှင့် ဆွေတော်မျိုးတော်များအားလုံးက တအံ့တသြဖြစ်ကြ၏။ သူ၏ လက်ထိတ်နှင့် သံခြေချင်းအနှောင်အဖွဲ့များမှ လွတ်မြောက်မှုပြကွက်ထက် ရုပ်ပြောင်းနာမ်ပြောင်းမှုပြကွက်ကို ချီးမွမ်းကြသည်။ ယင်းပြကွက်တွင် ဟူဒီနီ၏ ချစ်ဇနီးဖြစ်သူ ဘက်(ခ်)က ဟန်ပါပါ မှင်မောင်းကောင်းကောင်းနှင့် -

"ဇာဘုရင်ကိုယ်တော်ကြီးနှင့် ရွှေပွဲလာမင်းပရိသတ်တို့ရှင့်၊ ကျွန်မလက်ခုပ်သုံးခါတီးလိုက်တာနဲ့ တစ်ပြိုင်နက် ထူးခြားဆန်းကြယ်သည့် အံ့ဖွယ်ကို ရှုစားကြပါရှင်"

ပြောလိုက်ပြီး ကတ္တီပါကားလိပ်ကာဖုံးထားသော သံပိုက်ဘောင်ခွေထဲသို့ ပြေးဝင်လိုက်သည်နှင့် ဟူဒီနီသည် ဘောင်ခွေထဲမှ ကားလိပ်ကို ပင့်ပြီးထွက်လာသည်။ သူ့ဇနီးဘက်(ခ်)ကား ပျောက်ခြင်းမလှပျောက်သွားခဲ့လေပြီ။ ကားလိပ်ချထားသောနေရာတွင် ကြီးမားသော သေတ္တာကြီး

တစ်လုံးအား ကြိုးများချည်ထားပြီး ကြီးမားသောအာမခံသော့ခလောက်ကြီး တစ်လုံး ခတ်ထားသည်။ သေတ္တာကြီးအတွင်းမှ ဟူဒီနီထွက်လာသည့် အချိန်နှင့် ဘက်(ခ်)ပျောက်သွားသည့်အချိန်သည် စက္ကန့်ပိုင်းမျှသာ ကြာမြင့်သည်။

ပွဲကြည့်ပရိသတ်အနေဖြင့် မင်းသားကြီးဆာဂျီကိုယ်တိုင် ဟူဒီနီအား လက်ပြန်ကြိုးတုပ်၊ အိတ်ကြီးတစ်အိတ်အတွင်းသွင်း၊ တစ်ဖန် သေတ္တာကြီးထဲသို့ ယင်းအိတ်ကိုထည့်ပြီး သေတ္တာကို သော့ခတ်ပိတ်၊ ကြိုးများနှင့် ချည်နှောင်သည်ကို စောင့်ကြည့်ပြီး စက္ကန့်ပိုင်းအတွင်း ဟူဒီနီက ထွက်လာပြီး သေတ္တာကြီးကိုဖွင့်လိုက်သည်နှင့် ရုတ်ခြည်းပျောက်သွားသော ဘက်(ခ်)က ဟူဒီနီအစား သေတ္တာအတွင်းရောက်နေသည်မှာ အံ့ဖွယ်သရဲဖြစ်ရတော့၏။

ဤပြကွက်ကို ဇာဘုရင်ကြီးနှင့် မိသားစုက အထူး နှစ်ခြိုက်ကြသည်။ မှန်နန်းအပျိုတော်ကြီးများနှင့် ဇာဘုရင်ကြီး၏ ဝန်ကြီးများက လက်ဖျားခါ စုတ်သတ်ကုန်ကြသည်။ ဤကဲ့သို့ ရင်သပ်ရှုမောဖွယ် ပြကွက်ကို အနီးကပ်ကြီးကြပ်ရသူ မင်းသားကြီးဆာဂျီမှာ ဟူဒီနီသည် ဒဏ္ဍာရီပုံပြင်များထဲက မှော်ဆရာတစ်ဦးပေလောဟု ထင်မှတ်သည်။ ဟူဒီနီအား လေးစားသည်။ ဟူဒီနီတွင် ထူးခြားသော စွမ်းအင်ရှိသည်ဟူ၍လည်း ယူဆထားခဲ့သည်။

ပဥ္စလက်ပညာ သရုပ်ပြပွဲပြီးသည်မှစ၍ မင်းသားကြီးဆာဂျီနှင့် ဟူဒီနီတို့မှာ ထူးထူးခြားခြား ခင်မင်ရင်းနှီးသူများ ဖြစ်လာသည်။

ဇာဘုရင်ကြီးမှာ ဂမ္ဘီရပညာများကို လေးစားယုံကြည်သူတစ်ဦးလည်းဖြစ်သဖြင့် ပဥ္စလက်ဆရာ ဟူဒီနီသည် သာမန် ပဥ္စလက်ဆရာတစ်ယောက် မဟုတ်။ ဂမ္ဘီရပညာရှင်တစ်ဦး သို့မဟုတ် ထူးခြားသော မနောစွမ်းအင်ရရှိထားသူတစ်ဦးဟူ၍ ယူဆထားသည်။ ဟူဒီနီအား ဆုတော်ငွေအမြောက်အမြား ချီးမြှင့်ခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့၏။

မင်းသားကြီးဆာဂျီကမူ မော်စကိုပြဇာတ်ရုံများတွင် တင်ဆက်သော ဟူဒီနီ၏ ပဥ္စလက်ပြပွဲများသို့ တက်ရောက် ကြည့်ရှုခဲ့သည်သာမက ဟူဒီနီတို့ဇနီးမောင်နှံအား သူ့စံအိမ်တော်သို့ဖိတ်ခေါ်၍ မနောစွမ်းအင်ပြပွဲ ပြသစေခဲ့သည်။ မင်းသားကြီးဆာဂျီကမူ ဟူဒီနီ၌ ထူးခြားသော မနောစွမ်းအင် ရှိသည်။ လူတစ်ယောက်၏စိတ်တွင် စဉ်းစားနေသည်ကို သိရှိနိုင်သော ထူးခြားသည့် စိတ်စွမ်းအင်ပိုင်ဆိုင်ထားသည်ဟု ယူဆထား၏။ သို့ဖြစ်၍ သူ့မိတ်ဆွေများအားဖိတ်ကြားပြီး မိမိတို့ဆန္ဒရှိသလို စာရွက်များတွင် ရေးသားထားစေသည်။ စာရွက်များကို လိပ်ထားစေပြီး ဟူဒီနီနှင့် ဘက်(ခ်)တို့ အား လက်ဖြင့်ကိုင်စေခြင်းဖြင့် ထိုစက္ကူလိပ်ကလေးများတွင် မည်သို့ရေးထားသည်ကို ထုတ်ဖော်ပြောစေသည်ဟု ဆိုသည်။ ဤသရုပ်ပြပွဲတွင်လည်း ဟူဒီနီနှင့် ဘက်(ခ်)တို့က အောင်မြင်ပေါက်ရောက်စွာ

ပြသနိုင်သဖြင့် မင်းသားကြီးဆာဂျီက တောင်ဝင်ပန်းထိမ်တော်များ အထူး ပြုလုပ်ထားသည့် ရွှေဇွန်းများအား ဆုအဖြစ် ချီးမြှင့်သည်ဟု သိရ၏။

တစ်ခါတွင်မူ မင်းသားကြီးဆာဂျီသည် မော်စကို အကျဉ်းထောင် မှုးထံမှ အာမခံအထူးပြုလုပ်ထားသော လက်ထိတ်နှင့် သံခြေချင်းများကို သွားရောက်ယူစေပြီး ဟူဒီနီအား သူ့အိမ်သို့ဖိတ်ခေါ်၍ သူကိုယ်တိုင် စိန်ခေါ်သည်။ ဟူဒီနီ့ကိုယ်တွင် သော့တူများ၊ ထူးခြားသော ကိရိယာများ ရှိ မရှိ သူကိုယ်တိုင် သေချာစွာ ရှာဖွေသည်။ သူစိတ်ကျေနပ်မှ ဟူဒီနီအား မော်စကိုအကျဉ်းထောင်ကြီးမှ အာမခံလက်ထိတ်များ၊ သံခြေချင်းများ၊ သံကြိုးများနှင့် ခတ်သည်။ ဤစိန်ခေါ်ပွဲတွင်လည်း ဟူဒီနီက မိနစ်ဝက်မျှ ဖြင့် အနှောင်အဖွဲ့မှ လွယ်လွယ်ကူကူ ထွက်လာနိုင်ခဲ့သည်ဟု သိရ၏။

သို့ဖြစ်၍ ရုရှားနိုင်ငံသူနိုင်ငံသားများနှင့် ဂျာမနီနိုင်ငံသူနိုင်ငံသား အများကမူ ဟူဒီနီသည် ဇာတ်ရုံကြီးများရှိ ဇာတ်စင်ပေါ်တွင်သာ သူ၏ အံ့မခန်းပြကွက်များကို ပြသနိုင်သည်မဟုတ်။ ကမ္ဘာကြီးအတွင်း မည် သည့်နေရာတွင်မဆို သူ့အား တုပနေသော အခြား ပဥ္စလက်ဆရာများ မပြုလုပ်ဝံ့သော ပြကွက်များကို ပြသနိုင်သည်ဟု မှတ်ယူထားကြ၏။ ဤ ကဲ့သို့ ပြုလုပ်ပြသနိုင်ခြင်းမှာ သူ၏ လောကီပညာအစွမ်းနှင့် ပရလောက သားတို့၏ ပံ့ပိုးကူညီမှုကြောင့်သာ ဖြစ်တန်ရာသည်ဟုလည်း ဆိုကြသည်။ ရုရှားနိုင်ငံရှိ ပဥ္စလက်ဆရာအများကလည်း ဟူဒီနီကို အတုယူလာသည်။ ဟူဒီနီ၏ပြကွက်များကို အစွမ်းကုန် တုပလာသည်။ ဂျာမနီနိုင်ငံမှ ပဥ္စ လက်ဆရာများကမူ သူတို့နာမည်များကို 'ဟယ်ရီရုဒီနီ' ဟူ၍ လည်း ကောင်း၊ အချို့ပဥ္စလက်ဆရာများကလည်း 'ဟယ်ရီဘလွန်ဒီနီ' ဟူ၍ လည်းကောင်း၊ အချို့ပဥ္စလက်ဆရာများကမူ 'ဟယ်ရီမွန်ဒီနီ'ဟူ၍ နာမည် ပေးကင်ပွန်းတပ်ကြပြီး ဟူဒီနီပြကွက်များကိုတုပ၍ ပြသခဲ့သည်ဟု သိရ ၏။

မေလ(၁)ရက်နေ့တွင် ဟူဒီနီသည် မော်စကိုမြို့တော်မှ သတင်းစာ သမားများ၊ စာနယ်ဇင်းသမားများ၊ စာရေးဆရာများနှင့် စစ်ဘက်နယ် ဘက် ရဲဘက်မှ ပုဂ္ဂိုလ်များအား မော်စကိုမြို့တော်ရှိ နာမည်ကျော် ရာစားသောက်ခန်းမတွင် ဖိတ်ကြား၍ အထူးပဥ္စလက်ပြပွဲ ပြသခဲ့၏။ ယင်းပြပွဲသို့ ဇာဘုရင်၏ညီတော် မင်းသားကြီးဆာဂျီနှင့် ကြင်ရာတော်ပါ တက်ရောက်ချီးမြှင့်ခဲ့သည်။ မှတ်တမ်းများအရဆိုရလျှင် ဇာဘုရင်၏ ညီတော် မင်းသားကြီးဆာဂျီမှာ ရုရှားနိုင်ငံ၏ နာမည်ဆိုးဖြင့် ကျော်ကြား နေသော လျှို့ဝှက်ရဲအဖွဲ့၏ ထိပ်သီးတာဝန်ရှိသူဖြစ်သည်ဟု ဆိုသည်။ မင်းသားကြီးနှင့် ဟူဒီနီတို့၏ ဆက်ဆံရေးမှာ အထူးရင်းနှီးလွန်းသည်ကို တွေ့ကြရသဖြင့် အတည်မပြုနိုင်သောသတင်းများအရ ဟူဒီနီအား ရုရှား နိုင်ငံ လျှို့ဝှက်ရဲအဖွဲ့၏ သတင်းပေးအဖြစ် တာဝန်ပေးခဲ့သည်ဟု သိကြရ ၏။

ဟူဒီနီသည် ယင်းအထူးပဥ္စလက်ပြပွဲ၌ သူ၏ မဟာလွတ်မြောက်မှုပြကွက်များသာမက အခြား စိတ်ဝင်စားဖွယ်ပြကွက်များကိုပါ ပြသခဲ့သည်။ ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူ ပြကွက်ဆန်းတွင် သေတ္တာကြီးအတွင်း ကြိုးအထပ်ထပ်ချည်နှောင်ထားပြီး သေတ္တာကြီးကိုပါ သော့ခတ်၍ ကြိုးဖြင့်ချည်နှောင်ထားလျက်ပင် ဟူဒီနီနှင့် သူ့ဇနီးတို့ လူချင်းအပြောင်းအလဲလုပ်ပြသောပြကွက်ကို စာနယ်ဇင်းသမားများကမူ အထူးတအံ့တသြဖြစ်ကြ၏။ သာမန်လူသားတို့ မစွမ်းဆောင်နိုင်သော ပြကွက်ဟု ယူဆသည်။

ဟူဒီနီသည် အမျိုးသားမှ အမျိုးသမီး၊ အမျိုးသမီးမှ ကလေးအဖြစ် ရုတ်တရက် ပြောင်းလဲပြသနိုင်သည်ဟု ထုတ်ဖော်ပြောကြ၏။ ဟူဒီနီမှာ ရုရှားနိုင်ငံတွင် ဟိုးဟိုးကျော်ခဲ့ရ၏။ သူမျှော်မှန်းထားသည့်အတိုင်း တော်ဝင်မိသားစုတို့လေးစားသည့် ပဥ္စလက်ဆရာတစ်ဦး ဖြစ်ခဲ့ပြီဖြစ်၏။ ရောဘတ်ဟူဒင်ကဲ့သို့ သမိုင်းတွင်မည့် ပဥ္စလက်ဆရာတစ်ဆူဖြစ်ခဲ့ရပြီ ဖြစ်၏။

❐

## (၁၀)

ဟူဒီနီတို့အဖွဲ့သည် နှစ်လကျော် သုံးလနီးပါး ရုရှားနိုင်ငံ တစ်နံ့တစ်လျား ပဉ္စလက်ပွဲစဉ်များပြသခဲ့ပြီး အင်္ဂလန်နိုင်ငံသို့ ကူးလာခဲ့သည်။ အင်္ဂလန်နိုင်ငံ တစ်နံတစ်လျားရှိ နာမည်ကျော်ဇာတ်ရုံကြီးများတွင် ကြီးမားသော သူ့ပုံတူ မဟာဟူဒီနီ ဟူသော ပိုစတာကြီးများနှင့် ကြော်ငြာ၍ ပြပွဲများကို ပြသသည်။ ယခင်က လက်ထိတ်ကေရာဇ်၊ သော့ဝိဇ္ဇာဟူသော ပိုစတာကြီးများနှင့် ကြော်ငြာခဲ့သော်လည်း ယခုအခါတွင်မူ ထိုအမည်အစား (The Great Houdini) မဟာဟူဒီနီဟု ကင်ပွန်းတပ်၍ ကြော်ငြာခဲ့သည်။ အင်္ဂလန်လူထုသည် သူ၏ ပဉ္စလက်ပြကွက်များကို ကြည့်ရှုခဲ့ကြပြီးဖြစ်သည်။ သို့သော် ယခု ရုရှားနှင့် ဂျာမနီနိုင်ငံတို့မှ ပြန်လာသည့်အခါတွင်လည်း သူ့ပြပွဲကို ရုံလျှံအောင် အားပေး ကြည့်ရှုခဲ့ကြပြန်သည်။

ဟူဒီနီကလည်း ရွှေပွဲလာပရိသတ်၏ စိတ်အစဉ်ကို နားလည်သည်။ သူ့ပြကွက်ဟောင်းများကို ရိုးမသွားအောင်၊ အီမသွားအောင် ပြင်ဆင်သည်။ အသစ်အဆန်းပြကွက်များကိုလည်း တီထွင်ပြသသည်။ သူယခင်ပြသခဲ့သော အနှောင်အဖွဲ့မှ လွတ်ထွက်သည့် ပြကွက်များအား ရုရှားနိုင်ငံတွင် ကြုံတွေ့ရသည့် စိန်ခေါ်ပွဲများအတိုင်း ပြုပြင်ပြသသည်။ သို့ဖြစ်၍ ဗြိတိသျှလူထုသည် သူ့ပဉ္စလက်ပြပွဲများကို ရုံလျှံအောင် အားပေးကြသည်။ လန်ဒန်မြို့ ဘလက်ဘန်းပြဇာတ်ရုံတွင် ပြသသည့်ပွဲတွင် မင်းပရိသတ် (၂၅၀၀) ကျော် တက်ရောက် ချီးမြှင့်ခဲ့သည်ဟု သိရသဖြင့် အင်္ဂလန်နိုင်ငံသမိုင်းတွင် ဟူဒီနီကဲ့သို့ ပရိသတ်အားပေးခဲ့သူမရှိသေးဟု သတင်းစာများက ရေးသား ဖော်ပြခဲ့၏။

မှတ်တမ်းများအရ လန်ဒန်မြို့တော်တွင် ခေတ်အမီဆုံးပြဇာတ်ရုံကြီးဟု နာမည်ကျော်ကြား လူသိများသော ရွှေနန်းတော်ပြဇာတ်ရုံကြီးတွင် တင်ဆက်ပြသသော ဟူဒီနီ၏ပြပွဲမှာ ထိပ်တန်းပြပွဲတစ်ပွဲ ဖြစ်သည်ဟု သတင်းစာကြီးများက ရေးသား ဖော်ပြကြသည်။ ရွှေနန်းတော်ရုံကြီး

၏ ပြောရေးဆိုခွင့်ရှိသူတစ်ယောက်ကမူ ထိုပြဇာတ်ရုံတွင် တင်ဆက်သော ဟူဒီနီ၏ ပထမဆုံးပြပွဲမှာလည်း ပွဲကြည့်ပရိသတ်ပေါင်း (၃၀၀၀) ကျော် အားပေးကြည့်ရှုခဲ့ကြသည်ဟု ဆိုသည်။ ပွဲကြည့်ပရိသတ်တို့ သူ့အားခတ်သော လက်ထိတ်များ၊ သံခြေချင်းများ၊ သော့များကို ရှင်းရှင်းကလေးပင် ဖွင့်ပြပြီး အနှောင်အဖွဲ့မှ ထွက်ပြနိုင်ခဲ့သည်။

လန်ဒန်လူထုကလည်း သူ့ပြပွဲများကို ထုံးစံအတိုင်း ရုံပြည့်လျှံအောင် အားပေးသည်။ သောက်သောက်လဲငွေများ သဲ့ယူသလိုရသည်။ ဟူဒီနီကလည်း အင်္ဂလန်နိုင်ငံမှထုတ်ဝေသော နာမည်ကြီးသတင်းစာအားလုံးတွင် သူ့ဓာတ်ပုံနှင့် ကြော်ငြာများ ထည့်သွင်းခဲ့၏။ သူ ဤကဲ့သို့ပြပွဲများ တစ်ပတ်ပြီးတစ်ပတ် ရုံအသီးသီးတွင် တင်ဆက်နေစဉ် ဟူဒီနားဆိုသူနှင့် ဟူဒီနီယားနားဆိုသူ ပဥ္စလက်ဆရာများကလည်း ဟူဒီနီ၏ မဟာလွတ်မြောက်မှုပြကွက်များကို အတုခိုး၍ တင်ဆက်ပြသဖြင့် ဟူဒီနီက လန်ဒန်တရားရုံးတွင် သူ၏ပြကွက်ဆန်းများ၊ သူတီထွင်ထားသော ပဥ္စလက်ပြကွက်များကို တုပပြသသူများအား တရားဥပဒေအရ အရေးယူမည်ဟု သတင်းစာကြီးများတွင် ကြော်ငြာထည့်သွင်းခဲ့၏။

လန်ဒန်မြို့ ဟစ်ပိုဒရုန်းပြဇာတ်ရုံတော်ကြီးတွင် ရက်သတ္တပတ်ပေါင်းများစွာ တင်ဆက်ပြသခဲ့၏။ ထိုပွဲစဉ်များတွင်လည်း ဟူဒီနီအဖို့ အောင်မြင်ပေါက်ရောက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ဇန်နဝါရီလ (၁၄)ရက် နေ့ညတွင် ဟူဒီနီသည် သူ၏ ပြပွဲအစီအစဉ်အတိုင်း မဟာလွတ်မြောက်မှုပြကွက်ကို ပြသရန် စီစဉ်နေသည်။ ထိုပွဲစဉ်မှာလည်း ပွဲကြည့်ပရိသတ် (၂၀၀၀) ကျော် လာရောက် အားပေးခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့၏။ ဇာတ်စင်ပေါ်တွင် ဟူဒီနီ၏အဖွဲ့သားများအားလုံး မဟာလွတ်မြောက်မှုပြခန်းအတွက် ပြင်ဆင်နေကြ၏။ ပြပွဲအခမ်းအနားမှူးကလည်း တင်ဆက်ပြသမည့် အစီအစဉ်ကို ပုံမှန်အတိုင်း ကြေညာလျက်ရှိပြီး တေးဂီတဝိုင်းတော်သားများကလည်း မြူးကြွသောဂီတသံစဉ်များဖြင့် ဖျော်ဖြေနေကြ၏။

ထိုအခိုက် ပြဇာတ်ရုံကြီး၏ အထူးတန်းမှ သပ်သပ်ရပ်ရပ် ဝတ်စုံနက်ကို ဝတ်ဆင်ထားသော လူကြီးလူကောင်းတစ်ယောက်သည် တည်ကြည်အေးဆေးသော ဟန်အမူအရာဖြင့် ဇာတ်စင်ပေါ်သို့ တက်လာပြီး မြူးမြူးကြွကြွသံစဉ်များကို တီးမှုတ်နေသော ဂီတဝိုင်းတော်သားများအား ခေတ္တရပ်ပေးရန် မေတ္တာရပ်ခံလိုက်သည်နှင့် ဂီတဝိုင်းတော်သားများကလည်း တီးမှုတ်နေခြင်းကို ရပ်နားလိုက်ကြသည်။ ပွဲကြည့်ပရိသတ်ပေါင်း (၂၀၀၀) ကျော် တက်ရောက် အားပေး ကြည့်ရှုနေသော ဇာတ်ရုံကြီးမှာ ရုတ်တရက် ကျောချမ်းဖွယ်ကောင်းလောက်အောင် ငြိမ်သက်သွားတော့၏။

ဝတ်စုံနက်ဝတ်ဆင်ထားသော လူကြီးလူကောင်းကမူ သူသည်

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှ စောင်ရေအများဆုံး ထုတ်ဝေနေရသော နေ့စဉ်ထုတ် ရုပ်စုံကြေးမုံသတင်းစာ (The Daily illuserated Mirror) ကြီးမှ စေလွှတ်လိုက်သော ကိုယ်စားလှယ်တစ်ယောက်ဖြစ်ကြောင်း၊ သူတို့သတင်းစာ အယ်ဒီတာအဖွဲ့သည် အင်္ဂလန်နိုင်ငံမှ အထူးအာမခံသော့များ ပြုလုပ်သော ဂါရဂူ နသန်နီယယ်ဟတ်ဆိုသူအား လွန်ခဲ့သော (၅) နှစ်ခန့်ကပင် အထူး အာမခံလက်ထိတ်တစ်စုံ ပြုလုပ်ရန် စေခိုင်းခဲ့ပါသည်။ ထိုအထူးပြုလုပ်ထားသော လက်ထိတ်မှာ ကျွန်တော့်လက်ဝယ်ရှိ ယခုလူကြီးမင်းများမြင်ရသောလက်ထိတ် ဖြစ်ပါသည်ဟုဆိုကာ သံမဏိလက်ထိတ်တစ်စုံကို ဝှေ့ယမ်းပြလိုက်သည်နှင့် ရုံကြီးအတွင်းရှိ ပရိသတ်များ၏ ဩဘာလက်ခုပ်သံများသည် မိုးလုံးညံသွားတော့၏။

ထိုနေ့စဉ်ထုတ် ရုပ်စုံကြေးမုံသတင်းစာကြီး၏ ကိုယ်စားလှယ်ဖြစ်သူကပင် ဆက်လက်၍ လက်ထိတ်များကို ဖွင့်နိုင်သည့် သော့တစ်ချောင်းကို မြှောက်ပြခဲ့ပြန်သည်။ ထိုသော့ကလေးမှာ ပြုလုပ်သူဂါရဂူအဖို့ ရက်သတ္တပတ် တစ်ပတ်ကြာမြင့်အောင် ပြုလုပ်ရသောသော့ ဖြစ်ပါကြောင်း၊ ဤလက်ထိတ်နှင့် သော့များကို ပြပွဲလာပရိသတ်များမြင်အောင် ပြသခြင်းဖြစ်ကြောင်း၊ သူတို့သတင်းစာကြီးကမူ ဤလက်ထိတ်နှင့် ဟူဒီနီကို စိန်ခေါ်ခြင်းပြုခဲ့ပါကြောင်း၊ ဟူဒီနီမှာ အမေရိကန်ပြည်ထောင်စုမှ နာမည်ကျော် ရဲအဖွဲ့ဝင်များ၊ ဂျာမနီနိုင်ငံ ဘာလင်မြို့မှ ရဲအဖွဲ့ဝင်များနှင့် စုံထောက်အဖွဲ့ဝင်များ၊ ကမ္ဘာကျော် ရုရှားလျှို့ဝှက်ရဲအဖွဲ့၏ လက်ထိတ်များနှင့် သံမဏိမြင်းရထားခန်းမှသော့များ စသော အလွန် ခက်ခဲသော အနှောင်အဖွဲ့များကို မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်းမှ လွတ်မြောက်ခဲ့သဖြင့် လက်ထိတ်တို့၏ကေရာဇ်၊ သော့ဝိဇ္ဇာ မဟာလွတ်မြောက်မှုကြီးများ၊ အကျဉ်းထောင်တံခါးများကို ဖွင့်နိုင်သူဟု နာမည်ကျော်နေသော ပဥ္စလက်ဆရာကြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ဟူဒီနီအား စိန်ခေါ်ပါသည်ဟု ရှင်းပြသည်။

ဟူဒီနီကမူ နေ့စဉ်ထုတ် ရုပ်စုံကြေးမုံသတင်းစာကြီး၏ စိန်ခေါ်မှုကို သူ မငြင်းနိုင်ပါကြောင်း၊ စိန်ခေါ်မှုကို လက်ခံပါကြောင်း၊ သို့သော် ယခုအခါ ပြပွဲစဉ်များ စီစဉ်ထားပြီးဖြစ်၍ ဤစိန်ခေါ်ပွဲကို လာမည့်နှစ်ရက်အတွင်း ဤဇာတ်ရုံကြီးမှ မန်နေဂျာပါကာနှင့် လန်ဒန် နေ့စဉ်ထုတ် ရုပ်စုံကြေးမုံသတင်းစာကြီး၏ ကိုယ်စားလှယ်များ စီစဉ်သည့်အတိုင်း ပြသပါမည်ဟု ထုတ်ဖော် ပြောဆိုခဲ့၏။

ဟစ်ပိုဒရုန်း မဟာပြပွဲရုံကြီးမှ ပြပွဲကန်ထရိုက်ဖြစ်သူကလည်း ဇာတ်စင်ပေါ်သို့တက်လာပြီး ပဥ္စလက်ဆရာ မဟာဟူဒီနီ ပြောပြချက်များမှာ သဘာဝကျပါကြောင်း၊ ယနေ့ ကြွရောက်လာသော ပြပွဲပရိသတ်အား ပြသမည့်အစီအစဉ်များ ကြိုတင် ကြေညာထားပြီး အချိန်အတိုင်းအတာကိုလည်း သတ်မှတ်ထားပြီး ဖြစ်ပါသဖြင့် လန်ဒန် နေ့စဉ်ထုတ်

ရုပ်စုံကြေးမုံသတင်းစာကြီး၏ စိန်ခေါ်ပွဲကို ယာယီအချိန်ရွှေ့ဆိုင်းပေးစေလိုကြောင်း၊ (၂)ရက်အတွင်း ဤစိန်ခေါ်ပွဲကို အထူးအစီအစဉ်အဖြစ် ပြုလုပ်ပေးမည်ဖြစ်သည်ဟု ကတိပေးခဲ့၏။

ပြပွဲလာပရိသတ်များကလည်း ပဉ္စလက်ဆရာကြီး မဟာဟူဒီနီနှင့် ပြဇာတ်ကန်ထရိုက်တာ မစ္စတာပါကာ တင်ပြသည့် အစီအစဉ်အတိုင်း လန်ဒန်ရုပ်စုံကြေးမုံသတင်းစာကြီးက လက်ခံပါရန် ပြောဆိုကြသဖြင့် လန်ဒန်ရုပ်စုံကြေးမုံသတင်းစာကြီး၏ ကိုယ်စားလှယ်ဖြစ်သူက ဝမ်းမြောက်ဝမ်းသာ ကျေနပ်သွားခဲ့တော့၏။

ဤဖြစ်ရပ်ကို နောက်နေ့တွင် လန်ဒန်မြို့မှထုတ်ဝေသော သတင်းစာကြီးများတွင် သတင်းစာဖတ်ပရိသတ်များ စိတ်ဝင်စားဖွယ် သတင်းခေါင်းစဉ်များဖြင့် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးခဲ့သည်။ လန်ဒန်နေ့စဉ်ထုတ် ရုပ်စုံကြေးမုံသတင်းစာကြီးကမူ သူတို့စိန်ခေါ်ရသည့်အကြောင်းနှင့် သတင်းစာကြီး၏ အယ်ဒီတာအဖွဲ့ဝင်များက သူတို့ အထူးပြုလုပ်ထားသောလက်ထိတ်များ၊ သော့များကို မည်သို့မည်ပုံ ပြုလုပ်ခဲ့ရပုံများကို အသေးစိတ် ရေးသား ဖော်ပြခဲ့၏။ အင်္ဂလန်နိုင်ငံတွင် ဩဇာတိက္ကမ အကြီးမားဆုံး သတင်းစာကြီးဖြစ်သော လန်ဒန်တိုင်း(မ်) သတင်းစာကြီးကမူ ဤသတင်းကို စာလုံးမည်းကြီးများဖြင့် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြထားပြီး ယခင် ဟူဒီနီအား စိန်ခေါ်ခဲ့သော အင်္ဂလန် စကော့တလန်ယာဒ်စုံထောက်အဖွဲ့၊ ဂျာမနီနိုင်ငံမှ ကိုင်ဇာဘုရင်၏ စုံထောက်အဖွဲ့နှင့် ရုရှားနိုင်ငံမှ ဇာဘုရင်၏ အထူးလျှို့ဝှက်ရဲအဖွဲ့တို့၏ စိန်ခေါ်မှုများတွင် ဟူဒီနီက မည်ကဲ့သို့ အောင်ပွဲဆင်ခဲ့သည့်အကြောင်းများကို ပြန်လည် ထုတ်ဖော်ရေးသားပြီး ဤစိန်ခေါ်ပွဲတွင် မဟာဟူဒီနီ မလွဲမသွေ အောင်ပွဲဆင်နိုင်ပေလိမ့်မည်ဟု ကြိုတင် ရေးသား ဖော်ပြခဲ့သည်။ လန်ဒန်မြို့မှထုတ်ဝေသော ညနေထုတ်သတင်းစာများကမူ ဤစိန်ခေါ်ပွဲမှာ လန်ဒန်နေ့စဉ်ထုတ် ရုပ်စုံကြေးမုံသတင်းစာနှင့် ပဉ္စလက်ဆရာကြီး မဟာဟူဒီနီတို့နှစ်ဦး စိန်ခေါ်ပွဲမဟုတ်ကြောင်း၊ အင်္ဂလန်သတင်းစာလောကနှင့် မဟာဟူဒီနီတို့၏ စိန်ခေါ်ပွဲသာဖြစ်ကြောင်း၊ အကယ်၍ မဟာဟူဒီနီ ရှုံးနိမ့်သွားပြီဆိုပါက ဟူဒီနီအဖို့ သမိုင်းတွင် ထူးခြားသော အမည်းစက်ကြီးဖြစ်ရပေလိမ့်မည်ဟု ရေးသားခဲ့ကြသည်။

ယင်းစိန်ခေါ်ပွဲကား အင်္ဂလန်နိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဂယက်ရိုက်ခဲ့သည့် ပွဲကြီးပွဲကောင်း ဖြစ်သည်။ လန်ဒန်မြို့ ဟစ်ပိုဒရုန်းမဟာပြဇာတ်ရုံကြီးသမိုင်းတွင် လူအများ စိတ်ဝင်စားသော ပဉ္စလက်ပြပွဲမျိုး ယခင်ကလည်းမရှိ၊ နောင်တွင်လည်း ပေါ်ပေါက်စရာမရှိဟု ဆိုသည်။ ပြပွဲတက်ရောက်ကြည့်ရှုရန် ကြိုတင်လက်မှတ် ဝယ်ယူထားသူပေါင်း (၄၀၀၀) ကျော် ရှိခဲ့သည်ဟု ပြပွဲကန်ထရိုက်တာ မစ္စတာပါကာက သတင်းစာကြီးများမှ သတင်းထောက်များအား ထုတ်ဖော်ပြောပြခဲ့သည်ဟု

သတင်းများက ဖော်ပြခဲ့၏။

ဟစ်ပိုဒရုန်းမဟာပြဇာတ်ရုံကြီး၏ အဝင်ဝတွင် 'လက်ထိတ်ကေရာဇ်နှင့် လန်ဒန်ရုပ်စုံကြေးမုံသတင်းစာကြီးတို့၏ စိန်ခေါ်ပွဲကြီး' ဟု ပိုစတာကြီးနှင့် ကြော်ငြာထားသည်။ ဇာတ်ရုံကြီးအဝင်ဝတွင် ကြီးမားသော စားပွဲခုံကြီးတစ်ခုပေါ်တွင် ရုပ်စုံကြေးမုံသတင်းစာမှ အထူး မှာကြားပြုလုပ်ထားသည့် လက်ထိတ်နှင့် သော့ခလောက်များကို ပြသထားသည်။ ပြပွဲကြည့်ရှုသူအားလုံးက ယင်းလက်ထိတ်များ၊ သော့များကို စစ်ဆေးကြည့်ရှုနိုင်သည်ဟု စိန်ခေါ်သူ လန်ဒန်ကြေးမုံသတင်းစာအဖွဲ့က ကြေညာထားသည်။ အင်္ဂလန်နိုင်ငံမှ ပဥ္စလက်ဆရာအများကလည်း ဤပွဲအား စိတ်ဝင်စားစွာ လာရောက် အားပေးကြသည်ဟု သတင်းများက ဖော်ပြခဲ့၏။

စိန်ခေါ်ပွဲကျင်းပမည့် ကြာသပတေးနေ့ ညနေ (၃)နာရီမတိုင်မီကပင် ပြပွဲလာပရိသတ်များသာမက ဤစိန်ခေါ်ပွဲသတင်းကို ဦးဦးဖျားဖျား သိလိုသူများသည် ဟစ်ပိုဒရုန်းမဟာပြဇာတ်ရုံကြီးအနီးရှိ ဘီယာဆိုင်များ၊ အအေးဆိုင်များ၊ ကော်ဖီဆိုင်များတွင် ကြိတ်ကြိတ်တိုးနေသည်။ ဤကဲ့သို့ ပွဲမျိုး လန်ဒန်မြို့တော်တွင် တစ်ခါမျှ ကြုံတွေ့ရခြင်းမရှိဟု စာနယ်ဇင်းသမားများက ထုတ်ဖော် ပြောပြခဲ့သည်။

စိန်ခေါ်ပွဲကို သတ်မှတ်ထားသော ညနေ (၃) နာရီတိတိတွင် မဟာပဥ္စလက်ဝိဇ္ဇာ ဟူဒီနီနှင့် သူ့ဇနီးဘက်(ခ်)တို့ ရုံအတွင်းသို့ ရောက်ရှိလာခဲ့သည်။ ရုံပြည့်လျှံအောင် တက်ရောက်လာကြသည့် ပွဲကြည့်ပရိသတ်ကြီးသည် သောင်းသောင်းညံ ဩဘာလက်ခုပ်များတီးကြသည်။ လက်မှတ်ဝယ်မရသဖြင့် လမ်းမကြီးနှင့် လမ်းသွယ်များတွင် စိန်ခေါ်ပွဲသတင်းကို နားထောင်လိုသော ပရိသတ်များကလည်း ဆူဆူညံညံ ဩဘာပေးခဲ့ကြ၏။ မကြုံစဖူးသော ပရိသတ်ကြီးဖြစ်သဖြင့် လန်ဒန်မြို့တော်ရဲအဖွဲ့သည် မလိုလားအပ်သော ဆူပူမှုများဖြစ်လာမည်ကို စိုးရိမ်သဖြင့် ရာပေါင်းများစွာသော ရဲအဖွဲ့ဝင်များအား ချထားခဲ့ရသည်ဟု သတင်းများက ဖော်ပြထား၏။

ဟူဒီနီနှင့် ဇနီးဘက်(ခ်)တို့ ဇာတ်စင်မြင့်ပေါ်သို့ တက်ရောက်လာပြီးနောက် စိန်ခေါ်သူ ရုပ်စုံကြေးမုံသတင်းစာကြီးမှ ကိုယ်စားလှယ်တော်များအား ဇာတ်စင်ပေါ်သို့ ဖိတ်ခေါ်သည်။ ဟူဒီနီကမူ ပြပွဲလာပရိသတ်များအတွင်းမှ ဤစိန်ခေါ်ပွဲအား စိတ်ဝင်စားသူအများက ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး စစ်ဆေးကြပ်မတ်ပေးရန် ဖိတ်ခေါ်ခဲ့သည်။ သို့ဖြစ်၍ ဤစိန်ခေါ်ပွဲသို့ စိတ်ဝင်စားသော လူကြီးလူကောင်းများသည်လည်း ဇာတ်စင်ပေါ်သို့တက်လာခဲ့ကြပြီး လက်ထိတ်များ၊ သော့ခလောက်များကို စစ်ဆေးခဲ့ကြ၏။

သဘောကျစစ်ဆေးပြီးစီးသည်နှင့် ကြေးမုံသတင်းစာအဖွဲ့က

လည်း ဟူဒီနီ့တစ်ကိုယ်လုံးအား သန်းရှာသကဲ့သို့ နှိုက်နှိုက်ချွတ်ချွတ်ရှာသည်။ စိတ်ကျေနပ်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်နှင့် ဟူဒီနီက သူ့လက်အား လန်ဒန်ရုပ်စုံကြေးမုံသတင်းစာကြီး၏ ကိုယ်စားလှယ်အား ထိုးပေးလိုက်သည်နှင့် ပြဇာတ်ရုံကြီးမှ မီးမောင်းကြီးများက ဟူဒီနီအား သတင်းစာဆရာကြီးက လက်ထိတ်ခတ်နေပုံကို ထိုးပြထားသည်။ တေးဂီတအဖွဲ့ကလည်း သည်းထိတ်ရင်ဖိုဖွယ်တေးသွားကို တီးမှုတ်ခဲ့ကြသည်။ ဟူဒီနီသည် ကတ္တီပါကားလိပ်ကာထားသော သံမဏိပိုက်ဘောင်ခွေထားသည့် အခန်းတွင်းသို့ လက်ထိတ်ခတ်လျက် ဝင်သွားသည်။

ပြပွဲလာပရိသတ်အများသည် ပဉ္စလက်ဆရာ ဟူဒီနီအား စူးစိုက်ကြည့်နေသည်။ ဟူဒီနီ၏ဇနီးဖြစ်သူ ဘက်(ခ်)ကမူ သူ့ခင်ပွန်းဖြစ်သူ၏ စွမ်းအင်နှင့် အရည်အချင်းကို ယုံကြည်ပြီးဖြစ်သဖြင့် သူ့ခင်ပွန်းဖြစ်သူသည် လွယ်လွယ်ကူကူနှင့် ဤစိန်ခေါ်ပွဲကိုလည်း အောင်မြင်ရမည်ဟု မှတ်ယူထား၏။ လန်ဒန်နေ့စဉ်ထုတ် ရုပ်စုံကြေးမုံသတင်းစာကြီးမှ အယ်ဒီတာအဖွဲ့ဝင်များကမူ ဟူဒီနီသည် သူတို့၏ ငါးနှစ်တိုင်တိုင် ကြိုးကြိုးစားစားပြုလုပ်ထားသည့် အာမခံသော့ကို မည်သည့်နည်းနှင့်မျှ ဖွင့်ထွက်နိုင်မည်မဟုတ်ဟု ယူဆထား၏။ ရှေ့ဆုံးတန်းမှ လာရောက် ကြည့်ရှုအကဲခတ်ကြသော အင်္ဂလန်နိုင်ငံမှ ပဉ္စလက်ဆရာများကလည်း အပွဲပွဲအောင်မြင်မှုနှင့် ကြုံခဲ့ရသော ဟူဒီနီသည် အရှက်တကွဲနှင့် ကြုံရတော့မည်ဟု တွက်ဆထား၏။

ယခင် စိန်ခေါ်ပွဲများတွင် သူသည် မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း အနှောင်အဖွဲ့မှ လွတ်ထွက်ပြနိုင်သည်။ သို့သော် ယခုပွဲတွင်မူ (၁၅)မိနစ်ကျော်လွန်လာသော်လည်း ကတ္တီပါကားလိပ်ကာထားသော အခန်းငယ်ကလေးအတွင်းမှ ဟူဒီနီ၏အသံကို မကြားရ။ မိနစ်(၂၀)ခန့်ရှိလာသည်နှင့် ဟူဒီနီဦးခေါင်းသည် ကတ္တီပါကားလိပ်အတွင်းမှ ပြူထွက်လာသည်နှင့် ပရိသတ်သည် ဩဘာလက်ခုပ်တီးကြတော့၏။

ဟူဒီနီကမူ သူ့ဦးခေါင်းထွက်လာနိုင်သော်လည်း လက်ထိတ်အနှောင်အဖွဲ့မှ မလွတ်သေးပါကြောင်း ပြပွဲလာပရိသတ်အဖို့ အချိန်အနည်းငယ် စောင့်မျှော်ကြည့်ကြပါရန် မေတ္တာရပ်ခံသည်။ ပြပွဲပရိသတ်အများကမူ ခေတ္တမျှငြိမ်၍ နားထောင်နေကြသည်။ ဟူဒီနီအား မလိုလားသူအချို့ကမူ -

"ရှက်ဖွယ်ရှက်ဖွယ် ဟူဒီနီ၊ လူလိမ် အရှုံးပေးပါလား"

စသည်ဖြင့် အမျိုးမျိုး အော်ဟစ်ကြ၏။

သုံးဆယ့်ငါးမိနစ်တိတိ ကြာမြင့်လာသော်လည်း ဟူဒီနီခမျာ ကတ္တီပါကားလိပ်ကာထားသည့် အခန်းလေးအတွင်းမှ ထွက်မလာနိုင်။ သူ့အားလေးစားသော ပရိသတ်အများကမူ ဤစိန်ခေါ်ပွဲတွင် ဟူဒီနီ ရှုံးခဲ့လေပြီဟု ယူဆကြတော့သည်။ ပရိသတ်အများ လှုပ်လှုပ်ရှရှဖြစ်လာသည်။ ဟူဒီနီ

သည် သူ့ခန္ဓာကိုယ်အထက်ပိုင်းကို ကတ္တီပါကားလိပ်ကြားမှထွက်ပြသည်။ သူ့တစ်ကိုယ်လုံးမှာ ချွေးများ ရွှဲရွှဲစိုနေလေပြီ။ အချိန်တွေ တဖြည်းဖြည်း ကုန်လာခဲ့လေပြီ။ ပွဲကန်ထရိုက်တာ မစ္စတာပါကာကမူ ဟူဒီနီအား ရေတစ်ဖန်ခွက်တိုက်ပါရစေဟု ရုပ်စုံကြေးမုံသတင်းစာ အယ်ဒီတာအဖွဲ့အား တောင်းပန်သည်။ အယ်ဒီတာအဖွဲ့ကလည်း ခွင့်ပြုသဖြင့် မစ္စတာပါကာသည် သောက်ရေတစ်ဖန်ခွက်အား ယူဆောင်လာခဲ့ပြီး ဟူဒီနီအား ပေးခဲ့၏။ လန်ဒန်နေ့စဉ်ရုပ်စုံကြေးမုံသတင်းစာ အယ်ဒီတာအဖွဲ့က ဟူဒီနီ ရေသောက်သည်ကိုပင် အလစ်မပေး စောင့်ကြည့်ကြ၏။

ဟစ်ပိုဒရုန်းပြဇာတ်ရုံကြီးတစ်ရုံလုံး တိတ်ဆိတ်ငြိမ်သက်သွားသကဲ့သို့ ထိုင်ခုံနေရာမရသဖြင့် ရုံကြီးပြင်ဘက်တွင် ထိုင်လျက်လည်းကောင်း၊ မတ်တတ်ရပ်လျက်တစ်သွယ် စုဝေးရောက်ရှိနေသော ပရိသတ်များကလည်း ရုံကြီးအတွင်းမှ ပရိသတ်များကဲ့သို့ ငြိမ်သက်လျက်ရှိနေကြသည်။ စက္ကန့်မှမိနစ် ကြာမြင့်လာလေလေ ပြည်သူ့အသည်းစွဲ ပဥ္စလက်ဆရာကြီး ဟူဒီနီ ရှုံးနိမ့်ပြီလောဟု သောကရောက်နေကြသည်။ ဇာတ်စင်ပေါ်တွင် လန်ဒန်ရုပ်စုံကြေးမုံသတင်းစာကြီး၏ အယ်ဒီတာအဖွဲ့နှင့်အတူ ဟူဒီနီ၏ အနောင်အဖွဲ့မှ လွတ်မြောက်မှုကို စောင့်ကြည့်နေသော သူ့ဇနီးဘက်(ခ်) မှာလည်း ရင်တထိတ်ထိတ်ခုန်၍ အာရုံကြောများ တင်းကျပ်လာသည် အထိ ခံစားနေရ၏။

အချိန်ကြာမြင့်လာလေလေ ပြပွဲပရိသတ်အဖို့ ခံစားရမှုပြင်းထန်လာလေလေ ဖြစ်သည်။ ဟူဒီနီအား ကရုဏာသက်ကြသူများက စိုးရိမ်သောကကြီးလာလေလေ ဟူဒီနီအား မလိုမုန်းထားသူများ၏ သရော်တော်တော်ပြောင်ချော်ချော်ပြုသောအသံများ ထွက်လာသည်။ ပရိသတ်အများကမူ 'ဟူဒီနီ ကြိုးစားပေးဗျို့' ဟူသော အသံများကလည်း ထွက်လာသည်။ ဟူဒီနီ၏ စိန်ခေါ်ပွဲများတွင် ဤပွဲသည် အချိန်ကြာမြင့်ဆုံးဖြစ်သည်ဟု ဆိုသည်။ တစ်နာရီတိတိရှိခဲ့ပြီ ဖြစ်၏။ သံစုံတီးဝိုင်းမှ ခေတ္တရပ်နားထားရာမှ စတင် တီးမှုတ်လိုက်သည်နှင့် ကတ္တီပါကားလိပ်ကာထားသောအခန်းကလေးထဲမှ ပြည်သူချစ်သော ဟူဒီနီသည် ပွင့်သွားသောလက်ထိတ်များကိုကိုင်၍ ရုတ်တရက် ထွက်လာသည်နှင့် ပရိသတ်ထဲမှ ဟာခနဲ ဟင်ခနဲ အသံ လျှံထွက်လာတော့သည်။ ပရိသတ် အံ့အားသင့်အသံများ တစ်ရုံလုံးညံသွားသည်နှင့် တေးဂီတဝိုင်းတော်သားများကလည်း မိုးလုံးညံ တီးမှုတ်ကြတော့၏။ ဟူဒီနီ၏မျက်နှာနှင့်ကိုယ်တွင် ချွေးသီးချွေးပေါက်များ စိုရွှဲလျက်ရှိနေသည်။ သူ့အဝတ်အစားများမှာလည်း ဖရိုဖရဲဖြစ်နေပြီ။ လက်မောင်းများမှာ စုတ်ပြတ်နေတော့၏။

စိန်ခေါ်သူ လန်ဒန်နေ့စဉ်ထုတ်ရုပ်စုံကြေးမုံသတင်းစာကြီးမှ ကိုယ်စားလှယ်ဖြစ်သူနှင့် ပြပွဲကန်ထရိုက်တာ မစ္စတာပါကာတို့မှာလည်း ကြက်သေသေလျက်ရှိသည်။ ပြဇာတ်ရုံအတွင်းမှ လက်ခုပ်သံများ၊ အံ့ဩ

တုန်လှုပ်သံများ ဝေါခနဲထွက်လာသည်နှင့် ပြပွဲရုံရှေ့ရှိ ပရိသတ်များနှင့် လမ်းသွယ်များအတွင်း စိန်ခေါ်ပွဲသတင်းကို စောင့်မျှော်နေသော ပရိသတ်၏ လက်ခုပ်သြဘာသံများ မစဲအောင်ကြားရတော့၏။ လမ်းဘေးတွင် ခေတ္တရပ်ထားသည့် မော်တော်ကားများမှာ ဟွန်းသံများလည်း ဆူညံနေတော့သည်။

ဟူဒီနီနှင့် ဇနီးဖြစ်သူ ဘက်(စ်)တို့က ဇာတ်စင်ပေါ်မှ ပရိသတ်ကို ဦးညွတ်အလေးပြုခဲ့ကြသည်နှင့် ပရိသတ်အချို့မှာ·ဟုတ်မှဟုတ်ပါ့မလား ဟု မိမိတို့မျက်လုံးများကို ပွတ်သပ်၍ ကိုယ့်မျက်စိကိုယ်မယုံနိုင်သည့် အလား ရင်သပ်ရှုမော ငေးကြည့်နေကြ၏။ လန်ဒန်နေ့စဉ်ထုတ်ရုပ်စုံ ကြေးမုံသတင်းစာကြီး၏ ကိုယ်စားလှယ်ဖြစ်သူကမူ ဤစိန်ခေါ်ပွဲတွင် မိမိ တို့သတင်းစာအဖွဲ့မှ ရှုံးနိမ့်ခဲ့ရပြီဖြစ်ကြောင်း၊ ဟူဒီနီအား သတင်းစာကြီးမှ ငွေသားအစစ်ဖြင့် ပြုလုပ်ထားသော လက်ထိတ်တစ်စုံအား အမှတ်တရ အဖြစ် ဂုဏ်ပြုမည်ဖြစ်ပါကြောင်း ပြောဆိုခဲ့သည်။

ဟူဒီနီမှာမူ ထူးထူးခြားခြား စိတ်ပန်းလူပန်းဖြစ်လာသဖြင့် သူ့ဇနီး ဖြစ်သူနှင့် ပဥ္စလက်အဖွဲ့ဝင်များက ပွေ့ချီ၍ ဇာတ်စင်နောက်သို့ ခေါ်ယူ သွားခဲ့ကြရ၏။

ဟူဒီနီ၏ ပွဲကြည့်ပရိသတ်ကမူ စိန်ခေါ်ပွဲပြီးဆုံးသွားပြီဖြစ်သော်လည်း ရုတ်တရက် လူစုကွဲသွားခြင်းမရှိဘဲ ဟူဒီနီအား ဂုဏ်ပြုနှုတ်ဆက် ရန် ဇာတ်စင်ပေါ်သို့ တက်လာကြသည်။ ဟူဒီနီ၏ ပဥ္စလက်အဖွဲ့ဝင်များ၊ စာနယ်ဇင်းသမားများကလည်း တားဆီးထားနိုင်ခြင်းမရှိသဖြင့် မိန်းမော နေသော ဟူဒီနီခမျာ လူပင်လယ်ကြီးဝိုင်းလျက်ရှိသည်ဟု ဆိုကြ၏။

ပရိသတ်ကြီး စိတ်ကျေနပ်စေရန် ဟူဒီနီသည် ဇာတ်စင်ပေါ်သို့ တက်လာခဲ့ရပြီး ဤစိန်ခေါ်ပွဲမှာ တရားမျှတသော စိန်ခေါ်ပွဲဖြစ်ပါ ကြောင်း၊ သူ့အဖို့ ရုပ်စုံကြေးမုံသတင်းစာကြီး၏ ကြီးကြပ်ကွပ်ကဲမှုနှင့် ငါးနှစ်တိတိ ပြုလုပ်ခဲ့ရသော လက်ထိတ်ကို နာရီပိုင်းအတွင်း ဖွင့်ထွက်နိုင် ခဲ့သည်မှာ ပဥ္စလက်ဆရာတစ်ဦး၏ လပေါင်း၊ နှစ်ပေါင်းများစွာ ကြိုးစားမှု ကြောင့်ပင်ဖြစ်ကြောင်း ပြောကြားသွားပြီး ပရိသတ်ကြီးအား နှုတ်ဆက် ခဲ့တော့၏။

နောက်နေ့တွင် လန်ဒန်မြို့မှ ထိုစဉ်က ထုတ်ဝေသော သတင်းစာ (၃၀) အားလုံးသည် လက်ထိတ်ဘေရာဇ် မဟာဟူဒီနီ၏ လန်ဒန်နေ့စဉ် ထုတ်ရုပ်စုံသတင်းစာကြီးအား အောင်ပွဲခံလိုက်သောသတင်းကို အကျယ် တဝင့် ရေးသား ဖော်ပြခဲ့ကြသည်။ လန်ဒန်ရုပ်စုံကြေးမုံသတင်းစာတိုက် ကြီး၏ပိုင်ရှင်ဖြစ်သူ မစ္စတာ အယ်(လ်)ဖရက်ချား(စ်)ဟန်း(မ်)ဝါ(သ်)ကိုယ် တိုင် ဟူဒီနီအား သင့်လျော်သောနေ့တွင် ဂုဏ်ပြုငွေလက်ထိတ်တစ်ခုကို အမှတ်တရလက်ဆောင်အဖြစ် သူကိုယ်တိုင် ချီးမြှင့်မည်ဖြစ်ကြောင်းကို စာနယ်ဇင်းသမားများအား ထုတ်ဖော်ပြောဆိုခဲ့သည့်သတင်းအား "The

Weekly Dispatch" သတင်းစာကြီးက မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြခဲ့၏။ ဟူဒီနီနှင့် လန်ဒန်နေ့စဉ်ထုတ်ရုပ်စုံကြေးမုံသတင်းစာကြီးတို့၏ စိန်ခေါ်ပွဲမှာ ဟူဒီနီအဖို့ ဟိုးဟိုးကျော်ခဲ့ရသောဖြစ်ရပ် ဖြစ်သည်။ နိုင်ငံခြားသတင်းကိုယ်စားလှယ်များက ယင်းသတင်းကို ချက်ချင်း ဖြန့်ဝေပေးပို့ခဲ့သဖြင့် ယင်းသတင်းမှာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ထုတ်ဝေသော သတင်းစာများတွင် မျက်နှာဖုံးသတင်းအဖြစ် ထည့်သွင်း ဖော်ပြခဲ့လေသည်။ ဟူဒီနီအဖို့ သူအမြဲတမ်းဖြစ်လိုသော ကမ္ဘာကျော်ပဥ္စလက်ဆရာကြီး ဖြစ်လာခဲ့ပြီ ဖြစ်၏။

ဟူဒီနီအား အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်နိုင်ငံနှင့် ဥရောပနိုင်ငံအသီးသီးမှ လူည်းနေလှေအောင်း သိရှိကြသည်သာမက အခြားနိုင်ငံများကလည်း သူ့အား ထိပ်တန်းပဥ္စလက်ဆရာကြီးအဖြစ် အသိအမှတ်ပြုခဲ့ကြ၏။ ဤကဲ့သို့ ကမ္ဘာ့ပဥ္စလက်သမိုင်းတွင် မကြုံစဖူး ထူးကဲစွာ ရေပန်းစားခဲ့သော ဟူဒီနီအား အချို့ပဥ္စလက်ဆရာများကမူ မလိုလားအပ်သော ပဥ္စလက်ပညာရှင်ဟု ယူဆထားသည်။ သူထင်ပေါ်ကျော်ကြား၍ စင်မြင့်သို့ရောက်လာခြင်းသည် သူတို့အား မှေးမှိန်စေသည်။ အနှောင့်အယှက်ဖြစ်စေသည်ဟု ယူဆထား၏။ သို့ဖြစ်၍ ဖြစ်သည့်နည်းဖြင့် မဟာဟူဒီနီ၏ ကျော်စောထင်ရှားမှုကို ပျက်ပြယ်စေရန် တိုက်ခိုက်ကြ၏။

အထူးသဖြင့် ထိုစဉ်က အင်္ဂလန်နိုင်ငံတွင် အတော်အသင့် ထင်ရှားသော ပဥ္စလက်ပညာသည်အချို့သည် စာနယ်ဇင်းသမားများနှင့် ပူးပေါင်း၍ မဟာဟူဒီနီနှင့် အင်္ဂလန်နိုင်ငံ နေ့စဉ်ထုတ်ရုပ်စုံကြေးမုံသတင်းစာကြီးတို့ စိန်ခေါ်မှုမှာ လုပ်ဇာတ်ကြီးသာ ဖြစ်သည်။ ဤစိန်ခေါ်ပွဲ၌ အမှန်တကယ် ရှုံးနိမ့်ခဲ့ကြောင်း၊ ရုပ်စုံကြေးမုံသတင်းစာကြီး၏ အထူးပြုလုပ်ထားသော အာမခံသော့အား သူသည် ဖွင့်လှစ်နိုင်ခြင်းမရှိခဲ့ကြောင်း၊ သို့သော် သူ့ဇနီးဖြစ်သူ ဘက်(ခ်)က ထိုစိန်ခေါ်သော သတင်းစာတိုက်ပိုင်ရှင်ဖြစ်သူ မစ္စတာအယ်(လ်)ဖရက်ချား(စ်)ဟန်း(မ်)ဝါ(သ်)၏ ခြေထောက်အစုံကို ဦးခိုက်၍ တောင်းပန်ခဲ့ခြင်းကြောင့် မဟာဟူဒီနီဆိုသူ လူလိမ်အား အနိုင်ပေးခဲ့ခြင်းဖြစ်သည်ဟု ရေးသား ဖော်ပြခဲ့၏။

လန်ဒန်နေ့စဉ်ထုတ် ရုပ်စုံကြေးမုံသတင်းစာတိုက်ပိုင်ရှင်နှင့် အယ်ဒီတာအဖွဲ့ဝင်များကမူ ဤသို့ မတရားစွပ်စွဲမှုများကို တရားဥပဒေအရ အရေးယူရလိမ့်မည်ဟု ပြန်လည်ရေးသားဖော်ပြခဲ့ပြီး စိန်ခေါ်ပွဲကို အောင်မြင်သူ မဟာဟူဒီနီအား ဂုဏ်ပြုပွဲတစ်ခုကို ခမ်းခမ်းနားနား ကျင်းပပေးခဲ့သည်။ ဂုဏ်ပြုသည့်အနေဖြင့် ငွေသားဖြင့်ပြုလုပ်သော ငွေလက်ထိပ်တစ်ခုကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။

၁၉၀၄ ခုနှစ်၊ မတ်လ (၂၁)ရက်နေ့ ထုတ်ဝေသော လန်ဒန်နေ့စဉ်ထုတ်ရုပ်စုံကြေးမုံသတင်းစာကြီး၏ ပြည်သူ့ထံမှပေးစာများအခန်းတွင် မဟာဟူဒီနီ၏ အယ်ဒီတာထံပေးစာကို ထည့်သွင်း ဖော်ပြပေးခဲ့၏။ ယင်း

စာတွင် သူ တစ်နာရီအတွင်း ဖွင့်ခဲ့နိုင်သော လန်ဒန်နေ့စဥ်ထုတ် ရုပ်စုံ ကြေးမုံသတင်းစာကြီးမှ ပြုလုပ်ထားသောလက်ထိတ်အား သူကဲ့သို့ ဖွင့်နိုင်မည်ဆိုပါက ဂီနီရွှေဒင်္ဂါးအပြား (၁၀၀) ပေးမည်ဟု ဖော်ပြထားသည်။

ကြေးမုံသတင်းစာကြီးအဆိုအရ စာကို အင်္ဂလန်နိုင်ငံ မြို့ရွာအသီးသီးမှ ပြန်ကြားခဲ့ကြောင်း အချို့မှာမူ မဟာဟူဒီနီအား ချီးမွမ်းရေးသားထားကြသည်ဟု ဆိုသည်။ မတ်လ (၂၈) ရက်နေ့တွင်မူ ပဥ္စလက်ဆရာ ဘရူ(စ်)ဘူမောက်ဆိုသူသည် လန်ဒန်နေ့စဥ်ထုတ် ရုပ်စုံကြေးမုံသတင်းစာကြီး အယ်ဒီတာအဖွဲ့ထံ လာရောက်၍ ယင်းလက်ထိတ်ကို မဟာဟူဒီနီကဲ့သို့ တစ်နာရီအတွင်း ဖွင့်ပြမည်ဟု စိန်ခေါ်ခဲ့သည်။ လန်ဒန်မြို့တော်ရှိ ပြဇာတ်ရုံတစ်ရုံတွင် စိန်ခေါ်ပွဲကို ကျင်းပခဲ့သည်။ သို့သော် နောက်ဆုံးတွင် စိန်ခေါ်သူ ဗြိတိသျှအမျိုးသား ပဥ္စလက်ဆရာ မစ္စတာဘရူ(စ်)ဘူမောက်မှာ အရှုံးပေးသွားရသည်။ နောက်ဆုံး သူအရှုံးပေးပါကြောင်း ဝန်ခံပြောဆိုသဖြင့် အယ်ဒီတာအဖွဲ့က သော့ဖြင့်ဖွင့်ပေးခဲ့ရတော့၏။

ဤစိန်ခေါ်ပွဲများသည် မဟာဟူဒီနီအဖို့ ပိုမိုနာမည်ကျော်လာရတော့သည်။ နာမည်ကျော် လန်ဒန်တိုင်း(မ်)သတင်းစာကြီးကမူ နောင်လာမည့် နှစ်ပေါင်းများစွာကာလအတွင်း အင်္ဂလန်နိုင်ငံမှ ဗြိတိသျှပရိသတ်အား ထာဝရဆွဲဆောင်နိုင်သော အစီအစဥ်သစ်များ၊ တအံ့တသြဖြစ်စေသော ပြကွက်အသစ်များမထပ်စေရန် ဖန်တီးခြင်းကို မဟာဟူဒီနီမှတစ်ပါး မည်သည့် ပဥ္စလက်ဆရာမှ လုပ်နိုင်မည်မဟုတ်ပါဟု ရေးသား ဖော်ပြခဲ့၏။

ဟူဒီနီ၏ သတင်းမပါလျှင် ခေတ်မမီဟုဆိုရမည်ဖြစ်တော့သဖြင့် အင်္ဂလန်နိုင်ငံမှထုတ်ဝေသော သတင်းစာမှန်သမျှ ဟူဒီနီအကြောင်း အမျိုးမျိုး ရေးသား ဖော်ပြခဲ့၏။ ဟူဒီနီနှင့် လန်ဒန်နေ့စဥ်ထုတ် ရုပ်စုံကြေးမုံသတင်းစာကြီးတို့၏ စိန်ခေါ်ပွဲဂယက်မှာ နေ့၊ လ၊ ရက် ကြာမြင့်လာသော်လည်း ငြိမ်သက်သွားခြင်း မရှိခဲ့။

ပြပွဲကန်ထရိုက်တာများကလည်း ဟူဒီနီအား ရက်သတ္တပတ်များစွာ ငှားထားပြီး ရုံသွင်းကြ၏။ ယခင်က ဟူဒီနီတောင်းဆိုသော ကြေးမပေးလိုသော ကန်ထရိုက်တာများသည် ဟူဒီနီတောင်းဆိုသောကြေးထက် နှစ်ဆပိုပေး၍ အပြိုင်အဆိုင် ငှားရမ်းကြသည်။ မဟာဟူဒီနီကလည်း သူတင်ဆက်ပြသသည့်ပွဲစဥ်များကို ထိန်းထားနိုင်သည်။ အစီအစဥ်များကိုလည်း ရိုးမသွားစေရန် အသစ်တီထွင် ပြောင်းလဲပစ်သည်။ လပေါင်းများစွာပြနေသော သူ့ပွဲများသည် ပွဲတိုင်း ရုံပြည့်သည်။ စိန်ခေါ်ပွဲများလည်း မကြာခဏ တွေ့ရ၏။ ပွဲတိုင်း ဟူဒီနီက အောင်မြင်မှုရခဲ့သည်ဟု သိရ၏။

သူ၏ရင်သပ်ရှုမော တအံ့တသြဖြစ်ရသော ပြကွက်များကို ဟူဒီနီနှင့် ဇနီးဖြစ်သူတို့သည် အချိန်ကုန်လူပန်းခံပြီး ဇွဲကောင်းကောင်းနှင့် လေ့ကျင့်ပြသရခြင်းဖြစ်၍ ဟူဒီနီအဖို့ ကျန်းမာရေးချူချာလာသည်။ လန်

ဒန်မြို့တော် အယ်(လ်)ဟမ်ဘရာပြဇာတ်ရုံကြီးတွင် ပြသနေစဉ် ဟူဒီနီမှာ မိန်းမောသွားခဲ့သည်။ ဆရာဝန်များက ဟူဒီနီအား ခေတ္တ အနားယူရန် အကြံပေးခဲ့ကြ၏။

သူ ခေတ္တအနားယူနေစဉ် အာမခံသော့နှင့် အာမခံသံသေတ္တာများ ပြုလုပ်သော ဟိုဝဲယ်(လ်)နှင့်သားကုမ္ပဏီကြီးမှ တာဝန်ရှိသူတစ်ယောက်သည် ဟူဒီနီအား လာရောက်တွေ့ဆုံပြီး သူတို့ကုမ္ပဏီမှပြုလုပ်ထားသော သံသေတ္တာအတွင်းမှ လွတ်မြောက်သည့်ပြကွက် ပြသနိုင်မည်လောဟု စိန်ခေါ်ခဲ့သည်။ ရှေးယခင်က ဟူဒီနီသည် ဤကဲ့သို့ စိန်ခေါ်ပွဲမျိုးကို လွယ်လွယ်ကူကူနှင့် လက်ခံမည်ဖြစ်သော်လည်း သူ့အဖို့ ကျန်းမာရေးအခြေအနေကြောင့် စိန်ခေါ်ပွဲကို လက်မခံနိုင်ခဲ့ပေ။ (နောင်အခါ ဟူဒီနီသည် သူ့ကိုယ်အား လက်ထိတ်များ၊ သံခြေချင်းများ အထပ်ထပ်ခတ်စေပြီး ပိတ်ထားသောသေတ္တာအတွင်းမှ လွတ်မြောက်လာပုံပြကွက်အသစ်တီထွင်ပြသခဲ့ပါသည်။)

အင်္ဂလန်နိုင်ငံနှင့် ဥရောပတိုက်နိုင်ငံများတွင် ဟိုးဟိုးကျော်နေသော ဟူဒီနီကို အမေရိကန်ပြည်ထောင်စုက တောင့်တလာခဲ့ကြပြန်သည်။ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှထုတ်ဝေသော နယူးယောက် အနုပညာကြေးမုံသတင်းစာ "The New York Dramatic Mirror" ကြီးတွင် အင်္ဂလန်နိုင်ငံတွင် ဟိုးလေးတကျော်ဖြစ်ခဲ့ရသော လန်ဒန်နေ့စဉ်ထုတ်ရုပ်စုံကြေးမုံသတင်းစာနှင့် ဟူဒီနီတို့၏ စိန်ခေါ်ပွဲသတင်းကို အခန်းဆက်ဆောင်းပါးအဖြစ် ဓာတ်ပုံသာမက အထောက်အထားစေ့စေ့ဆာဆာဖော်ပြပေးခဲ့သဖြင့် အမေရိကန်ပြည်သူလူထုသည် ဟူဒီနီအား ထူးထူးခြားခြား တောင့်တလာကြ၏။

ဟူဒီနီကလည်း သူ့မိခင်ကြီးနှင့် နှမများ၊ ညီများကိုလည်း လွမ်းဆွတ်လာသည်။ သူ့အဖို့ မျှော်လင့်ထားသည့်အတိုင်း ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော ပဉ္စလက်ဆရာကြီး ဖြစ်လာခဲ့ပြီ ဖြစ်သည်။ ဥရောပနိုင်ငံများနှင့် အင်္ဂလန်နိုင်ငံမှ ပြပွဲကန်ထရိုက်တာများ၏ ကျေးဇူးကြောင့် ငွေကြေး အတော်အသင့်စုဆောင်းနိုင်ခဲ့ပြီ ဖြစ်၏။ သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စုတွင် အတည်တကျနေထိုင်ရန် ခြံ၊ မြေများ၊ တိုက်အိမ်များကို ဝယ်ယူမည်ဟူ၍လည်း ဆုံးဖြတ်ထားသည်။ သူအနှစ်နှစ်အလလစုဆောင်းထားသော ပဉ္စလက်ပညာနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများ၊ ပဉ္စလက်ပြပွဲပစ္စည်းများ၊ ရှေ့ခေတ်ပဉ္စလက်ဆရာကြီးများ အသုံးပြုခဲ့သော ပဉ္စလက်ပစ္စည်းများ ပြသထားနိုင်ရန် ပဉ္စလက်ပညာပြတိုက် ထည်ထောင်မည်ဟူ၍လည်း ရည်မှန်းထားသည်။ နောင်တွင်ပြသမည့် သူ၏ ပဉ္စလက်ပညာပြပွဲများတွင် သမားရိုးကျ ပဉ္စလက်ဆရာများပြသသည့်ပြကွက်များမှ လမ်းခွဲထွက်မည့် ပဉ္စလက်ပြပွဲ ကျင်းပနိုင်ရန် ခေတ်မီအသုံးအဆောင်ပစ္စည်းများကို ငွေကြေးအကုန်အကျခံ၍ ဝယ်ယူရန်လည်း

စီစဉ်ထားသည်။

ယခင်က သူ့ပွဲစဉ်များပြသရန် ငြင်းဆိုခဲ့သော အမေရိကန်ပြည်ထောင်စုမှ ပြပွဲကန်ထရိုက်တာများသည် ဟူဒီနီနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့ကြသည်ဟု သိရသည်။ သို့ဖြစ်၍ ဟူဒီနီသည် အမေရိကန်ပြည်ထောင်စုမှ သူနှင့် ခင်မင်ရင်းနှီး၍ စိတ်ချယုံကြည်ရသော ပြပွဲကန်ထရိုက်တာ ဟဲရီဒေးထံသို့ ပြပွဲစဉ်များနှင့်ပတ်သက်သည့်ကိစ္စရပ်များကို ကြိုတင်ဆောင်ရွက်ထားရန် ကြေးနန်းရိုက်ခဲ့သည်။

ဟူဒီနီအဖွဲ့ ပြည်တော်ပြန်လာမည့်သတင်းကို အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များက မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးခဲ့သည်။ ၁၉၀၄ ခုနှစ်၊ မေလ (၂၇)ရက်နေ့တွင် ဟူဒီနီတို့ဇနီးမောင်နှံသည် ညီဖြစ်သူ သီယို(ဟာဒင်ဟု နာမည်ပြောင်းထားခဲ့၏။)နှင့် ပြပွဲကန်ထရိုက်တာ မာတင်ဘက်နှင့်အတူ အမေရိကန်ပြည်ထောင်စုသို့ ပြန်လာခဲ့သည်။ သူတို့သင်္ဘောသည် ဇွန်လ (၂) ရက်နေ့ ညနေတွင် နယူးယောက်မြို့ဆိပ်ကမ်းသို့ ဆိုက်ရောက်လာခဲ့၏။ ဟူဒီနီ၏ ဆွေမျိုးသားချင်းများ၊ ဘက်(ခ်)၏ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများ၊ ပြပွဲကန်ထရိုက်တာများ၊ စာနယ်ဇင်းသမားများနှင့် ဟူဒီနီကိုချစ်သောပရိသတ်ကြီးသည် ကမ်းလုံးညွတ်နီးပါး လာရောက် ကြိုဆိုခဲ့ကြသည်။ လွန်ခဲ့သော (၁၀) နှစ်ခန့်က ဟူဒီနီညီနောင်ဟု လမ်းဘေးပဥ္စလက်ပြပွဲလေးကို ပြသခဲ့ရရှာသော ဟူဒီနီမှာ အမေရိကန်ပြည်ထောင်စု၏ဂုဏ်ဆောင် ပဥ္စလက်ဆရာကြီးတစ်ဆူ ဖြစ်ခဲ့လေပြီ။

ဟူဒီနီ၏ ပြပွဲကန်ထရိုက်တာကြီးဖြစ်သော မာတင်ဘက်သည် အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျားရှိ မြို့ကြီးများမှ ကန်ထရိုက်တာကြီးများနှင့် တွေ့ဆုံခဲ့သည်။ ဟူဒီနီ၏ ပဥ္စလက်ပြပွဲများကို တင်ဆက်ပြသနိုင်ရန်အတွက် ပွဲစဉ်များကို ညှိနှိုင်းရေးဆွဲကြသည်။ ယခင်က ဟူဒီနီပြပွဲအား တင်ဆက်ပြသရန် ငြင်းဆိုခဲ့ကြသော ပြပွဲကန်ထရိုက်တာများသည် ဈေးပြိုင်ပေး၍ ဟူဒီနီပြပွဲကိုသွင်းရန် စီစဉ်ကြသည်။ ဟူဒီနီကမူ အမေရိကန်ပြည်ထောင်စုသို့ ပြန်လည်ရောက်ရှိလာခိုက် ခေတ္တအနားယူလိုသည်။ သူ့ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများနှင့်လည်း တွေ့လိုသည်။ သူ့အမေဖြစ်သူနှင့် အေးအေးဆေးဆေး ခေတ္တအနားယူနေထိုင်လိုသဖြင့် သူ့မိတ်ဆွေ ပြပွဲကန်ထရိုက်တာကြီး မာတင်ဘက်အား တင်ဆက်ပြသရမည့်ပြပွဲများကို တတ်နိုင်သလောက် အဆင်ပြေစေရန် စီမံစေခဲ့၏။

သူ့အဖို့ ကိုယ်ရေးကိုယ်တာ စီစဉ်ဆောင်ရွက်ရမည့်ကိစ္စများကို စီစဉ်ဆောင်ရွက်ပြီးမှသာ ပဥ္စလက်ပြပွဲများကို ပြသမည်ဟု ဆုံးဖြတ်ထားသည်။ သူ့အား အင်္ဂလန်ပြည်သူလူထုကလည်း အမေရိကန်ပြည်ထောင်စုမှ အမြန်ဆုံး ပြန်လာစေလိုသည်။ အင်္ဂလန်နိုင်ငံမှ ပြပွဲကန်ထရိုက်တာ

များကလည်း ပြပွဲများ စဉ်ဆက်မပြတ် တင်ဆက်ပြသနိုင်ရေးအတွက် စီစဉ်နေကြသည်။ ၁၉၀၀ ပြည့်နှစ်ခန့်ကမူ အင်္ဂလန်နိုင်ငံမှ ပြပွဲကန်ထရိုက်တာများသည် သူ့ပြပွဲတင်ဆက်ရန် လိုလိုလားလားရှိခဲ့ခြင်း မရှိခဲ့။ ဗြိတိသျှအမျိုးသား ပြပွဲကြည့်ပရိသတ်ကလည်း ဟူဒီနီကို အထင်မကြီးခဲ့ကြပေ။ ယခုအခါတွင်မူ ပြပွဲကြည့်ပရိသတ်အဖို့ မဟာဟူဒီနီ၏ ပဉ္စလက်ပြပွဲကို မကြည့်ဘူးသူသည် လူဖြစ်ကျိုးမနပ်ဟူ၍ပင် ယူဆထားခဲ့၏။

ဟူဒီနီနှင့် ဇနီးဖြစ်သူတို့သည် နယူးယောက်မြို့ ဟိုတယ်ကြီးတစ်ခုတွင် နေထိုင်ခဲ့ကြပြီး ညီအစ်ကိုမောင်နှမများ၊ မိတ်ဆွေအပေါင်းအသင်းများနှင့် တွေ့ဆုံခဲ့၏။ သူအနားယူနေစဉ် မည်သည့် ပြပွဲကန်ထရိုက်တာမျှ အတွေ့မခံခဲ့ချေ။ ဟူဒီနီအဖို့ အမေရိကန်ပြည်ထောင်စုတွင် အခြေတကျနေထိုင်နိုင်ရန်နှင့် သူ့ပဉ္စလက်ပညာရပ်များတီထွင်ရန်၊ သုတေသနပြုရန်၊ ပဉ္စလက်ပညာဖြန့်ဖြူးရန်များကို တစိုက်မတ်မတ်ပြုလုပ်လိုသည်။ သူ အသက်အရွယ်ရလာပါက ပဉ္စလက်ပြပွဲ ပြသမှုများကို ရပ်နား၍ ပဉ္စလက်ပညာနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများပြုစုရန် ရည်ရွယ်ထားသည်။ သူ နိုင်ငံတကာမှတတ်နိုင်သလောက်၊ လက်လှမ်းမီသလောက် ဝယ်ယူစုဆောင်းထားသော ပဉ္စလက်ပညာနှင့်ပတ်သက်သော ပစ္စည်းများ၊ စာတမ်းများ၊ စာအုပ်များ၊ ခေတ်အဆက်ဆက်က နာမည်ကျော် ပဉ္စလက်ဆရာကြီးများ စုဆောင်းထားသည့် ပဉ္စလက်ပညာရှင်နှင့် ပတ်သက်သော ပစ္စည်းများ၊ စာရွက်စာတမ်းများကိုလည်း တတ်နိုင်သလောက် ဝယ်ယူထားခဲ့ပြီးဖြစ်၏။ ထိုပစ္စည်းများကို ပြသထားရန်အတွက် ပြတိုက်တစ်တိုက် တည်ထောင်ရန် စိတ်ဆန္ဒစောနေသည်။

သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စုတွင် သင့်တင့်လျောက်ပတ်သော မြေနေရာများ၊ အိုးအိမ်များဝယ်ယူရန်လည်း သူ့မိတ်ဆွေများနှင့် စီစဉ်သည်။ မဟာဟူဒီနီ အိမ် မြေ ခြံယာများကို ဝယ်ယူမည်ဟု သတင်းများ ပျံ့နှံ့လာသည်နှင့် အိမ်ခြံမြေ အကျိုးဆောင်များသည် သူ့ထက်ငါ ဟူဒီနီနှင့်တွေ့ဆုံရန် ကြိုးစားကြ၏။ ဟူဒီနီကမူ သူဝယ်ယူမည့် အိမ်ခြံမြေများကို သူ့စိတ်တိုင်းကျ ကြည့်ရှုစုံစမ်းပြီးမှ ဝယ်ယူမည်ဟု ဆုံးဖြတ်ထား၏။

ပထမဆုံး ဟူဒီနီသည် နယူးယောက်မြို့ ဟာလင်ရပ်ကွက် (၁၁၃) လမ်းရှိ လေးထပ်သီးသန့် လုံးချင်းအိမ်ကြီးတစ်လုံးကို ထိုစဉ်က ပေါက်ဈေးနှုန်း ဒေါ်လာ (၂၅၀၀၀) (ယခု ဒေါ်လာ (၃) သန်းခန့်) ဖြင့် ဝယ်ယူခဲ့သည်။ ဤကဲ့သို့ ဝယ်ယူရာတွင် လက်ငင်းငွေချေခဲ့သည်ဟု သတင်းများ ထွက်ပေါ်လာခဲ့သည်။ မှတ်တမ်းများအရ ထိုလေးထပ်တိုက်အဆောက်အအုံမှာ အဆင့်မြင့်ပြင်ဆင်ထားခဲ့သဖြင့် အမေရိကန်ပြည်ထောင်စု ပဉ္စလက်ဆရာများသမိုင်းတွင် မည်သည့်ပဉ္စလက်ဆရာမှ ဤကဲ့သို့ အဆင့်မြင့်သော အိုးအိမ်ပိုင်ဆိုင်နိုင်ခြင်းမရှိဟု သိရ၏။

ဟူဒီနီသည် ထိုအိမ်ကြီးတွင် သူ့မိခင်၊ သူ့ညီများ၊ သူ့ညီမများ

နေထိုင်မည်ဖြစ်ပြီး အိမ်ကြီးတစ်ထပ်ကိုမူ သူဝယ်ယူစုဆောင်းထားသော ပန္နလက်ပစ္စည်းများ၊ စာအုပ်စာတမ်းများ၊ စိတ်ပိညာဉ်ဆိုင်ရာ စာအုပ်စာတမ်းများ ပြသထားမည်။ ပြတိုက်ပြုလုပ်မည်ဟု ရည်မှန်းထား၏။ ကာနေဒါတိကပ်ပြည်နယ်တွင်လည်း ယာတောစံအိမ်နှင့် ယာတောတစ်ခုကိုလည်း ဝယ်ယူခဲ့သည်။ ယာတောစံအိမ်ကိုလည်း ခေတ်မီအောင် ပြင်ဆင်ထားပြီး သူနှင့် ဇနီးဖြစ်သူတို့ အနားယူနေထိုင်မည်ဟု ဆိုသည်။ မိသားစု၊ ဆွေမျိုးသားချင်းများအတွက် ကွယ်လွန်ပါက မြှုပ်နှံနိုင်ရန် သုသာန်မြေကွက်တစ်ခုကိုလည်း ဈေးအမြင့်ဆုံးပေး၍ ဝယ်ယူခဲ့သည်ဟု သတင်းများထွက်လာခဲ့၏။ ယခင် ကွယ်လွန်ပြီးဖြစ်ခဲ့သော ဟူဒီနီ၏ အဘွားနှင့် ဖခင်တို့၏ သချိုင်းများကို ထိုဝယ်ယူထားခဲ့သော သုသာန်မြေကွက်သို့ ပြောင်းရွှေ့မြှုပ်ခဲ့သည်။ ဤကဲ့သို့ ဆောင်ရွက်ရမည့်ကိစ္စရပ်များ ဆောင်ရွက်ပြီးခဲ့သည်နှင့် ဟူဒီနီနှင့် ညီဖြစ်သူ သီယိုတို့သည် သူတို့ အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့လာစဉ်က နေထိုင်ခဲ့သော အယ်ပယ်(လ်)တန်မြို့နှင့် မာ(လ်)ဝီကီမြို့များသို့ သွားရောက်ကြည့်ရှုခဲ့ကြပြီး သူတို့ငယ်စဉ်က အတူကစားဖော်ကစားဖက် အိမ်နီးနားချင်းများနှင့် သွားရောက် တွေ့ဆုံသည်။ သူနှင့် ညီဖြစ်သူ သီယိုတို့နှစ်ယောက် လမ်းဘေးတွင် ညှိုးညှိုးငယ်ငယ်နှင့် ပန္နလက်ပြပွဲ ပြခဲ့သည့်နေရာများကိုလည်း သွားရောက် ကြည့်ရှုခဲ့ကြ၏။

သူတို့ညီအစ်ကို ဟူဒီနီညီနောင်အမည်ဖြင့် လှုပ်လီလှုပ်လဲ့ ပန္နလက်ပြခဲ့ရသော ဘီယာဆိုင်များ၊ သူငယ်စဉ်က ယောက်ျားဝတ်လည်စီးချုပ်သောအလုပ်လုပ်ခဲ့ရသော အိပ်(ချ်)ရစ်(ချ်)တာဆန်းဆိုင်ကြီးသို့လည်း သွားရောက် ကြည့်ရှုခဲ့သည်။ (၄)နှစ်၊ (၅)နှစ်အတွင်း အခြေအနေအရပ်ရပ် ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။ သူတို့ညီအစ်ကို၏မိတ်ဆွေအချို့မှာ မရှိကြတော့။ ကွယ်လွန်သူက ကွယ်လွန်ခဲ့ကြပြီး အချို့မှာမူ ဘဝသံသရာ ရေစီးတွင် မျောပါသွားခဲ့ကြပြီ။ တစ်ချိန်က ချို့ချို့တဲ့တဲ့ ညှိုးညှိုးငယ်ငယ်နှင့် နေထိုင်ခဲ့ကြရသော သူတို့ညီအစ်ကိုမှာမူ ဟိုးဟိုးကျော် လျှမ်းလျှမ်းတောက် ကျော်ကြားသော ပန္နလက်ဆရာကြီး ဖြစ်ခဲ့ကြပြီ။

ဟူဒီနီနှင့် သီယိုညီနောင်တို့သည် အင်္ဂလန်နိုင်ငံသို့မပြန်မီ ချီကာဂိုမြို့သို့ ခရီးဆက်၍ ခိုးနှင့်မစ်ဒယ်တန်ဇာတ်ရုံကြီးကို သွားကြည့်ခဲ့ကြသည်။ ၁၈၉၉ ခုနှစ်က ဟူဒီနီသည် ဤဇာတ်ရုံကြီးတွင် ချီကာဂိုမြို့မှ စာနယ်ဇင်းသမားများကို ဖိတ်ခေါ်၍ စိန်ခေါ်ခဲ့သည်များကို ပြန်လည်သတိရလာခဲ့သည်။ ချီကာဂိုမြို့သည် ဟူဒီနီအား တစ်မုဟုတ်ချင်း ကျော်ကြားရန် ဖန်တီးပေးလိုက်သောမြို့ ဖြစ်သည်။ ယခု သူရောက်ရှိလာသော အခါ မြို့သူမြို့သားအများက ခရီးဦးကြိုပြုခဲ့ကြ၏။ ဟူဒီနီသည် သူပြပွဲကန်ထရိုက်တာ မာတင်ဘက်စီစဉ်ခဲ့သည့် ပွဲစဉ်များကို ပြသခဲ့ရသည်။ အမေရိကန်ပြည်ထောင်စုလူထုသည် ဟူဒီနီ၏ ပြကွက်အသစ်အဆန်းများ

ကို အားပေးကြည့်ရှုခဲ့ကြ၏။ သူရောက်ရာနေရာတိုင်းရှိ ပြဇာတ်ရုံကြီးများတွင် ရုံလျှံအောင် အားပေးကြည့်ရှုကြ၏။ သောက်သောက်လဲဝင်ငွေရခဲ့သည်။ အမေရိကန်ပြည်ထောင်စုမှ နာမည်ကျော် သတင်းစာကြီးတစ်စောင်ဖြစ်သော ဘိုစတုန်ဂလုပ် (ကမ္ဘာလုံး) သတင်းစာကြီးကမူ ဟူဒီနီသည် သူ၏ပဥ္စလက်ပြကွက်များကို တင်ဆက်ပြသရာတွင် ထူးထူးခြားခြားလျင်မြန်ဖျတ်လတ်သည်။ သူ့အဖွဲ့သားများအားလုံးတွင် ပဥ္စလက်ဟန်ရှိကြ၏။ ပွဲကြည့်ပရိသတ် စိတ်လှုပ်ရှားအောင် ပြသနိုင်သည်။ ထိုအရည်အချင်းသည်ပင် သူ၏ အောင်မြင်မှုသော့ချက် ဖြစ်ပေသည်ဟု ရေးသားဖော်ပြခဲ့သည်။

ဩဂုတ်လတွင်မူ ဟူဒီနီဝယ်ယူခဲ့သော အိမ်များနှင့် ခြံမြေများအား သူ့စိတ်တိုင်းကျ မွမ်းမံပြင်ဆင်ပြီး ဖြစ်သည်။ သူ့မိခင်နှင့် မိသားစုများအားလုံး နေသားတကျဖြစ်စေရန် စီစဉ်ခဲ့ရတော့သည်။ သူ့အား ဗြိတိသျှပရိသတ်နှင့် ဥရောပနိုင်ငံအသီးသီးမှ လူထုသည် မျှော်လင့်စောင့်စားနေကြလေပြီ။ ပြပွဲကန်ထရိုက်တာကြီးများကလည်း သူ့အား အင်္ဂလန်သို့အမြန်ဆုံးပြန်လာရန် ကြေးနန်းများ မကြာခဏ ပေးပို့ခဲ့ကြ၏။ ဩဂုတ်လနောက်ဆုံးပတ်တွင် ဟူဒီနီနှင့် ဗနီးတို့သည် အင်္ဂလန်နိုင်ငံသို့ ရေကြောင်းနှင့် ထွက်ခွာခဲ့သည်။ သူ့အဖွဲ့သားများလည်း လိုက်ပါလာခဲ့သည်။

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ရောက်ရှိခဲ့သည်နှင့် ထိုစဉ်က နာမည်ကျော် ပဥ္စလက်ဆရာ တရုတ်အမျိုးသား ချောင်လင်ဆူးမှာ လန်ဒန်မြို့ အင်ပါယာပြဇာတ်ရုံကြီးတွင် ဖျော်ဖြေလျက် ရှိသည်။ ဟူဒီနီနှင့် ဗနီးတို့သည် ချောင်လင်ဆူး၏ ပဥ္စလက်ပြပွဲကို တက်ရောက် ကြည့်ရှုလေ့လာသည်။ ချောင်လင်ဆူး၏ အားနည်းချက်၊ အားသာချက်များကို သေသေချာချာ စူးစမ်းသည်။ သူပြသလေ့ရှိသည့်ပြကွက်များနှင့် ချိန်ထိုးကြည့်သည်။ ချောင်လင်ဆူးအသုံးပြုသော ပစ္စည်းများသည် သူအသုံးပြုသောပစ္စည်းများနှင့် မတူသော်လည်း ပဥ္စလက်သဘောရှုထောင့်မှ ကြည့်လျှင် တူညီပေသည်ဟု တွက်ဆမိ၏။ ရွှေဒင်္ဂါးတစ်ပြားကို ပရိသတ်အများမြင်ကွင်းမှ ပျောက်ကွယ်သွားအောင် ဖျောက်ပြရခြင်းသည် ဇာတ်စင်ပေါ်တွင် ကြီးမားသောဆင်ကြီးအား ဖျောက်ပြခြင်းနှင့် သဘောထပ်တူ ဖြစ်သည်ဟုလည်း ဟူဒီနီက ယူဆထား၏။ ချောင်လင်ဆူးသည် အဝတ်အစားနှင့် အခမ်းအနား အဆင်အပြင်တို့ကို တောက်တောက်ပြောင်ပြောင်ပြင်ဆင်ထားသည်ကိုလည်း ဂရုပြုမိ၏။

စက်တင်ဘာလဆန်းတွင်မူ ဂလပ်စဂိုမြို့တွင် အသစ် ဆောက်လုပ်ခဲ့သော ဟစ်ပိုဒရုန်းပြဇာတ်ရုံတော်ကြီးဖွင့်ပွဲတွင် မဟာဟူဒီနီ၏ ပဥ္စလက်ပြပွဲဖြင့် ဖွင့်လှစ်မည်ဟု ကြေညာထားသည်။ ရုံတော်ကြီးမှာ ခေတ်မီပြင်ဆင်ထားသဖြင့် ဟူဒီနီအဖို့ ကံကောင်းသည်ဟု ဆိုရမည် ဖြစ်၏။ ရုံတော်ကြီး၏အဝင်ဝနှင့် လမ်းဆုံတွင် ဟူဒီနီ၏ ကြီးမားသော ပိုစတာကြီး

ဖြင့် 'လက်ထိပ်ကောရာဇ်ဟူဒီနီ၏ ပဉ္စလက်ပညာသစ်ပြပွဲကြီး' ဟု ကြော်ငြာထားသဖြင့် ပရိသတ်အဖို့ တအံ့တသြပြောဆိုနေကြ၏။ ဟူဒီနီကလည်း ယခင် သူ အခေါက်ခေါက်ရောက်ခဲ့စဉ်က ပြသခဲ့သော ပဉ္စလက်ပြကွက်များမှ လမ်းခွဲထွက်သောပြကွက်များကို တီထွင်ထား၏။ ဇာတ်စင်ပေါ် အပြင်အဆင်ကိုလည်း ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် မွမ်းမံထားသည်။ သူ မဟာလွတ်မြောက်မှုပြကွက်သစ် ပြသနိုင်ရန် ဂလပ်စကိုမြို့ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ တီထွင်ပြုလုပ်ထားသော အဖုံးအပိတ်ပါပြီး အာမခံသော့များနှင့် ပိတ်ထားသော ခြင်းတောင်းကြီးအတွင်းရှိ အနှောင်အဖွဲ့မှ စက္ကန့်ပိုင်းအတွင်း လွတ်မြောက်လာသည့်ပြကွက် ဖြစ်၏။ ဤပြကွက်ဆန်းမှာ ယခင် မည်သည့်ပဉ္စလက်ဆရာမှ တင်ဆက်ပြသခြင်းမရှိသောပြကွက် ဖြစ်၏။

ဟူဒီနီသည် ယခင် သူပြသသည့် ပဉ္စလက်ပြပွဲများတွင်း လာရောက် အားပေးကြည့်ရှုသူများကို သူကပင် စတင်၍ စိန်ခေါ်ခဲ့၏။ ယခု ပဉ္စလက်ပြပွဲများတွင်မူ တစ်မူထူးခြားလာသည်။ သူကိုယ်တိုင် စိန်ခေါ်ခြင်းမပြုတော့ဘဲ ပြပွဲတက်ရောက်ကြည့်ရှုသူများက စတင်စိန်ခေါ်မှုကိုပင် လက်ခံ၍ သူ့စွမ်းအင်ကို ပြသခဲ့တော့သည်။ ဟူဒီနီမှာ နာမည်ကျော်လာခဲ့သည်နှင့်အမျှ သူ့အတွက် ညကြေးမှာလည်း မည်သည့်ပဉ္စလက်ဆရာမှ မရဘူးသောကြေး ရရှိခဲ့သည်ဟု မှတ်တမ်းများအရ သိရသည်။

ယခုအခေါက်တွင်မူ ဟူဒီနီ၏ ဇာတာစန်းလင်္ဂမျိုးတက်ချိန် စန်းပွင့်ချိန်ဟု ဆိုရမည် ဖြစ်၏။ သူ့အား ကန်ထရိုက်တာများက တစ်ညလျှင် ညကြေး ဒေါ်လာ (၂၁၅၀) ပေးရသည်ဟု ဆိုသည်။ ယနေ့ ငွေလဲလှယ်နှုန်းတန်ဖိုးဖြင့် တွက်မည်ဆိုက ဒေါ်လာ (၂၁၅၀၀၀) ကျော် ဖြစ်သည်။ ဟူဒီနီ သူ့ပွဲစဉ်များပြသခဲ့သော ဂလပ်စဂို၊ မန်ချက်စတာလိ(ဒ်)မြို့များတွင် အင်္ဂလန်မှ နာမည်ကြီး ပဉ္စလက်ဆရာများပြသနေသည့် ပဉ္စလက်ပြပွဲများနှင့် ထိပ်တိုက်တွေ့ခဲ့ရသည်။

ပွဲကြည့်ပရိသတ်ကမူ ဟူဒီနီ ပဉ္စလက်ပွဲပြသနေသော ပြဇာတ်ရုံများတွင် ရုံလျှံအောင် တိုးဝှေ့အားပေးခဲ့သည်ဟု ဆိုသည်။ စိန်ခေါ်သူပွဲကြည့်ပရိသတ်များကိုလည်း ဟူဒီနီက တတ်နိုင်သလောက်လက်ခံပြီး ပဉ္စလက်ပွဲကို ပြသသည်။ စိန်ခေါ်ပွဲတိုင်း နိုင်ခဲ့တော့သည်။ သူ့ပွဲများသည် ပွဲတိုင်းရုံပြည့်သည်။ သူ့အဖို့ အောင်ပွဲသရဖူဆောင်းရသောနှစ် ဖြစ်သည်။ အင်္ဂလန်နိုင်ငံမှ ကန်ထရိုက်တာများကလည်း သူ့ပွဲစဉ်များကို ငှားရမ်းရန် စီစဉ်ကြသည်။

သို့သော် ဟူဒီနီ၏ အမေရိကန် ကန်ထရိုက်တာများက ဟူဒီနီအား အမေရိကန်ပြည်ထောင်စုသို့ တတ်နိုင်သလောက် အမြန်ဆုံး ပြန်လာရန် သတင်းပို့ကြသည်။ လိ(ဒ်)မြို့တွင် ဇူလိုင်လ (၈) ရက်နေ့ အထိ သူ့ပြပွဲများကို ဆက်လက် ပြသခဲ့၏။ ရက်ပေါင်းများစွာ ကြာမြင့်ခဲ့

သော်လည်း ဟူဒီနီက ပွဲစဉ်များကို ဆက်လက် ထိန်းထားနိုင်ခဲ့သည်။ ကန်ထရိုက်တာများအဖို့ သောက်သောက်လဲဝင်ငွေရခဲ့၏။

❐

ပညာရွှေတောင်စာအုပ်တိုက်

## (၁၁)

လိ(သ်)မြို့ ပွဲစဉ်များပြီးဆုံးသည့် ဇူလိုင်လ (၈) ရက်နေ့ညတွင်ပင် ဟူဒီနီနှင့် ဇနီးတို့ခေါင်းဆောင်သော ပဥ္စလက်အဖွဲ့သည် လိ(သ်)မြို့ ဘူတာရုံကြီးမှ ဆောက်(သ်)သန်ပတန်မြို့သို့ ထွက်ခွာမည့် အမြန်မီးရထားဖြင့် လိုက်ပါရန် စီစဉ်ခဲ့ကြသည်။ လိ(သ်)မြို့သူမြို့သားအများသည် ဘူတာရုံသို့ ဟူဒီနီတို့အဖွဲ့အား နောက်ဆုံးနှုတ်ဆက်ရန် ရောက်ရှိလာကြသည်။ ပရိသတ်များ အလွန်များပြားသဖြင့် လိ(သ်)မြို့မှ ရဲအဖွဲ့ဝင်များက ထိန်းသိမ်းကြိုးကြပ်ပေးရသည်ဟု ဆိုသည်။ ဟူဒီနီတို့တည်းခိုသောဟိုတယ်မှ မီးရထားဘူတာရုံအထိ မြို့သူမြို့သားအများ တန်းစီစောင့်ကြသည်ဟု ထိုစဉ်က လိ(သ်)မြို့မှ ထုတ်ဝေသော ဒေသခံသတင်းစာက ရေးသား ဖော်ပြခဲ့၏။

ဟူဒီနီ၏ ပဥ္စလက်ပညာအား လေးစားကြသူ၊ ဟူဒီနီအား ကြည်ညိုကြသူများက ဟူဒီနီအား ဘူတာရုံသွားရာလမ်းတစ်လျှောက်တွင် ထမ်းပိုး၍သွားခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့၏။ ဟူဒီနီသည် အင်္ဂလန်နိုင်ငံမှ ဗြိတိသျှပရိသတ်အား ရက်သတ္တပတ်ပေါင်းများစွာ ဆွဲဆောင်ထားနိုင်အောင် အစီအစဉ်အသစ်များ၊ တအံ့တဩဖြစ်စေသော ပြကွက်အသစ်များဖြင့် တင်ဆက် ပြသလေ့ရှိ၏။ သို့ဖြစ်၍ ဟူဒီနီ အင်္ဂလန်နိုင်ငံသို့ အခေါက်ခေါက်အခါခါ ရောက်ခဲ့ပြီးဖြစ်သော်လည်း သူ့ပဥ္စလက်ပြကွက်များမှာ ရိုးမသွား၊ ထာဝစဉ်ဆန်းသစ်နေသည်။ သူပြလေ့ရှိသော အနှောင်အဖွဲ့မှ မဟာလွတ်မြောက်မှုများပြကွက်နှင့် ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူ၊ အံ့ဖွယ်ကောင်းသော သံဘိုင်လာအိုးကြီးအတွင်းမှ လွတ်မြောက်မှု စသောပြကွက်များ၊ သူ၏ စိန်ခေါ်မှုပြကွက်များမှာ ကြည့်ရှုသူများအဖို့ ထာဝစဉ်အံ့ဖွယ်ဖြစ်နေရပြီး သူ့ပြကွက်ပြသသည့်ရုံများမှာ အမြဲလိုလို ရုံပြည့်လျှံ၍ ဩဘာလက်ခုပ်သံများ ညစဉ် ပွက်လောရိုက်သွားလေ့ ရှိ၏။

ဤကဲ့သို့ အခြေအနေမျိုး အမေရိကန်ပြည်ထောင်စုတွင် သူပြန်

လည် ကြုံတွေ့ရပါမည်လောဟူ၍ ဟူဒီနီသည် ထာဝစဉ် ပူနေမိသည်။ ယခုတစ်ခေါက် ပြန်လာခဲ့သည့်ခရီးတွင် အမေရိကန်ပြည်ထောင်စု ပွဲကြည့်ပရိသတ်အဖို့ အံ့သြပြီးရင်းအံ့သြရင်း ဖြစ်ရမည့် အစီအစဉ်များကို ပြသနိုင်ရန် အစီအစဉ်သစ်များ ကြံစည်ထားခဲ့သည်။ အဆက်မပြတ် အံ့မခန်းဖြစ်ပုံဆန်းများကို တီထွင်နိုင်မှသာ သူ ထာဝစဉ်ဖြစ်လိုသော လူအများလေးစားသည့် ပဥ္စလက်ပညာရှင်ကြီးဖြစ်လာမည် မဟုတ်လော။ သူ့စိတ်တွင် လူသေသော်လည်း နာမည်မသေလို။ ပဥ္စလက်ပညာသမိုင်းတွင် အခြားပဥ္စလက်ဆရာများ မလုပ်ဝံ့သော ပြကွက်များကို ပြသနိုင်ရမည်ဟု မှတ်ယူထား၏။

အမေရိကန်ပြည်ထောင်စုလူထုသည် သူ့အား ယခင် သူ ဥရောပတိုက်မှ ပြန်လာခဲ့စဉ်က လှိုက်လှိုက်လှဲလှဲကြိုဆိုသကဲ့သို့ ကြိုဆိုကြသည်။ ပြပွဲကန်ထရိုက်တာများကလည်း သူ့ထက်ငါ ပွဲစဉ်များရေးဆွဲ၍ သူ့အား ကြိုဆိုကြသည်။ အမေရိကန်ပြည်ထောင်စုမှထုတ်ဝေသော သတင်းစာကြီးများကလည်း သူ့သတင်းကို မျက်နှာဖုံးသတင်းအဖြစ် တခမ်းတနား ရေးသား ဖော်ပြခဲ့ကြသည်။ သူ အမေရိကန်ပြည်ထောင်စု ပြန်ရောက်ရှိခဲ့ပြီး ရက်သတ္တပတ်တိတိအကြာတွင် ဘိုစတုန်မြို့မှ ဩဇာတိက္ကမ အကြီးမားဆုံး သတင်းစာကြီးဖြစ်သည့် ဘိုစတုန်ကမ္ဘာလုံးသတင်းစာ (ဘိုစတုန်ဂလုပ်) ကြီး၌ ဘိုစတုန်အားကစားနှင့် ကာယပညာအသင်းအဖွဲ့ဝင်များနှင့် ဟူဒီနီတို့၏ စိန်ခေါ်ပွဲသတင်းကို မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြထား၏။ ဤစိန်ခေါ်ပွဲတွင် ယခင် မဟာလွတ်မြောက်မှုများပြကွက်များကဲ့သို့ အာမခံသော့များ၊ အထူးစီမံထားသော အာမခံလက်ထိတ်များ၊ သံခြေချင်းများအနှောင်အဖွဲ့မှလွတ်အောင် ရုန်းထွက်သည့် စိန်ခေါ်ပွဲမဟုတ်။ ယခင် စိန်ခေါ်ပွဲမှ လမ်းခွဲထွက်လာသော စိန်ခေါ်ပွဲ ဖြစ်သည်။

ပထမတွင် ဟူဒီနီကမူ သူ့စိန်ခေါ်ပွဲတက်ရောက်သူများအားလုံးထဲမှ မိမိကိုယ်မိမိ ရဲစွမ်းသတ္တိရှိသူဟု ယူဆသူ (၂၇)ဦးတို့အား ရွေးချယ်ပေးရန် တင်ပြသည်။ စိန်ခေါ်ပွဲတက်ရောက်သော ဘိုစတုန်မြို့ အားကစားနှင့် ကာယပညာရှင်များအဖွဲ့မှ လူကြီး (၂၇) ယောက်က လက်များထောင်၍ ရှေ့သို့ထွက်လာခဲ့သည်။ ဟူဒီနီကမူ သူ့လက်တွင်းမှ အပ်ကြီး(၂၇) ချောင်းကို ထောင်ပြလိုက်သည်။ ရွေးချယ်ထားသော ပုဂ္ဂိုလ် (၂၇)ဦးသည် ဤအပ်ကြီး (၂၇)ချောင်းကို သေသေချာချာကြည့်ရှုစေသည်။ စိတ်ကျေနပ်လောက်အောင် စစ်ဆေးကြည့်ရှုပြီးမှပင် ထိုလက်ရွေးစင် ပုဂ္ဂိုလ် (၂၇)ဦးအနက် မည်သူသည် ဤအပ်ကြီးဖြင့် အထိုးခံနိုင်ပါမည်နည်းဟု မေးခွန်းထုတ်ခဲ့သည်။

ဟူဒီနီရှေ့တွင်ရပ်နေသူ ပုဂ္ဂိုလ်(၂၇)ဦးမှာ တုတ်တုတ်မျှမလှုပ်ကြ။ မည်သူမျှ ဟူဒီနီ၏ စိန်ခေါ်မှုကို လက်မခံနိုင်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အသံတိတ်နေကြတော့သည်။ သူ၏ စိန်ခေါ်မှုကို

မည်သူမျှ လက်မခံနိုင်ကြောင်း သိသည်နှင့် ဟူဒီနီသည် အပ်ကြီးတစ်ချောင်းကိုယူခဲ့ပြီး သူ့ဝဲဘက်ပါးကို ရုတ်တရက် ထိုးသွင်းလိုက်သည်နှင့် ခန်းမအတွင်း ရှိနေကြသော ဘိုစတုန်းမြို့ အားကစားနှင့် ကာယပညာသည်များအားလုံးသည် ဟာခနဲ ဟင်ခနဲ အသံထွက်လာသည်။ ထိုးသွင်းလိုက်သည်ထက် အံ့စရာကောင်းသည်မှာ ပါးတွင် နစ်မြုပ်နေသောအပ်ကြီးကို ရုတ်တရက် ဆွဲနုတ်လိုက်သော်လည်း သွေးထွက်ခြင်း၊ ရောင်လာခြင်း၊ အဖုထွက်လာခြင်း မတွေ့ရပေ။ ပရိသတ်များ၏ မျက်စိရှေ့မှောက်မှာပင် ရွေးချယ်ထားသောလူများအားခေါ်ယူ၍ အပ်ကြီးများကို သူ့မျက်လုံးနှင့် နှာခေါင်းမှတစ်ပါး မိမိ၏ အခြားကိုယ်ခန္ဓာအစိတ်အပိုင်းများပေါ်တွင် စိတ်ကြိုက်ထိုးသွင်းနိုင်ကြောင်း ပြောလိုက်သည်နှင့် လက်ရွေးစင်ပုဂ္ဂိုလ် (၂၇)ဦးသည် သူတို့တစ်ယောက်မှ အထိုးမခံဝံ့သော အပ်ချောင်းများကို မိမိတို့ဆန္ဒအတိုင်း ဟူဒီနီ၏ ကိုယ်ခန္ဓာတစ်ခုလုံးကို ထိုးသွင်းကြတော့၏။

ကြည့်ရှုသူအများကမူ ဟာခနဲ ဖြစ်သွားကြသည်။ ဟုတ်မှဟုတ်ပါ့မလား၊ အိပ်မက်မက်နေတာလားဟု ထင်ကြသည်။ သူတို့မျက်စိများကိုပင် သူတို့မယုံကြည်။ အံ့အားသင့်လျက်ရှိကြသည်။ ပထမ ဟူဒီနီ စကားပြောနေစဉ် သရော်ပြုံးပြုံးနေကြသူများသည်ပင် အပြုံးရပ်သွားပြီး ထူးဆန်းသော အံ့ဖွယ်သရဲမြင်ကွင်းကြောင့် အံ့အားသင့်လျက် ရှိသည်။ ဟူဒီနီမှာ လူစင်စစ်ဖြစ်ပါသလား၊ ပယောဂပူးကပ်နေသလော။ လူနှစ်ဆယ့်ခုနစ်ယောက်တို့က စိတ်ရှိလက်ရှိထိုးသွင်းသော အပ်များဒဏ်ကို မျက်နှာတစ်ချက်မှမပျက်ရှိနေသည်မှာ စဉ်းစားစရာကောင်းနေတော့၏။ ယင်းကိစ္စရပ်သည် သာမန်လူသားများအဖို့ မထူးဆန်းပါကလား။ တကယ့်အံ့ဖွယ်သရဲပြကွက် ဖြစ်၏။

ဤစိန်ခေါ်ပွဲသို့ တက်ရောက်သူအားလုံးသည် ဟူဒီနီအား မျက်ခြည်မပျက် စူးစိုက်ကြည့်နေကြသည်။ အပ်နှင့်ထိုးသည့် နှစ်ဆယ့်ခုနစ်ဦးတို့ မိမိထိုင်ခုံများတွင် ပြန်လည် ထိုင်မိသည်နှင့် ဟူဒီနီသည် စိန်ခေါ်ပွဲသို့ တက်ရောက်သူများထဲမှ ဆရာဝန်တစ်ဦး ခေတ္တ သူ့ထံလာရောက်ရန် ဖိတ်ခေါ်ပြန်သည်နှင့် ဆရာဝန်လူငယ်တစ်ဦးသည် ဟူဒီနီရပ်နေသောနေရာသို့ ရောက်လာခဲ့သည်။ ဟူဒီနီက ထိုဆရာဝန်လူငယ်ရှေ့၌ပင် သူ့ခန္ဓာကိုယ်တွင် ထိုးသွင်းထားသော အပ်များကို တစ်ချောင်းချင်း နုတ်ယူလိုက်သည်။ ဟူဒီနီ၏ ပြုလုပ်ဆောင်ရွက်ချက်များကို သေသေချာချာ ဆရာဝန်လူငယ်က ကြည့်ရှုသည်။ ထူးဆန်းနေသည်မှာ အပ်ထိုးခံရသောဒဏ်ရာများမှ သွေးယိုစီးခြင်း၊ သွေးစို့ခြင်းမရှိသည်ကို တွေ့ရသည်။

ဟူဒီနီသည် ထိုအပ်ကြီး (၂၇)ချောင်းကို သူ့လက်ဝါးအတွင်း ထည့်ထားပြီး ဆရာဝန်လူငယ်အား သေသေချာချာ စစ်ဆေးကြည့်ရှုစေပြန်သည်။ ဆရာဝန်လူငယ် စိတ်ကျေနပ်အောင် ကြည့်ရှုပြီးသည်နှင့် ဟူဒီနီ

သည် ဆရာဝန်လူငယ်ရှေ့တွင် အပ်ချောင်းများကို တစ်ချောင်းပြီးတစ်ချောင်း ပါးစပ်တွင်းသို့ သွင်းလိုက်ပြီး အားပါးတရ မြိန်မြိန်ရှက်ရှက်စားတော့သည်။ သူသွားများနှင့် အပ်ချောင်းများ ထိခိုက်ကြိတ်သည့်အသံကို သေသေချာချာကြားနေရသည်။ ဤစိန်ခေါ်ပွဲသို့ တက်ရောက်သူအားလုံးမှာ အံ့အားသင့်လျက်ရှိကြပြီး ဟုတ်မှဟုတ်ပါ့မလားဟု စိတ်တွင် ထင်မြင်ကြသည်။ အနီးကပ် စောင့်ကြည့်နေသော ဆရာဝန်လူငယ်မှာလည်း ဟူဒီနီသည် သာမန်လူမှ ဟုတ်ပါ့မလားဟု ထင်ရသည့်အနေဖြင့် မျက်တောင်မခတ်ကြည့်နေတော့၏။ ဟူဒီနီကမူ မျက်နှာတစ်ချက်မျှ ပျက်ခြင်းမရှိ။ သူ့အပ်ချောင်းများကို ကြေညက်စေရန် ဝါးနေသည်ကို အများမြင်စေရန် ပါးစပ်ဟပြသည်။

ထို့နောက် ဟူဒီနီသည် သူဝါးနေသည့် အပ်ချောင်းများကို မျိုချလိုက်တော့သည်နှင့် စောင့်ကြည့်နေသောလူငယ်မှာ ကြက်သေသေသွားသည်။ ဟူဒီနီကမူ ပုံမှန်အတိုင်း လုံးဝ မျက်နှာပျက်သွားခြင်းမရှိ။ ခန်းမအတွင်းရှိနေသော တပည့်တစ်ယောက်အား ရေတစ်ဖန်ခွက် ခပ်ယူလာစေပြီး အားရပါးရ သောက်ပြလိုက်တော့၏။

ကြည့်ရှုသောပရိသတ်မှာ လက်ခုပ်ဩဘာပေးရန်ပင် မေ့လျော့နေကြ၏။ မိနစ်အနည်းငယ်ကြာမြင့်လာမှပင် တစ်ခဲနက် သောသောညံသွားအောင် ဩဘာပေးခဲ့ကြ၏။ ဟူဒီနီကမူ ဤပြကွက်ဆန်းမှာ အမှန်တကယ်အားဖြင့် ထူးလျက်နှင့်မဆန်းဟု ဆိုနိုင်ပါကြောင်း။ အဘယ့်ကြောင့်ဆိုသော် ယင်းအံ့ဖွယ်ကောင်းသောပြကွက်မှ သူတီထွင်ခြင်း မဟုတ်။ ယခုမှတီထွင်ပြသသော ပဥ္စလက်ပြကွက်လည်းမဟုတ်ကြောင်း၊ ထိုထူးဆန်းအံ့ဖွယ်ကောင်းသော ပြကွက်ဆန်းများကို အိန္ဒိယနိုင်ငံတွင် ပဥ္စလက်ဆရာကြီးများ၊ ယောဂီကြီးများက ရှေးပဝေသဏီကပင် ပြသခဲ့ကြောင်း ထိုပညာရပ်ကို သူ အရှေ့တိုင်းယောဂီကြီးများထံမှ သင်ယူခဲ့ပြီး ပြသခြင်း ဖြစ်သည်ဟု ရှင်းပြခဲ့၏။

ဤစိန်ခေါ်ပွဲသတင်းသည် တအံ့တဩ ဟိုးလေးတကျော်ဖြစ်သွားတော့၏။ ထိုပြကွက်ကို ကြည့်ရှုလိုက်ရသော ပရိသတ်အဖို့ ပြောမဆုံးအောင် တောသုံးထောင်ဖြစ်ရတော့သည်။ ယင်းစိန်ခေါ်ပွဲသတင်းကို ရရှိသွားကြသောသတင်းမှဆိုးများသည် မိမိတို့ သတင်းစာများတွင် စာဖတ်ပရိသတ် စိတ်ဝင်စားအောင် ခေါင်းစဉ်များဖြင့် ရေးသား ဖော်ပြခဲ့၏။ ဘိုစတုန်ဂလုပ် (ကမ္ဘာလုံး) သတင်းစာကြီးကမူ 'ပဥ္စလက်ဆရာလော၊ နာနာဘာဝလော' ဟူသော စီးစီးပိုင်ပိုင်ရှိသော ခေါင်းစဉ်ဖြင့် ထိုစိန်ခေါ်ပွဲသတင်းကို အသေးစိတ် ဖော်ပြပေးခဲ့၏။

၁၉၀၅ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့၊ ညနေ (၃) နာရီတွင် အမေရိကန်ပြည်ထောင်စု မဟာက်တန်မြို့ လူစည်ကားရာရပ်ကွက်အနီးရှိ ဘက်ထရီပန်းခြံအနီး မြေကွက်လပ်တွင် အတော်အသင့်များပြားသော

ပရိသတ်များ ရုတ်တရက် စုဝေးရောက်ရှိလာကြသည်။ အမှန်အားဖြင့် ထိုစုဝေးပွဲသည် ဟူဒီနီနှင့် အမေရိကန်ပြည်ထောင်စုမှ ပန်းချီဆရာ ဂျက်ကွိဘူဒီနီဆိုသူတို့၏ စိန်ခေါ်ပွဲ ဖြစ်သည်။ ထိုစိန်ခေါ်ပွဲကို စိန်ခေါ်သူများနှင့် နီးစပ်ရာများကိုသာ ဖိတ်ကြားထားသော်လည်း ထိုသတင်းမှာ တောမီးပမာ ပျံ့နှံ့သွားသဖြင့် လူအုပ်ကြီးမှာ တစ်စတစ်စ များပြားလာသည်။ စိန်ခေါ်သည့်နေရာမှာလည်း ဟက်ဆန်းမြစ်ကမ်းဘေးတွင်ဖြစ်သဖြင့် လူသိရှင်ကြားဖြစ်သွားရတော့သည်။ သတင်းအနံ့ရသည့် သတင်းစာကြီးများမှ သတင်းမုဆိုးများကလည်း ရုတ်တရက် စုဝေးရောက်ရှိလာကြသည်။

ဟူဒီနီနှင့် စိန်ခေါ်သူ ပန်းချီဆရာ ဂျက်ကွိဘူဒီနီတို့သည် လက်များကို နောက်ပြန်လက်ထိတ်ခတ်ကြသည်။ ခြေထောက်များကိုလည်း သံခြေချင်း အထပ်ထပ်ခတ်ကြပြီး ဟတ်ဆန်မြစ်အတွင်း ခုန်ဆင်း၍ အနှောင်အဖွဲ့မှ မည်သူ အမြန်ဆုံးလွတ်မြောက်မည်ကို ပြိုင်ဆိုင်ကြခြင်း ဖြစ်၏။

ဟူဒီနီ၏ ယခင်စိန်ခေါ်ပွဲအများမှာ အာဏာပိုင်များ၊ စာနယ်ဇင်းသမားများနှင့် စုံထောက်များသာ ဖြစ်သည်။ ထိုစိန်ခေါ်ပွဲအများမှာ ဇာတ်စင်များ၊ ရဲနှင့် စုံထောက်အဖွဲ့ရုံးများ၊ အကျဉ်းထောင်ရုံးများသာ ဖြစ်သည်။ ထိုစိန်ခေါ်ပွဲအားလုံးမှာ အနှောင်အဖွဲ့မှ လွတ်မြောက်သည့် ပန်းချီပြကွက်မျိုးများသာ ဖြစ်ခဲ့၏။ ပန်းချီဆရာများမှ စိန်ခေါ်မှုနည်းပါးသည် ဟုဆိုနိုင်ပါသည်။ ယခုစိန်ခေါ်ပွဲမှာမူ လူအများ လွတ်လွတ်လပ်လပ် မိမိတို့ထင်သလို စစ်ဆေးကြည့်ရှုနိုင်သောနေရာ ဖြစ်၏။

ဟူဒီနီက ဤကဲ့သို့ နေရာကိုရွေး၍ စိန်ခေါ်ခြင်းမှာ အကြောင်းရှိပါသည်။ သူ၏ အာမခံလက်ထိတ်များ၊ သံခြေချင်းများ စသော အနှောင်အဖွဲ့မှ မဟာလွတ်မြောက်သူဟု ကင်ပွန်းတပ်ထားသော ပန်းချီပြကွက်သည် ဇာတ်စင်ပေါ်တွင်သာ မဟုတ်။ ကမ္ဘာ့မြေပြင် မည်သည့်နေရာတွင်မဆို ပြသနိုင်သူဟူသောအချက်ကို လူအများ သိစေလိုသောကြောင့် ဖြစ်၏။

ယခု စိန်ခေါ်ပွဲမှာ ပထမတွင် လူအနည်းငယ်သာ တက်ရောက်ကြည့်ရှုကြလိမ့်မည်ဟု ထင်ခဲ့သည်။ သို့သော် နောက်တစ်နေ့တွင် ထုတ်ဝေသော သတင်းစာများအရဆိုရလျှင် လူပေါင်း (၃၀၀၀) ကျော် တက်ရောက် ကြည့်ရှုခဲ့သည်ဟု ဆိုသည်။ သတင်းစာကြီးများမှ သတင်းမုဆိုးပေါင်း ရာချီ၍ တက်ရောက်ခဲ့သည်။ ဟူဒီနီအား ယခင်စိန်ခေါ်ပွဲများ အတိုင်း ပရိသတ်များရွေးထားသော ကိုယ်စားလှယ်များနှင့် သူ့ညီဖြစ်သူ သီယို (ဟာဒင်ဟု အမည်ပြောင်းခဲ့သည်။) တို့က သူ၏လက်များကို နောက်ပြန်လက်ထိတ်ခတ်ကြသည်။ ခြေထောက်များကိုလည်း သံခြေချင်းအထပ်ထပ်ခတ်ကြပြန်သည်။ ထို့အတူ စိန်ခေါ်သူ ဂျက်ကွိဘူဒီနီဆိုသူ ပန်းချီ

ဆရာကိုလည်း ဟူဒီနီကဲ့သို့ လက်ထိတ်များ၊ သံခြေချင်းများ ခတ်ကြ၏။ သူတို့နှစ်ဦးအား စိန်ခေါ်ပွဲကြီးကြပ်သူများက လှေတစ်စင်းပေါ်တွင် တင်ခေါ်ခဲ့ကြပြီး ဟတ်ဆန်မြစ်ကမ်းခြေမှ ကိုက်အနည်းငယ်ကွာဝေးသော နေရာသို့ရောက်သည်နှင့် မြစ်အတွင်း ခုန်ချစေသည်။ ကမ်းလုံးညွတ် စောင့်ကြည့်နေကြသော ပရိသတ်ကြီးမှာ ငြိမ်သက်စွာ စောင့်ကြည့်နေကြသည်။ အချို့မှာမူ မိမိတို့မျက်လုံးများကို မှိတ်ထားကြသည်ဟု ဆိုသည်။ မည်သူသည် မိမိကိုယ်အား အထပ်ထပ်ခတ်ထားသော သံကြိုးများ၊ လက်ထိတ်များ၊ သံခြေချင်းများမှ လွတ်မြောက်လာမည်နည်း သို့မဟုတ် စိန်ခေါ်သူနှစ်ဦးစလုံး ဟတ်ဆန်မြစ်အတွင်း ရေနစ်၍ ကွယ်လွန်ကြမည်လော။ စိတ်အားထက်သန်လှသော ပရိသတ်ကြီးသည် စိန်ခေါ်သူနှစ်ဦး ခုန်ဆင်းသွားသောရေပြင်အတွင်း စောင့်ကြည့်နေကြသည်။

စက္ကန့်သုံးဆယ်ခန့်အကြာတွင် ရေပေါ်သို့ လက်ထိပ်ဓကရာဇ် မဟာဟူဒီနီပေါ်လာသည်နှင့် ကမ်းလုံးညွတ်မျှ စောင့်ကြည့်နေသူများသည် ဝေါခနဲ အသံထွက်လာသည်။ ဟူဒီနီသည် ရေပြင်တစ်ဝိုက် သူ့အား စိန်ခေါ်သူ ဂျက်ကွိဘူဒီနီကို လှမ်းကြည့်သည်။ သူ၏ အရိပ်အယောင်မျှ မတွေ့ရဖြစ်နေ၏။ ဟူဒီနီသည် လှေပေါ်တွင်ရှိနေသော သတင်းစာသမားများအား -

"ဂျက်ကွိဘူဒီနီ ဘယ်မှာလဲဗျို့"

ဟု လှမ်းမေးသည်။

သတင်းစာ သမားများကလည်း ထိုမေးခွန်းအဖြေကို မပေးနိုင်ဖြစ်နေသည်နှင့် ရေထဲသို့ ငုပ်သွားခဲ့ပြန်သည်။ နှစ်မိခန့်အကြာတွင်မူ ဟူဒီနီသည် သူ့အနှောင်အဖွဲ့အားလုံးမှ လွတ်သွားပြီး ခြေချင်းများ၊ လက်ထိတ်များကို လက်တစ်ဖက်ဖြင့်မ,၍ ပရိတ်သတ်ကြီးအား ပြလိုက်သည်။ ကမ်းပေါ်မှ ပရိသတ်အားလုံးမှာ ဟာခနဲ အသံလျှံထွက်လာသည်။ လက်ခုပ်ဩဘာသံများ မစဲအောင်ညံနေသည်။ သူ့အား စိန်ခေါ်သူ ဂျက်ကွိဘူဒီနီ၏ အရိပ်အယောင်ကိုပင် မတွေ့ရဖြစ်နေသည်။

"ဂျက်ကွိဘူဒီနီကို ရှာကြဗျို့၊ ရှက်ဖွယ် ရှက်ဖွယ်"

ဟူသောအသံများ ထွက်လာသည်။

ဤကဲ့သို့ ပရိသတ်အသံများ မစဲအောင်ထွက်ပေါ်နေချိန်တွင် စိန်ခေါ်သူ ဂျက်ကွိဘူဒီနီမှာ ရေမျက်နှာပြင်ဘက်သို့ ရုတ်တရက် ပေါ်လာသည်။ သူ့လက်များမှာ လက်ထိတ်များခတ်ထားဆဲ ဖြစ်နေသည်။ ချက်ချင်း ရေအောက်မြုပ်သွားပြန်သည်။ ပရိသတ်အများကမူ ဂျက်ကွိဘူဒီနီ ရေနစ်သေဆုံးမည်ကို စိုးရိမ်ကြသဖြင့် အမြန်ဆုံး ကယ်ဆယ်ရန် လှေပေါ်မှ စာနယ်ဇင်းသမားများအား အော်ဟစ်ပြောဆိုကြ၏။

ဂျက်ကွိဘူဒီနီမှာ ဒုတိယအကြိမ် နစ်မြုပ်သွားပြန်သည်။ သို့ဖြစ်၍ နောက်တစ်ချီ ရေပေါ်သို့ပေါ်လာလျှင် ကယ်ဆယ်ရန် စီစဉ်ကြရတော့၏။

မျှော်လင့်ထားသည့်အတိုင်း တတိယအကြိမ်ပေါ်လာသည်နှင့် စိန်ခေါ်သူ ပဉ္စလက်ဆရာ ဂျက်ကွိဘူဒီနီအား လေ့ပေါ်သို့ ဆွဲတင်လိုက်ကြရတော့၏။

ပရိသတ်ကြီး၏ အံ့အားသင့်သည့်အသံ၊ ဟူဒီနီ၏အမည်ကိုခေါ်၍ အားပေးသည့်အသံများ၊ ကောင်းချီးပေးသည့်အသံများ မိုးလုံးညံသွားသည်။ ပရိသတ်၏ အသံမစဲမီမှာပင် စိန်ခေါ်သူ ဂျက်ကွိဘူဒီနီက သူ အရှုံးပေးခဲ့ပြီဖြစ်ကြောင်း စာနယ်ဇင်းသမားများအား ထုတ်ဖော်ပြောပြ တော့သည်။

ဟူဒီနီကား တကယ့် မဟာဟူဒီနီဖြစ်ခဲ့လေပြီ။ နောက်နေ့ထုတ် (The New York World) နယူးယောက်ကမ္ဘာ့သတင်းစာကြီးကမူ **ပြိုင်ဘက်ကင်းသော မဟာဟူဒီနီ** ဟူသော စိတ်ဝင်စားဖွယ် ခေါင်းစဉ်ဖြင့် စိန်ခေါ်ပွဲအကြောင်းသတင်းကို ဓာတ်ပုံများ ဝေဝေဆာဆာနှင့် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးခဲ့၏။ ဟူဒီနီသည် အင်္ဂလန်နိုင်ငံမှ ပြန်လာခဲ့ပြီး အံ့မခန်း အဆက်မပြတ် လွတ်မြောက်မှုများကို ပြသနေရသဖြင့် ပြိုင်ဘက်ကင်းသော ပဉ္စလက်ဆရာဘဝသို့ ရောက်ရှိလာခဲ့သည်။ သူ့အဖို့ ရုရှားနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အင်္ဂလန်နိုင်ငံများတွင် စိန်ခေါ်မှုအမျိုးမျိုးနှင့် တွေ့ခဲ့ရသော်လည်း အောင်မြင်မှုရရှိခဲ့၏။ သူအရှုံးပေးခဲ့ရသည့် စိန်ခေါ်မှုမျိုး မတွေ့ခဲ့ရပေ။

ဤဟိုးဟိုးကျော်နေသော ပဉ္စလက်ဆရာကြီးဘဝတွင် အထူးခြားဆုံးနှင့် အခက်ခဲဆုံး စိန်ခေါ်မှုနှင့် ကြုံရပြန်သည်။ ယခင်ဆုံခဲ့ရသော စိန်ခေါ်ပွဲများတွင် ဟူဒီနီက စတင်၍ စိန်ခေါ်လေ့ရှိသောပွဲများ ဖြစ်သည်။ ယခု စိန်ခေါ်ပွဲမှာကား သူ့အား စိန်ခေါ်ခံရသောပွဲ ဖြစ်၏။ စာနယ်ဇင်းလောကမှ သတင်းမှုဆိုးများအဖို့ ပွဲကြီးပွဲကောင်းနှင့် ရေးကွက်အများဆုံးရသော မဟာစိန်ခေါ်မှုဟု ခေါ်ဆိုနိုင်၏။ စိန်ခေါ်သူမှာလည်း ပဉ္စလက်ဆရာတစ်ဦး မဟုတ်ပါ။ လမ်းပေါ်မှ သာမန်လူတစ်ယောက်မဟုတ်ပါ။ အမေရိကန်ပြည်ထောင်စုတွင် လျှမ်းလျှမ်းတောက်ကျော်ကြားသော အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော်ရဲအဖွဲ့မှ အကြီးအကဲ မေဂျာရစ်ချတ်ဆိုင်(လ်)ဗာစတား၏ စိန်ခေါ်မှု ဖြစ်၏။ မေဂျာရစ်ချတ်မှာ ဝါရှင်တန်ဒီစီမြို့တော်ရဲအဖွဲ့၏ အကြီးအကဲဖြစ်သည်သာမက နိုင်ငံတကာရဲအဖွဲ့များ အကြီးအကဲအသင်း (International Association of chief of police) ၏ နာယကကြီး ဖြစ်သည်။ ရဲအတွေ့အကြုံအများဆုံးရှိသူ ဖြစ်၏။

မေဂျာရစ်ချတ်သည် ဟူဒီနီ၏စိန်ခေါ်မှုသတင်းများကို ယခင်ကပင် အထူးဂရုစိုက်၍ ဖတ်ရှုထားသူ ဖြစ်၏။ သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော လက်ထိတ်ဧကရာဇ် မဟာဟူဒီနီ၏ သတင်းများကို သေသေချာချာလေ့လာပြီး သံသယရှိခဲ့သူ ဖြစ်၏။ အမှန်တကယ်ထက် သာသာထိုးထိုး အမွှမ်းတင်ကြသောသတင်းများဟု ယူဆထား၏။ ဟူဒီနီသည် ပဉ္စလက်ဆရာတစ်ဦးဖြစ်သဖြင့် ပရိသတ်များ၏

စိတ်ကို လှည့်စားပေးနေသူ၊ စိန်ခေါ်ပွဲများတွင်လည်း စိန်ခေါ်သူများနှင့် တစ်စုံတစ်ရာအပေးအယူ ရှိကောင်းရှိနိုင်သည်။ သူ နိုင်ငံတကာတွင် ပြသ လေ့ရှိသော မဟာလွတ်မြောက်မှုများဟူသောပြကွက်များသည် တီထွင် သည့် လှည့်စားကွက်များသာ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုရှိ ဆန်ဖရန်စစ္စကိုရဲအဖွဲ့၊ ချီကာဂိုရဲအဖွဲ့နှင့် နယူးယောက်ရဲအဖွဲ့များရှိ လက် ထိပ်၊ သံခြေချင်း စသော အနှောင်အဖွဲ့များအားလုံးမှ လွယ်ကူစွာ ဖြုတ် ထွက်ပြလေ့ရှိသည်မှာ အံ့ဩဖွယ်မဟုတ်။ သူ့ကိုယ်ခန္ဓာတွင် သော့တူများ ဝှက်ထားခဲ့ပြီး ဖွင့်ထွက်ပြခြင်းများသာ ဖြစ်တန်ရာသည်ဟု ယူဆထား သည်။

သို့ဖြစ်၍ မေဂျာရစ်ချတ်က ဟူဒီနီအား စတင်၍ စိန်ခေါ်လိုက် သည်။ ဤစိန်ခေါ်ပွဲကား ပွဲမစတင်မီကပင် သတင်းကြီးခဲ့သောပွဲ ဖြစ် သည်။ ဝါရှင်တန်မြို့မှထုတ်ဝေသော ဝါရှင်တန်ဖို့(စ်)သတင်းစာနှင့် နယူး ယောက်မြို့မှထုတ်ဝေသော သတင်းစာများတွင် ဤသတင်းကို အသား ပေး ရေးသားဖော်ပြခဲ့သည်။ ဤစိန်ခေါ်ပွဲတွင် လက်ထိတ်ဧကရာဇ်ဟူဒီနီ သည် မေဂျာရစ်ချတ်ဦးဆောင်သည့် ဝါရှင်တန်ရဲအဖွဲ့၏ အာမခံလက် ထိတ်နှင့် သံခြေချင်းများ အနှောင်အဖွဲ့မှ ဖြုတ်ထွက်ပြရမည့်အပြင် ဝါရှင် တန်မြို့ရှိ နာမည်ကျော် အမေရိကန်ပြည်ထောင်စုအကျဉ်းထောင်ကြီးရှိ အထူးလုံခြုံရေးကြိုးတိုက် အမှတ် (၃) စခန်းမှလည်း ထွက်ပြရမည် ဖြစ်၏။

ဤအကျဉ်းထောင်ကြီးမှာ အမေရိကန်ပြည်ထောင်စု အကျဉ်း ထောင်များသမိုင်းတွင် လုံခြုံရေးတင်းကျပ်မှုတွင် နာမည်ကျော်ကြား လူသိများခဲ့သော အကျဉ်းထောင်ကြီး ဖြစ်၏။ ကြိုးတိုက်အမှတ် (၃) မှာ ထိုအကျဉ်းထောင်ကြီး၏ ထူးထူးခြားခြား လုံခြုံစိတ်ချရသောအခန်း ဖြစ် ၏။ သမ္မတကြီးဂါ(လ်)ဖီ(လ်)အား လုပ်ကြံသတ်ဖြတ်ခဲ့သော လူသတ် တရားခံ ချာ(လ်)ဂိုက်တီယောအား ထိန်းသိမ်းထားခဲ့သောအခန်း ဖြစ် သည်။ လုံခြုံရေး စိတ်အချရဆုံးအခန်း ဖြစ်သည်ဟု သတင်းကြီးခဲ့၏။

မဟာဟူဒီနီအား လက်ထိတ်များ၊ သံခြေချင်းများ အထပ်ထပ်ခတ် ထားပြီး ဤအခန်းအမှတ် (၃) ကြိုးတိုက်မှ ထွက်ပြရမည် ဖြစ်သည်။ ဤစိန်ခေါ်ပွဲကို စနစ်တကျ အနီးကပ် ကြီးကြပ်ဆောင်ရွက်မည့်ပုဂ္ဂိုလ်မှာ အမေရိကန်ပြည်ထောင်စု အကျဉ်းထောင်လောကတွင် ဟိုးဟိုးကျော်ခဲ့ သော ထောင်မှူးကြီး မစ္စတာဟဲရစ် ဖြစ်သည်။ သို့ဖြစ်၍ ဤစိန်ခေါ်ပွဲမှာ ကျားနှင့်ဆင် လယ်ပြင်တွင်တွေ့ရသော ပွဲကြီးပွဲကောင်း ဖြစ်သည်။

မေဂျာရစ်ချတ်ဆိုင်(လ်)ဗာစတားသည် ဤအမေရိကန်ပြည် ထောင်စု စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များ၊ နိုင်ငံခြားသတင်းဌာနကြီးများ မှ ကိုယ်စားလှယ်များ၊ စာရေးဆရာကြီးများ၊ စစ်ဘက်နယ်ဘက်မှ ထိပ် တန်းအရာရှိကြီးများကို ဖိတ်ခေါ်ထားခဲ့သည်ဟု ဆိုသည်။

၁၉၀၆ ခုနှစ်၊ ဇန်နဝါရီလ (၁၀) နာရီတိတိတွင်မှ ဤမဟာစိန်

ခေါ်ပွဲကြီးကို ဝါရှင်တန်မြို့ အကျဉ်းထောင်ကြီးရှိ ထောင်မှူးကြီးရုံးခန်းတွင် ကျင်းပကြသည်။ အထူးဖိတ်ကြားထားသူအများ တက်ရောက် ကြည့်ရှုလေ့လာကြ၏။ ဤစိန်ခေါ်ပွဲသို့ စိတ်ဝင်စားသော ပြည်သူအများကမူ အကျဉ်းထောင်ကြီးပြင်ဘက်မှ စိတ်ရှည်ရှည်ထား၍ စိန်ခေါ်ပွဲသတင်းနားထောင်ရန် စောင့်နေကြသည်။ ပရိသတ်အထူးစည်ကားသဖြင့် ပွဲလမ်းသဘင်ကျင်းပသည့်အလား ဖြစ်ပေသည်ဟု နောင်အခါ သတင်းစာကြီးများက ရေးသား ဖော်ပြခဲ့၏။

အထူး ကြိုးတိုက်တာဝန်ခံ ထောင်မှူးမစ္စတာဟဲရစ်နှင့် အလားကောင်းမောင်းသန် အကျဉ်းထောင်အမှုသည်လေးဦးတို့သည် စိန်ခေါ်ပွဲမစမီ အကျဉ်းထောင်မှူးရုံးခန်းအတွင်း မဟာဟူဒီနီ၏ ခန္ဓာကိုယ်တစ်ခုလုံးကို အဝတ်များချွတ်၍ စိတ်ကြိုက်ရှာဖွေကြ၏။ ပါးစပ်များ၊ ဒွါရပေါက်များမကျန် ခန္ဓာကိုယ်တွင် သော့တူများဝှက်ထားခြင်း ရှိ၊ မရှိ ပါးစပ်အတွင်းသော့တူများ ရှိ၊ မရှိ ရှာဖွေကြသည်။ စိတ်ကြိုက်ရှာဖွေပြီးသည်နှင့် အတွင်းခံဘောင်းဘီကိုသာ ဝတ်ထားစေ၏။

ထို့နောက် ဟူဒီနီ၏လက်များကို နောက်ပြန်လက်ထိတ်ခတ်လိုက်ကြသည်။ လက်ထိတ်များမှာ အထူးအာမခံနှင့် ပြုလုပ်ထားသောလက်ထိတ်များ ဖြစ်သည်။ သူ့ခြေထောက်များကိုလည်း သံခြေချင်းများ ခတ်ကြပြန်၏။ ထို့နောက် လက်ထိတ်ဆယ်ခုကို တစ်ခုပြီးတစ်ခု ခတ်ကြသည်။ သံခြေချင်းများနှင့် လက်ထိတ်များကိုလည်း ဆက်ခတ်ထားကြပြန်သည်။ မစ္စတာဟဲရစ်သည် လက်ထိတ်အထပ်ထပ်၊ ခြေချင်းအထပ်ထပ် သံကြိုးများနှင့် နှောင်ဖွဲ့ထားသော ဟူဒီနီအား စိန်ခေါ်ပွဲတက်ရောက်သူ စာနယ်ဇင်းသမားများနှင့် တွေ့ဆုံစေသည်။ ဓာတ်ပုံသတင်းထောက်များကမူ သံကြိုးများနှင့် နှောင်ဖွဲ့ထားသော မဟာဟူဒီနီကို ဓာတ်ပုံတဖျပ်ဖျပ်ရိုက်ကြ၏။ စာနယ်ဇင်းသမားများအားလုံးကမူ ဤစိန်ခေါ်ပွဲသည် ဟူဒီနီအတွက် အရှက်ရစေမည့်စိန်ခေါ်ပွဲ ဖြစ်ရပေမည်ဟု စိတ်မကောင်းဖြစ်မိသည်။

စိန်ခေါ်သူ ဝါရှင်တန်ရဲအဖွဲ့အကြီးအကဲဖြစ်သူ မေဂျာရစ်ချတ်ဆိုင်(လ်)ဗာစတားကမူ ဟူဒီနီအား 'ကဲ- ဘယ့်နှယ်ရှိစ' ဟူသော အမူအရာနှင့် စူးစိုက်ကြည့်ပြီး အမှုထမ်းများအား ဟူဒီနီကို ကြိုးတိုက်အမှတ် (၃) သို့ ခေါ်ယူသွားစေတော့၏။ မစ္စတာဟဲရစ်နှင့် အကျဉ်းထောင်အမှုထမ်းများက သူ့အားတွဲ၍ခေါ်ဆောင်သွားခဲ့ပြီး တိုက်ခန်းအတွင်း ထားပစ်ခဲ့ကာ အပြင်မှ သံစကားပေါက်ကို သော့ခတ်လိုက်သည်။

အကျဉ်းထောင်မှူးရုံးခန်းမှစောင့်နေသော စိန်ခေါ်သူများနှင့် ဖိတ်ကြားထားသောဧည့်သည်များမှာ စိတ်တထင့်ထင့်ဖြင့် နားစွင့်နေကြသည်။ (၁၀)မိနစ်ခန့်ကြာသည်နှင့် အထူး အကျဉ်းခန်းအမှတ် (၃) ဘက်မှ ကြမ်းပြင်ပေါ်သို့ လက်ထိတ်များ၊ ခြေချင်းများ၊ သံကြိုးများ စုပုံကျသွားသည့်

အသံကို ကြားရသည်။ ဧည့်သည်အများကမူ ရုံးခန်းအဝကို ကြည့်နေကြသည်။ အံ့ဩဖွယ်ကောင်းလေစွ။ အောက်ခံဘောင်းဘီသာ ဝတ်ဆင်ထားသော ဟူဒီနီသည် ထောင်မှူးကြီးရုံးခန်းတံခါးဝတွင် ရပ်လျက်ရှိနေသည်။ စိန်ခေါ်သူ မေဂျာရစ်ချတ်အပါအဝင် ဧည့်သည်အများမှာ ကြက်သေသေသွားသည်။ ဟူဒီနီကား မည်သည့်အနှောင်အဖွဲ့မျှမရှိတော့။ သို့သော် သူ့တစ်ကိုယ်လုံးမှာ ချွေးများ ရွှဲရွှဲစိုနေသည်။

သူ လက်ထိတ်များ၊ ခြေချင်းများ၊ သံကြိုးအနှောင်အဖွဲ့များ အကျဉ်းတံခါးခတ်ထားသော အာမခံသော့အား မည်ကဲ့သို့ ဖွင့်ထွက်လာခဲ့သနည်း။ ဟူဒီနီကား လူလော၊ နာနာဘာဝလော။ မည်သည့်နည်းနှင့်မျှ လွတ်စရာလမ်းမရှိသည့်နေရာမှ လွတ်လာခဲ့လေပြီ။ မဟာဟူဒီနီဟူသော ဘွဲ့ကို ဆက်လက် ထိန်းထားခဲ့လေပြီ။ နောက်တစ်နေ့ထုတ်ဝေသော ဝါရှင်တန်ဖို့(စ်)သတင်းစာကြီးတွင် ဤမဟာလွတ်မြောက်မှုသတင်းကြီးကို စာလုံးကြီးများဖြင့် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးခဲ့သဖြင့် ဤသတင်းသည် တအံ့တဩ ဟိုးလေးတကျော်ဖြစ်သွားသည်။

အမေရိကန်လူထုသည် ဟူဒီနီ၏ လွတ်မြောက်မှုပြကွက်များကို ကြည့်ရှုခဲ့ကြပြီး ဖြစ်၏။ နယူးယောက်၊ ချီကာဂို၊ ဆန်ဖရန်စစ္စကို စသော မြို့ကြီးများရှိ ရဲစခန်းများတွင် ပြုလုပ်ခဲ့သည့် စိန်ခေါ်ပွဲများတွင် သူ၏ လက်ထိတ်၊ သံခြေချင်း စသော အနှောင်အဖွဲ့များမှ လွယ်လွယ်ကူကူ ဖြုတ်ထွက်ပြသောပွဲများ အင်္ဂလန်၊ ဂျာမနီ၊ ဟော်လန်၊ ရုရှား စသော ဥရောပတိုက်နိုင်ငံအသီးသီးရှိ ရောက်လေရာမြို့များတွင် ဤသို့ စိန်ခေါ်မှုမျိုး အထူးအဆန်းထွင်၍ လုပ်ပြနေသည်မှာ ရိုးနေပြီ ဖြစ်၏။ သို့သော် ယခု ဝါရှင်တန်မြို့တော် ရဲအဖွဲ့နှင့် စိန်ခေါ်ပွဲသတင်းမှာမူ အမေရိကန်ပြည်ထောင်စုလူထုသာမက ကမ္ဘာ့နိုင်ငံအသီးသီးမှ လူထုအား ဂယက်ရိုက်ခဲ့၏။

ဝါရှင်တန်အကျဉ်းထောင်သည် သေသေချာချာ ခိုင်ခံ့ရန် စီမံပြုလုပ်ထားသော အကျဉ်းထောင်ဖြစ်၏။ သမိုင်းအဆက်ဆက် လုံခြုံမှုစိတ်အချရဆုံး အကျဉ်းထောင်ဟု ဆိုခဲ့ကြ၏။ ဤအကျဉ်းထောင်နှင့် ဤအကျဉ်းထောင်တွင် အသုံးပြုသော လက်ထိတ်များ၊ သံခြေချင်းများမှာ သာမန်လူများအဖို့ လွတ်စရာလမ်းမရှိ။ ဤသို့သောနေရာ၊ ဤသို့သော အနှောင်အဖွဲ့မှ လွတ်မြောက်မှုသည် တကယ့် မဟာလွတ်မြောက်မှု ဖြစ်၏။ ဟူဒီနီ၏ အံ့ဖွယ်စွမ်းအင် သို့မဟုတ် လောကီပညာ၊ အောက်လမ်းနည်းပညာ၊ နာနာဘာဝနည်းနှင့် လွတ်နိုင်မည်ဟု ပြောကုန်ကြ၏။ ဝါရှင်တန်ရဲအဖွဲ့မှ အကြီးအကဲဖြစ်သူ မေဂျာရစ်ချတ်ဆိုင်(လ်)ဗာစတားကမူ 'ဟူဒီနီသည် ဇမ္ဗူတစ်လူ ပဉ္စလက်ဆရာတစ်ယောက်လို့သာ ပြောရမှာပါ' ဟု မှတ်တမ်းများက ဖော်ပြခဲ့၏။

ဤစိန်ခေါ်ပွဲပြီးသည့်နောက် ဟူဒီနီသည် ဘိုစတုန်မြို့သို့ ဒရီး

ထွက်ခဲ့သည်။ ဘိုစတုန်မြို့မှ အကျဉ်းထောင် ထောင်မှူးကြီး ဝီလျံပီယာစီ နှင့် စိန်ခေါ်ခဲ့ကြပြန်သည်။ ဘိုစတုန်မြို့သုသာန်ရှိ လူသေအလောင်းများ ခေတ္တထားသည့် အအေးခန်းတိုက်ကြီးမှာ အကျဉ်းထောင်များထက် လုံခြုံသည်ဟု ဆိုကြ၏။

သံတိုင်၊ သံစကာများ၊ အာမခံသော့များဖြင့်သာ ပိတ်ထားလေ့ရှိသဖြင့် ထိုရေခဲတိုက်အတွင်း လူမဆိုထားနှင့် ငှက်ကလေးများပင် အဝင်အထွက်မပြုနိုင်ဟု ဆိုကြသည်။ ထောင်မှူးကြီးဝီလျံပီယာစီကမူ ဤဘိုစတုန်သုသာန်အအေးတိုက်၏ လုံခြုံမှုသည် ဘိုစတုန်အကျဉ်းထောင်ထက် ပိုသည်ဟု ဆိုသည်။ သို့ဖြစ်၍ ဤစိန်ခေါ်ပွဲတွင် ဟူဒီနီအား ယခင်စိန်ခေါ်ပွဲများနည်းတူ နောက်ပြန် လက်ထိတ်ခတ်ကြသည်။ ခြေထောက်များကိုလည်း သံခြေချင်းအထပ်ထပ်ခတ်ပြီး အအေးတိုက်အတွင်း လူသေများထားသည့်နေရာတွင် ပစ်ထားခဲ့ကြပြီး သုသာန်အအေးတိုက်အမှုထမ်းများက သော့ခတ်၍ထားခဲ့ကြ၏။ အပြင်ဘက်တွင်မူ အကျဉ်းထောင်မှူးဝီလျံပီယာစီနှင့် စာနယ်ဇင်းသမားများက စောင့်နေကြ၏။

တစ်ဆယ့်ခြောက်မိနစ်ရှိသည်နှင့် ဟူဒီနီမှာ အကျဉ်းထောင်ထက် လုံခြုံပါသည်ဟု ထောင်မှူးဝီလျံပီယာစီပြောထားသော ရေခဲတိုက်အတွင်းမှ ထွက်လာသည်။ ခတ်ထားသော လက်ထိတ်များ၊ ခြေချင်းများသည် အလောင်းများထားသည့် ရေခဲတိုက်အခန်းအတွင်းရှိ ကြမ်းပြင်ပေါ်တွင် ပုံလျက်သား တွေ့ရတော့၏။ ဘိုစတုန်ကမ္ဘာလုံးသတင်းစာကြီးကမူ မျက်နှာဖုံးတွင် ဟူဒီနီ၏ဓာတ်ပုံကြီးကို ဖော်ပြ၍ 'အာဂလူ ဟူဒီနီ' ဟူသော စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် အထက်ဖော်ပြပါ စိန်ခေါ်ပွဲအကြောင်း သတင်းအပြည့်အစုံကို ရေးသား ဖော်ပြပေးခဲ့၏။

ဤသို့ဖြင့် ဟူဒီနီသည် ဘိုစတုန်မြို့တွင် စိန်ခေါ်ပွဲကျင်းပခဲ့ပြီး မတ်လအထိ ရက်သတ္တပတ်ပေါင်းများစွာ သူ့ပဥ္စလက်ပြပွဲကို မြို့တော်ဇာတ်ရုံတွင် တင်ဆက်ပြသခဲ့၏။ ပြပွဲအစီအစဉ်များကိုလည်း ရိုးမသွားအောင် တီထွင်ပြသခဲ့သဖြင့် ဘိုစတုန်လူထုသည် သူ့ပြကွက်များကို ရှုလို့အောင် လာကြည့်ကြပြီး တအံ့တသြပြောကြဆိုကြ၏။ ဟူဒီနီအဖို့ အောင်ပွဲတစ်ပွဲပြီးတစ်ပွဲ ခံနိုင်ခဲ့တော့၏။

ဟူဒီနီသည် ဤကဲ့သို့ အဆက်မပြတ် အံ့မခန်းများ၊ စိန်ခေါ်မှုများကို တီထွင်ပြသနေသည်။ ဇာတ်ရုံပြင်ပတွင်လည်း စိန်ခေါ်ပွဲများ လုပ်ပြနေသည်။ ဤသို့ ပြနိုင်ပါမှ သူ့အမြဲတမ်းဖြစ်လိုသော အာဂလူဇမ္ဗူတစ်လူ ပဥ္စလက်ဆရာဖြစ်လာမည် မဟုတ်လော။ သူ၏ စွမ်းဆောင်မှုများကား ဇာတ်ခုံပေါ်တွင်သာ ပြသနိုင်သည်မဟုတ်။ ဤကမ္ဘာလောကကြီးအတွင်း မည်သည့်နေရာတွင်မဆို ရှင်းရှင်းလင်းလင်း လူအများရှေ့တွင် သူပြုလုပ်ပြသနိုင်ကြောင်းကို လူသိရှင်ကြား ဟိုးလေးတကျော်ဖြစ်လိုသည်။ သူ့ကိုတုပနေသော၊ အခြား ပဥ္စလက်ဆရာများ မပြုလုပ်နိုင်သော၊ စိတ်ကူးပင်

မထည့်သော စွန့်စားခန်းမျိုးကို လူထုမျက်မှောက်တွင် လုပ်ကြပြရန် ကြံရွယ်သည်။

ထို့ကြောင့် သူသည် ထင်ရှားသော တံတားကြီးများပေါ်မှ ခုန်ပြသော စွန့်စားမှုများပြသရန် လေ့ကျင့်တော့၏။ သူပြသမည့် စွန့်စားခန်းမှာ သူ့ကိုယ်အား လက်ထိတ်ခတ်လျက် တံတားကြီးများပေါ်မှ လူအများရှေ့တွင် ခုန်ချပြမည့်စွန့်စားခန်း ဖြစ်သည်။ တစ်ခါတစ်ရံ မြစ်ရေသည် ရေခဲအမှတ်ထိ ကျဆင်းလျက်ရှိနေသည်။ သို့ဖြစ်၍ ရေခဲတမျှအေးသော ရေတွင် အချိန်အတော်အသင့်ကြာမြင့်အောင် ငုပ်နေရမည် ဖြစ်သည်။ ဤကဲ့သို့ အေးစိမ့်သောဒဏ်ကိုခံနိုင်ရန် သူ့နေအိမ်တွင် ရေခဲရေများထည့်ထားသော ရေကန်အတွင်း ရေငုပ်လေ့ကျင့်ခဲ့သည်။

ရေကန်အတွင်း မိနစ်ပေါင်းများစွာကြာမြင့်အောင် ရေငုပ်နေနိုင်ရန် နေ့စဉ်နေ့တိုင်း လေ့ကျင့်၏။ ဘိုစတုန်ပွဲစဉ်များ ကုန်ဆုံးတော့မည့် မတ်လ နောက်ဆုံးရက်သတ္တပတ်တွင် ဟူဒီနီသည် ဘိုစတုန်မြို့ အားကစားနှင့် ကာယပညာရှင်များအသင်းဝင် (၁၆၀၀) တို့အား ဘိုစတုန်မြို့တော်ခန်းမသို့ ဖိတ်ခေါ်၍ ပဥ္စလက်စွမ်းရည်ပြပွဲ ကျင်းပပြုလုပ်ခဲ့၏။ ထိုပြပွဲတွင် သူ၏ မဟာလွတ်မြောက်မှုပြကွက်များသာမက အထူးအာမခံဖြင့်ပြုလုပ်ထားသော ကိုယ်ကျပ်အင်္ကျီအတွင်းမှ (၄)မိနစ်ဖြင့် လွတ်မြောက်အောင် ထွက်လာသည့်ပြကွက်၊ အပ်ချောင်းများဖြင့် သူ့ခန္ဓာကိုယ်အား ထိုးသွင်းသည့်ပြကွက်၊ အပ်ချောင်းများကို ပရိသတ်အများရှေ့တွင် ဝါးမျိုပြသည့်ပြကွက်များကို ပြသခဲ့သည်။ သူ၏ မရိုးနိုင်သော ဖဲချပ်များကို ဖျောက်ပြသည့်ပြကွက်များကိုလည်း အသစ်အဆန်း တီထွင်ပြသခဲ့သဖြင့် ဟူဒီနီအား လူအများက တအံ့တသြဖြစ်ခဲ့ရတော့၏။ ဘိုစတုန်ပွဲစဉ်များ ပြီးသည်နှင့် ဟူဒီနီသည် သူ ရက်ပေါင်းများစွာ လေ့ကျင့်ထားသည့် တံတားခုန်ပွဲကို ပြုလုပ်ရန် ဆုံးဖြတ်ချက်ချလိုက်၏။

❐

## (၁၂)

၁၉၀၆ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့သည် ရာသီဥတု ကြည်လင် သာယာသောနေ့တစ်နေ့ ဖြစ်သော်လည်း မြူနှင်းကမ္ဘလာသည် အမေရိကန်ပြည်ထောင်စု ဒီတရွိုက်မြို့တစ်ခွင် ရစ်သိုင်းလျက်ရှိသည်။ အေးစိမ့်လျက်ရှိနေသည်။ ဒီတရွိုက်မြို့၏ ဆောင်းရာသီ၏သတ္တိကိုပြသလျက် ရှိနေ၏။ ရေခဲတမျှ အေးမြလှသော ဆောင်းလေနုကလည်း တသုန်သုန်တိုက်နေသည်။ ဒီတရွိုက်မြို့သူမြို့သားများအဖို့ ခါတိုင်းဆိုလျှင် စောင်အထပ်ထပ်ခြုံ၍ အိပ်ရာများအတွင်း ကွေးနေကြမည် ဖြစ်၏။

သို့သော် ထိုနေ့နံနက်စောစောတွင် ဒီတရွိုက်မြို့သူမြို့သားအားလုံး လှည်းနေလှေအောင်းမကျန် အိပ်ရာမှထ၍ လှုပ်လှုပ်ရွရွဖြစ်နေသည်။ လမ်းများပေါ်တွင်လည်း ပျားပန်းခတ်လှုပ်ရှားနေကြ၏။ သတင်းစာရောင်းသူများကမူ -

'သတင်းစာတွေ၊ သတင်းစာတွေ။ ပဥ္စလက် မဟာဝိဇ္ဇာ ဟူဒီနီ ယနေ့နံနက် (၉)နာရီတွင် ဘဲ(လ်)အိုင်တံတားမှ လက်ထိပ်ခတ်၍ ရေထဲသို့ ခုန်ချပြမည်ဆိုခြင်း'၊ 'မဟာဟူဒီနီ၏ ခေတ်သစ်စတန့်' ဟူ၍ လည်းကောင်း၊ အချို့သတင်းစာရောင်းသူများကလည်း 'လက်ထိတ်ဧကရာဇ်ကြီး၏စွန့်စားမှု'ဟူ၍လည်းကောင်း၊ သော့ဝိဇ္ဇာဟူဒီနီ၏ သည်းထိတ်ရင်ဖို' ဟူ၍လည်းကောင်း အော်ဟစ်ရောင်းချကြသည်။ ဟူဒီနီ၏ တံတားခုန်အစွမ်းပြပွဲသို့ လာရောက်ကြည့်ရှုကြသော ပရိသတ်များသည် သတင်းစာများကို အလုအယက်ဝယ်ယူကြ၏။ ဒီတရွိုက်တံတားတစ်ခုလုံး လူထုပရိသတ်ကြီး ပြည့်လျှံနေသည်။ တံတားအနီး တိုးဝှေ့မလာရောက်နိုင်သော ပရိသတ်များကလည်း မြစ်ကမ်းလုံးညွတ်မျှ လာရောက်အားပေး၍ ခပ်လှမ်းလှမ်းမှ ကြည့်ရှုနေကြ၏။ ရဲတို့ကမူ ဘဲ(လ်)အိုင်တံတားပေါ်မှ ယာဉ်အသွား အလာများကို ယာယီပိတ်ထားလိုက်ရတော့၏။

ဤတံတားကြီးကား မြစ်ပြင်မှ (၂၅) ပေမြင့်ပြီး မြစ်ကလည်း

ရေစီးသန်၍ နက်သည်။ သို့ဖြစ်၍ ဤတံတားပေါ်မှ မကြာခဏ ခုန်ချ၍ မိမိကိုယ်မိမိ အဆုံးစီရင်သူများ ရှိသဖြင့် လူအများကမူ ဤတံတားမှာ ကျိန်စာမိနေသောတံတားဟု ကင်ပွန်းတပ်ခဲ့သည်။ ဟူဒီနီကမူ သူ့အစွမ်းကို သူယုံကြည်သည်။ လူအများ၏ ဥပါဒါန်အစွဲအလမ်းကိုလည်း ပပျောက်စေလိုသည်။ သို့ဖြစ်၍ သူ၏ဇာတ်စင်ပြင်ပ အစွမ်းပြပွဲ ပထမပွဲစဉ်ကို ဤတံတားတွင်ပြသရန် စီစဉ်ခြင်းဖြစ်သည်ဟု စာနယ်ဇင်းသမားများအား ထုတ်ဖော် ပြောပြခဲ့သည်။ တံတားပေါ်မှ ရေထဲသို့ ခုန်မချမီ ပရိသတ်များထဲမှ ကိုယ်စားလှယ်အချို့ကို ခေါ်ယူခဲ့ပြီး သူ့ခန္ဓာကိုယ်တွင် သော့တူများ၊ အခြားသော့များ ဖွင့်နိုင်သော ကိရိယာများ ရှိ၊ မရှိကို စစ်ဆေးစေသည်။ ဖိတ်ခေါ်သူ ကိုယ်စားလှယ်များက သေသေချာချာ ရှာဖွေစူးစမ်းခဲ့ကြ၏။

ဟူဒီနီကလည်း သူ အသင့်ရေးယူလာသော သေတမ်းစာကို ပရိသတ်များ၊ ကိုယ်စားလှယ်များအား အပ်နှံလိုက်၏။ သူ့သေတမ်းစာတွင်မူ သူ၏ ပစ္စည်းများအားလုံး၊ ငွေကြေးများအားလုံးအား သူ့ဇနီး ဘက်(ခ်)အား လွှဲအပ်ခဲ့သည်ဟု ရေးသားထား၏။ ထို့နောက် ဟူဒီနီသည် သူ၏ အတွင်းခံဘောင်းဘီမှတစ်ပါး အဝတ်အစားအားလုံးအား ချွတ်ပစ်လိုက်သည်နှင့် တံတားနှင့် မြစ်ကမ်းပေါ်မှ စောင့်ကြည့်နေသော ပရိသတ်၏ လက်ခုပ်သံ ညံထွက်လာသည်။ ဟူဒီနီ၏လက်များကို နောက်ပြန် လက်ထိတ်ခတ်လိုက်ကြ၏။ ဟူဒီနီ တံတားကြီး၏ဘောင်ပေါ်သို့ ခုန်တက်လိုက်သည်နှင့် ဟူဒီနီ ဟူသော ပရိသတ်ကြီး၏ အားပေးသံ ထွက်လာသည်။ လက်ခုပ်သြဘာသံများကလည်း မစဲအောင် ပေါ်လာသည်။

မှန်ပါသည်။ ဤကဲ့သို့ ဇာတ်စင်ပြင်ပတွင် မည်သည့်ပဥ္စလက်ဆရာမျှ မပြဘူးခဲ့။ ဇာတ်စင်ပေါ်တွင်သာ အနှောင်အဖွဲ့မှ လွတ်မြောက်မှုများကို ပြသကြ၏။ ဟူဒီနီအဖို့မှာလည်း ပထမဆုံးအကြိမ် သူ့အား တုပနေသောသူများ မလုပ်ဝံ့သော လက်ထိတ်ခတ်၍ တံတားခုန်ချမှုကို ပြခြင်း ဖြစ်၏။ မြစ်ရေမှာ ဖာရင်ဟိုက် (၂၅) ဒီဂရီရှိနေသဖြင့် ရေခဲတမျှ အေးစက်နေ၏။ သူ့ဇနီးဘက်(ခ်)နှင့် ညီဖြစ်သူ သီယိုတို့အား နောက်ဆုံး နှုတ်ဆက်လိုက်သည်နှင့် ဆူဆူညံညံသြဘာပေးနေသော ပရိသတ်ကြီးသည် ရုတ်တရက် ငြိမ်သွားသည်။ ထောင်သောင်းမကသော ပရိသတ်ကြီး၏ တိတ်ဆိတ်မှုသည် အပ်ကလေးတစ်ချောင်း မြေပြင်ထက်သို့ ကျသည့်အသံကိုပင် ကြားနိုင်သည်ဟု နောင်အခါ သတင်းစာများက ရေးသား ဖော်ပြခဲ့သည်။

တံတားဘောင်ပေါ်မှ ဟူဒီနီလက်ပြလိုက်သည်နှင့် လူထုအတွင်းမှ အမျိုးသမီးများနှင့် လူအချို့တို့သည် မျက်လုံးများကို မှိတ်ထားလိုက်ပြီး ဟူဒီနီဘေးမခရန် ဆုတောင်းပြုကြ၏။ ဟူဒီနီ၏လက်များအား နောက်ပြန်ခတ်ထားသော လက်ထိတ်များမှာ ဒီတရွိုက်မြို့ရဲစခန်းမှ အာမခံလက်ထိတ်

နှစ်ခုကို စာနယ်ဇင်းများက ငှားယူခဲ့ကြခြင်း ဖြစ်၏။ ဟူဒီနီသည် သူ့မိခင်အားလည်း စိတ်တွင်းမှ ကျန်းမာချမ်းသာစေကြောင်း ဆန္ဒပြုပြီး မြစ်အတွင်းသို့ ခုန်ချလိုက်တော့၏။

ဟူဒီနီ မြစ်တွင်းသို့ခုန်ချလိုက်သောနေရာနှင့် မနီးမဝေးတွင် အရေးကြုံလာပါက အဆင်သင့်ဖြစ်စေရန် လှေငယ်တစ်စင်းနှင့် အသက်ကယ်ဆယ်ရေးအဖွဲ့က အဆင်သင့်စောင့်နေသည်။ ဟူဒီနီ ရုတ်တရက်ရေပေါ် ပေါ်မလာသဖြင့် တံတားပေါ်မှ ပရိသတ်အများကမူ စိတ်လှုပ်ရှားခြင်းကြီးစွာဖြင့် စောင့်ကြည့်နေကြ၏။ ဟူဒီနီ၏ ဇနီးဖြစ်သူနှင့် ညီဖြစ်သူတို့ကမူ ဟူဒီနီ၏အစွမ်းကို ယုံကြည်ထားပြီးဖြစ်၍ ထူးထူးခြားခြား စိုးရိမ်ခြင်း မရှိကြပေ။ ဤတံတားခုန်ပွဲတွင်လည်း ဟူဒီနီသည် အောင်မြင်ပေါက်ရောက်မှုရှိမည်ဟု ယူဆထား၏။ ဟူဒီနီသည် ဤကဲ့သို့ တံတားခုန်ပွဲမပြုလုပ်မီ ရက်သတ္တပတ်ပေါင်းများစွာကပင် ရေအောက်၌ အသက်မရှူဘဲ အချိန်ကြာမြင့်စွာနေနိုင်အောင် လေ့ကျင့်ထားသည်။ သို့ဖြစ်၍ သူသည် ရေထဲ၌ အချိန်အတော်အသင့်ကြာအောင် နေနိုင်သည်။ တံတားခုန်ပွဲ၌ ဟူဒီနီအဖို့ ရေအောက်ကြာကြာနေပြလေလေ ပွဲကြည့်ပရိသတ် စိတ်ချောက်ချားလေလေ ဖြစ်မည်ဟု တွက်ဆထားပြီး ဖြစ်၏။

အမှန်အားဖြင့် ဟူဒီနီသည် နှစ်မိနစ်၊ သုံးမိနစ်အတွင်း ဒီတရွိုက်မြို့ ရဲအဖွဲ့၏ လက်ထိတ်အနှောင်အဖွဲ့များမှ လွတ်မြောက်ပြီ ဖြစ်၏။ သို့သော် ရေပေါ်သို့ ရုတ်တရက် ပေါ်မလာဘဲ ရေအောက်တွင် အချိန်အတော်အသင့်ကြာမြင့်အောင် ငုပ်နေခြင်းဖြင့် ပရိသတ် စိတ်ဝင်စားစေသည်။ တံတားပေါ်ကလူထုမှာ လှုပ်လှုပ်ရွရွဖြစ်လာသကဲ့သို့ ကမ်းလုံးညွတ်ကြည့်နေသော ပရိသတ်ကလည်း ဟူဒီနီ ပြန်ပေါ်လာပါ့မလားဟု စိုးရိမ်သောကရောက်လာသည်။ ဆူဆူညံညံဖြစ်လာသည်။

ဤသို့အတွင်း ဟူဒီနီသည် လက်တစ်ဖက်က ဖွင့်ထားသော လက်ထိတ်နှစ်ခုကို မြှောက်ထားပြီး ရေပေါ်သို့ ပေါ်လာတော့၏။ တံတားပေါ်မှ ပရိသတ်နှင့် ကမ်းပေါ်မှ ပရိသတ်တို့၏ ဟာခနဲ၊ ဟင်ခနဲ အသံထွက်လာကြသည်။ ပရိသတ်အံ့အားသင့်သောအသံများ မစဲမီပင် လက်ခုပ်သြဘာသံများမစဲအောင် ထွက်လာတော့၏။ ပရိသတ်ကြီးအဖို့ ဟူဒီနီသည် သူတို့တစ်သက်တာတွင် တစ်ကြိမ်တစ်ခါဖူးမျှ မကြည့်ခဲ့ရသော ပဉ္စလက်ပြကွက်သစ်ဆန်းကို ပြသသူဟု ယူဆထားသည်။ အခြား မည်သည့် ပဉ္စလက်ဆရာမျှ မပြုလုပ်ဝံ့သော စွန့်စားမှုကို ပြုလုပ်ရဲသူတစ်ယောက် ဟူ၍လည်း ယုံကြည်သွားကြတော့၏။

ဤဘဲ(လ်)အိုင် တံတားခုန်ပွဲသတင်းကို နောက်နေ့တွင် ဒီတရွိုက်မြို့မှ စောင်ရေအများဆုံးထုတ်ဝေရသော ဒီတရွိုက် (Free Press) သတင်းစာကြီးတွင် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြထားခဲ့သည်။ အခြားဒေသခံသတင်းစာများတွင်လည်း ဤသတင်းကို စာလုံးမည်းကြီးများဖြင့် ဖော်ပြ

ပေးခဲ့သဖြင့် ဟိုးဟိုးကျော်ခဲ့ရပြန်သည်။ သူ့အား ပဉ္စလက်ပြကွက်သစ်များကို တီထွင်သူအဖြစ် အမွှမ်းတင်ရေးသားခဲ့ရကာ သူ ထာဝစဉ် အလိုရှိနေသော ကြော်ငြာမှုမျိုး ရရှိသွားတော့၏။

၁၉၀၇ ခုနှစ်၊ မေလ (၄) ရက်နေ့တွင် နယူးယောက်မြို့ ရော့ချက်စတာတံတားပေါ်မှ ခုန်ချပြမည်ဟု ကြော်ငြာခဲ့ပြန်သည်။ နယူးယောက်မြို့တော် ပရိသတ်သည် ပို၍ လှုပ်လှုပ်ရွရွဖြစ်သွားသည်။ ဟူဒီနီသည် ဤတံတားခုံပွဲမပြုလုပ်ခင် သူ့အိမ်တွင် ရေစည်ခပ်နက်နက်တစ်ခု ပြုလုပ်ထားပြီး နေ့စဉ် ရေအောက်ကြာကြာနေနိုင်ရန် လေ့ကျင့်ထား၏။ ပထမဆုံး ဒီတရွိုက်မြို့ တံတားခုန်ပွဲအတွေ့အကြုံအရ ရေအောက်တွင် ကြာကြာငုပ်နေလေ ပွဲကြည့်ပရိသတ် စိတ်ပိုမိုလှုပ်ရှားလာလေဖြစ်သည်ကို သိထားသည်။ အမှန်အားဖြင့် သူသည် သုံးမိနစ်၊ လေးမိနစ်အတွင်း လက်ထိတ်များ၊ ခြေချင်းများမှ ဖွင့်ထွက်ပြနိုင်သည်။ သို့သော် ပရိသတ်စိတ်ဝင်စားအောင် စိတ်ချောက်ချားစေရန် (၆)မိနစ်၊ (၇)မိနစ်ခန့်အထိ ရေအောက်တွင်ငုပ်နေပြီးမှ ရုတ်တရက် ရေပေါ်သို့ ပေါ်လာသည့်ဟန် ပြုလုပ်ပြသခဲ့ခြင်း ဖြစ်သည်။

မေလ (၄) ရက်နေ့ နံနက်စောစောတွင် နယူးယောက်မြို့တော် ပရိသတ်သည် ရော့ချက်စတာတံတားသို့ ရောက်ရှိလာက၏။ ထိုစဉ်က မှတ်တမ်းများအရ ဟူဒီနီပြုလုပ်ခဲ့သော တံတားခုန်ပွဲများတွင် ဤတံတားခုန်ပွဲသည် ပရိသတ်အများဆုံး တက်ရောက်သောပွဲ ဖြစ်သည်ဟု ဆိုသည်။ နယူးယောက်တိုင်း(မ်)သတင်းစာကြီးအရဆိုလျှင် ထိုတံတားခုန်ပွဲ၌ လူပေါင်းတစ်သောင်းကျော် တက်ရောက် အားပေးခဲ့ပြီး ဟူဒီနီ၏ မိခင်ဖြစ်သူနှင့် ဇနီးဖြစ်သူတို့သည်လည်း တက်ရောက် အားပေးခဲ့၏။

လာရောက်ကြည့်ရှုသူ ပရိသတ်သည် ဟူဒီနီမိသားစု မော်တော်ကားဖြင့် ရောက်လာသည်နှင့် လှုပ်လှုပ်ရွရွဖြစ်လာသည်။ ဤတံတားခုန်ပွဲများတွင်လည်း လာရောက်ကြည့်ရှုသူများက ကန်ထရိုက်တာများအား သတ်မှတ်ထားသည့် ကြည့်ရှုခငွေများ ပေးကြရသည်ဟု ဆိုသည်။ သတင်းစာများ၏ ဖော်ပြချက်အရဆိုရလျှင် တံတားခုန်ပွဲများတွင် ဟူဒီနီသည် ပရိသတ်နှင့် မည်သို့မျှ မပတ်သက်။ ကြိုတင်ပြီး ကမ်းလှမ်းထားခြင်းလည်း မရှိ။ ပရိသတ်များ သို့မဟုတ် ရဲသားများ ယူဆောင်လာသောလက်ထိတ်များကိုသာ အသုံးပြုသည်။ သံကြိုးများခတ်သော သော့များမှာလည်း ပရိသတ်များယူလာသော သော့များကိုသာ အသုံးပြုခြင်းဖြစ်သည်ဟု ဆိုသည်။ သို့ဖြစ်၍ ဤတံတားခုန်ပွဲသို့ လာရောက်ကြည့်ရှုသူအားလုံးသည် ပွဲမဝင်ခင်ကပင် ပို၍ အုတ်အော်သောင်းတင်း ဖြစ်ရတော့သည်။

ချိန်းဆိုသတ်မှတ်ထားသောအချိန်တွင် ပရိသတ်ကြီး၏ ကိုယ်စားလှယ်များဖြစ်ကြသူများက ရွှေပွဲလာပရိသတ် တစ်သောင်းကျော်ရှေ့တွင် ဟူဒီနီဝတ်ဆင်လာသည့်ဝတ်စုံများကို (ဘောင်းဘီတို့မှအပ) ချွတ်ပစ်

လိုက်သည်။ ထိုမြင်ကွင်းကိုလည်း ဓာတ်ပုံသတင်းထောက်များက တဖျပ်ဖျပ် ဓာတ်ပုံများရိုက်ကူးကြသည်။ အံ့ဩဖွယ်ကောင်းနေသည်မှာ တံတားခုန်ပွဲသို့ လာရောက်ကြည့်ရှုသူ ပရိသတ်ပေါင်းတစ်သောင်းကျော်တို့သည် ငြိမ်သက်နေကြသည်ဟု ဆိုသည်။ နယူးယောက် သူရိယသတင်းစာ သတင်းထောက်၏ ရေးသားချက်အရဆိုရလျှင် တက်ရောက်ကြည့်ရှုသူအားလုံးသည် လေသံတောင်မထွက်စေဘဲ ကြည့်ရှုကြသည်မှာ အံ့ဖွယ်သရဲပင်ဖြစ်သည်ဟု ဆိုသည်။ ဟူဒီနီမိခင်ကြီးဖြစ်သူကမူ သူ့သား တံတားခုန်ပွဲတက်ရောက်ကြည့်ရသည်မှာ စိတ်လှုပ်ရှားလွန်းပါသည်ဟု ဆို၏။

ဟူဒီနီသည် သူ ပဉ္စလက်လောကသို့ ခြေစုံပစ်ဝင်ခဲ့သည့်နေ့မှစ၍ သူပြသသော ပြကွက်များသည် ပွဲလာပရိသတ် အပျင်းပြေစေရန် ပြသခြင်း၊ ဖျော်ဖြေပေးသော အနုပညာရှင်တစ်ယောက်ဟု မယူဆခဲ့။ သူ့ပြသမှုသည် သူ၏ အမှန်တကယ် ကြိုးစားလေ့ကျင့်ထားခြင်း ဖြစ်သဖြင့် ပရိသတ်အား တကယ့် သည်းထိတ်ရင်ဖိုမှုကို ပေးစေရမည်ဟု ယူဆထားခြင်း ဖြစ်၏။ ပရိသတ်အား မည်သည့်အခါမျှ လိမ်လည်ခြင်းပြုမည်မဟုတ်။ သူ၏ ပဉ္စလက်ပညာသည် တကယ် လူအများလေးစားရမည့် ပညာ ဖြစ်ရမည်ဟု မှတ်ယူထားသည်။ ဤတံတားခုန်ပွဲများတွင်လည်း သာမန်ပေါ့ပေါ့တန်တန် သဘောမထားခဲ့။ သို့ဖြစ်၍လည်း ဟူဒီနီသည် ပြည်သူအများချစ်သော ဟိုးဟိုးကျော်သည့် ပဉ္စလက်ဆရာဖြစ်ရခြင်း ဖြစ်၏။

ယခင် တံတားခုန်ပွဲများအတိုင်း တံတားပေါ်မှ ခုန်ချလိုက်သည်နှင့် လူတစ်သောင်းကျော်တို့သည် အလိုအလျောက် ငြိမ်သက်တော့၏။ လေးမိနစ်ခန့်အကြာတွင်ပင် ဟူဒီနီသည် ရေပေါ်သို့ ပေါ်လာပြီး အသင့်လှေဖြင့်စောင့်နေသူအား လက်ထိတ်များပေးအပ်ပြီး လှေဖြင့် ကမ်းဘက်သို့ ကူးလာသည်။ ပွဲကြည့်ပရိသတ်တို့၏ ဩဘာသံသည် ဟူဒီနီအဝတ်အစားပြန်ဝတ်သည်အထိ မစဲတော့။ ပရိသတ်အများထဲမှ လူငယ်အချို့ကမူ ဟူဒီနီအား ပွေ့ချီ၍ တံတားပေါ်မှ တံတားချဉ်းကပ်လမ်းဘေးရှိ ယာယီချထားသော ထိုင်ခုံများရှိရာသို့ သယ်ဆောင်လာသည်ဟု ဆိုသည်။ ဤအချိန်အထိ ပရိသတ်၏ဩဘာသံမစဲဟု ဆိုကြသည်။

တံတားခုန်ပြပွဲသည် တကယ် လူထုပရိသတ် ထူးထူးခြားခြား သဘောကျသောပွဲ ဖြစ်သည်ဟု ဟူဒီနီက သတိထားမိ၏။ သူ ယခင် ဇာတ်စင်ပေါ်တွင် ပြသခဲ့သော မဟာလွတ်မြောက်မှုများ၊ ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူများ စသော ပြကွက်များထက် ပရိသတ်စိတ်ဝင်စားသည်ဟု ယူဆသည်။ သို့ဖြစ်၍ အခါအားလျော်စွာ တံတားခုန်ပွဲများပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

ဤသို့ စွမ်းဆောင်မှုသည် ဇာတ်စင်ပေါ်တွင် ပြုလုပ်ပြသသော စွမ်းဆောင်မှုထက် ပရိသတ်က သဘောသက်ဝင်သည်။ ဇာတ်စင်ပေါ်

တွင်ပြသသော ပြကွက်အချို့မှာ မျက်စိလှည့်စားသောပြကွက်များ ဖြစ်နိုင်သည်ဟု ယူဆကြပြဟန်ရှိ၏။ သို့ဖြစ်၍ ဟူဒီနီသည် လာမည့် တံတားခုန်ပွဲများတွင် ပြီးခဲ့သော တံတားခုန်ပွဲများထက် ပွဲကြည့်ပရိသတ် စိတ်ဝင်စားစေရန် ရေအောက်တွင် အချိန်ကြာကြာငုပ်နိုင်ရန်လိုသည်ဟူ၍လည်း သဘောသက်ဝင်ထား၏။ ရေအောက်တွင် သူ အတတ်နိုင်ဆုံး ငုပ်နေလေလေ ပွဲကြည့်ပရိသတ် စိတ်လှုပ်ရှားလေဖြစ်မည်ဟု တွက်ဆထားသည့်အတိုင်း နေ့စဉ် ရေငုပ်လေ့ကျင့်၏။ အမှန်အားဖြင့် သူသည် ရေအောက်တွင် သုံးမိနစ်၊ လေးမိနစ်ထက် ကြာကြာမငုပ်နိုင်။ နောက် တံတားခုန်ပွဲများတွင် ရေကြာကြာငုပ်နိုင်ရန် အပင်ပန်းခံလေ့ကျင့်တော့သည်။ တံတားခုန်ပွဲများကိုလည်း သင့်တော်သောနေ့များတွင် ပြုလုပ်မည်ဟု ကြေညာချက်ထုတ်ထားခဲ့၏။

၁၉၀၇ ခုနှစ်၊ မတ်လ (၁၃) ရက်နေ့တွင် ဟူဒီနီသည် အမေရိကန်ပြည်ထောင်စု ပစ်ဘတ်မြို့မှ နာမည်ကျော်တံတားအမှတ် (၇)ပေါ် မှ ခုန်ချပြမည်ဟု သတင်းများ ထွက်ပေါ်လာခဲ့သည်။ ယင်းသတင်းကိုပင် သတင်းစာကြီးများက မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးခဲ့သည်။ ပစ်ဘတ်မြို့မှ ညနေထုတ်သတင်းစာကြီးတစ်စောင်ကမူ ပစ်ဘတ်မြို့တံတားအမှတ် (၇)ပေါ် မှ ခုန်ချပြမည့်ရက်သည် မေလ (၁၃) ရက်နေ့ သတ်မှတ်မထားသင့်ကြောင်း၊ (၁၃)နံပါတ်ဂဏန်းသည် လူအများကမူ ကံကြမ္မာဆိုးကို သယ်လာလေ့ရှိသောဂဏန်းဖြစ်၍ အခြားသင့်လျော်သော ရက်တစ်ရက်ကိုပြောင်းလဲပြင်ဆင်သင့်ကြောင်း အကြံပေးရေးသားကြသော်လည်း ဟူဒီနီကမူ ဤကဲ့သို့ အစွဲအလမ်းကို သူမယုံကြည်ကြောင်း၊ ဉပါဒါန်ကြောင့် ဥပဒ်ဖြစ်ကြရခြင်းဖြစ်ကြောင်း၊ သူ့စွမ်းအင်ကို သူယုံကြည်ပြီးဖြစ်၍ တံတားခုန်ချပွဲနေ့ကို ပြောင်းလဲပြင်ဆင်ခြင်းမပြုနိုင်ပါ။ သူ့အားချစ်သော ပြည်သူလူထု၏ သတိပေးမှု၊ စိုးရိမ်မှုများကို အထူးလေးစားပါသည်ဟု ကြေညာချက်ထုတ်ပြန်ပေးခဲ့သည်။

ဤမေလ (၁၃)ရက်နေ့တွင် တံတားခုန်ချပွဲ သေသေချာချာပြုလုပ်မည့်အကြောင်းကို ပစ်ဘတ်မြို့မှထုတ်ဝေသော ပစ်ဘတ်ခေါင်းဆောင် (The Pittsburgh Leader) သတင်းစာကြီးတွင် အကျယ်တဝင့် ရေးသားဖော်ပြခဲ့၏။ တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ပစ်ဘတ်မြို့ရှိ သူ၏တည်းခိုခန်းအမှတ်မှာ (၁၃) ဖြစ်ပြီး ထိုနေ့က သူ့ထံသို့ ကြေးနန်းပို့ရာတွင် (၁၃) ဒေါ်လာကုန်ခဲ့သည်ဟု သိရ၏။ ထိုနေ့က သူ့ထံသို့ အချစ်တော်ပြည်သူ (၁၃) ယောက်တို့က စာတစ်ဆယ့်သုံးစောင် ပေးပို့ခဲ့သည်ဟု သိရ၏။ (နောင်အခါ ထုတ်ဖော်ရေးသားသော မှတ်တမ်းများအရဆိုလျှင် မေလ (၁၃) ရက်နေ့ တံတားခုန်ချပွဲတွင် ရိုက်ကူးခဲ့သော သတင်းရုပ်ရှင်ကားမှာ ပေ (၁၃၀၀) တိတိရှိခဲ့သည်ဟု ဆိုသည်။)

မေလ (၁၃) ရက် တံတားခုန်ချပွဲမှာ ဟူဒီနီ၏ဘဝတစ်သက်တာ

တွင် ပရိသတ်အများဆုံး အားပေးသည့်ပွဲဟု သတင်းများက ဖော်ပြခဲ့သည်။ ခန့်မှန်းခြေအားဖြင့် လူပေါင်း (၄၀၀၀၀) ကျော် တက်ရောက်ခဲ့သည်ဟု ဆိုသည်။ ဤမျှများပြားသော လူထုပရိသတ်သည် ဟူဒီနီအား လက်ထိတ်များခတ်၍ တံတားပေါ်မှခုန်ချမည်ဟု တံတားဘောင်များပေါ်သို့ တက်သောအခါ မီးကို ရေနှင့်ငြိမ်းသတ်လိုက်သကဲ့သို့ ငြိမ်သွားသည်ဟု သိရသည်။ ထိုစဉ်က တံတားအမှတ် (၇) ပေါ်သို့ ပင်အပ်ကလေးတစ်ချောင်းကျသွားပါက ထိုအသံကိုပင် ကြားနိုင်လောက်အောင် ကျောချမ်းဖွယ် ငြိမ်သက်နေပါသည်ဟု ဆိုသည်။

ပစ်ဘတ်မြို့ တံတားအမှတ် (၇)မှာ ရေမျက်နှာပြင်အထက် (၃၅) ပေမြင့်သည်ဟု ဆိုသည်။ သူခုန်ချသော တံတားများအနက် ဤတံတားသည် အတော်မြင့်သည့်တံတား ဖြစ်၏။ သူခုန်ချသဖြင့် ရေထဲသို့ ကျသွားသောအသံသည် ပွဲတင်ထပ်သွားခဲ့သည်။ ရေအောက်မြုပ်သွားပြီး လက်ထိတ်များဖြေနေသော ပထမတစ်မိနစ်ခန့်အချိန်တွင်မူ ထိုတံတားခုန်ပွဲအား တက်ရောက်အားပေးသူ လေးသောင်းကျော်တို့သည် ငြိမ်သက်နေကြသော်လည်း သုံးမိနစ်ခန့်ရှိလာသောအခါ လှုပ်လှုပ်ရွရွဖြစ်လာသည်။ ဟူဒီနီအတွက် စိုးရိမ်ပူပန်သောစကားများ တီးတိုးပြောလာကြသည်။ မေလ (၁၃)ရက်နေ့ကို တံတားခုန်ပွဲပြုလုပ်ခဲ့သဖြင့် ဘေးအန္တရာယ်တွေ့လေပြီလော။ ပရိသတ်ကြီးသည် မြစ်ရေပြင်ကိုသာ စိုက်ကြည့်နေကြတော့၏။ နောက်ထပ် တစ်မိနစ်စွန်းလာသည်နှင့် ယခင်မိနစ်ပိုင်းက ငြိမ်သက်နေသောလူထုသည် သည်းမခံနိုင်တော့။ ဟူဒီနီ ဘေးအန္တရာယ် ရောက်နေပြီထင်သည်ဟု အချို့က အော်ဟစ်ကြသည်။ သို့သော် စက္ကန့်ပိုင်းအတွင်း ဟူဒီနီသည် သူ့အား နှောင်ဖွဲ့ထားသည့် လက်ထိတ်များကို လက်တစ်ဖက်မှထောင်၍ ရေပြင်ပေါ်သို့ ရုတ်တရက် ပေါ်လာသည်။ လေးသောင်းကျော် လူထုပရိသတ်ကြီးမှာ ဟာခနဲဖြစ်သွားပြီး မိုးပြိုကျသကဲ့သို့ ဝေါခနဲ အသံထွက်လာတော့၏။

"ဟူဒီနီ၊ ဟူဒီနီ မတစ်ထောင်တစ်ကောင်ဖွားသူ၊တကယ့်အာဂလူ၊ Super Man"

ဟု အော်ဟစ်သောအသံ၊ မစဲသောလက်ခုပ်ဩဘာသံများသည် မစဲအောင်ဖြစ်တော့၏။

သူလိုလားသော အောင်မြင်မှုရလိုက်သည်။ ဟူဒီနီကား တကယ့်ဟိုးဟိုးကျော် အာဂလူဖြစ်ခဲ့သည်။ ပစ်(ခ်)ဘတ်မြို့မှ ထုတ်ဝေသော သတင်းစာအားလုံးကမူ တညီတညွတ်တည်း ဟူဒီနီအား တကယ့်စူပါမင်းဟု အမွမ်းတင်ရေးသားကြ၏။ ယခင်နှစ်များက သူ၏ အပြစ်အနာအဆာများရှာ၍ ရေးသားလေ့ရှိသော သတင်းစာကြီးအချို့ကပင် သူ၏ ထူးခြားသောစွန့်စားမှုကို အမွမ်းတင် ရေးသား ဖော်ပြပေးခဲ့သည်။

သူ ဤကဲ့သို့ တံတားခုန်ခြင်းကို လူထုက မကြုံစဖူး အားပေးကြ

သဖြင့် ဆောင်းရာသီတွင် တံတားခုန်ချသည့်ပွဲများ ဆက်လက်ပြသရန် ဟူဒီနီ ဆုံးဖြတ်ချက်ချလိုက်တော့သည်။ သို့သော် ဆောင်းရာသီတွင် သူ့ခန္ဓာကိုယ်သည် ရေခဲတမျှ အေးမြသောရေတွင် သူ ကြာကြာငုပ်နေနိုင်ရန် လေ့ကျင့်ဖို့လိုလာသည်။ သို့ဖြစ်၍ သူ့နေအိမ်ရှိ ရေကန်တွင် ရေခဲတုံးများထည့်ပြီး ရေငုပ်ကျင့်ပြန်တော့၏။ ဤကဲ့သို့ ကျင့်သားရမှ သူ့ခန္ဓာကိုယ်သည် ရေခဲအောက် ဒီဂရီကျဆင်းနေသည့် ရေပြင်တွင် သွေးမခဲအောင်နေနိုင်မည် ဖြစ်သည်။

ဟူဒီနီသည် သူ့ကို ပြောင်ပြောင်တစ်မျိုး၊ ပုန်းလျှိုး၍တစ်မျိုး တုပလာကြသော ပဥ္စလက်ဆရာတို့ လိုက်မမီအောင် ရှေ့ကပြေးကာ အသစ်အဆန်းထွင်ပြခဲ့၏။ သူ၏ ယခင် မဟာလွတ်မြောက်မှုပြကွက်များကိုမူ အခြားပဥ္စလက်ဆရာများက တုပလာခဲ့ကြသော်လည်း တံတားခုန်ပွဲများကိုမူ မဝံ့ကြ။ ဟူဒီနီအား ဖြုံသွားကြသည်ဟု ဆိုရပေတော့မည်။

ဤတံတားခုန်ချပွဲပြီးသည့်နောက် ဟူဒီနီသည် ဘိုစတုန်မြို့သို့ တစ်ကျော့ပြန်လာခဲ့၏။ ဘိုစတုန်မြို့ ကိ(သ်)ဇာတ်ရုံကြီးတွင် သူ့ပြပွဲများကို ရက်သတ္တပတ်များစွာ တင်ဆက်ပြသခဲ့သော်လည်း ပွဲတိုင်း ရုံလျှံသည်။ ကန်ထရိုက်တာများအဖို့ ဆို့ဆို့ပို့ပို့ ရသွားခဲ့သည်။ ဟူဒီနီကလည်း ပြကွက်ဆန်းများကို အဆက်မပြတ် တီထွင်နေသည်။ ပြပွဲလာပရိသတ်အဖို့ သူ တင်ဆက်သောပြကွက်မှန်သမျှ ဟင်ခနဲ ဟာခနဲဖြစ်ကြရသည်။ သူ၏ မဟာလွတ်မြောက်မှုများပြကွက်သည် ပရိသတ်အဖို့ တအံ့တဩဖြစ်စေသောပြကွက်များသာ ဖြစ်၏။ ဘိုစတုန်မြို့မှထုတ်ဝေသော ဘိုစတုန်ဂလုပ်(ကမ္ဘာလုံး)သတင်းစာကြီးကမူ ပဥ္စလက်ပြကွက်သစ်များ မထပ်စေအောင် ဖန်တီးနိုင်ခြင်းသည် ဟူဒီနီ၏ အရည်အချင်းတစ်ခု ဖြစ်သည်။ ဤသည်မှာ အခြားပဥ္စလက်ဆရာများထက်သာသော မွေးရာပါအရည်အချင်းဖြစ်သည်ဟု ရေးသားခဲ့သဖြင့် လူအများ စိတ်ဝင်စားဖွယ်သတင်းဖြစ်ရသည်။

ဤပြဇာတ်ရုံကြီးတွင် တင်ဆက်နေစဉ် လာမည့်ဆောင်းရာသီ တံတားခုန်ပွဲများအတွက်လည်း လေ့ကျင့်ခဲ့၏။ အားလပ်ရက်တစ်ရက်တွင်မူ ဘိုစတုန်အားကစားနှင့်ကာယပညာရှင် (၁၅၀၀) တို့အား သီးသန့်ဖိတ်ခေါ်၍ သူ ယခင် အားကစားနှင့် ကာယပညာရှင် (၂၇) ဦးတို့အား ဖိတ်ခေါ်၍ ပြသခဲ့သော သူ့ကိုယ်ခန္ဓာအား အပ်များဖြင့်၊ ပရိသတ်ကိုယ်စားလှယ်များက အပ်များဖြင့် ထိုးသွင်းစေခြင်း၊ အပ်များအား ပရိသတ်ရှေ့တွင် စားပြခြင်း စသော ပြကွက်များကို ပြသပြီး ဖဲချပ်များလိမ်နည်းကိုပါ ပရိသတ်အား ပြသခဲ့၏။

ဤပြပွဲပြီးသည်နှင့် ဘိုစတုန်အားကစားနှင့် ကာယပညာရှင်များအသင်း အမှုဆောင်တစ်ဦးဖြစ်သော ဒေါက်တာဂျေအီရုကီးသည် စင်မြင့်ပေါ်သို့ တက်ရောက်လာခဲ့ပြီး ဟူဒီနီအား အနူးအညွတ်တောင်းပန်၍

ဆွေးစစ်ခဲ့သည်။ ဒေါက်တာဂျေအီရက်ကီးကမူ သူတစ်သက်တာတွင် ဟူဒီနီကဲ့သို့ အားကောင်းမောင်းသန်သော အမျိုးသား တစ်ယောက်မှ မတွေ့ဘူးကြောင်း၊ ဟူဒီနီ၏ အစွမ်းပြပွဲများ အောင်မြင်ရခြင်းသည် သူ၏ တောင့်တင်းသန်စွမ်းသော ကိုယ်ခန္ဓာကြောင့် ဖြစ်နိုင်သည်ဟု ထုတ်ဖော် ပြောဆိုခဲ့သည်။ ဤအားကစားနှင့် ကာယပညာအသင်းခန်းမတွင် ကျင်းပသော ဟူဒီနီ၏ ပဥ္စလက်စွမ်းရည်ပြပွဲအကြောင်းအား ဘိုစတုန်မြို့မှ ထုတ်ဝေသော သတင်းစာကြီးများတွင် ဓာတ်ပုံများနှင့်တကွ ဝေဝေဆာဆာ ရေးသား ဖော်ပြခဲ့ကြ၏။ ဟူဒီနီသည် ဤပြပွဲပြီးသည်နှင့် ဘိုစတုန်မြို့ ကိ(သ်)ပြဇာတ်ရုံကြီးတွင် လူအများ တအံ့တသြဖြစ်စေရမည့်ပြကွက်သစ် တစ်ခု တီထွင်ရန် စီစဉ်ခဲ့သည်။ ထိုပြကွက်၌ အလွန် ကြီးမားသော ခေါင်းတလားကြီးအတွင်း သူ့အား လက်ထိတ်များ၊ သံခြေချင်းများခတ်ထားရာ အနှောင်အဖွဲ့မှ လွတ်မြောက်စေသောပြကွက် ဖြစ်သည်။ ဟူဒီနီသည် ဤပြကွက်ကို မတင်ပြမီ အပင်ပန်းခံ၍ လေ့ကျင့်ခဲ့၏။

အထူးမှာယူပြုလုပ်ထားသော ခေါင်းတလားကြီးကို ကိ(သ်)ဇာတ်ရုံကြီးရှေ့အဝင်ဝတွင် ပရိသတ်အများမြင်နိုင်ရန်နှင့် ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ထားသည်။ ဘိုစတုန် ညနေထုတ်သတင်းများနှင့် နေ့စဉ်ထုတ်သတင်းစာများကလည်း မကြာမီအတွင်း ဟူဒီနီတင်ဆက်ပြသမည့် ပြပွဲသစ်အစီအစဉ်ကို တင်ကြိုကြေညာပေးခဲ့၏။ ကိ(သ်)ဇာတ်ရုံကြီးကလည်း တင်ကြိုလက်မှတ်များ ရောင်းချခဲ့သည်ဟု ဆိုသည်။ ဘိုစတုန်မြို့သူမြို့သားများကလည်း မဟာဟူဒီနီ၏ ပိတ်ထားသော ခေါင်းတလားကြီးအတွင်းမှ လွတ်မြောက်ထွက်ပြမည့်ပြကွက်ကို ကြည့်ရှုရန် အားခဲထားကြသည်။

သတင်းစာ၊ ဂျာနယ်များမှ သတင်းထောက်များနှင့် မြို့မိမြို့ဖများသည် ကိ(သ်)ပြဇာတ်ရုံကြီးရှေ့တွင် စစ်ဆေးရန်ပြသထားသည်။ ခေါင်းတလားကြီးကို နေ့စဉ်လာရောက်ကြည့်ရှုကြသည်မှာပင် ပွဲလမ်းသဘင်မျှ စည်ကားသည်ဟု ဆိုသည်။ ဟူဒီနီကမူ ဤပြပွဲပြီးသည်နှင့် တံတားခုန်ပွဲကို ဆက်လက် ပြုလုပ်မည်ဟု ကြေညာထားခဲ့၏။

ဘိုစတုန်မြို့ ကိ(သ်)ဇာတ်ရုံကြီးရှေ့တွင် ဟူဒီနီ၏ ကြီးမားသော ပိုစတာကြီးကိုထောင်ထားပြီး လက်ထိတ်ကေရာဇ် မဟာဟူဒီနီ၏ ပဥ္စလက်ပြကွက်သစ်ဟု ကြော်ငြာထား၏။ ထိုနေ့တစ်နေ့လုံး ဘိုစတုန်မြို့သားများအဖို့ လှုပ်လှုပ်ရွရွဖြစ်နေသည်။ ကြီးမားသောခေါင်းတလောင်းကြီးအတွင်းမှ မဟာလွတ်မြောက်မှုပြကွက်ကို ရုံလျှံအောင် လာကြည့်ကြသည်ဟု မှတ်တမ်းများက ဖော်ပြခဲ့သည်။

ဇာတ်စင်ပေါ်တွင်မူ ကြီးမားသောခေါင်းတလားအနက်ကြီးတစ်ခုကို တင်ထားသည်။ မီးမောင်းကြီးများကလည်း ထိုခေါင်းတလားကို ထိုးထားသဖြင့် ပြပွဲလာပရိသတ်အများအဖို့ စိတ်ဝင်စားဖွယ်ဖြစ်နေသည်။

ဇာတ်စင်အောက်မှ သံစုံတီးဝိုင်းကြီးကလည်း သည်းထိတ်ရင်ဖိုဖွယ် သံစုံတီးဝိုင်းများကို တီးမှုတ်နေကြသည်။ အချိန်စေ့သည်နှင့် ပွဲကန်ထရိုက်တာဖြစ်သူနှင့် ဟူဒီနီသည် ပြပွဲလာပရိသတ်များထဲမှ ကိုယ်စားလှယ်များနှင့် သတင်းထောက်များအား ဖိတ်ခေါ်ခဲ့သည်။ ကိုယ်စားလှယ်များနှင့် သတင်းထောက်များကလည်း အနက်ရောင်ခေါင်းတလားကြီးအတွင်း အသေအချာ စစ်ဆေးကြည့်ရှုကြသည်။ သော့တူများ၊ လက်ထိတ်များကို ဖွင့်ထွက်နိုင်သည့်ကိရိယာများ ရှိ၊ မရှိ ခေါင်းတလောင်းကြီးအတွင်း အံဝှက်များ ရှိ၊ မရှိ သေသေချာချာ စစ်ဆေးကြည့်ရှုကြသည်။

ဟူဒီနီကိုယ်တိုင်ကလည်း သူ့ကိုယ်တွင်း သော့တူများ ဝှက်ထားခြင်း ရှိ၊ မရှိ စစ်ဆေးရန် ဖိတ်ခေါ်ပြန်သည်။ ထို့နောက် ဟူဒီနီသည် သူ့တစ်ကိုယ်လုံးမှ အဝတ်အစားများကို (အတွင်းခံဘောင်းဘီမှလွဲ၍) ချွတ်ပစ်လိုက်သည်။ ကိုယ်စားလှယ်များနှင့် သတင်းထောက်များသည် ဟူဒီနီတစ်ကိုယ်လုံးကို စေ့စေ့စပ်စပ်ရှာကြပြန်သည်။ ဇာတ်စင်အောက်မှ သံစုံတီးဝိုင်းကြီးကလည်း မြူးကြွသည့်သံစဉ်များကို တီးမှုတ်ကြပြန်သည်။ ကိုယ်စားလှယ်အဖွဲ့နှင့် သတင်းထောက်များသည် စိတ်ရှည်ရှည်ထား၍ ရှာဖွေကြပြီးသည်နှင့် ဟူဒီနီ၏လက်များကို နောက်ပြန်လက်ထိတ်ခတ်ကြပြန်သည်။ ခြေထောက်များကိုလည်း သံခြေချင်းများခတ်ကြ၏။ သည့်နောက် လက်ထိတ်များနှင့် သံခြေကျင်းများကို သံကြိုးဖြင့်တွဲကာ သော့များနှင့် ခတ်လိုက်သည်။

ထို့နောက် ကိုယ်စားလှယ်တော်များနှင့် သတင်းထောက်များသည် ဟူဒီနီအား ခေါင်းတလားကြီးရှိရာသို့ ခေါ်ဆောင်သွားသည်နှင့် မြူးကြွသော တေးသံစဉ်များကို တီးမှုတ်နေသော ဂီတဝိုင်းတော်သားများသည် တေးသံစဉ်များကို ရုတ်တရက် ရပ်ပစ်လိုက်သည်။ ခေါင်းတလားကြီးနှင့် ဟူဒီနီအား ထိုးထားသော မီးမောင်းများမှလွဲ၍ ဇာတ်ရုံတစ်ရုံလုံးရှိ မီးများကို မှိတ်ပစ်လိုက်သည်။ ပရိသတ်ကြီးမှာလည်း ငြိမ်သက်သွားသည်။ ပွဲကြည့်ပရိသတ်အားလုံးသည် ဟူဒီနီနှင့် ဇာတ်စင်ပေါ်ရှိ ကိုယ်စားလှယ်များကိုသာ အာရုံပြုနေကြသည်။

ဟူဒီနီသည် ပရိသတ်ကြီးအား ဦးညွှတ်၍ နောက်ဆုံးနှုတ်ဆက်ခဲ့ပါသည်ဟု အော်ဟစ်ပြောဆိုပြီး ခေါင်းတလားအတွင်းဝင်၍ အိပ်လိုက်တော့သည်နှင့် ဇာတ်စင်အောက်မှ တေးဂီတအဖွဲ့ကလည်း ရင်သိမ့်တုန်ဖွယ်ရာတေးသံစဉ်များကို တီးမှုတ်ကြသည်။ မီးမောင်းကြီးများကလည်း ဟူဒီနီ ဝင်အိပ်လိုက်သည့် ခေါင်းတလားကြီးကို ထိုးထားသည်။ ကိုယ်စားလှယ်တော်များသည် သည်းထိတ်ရင်ဖိုဖွယ်ရာ ခေါင်းတလားအနက်ကြီးကို ပျဉ်ချပ်အဖုံးဖြင့်ဖုံးလိုက်ပြီး ဝက်အူများဖြင့် စုပ်လိုက်တော့၏။ ပရိသတ်ကြီးသည် ခေါင်းတလားကြီးကိုသာ စူးစိုက်ကြည့်နေကြသည်။ ဟူဒီနီကားအလုံပိတ်ထားသော ခေါင်းတလားအတွင်း လက်ထိတ်များ၊ သံခြေချင်း

များခတ်လျက်ရှိနေသည်။ သူ မည်ကဲ့သို့ ဤအနှောင်အဖွဲ့မှ လွတ်ထွက်လာမည်နည်း။

တေးဂီတသံစဉ်များ ရုတ်တရက်ရပ်စဲပြီး တစ်ရုံလုံး မီးများလင်းလာသည်။ ဟူဒီနီလဲလျောင်းနေသော ခေါင်းတလားကြီးအတွင်းမှ မည်သည့်အသံကိုမျှ မကြားရ။ ဇာတ်ရုံတစ်ရုံလုံး ကျောချမ်းဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်နေတော့သည်။ ကိုယ်စားလှယ်တော်များလည်း ဇာတ်စင်ပေါ်တွင် စောင့်ကြည့်နေကြ၏။ တစ်မိနစ်ပြီးတစ်မိနစ် ကြာလာသည်။ ခေါင်းတလားအတွင်းမှ မည်သည့်အသံမျှမကြားရ။ ဤသို့ကြာလာလေလေ ကြည့်ရှုသူတို့ စိတ်လှုပ်ရှားလေ ဖြစ်တော့သည်။ ပရိသတ်အဖို့ တစ်မိနစ်အချိန်သည် အရှည်ကြာဆုံးအချိန်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ တေးဂီတအဖွဲ့ကလည်း ပရိသတ် သည်းထိတ်ရင်ဖိုဖွယ်ရာသံစဉ်များကို တီးမှုတ်နေသဖြင့် စိတ်ချောက်ချားဖွယ်ရာ ဖြစ်တော့၏။ ပွဲကြည့်ပရိသတ်သည် ဘိုစတုန်မြို့ဇာတ်ရုံကြီး၏ ပြပွဲကန်ထရိုက်တာကြီးနှင့် ဟူဒီနီ၏ ပဥ္စလက်ပြကွက်များ အကြံပေးအဖြစ် ဆောင်ရွက်နေသူ မစ္စတာပေါ(လ်)ကိ(သ်)သည် ပြပွဲလာပရိသတ်များ၏ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ဇာတ်စင်ပေါ်ရှိ ခေါင်းတလားအတွင်းမှ ရုတ်တရက်ထွက်လာမည့် ပဥ္စလက်ဆရာဟူဒီနီကို သည်းထိတ်ရင်ဖိုစွာ စောင့်ကြည့်နေသည်။

ပေါ(လ်)ကိ(သ်)သည် ဇာတ်စင်ပေါ်ရှိ ကိုယ်စားလှယ်အဖွဲ့၏ တီးတိုးပြောနေသည့်အသံများထက် သူ့မိတ်ဆွေကြီး မဟာဟူဒီနီကို ရုတ်တရက် ခေါင်းတလား၏အဖုံးကိုဖွင့်၍ ထွက်လာမည့်အသံကို မျှော်နေမိသည်။ ဤသို့အတွင်း ဇာတ်စင်အောက်မှ ဆူဆူညံညံ ထိတ်လန့်ချောက်ချားဖွယ်ရာ ဂီတသံစဉ်များကို တီးမှုတ်နေသော ဂီတဝိုင်းမှာ ရုတ်တရက်ရပ်သွားသည်နှင့် ပွဲကြည့်ပရိသတ်တို့၏ ဟာခနဲ ဟင်ခနဲအသံ လျှံထွက်လာသည်။

အဘယ့်ကြောင့်ဆိုသော် ဝတ်စုံနက်ကို ကျကျနန သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားသော ဟူဒီနီသည် ကတ္တီပါကားလိပ်ကိုဖယ်၍ ထွက်လာခဲ့သောကြောင့် ဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် လေးမိနစ်အတွင်း ဟူဒီနီသည် ဝက်အူများဖြင့် သေသေချာချာ စုပ်ထားသော ခေါင်းတလားအတွင်းမှ လက်ထိတ်များ၊ ခြေချင်းများ စသော အနှောင်အဖွဲ့မှ မည်ကဲ့သို့လွတ်မြောက်လာသနည်း။ ဘောင်းဘီတိုနှင့် ခေါင်းတလားအတွင်းလက်ထိတ်ခတ်၊ သံခြေချင်းခတ်ထားသော ဟူဒီနီသည် အနှောင်အဖွဲ့အခက်အခဲမှ လွတ်မြောက်လာပြီး ဝတ်စုံများကို ဤကဲ့သို့ တိုတောင်းသောအချိန်အတွင်း ဝတ်ဆင်ခဲ့သနည်း။

ပဥ္စလက်ဆရာပေါင်းစုံတွေ့ခဲ့ရပြီး ပဥ္စလက်ပြကွက်ပေါင်းစုံ ကြည့်ရှုခဲ့ရသော ပြပွဲကန်ထရိုက်တာကြီး ပေါ(လ်)ကိ(သ်)ကိုယ်တိုင် ကြက်သေသေသွားခဲ့သည်ဟု မြင်ရသူ ပြပွဲလာပရိသတ်က ဆိုခဲ့ကြသည်။ ပရိသတ်

ကြီးကမူ မဟာဟူဒီနီ၏ပညာသည် ပဉ္စလက်ပညာမဟုတ်နိုင်။ ပြိုင်ဘက်ကင်းသော လောကီပညာသာ ဖြစ်နိုင်မည်။ သူ့အား နာနာဘာဝများက အကူအညီပေးနေသည်မှာ ထင်ရှားလှသည်ဟု ဆိုသည်။ မစ္စတာပေါ(လ်)ကိ(သ်)ကမူ မဟာဟူဒီနီ၏ ခေါင်းတလားအတွင်းမှ မဟာလွတ်မြောက်မှုပြကွက်သည် ပြိုင်ဘက်ကင်းသော ပြကွက်ဖြစ်ပြီး ထိုပြကွက်သည် ဟူဒီနီ၏ အအောင်မြင်ဆုံးပြကွက် ဖြစ်သည်။ နောင်နှစ်ပေါင်းများစွာအတွင်း ထိုပြကွက်သည် အမေရိကန်ပြည်ထောင်စုမှ ပွဲကြည့်ပရိသတ်များကို ထာဝစဉ် ဆွဲဆောင်နိုင်ပေလိမ့်မည်ဟု ထုတ်ဖော် ပြောဆိုခဲ့သည်ဟု သိရ၏။

ဟိုးဟိုးကျော်ခဲ့သော ဤပြကွက်သစ်ကို ပြသပြီးနောက် ဟူဒီနီသည် ပြပွဲလာပရိသတ်များ တအံ့တဩဖြစ်စေနိုင်သော ပြကွက်သစ်များကို မထပ်စေရန် တီထွင်ပြန်သည်။ သာဓကအားဖြင့် အလွန်ကြီးမားသော ဘောလုံးကြီးအတွင်း အနှောင်အဖွဲ့များမှ ထွက်လာသည့် မဟာလွတ်မြောက်မှုပြကွက်၊ ဘွိုင်လာအိုးကြီးအတွင်း လက်ထိတ်ခတ်, ခြေချင်းခတ်ထားသော ဟူဒီနီဝင်စေပြီး မီးဖုတ်ထားသဖြင့် ရဲရဲနီနီနေသော စို့ကြီးများကို ရိုက်သွင်းသည့်ပြကွက်၊ သေတ္တာကြီးအတွင်းမှ မဟာလွတ်မြောက်မှုပြကွက်တို့မှာ ပရိသတ်အကြိုက် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုပြပွဲပရိသတ်ကမူ ဤပဉ္စလက်ပြကွက်များကို မဟာဟူဒီနီမှတစ်ပါး မည်သည့် ပဉ္စလက်ဆရာမျှ စွမ်းဆောင်နိုင်လိမ့်မည်မဟုတ်ဟု ယူဆထား၏။

ဟူဒီနီသည် လျှို့ဝှက်နက်နဲ၍ ရင်သိမ့်တုန်ချောက်ချားဖွယ်ရာ ပဉ္စလက်ပြကွက်များကို ဇာတ်စင်ပေါ်တွင်သာ တင်ဆက်ပြသခဲ့သည် မဟုတ်။ ဘိုစတုန်မြို့၏ လုပ်ငန်းရှင်ကြီးများ၊ မြို့မိမြို့ဖများနေအိမ်များသို့ သွားရောက်၍ အထူးဖိတ်ကြားထားသော မင်းပရိသတ်များအား သူ၏ ပဉ္စလက်ပြကွက်များကို ပြသခဲ့သည်။

❐

## (၁၃)

ဘိုစတုန်မြို့တော်၏ မျက်နှာဖုံးဖြစ်သော ကိ(သ်)ဇာတ်ရုံကြီးတွင် ပွဲစဉ်များပြီးဆုံးသည်နှင့် ဆန်ဖရန်စစ္စကိုမြို့သို့ကူးရန် ပြင်ဆင်ခဲ့ရ၏။ ပြင်ဆင်နေစဉ်တွင် ဘိုစတုန်မြို့တွင် နေလိုလလိုထင်ရှားသော သန်းကြွယ်သူဌေး မစ္စတာဂျေအက်(ခ်)ဖေးဆိုသူက ဟူဒီနီအား သူ့အိမ်သို့ ဖိတ်ကြားခဲ့သည်။ ထိုပွဲသို့ ဘိုစတုန်မြို့ အားကစားနှင့် ကာယပညာရှင်အချို့နှင့် ဘိုစတုန်မြို့ လှေလှော်ရွက်တိုက်အသင်းဥက္ကဋ္ဌဖြစ်သူ မစ္စတာဟားဗက်လီ(ခ်)ဆိုသူလည်း တက်ရောက်ခဲ့သည်။ ဤကိုးတ်ပိုင်းကလေးသို့ ဘိုစတုန်မြို့ မျက်နှာဖုံးဖြစ်သူ (၁၀)ဦး တက်ရောက်ခဲ့ကြ၏။ မစ္စတာဖေးနှင့် မိတ်ဆွေအများကမူ ဟူဒီနီ ဇာတ်စင်ပေါ်တွင် အနှောင်အဖွဲ့မှ လွတ်မြောက်ပြသမှုများ၊ အခြားပြပွဲပရိသတ် စွဲမက်သော ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူပြကွက်များသည် ပရိသတ်များ၏မျက်စိကို လှည့်ဖြားသော ပဥ္စလက်အတတ်များသာ ဖြစ်သည်။

ဟူဒီနီသည် တကယ့် မဟာပဥ္စလက်ဆရာဖြစ်ပါက ဇာတ်စင်မဟုတ်သော ဖေး၏ဧည့်ခန်းတွင် သူ့ဇာတ်စင်ပေါ်၌ပြသသော ပြကွက်များကို ပြသနိုင်ရမည်ဟု ယူဆထား၏။ သို့ဖြစ်၍ ဟူဒီနီဝတ်ဆင်ထားသော ဝတ်စုံအားလုံး(ဖိနပ်)ကို ချွတ်စေသည်။ ထို့နောက် မစ္စတာဖေးနှင့် မိတ်ဆွေများက တစ်ကိုယ်လုံး မည်သည့်နေရာမျှမကျန်စေရအောင် ရှာဖွေသည်။ စိတ်ကျေနပ်မှုပင် မစ္စတာဖေးနှင့် မစ္စတာဟားဗက်တို့ အသင့်ယူထားသော ကိုယ်ကျပ်အကျီ၊ ဘောင်းဘီတို့ကို ဝတ်စေသည်။ ဟူဒီနီ၏ တစ်ကိုယ်လုံးကို ကြိုးများဖြင့် အထပ်ထပ်နှောင်လိုက်ကြသည်။ ကိုယ်ကျပ်အကျီမှာလည်း ချွတ်ထွက်ရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ဟု ယူဆထားသည်။ ဤကဲ့သို့ချည်နှောင်ထားပြီး ဤအခက်အခဲများမှ ဟူဒီနီ လွတ်မြောက်ပြနိုင်လျှင် ဒေါ်လာတစ်သောင်းပေးမည်ဟု စိန်ခေါ်လိုက်သည်။

ဤစိန်ခေါ်ပွဲသည် မဟာဟူဒီနီအဖို့ အထူးအခက်အခဲဆုံးနှင့် ရင်ဆိုင်ရသောပွဲဖြစ်သည်ဟု ဟူဒီနီက ဘိုစတုန်ကမ္ဘာလုံးသတင်းစာကြီးမှ သတင်းထောက်အား ပြောပြခဲ့သည်။ မှန်ပါသည်။ စိန်ခေါ်သူများမှာ အတော်အသင့် ပဉ္စလက်ပညာကို လေ့လာထားသူများ ဖြစ်ကြ၏။ ဟူဒီနီ ပြသသည့် ပြပွဲများအားလည်း ထာဝစဉ် တက်ရောက် လေ့လာကြည့်ရှု ထားသူများဖြစ်၍ သူ၏ အားနည်းချက်၊ ဟာကွက်များကို သိထားသူများ ဖြစ်သည်။

မစ္စတာဂျေးအက်(စ်)ဖေးသည် ဟူဒီနီ၏လက်များ၊ ခြေထောက်များကိုခတ်မည့် လက်ထိတ်များ၊ ခြေချင်းများမှာ ဘိုစတုန်မြို့အကျဉ်းထောင်ကြီးမှ နာမည်ကျော် လူမနိုင်မသား ဒုစရိုက်သမားများကို ခတ်သည့် လက်ထိတ်များ ဖြစ်သည်။ အခြား သံကြိုးများခတ်သည့် သော့များမှာလည်း မစ္စတာဖေး၏ ကိုယ်ပိုင် အာမခံသော့များ ဖြစ်သည်။ မစ္စတာဖေးက မဟာဟူဒီနီသည် သူ၏ မဟာလွတ်မြောက်မှုပြကွက်များတွင် သော့တူအား ဖိနပ်များအတွင်း ဝှက်ထားလေ့ရှိသည်ဟု ယူဆထားသူ ဖြစ်၏။ သို့ဖြစ်၍ ဤစိန်ခေါ်ပွဲတွင် ဟူဒီနီ၏ဖိနပ်ကိုပါ ချွတ်ထားစေခြင်း ဖြစ်သည်။

သတ်မှတ်ထားသည့်အချိန်စေ့သည်နှင့် ဟူဒီနီသည် လက်ထိတ်များ၊ ခြေချင်းများ၊ တင်းတင်းကျပ်ကျပ် ချည်နှောင်ထားသည့်ကြိုးများ၊ သံကြိုးများ တင်းကျပ်နေသည့် ကိုယ်ကျပ်အင်္ကျီအတွင်းမှ လွတ်ထွက်ရန် ရုန်းကန်ကြိုးစားတော့၏။ ဤစိန်ခေါ်ပွဲသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့သော ဆရာဝန်တစ်ဦးကမူ ဟူဒီနီသည် သာမန်လူတစ်ယောက်သာဖြစ်ပါက သူ့အား တင်းတင်းကျပ်ကျပ်ချည်နှောင်ထားသောကြိုးများ တင်းလွန်းသဖြင့် အသက်ရှူကျပ်၍ သေစေနိုင်သည်ဟု နောင်အခါ ထုတ်ဖော်ပြောပြခဲ့သည်။ မိနစ်ပေါင်းများစွာ ရုန်းကန်နေရသဖြင့် အားကောင်းမောင်းသန်လှသော ဟူဒီနီသည် အလွန်မောလာသဖြင့် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

ကြည့်ရှုနေကြသော ပုဂ္ဂိုလ်များကမူ ဤဒေါ်လာတစ်သောင်းဖြင့် အလောင်းကစားပြုလုပ်ထားသော စိန်ခေါ်ပွဲတွင် မဟာဟူဒီနီသည် လက်မြှောက်အရှုံးပေးရပေလိမ့်မည်ဟု တွက်ထားကြသည်။ သူသည် ဥရောပတိုက် တစ်နံတစ်လျားခြေဆန့်၍ ကမ္ဘာ့ထိပ်သီး လျှို့ဝှက်ရဲအဖွဲ့ကြီးများ၏ စိန်ခေါ်ပွဲများကို မိနစ်အနည်းငယ်ဖြင့် အနိုင်ယူခဲ့သူ ဖြစ်၏။ သို့သော် မစ္စတာဖေး၏ စိန်ခေါ်ပွဲတွင်မူ သည်းထိတ်ရင်ဖိုဖွယ် ဖြစ်တော့သည်။ ရုန်းကန်ရသဖြင့် သူ့ကိုယ်ခန္ဓာတွင် ပွန်းပဲ့ကုန်သည်။ လက်ချောင်းများမှာလည်း ညိုလာသည်။ သွေးများစို့လာသည်။ မစ္စတာဖေးနှင့် မိတ်ဆွေများကမူ အပြုံးရိပ်များ မျက်နှာပေါ်တွင် ပေါ်လာသည်။ 'ကဲ- ဘယ့်နှယ်ရှိစ လက်ထိတ်ကေရာဇ်ကြီး မဟာဟူဒီနီကြီး' ဟု သရော်လိုသောအပြုံးဖြင့်

ပြုံးနေကြခြင်း ဖြစ်သည်။ မိနစ်အနည်းငယ်ကြာလာလေလေ ကြည့်ရှုနေသူ စိန်ခေါ်သူများအဖို့ စိတ်လှုပ်ရှားလာလေ ဖြစ်သည်။ တစ်ဆယ့်ငါးမိနစ်ကြာလာသော်လည်း ဟူဒီနီကား အနှောင်အဖွဲ့မှ မလွတ်နိုင်သေး။

သို့သော် နောက်ထပ် သုံးမိနစ်ခန့်ကြာလာသည်နှင့် ဟူဒီနီ လူးလိမ့်နေသည့်နေရာမှ လက်ထိတ်များ၊ သံခြေချင်းများဖြုတ်၍ ကြမ်းပြင်ပေါ်သို့ကျသွားသောအသံကို ကြားရသည်နှင့် မစ္စတာဖေး၏ မျက်နှာပေါ်တွင် အပြုံးရပ်သွားသည်။ ဟုတ်မှဟုတ်ပါ့မလား၊ နားကြားလွဲများခဲ့ခြင်းလော။ နောက်တစ်မိနစ်ခန့်အကြာတွင်မူ လက်ထိတ်များ၊ ခြေချင်းများ၊ ကိုယ်ကျပ်အင်္ကျီများ၊ သံကြိုးများ အနှောင်အဖွဲ့မှ ရုတ်တရက်ထွက်လာပြီး -

"လူကြီးမင်းများ ခင်ဗျာ၊ ကောင်းသောနံနက်ခင်းပါ"

ဟု နှုတ်ဆက်လိုက်တော့သည်။

ကြမ်းပြင်ပေါ်တွင်မူ သူ့အားချည်နှောင်ထားသော အရာခပ်သိမ်းသည် စုပုံလျက်ရှိပြီး အဝတ်မပါဗလာကိုယ်လုံးတီးနှင့် မဟာဟူဒီနီသည် လောင်းကြေးဖြင့် စိန်ခေါ်သူ မစ္စတာဖေးနှင့် မိတ်ဆွေများရှေ့တွင် ရပ်လျက်တွေ့ရတော့သည်။ စိန်ခေါ်သူအားလုံးမှာ အံ့ဩခြင်း၊ တုန်လှုပ်ခြင်း၊ နားမလည်နိုင်ခြင်းကြီးစွာဖြင့် ဟူဒီနီအား စိုက်ကြည့်နေကြသည်။ ထူးဆန်းလွန်းသဖြင့် စကားမပြောနိုင်လောက်အောင် ပါးစပ်အဟောင်းသားဖြစ်နေကြတော့၏။ လက်ခုပ်ဩဘာတီးရန်ပင် မေ့လျော့နေကြတော့သည်။ တစ်မိနစ်၊ နှစ်မိနစ်ကြာမှပင် လက်ခုပ်ဩဘာတီးမိကြတော့သည်။

ဤသတင်းသည် တောမီးပမာ ပျံ့နှံ့သွားပြီးသည်နှင့် ဘိုစတုန်တစ်မြို့လုံးသာမက အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျား ဟိုးလေးတကျော်ဖြစ်သွားသည်။ ချီကာဂို၊ ဆန်ဖရန်စစ္စကို၊ ဝါရှင်တန်၊ နယူးယောက်၊ မစ်ချီဂန် စသော မြို့မှ လူထုများသည် ဤသတင်းပါဝင်သော သတင်းစာများကို အလုအယက်ဝယ်ယူဖတ်ရှုကြသည်။ မဟာဟူဒီနီသည် သဘာဝနည်းဖြင့် လွတ်စရာလမ်းမမြင်။ လူအများ နားမလည်နိုင်သော စွမ်းအင်ကြောင့် ဖြစ်ရမည်ဟု ယုံကြည်ခဲ့ကြ၏။

ဟူဒီနီအဖို့ ၁၉၀၇ ခုနှစ်အတွင်း ပဥ္စလက်လောကမှ ထိပ်သီး ပဥ္စလက်အဖွဲ့ကြီးသုံးဖွဲ့က စိန်ခေါ်ခဲ့သည်။ ဤစိန်ခေါ်ပွဲကြီးများတွင် မစ္စတာဂီ၏ ပဥ္စလက်အဖွဲ့နှင့် ထိပ်တိုက်စိန်ခေါ်မှုမှာ လူသိအများဆုံး ဖြစ်သည်ဟု မှတ်တမ်းများအရ သိရသည်။ ဤစိန်ခေါ်ပွဲများတွင်လည်း လူအများက တအံ့တဩ ပြောဆိုကြသည်။ ဟူဒီနီသည် သူ၏ ယှဉ်ပြိုင်ဘက်များအပေါ် လွယ်လွယ်ကူကူနှင့်ပင် အောင်ပွဲခံနိုင်ခဲ့သည်ဟု ဆိုကြသည်။ ဟူဒီနီအဖွဲ့ရောက်ရှိသော မြို့များအားလုံးတွင် ဟူဒီနီမှာ သူ့ပြပွဲများကို ထိန်းထားနိုင်သည်။ သူ့အဖွဲ့အား အင်အားတိုးစေရန် ဥရောပတိုက်တွင် မစ္စတာဟာဒင်အမည်ဖြင့် လျှမ်းလျှမ်းတောက် ကျော်ကြားစ

ပြနေသော သူ့ညီ သီယိုအား အမေရိကန်ပြည်ထောင်စုသို့ ပြန်လာရန် ကြေးနန်းရိုက်ခေါ်ယူခဲ့သည်။

မဟာဟူဒီနီညီနောင်၏အဖွဲ့သည် အမေရိကန်ပြည်ထောင်စုမြို့ကြီးများရှိ ပြဇာတ်ရုံကြီးများတွင် ပြကွက်သစ်များတီထွင်၍ ပြသတင်ဆက်ခဲ့၏။ အမေရိကန်ပြည်ထောင်စုမှ လှည်းနေလှေအောင်းမကျန် လူအများသည် မဟာဟူဒီနီညီနောင် ပဥ္စလက်ပြပွဲကို ရှုလျှံအောင် အားပေးခဲ့ကြသည်ဟု ဆိုသည်။ သူတို့ ပဥ္စလက်ပွဲတွင် တင်ဆက်ပြသသည့် ပြကွက်များမှာ အသစ်အဆန်းများသာ ဖြစ်တော့၏။ ပြိုင်ဘက်ပဥ္စလက်အဖွဲ့များအဖို့ မဟာဟူဒီနီညီနောင်၏ ပဥ္စလက်အဖွဲ့ကို လက်မြှောက်အရှုံးပေးကြရသည်။ ဟူဒီနီသည် အမေရိကန်ပြည်ထောင်စု၏ ထိပ်သီးပဥ္စလက်အကျော်အမော်ဖြစ်ခဲ့ရတော့သည်။

၁၉၀၇ ခုနှစ်၊ ဧပြီလတွင် ဟူဒီနီသည် သူ၏ မဟာလွတ်မြောက်မှုများနှင့်ပတ်သက်သော လျှို့ဝှက်အချို့ပါဝင်သော (The Right Way To Do Wrong) **အမှားကိုကျူးလွန်နိုင်ရေးအတွက် နည်းလမ်းမှန်များ**ဟူသော စာမျက်နှာ (၉၆) မျက်နှာပါဝင်သည့် စာအုပ်တစ်အုပ် ရေးသား ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်ငယ်တွင် လက်ထိတ်များ၊ အာမခံသော့များ၊ ခြေချင်းများ စသည့် အနှောင်အဖွဲ့မှ လွတ်မြောက်စေသည့်နည်းလမ်းများ၊ သော့အမျိုးမျိုးကို ဖွင့်စေနိုင်သည့်နည်းလမ်းများ ပါသည်ဟု ဆိုသည်။ အမှန်အားဖြင့် ဤစာအုပ်ငယ်ကလေးသည် သူ့ပဥ္စလက်ပွဲများပြသသည့် ဇာတ်ရုံများတွင် ရောင်းချရန် ရည်ရွယ်ခဲ့သည်။ သို့သော် ထိုစာအုပ်ငယ်ကလေးများ သူမျှော်မှန်းထားသည်ထက် ပိုမို ရောင်းချရသည်။ သူ့အတွက် ပဥ္စလက်ဆရာတစ်ဦးဟု လူထုက အသိအမှတ်ပြုခံရသည်ထက် စာရေးဆရာကောင်းတစ်ယောက် ဖြစ်သည်ဟု စာပေအကဲဖြတ်သူတို့က ဆိုကြ၏။ ဟူဒီနီသည် ငြီးငွေ့ဖွယ်ကောင်းသော ပညာတစ်ရပ်ကို စာဖတ်သူများစိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားနိုင်သည်မှာ အံ့ဖွယ်ဖြစ်သည်ဟု ဆိုသည်။ မည်သို့ပင်ဖြစ်စေကာမူ စာပေလောကအတွင်း စမ်းသပ်တိုးဝင်ခဲ့ရာတွင် အထိုက်အလျောက် အောင်မြင်မှုရသွားခြင်း ဖြစ်၏။ စာနယ်ဇင်းသမားများကမူ ဟူဒီနီအား တစ်မိုးလုံးဖျောက်ဆိပ်ဟု ကင်ပွန်းတပ်ခဲ့ကြတော့၏။

သူ့အဖို့ နာမည်ကျော်ကြား လူသိများခဲ့သော မဟာလွတ်မြောက်မှုပြကွက်များကို တီထွင်ပြသရသဖြင့် ငြီးငွေ့စပြုလာခဲ့ပြီ ဖြစ်၏။ ဤမဟာလွတ်မြောက်မှု အခက်အခဲပြကွက်အသစ်များတီထွင်ရန် စိတ်ကူးများကုန်ခန်းလာလေပြီ။ ယခုအထိ သူသည် သူ့အား တုပလာကြသော ကမ္ဘာ့နိုင်ငံအသီးသီးမှ ပဥ္စလက်ဆရာများ လိုက်မမီနိုင်အောင် ရှေ့ကပြေးကာ အသစ်အဆန်းအမျိုးမျိုး ထွင်ပြခဲ့ပြီး အခြား ပဥ္စလက်ဆရာများ စိတ်ကူးပင်မထည့်ဝံ့သော တံတားခုန်ချပွဲများကိုလည်း ပြုလုပ်ပြသခဲ့ရာ လူထု

ပရိသတ်ကြီးက လက်ဖျားခါ၍ တအံ့တသြဖြစ်ခဲ့ကြပြီး ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ပဥ္စလက်လောကတွင် သူ့အား တုပနိုင်သူမရှိတော့။ အခြားနိုင်ငံများ၏ ပဥ္စလက်ဆရာများကလည်း သူ့အား ကမ္ဘာ့ပဥ္စလက်လောက၏ ဦးစီးခေါင်းဆောင်ဟု အသိအမှတ်ပြုခဲ့ကြလေပြီ။ သူငယ်စဉ်က မျှော်မှန်းခဲ့သော ပဥ္စလက်ဆရာတစ်ဆူဖြစ်ခဲ့ပြီ ဖြစ်၏။

ပြိုင်ဘက်ကင်းသော ပုဂ္ဂိုလ်တစ်ယောက်အဖို့ ထိုနေရာကို ခိုင်ခိုင်မြဲမြဲ ထိန်းနိုင်ရန် လိုအပ်သည်ဟု ဟူဒီနီက ထာဝစဉ် ယုံကြည်ထားခဲ့သည်။ သူ၏ မဟာလွတ်မြောက်မှုများပြကွက်များ၊ တံတားခုန်ပွဲများ[illegible] ပြည်သူလူထုစိတ်ဝင်စားမည့် ပြကွက်သစ်တစ်ခု တီထွင်ရန် စဉ်းစားမိသည်။ သူ တက်သစ်စ ပဥ္စလက်ဆရာဘဝက ဟိုးဟိုးကျော်ခဲ့သော 'ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူ' ဟူသော ပြကွက်ကို ပရိသတ်ရှုမငြီးစေရန် ပြကွက်သစ်တစ်ခုတီထွင်ရန် စိတ်ကူးသည်။ ထိုပြကွက်သစ်အတွက် သူ့ဇနီးနှင့် ညီဖြစ်သူထံမှ အကြံဉာဏ်တောင်းခဲ့၏။ ထိုပြကွက်သစ်မှာ ရေစည်ထဲမှ ရုတ်တရက် လွတ်မြောက်လာမည့်ပြကွက် ဖြစ်၏။ ထိုပြကွက်သည် ယခင် သူပြလေ့ပြထမရှိသောပြကွက် ဖြစ်၏။ ဝါစ်ကွက်မှားရုံမျှနှင့် သူ့အသက်အန္တရာယ်တွေ့နိုင်သည်။ သူ့ဇနီးဘက်(ခ်)နှင့် ညီဖြစ်သူ သီယို (ဟာဒင်) ကမူ ထိုပြကွက်အပေါ် စိုးရိမ်သောကရောက်ခဲ့ကြ၏။

ဟူဒီနီကမူ သူ့ကိုယ်သူ ယုံကြည်သည်။ ထိုပြကွက်သည် သူ့အား ပိုမို ပေါက်မြောက်အောင်မြင်သော ပဥ္စလက်ဆရာတစ်ဆူအဖြစ် ပို့ဆောင်မည့်ပြကွက်ဟု ယူဆသည်။ ဤပြကွက်ကို ၁၉၀၈ ခုနှစ်ဆန်းစတွင် တင်ဆက်ပြသနိုင်ရန် အစွမ်းကုန် ကြိုးစားသည်။ လေ့ကျင့်သည်။ ဤပြကွက်တွင် သူ့အား ကူညီပြသမည့်အဖွဲ့သားများကိုလည်း စနစ်တကျ လေ့ကျင့်စေသည်။ ဟူဒီနီသည် စာနယ်ဇင်းသမားများအား ဖိတ်ခေါ်၍ ၁၉၀၈ ခုနှစ် လဆန်းပိုင်းတွင်ပြသမည့် ပြကွက်မှာ သူ ယခင်က ပြသခဲ့ပြီးဖြစ်သော အာမခံလက်ထိတ်များ၊ သံခြေချင်းများမှ လွတ်မြောက်သည့်ပြကွက်၊ ခေါင်းတလားကြီးအတွင်းမှ လွတ်မြောက်သည့်ပြကွက်၊ ကြိုးအထပ်ထပ်ချည်နှောင်ထားသော သေတ္တာကြီးများမှ လွတ်မြောက်လာသည့်ပြကွက်၊ အလွန်ကြီးမားသော ဘောလုံးကြီးအတွင်းမှ ရုတ်တရက် လွတ်မြောက်လာသည့်ပြကွက်များထက် သည်းထိတ်ရင်ဖိုစေရမည်ဟုဆိုကာ ပြောကြားပြီး သူ့ပြကွက်ကို အထူးပြပွဲအဖြစ် ပြသခဲ့သည်ဟု သိရ၏။

ထိုပြပွဲတွင် ဟူဒီနီသည် နွားနို့ထည့်သော မိုးကြိုးရည်စိမ်ထားသည့် သံဖြင့်ပြုလုပ်ထားသည့် နွားနို့ပို့သူများ နွားနို့ထည့်သော အလွန် ကြီးမားသော သံစည်ကြီးအတွင်း သူ့ကိုထည့်စေ၍ စည်ဖုံးအား သော့ခြောက်လုံးဖြင့် ခတ်စေသည်။ ဤနွားနို့ပုံးနှင့်ဆင်တူသော သံစည်ကြီးအတွင်းမှ မဟာဟူဒီနီသည် မိနစ်ပိုင်းအတွင်း ထွက်ပြခြင်း ဖြစ်သည်။ ထူးထူးခြား ရင်သိမ့်ဖိုစေသောပြကွက် ဖြစ်သည်။ နွားနို့ထည့်သောပုံးနှင့်တူသော သံစည်ကြီး

၏အဖုံးမှာလည်း လူတစ်ယောက်မ,၍မရနိုင်။ ဤပြကွက်သည် ဟူဒီနီ ယခင်က ပြသခဲ့သော မဟာလွတ်မြောက်မှုကြီးများ ပြကွက်များထက် အသက်အန္တရာယ်ပေးနိုင်သည့်ပြကွက် ဖြစ်၏။ အချိန်ပိုင်းအတွင်း ထွက် မလာနိုင်ပါက ဟူဒီနီမှာ ရေမွန်း၍ သေဆုံးနိုင်စေသည်။ ဤပဥ္စလက် ပြကွက်သည် ဆန်းပြီး မည်သည့်ပဥ္စလက်ဆရာမျှ တီထွင်ပြသခဲ့ခြင်း မရှိခဲ့။ ထိုသရုပ်ပြပွဲသို့ တက်ရောက်သော သတင်းစာဆရာအများကမူ ဤပြကွက်သည် အမေရိကန်ပြည်ထောင်စု၏ ပဥ္စလက်သမိုင်းတွင် မည် သူမျှ ပြသခဲ့ခြင်းမရှိဟု ဆိုသည်။

သူမပြသမီ သတင်းစာဆရာအများသည် ခွားနို့ထည့်သော သံပုံး ကြီးနှင့်တူသည့် သံစည်ကြီး၏ အတွင်းအပြင်အဖုံးများတွင် လေးဖက်လေး တန်ခတ်မည့် သော့ခလောက်ကြီး ခြောက်ခုတို့အား သေသေချာချာ စစ် ဆေးကြသည်။ ထိုသံစည်ပုံးကြီးအတွင်း ရေထည့်သည်ကိုလည်း စောင့် ကြည့်ကြ၏။ ဟူဒီနီ အဝတ်အစားချွတ်၍ သံစည်ပုံးအတွင်းဝင်သွားပြီး အဖုံးကြီးကို သူ့တပည့်များက ပိတ်ဖုံးသော့ခတ်ပုံများကိုပင် သတင်းစာ ဆရာများက စောင့်ကြသည်။

ဤပဥ္စလက်ပညာ သရုပ်ပြပွဲတွင်လည်း ဟူဒီနီသည် မိနစ်ပိုင်း အတွင်း ရေအပြည့်ထည့်ထားပြီး သော့ခြောက်လုံးခတ်ထားသော သံစည် ပုံးအတွင်းမှ လွတ်မြောက်လာနိုင်ခဲ့သည်။ သတင်းစာဆရာအားလုံးကမူ တကယ့်အံ့ဖွယ်သရဲဖြစ်သည့်ပြကွက်၊ အသက်အန္တရာယ်ပေးနိုင်သော ပြကွက်ဟု ယူဆထားကြသည်။ ဤသတင်းသည် ဟိုးဟိုးကျော်သွားသည်။

နောက်နေ့ထုတ်သတင်းစာများအားလုံးတွင် ဤအံ့ဖွယ်သရဲ ပြကွက်အကြောင်း မျက်နှာဖုံးသတင်းအဖြစ် ရေးသား ဖော်ပြခဲ့သဖြင့် ပွဲမဝင်မီကပင် ဟိုးလေးကျော်သည့်ပြကွက် ဖြစ်၏။ ကင်ဆမြို့မှ စောင် ရေအများဆုံးထုတ်ဝေရသော ကင်ဆမြို့တော်သတင်းစာ (The Kinsa City Post) သတင်းစာကြီး၏ မျက်နှာဖုံးတွင် **'ဇာတ်စင်ပေါ်သို့ ယမမင်းရောက် လာခဲ့ပြီလော'** (Death Visits the Stage) ဟူသော **စီးစီးပိုင်ပိုင်ရှိသော** ခေါင်း စဉ်ဖြင့် အထက်ဖော်ပြပါ သရုပ်ပြပွဲကို ဓာတ်ပုံသာဓက အထောက်အ ထားများနှင့် ဝေဝေဆာဆာ ရေးသား ဖော်ပြခဲ့သည်။ ထိုသတင်းကိုပင် အမေရိကန်ပြည်ထောင်စုမှထုတ်ဝေသော အခြားသတင်းစာများက ချဲ့ထွင် ရေးသား ဖော်ပြခဲ့သဖြင့် ဟူဒီနီ၏ မဟာလွတ်မြောက်မှုပြကွက်မှာ ပွဲမဝင်ခင်ကပင် ထူးထူးခြားခြား သတင်းကြီးခဲ့သောပြကွက် ဖြစ်၏။ ဟူဒီနီ အဖို့ သူ၏ မဟာဟူဒီနီ ဟူသောဘွဲ့ကို ဆက်လက် ထိန်းထားနိုင်သည်ဟု ဆိုရမည်ဖြစ်တော့၏။

ဤပဥ္စလက်ပြကွက်သစ်ကို တင်ဆက်ပြသခြင်းမပြုမီ ဟူဒီနီသည် သူ့မိတ်ဆွေ ပဥ္စလက်ဆရာများ၊ သူ့တပည့်များ၊ သူ့အား ကြည်ညိုလေးစား သူများ၏ တိုက်တွန်းချက်ဖြင့် နယူးယောက်မြို့မှ စာပေထုတ်ဝေရေးတိုက်

ကြီးတစ်တိုက်၏ အကူအညီနှင့် **'ပဉ္စလက်ဆရာလက်စွဲမဂ္ဂဇင်း'** (Conjurer Monthly) ကို စတင် ထုတ်ဝေခဲ့သည်။ ဤမဂ္ဂဇင်းသည် အမေရိကန်ပြည်ထောင်စု ပဉ္စလက်ပညာရှင်များနယ်ပယ်တွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးမှ ပဉ္စလက်ပညာရှင်များလောကကိုပါ ဂယက်ရိုက်ခဲ့သည့်မဂ္ဂဇင်း ဖြစ်သည်။ ဟူဒီနီအပါအဝင် အမေရိကန်ပြည်ထောင်စုမှ ပဉ္စလက်ပညာရှင်များ၊ ပဉ္စလက်ပညာကို စိတ်ဝင်စားသူ ပြင်ပမှပုဂ္ဂိုလ်များကပါ ဝင်ရောက်ရေးသားသဖြင့် ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်ခဲ့သောမဂ္ဂဇင်းဖြစ်သည်။ ဟူဒီနီအဖို့ စာပေလောကတွင်လည်း အတော်အသင့် ဝင်ဆံ့နိုင်ပြီဟု ပြသသောမဂ္ဂဇင်းတစ်စောင် ဖြစ်သည်ဟု စာပေအကဲဖြတ်သူများက အကဲဖြတ်ခဲ့ကြ၏။

၁၉၀၈ ခုနှစ်၊ ဇန်နဝါရီလတွင် မဟာဟူဒီနီ၏ 'ဇာတ်စင်ပေါ်သို့ အလည်ရောက်လာသော ရှင်သေမင်း' အမည်ရှိ ပဉ္စလက်ပြကွက်ကို အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျားရှိ ပြဇာတ်ရုံကြီးများတွင် တင်ဆက်ပြသတော့မည့်သတင်းကို ဖတ်ရှုကြရသော အမေရိကန်ပြည်ထောင်စုသားတို့မှာ တအံ့တသြဖြစ်ကြရသည်။ ထာဝစဉ် ပဉ္စလက်ပြကွက်များကို တီထွင်လေ့ရှိသူ မဟာဟူဒီနီတစ်ယောက် မည်သည့် ပြကွက်သစ်ကို တီထွင်လေသနည်း။ ပြပွဲကန်ထရိုက်တာများကလည်း အပြိုင်အဆိုင်ကြေးပိုပေး၍ ပြပွဲသွင်းနိုင်ရေးကို ကြိုးစားကြသည်။ ထိုစဉ်က သတင်းများအရဆိုရလျှင် ဟူဒီနီ မနက်စောစော အိပ်ရာမှမနိုးမီ ပြပွဲကန်ထရိုက်တာများသည် တန်းစီ၍ သူ့ကိုစောင့်နေကြသည်ဟု ဆိုသည်။

၁၉၀၈ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် စိန့်လူဝီမြို့ ကိုလန်ဗီယာပြဇာတ်ရုံကြီးတွင် မဟာဟူဒီနီ၏ နှစ်သစ်ဦးအထူးပြပွဲကြီး ပြသမည်ဟု နှစ်ဆန်းတစ်ရက်နေ့ကပင် ကြိုတင် ကြေညာထားခဲ့သည်။ ထိုဇာတ်ရုံကြီးအဝင်ဝတွင် ဟူဒီနီ၏ ကြီးမားသော ပုံတူကြော်ငြာကြီးတစ်ခုကို စိုက်ထူထား၏။ 'ဇာတ်စင်ပေါ်သို့ အလည်ရောက်လာသော ရှင်သေမင်း ပဉ္စလက်ပြကွက်သစ်' ဟူသော စာတန်းကြီးများကိုလည်း ဇာတ်ရုံသို့သွားရာလမ်းတစ်လျှောက်တွင် ချိတ်ဆွဲထား၏။ မဟာဟူဒီနီသည် သူ ယခင်သံမဏိဘွိုင်လာပြကွက်ဆန်းများ ပြသစဉ်က ပြပွဲကြည့်ရှုမည့် ပရိသတ်များ ကြည့်ရှုလေ့လာနိုင်ရန် ဘွိုင်လာအိုးကြီးကို ဇာတ်ရုံအဝင်ဝတွင် ပြသထားခဲ့၏။ ယခုပြကွက်သစ်တွင် ပြသမည့် နွားနို့ပုံးသဏ္ဍာန် သံစည်ကြီးကို စစ်ဆေး ကြည့်ရှုနိုင်သည်ဟုလည်း ဒေသခံသတင်းစာအသီးသီးတွင် ကြေညာချက်များ ထည့်သွင်းထားခဲ့၏။

ထိုစည်ကြီးမှာ မိုးကြိုးဓာတ်ရည်စိမ်ထားသော သံနှင့်အထူးပြုလုပ်ထားသည်။ သံစည်၏ ဆက်ကြောင်းများကိုလည်း သံစို့များနှင့် ရိုက်တွယ်ထားသည်။ ထိုစည်ကို ကြီးမားသော သတ္တုဖုံးကြီးဖြင့် ဖုံးထား၏။ ထိုအဖုံးကြီးကို ကြီးမားသော အာမခံသော့ခလောက်ကြီးခြောက်ခုဖြင့် ခတ်ထား

သည်။ ထိုနွားနို့ပုံးနှင့်တူသော စည်ကြီး၏အနက်မှာ (၄၂) လက်မ ရှိသဖြင့် လူတစ်ယောက် ထိုပုံးအတွင်းထိုင်နေနိုင်သည်။ ပုံး၏လည်ပင်းမှာ ဆလင်ဒါပုံ ဖြစ်သည်။ ပွဲမဝင်မီက ပြသထားသော သံစည်ကြီးအား စိန့်လူဝီမြို့ လူထုသည် ကြိတ်ကြိတ်တိုး လာရောက် ကြည့်ရှု စစ်ဆေးကြသည်။ ကိုလန်ဗီယာပြဇာတ်ရုံမှ တာဝန်ရှိသူများကမူ ဟူဒီနီ၏ ပဥ္စလက်ပြကွက်အတွက် ကြိုတင်လက်မှတ် ရက်သတ္တပတ် နှစ်ပတ်ထိ ရောင်းချခဲ့ရသည်ဟု ဆိုသည်။ ပထမဆုံးပြသသည့်ပွဲတွင် ရုံလျှံအောင် ပရိသတ် လာရောက်အားပေးခဲ့သဖြင့် စိန့်လူဝီမြို့ ရဲအဖွဲ့မှ တိုးဝှေ့နေသော ပရိသတ်အား ကြီးကြပ်ပေးခဲ့ရတော့၏။

မဟာဟူဒီနီသည် သူ၏ 'ဇာတ်စင်ပေါ်သို့ အလည်ရောက်လာသော ရှင်သေမင်း' ပြကွက်မပြသမီ ရှေ့ပွဲလာပရိသတ်များ သဘောသက်ဝင်သော ကိုယ်စားလှယ်ခြောက်ဦးအား ရွေးချယ်၍ ကော်မတီတစ်ရပ် ဖွဲ့စည်းထားစေသည်။ ထိုကော်မတီသည် သူပြသမည့်ပြကွက်ကို အစအဆုံး စနစ်တကျ မိမိတို့အလိုကျ စစ်ဆေး ကြည့်ရှုနိုင်သည်ဟု သိရ၏။ ထိုပြကွက်အတွင်း ဇာတ်စင်ပေါ်တွင် ကင်းပတ်တာပေါ်လင်စကြီးကို ပဥ္စလက်အဖွဲ့သားများက ခင်းလိုက်သည်။ ထိုတာပေါ်လင်စခင်းထားသော ဇာတ်ခုံအလယ်တွင် ယခင်ဇာတ်ရုံဝတွင် ပွဲလာပရိသတ်များ စစ်ဆေးကြည့်ရှုရန်ပြသထားသော နွားနို့ပုံးသဏ္ဍာန်ရေစည်ကြီးကို တည်ထားလိုက်သည်။ ထိုရေစည်ကြီးကို စစ်ဆေးရေးကော်မတီက သေချာစွာ စစ်ဆေးကြည့်ရှုစေသည်။

ဤအချိန်တွင် ဇာတ်စင်အောက်မှ တေးသံစုံဂီတဝိုင်းကြီးကလည်း မြူးကြွသော တေးဂီတသံစဉ်များကို တီးမှုတ် ဖျော်ဖြေလျက်ရှိနေသည်။ ပရိသတ်အများကလည်း သူတို့ရွေးချယ်ထားသော စစ်ဆေးရေးကော်မတီအဖွဲ့ဝင်များ နွားနို့ပုံးသဏ္ဍာန် သံစည်ကြီးအား စစ်ဆေးနေသည်ကို စိတ်ဝင်စားစွာ ကြည့်နေကြသည်။ မီးမောင်းကြီးကလည်း ကော်မတီဝင်များ စစ်ဆေး ကြည့်ရှုနေခြင်းကို ထိုးထားသည်။ ဤသို့အတွင်း ဟူဒီနီက ကတ္တီပါကားလိပ်ကိုမ,၍ ထွက်လာသည်။ ပြပွဲလာပရိသတ်အား ဦးညွတ်နှုတ်ဆက်ပြီးသည်နှင့် ကော်မတီဝင်များ သံစည်စစ်ဆေးခြင်းကို စောင့်ကြည့်ပြီး သံစည်ထဲသို့ ရေအပြည့်ထည့်ရန် သူက တပည့်များကို ပြောလိုက်သည်နှင့် တပည့်များကလည်း သံစည်ကို ရေဖြည့်ကြသည်။ ရေဖြည့်သည်ကိုလည်း ကော်မတီဝင်များက စောင့်ကြည့်ကြသည်။ ထို့နောက် ဟူဒီနီက သူ့အား သံစည်အတွင်း နှစ်ထည့်လိုက်ပါရန် ကော်မတီဝင်များကို ပြောလိုက်၏။

သူ့တပည့်များနှင့် ကောမတီဝင်များ မဟာဟူဒီနီအား သံစည်အတွင်း နှစ်ထည့်လိုက်သည်နှင့် သံစည်အတွင်းမှရေများ လျှံလာကာ တာပေါ်လင်ခင်းထားသော ကြမ်းပြင်ပေါ်သို့ ဖိတ်စဉ်ကျသွားသည်နှင့် ဂီတ

ဝိုင်းတော်သားများကလည်း ဆူဆူညံညံတီးမှုတ်နေမှုကို ခေတ္တရပ်လိုက်သည်။ ထောင်ချီရှိနေသော ပရိသတ်သည် ငြိမ်သွားသည်။ မည်သည့်အသံမျှ မကြားရတော့။ ဇာတ်စင်ပေါ်မှ ကော်မတီဝင်များ၏ သံစည်အဖုံးပိတ်သည့်အသံ၊ အဖုံးအား လေးဖက်လေးတန်မှ ခတ်ထားရန် သော့ခလောက်ခြောက်ခုနှင့် သံစည်အဖုံး ထိခိုက်မိသောအသံများကိုသာကြားနေရသည်။

ကော်မတီဝင်ခြောက်ဦးကလည်း သော့ခြောက်လုံးကိုခတ်ပြီးသည်နှင့် သေသေချာချာ ဆွဲကြည့်သည်။ သော့တံများကို သူတို့အိတ်ထဲသို့ထည့်ကြသည်။ ဟူဒီနီ၏လက်ထောက် မစ္စတာကူးကိုး(လ်)ကမူ သံစည်အတွင်းမှရေများ ဇာတ်စင်ပေါ်တွင် လျှံကျလာသဖြင့် သူ့လက်ထောက်တပည့်များကို ရေများ သန့်စင်အောင်သုတ်စေသည်။ ထို့နောက် ပွဲကြည့်ပရိသတ်အတွင်းမှ မည်သူမဆို မိမိပိုင်သော့ခလောက်ဖြင့် ရေစည်အဖုံးကိုခတ်နိုင်ကြောင်း ကြေညာသည်။ ထို့နောက် မစ္စတာကူးကိုး(လ်) ကမူ သူ့ဆရာ ဟူဒီနီသည် ပြပွဲလာပရိသတ်များ မြင်ကြသည့်အတိုင်း ရေအပြည့်ထည့်ထားသော ရေစည်ပိုင်းရေအောက်တွင် မည်မျှကြာအောင်နေနိုင်သည်ကို လက်တွေ့ပြမည်ဖြစ်ကြောင်း၊ ပြပွဲလာပရိသတ်အများကလည်း အသက်အောင့်လျက် မည်မျှကြာအောင်နေနိုင်မည်ကို စမ်းကြည့်စေလိုကြောင်း ပြောသည်နှင့် ပရိသတ်ကြီးကလည်း အသက်အောင့်ကြသည်။ ဇာတ်စင်ပေါ်မှ ကော်မတီဝင်ခြောက်ဦးကလည်း အသက်ရှူအောင့်ကြ၏။ သို့သော် ကော်မတီဝင်နှစ်ဦးနှင့် ပရိသတ်အချို့ကမူ တစ်မိနစ်ကြာသည်နှင့် ပါးစပ်များကိုဟ၍ အသက်ရှူကြ၏။ နှစ်မိနစ်ခန့်ရှိသောအခါ ပရိသတ်အားလုံး အသက်ပြန်ရှူကြပြီး လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

အားကောင်းလှသော မီးမောင်းကြီးက နွားနို့ပုံးနှင့်တူသော သံစည်ကြီးကို ကြည့်နေသည်။ ဟူဒီနီ၏လက်ထောက် ဖရင်းကူ(လ်)သည် သံဘောင်ခွေများတပ်ထားသော ကတ္တီပါကားလိပ်ကို ထိုသံစည်ကြီးအားကာထားလိုက်သည်။ နောက်နှစ်မိနစ်ကြာသည်နှင့် ဟူဒီနီသည် ကာထားသော ကတ္တီပါကားလိပ်ကိုမ,၍ ရေစက်လက်ဖြင့် ထွက်လာသည်။ ပရိသတ်ကြီး၏ ဟာခနဲအသံသည် သည်းထိတ်ရင်ဖိုဖွယ်သံစဉ်ကို ဖုံးလွှမ်းသွားတော့သည်။ ပွဲကြည့်ပရိသတ်အဖို့ အံ့ဩပြီးရင်းအံ့ဩရင်း ဖြစ်နေသည်။ မဟာဟူဒီနီ ဘယ်လို နွားနို့သဏ္ဍာန်သံစည်အတွင်းက လွတ်ထွက်လာသနည်း။ ဇာတ်စင်ပေါ်မှ ကော်မတီဝင်ခြောက်ဦးမှာ ရေစက်လက်ဖြင့် ကတ္တီပါကားလိပ်ကို မ,ထွက်လာသော ဟူဒီနီကိုကြည့်ရင်း ကြက်သေသေသွားသည်။ မည်သည့်နည်းနှင့်မျှ လွတ်ထွက်မလာနိုင်ဟု သူတို့ကလည်း ယူဆထား၏။ သူတို့အိတ်များအတွင်းမှ သော့များကို ပရိသတ်မြင်သာအောင် ထောင်ပြကြသည်။ ပရိသတ်အဖို့ နားမလည်နိုင်တော့။ သူ၏

အံ့ဖွယ်ကောင်းသော မွေးရာပါစွမ်းအင်ကြောင့်ဟု ထင်မှတ်လာသည်။ ပရိသတ်ကြီး၏ ဩဘာသံမှာ မစဲတော့။ တကယ့် အာဂလူ ဟူဒီနီ ဖြစ်တော့သည်ဟု ပရိသတ်က ယူဆသွားကြတော့၏။

ဟူဒီနီကမူ ခေတ္တ အားလပ်ချိန်ပြီးသည်နှင့် ဤအံ့ဖွယ်ကောင်းသောပြကွက်ထက် ထူးဆန်းသော ပဥ္စလက်ပြကွက်သစ်ကို ပြသမည်ဖြစ်ကြောင်း၊ ယခု ဇာတ်စင်ပေါ် ရှိ စစ်ဆေးရေးကော်မတီဝင် ခြောက်ဦးကိုလည်း အားလပ်ချိန်ပြီး၍ ဒုတိယပိုင်း တင်ဆက်သည့်အခါ စစ်ဆေးရေးကော်မတီဝင်များအဖြစ် ဆက်လက် ဆောင်ရွက်ပေးရန် တောင်းပန်တော့၏။ တေးဂီတပိုင်းတော်သားများကလည်း ခေတ်ပေါ် တေးဂီတများ တီးမှုတ်ဖျော်ဖြေနေစဉ် ပြပွဲကို (၁၅) မိနစ်ခန့် ခေတ္တ နားထားခဲ့၏။

သတ်မှတ်ထားသောအချိန်စေ့သည်နှင့် ဟူဒီနီသည် ဝတ်စုံများကိုချွတ်ထားခဲ့ပြီး ရေကူးဘောင်းဘီကိုဝတ်၍ ထွက်လာသည်။ ယခုပြသမည့်ပြကွက်တွင် ယခင်ပြသခဲ့သော နွားနို့ပုံးသဏ္ဌာန် ရေထည့်ထားသော သံစည်ကြီးအတွင်းမှ လက်ထိတ်၊ ခြေချင်းများခတ်မှုမှ လွတ်မြောက်လာပုံကို ပြသပါမည်ဟု ဟူဒီနီက ပြောပြလိုက်သောအခါ ရှုပြည့်လျှံအောင်နေရာယူထားသော ပွဲကြည့်ပရိသတ်သည် ပါးစပ်အဟောင်းသား အံ့အားသင့်သွားသည်။ ရေအပြည့်ထည့်ထားသော ဤစည်ပိုင်းအတွင်း လက်ထိတ်၊ ခြေချင်းများခတ်ထားခြင်းမှ ထွက်ပြမည်ဆိုသည်မှာ သာမန်လူသားမဖြစ်နိုင်။ တကယ့်အာဂလူသားဖြစ်ရမည်ဟု မှတ်ယူထားကြပြီး ဖြစ်၏။

ရေကူးဘောင်းဘီတိုဝတ်ထားသော ဟူဒီနီအား ကိုယ်စားလှယ်ခြောက်ဦးတို့က ထုံးစံအတိုင်း စေ့စေ့စပ်စပ် ရှာဖွေကြပြန်သည်။ ဟူဒီနီ၏ပါးစပ်အတွင်းကိုပင် သော့တူများ ရှိ၊ မရှိ စစ်ဆေးကြတော့၏။ ထို့နောက်ကိုယ်စားလှယ်ခြောက်ဦးတို့က သူ့လက်များကို နောက်ပြန်လက်ထိတ်များခတ်ကြသည်။ ခြေချင်းများလည်းခတ်သည်။ ပရိသတ်ထဲမှ မည်သူမဆိုသော့ သို့မဟုတ် လက်ထိတ် အဆင်သင့်ယူဆောင်လာပါက သူ့အားမိမိတို့ယူဆောင်လာသော လက်ထိတ်သော့များနှင့် ခတ်နိုင်သည်ဟု ကိုယ်စားလှယ်များက ကြေညာသည်။ သူ့ကိုယ်ခန္ဓာတစ်ခုလုံးအား လက်ထိတ်များ၊ သံခြေချင်းများနှင့် ခတ်ပြီးသည်နှင့် ရေစည်ထဲသို့ ဝင်လိုက်သည်။ ရေစည်အတွင်းမှ ရေများ လျှံထွက်လာသည်။ ဟူဒီနီ သံစည်ထဲသို့ လျှောဝင်လိုက်သည်နှင့် ကော်မတီဝင်ခြောက်ဦးတို့က စည်ကြီးပေါ် သို့ သံအဖုံးကြီး ဖုံးလိုက်တော့၏။ ယခင်ပြကွက်အတိုင်း သော့ခလောက်ကြီးခြောက်လုံးကို ခတ်လိုက်ပြီး သော့များကို သိမ်းထားလိုက်ကြသည်။ ဟူဒီနီ၏လက်ထောက်ကမူ ကတ္တီပါကားလိပ်များတပ်ထားသော သံမဏိဘောင်ခွေများကို တွန်းယူလာခဲ့ပြီး သံစည်ကြီးကို ဖုံးလိုက်တော့သည်။

မီးမောင်းကြီးကလည်း ကတ္တီပါကားလိပ်များတပ်ထားသော သံ

ဘောင်များကိုသာ ထိုးထားသည်။ ကိုယ်စားလှယ်ခြောက်ဦးတို့ကလည်း ထိုကတ္တီပါကားလိပ်အနီး၌သာ ရပ်နေကြသည်။ ပြဇာတ်ရုံကြီးတစ်ရုံလုံး ကျောချမ်းစဖွယ် ငြိမ်သက်သွားပြီးနောက် တီးဝိုင်းအဖွဲ့သားများက အထူး ရေးစပ်သီကုံးထားသော 'ရေအောက်တွင်ပျော်အောင်အိပ်မည်' ဟူသော တေးသီချင်းကို ကျယ်လောင်စွာ တီးမှုတ်ကြတော့သည်။

ပထမမိနစ်ပိုင်းအတွင်း ပရိသတ်ကြီးသည် ငြိမ်နေကြပြီး တေး သွားကို နားထောင်ကာ ဇာတ်စင်ပေါ်ကိုသာ မျက်တောင်မခတ်ဘဲ ကြည့် နေခဲ့ကြသည်။ သုံးမိနစ်ခန့်ကြာလာသည်နှင့် လှုပ်လှုပ်ရွရွဖြစ်လာသည်။ မဟာဟူဒီနီအတွက် စိုးရိမ်ပူပန်သောကရောက်လာသည်။ တစ်ဦးနှင့် တစ်ဦး လေသံဖြင့် တီးတိုးပြောကြ၏။ လေးမိနစ်ရောက်လာသည်နှင့် ဘဝင်မကျဖြစ်လာသည်။ သည်းမခံနိုင်တော့သော အခြေအနေရောက် လာသည်။ ဟူဒီနီ အသက်ရှင်လျက်ရှိပါသေးသလားဟု အချို့က အော် သည်။ ရှေ့ဆုံးတန်း ပွဲကြည့်ပရိသတ်မှ အမျိုးသမီးအချို့ကမူ မူးမေ့လဲကျ သွားသည်။

တစ်ရုံလုံး ဆူဆူညံညံဖြစ်လာစဉ် မဟာဟူဒီနီသည် ကတ္တီပါကား လိပ်တပ်ထားသော သံဘောင်ခွေနောက်ဘက်မှ ရေစက်လက်ဖြင့် ကိုယ် စားလှယ်ခြောက်ယောက် ရပ်နေသည့်နေရာသို့ ထွက်လာသည်။ ကတ္တီပါ ကားလိပ်တပ်ထားသော သံဘောင်ခွေကို ဖယ်လိုက်သောအခါ နွားနို့ပုံး သံတ္တာန် သံစည်ကြီးမှာ ခြေရာလက်ရာမပျက် ရှိနေသည်။ သော့များ ခတ်ထားလျက် ရှိ၏။ မဟာဟူဒီနီ မည်ကဲ့သို့ လွတ်မြောက်လာသနည်း။ သူ့ခန္ဓာကိုယ်တွင် လက်ထိတ်များ၊ သံခြေချင်းများမရှိတော့။ သူ ဘယ်ကဲ့ သို့ သော့ခြောက်လုံးခတ်ထားသော သံစည်အတွင်းမှ လွတ်မြောက်လာ သနည်း။

ပရိသတ်အားလုံးမှာ ထိတ်လန့်တကြားဖြစ်ကုန်ကြ၏။ သူသည် ရေစက်လက်ဖြင့် ဇာတ်စင်ပေါ်တွင် လျှောက်ပြသည်။ ဤမဟာလွတ် မြောက်မှုသည် ဟူဒီနီအတွက် အခက်ခဲဆုံးဖြစ်သကဲ့သို့ ပြပွဲကြည့်ပရိ သတ်အဖို့ တကယ့် သည်းထိတ်ရင်ဖိုဖွယ် ဖြစ်သည်။ ဤနွားနို့ပုံးသတ္တာန် သံစည်အတွင်းမှ လွတ်မြောက်မှုသည် သူ၏ အောင်မြင်ပေါက်ရောက်ဆုံး သော ပဉ္စလက်ပြကွက် ဖြစ်သည်။ (မှတ်တမ်းများအရ အမေရိကန်ပြည် ထောင်စုမှ ဂျိုးဇက်ဂီး(လ်)ဘတ်ဆိုသူ ပဉ္စလက်ပညာရှင်တစ်ဦးသည် ဟူဒီနီ၏ ဤရင်သိမ့်တုန်ဖွယ်ရာ နွားနို့ပုံးသတ္တာန် ရေစည်အတွင်းမှ လွတ် မြောက်သည့်ပြကွက်ကို ပြသစဉ် မူးမေ့သွားသဖြင့် ဆေးရုံတင်ခဲ့ရသည်။ ထိုပဉ္စလက်ဆရာမှာ ဆေးရုံတွင် ကွယ်လွန်ခဲ့ရသည်ဟု ဆိုသည်။)

၁၉၀၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင်မူ ဤပြကွက်ကိုပင် ဟူဒီနီက ဆက်လက် ပြသသည်။ သို့သော် ထိုပြကွက်သစ်တွင်မူ နွားနို့ ပုံးအတွင်း ရေထည့်ထားခြင်း မရှိတော့။ မည်သို့ပင်ဖြစ်စေကာမူ ထိုမဟာ

လွတ်မြောက်မှုပြကွက်သစ်သည် ဟူဒီနီအား ပြိုင်စံမတူသော ပဥ္စလက် ဆရာတစ်ဦး၏ဘဝသို့ ရောက်ခဲ့စေသည်ဟု ပဥ္စလက်ဝါသနာအိုးများက ဆိုကြ၏။ ဤပြကွက်သစ်ကြောင့်ပင် ကိုလန်ဗီယာရုံကြီးတွင် ရက်သတ္တ ပတ် နှစ်ပတ်မှ လေးပတ်အထိ တိုး၍ပြသခဲ့ရသည်ဟု ဆိုသည်။ သူ့ ပြကွက်များကား ပြည်သူလူထုအဖို့ ပြောမဆုံးပေါင် တောသုံးထောင် ဖြစ် ခဲ့ရသည်။ လူထုတစ်ရပ်လုံးက တအံ့တဩဖြစ်ခဲ့ရသကဲ့သို့ သတင်းစာ ကြီးများမှ သတင်းထောက်များကလည်း ဟူဒီနီအား ချီးမွမ်းရေးသားကြ သည်။

အတင်းအဖျင်းများရေးသားခြင်းကို တတ်နိုင်သလောက် ရှောင် ရှားလေ့ရှိသော နယူးယောက်တိုင်း(မ်)သတင်းစာကြီးနှင့် ဝါရှင်တန်ဖို့(စ်) သတင်းစာကြီးများကမူ ဟူဒီနီ၏ မဟာလွတ်မြောက်မှုပြကွက်ဆန်း၏ အမည်ကို မဟာလွတ်မြောက်မှုပြကွက်သစ်ဟူသော အမည်ထက် ကမ္ဘာ ကျော်တစ်ထောင့်တစ်ညပြောရသော ပုံပြင်များထဲက သည်းထိတ်ရင်ဖို ဖွယ်ကောင်းသော အလီဘာဘာနှင့် ခိုးသားလေးဆယ် ပုံဝတ္ထုထဲက လျှို့ ဝှက်ဆန်းကြယ်မှုထက် ပို၍ဆန်းကြယ်၍ ရင်သိမ့်တုန်စရာကောင်းသဖြင့် 'အလီဘာဘာ၏ လျှို့ဝှက်သောသံစည်ကြီး' ဟု ကင်ပွန်းတပ်ပေးခဲ့သည်။ ဟူဒီနီကား ဟိုးလေးကျော်သော အာဂပဥ္စလက်ဆရာ ဖြစ်ခဲ့ရသည်။

စိန့်လူဝီမြို့ ကိုလန်ဗီယာဇာတ်ရုံကြီးတွင် ရက်သတ္တပတ်တစ်ပတ် ပြီးတစ်ပတ် အောင်ပွဲခံနေသော ဟူဒီနီသည် အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျားသို့ ခြေဆန့်ရန် စီစဉ်သည်။ ကိုလန်ဗီယာရုံကြီးမှ ကန်ထ ရိုက်တာများကမူ ဆက်လက်ပြသရန် မေတ္တာရပ်ခံကြ၏။ သို့သော် ချီကာ ဂို၊ ဆန်ဖရန်စစ္စကို၊ မစ်ချီဂန် စသော မြို့တော်ကြီးများမှ ပြပွဲကန်ထရိုက် တာများ၊ ဘိုစတုန်မြို့ ကိ(သ်)ဇာတ်ရုံကြီးမှ ကန်ထရိုက်တာများကလည်း ဟူဒီနီနောက် တကောက်ကောက်လိုက်၍ ပွဲစဉ်များလက်ခံပေးဖို့ တောင်း ပန်ကြသည်။ ယင်းမြို့များမှ ပွဲကြည့်ပရိသတ်အများကလည်း ဟူဒီနီထံ ပေးစာများပေးပို့၍ သူတို့မြို့များသို့ လာရောက် ဖျော်ဖြေပေးရန် တောင်း ဆိုကြသည်။

ဤကဲ့သို့ ဟူဒီနီ ခြေဆန့်ရန် ပြင်ဆင်နေချိန်မှာပင် အမေရိကန် ပြည်ထောင်စု ပဥ္စလက်ပညာသည်များအသင်း (Society of American Magicans) ဝင်များက ဟူဒီနီအား အသင်းတော်ကြီး၏ ဥက္ကဋ္ဌရာထူးကို လက်ခံပါရန် စကားကမ်းလှမ်းလာခဲ့သည်ဟု ဆိုသည်။ ယခင်ကမူ ထို အသင်းကြီး၏အဖွဲ့ဝင် ပဥ္စလက်ဆရာအချို့သည် ဟူဒီနီအား အတိုက် အခံပြုခဲ့ပြီး သူထုတ်ဝေသော ပဥ္စလက်ဆရာလက်စွဲမဂ္ဂဇင်း (Conjurer Monthly) တွင် ပါဝင်ရေးသားခြင်းမပြုခဲ့ကြသည်သာမက ဟူဒီနီရေးသား သော ယင်းမဂ္ဂဇင်းပါ ဆောင်းပါးအချို့ကိုပင် ဝေဖန်ရေးသားခဲ့ကြသည်။ ယခုအခါတွင်မူ ထိုအသင်းကြီးမှ အမှုဆောင်အများနှင့် အသင်းဝင်အများ

သည် ဟူဒီနီအပေါ် အမြင်ပြောင်းလဲလာကြ၏။ သို့ဖြစ်၍ ဟူဒီနီကလည်း အသင်းအမှုဆောင်များ၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်သည်။ ဟူဒီနီအား အသင်းဝင်အားလုံးက အမေရိကန်ပြည်ထောင်စု ပဉ္စလက်ပညာသည်များအသင်းကြီးက ကန့်ကွက်သူမရှိဘဲ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြ၏။ အမေရိကန်ပြည်ထောင်စု ပဉ္စလက်ပညာသည်များအသင်းသမိုင်းတွင် ဟူဒီနီသည် အသက်အငယ်ဆုံး ဒုတိယဥက္ကဋ္ဌဖြစ်သည်ဟု ဆိုကြ၏။

ဟူဒီနီသည် သူလက်ခံထားသည့် ပွဲစဉ်များအတိုင်း သွားရောက်ပြသခဲ့သည်။ ရောက်လေရာမြို့၊ ပြသသည့်ဇာတ်ရုံတိုင်းတွင် ပွဲကြည့်ပရိသတ်သည် ရုံလျှံအောင် အားပေးခဲ့ကြသည်။ ဟူဒီနီကလည်း သူတီထွင်ထားသည့် ပြကွက်သစ်များဖြင့် ပွဲကိုထိန်းထားနိုင်ခဲ့သည်သာမက ပြသသော ပွဲစဉ်များတွင် သူ့အား စိန်ခေါ်သူအားလုံးကို သတိထား၍ ပါးပါးနပ်နပ် ယှဉ်ပြိုင်အနိုင်ယူခဲ့သည်ဟု မှတ်တမ်းများအရ သိရ၏။

၁၉၀၈ ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့တွင် ဘိုစတုန်မြို့ ကိ(သ်)ဇာတ်ရုံကြီးတွင် ကျင်းပသည့်ပြပွဲတွင် ဘိုစတုန်သတင်းစာကြီးများမှ စာနယ်ဇင်းသမားများ၏ အကူအညီနှင့် ပဉ္စလက်ပညာရှင် မဟာဟူဒီနီ၏ လွတ်မြောက်မှုပြကွက်အတွက် ဆု ဟူသော ဆုတစ်ဆုကို တီထွင်လိုက်သည်။ ဟူဒီနီပြုလုပ်ထားသော လက်ထိတ်များမှ လွတ်အောင်ထွက်ပြနိုင်ပါက ထိုက်တန်သောဆု ချီးမြှင့်မည်ဟု ကြေညာသည်။ ထိုလက်ထိတ်များကိုလည်း ပဉ္စလက်ဆရာ မဟာဟူဒီနီကိုယ်တိုင် ကြပ်မတ်ပြုလုပ်သော လက်ထိပ်များဖြစ်ကြောင်း၊ ထိုလက်ထိတ်အနှောင်အဖွဲ့မှ လွတ်မြောက်အောင်ထွက်ပြသူများကို ထိုက်ထိုက်တန်တန် ဆုငွေချီးမြှင့်မည်ဟူ၍လည်း ကြေညာချက်ထုတ်ထားခဲ့၏။

၁၉၀၈ ခုနှစ်၊ ဩဂုတ်လတွင် ဟူဒီနီနှင့်အဖွဲ့သည် ဂျာမနီနိုင်ငံသို့ ရေကြောင်းနှင့်ထွက်ခွာလာခဲ့သည်။ ဘာလင်မြို့တော်ရှိ နာမည်ကျော်တော်ဝင်ပြဇာတ်ရုံကြီးတွင် 'လက်ထိတ်ဘေရာဇ်ဟူဒီနီ၏ပြကွက်သစ်များ' ဟု ကြီးမားသောပိုစတာကြီးများကို ဘာလင်မြို့ လူစည်ကားရာနေရာများတွင် ကြော်ငြာထားသည်။ အမေရိကန်ပြည်ထောင်စုတွင် နာမည်ကျော်ကြား လူသိများလှသော 'ဇာတ်စင်ပေါ် သို့ အလည်ရောက်လာသော ရှင်သေမင်း' ဟူသော မဟာလွတ်မြောက်မှုပြကွက်ကိုလည်း ပြသမည်ဟု ကြေညာထားသည်။ ဂျာမနီနိုင်ငံမှလူထုသည် မဟာဟူဒီနီ၏ ရုပ်ခွဲနာမ်ခွဲနိုင်သူပြကွက်များနှင့် ဘိုင်လာအိုးကြီးအတွင်းမှ လွတ်မြောက်မှုပြကွက်များ၊ တံတားခုန်ပွဲများကို ကြည့်ရှုပြီး ဖြစ်ကြသည်။ သို့သော် ဟူဒီနီ၏ ပဉ္စလက်စွမ်းရည်ကို လေးစားသည်။ ယုံကြည်ကြသည်။ ဟူဒီနီသည် အခြားပဉ္စလက်ဆရာများနှင့်မတူ ထာဝစဉ် အသစ်အဆန်းတီထွင်သည်။ ပြပွဲပရိသတ်ကို လေးစားသည်။ ငွေကြေးတစ်စုံတစ်ရာ အမြတ်ရစေရန်

ဟူသော ရည်ရွယ်ချက်ထက် ပရိသတ်တို့ တအံ့တသြဖြစ်စေမည့်ပြကွက်အသစ်များကိုသာ မထပ်စေရန် တင်ဆက်ပြသသည်။ သို့ဖြစ်၍ ဘာလင်၊ မြူးနစ်၊ ဒရက်မဒင်မြို့ကြီးများရှိ ပြဇာတ်ရုံများတွင် ဟူဒီနီ၏ ပဥ္စလက်ပြပွဲတို့ကို ရုံလျှံအောင် လာကြည့်ကြပြီး တအံ့တသြ ပြောဆိုကြသည်။

ပွဲကန်ထရိုက်တာများကလည်း သူ့ပြပွဲများကို အကြာကြီးငှားထားပြီး ရုံသွင်းတော့၏။ ရက်သတ္တပတ်ပြီးတစ်ပတ် ကြာမြင့်လာသော်လည်း ပရိသတ်က လျော့မသွား တိုး၍သာလာသည်။ ပွဲကြည့်ပရိသတ်အချို့မှာ ထပ်ကျော့ကြည့်ကြသည်။ ဟူဒီနီကို လေးစားချစ်ခင်ကြသည်။

အောက်တိုဘာလ၏ ပြပွဲအားလပ်ရက်တွင် ဂျာမနီနိုင်ငံဧကရာဇ် ကိုင်ဇာဘုရင်ကြီး၏ ညီဝမ်းကွဲတော်သူ မင်းသားကြီးဖရက်ဒရစ်က ဟူဒီနီနှင့် ဇနီးဖြစ်သူ ဘက်(ခ်)တို့အား သူ၏ တောလိုက်စံအိမ်တော်၌ အပန်းဖြေ လာရောက်နေထိုင်ရန် ဖိတ်ကြားခဲ့သည်။ သို့ဖြစ်၍ ဟူဒီနီတို့ဇနီးမောင်နှံသည် မင်းသားကြီးဖရက်ဒရစ်၏ တောလိုက်အိမ်ရှိရာသို့ သွားရောက်ခဲ့ကြ၏။ မင်းသားကြီးဖရက်ဒရစ်သည် ဂျာမနီနိုင်ငံတွင် ချမ်းသာကြွယ်ဝသူ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်သာမက ဩဇာတိက္ကမကြီးမားသူတစ်ဦးလည်း ဖြစ်၏။ ဤကဲ့သို့ မဟာမျိုးမဟာနွယ်တစ်ဦးက ပဥ္စလက်ဆရာတစ်ဦးအား တလေးတစားဖိတ်ကြားသည်မှာ အံ့ဖွယ်သရဲဖြစ်တော့၏။

ဟူဒီနီအဖို့ ဝမ်းမြောက်ဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာ ဖြစ်၏။ (၂၀)ရာစုအစပိုင်းနှင့် (၁၉) ရာစုနှောင်းပိုင်းတွင် ဥရောပတိုက်နိုင်ငံအသီးသီးမှ အုပ်ချုပ်သူလူတန်းစားများ၊ ထိပ်တန်းမိသားစုများ၊ တော်ဝင်မိသားစုများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများသည် ပဥ္စလက်ပညာကို အားလပ်ချိန်များတွင် ဝါသနာတစ်ခုအဖြစ် လိုက်စားကြသည်။ လေ့လာကြသည်။ သာမန် ဖျော်ဖြေမှုတစ်ခုအဖြစ် မသတ်မှတ်ကြ။ ပဥ္စလက်ဆရာများကို တလေးတစား ဆည်းကပ်ကြသည်။

မင်းသားကြီး ဖရက်ဒရစ်မိသားစုကမူ ဟူဒီနီကို ထူးထူးခြားခြား လေးစားသည်။ သူ့တောလိုက်စံအိမ်တွင် ဟူဒီနီတို့ ဇနီးမောင်နှံအား ထိပ်တန်းဧည့်သည်တော်ကြီးများကဲ့သို့ ပြုစုထားသည်။ လေးလေးစားစား ဆက်ဆံသည်။ အောက်တိုဘာလ (၉) ရက်နေ့တွင်မူ မင်းသားကြီး ဖရက်ဒရစ်၏မိသားစုများ၊ တော်ဝင်မျိုးနွယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များရှေ့တွင် မျက်စိလှည့်စားပြသော သမားရိုးကျ ပဥ္စလက်နည်းပညာများသာမက သူတီထွင်ထားသည့် အံ့ဖွယ်ကောင်းသောပြကွက်များ၊ သံအပ်များကို ဝါးမျိုပြသည့်ပြကွက်များ၊ အလွန်တင်းကျပ်သည့် ကိုယ်ကျပ်အင်္ကျီမှ စက္ကန့်ပိုင်းအတွင်း လွတ်မြောက်အောင်ပြုလုပ်ပြသည့် ပြကွက်များကို ပြသည်။

မင်းသားကြီးဖရက်ဒရစ်ကလည်း သူကိုယ်တိုင် ငှားရမ်းထားသော အာမခံလက်ထိတ်များ၊ သော့များ၊ သံခြေချင်းများ၊ သံကြိုးများဖြင့် ကိုယ်

တိုင် ဟူဒီနီအား ချည်နှောင်သည်။ အာမခံသော့ အထပ်ထပ်ခတ်သည်။ ဖိတ်ကြားထားသော အထူးမင်းပရိသတ်ကလည်း ဟူဒီနီ ဘယ်လိုနည်းနှင့်မျှ ဤအနှောင်အဖွဲ့မှ လွတ်မထွက်နိုင်။ ဇာတ်စင်ပေါ်တွင် အနှောင်အဖွဲ့ အမျိုးမျိုးမှ လွတ်ထွက်ပြနိုင်ကောင်းပြနိုင်သော်လည်း တောလိုက်စံအိမ် ဧည့်ခန်းအတွင်း၌မူ သူ့ပညာပြနိုင်ပါမည်လားဟု သံသယရှိကြ၏။

ထိုဖိတ်ခေါ်ပွဲသို့ တက်ရောက်ကြည့်ရှုသူများတွင် ဂျာမနီပြည့်ရှင်ကိုင်ဇာဘုရင်၊ ကြည်းတပ်မတော်မှ ထိပ်တန်းအရာရှိကြီးဖြစ်သူ မင်းသားကြီး ဗွန်ရှာဝိန်လည်း တက်ရောက် ကြည့်ရှုခဲ့သည်။ ဟူဒီနီကမူ မင်းပရိသတ်များရှေ့တွင် မင်းသားကြီးဖရက်ဒရစ်နှင့် သူ့မိတ်ဆွေများ စိတ်ကြိုက်လက်ထိတ်ခတ်၊ သံခြေချင်းခတ်ကြ၊ သံကြိုးနှင့်ချည်နှောင်ကြသည်များကို စိတ်ရှည်ရှည်သည်းခံနေခဲ့သည်။ မင်းသားကြီးဖရက်ဒရစ်နှင့် မင်းသားကြီး ဗွန်ရှာဝိန်တို့ကမူ ပြုံးနေကြ၏။ သို့သော် နှစ်မိနစ်အတွင်း သူတို့အပြုံးရပ်သွားပြီး လေးစားအံ့ဩသောမျက်နှာများဖြင့် ဟူဒီနီအား ကြည့်မိကြသည်။ ဟူဒီနီအား မင်းသားကြီး ဖရက်ဒရစ်ကိုယ်တိုင် နှောင်ခတ်ထားသော အရာခပ်သိမ်းသည် ဧည့်ခန်းကြမ်းပြင်ပေါ်တွင် ပုံလျက်ရှိနေသည်။ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် တော်ဝင်မိသားစုအားလုံးမှာ တအံ့တဩဖြစ်ကြသည်။ ဟူဒီနီကမူ ဧည့်ပရိသတ်ရှေ့တွင် မတ်မတ်ရပ်လျက်ရှိနေတော့၏။

ဤအထူးဖိတ်ကြားသည့်ပြပွဲတွင် မင်းသားကြီးဗွန်ရှာဝိန်တို့၏ ပိုးလက်ကိုင်ပဝါများနှင့် အခြားဖိတ်ကြားထားသည့် ပုဂ္ဂိုလ်ကြီးများ၏ ပိုးလက်ကိုင်ပဝါများကို သူတို့ရှေ့မှောက်တွင် ခေတ္တ တောင်းယူလိုက်၏။ ဖျောက်ပြသည်။ ယင်းပိုးလက်ကိုင်ပဝါများကို ရှာဖွေစေသည့်အခါ သူတို့တွေ့လိုသောနေရာတွင်တွေ့အောင် ဟူဒီနီက သူ့ပဉ္စလက်ပညာဖြင့် ဖန်တီးပြသဖြင့် ဟူဒီနီသည် သာမန် ကြေးစားပဉ္စလက်ဆရာမဟုတ်။ ဟူဒီနီသည် တစ်ခေတ်က လျှမ်းလျှမ်းတောက်ကျော်ကြားသော ကမ္ဘာကျော် ပဉ္စလက်ဆရာကြီး ရောဘတ်ဟူဒင်၏ခြေရာကို အမှန်တကယ်နင်းနိုင်သူဖြစ်သည်ဟု မင်းသားကြီးဖရက်ဒရစ်က ထုတ်ဖော်ပြောပြခဲ့၏။

မင်းသားကြီး ဖရက်ဒရစ်၏ တောလိုက်စံအိမ်တွင်ကျင်းပသော ဟူဒီနီ၏ ပဉ္စလက်ပညာပြပွဲသည် ဟိုးဟိုးကျော်သွားခဲ့ရပြန်သည်။ ထိုသတင်းကို ပေါက်ကြားခြင်းမရှိအောင် လျှို့ဝှက်ထားခဲ့သော်လည်း သတင်းမုဆိုးများက ရရှိသွားကြပြီး ဂျာမနီနိုင်ငံ ဘာလင်မြို့မှ နေ့စဉ်ထုတ်သတင်းစာကြီးများတွင် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးခဲ့သဖြင့် ဟူဒီနီအဖို့ သူလိုလားသော ကြေညာမှုမျိုးရသွားတော့၏။ ဟူဒီနီသည် သူလက်ခံထားသောပွဲစဉ်များ ပြီးဆုံးသည်နှင့် အင်္ဂလန်နိုင်ငံသို့ ကူးလာခဲ့သည်။ အင်္ဂလန်နိုင်ငံသည် သူ့အဖို့ အခေါက်ခေါက်အခါခါရောက်ခဲ့ပြီး သူ့အား ကမ္ဘာကျော်ပဉ္စလက်ဆရာကြီးတစ်ယောက်အဖြစ် ဟိုးဟိုး

ကျော်အောင် မြေတောင်မြှောက်ပေးခဲ့သောနိုင်ငံ ဖြစ်၏။ သူသည် လန်ဒန်မြို့တော်၏ နာမည်ကျော် အယ်(လ်)ဟမ်ဘရာဇာတ်ရုံကြီးတွင် ယခင်က လပေါင်းများစွာ ပွဲစဉ်များ ပြသခဲ့ဖူး၏။

သူ၏ နာမည်ကျော်ကြား လူသိများသော မဟာလွတ်မြောက်မှုပြကွက်များ၊ ရုပ်ခွဲနာမ်ခွဲနိုင်သူပြကွက်များ၊ ဘီွင်လာအိုးကြီးအတွင်းမှ ပြကွက်များကို ပြသခဲ့ပြီး ဖြစ်၏။ အင်္ဂလန်နိုင်ငံလူထုသည် သူ့အား ဗြိတိသျှအမျိုးသား ပဥ္စလက်ဆရာတစ်ဦးအဖြစ် သဘောထားခဲ့၏။ လန်ဒန်ရုပ်စုံကြေးမုံသတင်းစာကြီးနှင့် ဟူဒီနီတို့ စိန်ခေါ်ပွဲအကြောင်း ပြောမဆုံးအောင်ရှိခဲ့သည်။ စကော့တလန်ယာဒ်စုံထောက်အဖွဲ့နှင့် ဟူဒီနီတို့၏ စိန်ခေါ်ပွဲကိုလည်း မမေ့နိုင်။ သူ ဥရောပတိုက်နိုင်ငံအသီးသီးတွင် အံ့မခန်းဖြစ်ပုံဆန်းများကို တီထွင်ပြသနေသည့်သတင်းကိုလည်း ကြားသိနေရ၏။ သူ၏ ဘာလင်မြို့တော် မြို့မရုံတော်ကြီးတွင် အံ့ဖွယ်လွတ်မြောက်မှုပြကွက်များအကြောင်း၊ ကိုင်ဇာဘုရင်ညီတော်မင်းသားကြီး ဖရက်ဒရစ်၏ ယာတောစံအိမ်တွင်ပြသသည့် စိန်ခေါ်ပွဲများအကြောင်းကိုလည်း လန်ဒန်မြို့မှ ထုတ်ဝေသော ရုပ်စုံသတင်းစာကြီးတွင် အသေးစိတ် ဖော်ပြခဲ့ပြီးဖြစ်၍ သိရှိကြပြီး ဖြစ်နေ၏။

လန်ဒန်လူထုသည် သူ၏ ခေါင်းတလားအတွင်းမှ လွတ်ထွက်လာမှုပြကွက်၊ နွားနို့ပုံးသဏ္ဌာန် သံစည်အတွင်းမှ လွတ်ထွက်လာမှုကို ကြည့်လိုကြသည်။ သူရောက်လာသည်နှင့် နိုင်ငံတော်၏ ဂုဏ်ထူးဆောင် ဧည့်သည်တစ်ယောက်ကဲ့သို့ ကြိုဆိုသည်။ စာနယ်ဇင်းများကလည်း သူ့အား ချီးမွမ်းရေးသားခဲ့ကြသည်။ လန်ဒန် အယ်(လ်)ဟမ်ဘရာဇာတ်ရုံကြီးတွင် ရက်သတ္တပတ်ပေါင်းများစွာ ရုံပြည့်လျှံအောင် လာကြည့်ကြသည်။ ပြပွဲကန်ထရိုက်တာများအဖို့ စို့စို့ပို့ပို့ရသွားကြ၏။ ဟူဒီနီ၏ ပြကွက်ဆန်းများသည် ထူးဆန်းစွာ လွတ်လာသော ပြကွက်များဖြစ်သော်လည်း ပြပွဲလာပရိသတ်များအဖို့ ရိုးအီမသွား။ အမြဲ ဆန်းပြားလျက် ရှိ၏။ လန်ဒန်လူထုသည် သူ၏ 'ဇာတ်စင်ပေါ်သို့ အလည်ရောက်လာသော ရှင်သေမင်း' ပြကွက်ကို တအံ့တသြဖြစ်ကြသည်။ သူ့အား အာမခံလက်ထိတ်ခတ်ထားပါလျက် သော့ခြောက်လုံးခတ်၍ပိတ်ထားသော နွားနို့ပုံးသဏ္ဌာန်ရေစည်ထဲမှ လွတ်မြောက်လာခြင်းကို တအံ့တသြဖြစ်ကြသည်။ အင်္ဂလန်မှ သူ၏ ပြိုင်ဘက်ဟောင်း ပဥ္စလက်ဆရာများကိုယ်တိုင် ထိုပြကွက်ဆန်းကို တစ်စုံတစ်ရာ ဝေဖန်ခြင်းမပြုခဲ့ဟု ဆိုသည်။

အင်္ဂလန်နိုင်ငံ တစ်နံတစ်လျားရှိ မြို့တော်ကြီးများသို့ သွားရောက်ဖျော်ဖြေခဲ့ပြီး ၁၉၀၈ ခုနှစ်၊ ဒီဇင်ဘာလတွင် လန်ဒန်သို့ တစ်ကျော့ပြန်ရောက်လာခဲ့၏။ ဟူဒီနီသည် ယခုအခေါက်တွင်မူ လန်ဒန်မြို့၏ အကောင်းဆုံး ဘက်စုံဇာတ်ရုံကြီးဖြစ်သော အူစတန်နန်းတော်ဇာတ်ရုံကြီးတွင် သူ့ပဥ္စလက်ပြပွဲကို ပြသမည်ဟု ကြော်ငြာထားသည်။ ဒီဇင်ဘာလ

(၄) ရက်နေ့ည ပထမဆုံး တင်ဆက်မည့်ပွဲစဉ်တွင် အင်္ဂလန်နိုင်ငံမှ ကမ္ဘာကျော် အာမခံသော့များနှင့် အာမခံမီးခံသေတ္တာများ ပြုလုပ်ရောင်းချသော ဂျေအာပေါ(လ်) ကုမ္ပဏီပိုင်ရှင်ဖြစ်သူက စိန်ခေါ်သည့်ပြကွက်ကို ပြသမည်ဟု ကြော်ငြာထားသည်။ ဒီဇင်ဘာလ (၁)ရက်နေ့ကပင် လူတစ်ကိုယ်ဝင်နိုင်အောင် အလွန် ကြီးမားခိုင်ခံ့သော မီးခံသေတ္တာကြီးကို အူစတန်နန်းတော်ပြဇာတ်ရုံကြီး၏ အဝင်ဝတွင် လူအများမြင်သာအောင် ပြသထား၏။ ထိုသေတ္တာကြီး အနေအထားကြံ့ခိုင်မှုတို့ကို စစ်ဆေးကြည့်ရှုနိုင်သည်ဟူ၍လည်း ကြေညာထားသည်။

ဤအာမခံသော့ခလောက်နှင့် မီးခံသေတ္တာများပြုလုပ်သော ဂျေအာပေါ(လ်)ကုမ္ပဏီနှင့် ဟူဒီနီတို့၏ စိန်ခေါ်ပွဲအကြောင်းကို လန်ဒန်မြို့မှထုတ်ဝေသော ဒေးလီးတယ်(လ်)ဂရပ်(ဖ်) သတင်းစာနှင့် ဒေးလီးမေ(လ်) သတင်းစာကြီးများက တခမ်းတနား ကြိုတင် ရေးသားခဲ့ကြသဖြင့် ဟူဒီနီအဖို့ ကြော်ငြာပြီးသားဖြစ်သွားသည်။ သူ့ပွဲစဉ်အတွက် ကြိုတင်လက်မှတ်ရောင်းချရာတွင် လူအများ တိုးဝှေ့ဝယ်ယူကြသဖြင့် ခိုက်ရန်ဖြစ်ပွားသည်ဟု သတင်းများက ဖော်ပြကြသည်။ ဇာတ်ရုံအဝင်ဝတွင် ပြသထားသော မီးခံသေတ္တာကြီးကို လာကြည့်သူများမှာပင် ကြိတ်ကြိတ်တိုးနေသည်ဟု ဆိုကြ၏။

ပြသသည့်နေ့တွင် ကြီးမားသော မီးခံသေတ္တာကြီးကို ဇာတ်စင်အလယ်တည့်တည့်တွင်ချထားပြီး မီးမောင်းကြီးများက အဆက်မပြတ်ထိုးထားသည်။ ပရိသတ်ကိုယ်စားလှယ်များအဖြစ် ရွေးချယ်ထားသော ပုဂ္ဂိုလ်များနှင့် ဂျေအာပေါ(လ်)ကုမ္ပဏီမှ ကိုယ်စားလှယ်များသည် ဟူဒီနီ၏ တစ်ကိုယ်လုံးအား မီးခံသေတ္တာကြီးအတွင်းဝင်စေကာ သော့ကို ပိတ်လိုက်သည်။ ဇာတ်စင်အောက်မှ တေးဂီတအဖွဲ့ကလည်း သည်းထိတ်ရင်ဖိုဖွယ် တေးသံစုံများကို တီးမှုတ်ကြသည်။ ပြပွဲလာပရိသတ်ကလည်း ရင်သိမ့်တုန်စွာဖြင့် ကြည့်ရှုနေကြသည်။ နှစ်မိနစ်၊ သုံးမိနစ်ခန့်ရှိလာသောအခါ ပွဲကြည့်ပရိသတ်သည် ပိုမို လှုပ်ရှားလာသည်။ မဟာဟူဒီနီအတွက် စိုးရိမ်လာကြသည်။ ရှစ်မိနစ်ခန့်ရှိလာသောအခါ ပွဲဆူစဖြစ်လာသည်။ မဟာဟူဒီနီ မီးခံသေတ္တာကြီးအတွင်း တစ်စုံတစ်ခုဖြစ်နေပြီဟု ထင်ကြ၏။

(၁၀) မိနစ်ခန့်ရှိလာသောအခါ ဘဝင်မကျသော ပရိသတ်သည် ပိုမို လှုပ်ရှားလာသည်။ ဇာတ်စင်အောက်မှ တီးမှုတ်နေသော ဂီတဝိုင်းတော်သားများကမူ ပရိသတ် လှုပ်လှုပ်ရှားရှားဖြစ်နေသည်ကို ဂရုမပြုကြ။ ပုံမှန်အတိုင်း တီးမှုတ်နေကြသည်။ သည်းမခံနိုင်သောပရိသတ်ကမူ -

"ဟေ့ - တီးဝိုင်းသမားများ ရပ်ပါလားကွာ။ မဟာဟူဒီနီ မီးခံသေတ္တာတွင်းမှ ထွက်မလာနိုင်တော့ဘူး" ဟု ဆူပူအော်ဟစ်ကြ၏။

မီးမောင်းကြီးသည် ကြီးမား၍ ရင်သိမ့်တုန်စရာကောင်းသော မီးခံသေတ္တာကြီး မိနစ်အနည်းငယ်ကြာအောင် ထိုးထားရာမှ ရွေ့လျားပြီး

ဇာတ်စင်ပေါ်သို့ ကစားနေသည်။ တစ်ဆယ့်လေးမိနစ်တိတိရှိသည်နှင့် မီးမောင်းသည် မီးခံသေတ္တာကြီးတည့်တည့်ကို ထိုးထားရာမှ ဇာတ်စင်၏ ဝဲဘက်သို့ အနည်းငယ် ရွှေ့လျားကစားလိုက်သည်နှင့် ဝတ်စုံနက်ကို ကျကျနနဝတ်ထားသော မဟာဟူဒီနီကို မြင်လိုက်ကြသော ပရိသတ် သည် ဟာခနဲဖြစ်သွားသည်။ မီးမောင်းကြီးကလည်း ဟူဒီနီကို တည့်တည့် ထိုးထားသည်။ ဟူဒီနီသည် ဝဲဘက်ဇာတ်စင်ထောင့်မှ ဇာတ်စင်အလယ်သို့ လျှောက်လာသည်။

မရပ်မစဲတီးသည့် လက်ခုပ်သြဘာသံကြီးမှာမစဲတော့။ ဟူဒီနီ ဘယ်လိုလုပ်ပြီး အာမခံမီးခံသေတ္တာအတွင်းမှ ထွက်လာခဲ့သနည်း။ ဟူဒီနီ သည် သာမန်လူသားလော၊ နာနာဘာဝလော။ သာမန် ပဉ္စလက်ဆရာ မဖြစ်နိုင်ဟု ပရိသတ်က ယူဆထားတော့၏။ သာမန်လွတ်မြောက်ထွက် လာခြင်း မဟုတ်နိုင်။ မည်သည့်နည်းနှင့်မျှ သဘာဝမဟုတ်နိုင်။ ထူးဆန်း အံ့ဖွယ်ကောင်းသည်ဟု တစ်ယောက်တစ်မျိုး ထင်မြင်ရာကိုပြောကြသည်။

ရှေ့တန်းခုံများတွင် နေရာယူထားသော ဂျေအာပေါ(လ်)ကုမ္ပဏီမှ အုပ်ချုပ်ဒါရိုက်တာများသည် ဇာတ်စင်ပေါ်သို့ တက်ရောက်ခဲ့ကြပြီး ဟူဒီနီ အား လက်ဆွဲနှုတ်ဆက်ကြသည်။ ကုမ္ပဏီ၏ အကြီးအကဲဖြစ်သူ ဤစိန် ခေါ်ပွဲတွင် သူတို့ကုမ္ပဏီကြီးမှ ရှုံးနိမ့်ခဲ့ပြီဖြစ်ပါကြောင်း ဝန်ခံပြောဆိုသည်။ ဤသတင်းမှာ လန်ဒန်တစ်မြို့လုံး ဟိုးဟိုးကျော်သွားတော့သည်။ နောက် တစ်နေ့ထုတ် တနင်္ဂနွေအိတ်(စ်)ပရက်(ခ်) Sunday Express သတင်းစာ ကြီးတွင် 'အာဂလူ ဟူဒီနီ' ဟူသော ခေါင်းစဉ်ကြီးဖြင့် ဟူဒီနီနှင့် နာမည် ကျော် အာမခံသော့ထုတ်လုပ်ရေးနှင့် မီးအာမခံသေတ္တာထုတ်လုပ်သော ဂျေအာပေါ(လ်)ကုမ္ပဏီကြီးတို့ စိန်ခေါ်ပွဲသတင်းကို အသေးစိတ် ရေးသား ဖော်ပြပေးခဲ့သည်။

အူစတန်နန်းတော် ပြဇာတ်ရုံသစ်ကြီး၌ ဟူဒီနီသည် ဤကဲ့သို့ စိန်ခေါ်ပွဲကို အောင်ပွဲခံခဲ့ပြီး သူ့ပွဲစဉ်များကို ရက်သတ္တပတ် တစ်ပတ်ပြီး တစ်ပတ် ပြသခဲ့သည်။ ပရိသတ်ကလည်း သူ့ပဉ္စလက်ပြကွက်များကို ငြီးငွေ့ခြင်းမရှိ။ အစီအစဉ်များကို ရိုးမသွားစေရန် ပြင်ဆင်ပြသခဲ့သည်။ ပွဲကန်ထရိုက်တာများကလည်း ပြပွဲရက်ကို ရိုးမသွားစေရန် ပြင်ဆင်ပြသ စေခဲ့သည်။ ဤသို့ ပြသနေစဉ် လန်ဒန်ဆင်ခြေဖုံးရှိ နွားနို့နှင့် နို့ထွက် ပစ္စည်းများ ထုတ်လုပ်ရောင်းချသော ကုမ္ပဏီတစ်ခုမှ သူတို့ အထူးပြုလုပ် ထားသော နွားနို့ပုံးကြီးအတွင်းမှ ဟူဒီနီ လွတ်မြောက်ထွက်နိုင်မှု ရှိ၊ မရှိ စိန်ခေါ်ခဲ့သည်။ ထိုနွားနို့ကုမ္ပဏီကြီးကလည်း သူတို့ အထူးပြုလုပ်ထား သော နွားနို့ပုံးကြီးကို အူစတန်နန်းတော် ပြဇာတ်ရုံကြီးသို့ သယ်ဆောင် လာသည်။ နွားနို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချသောကုမ္ပဏီ ကြီးသည် သတင်းနှင့် စာနယ်ဇင်းသမားများကိုလည်း ဇာတ်ရုံကြီးသို့ ဖိတ် ကြားထားခဲ့သည်ဟု ဆိုသည်။

သတ်မှတ်ထားသောနေ့တွင် စိန်ခေါ်ပွဲသို့ ကြည့်ရှုရန် ပရိသတ်ကြီးက ရုံလျှံအောင် လာကြည့်ခဲ့ကြသည်။ မဟာဟူဒီနီကမူ စိန်ခေါ်သူများနှင့် ပြပွဲလာစာနယ်ဇင်းသမားမှ စစ်ဆေးရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီး နွားနို့ပုံးကြီးကို ရေအပြည့်ထည့်စေသည်။ ကော်မတီဝင်များက ဟူဒီနီ၏ကိုယ်ခန္ဓာအား ယခင် စိန်ခေါ်ပွဲများနည်းတူ စေ့စေ့စပ်စပ် ရှာဖွေပြီးသည်နှင့် လက်ထိတ်ခတ်ကြပြန်သည်။ ထို့နောက် သံစည်ထဲသို့ လျှောဝင်လိုက်သည်။ စစ်ဆေးရေးကော်မတီဝင်များက နွားနို့ပုံးကြီးအဖုံးကို ဖုံးအုပ်လိုက်ကြပြီး သော့ခလောက်ကြီးဖြင့် ခတ်လိုက်ကြ၏။ ဟူဒီနီ၏ အဖွဲ့ဝင်များက ကတ္တီပါကားလိပ်များတပ်ထားသော သံမဏိဘောင်ခွေများ တွန်းယူလာပြီး နွားနို့ပုံးကြီးပေါ်သို့ ဖုံးအုပ်လိုက်ပါသည်။ ဇာတ်စင်အောက်မှ ဝိုင်းတော်သားများကမူ 'ရေလှောအောက်တွင် မှေးစက်မည်' ဟူသော တေးသီချင်းကို ကျယ်လောင်စွာ တီးမှုတ်ကြသည်။ ဤသို့ တီးမှုတ်နေစဉ် မီးမောင်းကြီးကလည်း ဇာတ်စင်ပေါ်တွင် ဟိုမှသည် ရွှေ့လျားထိုးထားသည်။

ခြောက်မိနစ်ရှိသည်နှင့် မဟာဟူဒီနီသည် ကားလိပ်ကိုမ,၍ ရုတ်တရက် ထွက်လာသည်။ ရေစက်လက်ဖြင့် ဟူဒီနီသည် ဇာတ်စင်ပေါ် လျှောက်ပြသည်။ ပရိသတ်အားလုံး၏ ဩဘာသံမှာ မစဲတော့ပေ။ မဟာဟူဒီနီကား အောင်ပွဲခံခဲ့ပြန်ပြီ ဖြစ်၏။

ဟူဒီနီသည် အင်္ဂလန်နိုင်ငံမှ ပြပွဲစဉ်များ ပြီးဆုံးသည်နှင့် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ကူးရန် ပြင်ဆင်သည်။ ပါရီသို့မသွားမီ နှုတ်ဆက်ပွဲအနေဖြင့် လန်ဒန်မြို့မှ ထင်ရှားသော တံတားကြီးတစ်ခုပေါ်မှ လက်ထိတ်ခတ်၊ သံခြေချင်းခတ်ပြီး ခုန်ချပြမည်ဟု စီစဉ်သည်။ သူခုန်ချမည့်တံတားကြီးမှာ နာမည်ကျော် ဝက်(ခ်)မာမင်စတာတံတား ဖြစ်၏။ ဤတံတားကြီးမှာ လန်ဒန်မြို့တွင် အကြီးမားဆုံးနှင့် လူအသွားအလာ၊ ယာဉ်အသွားအလာ အများဆုံးတံတားကြီး ဖြစ်သည်။

ဟူဒီနီ ဝက်(ခ်)မာမင်စတာတံတားမှ ခုန်ချပြမည့်သတင်းကို လန်ဒန်မြို့မှထုတ်ဝေသော လန်ဒန်တိုင်း(မ်)သတင်းစာနှင့် ဒေးလီးအိတ်(ခ်)ပရက်သတင်းစာ၊ ဒေးလီးမေ(လ်)သတင်းစာနှင့် ဒေးလီးတယ်လီဂရပ်(ဖ်)သတင်းစာကြီးများတွင် မျက်နှာဖုံးသတင်းအဖြစ် ရေးသားဖော်ပြခဲ့သဖြင့် လူသိများလာသည်။ မဟာဟူဒီနီကမူ ဤဝက်(ခ်)မာမင်စတာတံတားပေါ်မှ ခုန်ချပြမည့်ပွဲကို ၁၉၀၈ ခုနှစ်၊ နိုဝင်ဘာလဆန်းတစ်ရက်ရက်တွင် ခွင့်ပြုရန် သက်ဆိုင်ရာ လန်ဒန်မြို့တော် စည်ပင်သာယာရေးအဖွဲ့အား တင်ပြခဲ့၏။ လန်ဒန်မြို့တော် ရဲအဖွဲ့အကြီးအကဲကမူ ဟူဒီနီ၏ တံတားခုန်ပွဲသည် ယာဉ်အသွားအလာ ရှုပ်ထွေးသွားစေပြီး အများအား အနှောင့်အယှက်ဖြစ်စေနိုင်သဖြင့် ခွင့်မပြုခဲ့ပေ။

## (၁၄)

၁၉၀၈ ခုနှစ်၊ ဧပြီလဆန်းတွင်မူ ဟူဒီနီတို့ဇနီးမောင်နှံနှင့်အဖွဲ့သည် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ သွားရောက်ခဲ့သည်။ ဟူဒီနီသည် သူ၏ ထာဝစဉ် အံ့ဖွယ်ကောင်းသော မဟာလွတ်မြောက်မှုပြကွက်များ၊ ရုပ်ခွဲနာမ်ခွဲနိုင်သူပြကွက်၊ နွားနို့ပုံးသတ္တုအိုးကြီးအတွင်းမှ လွတ်မြောက်မှုပြကွက်၊ အကျဉ်းထောင်ကြိုးတိုက်အတွင်းမှ လွတ်မြောက်မှုပြကွက်များ၊ တံတားခုန်ပွဲများကို မှတ်တမ်းတင်ရုပ်ရှင်များ ရိုက်ကူးစေပြီး အမြို့မြို့ အရွာရွာရှိ ရုပ်ရှင်ရုံများတွင် ပြသခဲ့ရာ ထူးထူးခြားခြားအောင်မြင်ခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့၏။

၁၉၀၈ ခုနှစ်၊ ဧပြီလ (၈) ရက်နေ့တွင် ပါရီမြို့မှထုတ်ဝေသော လာမွန်ဒေးသတင်းစာကြီးတွင် အောက်ဖော်ပြပါ လူအများ စိတ်ဝင်စားဖွယ်သတင်းကို စာလုံးမည်းကြီးများဖြင့် မျက်နှာဖုံးတွင် ဖော်ပြထားခဲ့သည်။

### မဟာဟူဒီနီ၏ ထူးဆန်းသောစတန့်
### ၁၉၀၇ ခုနှစ်၊ ဧပြီလ (၇) ရက်

ယမန်နေ့ နံနက်စောစောတွင် ပါရီမြို့ နော်တာဒိန် ဘုရားရှိခိုးကျောင်းကြီးအနီးရှိ စိန့်မြစ်ကမ်းခြေ၌ တည်ရှိသော လူသေအလောင်းများထားခဲ့သည့် ရေခဲတိုက်တွင် ထူးဆန်းအံ့ဖွယ်ကောင်းသောမှုခင်းဟု ယူဆဖွယ်ဖြစ်ရပ်နှင့် ကြုံခဲ့ရသည်ဟု သိရှိရကြောင်း၊ ထိုနေ့ နံနက်စောစောတွင် ရေကူးဝတ်စုံဝတ်ဆင်ထားပြီး လက်ကို နောက်ပြန်လက်ထိတ်ခတ်၊ သံခြေချင်း အထပ်ထပ်ခတ်ထားသော လူတစ်ယောက်သည် ပေ (၄၀) ကျော်ခန့်မြင့်သော ရေခဲတိုက်အမိုးပေါ်မှ စိန့်မြစ်အတွင်း ခုန်ဆင်းခဲ့သည်

ဟု တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ပါရီမြို့တော် ရဲအဖွဲ့မှ ရဲသားလေးဦးနှင့် တာဝန်ရှိသူများသည် နော်တာဒိန်ဘုရားရှိခိုးကျောင်းအနီးရှိ အလောင်းများထားသော ရေခဲတိုက်သို့ သွားရောက် စစ်ဆေးခဲ့ကြသည်ဟု သတင်းရရှိကြောင်း၊ ရဲသားများနှင့် တာဝန်ရှိသူများ ရောက်ရှိသွားသည့်အခါ ရေခဲတိုက်ခေါင်မိုးအား တက်ရောက်ရန် ထောင်ထားသော လှေကားတစ်ခုကိုတွေ့ရပြီး မိမိကိုယ်မိမိ အဆုံးစီရင်သည်ဟု ယူဆရသော စိတ်ပျံ့လွင့်သူအား စိန့်မြစ်အတွင်း ရေကူးနေသည်ကို တွေ့ရသည်။ ရေခဲတိုက်ပတ်ဝန်းကျင်နှင့် နော်တာဒိန် ဘုရားရှိခိုးကျောင်းအနီးတွင်လည်း ထိုဖြစ်ရပ်ဆန်းကို စောင့်ကြည့်နေသော ရာပေါင်းများစွာသော လူအများက တွေ့ရသည်ဟု သတင်းရရှိသည်။

ရဲနှင့် တာဝန်ရှိသူများရောက်ရှိသွားသောအခါ စိတ်ပျံ့လွင့်သဖြင့် မိမိကိုယ်မိမိ လက်ထိတ်များ၊ သံခြေချင်းများခတ်ကာ စိန့်မြစ်အတွင်း ခုန်ဆင်း၍ သေကြောင်းကြံစည်သည်ဟု ယူဆရသူမှာ လျှမ်းလျှမ်းတောက်နာမည်ကျော်နေသော မဟာဟူဒီနီဖြစ်နေသည်ကို ရဲနှင့် တာဝန်ရှိသူများက တွေ့ရှိကြရသည်ဟုဆိုကြောင်း၊ သူသည် ဟိုးဟိုးကျော်နေသော ပဉ္စလက်ဆရာတစ်ဦးဖြစ်ပြီး သူ၏ ပဉ္စလက်ပြကွက်ဆန်းများကို နာမည်ကြီးပြဇာတ်ရုံကြီးများတွင်းမှပင် ဖြစ်နိုင်သည်မဟုတ်၊ ကမ္ဘာကြီးအတွင်းမည်သည့်နေရာတွင်မှာပင်ဖြစ်စေ ပြုလုပ်ပြသနိုင်ကြောင်း၊ လူသိရှင်ကြားဖြစ်စေလိုသဖြင့် ဤကဲ့သို့ လူသေအလောင်းများထားသော ရေခဲတိုက်ခေါင်မိုးမှ လက်ထိတ်များ၊ သံခြေချင်းများခတ်၍ စိန့်မြစ်အတွင်း ခုန်ချပြခြင်းဖြစ်သည်ဟု သိရ၏။

အမှန်အားဖြင့် မဟာဟူဒီနီဟု ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပရိသတ်ကြီးက ကင်ပွန်းတပ်ခံရသော ပဉ္စလက်ဆရာကြီး ဟူဒီနီသည် အခြားပဉ္စလက်ဆရာများ စိတ်ကူးမထည့်ဝံ့သည့်ပြကွက်ဆန်းကို စတန့်ထွင်၍ လူထုမျက်မှောက်တွင် လုပ်ပြခြင်းဖြစ်သည်ဟု ဆိုသည်။ မဟာဟူဒီနီသည် အမေရိကန်ပြည်ထောင်စု ဒီတရွိုက်မြို့နှင့် နယူးယောက်မြို့များရှိ နာမည်ကျော်တံတားကြီးပေါ်မှ လက်ထိတ်ခတ်၊ သံခြေချင်းခတ်၍ တံတားခုန်ချပွဲများကို အောင်မြင်စွာ ပြုလုပ်ပြသခဲ့ပြီး ဖြစ်သည်ဟု သတင်းများရရှိကြောင်း၊ လွန်ခဲ့သောလကလည်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်ရှိ အကြီးဆုံးတံတားကြီးဖြစ်သော ဝင်ချက်စတာတံတားပေါ်မှခုန်ချရန် စီစဉ်ခဲ့သေးသည်ဟုဆိုကြောင်း၊ သို့သော် လူအသွားအလာ၊ ယာဉ်အသွားအလာ ထူထပ်သော တံတားကြီးဖြစ်သဖြင့် လူထုအား အနှောင့်အယှက်ဖြစ်နိုင်သည်ဟု သက်ဆိုင်ရာ အာဏာပိုင်များက တားဆီးခဲ့သဖြင့် တံတားခုန်ပွဲပြုလုပ်နိုင်ခြင်းမရှိခဲ့ဟူ၍ သတင်းများရရှိကြောင်း။

ကျွန်တော်များ သတင်းစာ၏ သတင်းထောက်၏ပြောပြချက်အရ ထိုနေ့ကပြုလုပ်သော ရေခဲတိုက်ခေါင်မိုးမှ စိန့်မြစ်အတွင်းခုန်ချသည့် ပြပွဲ

တွင် လူပေါင်း (၂၀၀၀) ခန့် စုဝေးကြည့်ခဲ့သည်ဟု ဆိုသည်။ ကျွန်တော်များ၏ သတင်းစာသတင်းထောက်နှင့် မဟာဟူဒီနီတို့ တွေ့ဆုံခဲ့ရာတွင် ဤကဲ့သို့ လူမြင်ကွင်းရှိ ထင်ရှားသော တံတားကြီးများပေါ်မှ ခုန်ချပွဲများကို အခါအားလျော်စွာ ပြုလုပ်သွားမည်ဟု ဆိုခဲ့သည်ဟု သတင်းရရှိပါကြောင်း။

အထက်ဖော်ပြပါ လာမွန်ဒေးသတင်းစာပါ သတင်းအား ပါရီမြို့မှ ထုတ်ဝေသော အခြားသတင်းစာများနှင့် ညနေထုတ်သတင်းစာကြီးများတွင် စိတ်ဝင်စားဖွယ်ခေါင်းစဉ်များဖြင့် မျက်နှာဖုံးသတင်းအဖြစ် ချဲ့ထွင်ရေးသားကြသဖြင့် လူအများ စိတ်ဝင်စားဖွယ်သတင်း ဖြစ်လာရသည်။ ဟူဒီနီအဖို့ သူလိုလားသော ကျော်ကြားမှုမျိုး ရသွားတော့၏။ ပါရီမြို့ရှိ တော်ဝင်မြို့မပြဇာတ်ရုံကြီးတွင် ဟူဒီနီ၏ ပဉ္စလက်ပြပွဲများကို ရက်သတ္တပတ် တစ်ပတ်ပြီးတစ်ပတ် တင်ဆက်ပြသခဲ့သော်လည်း ပြပွဲလာပရိသတ်ကမူ ရိုးအီသွားခြင်းမရှိ။ နေ့စဉ် ရုံပြည့်လျှံအောင် လာရောက် ကြည့်ရှုကြ၏။ နေ့စဉ် 'ရုံပြည့်ပြီ' ဟူသော ကြော်ငြာကြီး ချိတ်ဆွဲထားရသည်ဟု သိရ၏။

ထိုစဉ်က လန်ဒန်၊ ပါရီနှင့် ဘာလင်မြို့များမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများ၊ အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် အောင်မြင်မှုရစဖြစ်သော လေယာဉ်ငယ်များ ပျံသန်းမှုများအကြောင်း သတင်းဆောင်းပါးများ အကျယ်တဝင့် ရေးသား ဖော်ပြလျက် ရှိကြ၏။ ဟူဒီနီသည် နယူးယောက်မြို့တွင် ကျောင်းသားလူငယ်အဖြစ်ရှိစဉ်ကပင် ၁၈၉၄ ခုနှစ်ထုတ် ပက်ကလူးယားမဂ္ဂဇင်းတွင် ဆောင်းပါးတစ်ပုဒ် ဖတ်ခဲ့ဖူး၏။ ထိုဆောင်းပါးတွင် အသက် (၄၆) နှစ်အရွယ် ဂျာမန်အင်ဂျင်နီယာ အောတိုလီလီယင်သာလ် ဆိုသူသည် လင်းနို့ကဲ့သို့ အတောင်ပံများကို တပ်ဆင်ထားသော စက်မဲ့လေယာဉ်ကို တည်ဆောက်၍ အမြင့်မှ ခုန်ချစမ်းသပ်ခဲ့ရာ လေထဲ၌ အတော်အသင့် ပျံဝဲနိုင်သည့်အကြောင်း ရေးသားထားသည်။ ဆောင်းပါးကိုဖတ်စဉ်ကပင် ဟူဒီနီ၏ ဦးနှောက်၌ မီးပွားကလေး ပေါ်ပေါက်လာခဲ့ဖူး၏။ ထိုအချိန်က လေထုထက်လေးသော လေယာဉ်ပျံသန်းမှု ခေတ်မစားသေး။ လေထက်ပေါ့သော မီးပုံးပျံ ပျံသန်းမှုများသာ ပြုလုပ်လျက်ရှိကြ၏။

ဟူဒီနီ ပဉ္စလက်ဆရာအဖြစ် ဟိုးဟိုးကျော်စပြုနေသောအချိန်တွင် ဘရာဇီး(လ်)ပြည်သား ဆန်တိုဒူးမောက်ဆိုသူသည် မီးပုံးပျံဖြင့် ပြင်သစ်နိုင်ငံ ပါရီမြို့တော်၏ ကျက်သရေဆောင် အီဖယ်(လ်)မျှော်စင်ကြီးကို ပျံဝဲပျံသန်းပြသည်များကို သတင်းစာများတွင် ဖတ်ရှုရသောအခါ အာကာသအတွင်း ပျံသန်းမှုအပေါ် ထူးထူးခြားခြား စိတ်ဝင်စားလာသည်။

သူ ပဉ္စလက်ဆရာကြီးအဖြစ် အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်၊ ရုရှားနိုင်ငံတို့တွင် ပြိုပြိုစင် လှည့်လည်၍ ပဉ္စလက်ပြပွဲများ အောင်မြင်ပေါက်ရောက်စွာ တင်ဆက်ပြသနေသောအချိန်တွင်မှ ရေနွေးငွေ့အင်ဂျင်စက် တပ်ဆင်ထားသော လေယာဉ်ငယ်များ အမေရိကန်ပြည်ထောင်စုတွင် စမ်းသပ်မောင်းနှင်ခဲ့ကြရာ အတော်အသင့် အောင်မြင်သည်ဟူသော သတင်းများထွက်ပေါ်လာခဲ့သည်။ ၁၉၀၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ ရိုက်ညီနောင်တို့တီထွင်သော အင်ဂျင်စက်တပ်ဆင်ထားသော လေယာဉ်ငယ်သည် ပေ (၁၂၀) ခရီးကို (၁၂) စက္ကန့်ဖြင့် ပျံသန်းခဲ့သည်ကို ကမ္ဘာ့ပထမဦးဆုံး စက်တပ်လေယာဉ်ကို လူသားတို့စတင် မောင်းနှင်နိုင်သောနေ့အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြုခဲ့ကြ၏။

၁၉၀၅ ခုနှစ်တွင်မှ အမေရိကန်ပြည်ထောင်စုမှ လေယာဉ်ကေရာဇ်ဟု နာမည်ကျော်ကြား လူသိများနေသော ရိုက်ညီနောင်သည် လေယာဉ်ငယ်တစ်စင်းကို စမ်းသပ်မောင်းနှင်ရန် စီစဉ်ခဲ့သည်။ သူတို့ညီနောင်၏ မိတ်ဆွေ (၃၀) ကိုလည်း ဖိတ်ကြား၍ ပြသမည်ဟု စီစဉ်သည်။ သူတို့ညီအစ်ကို၏ အစီအစဉ်တွင် ပထမ အစ်ကိုဖြစ်သူ အော်လီဗာရိုက (၁၂)မိုင်မျှကွင်းကိုပတ်၍ ပျံပြမည် ဖြစ်၏။ ထို့နောက် ညီဖြစ်သူ ဝီ(လ်)သာရိုက်က မိုင် (၂၀) ခရီးကို လေယာဉ်ငယ်ဖြင့် ပျံသန်းပြမည် ဖြစ်၏။ ဤပြပွဲအား လူအများ တက်ရောက် ကြည့်ရှုခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုမှထုတ်ဝေသော သတင်းစာများနှင့် နိုင်ငံတကာမှထုတ်ဝေသော သတင်းစာများတွင် ရိုက်ညီနောင်၏ လေယာဉ်ပျံသန်းမှုကို ဓာတ်ပုံသာဓက အထောက်အထားများနှင့် ရေးသား ဖော်ပြခဲ့သဖြင့် ဟိုးဟိုးကျော်ခဲ့သည်။ ၁၉၀၈ ခုနှစ်၊ ဒီဇင်ဘာလတွင်မှ ရိုက်ညီနောင်တို့သည် လေယာဉ်ကွင်းကိုပတ်၍ မိုင်ပေါင်း (၉၀) ကျော်မောင်း၍ စံချိန်တင်ခဲ့၏။

ရိုက်ညီနောင်၏ စွန့်စားခန်းများကို ဖတ်ရှုရသော မဟာဟူဒီနီသည် ထိုညီနောင်တို့ကဲ့သို့ လေယာဉ်ငယ်ဖြင့် စွန့်စားပြသရလျှင် သူ့အားမည်သူမျှ တုပနိုင်မည်မဟုတ်ဟု ယူဆမိ၏။ မဟာလွတ်မြောက်မှုပြကွက်များ၊ ဖဲချပ်ပြကွက်များ၊ ရေစည်ပိုင်းအတွင်းမှ လွတ်မြောက်မှုများကို အချို့ပဉ္စလက်ဆရာများသည် လိုက်လံတုပနေသည်ကို တွေ့လာရ၏။ အချို့ပဉ္စလက်ဆရာများကမူ ဟူဒီနီ ယခင်က သူ့ကိုတုပနေသော ပဉ္စလက်ဆရာများ မလုပ်ဝံ့ဟုယူဆထားသော တံတားခုန်ပွဲကို လိုက်၍ပြုလုပ်ရန် လေ့ကျင့်နေကြသည်ဟု သတင်းများထွက်လာသည်။

သို့ဖြစ်၍ သူ့အား မည်သည့် ပဉ္စလက်ဆရာမျှ လိုက်၍မတုပနိုင်အောင် လေယာဉ်ငယ်တစ်စင်းကို အင်ဂျင်နီယာများအား တည်ဆောက်စေ၍ သူကိုယ်တိုင် စွန့်စားမောင်းနှင်ပြီး လူထုအား ပြသမည်ဟု ကြံစည်သည်။ သူ့ဇနီးဖြစ်သူ ဘက်(ခ်) ကမူ ဤကဲ့သို့ လေယာဉ်ဖြင့် စွန့်စားမှုသည်

အသက်ဘေးအန္တရာယ်ကို ပေးနိုင်သဖြင့် သဘောမတူ။ ဟူဒီနီအား လေယာဉ်ဖြင့် စွန့်စားပြသမှုကို ကန့်ကွက်ခဲ့သည်။

ဟူဒီနီကမူ လေယာဉ်ငယ်ဖြင့် ကောင်းကင်သို့မတက်မီ သူ့အား ကိုယ်ကျပ်အင်္ကျီဝတ်၍ လက်ထိတ်များခတ်ကာ ဝေဟင်အတွင်း အနှောင်အဖွဲ့မှ လွတ်မြောက်လာသည့်ပြကွက်ကို ပြသမည်ဟု ကြုံးရွယ်သည်။ လေယာဉ်စက်များ၊ လေယာဉ်မောင်းနှင်မှု စသော နည်းပညာများကို အသေးစိတ် လေ့လာသည်။ ပါရီတွင် ခေတ္တနေထိုင်စဉ် လေယာဉ်အင်ဂျင်နီယာ အင်တိုနီရိုဘရပ်ဆေ(လ်)ဆိုသူထံမှ လေယာဉ်တည်ဆောက်မှု၊ လေယာဉ်မောင်းနှင်မှုကို သင်ကြားခဲ့သည်။ ၁၉၀၉ ခု နှစ်ဦးတွင် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် အမေရိကန်ပြည်ထောင်စုမှ ရိုက်ညီနောင် တီထွင်သော လေယာဉ်ငယ်ကို အသေးစိတ် လေ့လာခွင့်ရသည့် မဟာဟူဒီနီမှာ သူ့မဟာလွတ်မြောက်မှုပြကွက်ကို လေယာဉ်ငယ်ပေါ်တွင် ပြသရန် စိတ်အားထက်သန်နေသည်။ ဟူဒီနီသည် မည်သည့်ကိစ္စမဆို မဖြစ်မနေလုပ်ဆောင်လိုသောစိတ် ရှိသည်။ သို့ဖြစ်၍ ပြင်သစ်နိုင်ငံမှ လေကြောင်းပျံသန်းရေး စိတ်ဝင်စားသူများအသင်းနှင့် ဂျာမနီနိုင်ငံမှ လေယာဉ်တည်ဆောက်သူများအသင်းမှ ပုဂ္ဂိုလ်များ၊ လေယာဉ်ပျံသန်းရေး စိတ်ဝင်စားသူများ အသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး သူ၏ လေယာဉ်ပေါ်မှ စွန့်စားခန်းအသစ်ကို ပြုလုပ်နိုင်ရန် ဆွေးနွေးတိုင်ပင်ခဲ့သည်။

၁၉၀၉ ခုနှစ်၊ ဇူလိုင်လတွင် ဗြိတိသျှရေလက်ကြားကို လေယာဉ်ဖြင့် ဖြတ်သန်းမည့် စွန့်စားမှုပြုလုပ်မည်ဟူသော ကောလဟာလများ ပျံ့နှံ့လာသည်။ ထိုစွန့်စားမှုကို မည်သူပျံသန်းမည်ဆိုသည်ကိုမူ စာနယ်ဇင်းများက တိတိကျကျ ဖော်ပြခြင်းမရှိခဲ့။ ဤသတင်းသည် လူအများ စိတ်ဝင်စားဖွယ်သတင်း ဖြစ်လာသည်။ ထိုစွန့်စားမှုကို ကာလေမြို့တွင် ယာယီပြုလုပ်ထားသော ကွင်းတစ်ကွင်းမှ (၂၂) မိုင်ကျယ်သော ရေလက်ကြားကို ဖြတ်၍ ဒိုဗာမြို့ကလေးသို့ ပျံသန်းရမည်ဖြစ်၏။ ဤပျံသန်းမှုကို ဦးဆောင်ကျင်းပသူမှာ မဟာဟူဒီနီနှင့် ခင်မင်ရင်းနှီးသူ အယ်(လ်)ဖရက်ချာ(လ်)ဟမ်(စ်)ဝါ(သ်) ဖြစ်၏။ (နောင်အခါ ဗြိတိသျှလေကြောင်းသွားလာရေးအဖွဲ့ အကြီးအကဲဖြစ်သူ ဖြစ်သည်။ အယ်(လ်)ဖရက်ချာ(လ်)ဟမ်(စ်)ဝါ(သ်)မှာ လေကြောင်းသိပ္ပံပညာကို တစိုက်မတ်မတ် လေ့လာခဲ့သူဖြစ်၏။)

ဤကာလေဒိုဗာလေကြောင်း ပထမဆုံးခရီးကို ပျံသန်းမည့် လေသူရဲအား ထိုစဉ်က ဒေါ်လာငွေ (၅၀၀၀) ဆုပေးမည်ဟု အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော သတင်းစာကြီးများနှင့် ပြင်သစ်နိုင်ငံမှ ထုတ်ဝေသော သတင်းစာကြီးများတွင် အကျယ်တဝင့် ရေးသား ဖော်ပြကြသဖြင့် လူအများ စိတ်ဝင်စားဖွယ်သတင်း ဖြစ်လာသည်။ မဟာဟူဒီနီမှာမူ လေယာဉ်ငယ်ဖြင့် စွန့်စားသွားလာမှုကို ထူးထူးခြားခြား စိတ်ဝင်စားလျက်ရှိသဖြင့် ဤပျံသန်းမည့် ခရီးစဉ်ပြိုင်ပွဲအတွက် အားကြီးမာန်တက် အကူအညီပေးခဲ့

သည်ဟု ဆိုကြသည်။ လေယာဉ်ငယ်ကလေးဖြင့် စတင် ပျံသန်းမည့်သူမှာ ပြင်သစ်နိုင်ငံသား လူဝီဘီ(လ်)ရော့ဆိုသူ ဖြစ်၏။ သူ့အား လေယာဉ်မောင်းနည်းသင်ကြားပေးသူမှာ ပြင်သစ်နိုင်ငံသား အင်ဂျင်နီယာ အင်တိုနီရိုဘရပ်ဆေ(လ်)ဆိုသူ ဖြစ်သည်။ အင်တိုနီရိုသည် နောင်အခါ မဟာဟူဒီနီ၏ အင်ဂျင်နီယာတစ်ဦးဖြစ်ခဲ့ပြီး ဟူဒီနီပြုလုပ်သော လေယာဉ်ပေါ်မှ မဟာလွတ်မြောက်မှုများပြကွက်များ ပြုလုပ်ရာတွင် လေယာဉ်ကို မောင်းနှင်ပေးခဲ့သူ ဖြစ်သည်ဟု ဆိုသည်။ ဗြိတိသျှ ရေလက်ကြားအား လေယာဉ်ဖြင့် ဖြတ်သန်းမောင်းနှင်မည့်နေ့ကို ယာယီ သတ်မှတ်ထားခဲ့သည်။ သို့သော် သတ်မှတ်ထားသည့်နေ့တွင် ရာသီဥတုမှာ သာယာကြည်လင်ခြင်းမရှိ။ လေအနည်းငယ်ထန်နေသဖြင့် ဇူလိုင်လ (၁၅) ရက်နေ့သို့ ရွှေ့ဆိုင်းခဲ့ရသည်။

ဇူလိုင်လ (၁၅) ရက်နေ့သည် ထူးထူးခြားခြား ရာသီဥတု သာယာကြည်လင်သောနေ့ ဖြစ်သည်။ ကာလေမြို့၌ ယာယီပြုလုပ်ထားသော လေယာဉ်ကွင်းတွင် လူအများ ကြိတ်ကြိတ်တိုး စည်ကားသည်ဟု နောင်အခါ သတင်းစာကြီးများက ရေးသား ဖော်ပြခဲ့ပါသည်။ မဟာဟူဒီနီမှာ သူ့မိတ်ဆွေ အယ်(လ်)ဖရက်ချာ(လ်)၊ ပြင်သစ်အင်ဂျင်နီယာ အင်တိုနီရိုဘရပ်ဆေ(လ်)တို့နှင့်အတူ လေယာဉ်ပျံသန်းပြသမည့် လူစွန့်စား လေသူရဲ လူဝီဘီ(လ်)ရော့၏ လေယာဉ်အနီးတွင် အချိန်ပြည့်ရှိနေသည်။ မဟာဟူဒီနီကမူ ဗြိတိသျှရေလက်ကြားကို ပထမဆုံး ဖြတ်၍ပျံသန်းမည့် လေယာဉ်၏ကြံ့ခိုင်မှု၊ အင်ဂျင်စက်အခြေအနေ စသည်တို့ကို အသေးစိတ် လေ့လာခဲ့သည်။

သတ်မှတ်ထားသည့်အချိန်တွင် လူဝီဘီ(လ်)ရော့၏လေယာဉ်ငယ်ကလေးသည် လေယာဉ်ကွင်းမှ ထက်ကောင်းကင်သို့ ထိုးတက်သွားသည်။ ပထမဆုံး ဗြိတိသျှရေလက်ကြားအား ဖြတ်သန်းပျံသန်းမည့် လေယာဉ်ခရီးစဉ်ကို လူပေါင်းထောင်သောင်းများစွာ လာရောက် ကြည့်ရှုအားပေးခဲ့သည်ဟု ဆိုကြသည်။ လေယာဉ်ငယ်ကလေးသည် စက်တစ်စုံတစ်ရာ ချို့ယွင်းခြင်းမရှိ။ ရာသီဥတုမှာလည်း ထူးထူးခြားခြား သာယာသဖြင့် (၃၆) မိနစ်အတွင်း ဗြိတိသျှရေလက်ကြားသို့ ဖြတ်ကျော်ကာ ဒိုဗာမြို့ကလေး၏ ယာယီလေယာဉ်ကွင်းတွင် တစ်စုံတစ်ရာ ဘေးအန္တရာယ်မရှိဘဲ ချောချောမောမော ဆင်းသက်နိုင်ခဲ့သဖြင့် လေသူရဲ လူဝီဘီ(လ်)ရော့မှာ ဆုတော်ငွေ ဒေါ်လာ (၅၀၀၀) ရရှိသွားသည်ဟု ဆိုသည်။

လူဝီဘီ(လ်)ရော့မှ ဗြိတိသျှရေလက်ကြားအား ပထမဆုံး ဖြတ်သန်းခဲ့သော လေသူရဲအဖြစ် မှတ်တမ်းတင်ခဲ့ရသည်။ မဟာဟူဒီနီအဖို့ လေယာဉ်ငယ်ဖြင့် ဝေဟင်တွင် မဟာလွတ်မြောက်မှုပြကွက် ပြသရေးကို အားသန်လာသည်။ လေယာဉ်မောင်းနည်းကိုလည်း ပြင်သစ်အင်ဂျင်နီယာ အင်တိုနီရိုဘရပ်ဆေ(လ်)အား သင်ကြားစေသည်။ ဟူဒီနီမှာ

သူ့ထုံးစံအတိုင်း စိတ်ဝင်စားသည့် စွန့်စားခန်းပြုလုပ်ရန်အတွက် စက္ကန့်တိုင်း၊ မိနစ်တိုင်း လေယာဉ်ပျံသန်းရေးကို စဉ်းစားသည်။ လေယာဉ်အင်ဂျင်စက်ကို အချိန်ပြည့် လေ့လာသည်။ သူ့ချစ်ဇနီးဘက်(ခ်)၏ အနှေးအညွတ်တားမှုကိုမရတော့။ သူ့မိတ်ဆွေ လေယာဉ်ပျံသန်းမှု သိပ္ပံပညာရှင် အယ်(လ်)ဖရက်ချာ(လ်)၏ လေယာဉ်တည်ဆောက်ရေးစက်ရုံသို့ ခြေဦးလှည့်တော့သည်။

ဇူလိုင်လနောက်ဆုံးအပတ်တွင် ကမ္ဘာ့လေကြောင်းသွားလာရေးသမိုင်းတွင် ပထမဆုံးအကြိမ်ပြုလုပ်သည့် First international Air Meet ပြပွဲကြီးကို ပြင်သစ်နိုင်ငံ ရိမ်း(စ်)မြို့တွင် ကျင်းပခဲ့သည်။ ထိုပြပွဲသို့ အမေရိကန်ပြည်ထောင်စုမှ လေယာဉ်ပျံတည်ဆောက်သော အင်ဂျင်နီယာများ၊ အင်္ဂလန်နိုင်ငံမှ လေယာဉ်ပျံသန်းမှု ဝါသနာပါသူများ၊ ဂျာမနီနိုင်ငံမှ လေယာဉ်တည်ဆောက်ရေး အင်ဂျင်နီယာများနှင့် လေ့သူရဲများ၊ ပြင်သစ်နိုင်ငံတစ်နံတစ်လျားမှ လေယာဉ်ပျံသန်းရေး ဝါသနာပါသူများနှင့် နိုင်ငံတကာမှ လေယာဉ်ပျံသန်းရေး စိတ်ဝင်စားသူများ၊ နိုင်ငံတကာမှ စစ်ဘက်နှင့် နယ်ဘက်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ ထိုပြပွဲတွင် ဂျာမနီနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့မှပြုလုပ်သော လူနှစ်ယောက် စီးနင်းလိုက်ပါနိုင်သည့် အတောင်နှစ်ထပ်ပါသော လေယာဉ်ပျံကလေးများကို ဟူဒီနီက စိတ်ဝင်စားခဲ့၏။ ထိုလေယာဉ်တည်ဆောက်သည့်ကုမ္ပဏီတွင် သူ့အတွက် သူ့စိတ်ကြိုက် လေယာဉ်ငယ်တစ်စီး တည်ဆောက်ပေးရန် စကားကမ်းလှမ်းခဲ့၏။

သူ့အတွက် လေယာဉ်၏ပုံစံကို ဟူဒီနီသည် ကိုယ်တိုင် အပင်ပန်းခံ၍ ရေးဆွဲသည်။ သူ့မိတ်ဆွေ အင်ဂျင်နီယာ အင်တိုနီရိုကလည်း လိုအပ်သည်များကို လမ်းညွှန်ပေးခဲ့သည်။ ပဥ္စလက်ဆရာ လက်ထိတ်ဧကရာဇ် မဟာဟူဒီနီ လေယာဉ်ဖြင့် ဝေဟင်တွင် ပဥ္စလက်ပညာပြကွက်သစ်များ တီထွင်ပြသမည် ဟူသောသတင်းများ ပျံ့နှံ့လာသည်။ ပြင်သစ်နိုင်ငံမှ ထုတ်ဝေသော လာဖီဂါရိုသတင်းစာကြီးကမူ တစ်မိုးလုံးဖျောက်ဆိပ် ဟူသော နာမည်ကို မဟာဟူဒီနီအား နောက်ထပ် အပ်နှင်းသင့်သည်ဟု သတင်းစာမှ ရေးသား ဖော်ပြပေးခဲ့သည်။

ဟူဒီနီသည် သူ ပဥ္စလက်ဆရာလောကသို့ ခြေစုံပစ်ဝင်ခဲ့သည်မှစ၍ သူ၏ အနှောင်အဖွဲ့မှ ထူးဆန်းစွာ လွတ်မြောက်ပြသသည့်ပြကွက်များအားလုံးအား ရက်ပေါင်း၊ လပေါင်းများစွာ လေ့ကျင့်သည်။ ရုပ်ပြောင်း နာမ်ပြောင်းနိုင်သူ စသော ပြကွက်များကိုလည်း စနစ်တကျ ပြင်ဆင်ပြီး သူ့စိတ်ကြိုက်ရမှသာ ပရိသတ်များကို ပြသလေ့ရှိ၏။ ထို့အတူ အင်္ဂလန်နိုင်ငံမှပြုလုပ်သော လက်ထိတ်မျိုးစုံ၊ သော့မျိုးစုံကို သေသေချာချာ လေ့လာပြီးမှသာ စိန်ခေါ်ခြင်းများ ပြုလုပ်လေ့ ရှိသည်။ ဤကဲ့သို့ ကြိုးစားမှုသည် အခြား ပဥ္စလက်ဆရာများထက်သာသော အရည်အချင်း ဖြစ်၏။

ပရိသတ်သည် သူ့အား ကျွေးမွေးနေသော ကျေးဇူးရှင်များ ဖြစ်သည်။ ပရိသတ်စိတ်ကြိုက် ဆောင်ရွက်ပေးရန်မှာ သူ့တာဝန် ဖြစ်သည်။ သူ၏ ပဥ္စလက်ပြကွက်များသည် ထာဝစဉ် ဆန်းသစ်၍ ခေတ်မီစေရမည်။ ပရိသတ် တအံ့တသြဖြစ်စေရမည်ဟု ယူဆထား၏။

လေယာဉ်ပျံခေတ်ရောက်လာသည်နှင့် သူ ပဥ္စလက်ပြကွက်သစ်တီထွင်ရန် စီစဉ်ခဲ့သည်။ သို့ဖြစ်၍ သူမောင်းနှင်၍ ပဥ္စလက်ပြကွက်သစ်ပြုလုပ်မည့် လေယာဉ်သည် သူ့စိတ်ကြိုက်ဖြစ်စေလိုသည်။ သူ လေယာဉ်ပြုလုပ်ရေးတွင် သူ့မိသားစုများ ကန့်ကွက်သည့်ကြားမှ ဖရန့်ငွေ နှစ်သောင်း အကုန်ခံပြီး ဟူဒီနီ ဟူသော အမည်ပေးထားသည့် လေယာဉ်ငယ်ကို တည်ဆောက်ခဲ့၏။ သူ့မိတ်ဆွေ ပြင်သစ်အင်ဂျင်နီယာ အင်တိုနီရိုကိုလည်း အချိန်ပြည့်ငှားရမ်းထားခဲ့ပြီး လေယာဉ်မောင်းသင်တော့သည်။ ပါရီမြို့စွန်ရှိ ကုန်သိုလှောင်သော ရုံတစ်ရုံငှားရမ်းပြီး သူ့လေယာဉ်ကိုထားသည်။ နေ့စဉ် လေယာဉ်မောင်းသင်သည်။ လေသူရဲဖြစ်လာသည်။ လေယာဉ်မောင်းခြင်းသည် အန္တရာယ်များသည်ဟု အများက ယူဆထားကြ၏။ ဟူဒီနီကမူ ဤကဲ့သို့ အသက်စွန့်၍ သင်ကြားရသည့်ပညာကို သင်ကြားလိုသူ ဖြစ်၏။

အမှန်အားဖြင့် သူ့လေယာဉ်မောင်းမှုသည် အချိန်အနည်းငယ်သာ ဖြစ်သော်လည်း အသက်အန္တရာယ် အချိန်မရွေး တွေ့နိုင်ပေသည်။ သူ၏ ပဥ္စလက်ပွဲစဉ်များကို ခေတ္တရပ်ဆိုင်းထားပြီး နေ့စဉ် လေယာဉ်မောင်းသင်သည်။ နာရီပေါင်းများစွာ လေ့ကျင့်သည်။ လေယာဉ်အင်ဂျင်စက်ကိုလည်း နားလည်ရန် ကြိုးစားသည်။ နိုဝင်ဘာလတွင် ဂျာမနီနိုင်ငံ ဟမ်း(မ်)ဘတ်(ခ်)မြို့တွင်ကျင်းပသော နိုင်ငံတကာလေယာဉ် ရက်သတ္တပတ်ပြပွဲ (Aviation Week) သို့ သူ့လေယာဉ်ဖြင့် တက်ရောက်နိုင်ခဲ့သည်။

မဟာဟူဒီနီကား လေသူရဲဖြစ်လာခဲ့လေပြီ။ ကမာလေကြောင်းသွားလာရေးသမိုင်းတွင် ဟူဒီနီသည် (၂၅) ယောက်မြောက် လေသူရဲအဖြစ် မှတ်တမ်းတင်ခဲ့နိုင်သည်။ သူ့အဖို့ သူဆောင်ရွက်လိုသော ကိစ္စမှန်သမျှ ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။ ကမ္ဘာ့ပဥ္စလက်ဆရာများသမိုင်းတွင် မည်သည့်ပဥ္စလက်ဆရာမှ မဆောင်ရွက်နိုင်သော လေသူရဲအဖြစ် ဆောင်ရွက်ခဲ့ပြီ ဖြစ်သည်။ ဟမ်း(မ်)ဘတ်(ခ်)မြို့ လေယာဉ်ပျံငယ်များ လေကျင့်ပျံသန်းသောကွင်းပေါ်တွင် နာရီပေါင်းများစွာ မောင်းနှင်ပြသနိုင်ခဲ့တော့၏။ ဤကဲ့သို့ လေသူရဲတစ်ဦး ဖြစ်လာသည်နှင့် ဟမ်းဘတ်(ခ်)မြို့ အယ်(လ်)ဘင်ဂျာ အသက်အာမခံကုမ္ပဏီတွင် ဒေါ်လာ(၂၅၀၀၀)ဖြင့် အသက်အာမခံထားခဲ့သည်ဟု ဆိုကြသည်။

၁၉၀၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင်မူ အမေရိကန်ပြည်ထောင်စုမှ လေယာဉ်သူရဲကောင်း ရိုက်ညီနောင်တို့ ပြင်သစ်နိုင်ငံရောက်ရှိလာခဲ့ပြီး လေယာဉ်မောင်းသရုပ်ပြပွဲများ ကျင်းပခဲ့သည်။ ဤပြပွဲသို့ ဟူဒီနီလည်း

တက်ရောက်ခဲ့၏။ ဟူဒီနီကား ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြုရသော ပဉ္စလက်ဆရာ လေသူရဲတစ်ဦး ဖြစ်လာခဲ့ပြီ ဖြစ်သည်။ ဟူဒီနီသည် သူလေသူရဲတစ်ဦးဖြစ်လာသည်နှင့် သူ့ဇနီးဖြစ်သူ ဘက်(ခ်)အားလည်း လေယာဉ်မောင်းနိုင်လာအောင် သင်ကြားစေခဲ့တော့သည်။

ဥရောပတိုက်နှင့် အမေရိကန်ပြည်ထောင်စုတို့မှာမူ လေယာဉ်ခေတ် ရောက်လာခဲ့ပြီ ဖြစ်သည်။ ဗြိတိသျှ ဓနသဟာယနိုင်ငံဖြစ်သော ဩစတြေးလျနိုင်ငံမှာမူ လေယာဉ်မောင်းအတတ်ပညာကို စိတ်ဝင်စားသူများ တည်ထောင်ထားသည့် လေကြောင်းသိပ္ပံပညာ လေ့လာရေးအသင်းများရှိသော်လည်း လေယာဉ်မောင်းပညာတွင် နောက်ကျလျက်ရှိနေသည်။

ဟူဒီနီနှင့် ဇနီးတို့သည် တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို ဩစတြေးလျနိုင်ငံသို့ သွားရောက်၍ လေယာဉ်မောင်းနည်းပညာနှင့် သူ့ပဉ္စလက်ပညာစွမ်းရည်ကိုပြသရန် သင်္ဘောဖြင့် ထွက်ခွာခဲ့ကြသည်။ ဟူဒီနီ၏ရည်မှန်းချက်မှာ ဩစတြေးလျနိုင်ငံမြို့ကြီးများတွင် လေယာဉ်မောင်းစွမ်းရည်ကို ပြသပြီး သူ၏ ပဉ္စလက်ပြကွက်များကိုလည်း ပြသမည်ဟု ရည်မှန်းထား၏။ ဩစတြေးလျတိုက်တွင် ရက်အတော်အသင့်ကြာအောင် နေထိုင်ပြီးမှ အမေရိကန်ပြည်ထောင်စုသို့ ရေကြောင်းဖြင့်ပြန်ရန် ကြံရွယ်ထားခဲ့သည်။

၁၉၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် ဟူဒီနီနှင့် သူ့ဇနီး ဘတ်(ခ်)တို့သည် ပါရီမြို့မှ မာဆေး(လ်)မြို့သို့ မီးရထားဖြင့် ထွက်ခွာလာခဲ့ကြသည်။ မာဆေး(လ်)မှ ရေကြောင်းခရီးဖြင့် ဩစတြေးလျသို့ ထွက်ခဲ့ကြသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၊ မယ်(လ်)ဘုန်းမြို့၊ ပတ်(ခ်)မြို့များမှထုတ်ဝေသော သတင်းစာများတွင် ကမ္ဘာကျော်ပဉ္စလက်ဆရာနှင့် လေသူရဲ မဟာဟူဒီနီတို့ဇနီးမောင်နှံ ဩစတြေးလျနိုင်ငံသို့ အလည်ရောက်လာမည့်အကြောင်းများကို မျက်နှာဖုံးသတင်းအဖြစ် ရေးသား ဖော်ပြခဲ့သည်။ ဩစတြေးလျနိုင်ငံ လေကြောင်းပညာလေ့လာရေးအသင်းကလည်း ပဉ္စလက်ဆရာဟူဒီနီ လေယာဉ်ဖြင့် စွန့်စားပြသမည့်အကြောင်းကို ကြေညာချက်များ ထုတ်ပြန်ခဲ့သည်။ ဟူဒီနီတို့ဇနီးမောင်နှံ ဩစတြေးလျနိုင်ငံသို့ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီလ (၁၇) ရက်နေ့တွင်မူ မယ်(လ်)ဘုန်းမြို့ ဘုရင်မတံတားကြီးပေါ်မှ ယာရာမြစ်အတွင်း ခုန်ချပြသမည်ဟု ကြေညာထားခဲ့၏။

သို့ဖြစ်၍ ထိုနေ့နံနက်စောစောကပင် မယ်(လ်)ဘုန်းလူထုသည် တံတားကြီးနှင့် ယာရာမြစ်ကမ်းတစ်လျှောက် ကြိတ်ကြိတ်တိုးလာရောက်ကြည့်ရှုခဲ့ကြ၏။ ဩစတြေးလျလူထုအဖို့ လူသားတစ်ဦးအား လက်ထိတ်များခတ်၊ သံခြေချင်းများခတ်ပြီး ပေလေးငါးဆယ်မြင့်သော တံတားထက်မှ

အလွန်နက်ရှိုင်းသော မြစ်အတွင်း ခုန်ချပြသည့်ပွဲမျိုး တစ်ကြိမ်တစ်ခါမျှ ကြည့်ရှုဖူးခြင်း မရှိခဲ့။ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်သဖြင့် မယ်(လ်)ဘုန်းမြို့မှ လူည်းနေလှေအောင်း လူပေါင်း (၂၀၀၀၀) ကျော် တက်ရောက် ကြည့်ရှုခဲ့သည်ဟု သိရ၏။

ဟူဒီနီအား မယ်(လ်)ဘုန်းမြို့ မြို့မပြဇာတ်ရုံတော်ကြီးမှ မန်နေဂျာ ဖြစ်သူ ဖရန်(ခ်)ကူကို(လ်)နှင့်အဖွဲ့က လက်ထိတ်ခတ်ခြင်း၊ သံခြေချင်း ခတ်ခြင်းများ ပြုလုပ်ခဲ့၏။ ဟူဒီနီသည် သူ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၊ ပစ်(ခ်)ဘတ်မြို့နှင့် ဘိုစတုန်မြို့များတွင်လည်းကောင်း၊ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင်လည်းကောင်း ပြုလုပ်ပြသခဲ့သော တံတား ခုန်ပွဲများနည်းတူ ဩစတြေးလျနိုင်ငံ ပရိသတ်ကြီးအား ပြသခြင်း ဖြစ်၏။ ယာရာမြစ်ရေမှာ နောက်ကျိလျက်ရှိသော်လည်း မဟာဟူဒီနီကမူ သူ ယခင် တံတားခုန်ပွဲများနည်းတူ ငါးမိနစ်၊ ခြောက်မိနစ်မျှဖြင့် ရေအောက် တွင် လက်ထိတ်များ၊ သံခြေချင်းများကိုဖြုတ်ပြီး ရေပေါ်သို့ ပေါ်လာနိုင်ခဲ့ သည်။ ဤတံတားခုန်ပွဲပြီးသည်နှင့် မြို့မပြဇာတ်ရုံကြီးတွင် သူ၏ မဟာ လွတ်မြောက်မှု ပဉ္စလက်ပြကွက်များကို တင်ဆက်ပြသပေးခဲ့သည်။ ဟူဒီနီ ကမူ သူ့ပွဲစဉ်များကို ထိန်းထားနိုင်ခဲ့သည်။ ပွဲတိုင်း ကြိတ်ကြိတ်တိုး လူစည် သည်ဟု သတင်းများက ဆိုကြ၏။

မယ်(လ်)ဘုန်းမြို့ပွဲစဉ်များပြီးသည်နှင့် ဟူဒီနီသည် ဆစ်ဒနီမြို့သို့ ကူးလာခဲ့၏။ ဆစ်ဒနီမြို့ ပြဇာတ်ရုံသစ်ကြီးတွင်လည်း ဩစတြေးလျနိုင်ငံ လူထုသည် ရုံလျှံအောင် လာကြည့်ကြပြီး သူ၏ ထူးဆန်းအံ့ဖွယ်ကောင်း သော မဟာလွတ်မြောက်မှုများပြကွက်နှင့် ရုပ်ခွဲနာမ်ခွဲနိုင်သူပြကွက်၊ နွားနို့ ပုံးသဏ္ဌာန် ရေစည်အတွင်းမှ လွတ်မြောက်လာသည့်ပြကွက်များကို တအံ့ တသြ ပြောဆိုကြသည်။ ရက်သတ္တပတ်ပေါင်းများစွာ ပြသနေသော သူ့ပွဲ များသည် ပွဲတိုင်းရုံပြည့်နေသည်။ ဆစ်ဒနီမြို့လူထုမျက်မှောက်တွင် အထူး အဆန်းတစ်ခု ပြုလုပ်ပြသရန် စီစဉ်သည်။

ဆစ်ဒနီမြို့ လူစည်ကားရာရပ်ကွက်ရှိ ရေကူးကန်တစ်ကန်တွင် (၃၁) ပေမြင့်သော စင်မြင့်တစ်ခုကို ဆောက်လုပ်ခဲ့၏။ ရေကူးကန်အနက် မှာ (၁၈) ပေရှိသည်ဟု သတင်းများက ဖော်ပြကြ၏။ စင်မြင့်ပေါ်၌ ဟူဒီနီ ၏လက်များကို နောက်ပြန်လက်ထိတ်ခတ်ကြပြီး ခြေထောက်များကိုလည်း သံခြေချင်းခတ်ခဲ့၏။ ထို့နောက် ဟူဒီနီသည် ရေကန်အတွင်း ခုန်ဆင်းခဲ့ သည်။ ရေကန်ရေပြင်အောက်တွင် လေးမိနစ်ခန့်ငုပ်နေပြီး လက်ထိတ် များ၊ ခြေချင်းများ၏ အနှောင်အဖွဲ့မှ ထွက်လာပြခဲ့သည်။

ပရိသတ်မှာ ဟာခနဲ ဟင်ခနဲဖြစ်သွားသည်။ ယခင် ဩစတြေးလျ တွင်ပြသခဲ့သော ပဉ္စလက်ဆရာများပြကွက်များနှင့်မတူ။ ယခင် ပဉ္စလက် ဆရာများ ပြုလုပ်ပြသခြင်းမရှိသော ရေကန်အတွင်း၊ မြစ်ချောင်းများအ တွင်း လက်ထိတ်များ၊ ခြေချင်းအနှောင်အဖွဲ့များနှင့် ခုန်ချပြခြင်းသည်

တကယ့်အံ့ဖွယ် ဖြစ်သည်။ သူသည် အမေရိကန်ပြည်ထောင်စု အင်္ဂလန်နိုင်ငံနှင့် ဥရောပတိုက်နိုင်ငံများတွင် သူ့အား နာမည်ကျော်သော မဟာလွတ်မြောက်မှုအပါအဝင် သက်စွန့်ဆံဖျား စွန့်စားကာ ပြကွက်များကို ပြသခဲ့ပြီး အခြား ပဥ္စလက်ဆရာများပြသရန်၊ တုပရန် ဝန်လေးသော တံတားခုန်ပွဲများကိုလည်း ပြသခဲ့ပြီး ဖြစ်၏။ ယခု ဩစတြေးလျတွင် ထိုပြကွက်များကို စွန့်လွှတ်ရမည့်အစား ယခင်ကထက် ပို၍ပင် ကြိုးစား၍ ပြုလုပ်ပြသခဲ့၏။

ဆစ်ဒနီမြို့တွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌မူ ဟူဒီနီက သူသည် မဟာလွတ်မြောက်မှုများ ပြကွက်များထက် ကိုယ်ကျပ်အင်္ကျီအတွင်းမှ လွတ်မြောက်မှု၊ နွားနို့ပုံးသဏ္ဍာန် သံစည်ပုံးကြီးအတွင်းမှ လွတ်မြောက်မှုများကိုပြသရန် ပို၍ အားသန်ကြောင်း၊ မတ်လဆန်းတွင် ဩစတြေးလျတိုက် မြို့ကြီးများ၌ သူ၏ လေယာဉ်ငယ်ဖြင့် စွန့်စားခန်းများကို ပြသရန် ရည်ရွယ်ထားကြောင်း ပြောပြခဲ့၏။ သတင်းစာကြီးများကလည်း ဟူဒီနီ၏ ပြကွက်ဟောင်းများ၊ ပြကွက်သစ်များနှင့် လူထုမျက်မှောက်တွင် စတန့်ထွင်၍ပြုလုပ်သော တံတားခုန်ချပွဲများအကြောင်း ချဲ့ထွင် ရေးသားကြသဖြင့် ဟိုးဟိုးကျော်ခဲ့၏။ ဩစတြေးလျနိုင်ငံမှ ထုတ်ဝေသော ဒေးလီးတယ်လီဂရပ်(ဖ်)သတင်းစာကြီးတွင် ဟူဒီနီ၏ မတ်လ (၁၈)ရက်နေ့ပြုလုပ်သော လေယာဉ်ပျံသန်း၍ စွန့်စားပြသမှုများကို စာဖတ်သူများ စိတ်ဝင်စားအောင် ချဲ့ထွင် ရေးသားခဲ့သည်။ မဟာဟူဒီနီကား သူမျှော်လင့်ထားသော ကျော်ကြားမှုများ ရသွားတော့၏။

မတ်လ (၁၈) ရက်နေ့တွင် ဟူဒီနီသည် မယ်(လ်)ဘုန်းမြို့ ယာယီလေယာဉ်ကွင်း၌ သူ၏ လေယာဉ်ငယ်ကို စမ်းသပ်မောင်းနှင်ပြခဲ့၏။ မယ်(လ်)ဘုန်းမြို့မှထုတ်ဝေသော သတင်းစာကြီးများတွင် ဟူဒီနီ၏ လေယာဉ်ဓာတ်ပုံနှင့် ပေ (၁၀၀) အမြင့်တွင် ပျံသန်းနေသော လေယာဉ်၏ပုံ၊ ကွင်းပြည့်ခမန်း တက်ရောက်ခဲ့သည့် မယ်(လ်)ဘုန်းမြို့လူထု၏ ဓာတ်ပုံများကို ဖော်ပြခဲ့သဖြင့် ဟူဒီနီမှာ ဟိုးဟိုးကျော်ခဲ့သော လေသူရဲသမားတစ်ယောက် ဖြစ်သည်။ ဩစတြေးနိုင်ငံ လေကြောင်းပျံသန်းမှုသမိုင်းတွင် ဟူဒီနီသည် ဩစတြေးလျနိုင်ငံတွင် ပထမဆုံး လေယာဉ်ကို ပျံသန်းပြသူ လေသူရဲဖြစ်ရတော့၏။ သူကား ဘက်စုံထူးချွန်နေသော ပဥ္စလက်ဆရာဟု ဩစတြေးလျနိုင်ငံမှ စာနယ်ဇင်းများက ချီးကျူး ရေးသား ဖော်ပြခဲ့ကြသည်။

သူသည် ဩစတြေးလျနိုင်ငံမြို့ကြီးအများတွင် လေယာဉ်ပျံသန်းမှုများကို ပြသခဲ့ပြီး အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုမှ လူထုသည် လပေါင်းများစွာကြာလာသည်နှင့် သူ့ကို မျှော်နေကြပြီ ဖြစ်၏။ သူ့မိခင်ကြီးအားလည်း လွမ်းဆွတ်ခဲ့လေပြီ။ သူ့အဖို့ မိခင်နှင့် သူ့ညီမများအား ချမ်းချမ်းသာသာနေနိုင်ရန် စီစဉ်ပေးခဲ့ပြီး ဖြစ်၏။

သို့သော် သူသည် နာမည်ကျော်ကြားမှုနှင့် သူစိတ်ဝင်စားသော ပဉ္စလက်ပြကွက်သစ် တီထွင်မှု၊ စွန့်စားမှု၊ လေယာဉ်ပျံသန်းမှု စသည့် ကိစ္စရပ်များတွင်သာ နစ်မွန်းနေခဲ့သည်။ ဩစတြေးလျနိုင်ငံရှိ မြို့တော်ကြီးများတွင် ခေတ္တနေထိုင်စဉ် သူ၏ ပဉ္စလက်ပြပွဲများ နားရက်များ၌ နေ့စဉ် လေယာဉ်ပျံသန်းမှုကို ပြုလုပ်ခဲ့သည်။ ဤသို့ဖြင့် အချိန်ကုန်လွန်ခဲ့ပြီးနောက် ဟူဒီနီသည် အင်္ဂလန်နိုင်ငံသို့ တစ်ကျော့ပြန်လာခဲ့၏။ အင်္ဂလန်နိုင်ငံသည် သူ့အောင်မြင်ကျော်ကြားမှုကို မြေတောင်မြှောက်ပေးခဲ့သောနိုင်ငံဟု ယူဆထား၏။

သူတို့ဇနီးမောင်နှံ လိုက်ပါလာသော ခရီးသည်တင် သင်္ဘောကြီးသည် နာမည်ကျော် ဖီဂျီကျွန်းသို့ ရောက်ရှိသည်နှင့် ခရီးသည်အများ၏ ဆန္ဒအရ ထိုကျွန်းတွင် နှစ်ရက်နားနေရန် စီစဉ်ထားသည်။ ပဉ္စလက်ဆရာ မဟာဟူဒီနီ သို့မဟုတ် ကမ္ဘာကျော်လေသူရဲ ဟူဒီနီသည် ဖီဂျီကျွန်း၌ သူ့အစွမ်းကိုပြသရန် အကြောင်းဖန်လာသည်။ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများတွင် ဖီဂျီကျွန်းသားများသည် ရေငုပ်နိုင်မှုတွင် စံချိန်တင်နိုင်သည်ဟု လူအများက ယူဆထားကြ၏။ ကျွန်းသို့ ချဉ်းကပ်လာသော သင်္ဘောများပေါ်မှ ခရီးသည်များသည် ပိုက်ဆံကြေးငွေပြားများအား ကမ်းစပ်အနီးရှိရေပြင်သို့ ပစ်ချလေ့ရှိ၏။ ဤသို့ပစ်ချသည်နှင့် ကမ်းပေါ်မှ စောင့်ကြည့်နေသော ဖီဂျီကျွန်းသားများသည် ချက်ချင်း ရေငုပ်၍ ခရီးသည်များ သင်္ဘောပေါ်မှ ပစ်ချသော ပိုက်ဆံကြေးငွေများကို ဆယ်ယူပြသလေ့ ရှိသည်။ သို့ဖြစ်၍ ဖီဂျီကျွန်းသူကျွန်းသားများသည် ရေအောက်တွင် အကြာဆုံးရေငုပ်နိုင်သူများဟု နာမည်ကျော်ခြင်း ဖြစ်၏။

မဟာဟူဒီနီကား ရေကူးကျွမ်းကျင်သူသာမက ရေအောက်၌ အချိန်ကြာမြင့်စွာနေနိုင်သူတစ်ယောက် ဖြစ်၏။ သူ၏ မဟာလွတ်မြောက်မှုပြကွက်များနှင့် တံတားခုန်ပွဲများတွင် ရေအောက်၌ အချိန်ကြာမြင့်စွာငုပ်နိုင်သူဟု နာမည်ကျော်သည်။ သို့ဖြစ်၍ ဟူဒီနီသည် ဖီဂျီကျွန်းမှ ကျွန်းသားများနှင့် ရေကူးရေငုပ် စိန်ခေါ်ခဲ့၏။ ဟူဒီနီကား တကယ့်အာဂလူ ဖြစ်၏။ သူရောက်သည့်နေရာတွင် စိန်ခေါ်သူ ဖြစ်သည်။ ဖီဂျီကျွန်းသား အချို့နှင့် စိန်ခေါ်ပွဲတွင် သူ့အဖို့ လွယ်လွယ်ကူကူနှင့် နိုင်ခဲ့သည်။ ထိုသင်္ဘောနှင့်လိုက်ပါလာသော ခရီးသည်အများက ဤစိန်ခေါ်ပွဲကို တရားမျှတမှုရှိစေရန် ကြပ်မတ်ပေးခဲ့သည်ဟု သိကြရ၏။

ဖီဂျီကျွန်းတွင် သင်္ဘောခေတ္တဆိုက်ကပ်ထားစဉ် သင်္ဘောမာလိန်မှူးကြီးဖြစ်သူ ဒူလီသည် ဟူဒီနီအား ဖိတ်ခေါ်၍ သူ့ပဉ္စလက်စွမ်းရည်ပြသရန် မေတ္တာရပ်ခံခဲ့သည်။ ဟူဒီနီသည် သင်္ဘောသားများ၊ ခရီးသည်များရှေ့တွင် မာလိန်မှူးဒူလီပိုင် လက်ထိတ်နှင့် ကိုယ်ကျပ်အင်္ကျီအတွင်းမှ သုံးမိနစ်အတွင်း လွတ်မြောက်အောင် ပြုလုပ်ပြသခဲ့သည်ဟုလည်း ဆိုကြ၏။

ဤသို့ဖြင့် မဟာဟူဒီနီသည် အင်္ဂလန်နိုင်ငံသို့ တစ်ကျော့ပြန် ရောက်လာခဲ့၏။ အင်္ဂလန်နိုင်ငံမှ ပြည်သူလူထုသည် ဟူဒီနီအား သူရဲ ကောင်းတစ်ယောက်သဖွယ် ကြိုဆိုခဲ့ကြသည်ဟု စာနယ်ဇင်းများက ရေးသားဖော်ပြခဲ့ကြ၏။ လန်ဒန်မြို့တော် ဖင်(ခ်)ဗြူရီပန်းခြံလမ်းရှိ ပြဇာတ် ရုံကြီးနှင့် လန်ဒန်မြို့ လူစည်ကားရာရပ်ကွက်ရှိ ပေါ်(လ်)ဘုန်းပြဇာတ်ရုံ ကြီးများတွင် သူ့ပဥ္စလက်ပြကွက်များကို ဆက်လက် ပြသသည်။ ဤ ပြဇာတ်ရုံကြီးများတွင် သူ (၂၁)နှစ်သား ပဥ္စလက်ဆရာကလေးဘဝကပင် သူ့ပဥ္စလက်ပြကွက်များကို အခါအားလျော်စွာ တင်ဆက်ပြသခဲ့ပြီး ဖြစ်၏။ ယခု သူသည် (၃၆) နှစ်အရွယ်ရှိခဲ့ပြီ ဖြစ်၏။ လန်ဒန်ပရိသတ်ကြီးကမူ သူ့ကို အားပေးကြဆဲ ဖြစ်၏။ သူ့ပွဲစဉ်များအား ရှုပြည့်လျှံအောင် လာ ရောက် ကြည့်ရှုကြသည်။ သူ့အား ဆယ်စုနှစ်တစ်စု အားပေးသော လန် ဒန်လူထု ငြီးငွေ့မသွားရှိအောင် ဟူဒီနီက သူ့ပဥ္စလက်ပြကွက်များကို အမျိုးမျိုးပြောင်း၍ ပြခဲ့သည်။ သို့ဖြစ်၍ သူ့အား အားပေးကြသော လန်ဒန် လူထုကမူ ဟူဒီနီသည် ပရိသတ်အား အထူးလေးစားသော ပဥ္စလက်ဆရာ ကြီး ဖြစ်သည်ဟု ဆိုသည်။ သူ့အဖို့ လန်ဒန်မြို့လယ်ရှိ ပြဇာတ်ရုံကြီးများ တွင် တစ်ပတ်ပြီးတစ်ပတ် အောင်ပွဲဆင်နိုင်ခဲ့သည်ဟု ဆိုသည်။

❒

## (၁၅)

ဟူဒီနီသည် သူ့ဘဝ၏ အရင့်ကျက်ဆုံးအချိန်ဟုဆိုနိုင်သော (၃၆) နှစ်အတွင်း ရောက်လာခဲ့ပြီ ဖြစ်သည်။ ကိုယ်အလေးချိန်မှာ ပေါင် (၁၆၀) ရှိသည်။ ကျန်းမာရေးအခြေအနေကလည်း အပြည့်အဝကောင်းနေသည်။ သူတီထွင်ထားသော ပဥ္စလက်ပြကွက်သစ်များသည် အလွန် ခက်ခဲပြီး အလွန် ကြမ်းတမ်းလှသဖြင့် သာမန် ပဥ္စလက်ဆရာတစ်ယောက်အဖို့ မသင့်လျော်။ သူ့လို အားကောင်းမောင်းသန်သူတစ်ယောက်အဖို့သာ သင့်တော်သည်။ တစ်ခါတစ်ရံ သူ၏ မဟာလွတ်မြောက်မှုပြကွက်များ၊ နွားနို့ပုံး သဏ္ဌာန် သံစည်အတွင်းမှပြကွက်များ၊ ဘွိုင်လာအိုးအတွင်းမှ ထူးထူး ဆန်းဆန်း လွတ်မြောက်သောပြကွက်များကို တစ်နေ့ သုံးပွဲပြသသည်ဟု မှတ်တမ်းများက ဖော်ပြခဲ့၏။

ဩစတြေးလျတွင် လှည့်လည်ပြသခြင်း၊ လေယာဉ်ပျံမောင်းနှင်၍ အစွမ်းပြခြင်း၊ တံတားခုန်ပွဲများ ခုန်ပြခြင်းများပြုလုပ်ပြီးသည်နှင့် အင်္ဂလန် ပြန်လာခဲ့သည်။ အင်္ဂလန်နိုင်ငံတွင် ခေတ္တရောက်ရှိနေစဉ် သူ့အား အမေရိကန်ပြည်ထောင်စုသို့ ပြန်လာပါရန် တောင်းဆိုသူ အလွန်များလာပြန် သည်။ သူ့မိခင်ကြီး၏အသက်မှာ (၆၉) နှစ် ပြည့်တော့မည်ဖြစ်သဖြင့် အချိန်မီ အမေရိကန်ပြည်ထောင်စုသို့ ပြန်လာခဲ့၏။ လူထု၏ တောင့်တ ချက်ဖြည့်စွက်ရန် ပြပွဲများ မနေမနား ပြသခဲ့ရသည်။ သူရောက်ရှိသည့် မြို့ရွာအသီးသီးမှ ပြဇာတ်ရုံများ ပြည့်လျှံအောင် လူထုက အားပေးခဲ့ကြ သည်။ အမေရိကန်ပြည်ထောင်စုသားအများသည် သူ့အား ပဥ္စလက်ဆရာ တစ်ဦးသာမက နိုင်ငံ့ဂုဏ်ဆောင် လေသူရဲတစ်ဦးအဖြစ်လည်း အသိ အမှတ်ပြုခဲ့ကြသည်။ ယခင်က သူ့အား အတိုက်အခံရေးသားခဲ့ကြသော သတင်းစာကြီးများကပင် သူ့အား ချီးမွမ်းရေးသားခဲ့ကြ၏။

စက်တင်ဘာလ (၂၆) ရက်နေ့တွင် ဘိုစတုန်ဆိပ်ကမ်းတွင် ပြု လုပ်သည့် စိန်ခေါ်ပွဲကား ဟူဒီနီအဖို့ သူ့အသက် (၃၆)နှစ်အတွင်း အကြီး

မားဆုံးနှင့် အသက်အန္တရာယ်အနီးဆုံး စိန်ခေါ်ပွဲဟု ခေါ်ဆိုနိုင်တော့၏။ သူ ယခင်ကပြုလုပ်ခဲ့သော တံတားခုန်ပွဲများ၊ လေယာဉ်မောင်းနှင်ပြပွဲများ၊ ခေါင်းတလားကြီးအတွင်းမှ လွတ်ထွက်ပြသမှုများထက် အသက်အန္တရာယ် အစိုးရိမ်ရဆုံးဖြစ်သည့် စိန်ခေါ်ပွဲ ဖြစ်၏။ ထိုစိန်ခေါ်ပွဲမျိုး တစ်သက်နှင့် တစ်ခါ မတွေ့ဘူးပါဟူ၍ ဘိုစတုန်မြို့မှထုတ်ဝေသော ဘိုစတုန် ကမ္ဘာလုံး သတင်းစာကြီးတွင် ရေးသား ဖော်ပြခဲ့၏။

ထိုစိန်ခေါ်ပွဲက ဆန်းသည်။ ဘိုစတုန်ရေလုပ်သားများ ဖမ်းမိထားသော ပေါင်ချိန် (၁၆၀၀) ရှိသော ရုတ်တရက် အမျိုးအမည် ခွဲခြားမသိရသေးသည့် အဏ္ဏဝါထဲမှ ထူးဆန်းသော သတ္တဝါကြီး၏ဝမ်းဗိုက်အတွင်းမှ ပဥ္စလက်ဆရာ လွတ်မြောက်အောင်ထွက်ပြရမည့် စိန်ခေါ်ပွဲ ဖြစ်၏။ ထိုသတ္တဝါကြီးအား သတ္တဗေဒပညာရှင်အများကမူ ဝေလငါးနှင့် ရေဘဝဲကောင်တို့စပ်ထားသည့် သတ္တဝါဆန်းဖြစ်နိုင်သည်ဟု ဆိုသည်။ ထိုသတ္တဝါကြီးအား ဘိုစတုန်မြို့ ဇာတ်ရုံအတွင်းရှိ ဇာတ်ခုံပေါ်သို့ တင်ထားသည်။ ထိုသေဆုံးနေသော အမျိုးအမည်မရှိရသည့် သတ္တဝါကြီး၏ ဗိုက်အတွင်း လက်ထိတ်များ၊ ခြေချင်းများခတ်ထားသော ဟူဒီနီက ဝင်ရောက်နေရမည် ဖြစ်၏။

ထိုသတ္တဝါကြီး၏ ခန္ဓာကိုယ်အား အပြင်မှ သံကြိုးများချည်နှောင်၍ သော့များခတ်ထားစေပြီး သတ်မှတ်ထားသည့်အချိန်တွင် ဟူဒီနီက ထိုသတ္တဝါကြီး၏ ဝမ်းဗိုက်အတွင်းမှ လွတ်မြောက်ပြသရမည့်ပြကွက် ဖြစ်၏။ ထိုပြကွက်ကိုစီစဉ်သူများမှာ ဘိုစတုန်ဆိပ်ကမ်းအာဏာပိုင်များ ဖြစ်ကြ၏။ ဘိုစတုန်လူတို့သည် ထိုစိန်ခေါ်ပွဲကျင်းပသည့် ကိ(သ်)ဇာတ်ရုံပြည့်လျှံအောင် လာရောက် အားပေးကြသည်သာမက ဘိုစတုန်ဆိပ်ကမ်းမှ ကိ(သ်)ဇာတ်ရုံကြီးသို့ သွားလမ်းတစ်လျှောက်တွင် တိုးမပေါက်အောင် လူများ စည်ကားလှသည်ဟု သိရ၏။

သတ်မှတ်ထားသောအချိန်တွင် စိန်ခေါ်သူ ဘိုစတုန်ဆိပ်ကမ်းကော်မတီဝင်များသည် ဇာတ်စင်ပေါ်တွင် ဟူဒီနီအား သေသေချာချာ စစ်ဆေးရှာဖွေကြပြီး နောက်ပြန် လက်ထိတ်ခတ်လိုက်ကြသည်။ ဇာတ်စင်ပေါ်ရှိ သတ္တဝါကြီး၏ ဝမ်းဗိုက်အတွင်းရှိ ကလီစာများကိုမူ ရေလုပ်သားများက ခုတ်၍ရှင်းထားပြီးဖြစ်သဖြင့် လူတစ်ယောက် ကောင်းကောင်းလဲလျောင်းနိုင်၏။

ဟူဒီနီကမူ ဤစိန်ခေါ်ပွဲသည် ဘိုစတုန်ဆိပ်ကမ်းအာဏာပိုင်များနှင့် သူတို့ဟုဆိုသော်လည်း ပွဲကြည့်လာသူများက သော့များ အဆင်သင့်ယူလာပါက ဤရေသတ္တဝါကြီးအား ချည်နှောင်မည့် သံကြိုးများနှင့် သူ့ကိုယ်ခန္ဓာတွင် ချည်နှောင်မည့်သံကြိုးများကို သော့များနှင့်ခတ်နိုင်ကြောင်း ကြေညာသွားသည်။ ထို့နောက် လက်ထိတ်များ၊ ခြေချင်းများ၊ သံကြိုးများဖြင့် နှောင်ဖွဲ့ထားသော ဟူဒီနီသည် ကြီးမားသော ရေသတ္တဝါကြီးဝမ်းဗိုက်

အတွင်း ဝင်လိုက်သည်နှင့် ဇာတ်စင်အောက်မှ တေးဂီတဝိုင်းတော်သားများ ကလည်း ရင်သိမ့်တုန်ဖွယ်ရာ တေးသံစဉ်များကို တီးမှုတ်ကြတော့သည်။ ကော်မတီဝင်များသည် ရေသတ္တဝါကြီး၏ ဝမ်းဗိုက်ကို သံကြိုးများဖြင့်ချည် နှောင်ပြီး သော့ခလောက်ခြောက်လုံးဖြင့် ခတ်သည်။

ဟူဒီနီ၏ ဝိုင်းတော်သားများက ကတ္တီပါကားလိပ်များတပ်ထား သော သံပိုက်လုံးဘောင်ခွေများကို တွန်းယူလာပြီး ထူးဆန်းသော သတ္တဝါ ကြီး၏ ကိုယ်ခန္ဓာကြီးကို ဖုံးအုပ်လိုက်ပါသည်။ ဂီတဝိုင်းတော်သားများကမူ သံစဉ်များကို ကျယ်လောင်စွာတီးမှုတ်နေပြီး မီးမောင်းကြီးနှစ်ခုကလည်း ရေသတ္တဝါကြီး၏ ကိုယ်ခန္ဓာကြီးအား ဖုံးအုပ်ထားသည့် ကတ္တီပါကားလိပ် ကိုထိုး၍ ရွှေ့လျားကစားနေသည်။ (၁၀)မိနစ်ခန့်အထိ ပွဲကြည့်ပရိသတ် သည် ငြိမ်သက်နေကြသော်လည်း (၁၀)မိနစ်ကျော်လာသည်နှင့် လှုပ်လှုပ် ရွရွ ဖြစ်လာကြပြန်သည်။ သူတို့အသည်းစွဲ ပဥ္စလက်ဆရာ မဟာဟူဒီနီ တစ်ယောက် ထူးဆန်းသော ငါးသတ္တဝါကြီး၏ ကိုယ်ခန္ဓာအတွင်းမှ ထွက် နိုင်ပါမည်လောဟု စိုးရိမ်ပူပန်လာကြသည်။ ဇာတ်စင်ပေါ်မှ ကော်မတီဝင် အများကမူ သူတို့အိတ်ဆောင်နာရီများ၊ လက်ပတ်နာရီများကို ကြည့်နေ ကြသည်။ သူတို့လည်း ဘဝင်မကျဖြစ်နေဟန်တူသည်။ သို့သော် တစ် ဆယ့်ငါးမိနစ်ရှိသည်နှင့် မဟာဟူဒီနီသည် ကတ္တီပါကားလိပ်ကို မ,၍ ထွက်လာတော့၏။ ပရိသတ်ကြီး၏ လက်ခုပ်သံများမှာ မစဲအောင်ဖြစ် တော့၏။ ကတ္တီပါကားလိပ်ကို ဖွင့်လိုက်သည့်အခါ သံကြိုးများချည်နှောင် ပြီး သော့အထပ်ထပ်ခတ်ထားသော ထူးဆန်းသည့် ရေသတ္တဝါကြီး၏ ကိုယ်ခန္ဓာကို ခြေရာလက်ရာမပျက် တွေ့ရသည်။

ပရိသတ်ကြီးကမူ သူ ဘယ်လိုလုပ်ပြီး ရေသတ္တဝါကြီး၏ ခန္ဓာ ကိုယ်မှ ထွက်လာသနည်းဟု အံ့ဩပြီးရင်းအံ့ဩနေကြတော့သည်။ ဟူဒီနီ ဤကဲ့သို့ စိန်ခေါ်ပွဲများကို တစ်ပွဲပြီးတစ်ပွဲ ပြုလုပ်နေသည်။ မိခင်ဖြစ်သူနှင့် ဇနီးဘက်(ခ်)တို့ကမူ ဤကဲ့သို့ စိန်ခေါ်ပွဲများ ပြုလုပ်နေသည်ကို စွန့်လွှတ် စေလိုသည်။

ဒီတရွိုက်မြို့ စိန်ခေါ်ပွဲမှာမူ သူ့အသက်အန္တရာယ်နှင့် နီးလှသည်။ စိန်ခေါ်သူ လူငါးယောက်တို့သည် သူ့အား အလွန်ထူသော မိုးကာစဖြင့် အထူးချုပ်လုပ်ထားသော အိတ်ကြီးအတွင်း လက်ထိတ်များ၊ သံခြေ ချင်းများခတ်၍သွင်းထားပြီး အပေါ်မှ တင်းတင်းကျပ်ကျပ် ကြိုးများဖြင့် ချည်နှောင်ခဲ့သည်။ ဤစိန်ခေါ်ပွဲတွင်လည်း ဟူဒီနီက လွယ်လွယ်နှင့်ပင် အောင်မြင်မှုရခဲ့သည်။ သို့သော် ထိုစိန်ခေါ်ပွဲတွင် သူ့ပေါင်ခြံတွင် ပြင်းထန် စွာ နာကျင်လာသည်။ သူ ကျင်ငယ်စွန့်သောအခါတွင် သွေးများပါလာ သည်။ သူ့ဇနီးဖြစ်သူက ပွဲစဉ်များ ခေတ္တနားစေပြီး ဆေးကုစေလိုသည်။ ဟူဒီနီကမူ ခေါင်းမာသည်။ အနားယူခြင်းမရှိဘဲ ပွဲစဉ်များ ဆက်ပြခဲ့၏။ သူ့မိခင်ကြီးက ကန့်ကွက်ခဲ့သည်။ သူ့မိခင်ကိုလေးစားသော ဟူဒီနီသည်

နောက်ဆုံးတွင် ဒီတရွိုက်မြို့မှ နာမည်ကျော် အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာဝေါလီနှင့်ပြသခဲ့ရ၏။ ဆရာဝန်ကြီးကမူ သူ၏ ကျောက်ကပ်အတွင်းရှိ သွေးကြောပြတ်သွားကြောင်း စစ်ဆေးတွေ့ရသဖြင့် ရက်သတ္တပတ်ပေါင်းများစွာ အနားယူသင့်ကြောင်း၊ နောင် ပြသသည့်ပွဲများတွင် တင်းကျပ်သော ကိုယ်ကျပ်အကျီအပါအဝင် တံတားခုန်ပွဲများ မပြုသင့်ကြောင်း၊ သူ့ခန္ဓာကိုယ်အား ပြင်းထန်သည့် ပဋိလက်ပြကွက်များဖြစ်သော မဟာလွတ်မြောက်မှုပြကွက်များ အပါအဝင် အားသွန်ခွန်စိုက်ပြကွက်များကို ဆက်လက် ပြသမည်ဆိုပါက တစ်နှစ်အတွင်း အသက်အန္တရာယ်နှင့် ကြုံရပေလိမ့်မည်ဟု အကြံပြုခဲ့၏။ ဟူဒီနီကမူ ရက်သတ္တပတ်နှစ်ပတ်သာ အနားယူသည်။

ဤသို့အနားယူပြီး နယူးယောက်မြို့သို့ ခေတ္တပြန်လာခဲ့သည်။ သူဝယ်ယူထားသော မိသားစုအတွက် သချိုင်းမြေတွင် သူ့ကျောက်ရုပ်ကို ထုထားစေပြီး သူတို့မိသားစု၏ နာမည်များကိုလည်း ရေးထိုးထားစေသည်။ အနားယူနေစဉ်တွင် ဟူဒီနီသည် လျို့ဝှက်နက်နဲသော ဂမ္ဘီရပညာရပ်များနှင့် ပတ်သက်သော စာအုပ်များကို လက်လှမ်းမီသလောက် ရှာဖွေဖတ်ရှုခဲ့သည်။ စိတ်စေတသိက်တို့၏ ထူးခြားဖြစ်စဉ်နှင့် ပတ်သက်သော စာအုပ်စာတမ်းများကိုလည်း လေ့လာ၏။ သူ့အဖို့ သို့လောသို့လောဖြစ်နေသော ပဟေဠိတစ်ပုဒ်ကို အဖြေရှာမရဖြစ်နေသည်။ ထိုပဟေဠိမှာ သူ့အား သောကပွားစေသည်။ အမြို့မြို့အရွာရွာတွင် သူပြခဲ့သော ရုပ်ခွဲနာမ်ခွဲနိုင်သူပြကွက်များသည် သူနှင့် ဇနီးဖြစ်သူ ဘက်(ခ်)တို့ အပင်ပန်းခံ၍ မနေမနား လေ့ကျင့်မှုကြောင့် အောင်မြင်ပေါက်ရောက်ပြီး ကြည့်ရှုရသူများ အမှန်တကယ် အံ့ဖွယ်သရဲဖြစ်ခဲ့ရခြင်းလော သို့မဟုတ် သူ၏ စိတ်စွမ်းအင်ကြောင့် စွမ်းအင်ရလာသဖြင့် သူ့ပြကွက်များ အောင်မြင်လာခဲ့သလော။ ဤကဲ့သို့ သို့လောသို့လောကြားတွင် ဟူဒီနီသည် တဝဲလည်လည်ဖြစ်နေသည်။

သို့ဖြစ်၍ နယူးယောက်မြို့တွင် ခေတ္တအနားယူနေစဉ် သူ့မိတ်ဆွေကြီး ဂျိုရင်းနှင့် တွေ့ဆုံကြပြန်သည်။ ဂျိုရင်းမှာ စိတ်ဝိညာဉ်ဆိုင်ရာနယ်ပယ်တွင် တစိုက်မတ်မတ် လေ့လာခဲ့သဖြင့် အတော်အသင့် တီးမိခေါက်မိရှိလာခဲ့ပြီ ဖြစ်၏။ ဂျိုရင်းသည် စိတ်စွမ်းအင်ရှိသော နတ်ဝင်သည်များ၊ ဝိညာဉ်လောကအား စွဲစွဲလမ်းလမ်း ယုံကြည်ထားသူများနှင့် ခင်မင်သူ ဖြစ်၏။

ထိုစဉ်က အမေရိကန်ပြည်ထောင်စုတွင် လူသေလျှင် ဘဝပြတ်မသွား၊ လူပြန်ဖြစ်ခြင်းလည်း မရှိ။ ဘုရားသခင်၏ ထာဝရဘုံသို့လည်း မရောက်ဘဲ အတ္တဝိညာဉ်အနေဖြင့် တမလွန်လောက၌ သွားလာကျင်လည်နေသည်ဟု ယုံကြည်သူ အမြောက်အမြား ရှိ၏။ ထိုသူတို့အားထားရာ ပုဂ္ဂိုလ်များမှာ Medium ဟု ခေါ်သော နတ်ဝင်သည်များပင် ဖြစ်၏။

နတ်ဝင်သည်တို့သည် သေသူတို့၏ဝိညာဉ်များနှင့် ဆက်သွယ်နိုင်သည် ဆို၍ ကွယ်လွန်လေပြီးသော ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်း တစ်ဦးဦး၏သတင်းကို ကြားသိလိုသောသူတို့သည် နတ်ဝင်သည်ပုဂ္ဂိုလ်များကို ချဉ်းကပ်ကြသည်။

နတ်ဝင်သည်တို့ကလည်း သူတို့သည် တမလွန်လောကသားများနှင့် ဆက်သွယ်နိုင်ကြောင်းကို လူအများ ယုံကြည်စေရန် ထူးထူးဆန်းဆန်း အံ့ဖွယ်သရဲများကို ပြုလုပ်ပြသကြ၏။ နတ်ဝင်သည်တို့ ကျင်းပသည့် ဝိညာဉ်ခေါ်ပွဲများတွင် ကွယ်လွန်သူတို့ ကိုယ်ထင်ပြသည့်သက္ကာန် ဝိညာဉ်ခေါ်ပွဲများ ကျင်းပသည်။ အခန်းအတွင်းရှိ ပရိဘောဂများ၊ အခြား သက်မဲ့ပစ္စည်းများ သာမကအားဖြင့် ဆေးလိပ်ပြာခံခွက်၊ လက်သုတ်ပဝါ၊ ခေါင်းလောင်း၊ တူရိယာပစ္စည်းများ အလိုလို လှုပ်ထ ရွေ့လျားလာခြင်း၊ အသံများ မြည်လာခြင်း၊ တစ်စုံတစ်ယောက်ကို မမြင်ရဘဲလျက် ဝိညာဉ်ခေါ်ပွဲ တက်ရောက်သူများအား လက်ဖြင့်တို့ခြင်း၊ အခန်းအတွင်းရှိ ကျောက်သင်ပုန်း၊ စားပွဲများပေါ်တွင်ချထားသော စာရွက်များတွင် ကွယ်လွန်သူရေးသော စာများ ပေါ်လာခြင်း စသော အခြင်းအရာများကို တွေ့ကြရလေ့ ရှိ၏။ ထိုအံ့ဖွယ်သရဲများ ပြုလုပ်ပြသခြင်းသည် လူအများ သူတို့ကိုယုံကြည်လာအောင် ပြုလုပ်ပြသခြင်းသာ ဖြစ်၏။

သုတေသီအချို့ကမူ နတ်ဝင်သည်အများသည် လူလိမ်များသာဖြစ်သည်။ ထူးဆန်းသော အံ့ဖွယ်သရဲများ ပြုလုပ်ပြသခြင်းသည် ပဉ္စလက်ဆရာများနည်းတူ ဝိညာဉ်ခေါ်ပွဲ တက်ရောက်သူများ၏မျက်စိကို ပဉ္စလက်နည်းဖြင့် ပြုလုပ်ပြသခြင်း ဖြစ်သည်ဟု ယူဆကြ၏။ မနေသုတေသီအများကလည်း နတ်ဝင်သည်တို့၏ လိမ်နည်းအမျိုးမျိုးကို ဖော်ထုတ်ပြသလေ့ ရှိ၏။ ဟူဒီနီသည် သူငယ်စဉ်ကပင် သူ့မိတ်ဆွေ ဂျိုရင်းနှင့်အတူ တွဲ၍ ထိုဝိညာဉ်ပွဲများသို့ တက်ရောက် လေ့လာခဲ့ဖူးသည်။ ကွယ်လွန်သူတို့၏ ဝိညာဉ်သည် လူ့လောကသို့ပြန်လာ၍ ရှင်သူတို့နှင့် စကားပြောနိုင်သည်။ ရှင်သူတို့သည် မမြင်ရသောလက်များ (ဝိညာဉ်၏လက်) ၏ ထိတွေ့မှုကိုခံရသည်။ ပရိဘောဂများရွေ့လျားခြင်း၊ တူရိယာများ အလိုအလျောက်မြည်ခြင်းများသည် အမှန်တကယ် ဟုတ်၊ မဟုတ် သိလိုသည်။

ဟူဒီနီကမူ နတ်ဝင်သည်တို့သည် ပဉ္စလက်ပညာဖြင့် လူအများယုံလောက်အောင် ပြုလုပ်ပြသော လူလိမ်လူညာများသာ ဖြစ်သည်။ သူတို့ကို လူသိရှင်ကြား လူလိမ်လူညာများဖြစ်သည်ဟု ဖော်ထုတ်ပြလိုသည်။ သူ့မိတ်ဆွေ ဂျိုရင်းကမူ နတ်ဝင်သည်တိုင်းအား လူလိမ်လူညာဖြစ်သည်ဟု ယူဆထားရန်မသင့်။ အမှန်တကယ် တမလွန်ဘုံသားများနှင့် ဆက်သွယ်နိုင်သော နတ်ဝင်သည် အစစ်အမှန် ရှိနိုင်သည်ဟု သူ့အား ဖျောင်းဖျပြောဆိုသည်။

ဟူဒီနီသည် ဟိုးဟိုးကျော်သည့် ပဉ္စလက်ဆရာကြီးဖြစ်လာခဲ့သော်

လည်း ထိုကိစ္စရပ်များနှင့် ပတ်သက်၍ တိတိကျကျ သိလိုသည်။ ထိုပဟေဠိကို သူကိုယ်တိုင် စနစ်တကျ စူးစမ်းပြီးမှ လက်ခံမည်ဟု ဆုံးဖြတ်ထား၏။

ဟူဒီနီသည် ရက်သတ္တပတ် နှစ်ပတ်ခန့်ကြာမြင့်သည်နှင့် သူ့ပွဲစဉ်များကို ပြန်ဆက်ပြန်သည်။ အားသွန်ခွန်စိုက်လုပ်ရမည့် ပြကွက်များကို ဆက်ပြသည်။ ယခင်ကထက်ပင် ပြုလုပ်ပြသည်။ သူ့ဇနီးဘက်(ခ်)ကမူ ဆရာကြီးညွှန်ကြားသည့်အတိုင်း အားသွန်ခွန်စိုက်ပြုလုပ်ရမည့် ပြကွက်များကို၊ လူထုအကြား ပြသလေ့ရှိသော တံတားခုန်ပွဲများကို တတ်နိုင်သလောက် မပြုလုပ်ရန် ပြောသော်လည်း ဟူဒီနီက တားမရ။ အားသွန်ခွန်စိုက်ပြုလုပ်ရမည့် ပြကွက်များကို လျှော့မည်ဟု စိတ်က ကြံရွယ်ထားသော်လည်း ဇာတ်စင်ပေါ် တက်၍ ပရိသတ်ကိုမြင်ရသည်နှင့် ဟူဒီနီသည် ထိုအကြံကို စွန့်လွှတ်မည့်အစား ယခင်ကထက် ပို၍ လုပ်ပြတော့၏။ စိန်ခေါ်ပွဲများကို ဆက်လက် ပြသခဲ့ပြန်သည်။ အမေရိကန်ပြည်ထောင်စုတွင် မနေမနား လှည့်လည်ပြသခဲ့ရသည်။ သူ ယခင် ရက်သတ္တပတ်ပေါင်းများစွာ၊ လပေါင်းများစွာ တင်ဆက် ပြသခဲ့ပြီးသော မြို့များကလည်း သူ့ကို တောင့်တလာကြသဖြင့် တစ်ကျော့ပြန်ခဲ့ရသည်။

သို့သော် ဟူဒီနီသည် သူ့ပွဲစဉ်များအား ပရိသတ်က ရိုးအီမသွားရအောင် ဂရုစိုက်သည်။ အစီအစဉ်သစ်များကို တင်ဆက်သည်။ ဟူဒီနီကိုယ်တိုင် အစီအစဉ်သစ် တင်ဆက်နိုင်ရန် ကြံစည်နေမိသည်။ ထာဝစဉ်စဉ်းစားသည်။ သူနှင့် ရင်းနှီးသော မိတ်ဆွေများနှင့် တိုင်ပင်သည်။ အခြားနားလည်တတ်ကျွမ်းသူများ၏ အကြံပြုချက်များကို လက်ခံသည်။ သူ့ဇာတိမြို့ကဲ့သို့ဖြစ်နေသော နယူးယောက်လူထုအတွက် ထူးခြားအံ့ဖွယ်သရဲဖြစ်စေမည့် ပြကွက်စတန့်တစ်ခု ပြုလုပ်ပြသမည်ဟု ဆုံးဖြတ်သည်။ ဤပြကွက်ကို ဇာတ်ရုံပြင်ပတွင် လူအများ ကြည့်ရှု လေ့လာနိုင်သော နေရာတွင် ပြသရန် ရည်ရွယ်သည်။ တံတားခုန်ချပွဲများမှာလည်း ထူးလျက်နှင့် မဆန်းတော့။ သို့ဖြစ်၍ အသစ်အဆန်းပြကွက်တစ်ခုကို တီထွင်သည်။ ထိုပြကွက်ကို ပြသရန် သက်ဆိုင်ရာ နယူးယောက်မြို့တော်အာဏာပိုင်များနှင့် ညှိနှိုင်းခဲ့ရ၏။ ထိုပြကွက်ကို ရုပ်ရှင်ရိုက်ကူးရန်လည်း စီစဉ်ထားသည်။ ပထမတွင် နယူးယောက်မြို့တော် အာဏာပိုင်များသည် ခွင့်ပြုရန်မသင့်ဟု ယူဆသည်။

ထိုပြကွက်အသစ်၌ ပဉ္စလက်ဆရာဟူဒီနီအား သူ့တပည့်များက၊ လာရောက်ကြည့်ရှုမည့် ပရိသတ်များအတွင်းမှ ကိုယ်စားလှယ်များက လက်ထိတ်များ၊ ခြေချင်းများခတ်၍ ကြီးမားသော သေတ္တာတစ်လုံးတွင် ထည့်သွင်းပိတ်ပြီး ထိုသေတ္တာအား နယူးယောက်ဆိပ်ကမ်း ဆိပ်ခံတံတားပေါ်မှ မြစ်ထဲသို့ ကြိုးဖြင့် ချိတ်ဆွဲပြီး ချပြသည့် ပြကွက်ဆန်း ဖြစ်သည်။ ထိုပြကွက်ဆန်းမှာ လူသိရှင်ကြားပြုလုပ်ပြသရမည့် ပြကွက်ဆန်းဖြစ်ပြီး

ပဥ္စလက်ပညာသမိုင်းတွင် မည်သည့်ပဥ္စလက်ဆရာမှ ပြုလုပ်ပြသခဲ့ခြင်း မရှိခဲ့။ ယခင် ဟူဒီနီပြသခဲ့သော မဟာလွတ်မြောက်မှုပြကွက်များထက် အသက်အန္တရာယ်ရှိနိုင်သည်သာမက ထူးထူးခြားခြား အားသွန်ခွန်စိုက် ပြုလုပ်ပြသရမည့်ပြကွက်သစ် ဖြစ်တော့သည်။ မဟာဟူဒီနီအဖို့ သေတ္တာတွင်းအနှောင်အဖွဲ့၊ သေတ္တာမှ လွတ်မြောက်အောင်ထွက်ရမည်။ စွန့်စားခန်း မြစ်ရေပြင်မှ ထွက်ရမည့်ကိစ္စရပ်မှာ မည်သည့် ပဥ္စလက်ဆရာမျှ ပြုလုပ်ပြသဝံ့မည်မဟုတ်ပေ။ နယူးယောက်ဆိပ်ကမ်းအာဏာပိုင်များနှင့် နယူးယောက်မြို့တော် စည်ပင်သာယာအဖွဲ့ဝင်တို့ကမူ ဤ လူသိရှင်ကြား ပြကွက်မှာ ဟူဒီနီ့အသက်အား အန္တရာယ်ပြုနိုင်သဖြင့် ခွင့်ပြုရန် ဝန်လေးကြခြင်း ဖြစ်သည်။ နောက်ဆုံးတွင် ဟူဒီနီ၏ ထူးထူးခြားခြား စွန့်စားမှုပြကွက်ကို သက်ဆိုင်ရာအာဏာပိုင်များက ခွင့်ပြုခဲ့သည်။

ဤထူးဆန်းသော မဟာလွတ်မြောက်မှုပြကွက်သစ်ကို ဇူလိုင်လ (၇) ရက်၊ နံနက် (၁၁) နာရီတိတိတွင် ပြသရန် ချိန်းဆိုထားသည်။ နယူးယောက်တိုင်း(စ်)သတင်းစာနှင့် နယူးယောက်သူရိယ (Sun) သတင်းစာကြီးများကမူ ထိုအံ့ဖွယ်သရဲဖြစ်မည့် ပြကွက်သစ်အကြောင်းကို မျက်နှာဖုံးသတင်းအဖြစ် ရေးသားဖော်ပြပေးခဲ့သဖြင့် မဟာဟူဒီနီအဖို့ ထူးခြားသော ကြော်ငြာရသွားသည်ဟု ဆိုနိုင်သည်။ သူ့မိခင်ဖြစ်သူကမူ ဟူဒီနီအဖို့ သင့်တင့်လျောက်ပတ်သော ကျော်ကြားမှုနှင့် ပြည့်စုံသောဝင်ငွေရရှိခဲ့ပြီဖြစ်၍ ဤကဲ့သို့ အသက်အန္တရာယ်ကိုပေးနိုင်သော စတန့်သဘောပါဝင်သည့် ပြကွက်ဆန်းများကို ပြသခြင်းမပြုရန် ပြောခဲ့သည်။ ဇနီးဖြစ်သူဘက်(ခ်)ကလည်း ဆရာဝန်များကိုယ်တိုင် ဤကဲ့သို့ အားသွန်ခွန်စိုက်ပြုလုပ်ပြသသည့် ပြကွက်ဆန်းမျိုး မပြုလုပ်ရန် တားမြစ်ထားသည့်အတွက် ထိုပြကွက်ကို ပြသခြင်းမပြုရန် ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့သော်လည်း ဟူဒီနီက ပြသမည်ဟု ပြင်ဆင်သည်။

ချိန်းဆိုထားသော ဇူလိုင်လ (၇) ရက်နေ့သည် ရာသီဥတု ထူးထူးခြားခြား သာယာသောနေ့တစ်နေ့ ဖြစ်၏။ နယူးယောက်မြို့သူမြို့သားအများသည် နယူးယောက်မြို့တော်ဆိပ်ကမ်းရှိ ဆိပ်ခံတံတားအမှတ် (၆) ရှိရာသို့ စုဝေးရောက်ရှိလာခဲ့ကြ၏။ သတင်းစာများ၏ ဖော်ပြချက်အရဆိုရလျှင် ထိုနေ့ကကျင်းပသော ဟူဒီနီ၏ 'ရေအောက်စွန့်ဝံ့သူ' ပြကွက်ကို လာရောက် ကြည့်ရှုသူပေါင်း တစ်သောင်းကျော် တက်ရောက်ခဲ့သည်ဟု ဆိုသည်။ မျက်မြင်သက်သေများကမူ လာရောက်ကြည့်ရှုသူ တစ်သောင်းထက်ပိုနိုင်ပါသည်ဟု ဆိုကြ၏။ စာနယ်ဇင်းသမားများကလည်း ရုပ်သေရုပ်ရှင်များ ရိုက်ကူးခဲ့၏။ ဟူဒီနီကမူ ထိုပြကွက်ဆန်းကို ရုပ်ရှင်ရိုက်ကူးခဲ့၏။ (နောင်အခါ ရုံတင်ပြသခဲ့သည်ဟု ဆိုသည်။)

ကြော်ငြာထားသော နံနက် (၁၁) နာရီတိတိတွင် ဟူဒီနီနှင့် အဖွဲ့သားများ ပရိသတ်များ၏ကိုယ်စားလှယ် ခြောက်ဦးတို့ လိုက်ပါလာသော

လှေကြီးသည် ဆိပ်ခံတံတားအမှတ် (၆)မှ အရှေ့မြစ် (East River) လယ်သို့ ထွက်ခွာလာသည်။ သတင်းစာကြီးများမှ သတင်းထောက်များ၊ စာနယ်ဇင်းသမားများ၊ သီးသန့်ဖိတ်ကြားထားသော ပုဂ္ဂိုလ်များကလည်း လှေကြီးတစ်စင်းဖြင့် လိုက်ပါလာခဲ့သည်။

ဟူဒီနီကိုမူ လက်များကို နောက်ပြန်လက်ထိတ်ခတ်၊ သံခြေချင်းခတ်၍ အသင့်ယူလာသည့် သေတ္တာကြီးအတွင်းဝင်စေသည်။ ပရိသတ်ကိုယ်စားလှယ်များကလည်း သေတ္တာအတွင်း သော့တူများ၊ သော့ဖွင့်နိုင်သော ကိရိယာများ ရှိ၊ မရှိ သေသေချာချာ စစ်ဆေးကြပြီး ဖြစ်၏။ ဟူဒီနီသေတ္တာအတွင်းဝင်ရောက်သည်နှင့် သေတ္တာအဖုံးကို ပိတ်လိုက်ကြသည်။ သေတ္တာကို သော့ခတ်ကြပြန်သည်။ ထို့နောက် ဟူဒီနီပါဝင်သော သေတ္တာကြီးကို အသင့်ယူလာသော ခိုင်ခံ့သည့်ကြိုးများဖြင့် ချည်နှောင်ခဲ့ကြပြီး အရှေ့မြစ်လယ်ရှိ စတက်တင်ကျွန်းအနီး ရေပြင်ရောက်သည်နှင့် သေတ္တာကြီးကို မြစ်ရေပြင်သို့ ချလိုက်သည်။ နယူးယောက်ဆိပ်ကမ်းတစ်လျှောက်ကြည့်ရှုနေကြသော ပရိသတ်ကြီးမှာ အပ်ကျသံပင်ကြားရလောက်အောင် ငြိမ်သက်သွားသည်။ လှေကြီးတစ်စင်းနှင့် လိုက်ပါလာကြသော စာနယ်ဇင်းသမားများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်များမှာ စကားမပြောနိုင်ကြ။ ဟူဒီနီအတွက် စိုးရိမ်ပူပန်ကြသည်။ သေတ္တာကြီးကို ဆွဲထားသောကြိုးများကိုမူ အရေးကြုံလာပါက လှေပေါ်သို့ ဆွဲတင်နိုင်ရန် အသင့်ပြုလုပ်ထားကြ၏။ နှစ်မိနစ်ခန့်ကြာလာသည်နှင့် လှေများပေါ်မှ ပရိသတ်များ၊ ဧည့်သည်များ လှုပ်လှုပ်ရှရှဖြစ်လာသည်။ ဆိပ်ခံတံတားများပေါ်မှ ကြည့်နေကြသော ပရိသတ်ကြီး၏ စိုးရိမ်ပူပန်သဖြင့် တီးတိုးပြောသောစကားသံများ ထွက်လာသည်။

ဤသို့အတွင်း ရေပြင်ပေါ်သို့ မဟာဟူဒီနီ ဘွားခနဲပေါ်လာသည်။ သူ့လက်တွင် လက်ထိတ်များမရှိတော့။ သူ့လက်ကိုထောင်၍ အောင်မြင်ခြင်း အထိမ်းအမှတ်ပြုပြသည်နှင့် ဟာခနဲအသံကြီးသည် နယူးယောက်ဆိပ်ကမ်းတစ်ခွင် မင်းမူသွားတော့၏။ ပရိသတ်ကြီးသည် သူတို့မျက်စိများကိုပင် မယုံကြည်။ ဟုတ်ပါ့မလားဟု ထင်သည်။ လက်ခုပ်သြဘာပေးရန် မေ့လျော့နေကြသည်။ သတိရမှပင် မိုးလုံးညံအောင် လက်ခုပ်သြဘာပေးကြ၏။ ဟူဒီနီ၏ 'ရေအောက်စွန့်ဝံ့သူ' ပြကွက်သစ်မှာ ဟိုးဟိုးကျော်သော ပြကွက် ဖြစ်ခဲ့သည်သာမက သူ့အဖို့ ဝင်ငွေ စိုစိုပြေပြေရသောပြကွက် ဖြစ်ခဲ့၏။

ဟူဒီနီသည် ဤရေအောက်စွန့်ဝံ့သူပြကွက်ကို နယူးယောက်မြို့တော်ရှိ ဟိုတယ်ကြီးများ၏ ရေကူးကန်ကြီးများအတွင်း ပြသခဲ့သဖြင့် ထိုပြကွက်သည် မဟာဟူဒီနီအတွက် ထူးခြားသောအောင်မြင်မှုရသည့် ပြကွက် ဖြစ်သည်။

ပညာရွှေတောင်စာအုပ်တိုက်

## (၁၆)

နယူးယောက်မြို့တော်၌ ရေအောက်စွန့်ဝံ့သူပြကွက်ဖြင့် ဟိုးဟိုး ကျော်ခဲ့သော ဟူဒီနီသည် ဥရောပပွဲစဉ်ခရီးအတွက် ထွက်ခဲ့ရပြန်သည်။ ဟူဒီနီ၏ အောင်မြင်မှုမှာ ရပ်တန့်မနေ။ ဆက်လက် ရှင်သန်လျက်ရှိနေသည်။ အင်္ဂလန်လူထုသည် မဟာဟူဒီနီကို မျှော်နေကြသည်။ အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော သတင်းစာကြီးများတွင် ပါဝင်သည့် ဟူဒီနီ၏သတင်းကိုဖတ်ရှုကြရသော အင်္ဂလန်နိုင်ငံလူထုသည် သူ့ပြကွက်အသစ်အဆန်းများကို မျှော်လင့်နေသည်။ ဟူဒီနီသည် လန်ဒန်သို့ရောက်သည်နှင့် သူတီထွင်ထားသည့် ပြကွက်သစ်များကို သူ ယခင် တင်ဆက်နေကျဖြစ်သော ပြဇာတ်ရုံကြီးများတွင် တင်ဆက် ဖျော်ဖြေခဲ့သည်။ အင်္ဂလန်နိုင်ငံလူထုကလည်း သူ့ပွဲများတွင် ရုံလျှံအောင် အားပေးကြည့်ရှုခဲ့၏။ သူ့အား တစ်ချိန်က စိန်ခေါ်ခဲ့သော လန်ဒန်နေ့စဉ်ထုတ်ရုပ်စုံကြေးမုံ သတင်းစာကြီးကမူ သူ၏ ရေအောက်စွန့်ဝံ့သူပြကွက်သစ်အကြောင်း သတင်းဆောင်းပါးများ ရေးသား ဖော်ပြပေးခဲ့သည်။

ဆောက်သန်ပတန်မြို့ ဟီပိုဒရွန်ပြဇာတ်ရုံကြီးတွင် ဟူဒီနီသည် တစ်ပတ်ပြီးတစ်ပတ် အောင်ပွဲဆင်ခဲ့သည်။ သူ့အတွက် ထူးထူးခြားခြား စန်းပွင့်သည့်အချိန် ဖြစ်၏။ ဥရောပပွဲစဉ်များသို့မကူးမီ ရေအောက်မှ စွန့်ဝံ့သူ မဟာလွတ်မြောက်မှုပြကွက်ထက် လူအများစိတ်ဝင်စားမည့် ပြကွက်သစ်တစ်ခုတီထွင်ရန် စီစဉ်သည်။ ထိုပြကွက်ကို ဟူဒီနီက ရှေးခေတ် တရုတ်နိုင်ငံတွင် ရာဇဝတ်ပြစ်မှုကျူးလွန်သူများအား ရေတွင်နှစ်၍ ညှဉ်းပန်းနှိပ်စက်သည့်ကန်အတွင်းမှ လွတ်မြောက်ပြသမည့်နည်း ဖြစ်သည်။ ထိုနည်းမှာ သူ့အတွက် အခက်အခဲအများဆုံးတွေ့ရသည့်ပြကွက် ဖြစ်သည်။ ထိုပြကွက်စီစဉ်ရာတွင် မှန်ကန်စေရန် သမိုင်းအထောက်အထားများကို ရှာဖွေစုံစမ်း သုတေသနပြုရသည်။ သူကိုယ်တိုင်လည်း နာရီပေါင်းများစွာ လေ့ကျင့်ခဲ့သည်။ သူ့ဝိုင်းတော်သားများအားလည်း

အတိမ်းအစောင်းမရှိစေရန် အကြိမ်ကြိမ် လေ့ကျင့်စေသည်။ ပထမတွင် ထိုပြကွက်အတွက် သူကိုယ်တိုင် သံသယရှိခဲ့သည်။ ဖြစ်မှဖြစ်နိုင်ပါမည်လောဟု ထင်သည်။ သူ့ဇနီးဖြစ်သူနှင့် ညီတော်မောင် ပဥ္စလက်ဆရာ ဟာဒင်(သီယို)ကလည်း ဤပြကွက်မှာ တစ်စုံတစ်ရာ ချို့ယွင်းရုံမျှနှင့် အသက်အန္တရာယ်ပေးနိုင်သဖြင့် မပြုလုပ်ရန် အကြံပေးကြသည်။

မဟာဟူဒီနီကမူ သူကြိုးစားလေ့ကျင့်လျှင် ဤပြကွက်အောင်မြင်ပေါက်ရောက်နိုင်သည်ဟု ယူဆထား၏။ ဤပြကွက်ကို ဂျာမနီနိုင်ငံ ဘာလင်မြို့ အဆင့်မြင့်ပြုပြင်ထားသော တော်ဝင်ပြဇာတ်ရုံတော်ကြီးတွင် တင်ဆက်ပြသမည်ဟု ရည်မှန်းထားသည်။ ဂျာမနီနိုင်ငံမှ ပြပွဲကန်ထရိုက်တာများကလည်း ဟူဒီနီ၏ အကြိုပြုလုပ်ပြသသော မဟာဟူဒီနီအား ဇောက်ထိုးဆွဲခြင်း (Houdini Up Side Down) ပြကွက်ကို ထူးထူးခြားခြား သဘောကျသွားသည်။ ဟူဒီနီအတွက် ညဥ့်ကြေးကိုလည်း ယခင်နှစ် ပြပွဲများတွင်ပေးသည်ထက် နှစ်ဆပိုပေးသည်ဟု သတင်းများထွက်ပေါ်လာသည်။ ဟူဒီနီကလည်း ဘာလင်မြို့တော် တော်ဝင်ရုံတော်ကြီးတွင် ပြသမည့် သူ့ပြကွက်အသစ်အတွက် ပိုစတာကြီးများကို သူ့စိတ်ကြိုက် ပန်းချီဆရာကြီးများနှင့် ရေးဆွဲစေသည်။ ထိုပိုစတာကြီးများကို တော်ဝင်ရုံတော်ကြီးအဝင်ဝနှင့် ဘာလင်မြို့တော် လူစည်ကားရာ ရပ်ကွက်များတွင် ကြိုတင် ချိတ်ဆွဲစေခဲ့၏။

ထိုပိုစတာကြီးတွင် တစ်ထောင့်တစ်ညပြောရသော အာရေဗျပုံပြင်ထဲမှ သည်းထိတ်ရင်ဖိုဖွယ်ကောင်းသော ဘီလူးကြီးက ဟူဒီနီအား ရေအပြည့်ထည့်ထားသော မှန်သေတ္တာအတွင်း ဇောက်ထိုးဆွဲထားသည့်ပုံဖြစ်သည်။ ထိုပိုစတာကြီးတွင် 'ဤရှေးခေတ်တရုတ်ပြည်တွင် သုံးခဲ့သောရေနှင့် ညှဥ်းပမ်းနှိပ်စက်မှုပြကွက်သည် မဟာဟူဒီနီ၏ ကိုယ်ပိုင်တီထွင်ထားခြင်း ဖြစ်သည်။ ရေအပြည့်ထည့်ထားသော မှန်သေတ္တာအတွင်း လူတစ်ယောက် အသက်ရှူနိုင်ရန် လေရှိပါသည်ဟု သက်သေပြနိုင်သူအား ဆုငွေဒေါ်လာ (၁၀၀၀) ပေးမည်ဟု ရေးသား ဖော်ပြထားသည်။

ထိုပြကွက်မဟာအကြောင်း ဘာလင်မြို့ထုတ် သတင်းစာကြီးများက စာဖတ်ပရိသတ် စိတ်ဝင်စားဖွယ်ခေါင်းစဉ်များဖြင့် ရေးသားဖော်ပြခဲ့ကြသဖြင့် ပြသခြင်းမပြုမီကပင် နာမည်ကျော်ခဲ့သော ပြကွက်ဆန်းဖြစ်သည်။သူ့ပြကွက်သစ်ကို မကြည့်ရှုမီကပင် ပရိသတ်အများက တအံ့တသြပြောဆိုကြတော့၏။ မှတ်တမ်းများအရဆိုရလျှင် တော်ဝင်ပြဇာတ်ရုံတော်ကြီးတွင် ကြည့်ရှုရန် ကြိုတင်လက်မှတ်များကို မှောင်ခိုဈေးတွင် အဆမတန်ပေး၍ ဝယ်ယူခဲ့ကြရသည်ဟု ဆိုသည်။ စတင်ပြသသည့်နေ့တွင် မကြုံစဖူး ရုံလျှံအောင် ပရိသတ်က လာကြည့်သည်ဟု သိရ၏။

သူ၏ 'မဟာဟူဒီနီအား ဇောက်ထိုးဆွဲခြင်း' ပြကွက်အတွက် ဇာတ်စင်ပေါ်တွင် ပြင်ဆင်ထားပုံမှာလည်း ထူးဆန်းနေ၏။ ဇာတ်ခုံပေါ်

တွင် ထောင့်ခန်းငယ်တစ်ခု ပြုလုပ်ထားသည်။ မဟော်ဂနီနှင့်ပြုလုပ်ထားသော လေးထောင့်ကန်တစ်ကန်ကိုလည်း ပရိသတ်အများမြင်နိုင်ရန် ပြထား၏။ ရေလုံစေရန် လေးထောင့်ကန်၏ အနားများစပ်ထားသော နေရာများကို သတ္တုပြားများနှင့် ကွပ်ထား၏။ ကန်၏ရှေ့မျက်နှာစာကို မှန်ချပ်တပ်ထားသည်။ သို့ဖြစ်၍ ရေကန်အတွင်း ဒုက္ခရောက်နေသော မဟာဟူဒီနီကို ပွဲကြည့်ပရိသတ်က သေသေချာချာ မြင်နေရ၏။ သူ မတော်တဆ ရေမွန်းနေခဲ့သော် ထိုမှန်ကိုခွဲပြီး သူ့ကိုကယ်တင်နိုင်ရန် ပြုလုပ်ထားခြင်းဖြစ်သည်ဟု ပြပွဲတာဝန်ရှိသူများက ပြောကြားထား၏။

ဟူဒီနီကမူ သူ ယခင်စိန်ခေါ်ပွဲများအတိုင်း ပရိသတ်ထံမှ အများကြိုက်နှစ်သက်သော စစ်ဆေးရေးကော်မတီဖွဲ့စေ၏။ ထိုကော်မတီဝင်များသည် ဇာတ်ခုံပေါ်တွင် ပြင်ဆင်ထားမှုများ၊ ရေအပြည့်ထည့်ထားသော မှန်တစ်ဖက်ပါ ရေကန်ကို စစ်ဆေးကြ၏။ ရေကူးဝတ်စုံဝတ်ထားသော ဟူဒီနီကိုလည်း ကော်မတီဝင်များက စစ်ဆေးကြ၏။ ထို့နောက် ရေကူးဝတ်စုံဝတ်ထားသော မဟာဟူဒီနီသည် ဇာတ်ခုံကြမ်းပြင်ပေါ်သို့ လှဲချလိုက်သည်နှင့် ဇာတ်စင်အောက်မှ တီးဝိုင်းကလည်း စိတ်ချောက်ချားဖွယ် တေးဂီတသံစဉ်များကို တီးမှုတ်ကြ၏။ ဟူဒီနီ၏ တပည့်များသည် သူ၏ ခြေချင်းဝတ်များကို သစ်သားထိတ်တုံးဖြင့် ခတ်လိုက်တော့၏။ ခြေနှစ်ချောင်းကိုလည်း သတ္တုကြိုးများဖြင့် ချည်နှောင်ထားပြန်၏။ ထိုကြိုးများကို ထူထဲခိုင်မာသော ဘောင်ခွေတွင် တုပ်ထားသည်။ ထိုပြုလုပ်နေသည်များကို ကော်မတီဝင်များက သေသေချာချာ စစ်ဆေးကြည့်ကြ၏။ သူတို့စိတ်ကျေနပ်ကြပြီဆိုမှ ဟူဒီနီအား ဇောက်ထိုးဆွဲလိုက်တော့၏။ သူ့ခြေနှစ်ချောင်းခတ်ထားသော ထိတ်တုံးကို ရေအပြည့်ထည့်ထားသော မဟော်ဂနီသားဖြင့် ပြုလုပ်ထားသည်။ ရေကန်ပေါ်တွင် မ,ကိုင်ထားကြ၏။ မဟာဟူဒီနီသည် အသက်ကို ခပ်ပြင်းပြင်းရှူလိုက်ပြီး လက်ခုပ်တီး၍ အချက်ပေးလိုက်သည်နှင့် သူ့ကို ရေကန်ထဲသို့ ချနှစ်လိုက်တော့သည်။

ကြီးမားသော ပြဇာတ်ရုံကြီးအတွင်း ပြည့်လျှံနေသော လူထုပရိသတ်ကြီးသည် စကားတစ်လုံးမှမပြောနိုင်။ သူတို့မျက်လုံးများကို မယုံနိုင်။ ဟုတ်မှဟုတ်ပါ့မလားဟု ထင်နေကြသည်။ ဇာတ်စင်အောက်က ဂီတဝိုင်းတော်သားများကလည်း သံစဉ်ကို လျှော့ချ၍ သည်းထိတ်ရင်ဖိုဖွယ်တေးသွားကို တီးမှုတ်ကြတော့၏။

ဟူဒီနီ၏တစ်ကိုယ်လုံး ရေကန်အတွင်းနစ်သွားသည်နှင့် ကန်အဖုံးကို အုပ်လိုက်တော့သည်။ ဤကဲ့သို့ ကန်အဖုံးကိုအုပ်ရာတွင် ပွဲကြည့်ပရိသတ် ကော်မတီဝင်များက ပြုလုပ်ကြ၏။ ရေကန်ရှေ့တပ်ထားသော မှန်မှ ရေကန်အတွင်း ဇောက်ထိုးနှစ်နေသော မဟာဟူဒီနီကို မြင်နေကြရသည်။ သူ့ခြေနှစ်ချောင်းစလုံး ထိတ်တုံးများခတ်ထားလျက်၊ သံကြိုးများနှောင်တည်လျက်၊ ထိတ်တုံးမှာလည်း အဖုံးတွင်တပ်ပြီး သော့ခတ်လျက်

ရှိနေသည်။ ဟူဒီနီသည် သာမန်လူသားတစ်ဦးဖြစ်ပါက လွတ်လမ်းမမြင်။ မလွဲမသွေ ရေကန်အတွင်း ရေမွန်း၍သေရန်သာရှိတော့၏။ ဤမြင်ကွင်းကို မြင်ကြရသော ရှေ့ဆုံးတန်းမှ အမျိုးသမီးအချို့ မူးမေ့လဲကုန်ကြ၏။ ကလေးငယ်အချို့ကမူ အော်ဟစ်ငိုကြသည်။

ချက်ချင်းဆိုသလို ဟူဒီနီ၏တပည့်များက သံပိုက်လုံးဘောင်ခွေ တပ်ထားသော ကတ္တီပါကားလိပ်ကို ဖုံးလိုက်သည်။ သူ့တပည့်ဖြစ်သူ နှစ်ဦးကမူ သံပိုက်လုံးဘောင်ခွေတပ်ထားသော ကတ္တီပါကားလိပ်ဘေး တစ်ဖက်တစ်ချက်တွင် ရပ်နေကြပြီး ကော်မတီဝင်များကမူ ဇာတ်စင်၏ ဝဲဘက်နှင့် ယာဘက်တို့၌ ရပ်နေကြ၏။ တေးဂီတဝိုင်းတော်သားများကမူ တေးသံစုံများ တီးမှုတ်နေကြသည်။ မီးသတ်သမားဝတ်စုံ၊ မီးသတ်သမား သံခမောက်၊ မိုးကာအကျီအနက်၊ ရော်ဘာရှူးဖိနပ်များ ဝတ်ဆင်ထား သူနှစ်ဦးကလည်း အကယ်၍ ဟူဒီနီရေနစ်မွန်းနေပါက မှန်ကိုခွဲရန် အသင့်ဖြစ်နေသည်။ တစ်မိနစ်ရှိလာခဲ့သည်။ ပရိသတ်အဖို့ အကြာမြင့်ဆုံးအချိန်ဟု ထင်မှတ်မိတော့၏။ အချို့ပရိသတ်များမှာ စကားမပြောနိုင်။ မျက်လုံးများမှိတ်ထားကြသည်။ တစ်မိနစ်ကုန်ဆုံး၍ နှစ်မိနစ်သို့ကူးလာသည်နှင့် ပွဲကြည့်ပရိသတ်ကြီးမှ လှုပ်လှုပ်ရွရွဖြစ်လာသည်။ ယခင် ငြိမ်သက်တိတ်ဆိတ်နေရာမှ တီးတိုးအသံများ ပျံ့လွင့်လာသည်။ ဟူဒီနီ ရေမွန်းနေပြီဟု ထင်မှတ်သဖြင့် မီးသတ်ဝတ်စုံဝတ်ထားသူနှစ်ဦးအား မှန်ကိုခွဲ၍ ဟူဒီနီကိုကယ်ပါဟု အော်ဟစ်ပြောကြသည်။ ဟူဒီနီ ယခင်ပြလေ့ရှိသော မဟာလွတ်မြောက်မှုပြကွက်များမှာ အချိန် နှစ်မိနစ်၊ သုံးမိနစ်ခန့်အတွင်း လွတ်မြောက်လာလေ့ရှိသဖြင့် စိတ်ချရသောအချိန် ကုန်လွန်ခဲ့လေပြီဟု ထင်မှတ်လာကြသည်။

ပရိသတ်၏ ဆူဆူညံညံအသံများသည် ဇာတ်စင်အောက်မှ တီးမှုတ်နေသော ဂီတတီးဝိုင်းမှ သံစုံများ၏အပေါ် လွှမ်းမိုးသွားသည်။ သုံးမိနစ်စေ့သွားသော်လည်း ကတ္တီပါတပ်ထားသော သံဘောင်ခွေအတွင်းမှ မည်သည့်အသံမျှ မကြားရ။ မဟာဟူဒီနီခမျာ ရေကန်ထဲ၌ ခြေထိတ်များ ခတ်ထားပြီး ကြိုးနှင့်ချည်နှောင်ထားသည်သာမက ဇောက်ထိုးလည်း ဆွဲထားသည်။ သူ့အခြေအနေမှာ သာမန်လူသားတစ်ယောက်အဖို့ သူ့ကိုယ်သူ ကယ်တင်နိုင်ရန်မလွယ်။ ဟူဒီနီ၏ အခြေအနေမှာ တကယ့်သည်းထိတ်ရင်ဖိုဖွယ်ရာ အခြေအနေဆိုး ဖြစ်နေသည်။

ပွဲကြည့်ပရိသတ်မှ စိတ်မထိန်းနိုင်သော အမျိုးသမီးများ၊ အမျိုးသားများသည် -

"ဟူဒီနီ ရေနစ်နေပါပြီဗျို့ ကယ်ကြပါတော့လား။ မီးသတ်သမားတွေ ရပ်ကြည့်မနေကြပါနဲ့ဗျို့"

ဟု အော်ဟစ်ကြ၏။

အချို့ အမျိုးသမီးများမှာ မူးမေ့လဲကျကုန်ကြသဖြင့် တစ်ရုံလုံး

ပွက်ပွက်ညံကုန်တော့သည်။

သို့ဖြစ်၍ မီးသတ်ဝတ်စုံဝတ်ထားသူနှစ်ဦးက သူတို့ပုဆိန်များကို မြှောက်ပြီး ရေကန်၏မှန်ချပ်ကို ရိုက်ခွဲတော့မည်ဟု ပြင်လိုက်သည်နှင့် မဟာဟူဒီနီသည် သံဘောင်တပ်ထားသော ကတ္တီပါကားလိပ်ကိုဖွင့်၍ ထွက်လာသည်။

ပရိသတ်ကြီးမှာ ဝေါခနဲ ဟင်ခနဲ ဖြစ်သွားသည်။ မှင်တက်မိသွားကြသဖြင့် လက်ခုပ်ဩဘာတီးရန် မေ့နေကြသည်။ ဟူဒီနီ၏ တပည့်များသည် ကတ္တီပါကားလိပ်တပ်ထားသော သံဘောင်ခွေကိုမ,လိုက်သည်နှင့် မှန်တပ်ထားသော ရေကန်မှာ ပုံမှန်အနေအထား ဖြစ်နေသည်။ ဟူဒီနီ၏ ကိုယ်ခန္ဓာတစ်ခုလုံးမှာ ရေစက်လက်ဖြစ်နေသည်။ သူ့ဆံပင်များမှာလည်း ရေစိုရွှဲလျက်ရှိနေပြီ။ မျက်စိများက ရဲရဲနီနေသည်။ သူ့ပါးစပ်မှ အမြှုပ် တစီစီထွက်နေသည်။ သူ့ပုံကြည့်ရသည်မှာ ခဲခဲယဉ်းယဉ်း ကြိုးစား၍ အနှောင်အဖွဲ့မှ လွတ်မြောက်အောင် ရုန်းကန်လှုပ်ရှားရသကဲ့သို့ ဖြစ်နေသည်။

ပရိသတ်ကြီး၏ မဟာဟူဒီနီဟူသောအသံနှင့် ကောင်းချီးပေးသည့် အသံ၊ လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံများသည် အချိန်အတော်ကြာမြင့်သည်အထိ မစဲနိုင်တော့။ သူ ဤရေကန်အတွင်းမှ လွတ်မြောက်လာမှုမှာ တကယ့် လက်ဖျားခါရမည့် စွန့်စားခန်း ဖြစ်သည်။ တကယ့် အံ့ဖွယ်သရဲလည်းဖြစ်ပြီး သာမန်လူသားများ ပြုလုပ်ရန် ခဲယဉ်းလှ၏။ ဟူဒီနီကိုလည်း ဝိညာဉ်ဘုံသားများက အကူအညီပေးခဲ့ကြသလော။ ပရိသတ်ထဲမှ ပွင့်ထွက်လာသော အံ့သြသည့်အသံများသည် တော်ဝင်ရုံတော်ကြီးတစ်ခုလုံး တုန်ခါသွားတော့၏။

နောက်တစ်နေ့ထုတ်ဝေသော ဘာလင်မြို့ထုတ်သတင်းစာကြီးများတွင် ဟူဒီနီတင်ဆက်သော 'မဟာဟူဒီနီအား ဇောက်ထိုးဆွဲခြင်း' ဟူသော ပြကွက်သည် မည်သည့်ပဥ္စလက်ဆရာများမှ မပြုလုပ်ဝံ့သော၊ ပြသရန် မကြံစည်ဝံ့သောပြကွက်သာ ဖြစ်တော့သည်။ သူ့ပြကွက်အသစ်ကို ကြည့်ရှုရသူများအဖို့ ရင်သိမ့်တုန်ရခြင်း၊ အံ့သြခြင်း၊ ဝမ်းမြောက်ခြင်း၊ စိတ်ပျော်ရွှင်ရခြင်း စသော ရသများ ရစေသည်ဟု ရေးသား ဖော်ပြကြသည်။ ဟူဒီနီ ဇာတ်စင်ပေါ်တွင် ပြဆင်ထားမှုများ၊ ဟူဒီနီအား ရေကန်ထဲဇောက်ထိုးဆွဲထားမှုများ၊ ဟူဒီနီ ရုတ်တရက် လွတ်မြောက်လာမှုများကို ရိုက်ကူးထားသည့် ဓာတ်ပုံများကို မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြထားခဲ့သည်။

ဟူဒီနီ၏ပြကွက်သစ်သည် သူ့အဖို့ အောင်မြင်ပေါက်ရောက်ဆုံးသောပြကွက် ဖြစ်တော့၏။ ဂျာမနီနိုင်ငံတစ်ခုလုံး ဟိုးဟိုးကျော်ခဲ့ရပြီး ပြပွဲကန်ထရိုက်တာများသည် သူ့ထက်ငါ ဟူဒီနီအား လာရောက် ကမ်းလှမ်းကြသည်။ ရုရှား၊ ဒိန်းမတ်နှင့် ပြင်သစ်နိုင်ငံများမှ ကန်ထရိုက်တာများသည် ဂျာမနီနိုင်ငံ ဘာလင်သို့ ဆင်းလာကြပြီး သူ့ထက်ငါ အပို

ကြေးပေး၍ ကမ်းလှမ်းကြတော့၏။ ဒိန်းမတ်နိုင်ငံမှ တော်ဝင်မိသားစုများကမူ ဟူဒီနီအား သူတို့နိုင်ငံသို့ လာရောက် ဖျော်ဖြေရန် သဝဏ်လွှာပို့ခဲ့သည်ဟု သိရ၏။ သို့သော် သူနှင့် ခင်မင်သူ အင်္ဂလန်နိုင်ငံမှ ပြပွဲကန်ထရိုက်တာများအား ကတိပေးပြီး ဖြစ်သည်။ သို့ဖြစ်၍ ဟူဒီနီသည် သူ၏သည်းထိတ်ရင်ဖိုဖွယ်ရာ ပြကွက်ဆန်းဖြစ်သော 'ဟူဒီနီအား ဇောက်ထိုးဆွဲခြင်း' ကို အင်္ဂလန်ပြည်သူလူထုအား တင်ဆက်ပြသရန် တစ်ကျော့ ပြန်လာခဲ့ရသည်။ အင်္ဂလန်နိုင်ငံမှထုတ်ဝေသော သတင်းစာကြီးများကမူ သူ၏ ရင်သိမ့်တုန်စရာ 'ရှေးခေတ်တရုတ်ပြည်တွင် အသုံးပြုခဲ့သော ရေနှင့် ညှဉ်းပမ်းနှိပ်စက်ခြင်း' သို့မဟုတ် 'ဟူဒီနီအား ဇောက်ထိုးဆွဲခြင်း' ဟူသော ပြကွက်သစ်အကြောင်း အကျယ်တဝင့် ရေးသား ဖော်ပြခဲ့သဖြင့် ဟူဒီနီ၏ တီထွင်မှုမှာ ဟိုးဟိုးကျော်နေသည်။

ဟူဒီနီကလည်း အင်္ဂလန်နိုင်ငံမှ စောင်ရေအများဆုံးထုတ်ဝေရသော သည်းထိတ်ရင်ဖိုမဂ္ဂဇင်းဖြစ်သည့် Strand မဂ္ဂဇင်းတွင် သူ၏နာမည်ကျော် 'ဟူဒီနီအား ဇောက်ထိုးဆွဲခြင်း' ဟူသော ပြကွက်သစ်နှင့် ပတ်သက်သော ဆောင်းပါးတစ်စောင် ရေးသားခဲ့၏။ ထိုဆောင်းပါးတွင် ဤပြကွက်သစ်မှာ သူ တရုတ်နိုင်ငံသမိုင်းကို လေ့လာရာမှ တွေ့ရှိရသည့် အချက်အလက်များကိုမူတည်၍ တီထွင်ထားခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ပဥ္စလက်သမိုင်းတွင် မည်သည့်ပဥ္စလက်ဆရာများမှ တီထွင်ပြသခဲ့ခြင်းမရှိကြောင်း၊ အင်္ဂလန်နိုင်ငံ အာဏာပိုင်များအား သူ၏ ဟူဒီနီအား ဇောက်ထိုးဆွဲခြင်းပြကွက်ကို မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ သူ့ပြကွက်အသစ်အဆန်းအား တုပပြသသူများကို တည်ဆဲဥပဒေများအရ တရားစွဲဆိုရမည်ဖြစ်ကြောင်းနှင့် ထိုပြကွက်ပြသရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ပြပွဲလာပရိသတ်၏ တုံ့ပြန်မှုများအကြောင်း ရေးသားဖော်ပြခဲ့သည်။

(Strand) စထရင်း သည်းထိတ်ရင်ဖိုမဂ္ဂဇင်းကြီးကလည်း သူ၏ဆောင်းပါးနှင့် ဘာလင်မြို့တွင် တင်ဆက်ပြသစဉ်က ရိုက်ကူးထားသော သတင်းဓာတ်ပုံများ၊ ဘာလင်မြို့မှထုတ်ဝေသော သတင်းစာဂျာနယ်များ၊ မဂ္ဂဇင်းများမှ ရေသား ဖော်ပြချက်များကိုပါ တင်ပြပေးခဲ့သဖြင့် အင်္ဂလန်လူထုက သူ့အား မျှော်တလင့်လင့်ဖြစ်နေကြ၏။ လန်ဒန်မြို့ပြဇာတ်ရုံကြီးတွင် တင်ဆက်ပြသခဲ့ရာ သောက်သောက်လဲ ဝင်ငွေရသည့်ပွဲစဉ်များဖြစ်သည်။

ဟူဒီနီသည် ပြပွဲလာပရိသတ်အပေါ် စေတနာထားသူဖြစ်သည့်အတိုင်း ဤသည်းထိတ်ရင်ဖိုပြကွက်သစ်သာမက သူ အသစ်အဆန်းထွင်ထားသော အခြားပြကွက်များကိုပါ တင်ဆက်ခဲ့သဖြင့် သူ့ပြကွက်သစ်များကို ပရိသတ်က နေ့စဉ် ရုံလျှံအောင်လာကြည့်ကြပြီး တအံ့တဩ ပြောဆိုကြသည်။ လန်ဒန်မြို့ အယ်(လ်)ဟမ်ဘရာပြဇာတ်ရုံကြီးတွင် တင်ဆက်သည့်ပွဲတွင် နာမည်ကျော် အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်း (မောင်

စံရှား) ကို ဖန်တီးရေးသားခဲ့သူ စာရေးဆရာကြီး ဒေါက်တာ ကိုနင်ဒွိုင်း ကိုယ်တိုင် လာရောက် ကြည့်ရှုခဲ့သည်ဟု သိရ၏။

အင်္ဂလန်နိုင်ငံ ဟူ(လ်) (Hull) မြို့တွင် တင်ဆက်သောပြပွဲတွင် စိန်ခေါ်ပွဲကျင်းပခဲ့သည်။ ထိုစိန်ခေါ်ပွဲတွင် ဒေသခံပုဂ္ဂိုလ်များက သားရေဖြင့် အထူးခိုင်ခံ့အောင်ချုပ်ထားသော သားရေကိုယ်ကျပ်အင်္ကျီအတွင်းမှ လွတ်မြောက်ပြသခြင်း ဖြစ်သည်။ ထိုစိန်ခေါ်ပွဲတွင်လည်း ဟူဒီနီက လွယ်လွယ်ကူကူနှင့်ပင် အောင်ပွဲဆင်ခဲ့နိုင်သည်။

၁၉၀၃ ခုနှစ်၊ နွေဦးရာသီတွင် အင်္ဂလန်နိုင်ငံနှင့် ဥရောပပွဲစဉ်များကို ခေတ္တရပ်နားပြီး မိခင်ကြီးရှိရာ နယူးယောက်မြို့သို့ ပြန်လာသည်။ သူ့အဖို့ မိခင်ကြီးနှင့် တစ်ရက်၊ နှစ်ရက်သာ အတူနေနိုင်သည်။ သူ့မိတ်ဆွေဟောင်း ပြပွဲကန်ထရိုက်တာများကမူ သူ၏ နောက်ဆုံး တီထွင်ထားသော ပြကွက်များကို အမေရိကန်လူထုအားပြသရန် ဇွတ်တိုက်တွန်းခဲ့ပြန်သည်။ အမေရိကန်ပြည်ထောင်စုမှထုတ်ဝေသော သတင်းစာကြီးများကမူ ထိုပြကွက်အသစ်အကြောင်း ချီးကျူးဝေဖန်လျက် ရှိ၏။ နယူးယောက်လူထုကလည်း သူ့အား တောင့်တလျက်ရှိနေကြသဖြင့် ရက်သတ္တပတ်နှစ်ပတ်ခန့် ပြပွဲပြသခဲ့ရသည်။ နယူးယောက်လူထုကလည်း သူ့ပွဲစဉ်များကို အားပေးခဲ့ကြသည်။

ဟူဒီနီသည် ပွဲနားရက်များတွင် မိခင်ကြီးအနားတွင် အနီးကပ်ပြုစုသည်။ သူ့ဖခင်ကြီးမကွယ်မီက ထားခဲ့သောကတိကို သူ ဘယ်တော့မှ မမေ့။ သူ့မိခင်ကြီးကား အသက် (၇၂) နှစ် ရှိခဲ့ပြီ။ ဇရာထောင်းလာသဖြင့် ကျန်းမာရေး ထူပြောလာလေပြီ။ သူ ယခင်နှစ်များက တွေ့ရသော မိခင်ကြီးနှင့်မတူတော့။ ဟူဒီနီအဖို့ သူ့မိခင်ကြီးနှင့် မိသားစုများအား ချမ်းချမ်းသာသာ မတောင့်မတနေနိုင်အောင် စီစဉ်ထားခဲ့သည်။ ငွေရေးကြေးရေး မပူပင်အောင် ထောက်ပံ့သည်။ နေရေးထိုင်ရေးတွင် အဆင့်အတန်းမြင့်မြင့်နေနိုင်အောင် စီစဉ်ပေးခဲ့သည်။ သို့သော် သူသည် သူ့ညီမများ၊ ညီများကဲ့သို့ မိခင်ကြီးအား အနီးကပ် ပြုစုခွင့်မရ။ သူသည် သူ့ကျော်ကြားမှုနောက်သို့ တကောက်ကောက်လိုက်ခဲ့သဖြင့် သားတစ်ယောက်အနေဖြင့် ဝတ္တရားများပျက်ခဲ့သည်ဟု စိတ်မကောင်းဖြစ်ခဲ့သည်။ သူ မှားခဲ့ပြီလော။ သူ့နာမည်သည် ဟိုးဟိုးကျော်ခဲ့ပြီ ဖြစ်သည်။ သူငယ်စဉ်ကလေးဘဝက တောင့်တခဲ့သော တော်ဝင်ပဥ္စလက်ဆရာကြီးဖြစ်ခဲ့ပြီ။ သို့သော် သူသည် ဖခင်ကြီးမကွယ်လွန်မီက ပေးခဲ့သောကတိ တည်ခဲ့သလောဟု သူ့ကိုယ်သူ ပြန်လည် ဆန်းစစ်မိသည်။

သူသည် ဥရောပနိုင်ငံအသီးသီးတွင် ပြသမည့်ပွဲစဉ်များကို လက်ခံထားပြီဖြစ်နေသဖြင့် မိခင်ကြီးအားခွဲ၍ ဥရောပသို့ ထွက်ခွာရပေတော့မည်။ ဟူဒီနီ၏ညီဖြစ်သူ ဆရာဝန် လီဟိုပိုကလည်း မိခင်ကြီးအား ကြည့်ရှုစောင့်ရှောက်နေသဖြင့် ဟူဒီနီအဖို့ ဥရောပပွဲစဉ်များသို့ စိတ်ချလက်ချ

နောက်ဆုံးမတင်းဘဲ ထွက်နိုင်မည်ဟူ၍လည်း သူက ယူဆထား၏။

ဇူလိုင်လ(၈)ရက်နေ့တွင် ဟူဒီနီတို့အဖွဲ့သည် ဥရောပသို့ သင်္ဘောနှင့်ပြန်ရန် သင်္ဘောဆိပ်သို့ ဆင်းခဲ့ကြ၏။ သူ့မိခင်အိုကြီးသည် ဆိပ်ကမ်းအထိ လိုက်ပို့နှုတ်ဆက်သည်။ အသက် (၇၂) နှစ်ရွယ် မိခင်ကြီးကို တွဲခေါ်လာပြီး ဟူဒီနီသည် ကလေးငယ်ကလေးတစ်ဦးကဲ့သို့ မိခင်ကြီးကို ဖက်လိုက်နမ်းလိုက်နှင့် ကြည်နူးနေမိသည်။ သူ့စိတ်တွင် အဘယ်ကြောင့် ဤကဲ့သို့ ပြုမူမိသည်ကို သူမသိ။ သူ့စိတ်ထဲတွင် ဤအချိန်သည် သူ့မိခင်ကြီးအား နောက်ဆုံးတွေ့ရသောအချိန်ဟု ထင်နေမိ၏။ သို့သော် သူ၏ စိတ်အာရုံထင်မှုဟုဆိုကာ သူ့ကိုယ်သူ ဖြေသိမ့်သည်။ သင်္ဘောကြီးကလည်း ကမ်းမှခွာရန် အချက်ပေးခေါင်းလောင်းသံပေးသည်။ ဟူဒီနီသည် ရီဝေသော မျက်လုံးများဖြင့် သူ့မိခင်ကြီးအား ကြည့်မိပြန်သည်။ သူ့ရင်တွင် ပြောမပြနိုင်သောဝေဒနာ ခံစားနေရ၏။

နောက်ဆုံး၌ ကုန်းဘောင်မှ သင်္ဘောပေါ်သို့ တက်သွားပြန်သည်။ ခရီးသည်များကမူ ဟူဒီနီနှင့် သူ့မိခင်အိုကြီးတို့ကို ငေးမောကြည့်ရှုနေကြ၏။ သင်္ဘောကုန်းဘောင်ထိပ်မှ သူ့မိခင်အိုကြီးအား စူးစိုက်ကြည့်ပြန်သည်။ တစ်ဖန် ပြန်ပြေးဆင်းလာပြီး မိခင်ကြီးကို ဖက်ထားသည်။ သူ့အဖို့ မိခင်ကြီးကိုချန်ထားပြီး မသွားလိုတော့။ သို့သော် ဥရောပတိုက်ကလူထုသည် သူ့ကို မျှော်လင့်နေကြလေပြီ။ သူသည် သူ့ကိုယ်သူမပိုင် လူထုပရိသတ်ကပိုင်သည်ဟု ယူဆထား၏။ ဥရောပတိုက်က ပွဲစဉ်များကို လက်ခံထားပြီး ဖြစ်၏။

သင်္ဘောသားများက သတိပေးသဖြင့် သင်္ဘောပေါ်သို့ တက်ခဲ့ရသော်လည်း သူ့စိတ်သည် မိခင်ကြီးထံ ကျန်ရစ်ခဲ့သည်။ သင်္ဘောသည် ဆိပ်ခံတံတားမှ တဖြည်းဖြည်း ခွာလာသည်။ ဟူဒီနီသည် အသင့်ယူလာသော စက္ကူကြိုးကို မိခင်ကြီးရှာသို့ ပြန်ပစ်ပေးလိုက်သည်။ သူတို့သားအမိသည် စက္ကူကြိုး၏ တစ်ဖက်တစ်ချက်အစကိုကိုင်ရင်း မျက်ရည်များပြည့်လျှံနေသည့် မျက်လုံးများဖြင့် ကြည့်ကြပြန်သည်။ နောက်ဆုံးတွင် စက္ကူကြိုးသည် တစ်စတစ်စ တင်းလာသည်။ ဤမြင်ကွင်းကိုကြည့်နေကြသော ခရီးသည်များ၊ ခရီးသည်များအား လိုက်ပို့ကြသော ပရိသတ်အဖို့ စိတ်မချမ်းမြေ့ဖြစ်ရတော့၏။ နောက်ဆုံးတွင် စက္ကူကြိုးသည် ဟူဒီနီလက်မှ လွတ်ကျသွားသည်။ စက္ကူကြိုးသည် ရေထဲသို့ကျသွားသည်။ သင်္ဘောဆိပ်ခံတံတားမှ ခွာလာသဖြင့် လှိုင်းများထလာသည်။ ရေပြင်ပေါ်သို့ကျသွားသော စက္ကူကြိုးသည် လှိုင်းပုတ်လိုက်သဖြင့် ကြေမွသွားတော့၏။

ဟူဒီနီ၏ရင်တွင် တင်းကျပ်သည့်ဝေဒနာ ခံစားလာရသည်။ ဆိပ်ခံတံတားပေါ်မှ လက်ပြနေသော မိခင်အိုကြီးကို ငေးမောကြည့်ရှုရင်း သူ့မျက်ရည်များဝဲလာသည်။ ဇနီးဘက်(ခ်)ကမူ သူ့အား ယုယစွာ တွဲခေါ်

လာသည်။ သင်္ဘောသည် ဆိပ်ခံတံတားမှ တဖြည်းဖြည်း ကမ်းလွန်ပင်လယ်ပြင်သို့ ရောက်လာသည်။ ဆိပ်ခံတံတားကလေးမှာ မှုန်ဝါးကျန်ရစ်ခဲ့၏။ ဟူဒီနီအဖို့ အမေရိကန်ပြည်ထောင်စုမှ ထွက်ခွာလာရခြင်းသည် စိတ်အထိခိုက်ဆုံးဖြစ်တော့၏။

လမ်းခရီးတစ်လျှောက် ဟူဒီနီသည် သင်္ဘောအခန်းအတွင်းမှ မထွက်။ သူ့ဇနီးဘက်(ခ်)ကလည်း အတတ်နိုင်ဆုံး ယုယုယယ ပြောဆို နှစ်သိမ့်ခဲ့သော်လည်း သူ့မိခင်ကြီးကိုသာ လွမ်းဆွတ်လျက် ရှိနေသည်။ တစ်ခါတစ်ရံ သင်္ဘောကုန်းပတ်ပေါ်သို့တက်လာပြီး ဝဲယာရှုခင်းများကို ကြည့်ရှုမိသော်လည်း ဖြေဆည်မရ။ အဏ္ဏဝါပြင်ကို မျက်စိတစ်ဆုံး ကြည့်မိသည်နှင့် မိခင်ကြီးကို ခွဲခွာခါနီး စက္ကူကြိုး၏ တစ်ဖက်တစ်ချက်ကို ဆွဲခဲ့ကြပုံကို မြင်ယောင်လာသည်နှင့် မျက်ရည်ဝေ့လာတော့သည်။ သင်္ဘောပေါ်မှ သူ့ပရိသတ်၏ မေတ္တာရပ်ခံချက်ကြောင့် ဟူဒီနီသည် သူ့မိခင်ကြီးအား လွမ်းတပူဆွေးသည့်စိတ်ကို ဟန်ဆောင်မျိုသိပ်၍ ပဉ္စလက်ပြပွဲ ပြုလုပ်ပေးခဲ့ရသည်။ ဟူဒီနီအဖို့ သူ့ကိုယ်သူမပိုင် သူ့ပရိသတ်ကြီးကပိုင်သည်ဟု ယူဆထား၏။ သူ့ကိုယ်ရေးကိုယ်တာ လွမ်းတပူဆွေးမှုများကို တစ်ခဏ ထိန်းထားခဲ့ရ၏။

သူ ဤခရီးမထွက်ခွာမီ သူနှင့် မိခင်ကြီးတို့သည် ကွယ်လွန်ခဲ့ပြီဖြစ်သော ဖခင်ကြီး၏ သင်္ချိုင်းဂူသို့ သွားရောက်ခဲ့ကြပြီး ဂါရဝပြုခဲ့စဉ်က သူ့ဖခင်ကြီးမကွယ်လွန်မီက သူ့မိခင်ကြီးအား ထာဝစဉ်စောင့်ရှောက်ပါမည်ဟု ပေးခဲ့သောကတိကို တည်ပါမည်ဟု ထပ်မံ ကတိပေးခဲ့သည်ကို သတိရနေသည်။

ဇူလိုင်လ (၁၆) ရက်နေ့တွင် ဟူဒီနီနှင့် ဇနီးဘက်(ခ်)တို့အဖွဲ့သည် ဂျာမနီနိုင်ငံ ဟမ်း(မ်)ဘတ်(ခ်)မြို့သို့ ရောက်ရှိလာခဲ့သည်။ ဟမ်း(မ်)ဘတ်(ခ်)မြို့မှ ပရိသတ်သည် ဟူဒီနီတို့အဖွဲ့အား ကမ်းလုံးညွတ်ကြိုဆိုကြ၏။ သူ့ပြပွဲကန်ထရိုက်တာများကလည်း စုဝေးရောက်ရှိလာကြပြီး ဂျာမနီနိုင်ငံတွင် ပြသမည့်ပွဲစဉ်များအတွက် အစီအစဉ်များ ရေးဆွဲကြ၏။ ဟမ်း(မ်)ဘတ်(ခ်) မြို့သူမြို့သားများကလည်း ဟူဒီနီ၏ ပဉ္စလက်ပြပွဲကို တောင့်တနေကြသည်။ ရက်သတ္တပတ်တစ်ပတ်ခန့် ပြသပေးရန် တောင်းပန်ကြသည်။ သို့သော် သူသည် ဒိန်းမတ်နိုင်ငံမှ တော်ဝင်မိသားစုများအား ဥရောပတိုက်သို့ရောက်သည်နှင့် လာရောက် ဖျော်ဖြေပေးမည်ဟု ကတိပြုထားခဲ့ပြီးဖြစ်သဖြင့် သူ့ကတိကို မဖျက်လိုပေ။

သို့ဖြစ်၍ ဇူလိုင်လ (၁၆) ရက်နေ့ည သန်းခေါင်ချိန်တွင် ဟမ်း(မ်)ဘတ်(ခ်)မှ ဒိန်းမတ်နိုင်ငံ ကိုပေဟောဂင်မြို့သို့ အမြန်ရထားဖြင့် ထွက်ခွာလာခဲ့၏။ ကိုပေဟောဂင်ရောက်သည်နှင့် ဘက်(ခ်)အား တည်းခိုသည့် ဟိုတယ်တွင်ထားခဲ့ပြီး ဟူဒီနီသည် သူ့ကိုယ်ရေးကိုယ်တာ အတွင်းရေးမှူးဖြစ်သူ ကူ(လ်)ကို(လ်)နှင့်အတူ ကိုပေဟောဂင်မြို့လယ်ရှိ ဆပ်ကပ်ဘက်ကီ

တို့ အဆင့်မြင့်ပြဇာတ်ရုံကြီးရှိရာသို့ သွားရောက်၍ ထိုညတွင် သူပြသမည့် ပဥ္စလက်ပြပွဲအတွက် ပြင်ဆင်ထားမှုများကို ကြည့်ရှုကြ၏။ ဤသို့အတွင်း ဟူဒီနီထံ ကြေးနန်းစာတစ်စောင် ရောက်ရှိလာသည်။ စာတိုက်မှ ပေးပို့ရာတွင် စာအိတ်ဖြင့် သေသေချာချာ ပိတ်ထား၏။ ဟူဒီနီကမူ ထိုကြေးနန်းစာသည် အထူး အရေးကြီးသော ကြေးနန်းစာ မဖြစ်နိုင်။ ပြပွဲကန်ထရိုက်တာတစ်ဦးထံမှ ပေးပို့သော ကြေးနန်းစာဟု ထင်မိသည်။ သို့ဖြစ်၍ ထိုကြေးနန်းစာကို စိတ်အားလူအားဖြစ်မှ ဖတ်ရှုကြည့်မည်ဟုဆိုကာ သူ့အကျႌအိတ်အတွင်း ထည့်ထားလိုက်တော့၏။

ဟူဒီနီအဖို့ ထိုနေ့ညတွင် ဒိန်းမတ်နိုင်ငံ တော်ဝင်မိသားစုများကိုယ်တိုင် တက်ရောက် ရှုစားအားပေးမည်ဟု သိထားသဖြင့် ဇာတ်စင်ပြင်ဆင်ထားမှုနှင့် သူ၏ သည်းထိတ်ရင်ဖိုပြကွက်သစ်များအတွက် လိုအပ်သောပစ္စည်းများကို အသေးစိတ် စစ်ဆေးကြည့်ရှုရ၏။ သူ့အား စောင့်နေသောအဖွဲ့ဝင်များကို မှာကြားသင့်သည်များကိုလည်း မှာကြားရ၏။ ထို့နောက်ပြဇာတ်ရုံကြီး၏ ခန်းမဆောင်တွင် အသင့်ရောက်ရှိနေသော သတင်းစာကြီးများမှ သတင်းထောက်များ၊ စာနယ်ဇင်းသမားများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များအား တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ရသည်။

ကိုပေဟေဂင်မြို့မိမြို့ဖများနှင့် စာနယ်ဇင်းသမားများ မေးသည့်မေးခွန်းများ၊ သူရိုက်ကူးနေသော ပဥ္စလက်နောက်ခံရုပ်ရှင်များနှင့် သူနောက်ဆုံး တီထွင်သည့် 'ဟူဒီနီအား ဇောက်ထိုးဆွဲခြင်း' စသော ပဥ္စလက်ပြကွက်များအကြောင်း ရှင်းလင်းပြောပြနေစဉ် သူ့အားပေးထားသောသံကြိုးစာကို ရုတ်တရက်သတိရလာသည်နှင့် သူ့အိတ်အတွင်းမှ သံကြိုးစာထည့်ထားသောစာအိတ်ကိုဖွင့်၍ ကြည့်လိုက်မိသည်နှင့် ကြက်သေသေသွားသည်။ ပထမတွင် ဟုတ်မှဟုတ်ပါ့မလားဟု ထင်သည်။ သံကြိုးစာကို ဒုတိယအကြိမ် ပြန်ဖတ်လိုက်သည်နှင့် ကြမ်းပြင်ပေါ် သို့ မေ့မြောလဲကျသွားတော့သည်။ အသက် (၇၂) နှစ်ရှိပြီဖြစ်သော မိခင်အိုကြီးမှာကွယ်လွန်သွားခဲ့ပြီ ဖြစ်၏။ သတင်းစာရှင်းလင်းပွဲ တက်ရောက်သည်နှင့်စာနယ်ဇင်းသမားများ၊ သတင်းထောက်များ၊ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များမှာလည်း အံ့အားသင့်သွားကြသည်။ မေ့မြောနေသော ဟူဒီနီကို သတိပြန်ရစေရန် ပြုစုကြရသည်။ စာနယ်ဇင်းသမားများနှင့် ဖိတ်ကြားထားသူများသည် စိတ်မကောင်းကြီးစွာနှင့် ခန်းမအတွင်းမှ ထွက်ခွာသွားကြရတော့သည်။

ဟူဒီနီအဖို့ ဆောက်တည်ရာမရ၊ ဖြေဆည်၍မရနိုင်ဖြစ်ရ၏။ တည်းခိုသောဟိုတယ်သို့ မည်သို့မည်ပုံရောက်လာရသည်ကို သူသတိမရ။ သူ့ဇနီးဘက်(စ်)နှင့်သူ့လက်ထောက်များ၊ တပည့်များက ဖျောင်းဖျကြသော်လည်း သူ့ရင်တွင် တောက်လောင်နေသော သောကမီးကို မငြိမ်းနိုင်။

သူ့မျက်လုံးထဲ၌ သူလိုက်ပါလာသည့် သင်္ဘောကြီးဆိပ်ကမ်းမှ သူ ပစ်ပေးလိုက်သော စက္ကူကြိုးကိုကိုင်ထားကာ ရီဝေသောမျက်လုံးများဖြင့် သူ့အားစိုက်ကြည့်နေသောမိခင်ကြီး၏မျက်နှာကို မြင်ယောင်လာသည်။ ဟူဒီနီအဖို့ မအိပ်နိုင်မစားနိုင်ဖြစ်ခဲ့ရတော့၏။ ဟူဒီနီအဖို့ လမ်းလျှောက်ရန်ပင်အင်အားမရှိတော့။

ဟိုတယ်မှ တာဝန်ရှိသူများသည် ချက်ချင်း နာမည်ကျော် ဒိန်းမတ်အမျိုးသား အထူးကုဆရာဝန်ကြီးတစ်ယောက်ကို ခေါ်ယူ၍ ဟူဒီနီ၏ကျန်းမာရေးအခြေအနေကို စစ်ဆေးကုသစေသည်။ အထူးကု ဆရာဝန်ကြီးကမူ သူ့မိခင်ကွယ်လွန်ခဲ့ရခြင်းသတင်းကြောင့် ရုတ်တရက် စိတ်ထိခိုက်သွားသဖြင့် ယခင်ခံစားခဲ့ရဖူးသော ကျောက်ကပ်အတွင်းမှ သွေးကြောပြတ်သည့်ရောဂါဝေဒနာ ပြန်ထလာသည်ဟုဆိုသည်။ သို့ဖြစ်၍ဟူဒီနီအဖို့ စိတ်ရောလူပါ အနားယူရန်လိုအပ်လာပြီဟု အကြံပေးခဲ့၏။ ဟူဒီနီ၏ ပြပွဲကန်ထရိုက်များနှင့် မိတ်ဆွေများကလည်း ဟူဒီနီ ကျန်းမာရေးပြန်ကောင်းလာစေရန် အနားယူဖို့ တိုက်တွန်းကြ၏။

ဟူဒီနီသည် ဒိန်းမတ်နိုင်ငံသား ကန်ထရိုက်များနှင့် ချုပ်ဆိုထားသော ပွဲစဉ်များကို ဖျက်သိမ်းခဲ့ရသည်။ အမှန်အားဖြင့် ဒိန်းမတ်နိုင်ငံတရားဥပဒေအရဆိုရလျှင် ဟူဒီနီအဖို့ လျော်ကြေးငွေ အမြောက်အမြားပေးလျော်ရမည် ဖြစ်သည်။ သို့သော်လည်း ဟူဒီနီအား သံယောဇဉ်ရှိကြသော ပြပွဲကန်ထရိုက်များသည် လျော်ကြေးငွေတစ်စုံတစ်ရာတောင်းခံခြင်း၊ တရားစွဲဆိုခြင်းမပြုခဲ့ကြ။ ဟူဒီနီ အလိုကျဆောင်ရွက်ရန် သဘောတူခဲ့ကြတော့၏။ ချက်ချင်း အမေရိကန်ပြည်ထောင်စုသို့ပြန်ရန် ပြင်ဆင်သည်။ သူ့အဖို့ သူ့မိခင်ကြီးကို နောက်ဆုံးအနေဖြင့် ကြည့်လိုသည်။ သို့ဖြစ်၍ သူ့ညီ သီယိုထံသို့ ဈာပနကိစ္စအား ဆိုင်းငံ့ထားရန် ကြေးနန်းရိုက်ခဲ့ပြီး ကိုပင်ဟေဂင်မြို့မှ ဂျာမနီနိုင်ငံသို့ ထွက်ခွာလာခဲ့သည်။ ကိုပင်ဟေဂင်မြို့မှ အထူးကုသမားတော်ကြီးသည် ဟူဒီနီအား စောင့်ရှောက်ရန် ဂျာမနီနိုင်ငံ ဘာရီမင်မြို့အထိ စောင့်ရှောက်လိုက်ပါလာခဲ့သည်။ ဂျူးလူမျိုးတို့၏ ဓလေ့ထုံးစံအရ ဈာပနအား ရွှေ့ဆိုင်းရန် အခက်အခဲဖြစ်လာခဲ့ရသည်။ သို့သော်လည်း နောက်ဆုံးတွင် ဟူဒီနီပြန်လာသည်အထိ ဈာပနာကိစ္စအား ရွှေ့ဆိုင်းထားခဲ့၏။

ဘာရီမင်တွင် သူ့မိခင်ကြီး နောက်ဆုံးမှာလိုက်သော သိုးမွေးခြေစွပ်ဖိနပ်တစ်ရန်အား ဝယ်ယူခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ သူ့မိခင်ကြီး၏ဆန္ဒကို လိုက်လျောသည့်သဘော ဖြစ်သည်။ သူ့အိမ်သို့ရောက်သည်နှင့်ဟူဒီနီသည် သူ့မိခင်ကြီး၏ ရုပ်ကလာပ်ပြင်ထားသည့် ခန်းမအတွင်း ပြေးဝင်သွားပြီး သူအသင့်ဝယ်ယူလာခဲ့သော သိုးမွေးခြေစွပ်ဖိနပ်ကို မိခင်ကြီး၏ အလောင်းခြေရင်းတွင် ထားလိုက်သည်။ သူ့အတွက် ဖြေဆည်၍မရ။ သူ့ညီများ၊ ညီမများ၊ မိတ်ဆွေအပေါင်းအသင်းများက အမျိုးမျိုး နှစ်သိမ့်

ခဲ့ကြ၏။

သူညီဖြစ်သူ သီယိုက မိခင်ကြီး မသေဆုံးမီက အခြေအနေများကို အသေးစိတ် ပြောပြသည်။ အဘွားကြီးသည် သွက်ချာပါဒဖမ်းနေသည်။ ကွယ်လွန်မည့်ညက သူ့အိပ်ရာဘေးတွင် မိသားစုအားလုံး ထိုင်စောင့်နေကြစဉ် သူသည် တစ်စုံတစ်ခုကိုမှာရန် ကြိုးစား၍ စကားပြောသည်။ သို့သော် စကားလုံးများထွက်မလာ။ အဘွားကြီးသည် သန်းခေါင်ကျော် (၁၅) မိနစ်အစွန်းတွင် ကွယ်လွန်သွားခဲ့သည်။ ဟူဒီနီသည် ဖြေဆည်၍မရဖြစ်နေသည်။ ဈာပနကိစ္စဆောင်ရွက်ပြင်ဆင်ကြသည်နှင့် ဟူဒီနီသည် သူဝယ်လာသော သိုးမွေးဖိနပ်ကို မိခင်ကြီး၏ ခေါင်းတလားအတွင်း ထည့်လိုက်သည်။ မိခင်ကြီးအိပ်ခန်းအတွင်းမှတွေ့သော သူတို့သားအမိ နယူးယောက်ဆိပ်ခံတံတားပေါ်မှ ဆွဲခဲ့ကြသော စက္ကူကြိုးအပိုင်းအစကိုလည်း တွေ့ရသဖြင့် ထိုကြိုးကိုလည်း ခေါင်းတလားအတွင်း ထည့်ပေးလိုက်တော့၏။

ဈာပနကိစ္စပြီးသည်နှင့် သူ့ညီတော် သီယိုပြောသောစကားများကို ပြန်စဉ်းစားတော့၏။ မိခင်ကြီး မှာရစ်သောစကားသည် သူတို့မိသားစုအတွင်း ပေါ်ပေါက်လျက်ရှိသောပြဿနာနှင့် ဆိုင်မည်ဟုထင်သည်။ ထိုပြဿနာမှာ သူ ဥရောပတိုက်သို့ ထွက်ခွာမည့်အချိန်တွင် ပေါ်ပေါက်ခဲ့သည်။ သူ၏ ညီတစ်ယောက်ဖြစ်သော နတ်၏ဇနီး ဆာဒီးသည် သူ့ယောကျ်ားကို ကျောခိုင်း၍ နောက်ညီတစ်ယောက်ဖြစ်သော လီယိုပိုနှင့် လိုက်ပြေးသည်။ လီယိုပိုမှာ အတော်အသင့်အောင်မြင်သော ဆရာဝန်တစ်ဦးဖြစ်၏။ မိမိသိက္ခာ၊ မိသားစုသိက္ခာကိုမထောက်ဘဲ လူမှုရေးဖောက်ပြန်ခြင်းသည် ခွင့်မလွှတ်နိုင်သော ဒုစရိုက်အမှားကြီးတစ်ခုဟု မိသားစုအားလုံးက ယူဆထားကြသည်။ ဟူဒီနီကလည်း ညီတော်သူ လီယိုပိုကို ချစ်ပါသည်။ သို့သော် အစ်ကို့ဇနီးနှင့် ဖောက်ပြန်ခြင်းကို မည်သည့်နည်းနှင့်မျှ ခွင့်မလွှတ်နိုင်။ သို့သော် မိခင်ကြီးကိုမူ မိခင်ကြီး၏ ဆုံးဖြတ်သည့်အတိုင်း နာခံပါမည်ဟု ကတိပေးထားခဲ့သည်။ သို့သော် ဤကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာထုတ်ဖော်မပြောရမီ ရုတ်တရက်သွပ်ချာပါဒဖမ်းရာမှ ကွယ်လွန်ရခြင်း ဖြစ်သည်။

မိခင်ကြီးက ထိုအမှားကြီးကို ခွင့်လွှတ်ကြရန်ပြောခြင်းလော။ သူကွယ်လွန်ခါနီး မည်သည့်အရာကိုမှာချင်သဖြင့် စကားပြောရန် ကြိုးစားသနည်း။ လီယိုပိုအား ခွင့်လွှတ်ပါဟု စကားလုံးများကိုပြောသော်လည်း သူ၏ ပါးစပ်မှထွက်မလာခြင်းပေလော စသည်ဖြင့် အမျိုးမျိုးတွေးတောသည်။ တွေးတောလေလေ သို့လောသို့လော ဖြစ်လာလေလေ ဖြစ်တော့၏။

ဟူဒီနီအဖို့ မအိပ်နိုင်မစားနိုင်ဖြစ်လာသည်။ သူ့ဇနီးနှင့် မိသားစုများက အမျိုးမျိုး ဖျောင်းဖျကြသော်လည်း သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်။

သူသည် တာဝန်မကျေသော သားတစ်ယောက်သာဖြစ်သည်ဟု ယူဆထားသည်။ သူ့မိတ်ဆွေများကလည်း ဟူဒီနီအား ဖျောင်းဖျကြသည်။ နည်းလမ်းအမျိုးမျိုးနှင့် ဖြေသိမ့်ကြသည်။ သူသည် နေ့စဉ် သူ့မိခင်ကြီး၏ဂူသို့ သွားရောက် ကန်တော့၏။ သွားသည့်အချိန်မှာလည်း ဆန်းလှ၏။ သူ့မိခင်ကြီးကွယ်လွန်သော သန်းခေါင်ကျော် (၁၅) မိနစ် အချိန်ကိုက်၍ သူ့မိခင်ဂူရှိရာသို့သွားကန်တော့သည်။ မိခင်ဂူပေါ် မှောက်၍ သူ့လက်နှစ်ဖက်နှင့် ဂူကိုပိုက်ထားကာ မျက်နှာနှင့် အပ်ထားသည်။ ထို့နောက် စကားပြောတော့၏။ သူမကွယ်လွန်မီ မှာရစ်ရန် ကြိုးစားပြောသောစကားကို ယခုပြောပြပါရန် ကြိုးစားပြောပြပါရန် ငိုကြွေးတောင်းပန်သည်။

ဟူဒီနီကမူ မိခင်ကြီးမှာရစ်သောစကားကို မသိရပါက သူမကြာမီ စိတ်ပျံ့လွင့်သွားမည် ထင်မိ၏။ ညစဉ် မအိပ်နိုင်။ သူ့မိခင်အကြောင်း တဖွဖွပြောနေတော့၏။ ရက်ကြာလာသည်နှင့် ဟူဒီနီ ရူးပေလိမ့်မည်ဟု အများကထင်မှတ်ကြသည်။ ဇနီးဖြစ်သူ ဘက်(စ်)ကလည်း မိခင်ဖြစ်သူ အမည်ကိုသာခေါ်နေသော သူ့ခင်ပွန်းအား ပွေ့ဖက်၍ နှစ်သိမ့်သည်။ သူနှင့် ဟူဒီနီတို့ ကိုနီကျွန်းတွင် စတွေ့ကြပုံ၊ တစ်ဦးနှင့်တစ်ဦး သမီးရည်းစားဖြစ်ပြီး ပန်းခြံများ၊ ပျော်ပွဲစားရုံများ၊ တိရစ္ဆာန်ဥယျာဉ်များသို့ သွားရောက်လည်ပတ်ခဲ့ကြပုံ၊ ပျော်ရွှင်စွာနောက်ကြပြောင်လှောင်ကြပုံ၊ သူငယ်ချင်းအပေါင်းအသင်းများက စကြနောက်ကြပုံ၊ လက်ထပ်ရန် ဆွေးနွေးကြပုံ၊ မိဘများသဘောတူညီချက်နှင့် လက်ထပ်ခဲ့ကြပုံ၊ လက်ထပ်ပြီး ပျော်ရွှင်စွာခရီးထွက်ကြပုံ စသော စိတ်ကြည်နူးစရာများ ရှေးဟောင်းနှောင်းဖြစ်များကို စားမြုံ့ပြန်ပြောပြသည်။

ထိုစဉ်က သူတို့ကြင်စဦးဇနီးမောင်နှံသည် နာမည်ကျော်နေသော 'ချစ်စရာကောင်းသောရို(စ်)ဘယ်(လ်)' ဆိုသော သီချင်းကို အတူဆိုခဲ့ကြ၏။ ထိုသီချင်းစာသားကလေးကို ဘက်(စ်)က ဆိုပြသည်။ ထိုသီချင်းသားကလေးမှာ -

'ရို(စ်)ဘယ်(လ်) ချစ်စရာကောင်းတဲ့ ရို(စ်)ဘယ်(လ်)×××မင်းကို ချစ်တာ ပြောပြလို့ မကုန်နိုင်ပါ×××မင်းကလေးက ငါ့ကို ဖမ်းစားနေတယ် ×××ငါ့ကို ပြုစားထားတယ်×××ငါလေ မင်းကိုချစ်တယ် ရို(စ်)ဘယ်(လ်) လေးရေ×××'

ဟု ဖြစ်သည်။

ထိုသီချင်းသည် ဟူဒီနီ့ဘဝတစ်သက်တာတွင် အကြိုက်ဆုံးဖြစ်၏။ ဟူဒီနီက ဘက်(စ်)အားပေးသော လက်ထပ်လက်စွပ် အတွင်းပိုင်းတွင် အထက်ဖော်ပြပါ စာသားကလေးကို ထွင်းပေးထားသည်။ ခရီးထွက်စဉ်များတွင် အတူထိုသီချင်းကိုသီဆိုခဲ့ကြသည်။ ဟူဒီနီ၏ အောင်မြင်မှုရသောပွဲစဉ်များပြီးသည်နှင့် ဘက်(စ်)နှင့် ဟူဒီနီတို့သည် ဤသီချင်းကလေးကို သံပြိုင်ဆိုလေ့ ရှိ၏။ ယခုလည်း ဤသီချင်းကလေးကို ဘက်(စ်)

က ဆိုပြလိုက်သည်နှင့် စိတ်ညစ်ညူးနေသောဟူဒီနီသည် ပြန်သတိရလာသည်။ သူကျောခိုင်းထားသည့် သူ့မဟာလွတ်မြောက်မှုပြကွက်များကို သတိရလာသည်။ သူ့အဖို့ ဘဝရပ်တည်ရေးအတွက် အလုပ်ဆက်လုပ်ရပေတော့မည်။ သူ့စိတ်ကို ပြန်တင်းထားလိုက်သည်။ နောင်တရလာသည်။ သူ့စိတ်သည် ပုံမှန် တဖြည်းဖြည်းဖြစ်လာခဲ့တော့၏။

ဩဂုတ်လဆန်းတွင် ဥရောပတိုက်သို့ ခရီးထွက်ရန် ပြင်ဆင်သည်။ ဥရောပတိုက်နိုင်ငံအသီးသီးတွင် တင်ဆက်ပြသရမည့်ခရီးစဉ်ကို ရေးဆွဲသည်။ ပြပွဲကန်ထရိုက်တာများနှင့် အထပ်ထပ်အခါခါ ညှိနှိုင်းတိုင်ပင်ခဲ့သည်။ သူ့ပြကွက်သစ်များကို ဥရောပတိုက်လူထုက မျှော်လင့်နေကြပြီ။ ဟူဒီနီသည် သူ့အမေကို တမ်းတပူဆွေးနေသောရောဂါကို အချိန်က ကုစားသွားခဲ့ပြီ ဖြစ်သဖြင့် ကျန်းမာရေးပြန်ကောင်းလာသည်။ သူ နယူးယောက်မြို့တော်မှ မထွက်ခွာမီ အချိန်ပိုင်းကလေးမှာပင် သူ့မိခင်ကြီး၏ ဂူဘေးတွင် ရှိသေစွာ ဒူးထောက်ပြီးရှိခိုးခြင်း၊ ဝတ်ပြုဆုတောင်းခြင်း ပြုလုပ်ခဲ့၏။

ဟူဒီနီအဖို့ ပဥ္စလက်ပြပွဲတွေကို တင်ဆက်ရပေဦးတော့မည်။ သူ လျှမ်းလျှမ်းတောက်ကျော်ကြား၍ ဝင်ငွေသောက်သောက်လဲရခဲ့စဉ်က သူသည် ငွေစုဆောင်းရမှန်း မသိခဲ့ချေ။ ထို့ကြောင့် သူ့ဘဝဆည်းဆာချိန်အတွက် ငွေဆက်လက်ရှာဖွေရပေတော့မည်။ ယခင်ကမူ သူ၏ အောင်မြင်ကျော်ကြားသောပြကွက်များမှ ငွေကြေးစိုက်ထုတ်ရပြီး အင်အားလည်းသုံးခဲ့ရ၏။ ယခုအခါ အရွယ်ရလာပြီး သူ့ခန္ဓာကိုယ်က သူ၏စိတ်ကိုမလိုက်နိုင်တော့။ သူနုပျိုစဉ်က စွမ်းပကားများသည် ကုန်ဆုံးခဲ့သောအချိန်ကာလနှင့်အတူ လွင့်ပျောက်စပြုခဲ့ပြီ။ သူ့မိခင်ကြီး ကွယ်လွန်ခဲ့ပြီးသည့်အချိန်မှစ၍ ဟူဒီနီ၏စွမ်းပကားများ လျော့နည်းသွားပြီဟု ဘက်(ခ်)က ကောင်းကောင်းအကဲခတ်မိသည်။ ညဥ့်နက်သန်းခေါင်အချိန်များတွင် ဟူဒီနီသည် 'မေမေ၊ ကျွန်တော့်အနားမှာရှိတယ်မဟုတ်လား' ဟု ယောင်ယမ်းအော်သည်ကို သူ့ဇနီးဘက်(ခ်)က မကြာခဏ ကြားရသည်။ သူ့မိခင်သည် သူ့အနား မကြာခဏလာနေသည်ဟု ထင်မှတ်နေ၏။ သူက မိခင်နှင့်တွေ့လိုသည်။ မိခင်ကြီး၏ဝိညာဉ်နှင့် ဆက်သွယ်လိုသည်။ ဟူဒီနီကမူ သူ့မိခင်သည် တမလွန်လောကရှိ ဝိညာဉ်များကျက်စားသော လူတို့ခေါ်ဝေါ်သည့် ဝိညာဉ်ဘုံသို့ရောက်သွားပါက သူ့မိခင်ကြီး၏ ဝိညာဉ်နှင့် ဆက်သွယ်လိုသည်။ သူပြောကိုယ်ပြောသတင်းများအရ နတ်ဝင်သည်များသည် ကွယ်လွန်လေပြီးသော သူတို့၏ဝိညာဉ်များနှင့် ဆက်သွယ်နိုင်သည်ဟု ဆိုသည်။ နတ်ဝင်သည်အများသည် လူလိမ်လူညာများသာ ဖြစ်သည်ဟု ယူဆထား၏။ သူတို့သည် ပဥ္စလက်နည်းပညာများဖြင့် အံ့ဖွယ်သရဲများကိုပြသ၍ တစ်ဖက်တစ်လမ်းမှ လိမ်နေသူများ ဖြစ်သည်ဟု ခိုင်ခိုင်မာမာယုံကြည်ထားသည်။

မည်သို့ပင်ဖြစ်စေကာမူ သူ့မိခင်ကို တွေ့လိုသောဆန္ဒ ပြင်းပြသဖြင့် သူ၏ မယုံကြည်မှုကို ချိုးနှိမ်ပြီး အမှန်တကယ် ကွယ်လွန်သူတို့၏ ဝိညာဉ်နှင့်ဆက်သွယ်နိုင်သူ အမှန်တကယ် ဝိညာဉ်ကပ်ရောက်နိုင်သည့် နတ်ဝင်သည်ရှိပါက တွေ့လိုသည်။ တွေ့အောင်လည်း ရှာဖွေမည်ဟု သစ္စာပြုထားခဲ့သည်။

စက်တင်ဘာလတွင် နယူးယောက်မြို့မှ ရေကြောင်းဖြင့် ထွက်ခွာလာခဲ့သည်။ ၁၉၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့တွင်မူ ဟူဒီနီသည် ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့ အဆင့်မြင့်ပြင်ဆင်ထားသော မြို့မဇာတ်ရုံကြီးတွင် သူ့ ပထမဆုံး ပဥ္စလက်ပွဲကို တင်ဆက်ခဲ့၏။ သူ့မိခင်ကြီး ကွယ်လွန်ပြီးနောက် ပထမဆုံးတင်ဆက်ပြသသောပွဲ ဖြစ်သည်။ ထိုပွဲတွင် အပ်ချောင်းများ အထိုးခံခြင်း၊ အပ်ချောင်းများ ဝါးစားပြခြင်း စသော ပြကွက်များနှင့်အတူ သူ၏ နာမည်ကျော် ရှေးခေတ်တရုတ်ပြည်တွင် အသုံးပြုခဲ့သည့် ရေနှင့် ညှဉ်းပမ်းနှိပ်စက်သည့် 'ဟူဒီနီအား ဇောက်ထိုးဆွဲခြင်း' ကို တင်ဆက်ပြသည်။ နူရင်ဘတ်မြို့လူထုသည် ရှုံပြည့်လျှံအောင် အားပေးခဲ့ကြ၏။ ပွဲစဉ်တိုင်း လူကြိတ်ကြိတ်တိုးစည်ကားသည်။

ဟူဒီနီကား ပင်ပန်းလျက်ရှိတော့၏။ သူအရွယ်ထောက်လာပြီး မိခင်ကြီး ကွယ်လွန်ခဲ့ရသဖြင့် စိတ်ထောင်းကိုယ်ကျေနေခဲ့သော်လည်း သူ့ပြကွက်များကို ယခင်အတိုင်း တင်ဆက်ပြသနိုင်သည်။ နူရင်ဘတ်မြို့ ပွဲစဉ်များ အားလပ်သည့်ရက်များတွင် သူ့မိခင်ကြီးမကွယ်လွန်မီက သူ့ထံ ပေးခဲ့သော သဝဏ်လွှာများကို ရက်စွဲအလိုက် နံပါတ်စဉ်တပ်ကာ လက်နှိပ်စက်ဖြင့်ရိုက်သည့် တစ်နေ့တွင် 'မိခင်ထံမှပေးစာများ' အမည်ဖြင့် စာအုပ်ထုတ်မည်ဟု မျှော်လင့်ထားသည်။

ဟူဒီနီသည် နူရင်ဘတ်လူထုအား သူသည် ယခင်ကကဲ့သို့ ကျန်းမာလျက်ရှိသည်။ သူ့ကို ဂျာမနီနိုင်ငံမှ တုပနေသော ပဥ္စလက်ဆရာများ မလုပ်ဝံ့သောနေရာများတွင် သူတို့မလုပ်နိုင်သောပြကွက်ဆန်းများပြသလိုသည်။ သို့ဖြစ်၍ နူရင်ဘတ်မြို့ နာမည်ကျော် ဒူဇယ်ကန်တော်မဟာအတွင်း လက်ထိတ်ခတ်၊ သံခြေချင်းခတ်၍ စင်မြင့်မှ တစ်ရက်တည်း နှစ်ကြိမ်တိုင်တိုင်ခုန်ချပြခဲ့သည်။ နူရင်ဘတ်ရဲအဖွဲ့ကမူ ဟူဒီနီသည် လူထုရင်သိမ့်တုန်ဖွယ်ပြကွက်ကို သူတို့ခွင့်ပြုချက်မယူဘဲ ဇာတ်ရုံပြင်ပတွင် ပြသသည်ဟုဆို၍ တရားရုံးတွင် တရားစွဲဆိုခဲ့၏။ ရုံးတော်ကြီးကမူ သူ့အား ဂျာမနီနိုင်ငံသုံး မတ်ငွေ (၅၀) ဒဏ်ရိုက်ခဲ့သည်ဟု ဆိုသည်။

ဟူဒီနီသည် ဂျာမနီပြပွဲခွင်များပြီးသည်နှင့် ပြင်သစ်နိုင်ငံသို့ ကူးလာခဲ့၏။ ပါရီမြို့၏ ဆောင်းရာသီသည် စိတ်ပျက်ငြီးငွေ့ဖွယ် ဖြစ်၏။ ခိုက်ခိုက်တုန်အောင်ချမ်းသည်။ ရာသီဥတုကို ပိုမိုအေးစေရန် မိုးတစိမ့်စိမ့်ရွာနေသည်။ ဟူဒီနီသည် ငြီးငွေ့ဖွယ်ကောင်းသောရာသီဥတုကြောင့် သူ့မိခင်ကြီးကို ပိုမိုသတိရလာခဲ့တော့၏။ သို့ဖြစ်၍ ပါရီတွင်ပြသမည့် သူ့ပွဲစဉ်

များကို ရွှေ့ဆိုင်းပြီး ခေတ္တအနားယူရန် သူနှင့် ဘက်(ခ်)တို့သည် မွန်တီကာလိုသို့ ထွက်ခွာခဲ့၏။ မွန်တီကာလိုတွင် အပန်းဖြေနေထိုင်ခဲ့ရသဖြင့် သူ့မိခင်ကြီးကို တမ်းတပူဆွေးသည့်စိတ် ပြေပျောက်စပြုလာသည်။

ဟူဒီနီနှင့် ဇနီးတို့သည် မွန်တီကာလိုမှ လန်ဒန်သို့ ပြန်လာခဲ့သည်။ လန်ဒန်မြို့ အယ်(လ်)ဟမ်ဘရာပြဇာတ်ရုံကြီးတွင် သူ၏ မဟာလွတ်မြောက်မှုများပြကွက်၊ ဟူဒီနီအား ဇောက်ထိုးဆွဲခြင်းနှင့် အခြားပြကွက်များအပြင် သူတီထွင်ထားသော ငွေထည့်သောကျောက်သေတ္တာကလေး ဟူသော ပြကွက်အသစ်ကို တင်ဆက်ခဲ့၏။ ထိုပြကွက်၌ အဆန်းတကြယ်ပြုလုပ်ထားသော ငွေဒင်္ဂါများ၊ ရွှေဒင်္ဂါးများထည့်သည့် သေတ္တာငယ်ကလေးကို ဇာတ်စင်အလယ်တွင် ဖဲကြိုးများဖြင့် ဆွဲထားစေသည်။ ဟူဒီနီသည် ထိုသေတ္တာအတွင်း မည်သည့်အရာဝတ္ထုမျှမရှိကြောင်း ပရိသတ်အားပြသည်။ ပရိသတ်ထဲမှ ပုဂ္ဂိုလ်အချို့ကိုလည်း ဇာတ်စင်ပေါ်သို့ တက်၍ ထိုသေတ္တာကလေးကို စစ်ဆေးမှုပြုစေသည်။ သူကိုယ်တိုင်ကမူ ဇာတ်စင်ထောင့်တွင်ရပ်နေပြီး သူ့လက်ထဲ၌ ပဲနိပြားများ၊ သျှီလင်ပြားများ ရှိနေသည်ကို ပရိသတ်မြင်စေရန် ပြသည်။ သူကမူ ထိုကြေးငွေအကြွေပြားများကို ဇာတ်စင်အလယ်တွင် ဖဲကြိုးများဖြင့်ဆွဲထားသည့် သေတ္တာအတွင်း ရောက်သွားစေမည်ဟု ပြောဆိုလိုက်သည်နှင့် စက္ကန့်ပိုင်းအတွင်း သူ့လက်အတွင်း ပဲနိပြားများ၊ သျှီလင်ပြားများ ပျောက်ခြင်းမလှပျောက်သွားသည်။ ထိုပိုက်ဆံအကြွေပြားများသည် ချိတ်ထားသော သေတ္တာငယ်ကလေးအတွင်း ရောက်နေသည်။ ပရိသတ်ထဲမှ ပုဂ္ဂိုလ်အချို့က ဇာတ်စင်ပေါ်သို့ တက်ရောက်စစ်ဆေးကြသည်။ ဟူဒီနီ့လက်တွင်းရှိ ငွေအကြွေစေ့များ လုံးဝ ပျောက်ကွယ်သွားတော့သည်။ ငွေသေတ္တာငယ်ကလေးချိတ်ထားသောနေရာနှင့် ဟူဒီနီရပ်နေသောနေရာသည် (၁၅)ပေခန့်ကွာဝေးသည်။ ဟူဒီနီသည် သူရပ်နေသောနေရာမှ တစ်ဖဝါးမျှမခွာ။

အံ့ဖွယ်သရဲဖြစ်တော့၏။ ထိုငွေအကြွေစများသည် မည်သည့်နည်းဖြင့် ဇာတ်စင်အလယ် ချိတ်ထားသည့် သေတ္တာအတွင်း ရောက်ရှိသွားသနည်း။ ထိုကိစ္စသည် လောကီလွန်ကိစ္စပင် ဖြစ်သည်။ အံ့ဖွယ်သရဲဖြစ်သည်ဟူ၍ ပရိသတ်က ယူဆထားကြ၏။ သူ၏ ရုပ်ခွဲနာမ်ခွဲနိုင်သူ ပြကွက်များထက် ဤပြကွက်ကို ပွဲကြည့်ပရိသတ်က စိတ်ဝင်စားကြ၏။ သူ၏ပြပွဲများသည် ယခင်ပြပွဲများအတိုင်း လန်ဒန်လူထုက ရုံပြည့်လျှံအောင် အားပေးခဲ့ကြသည်။ ဟူဒီနီအဖို့ ဆက်လက် ပန်းပန်လျက်ရှိခဲ့သည်။

ဤကဲ့သို့ မနေမနား ပွဲစဉ်များပြသနေရစဉ် ဟူဒီနီသည် အမေရိကန်ပြည်ထောင်စုသို့ပြန်ရန် ရည်ရွယ်ခဲ့သည်။ သူ့အစီအစဉ်မှာ လန်ဒန်မှ ဥရောပတိုက်သို့ကူးခဲ့ပြီး ပါရီတွင် ခေတ္တနေထိုင်ကာ ဂျာမနီနိုင်ငံ ဘာလင်မြို့တော်သို့ ဆက်မည်ဟု မှန်းထား၏။ ထိုမှတစ်ဖန် ရုရှားနိုင်ငံ အရှေ့

ဘက် ဗလာဒီဘိုစတောသို့ခရီးဆက်၍ ဂျပန်နိုင်ငံသို့ ခေတ္တဝင်ရောက်မည် ဖြစ်သည်။ ဂျပန်နိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ ခရီးဆက်မည်ဟု မှန်းထားသည်။ သို့သော် ပထမကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များ ယှက်သန်းလာခဲ့လေပြီ။ သူ့အဖို့ ရုရှားသို့သွားရန်မလွယ်ကူ။ သို့ဖြစ်၍ ဟူဒီနီတို့အဖွဲ့သည် သင်္ဘောဖြင့် အမေရိကန်ပြည်ထောင်စုသို့ ပြန်လာခဲ့ရသည်။

❐

# (၁၅)

၁၉၁၄ ခုနှစ်၊ ဩဂုတ်လက စတင်ဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်မီးသည် ပြင်းပြင်းထန်ထန်တောက်လောင်လာခဲ့သည်။ ဗြိတိန်၊ ပြင်သစ်နှင့် မဟာမိတ်ဖြစ်သော ရုရှားနိုင်ငံသည် ဂျာမန်နိုင်ငံနှင့် မဟာမိတ်များအား ဥရောပစစ်မျက်နှာတွင် ကျားကုတ်ကျားခဲ တိုက်ခိုက်ခဲ့ရသည်။ ရုရှားနိုင်ငံသည် သူ၏ ကြီးမားသောတပ်မကြီးများကို အရှေ့ဘက်မှ စတင်တိုက်ခိုက်လာခဲ့သည်။ ဗြိတိန်နှင့် ပြင်သစ်တို့ကမူ ပြင်သစ်နိုင်ငံ နယ်နိမိတ်တစ်လျှောက်မှ ဘယ်(လ်)ဂျီယံနိုင်ငံထိ ရှည်လျားသော မြေကတုတ်များတူးထားပြီး ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ကြသည်။ ရာပေါင်းများစွာစစ်သည်တော်များ ကျဆုံးခဲ့ရသော်လည်း မည်သူမျှ အရှုံးအနိမ့်မရခဲ့ပေ။

ရုရှားနိုင်ငံ ပြည်တွင်းရေးမှာလည်း ရှုပ်ထွေးလာခဲ့ရသည်။ ပထမကမ္ဘာစစ်ဖြစ်ပွားလာခဲ့ခြင်းသည် ရှုပ်ထွေးနေသော ပြည်တွင်းရေးကို ပိုမိုရှုပ်ထွေးရန် ဖန်စေသကဲ့သို့ ဖြစ်ခဲ့ရသည်။ ပြည်တွင်းတော်လှန်ရေး အင်အားစုများ တစ်စတစ်စ တန်ခိုးထွားလာခဲ့ရပြီး ဇာဘုရင်မှာ ထီးနန်းစွန့်ခဲ့ရ၏။ ကရင်စကီဦးဆောင်သော ယာယီအစိုးရအဖွဲ့က တတ်နိုင်သလောက် နိုင်ငံတော်အာဏာကို ကြိုးစားထိန်းရန် ဆောင်ရွက်ခဲ့သော်လည်း ပြည်တွင်းစစ်မီးတောက်လောင်လာသည်။ အင်အားကြီးမားသော ဘိုရှီဗစ်တို့သည် နိုင်ငံတော်အာဏာကိုယူလာနိုင်ခဲ့ပြီး ဇာဘုရင်နှင့်မိသားစုအား ဖမ်းဆီးထားသည့်အခြေအနေ ရောက်လာသည်။ အမေရိကန်ပြည်ထောင်စုကမူ ပထမကမ္ဘာစစ်ကြီးအတွင်း ပါဝင်တိုက်ခိုက်ခြင်းမပြုဘဲ ကြားနေနိုင်ငံအဖြစ် တစ်ကိုယ်ဝါဒကျင့်သုံးနေခဲ့၏။

ဂျာမနီကိုင်ဇာဘုရင် ရေတပ်မတော်ကြီးသည် အတ္တလန္တိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း ဖြတ်သန်းခုတ်မောင်းကြသော နိုင်ငံတကာမှသင်္ဘောများကို ပစ်ခတ်နှစ်မြှုပ်ခဲ့ကြသဖြင့် ခရီးသွားလာရေး အခက်အခဲဖြစ်လာခဲ့၏။ ဟူဒီနီတို့အဖွဲ့မှာမူ ဥရောပပွဲစဉ်များကို ပယ်

ဖျက်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုသို့ အချိန်မီပြန်ရောက်လာခဲ့သည်။ ဟူဒီနီသည် ဥရောပပွဲစဉ်များကို ဖျက်သိမ်းခဲ့ရပြီး အမေရိကန်ပြည်ထောင်စုတွင် ပွဲစဉ်သစ်များ ပြန်စလာရန် စီစဉ်ရတော့သည်။ သူ၏ ယခင်ပြကွက်ဟောင်းများဖြစ်သော ရုပ်ခွဲနာမ်ခွဲနိုင်သူပြကွက်၊ ဟူဒီနီကို ဇောက်ထိုးဆွဲခြင်းပြကွက်နှင့် သူ ဥရောပတွင် တီထွင်ပြသခဲ့သော ငွေထည့်သောကျောက်သေတ္တာကလေးပြကွက်များအပြင် လူအများ စိတ်ဝင်စားဖွယ်ဖြစ်သော ပြကွက်အသစ်များကို တင်ဆက်ရန် စီမံလေ့ကျင့်ထားသည်။ပြပွဲကန်ထရိုက်တာများကလည်း ပြည်တော်ပြန် ဟူဒီနီကို သူ့ပဉ္စလက်ပြပွဲများ အမြန်ဆုံးပြန်စရန် တိုက်တွန်းကြပြီး ပွဲစဉ်များ စာချုပ်ကြသည်။

ပထမကမ္ဘာစစ်မီးကြီးသည် တစ်နှစ်ကြာမြင့်လာသည်နှင့် ကမ္ဘာစစ်မီး၏ဂယက်သည် တစ်ကိုယ်တော်ဝါဒကို ကျင့်သုံးနေသော အမေရိကန်ပြည်ထောင်စုကို ရိုက်ခတ်လာသည်။ အမေရိကန်ပြည်ထောင်စုအစိုးရသည် ကြားနေဝါဒ ကျင့်သုံးနေရသော်လည်း စစ်ပြင်ဆင်မှုများ ပြုလုပ်လာခဲ့ရ၏။ အမေရိကန်ကြည်းတပ်မတော်နှင့် ရေတပ်မတော်ကြီးကို တိုးချဲ့လာခဲ့ရသည်။ အမြို့မြို့တိုင်းတွင် စစ်သားစုဆောင်းရေးအဖွဲ့များ ဖွဲ့စည်းကာ စစ်သားစုဆောင်းရေးများ အင်တိုက်အားတိုက် ပြုလုပ်ခဲ့ရသည်။

ဟူဒီနီသည် အမေရိကန်ပြည်ထောင်စုအစိုးရ၏ မေတ္တာရပ်ခံချက်အရ စစ်သားစုဆောင်းရေးဌာနများနှင့် စစ်သားလေ့ကျင့်ရေးစခန်းများသို့ သွားရောက်၍ မေတ္တာဖြင့် ဖျော်ဖြေမှုများ ပြုလုပ်ခဲ့သည်။ ကန်ထရိုက် တာများစီစဉ်ထားသည့်ပြပွဲများကိုလည်း ဆက်လက်ပြသခဲ့ရ၏။

ဟူဒီနီသည် ဤသို့ သာမန်ဖျော်ဖြေနေရသောပွဲစဉ်များ၊ စစ်သားစုဆောင်းရေးစခန်းများနှင့် စစ်သားလေ့ကျင့်ရေးစခန်းများတွင် ပြသနေရသောပြကွက်များထက် သူ ယခင်က လူသိရှင်ကြားပြသလေ့ရှိသော တံတားကြီးများပေါ်မှ မြစ်အတွင်းခုန်ချသည့် စတန့်ပြကွက်မျိုး ပြသလိုသည်။ တံတားကြီးများပေါ်မှ မြစ်အတွင်းခုန်ချသော စွန့်ဝံ့သူပြကွက်များမှာ ရိုးလာသည်။ အချို့ပဉ္စလက်ဆရာများက သူ့ကို လိုက်တုပလာကြသည်။ ပဉ္စလက်ဆရာတိုင်းက ထိုစွန့်ဝံ့သူပြကွက်ကို မပြသနိုင်သော်လည်း အချို့ပဉ္စလက်ဆရာများကမူ သူ့အား တုပလာကြသည်။ သို့ဖြစ်၍ စွန့်စားခန်းအသစ်ပြသရန် စီမံသည်။ သူ၏ အောင်မြင်ပေါက်ရောက်သော ဟူဒီနီအား ဇောက်ထိုးဆွဲခြင်း ဟူသော ပြကွက်မှ ဇောက်ထိုးဆွဲသည့် ဖြစ်စဉ်မျိုးအား လူအများမြင်ကွင်းတွင် ပြုလုပ်ပြသရန် လေ့ကျင့်သည်။ ထိုပြကွက်မှာ လူစည်ကားသောရပ်ကွက်ရှိ အဆောက်အအုံတစ်ခုမှ သံကြိုးဖြင့် သူ့အား ဇောက်ထိုးဆွဲစေသည့်ပြကွက် ဖြစ်သည်။

ထိုပြကွက်ဆန်းတွင် ဟူဒီနီသည် ကိုယ်ကျပ်အင်္ကျီ၊ လက်ထိတ်များခတ်ထားပြီး အတော်အသင့်မြင့်ထားသောနေရာတွင် ဇောက်ထိုးဆွဲထားရာမှ လွတ်မြောက်ပြသည့်ပြကွက် ဖြစ်၏။ ဤပြကွက်ဆန်းသည် ဟူဒီနီ

အဖို့ အားသွန်ခွန်စိုက်ပြုလုပ်ရမည့်ပြကွက် ဖြစ်သဖြင့် သူ့ဇနီးဘက်(ခ်)နှင့် မိသားစုများက ထိုပြကွက်ကို လက်လျှော့ရန် ပြောကြသော်လည်း ဟူဒီနီက လက်မခံ။ ဆက်လက်လေ့ကျင့်တော့၏။ ထိုပြကွက်အတွက် လေ့ကျင့်မှုမှာ မျှော်လင့်သည်ထက် အောင်မြင်ခဲ့၏။ သို့ဖြစ်၍ သင့်လျော်သောနေ့ တစ်နေ့တွင် မြို့ကြီးတစ်မြို့၏ လူစည်ကားရာရပ်ကွက်တွင် ထိုစွန့်ဝံ့သူပြပွဲကို ပြသမည်ဟု ဆုံးဖြတ်ထားခဲ့၏။

၁၉၁၅ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ကင်ဆမြို့ လူစည်ကားရာရပ်ကွက် အဆောက်အအုံတစ်ခု၏ ပေ (၂၀) မြင့်သောအထပ်မှ ဇောက်ထိုးဆွဲ၍ လွတ်မြောက်မှုပြကွက်ကို မြေစမ်းခရမ်းပျိုးသကဲ့သို့ စမ်းသပ်ပြသည်။ ထိုပြပွဲသို့ လူပေါင်း (၅၀၀၀) ကျော် တက်ရောက် ကြည့်ရှုခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့ကြ၏။ ကင်ဆမြို့မှထုတ်ဝေသော သတင်းစာကြီးများကမူ ထိုသတင်းကို မျက်နှာဖုံးသတင်းအဖြစ် ဦးစားပေးဖော်ပြခဲ့ကြသဖြင့် ဟူဒီနီ့သတင်းမှာ စစ်သတင်းများထက် လူအများစိတ်ဝင်စားခဲ့သည်ဟု ဆိုကြ၏။

၁၉၁၆ ခုနှစ်၊ ဧပြီလတွင် ကာလီဖိုးနီးယားပြည်နယ် အုတ်ကလင်မြို့သို့ ဟူဒီနီတို့အဖွဲ့ ရောက်ရှိသွားခဲ့၏။ အုတ်ကလင် မြို့မအဆင့်မြင့်ပြဇာတ်ရုံကြီးတွင် ဟူဒီနီသည် သူ၏ တင်ဆက်နေကျဖြစ်သော မဟာလွတ်မြောက်မှုများပြကွက်၊ ရုပ်ခွဲနာမ်ခွဲနိုင်သူပြကွက်၊ ဘွိုင်လာအိုးကြီးအတွင်းမှပြကွက်များအပြင် ဟူဒီနီအား ဇောက်ထိုးဆွဲခြင်းနှင့် ငွေထည့်သော ကျောက်သေတ္တာကလေးပြကွက်များ ပြသခဲ့သည်။ အုတ်ကလင်မြို့သူမြို့သားအများကမူ ငွေထည့်သောကျောက်သေတ္တာကလေးပြကွက်ကို စိတ်ဝင်စားကြသည်။ ဟူဒီနီ၏ အထူးခြားဆုံး ပဥ္စလက်ပြကွက်ဟု ဆိုကြ၏။

ဟူဒီနီသည် အုတ်ကလင်မြို့တွင် ရောက်ရှိနေစဉ် လူထုစိတ်ဝင်စားသည့် စွန့်ဝံ့သူပြကွက်ကို လူစည်ကားရာရပ်ကွက် မြင့်မားသောအဆောက်အအုံရှေ့တွင် ပြုလုပ်ပြသရန် စီစဉ်သည်။ အုတ်ကလင်အာဏာပိုင်များထံမှ ခွင့်ပြုချက်ကိုရရှိအောင် ဆောင်ရွက်ခဲ့သည်။ သူ အုတ်ကလင်တွင် ပြသမည့်ပြကွက်မှာ ကင်ဆမြို့တော်တွင် ပြသသည့်ပြကွက်ဆန်းထက် လူထုစိတ်ဝင်စားစေရန် ပြုလုပ်မည်ဟု ကြံရွယ်ထားခဲ့၏။ ကင်ဆမြို့၌ပြသသော စွန့်ဝံ့သူပြကွက်တွင်မူ ဟူဒီနီသည် ကိုယ်ကျပ်အကျႌကိုဝတ်ဆင်ပြီး သူ့အား ပေ (၂၀) အမြင့်မှ ဇောက်ထိုးချိတ်ဆွဲထားရာမှ လွတ်မြောက်သည့်ပြကွက်ကို ပြသခဲ့သည်။

ယခု အုတ်ကလင်မြို့တွင် ပြသမည့်ပြကွက်တွင်မူ တင်းကျပ်သော ကိုယ်ကျပ်အကျႌကို ဝတ်ဆင်ထားသော သူ့ခန္ဓာကိုယ်အား ပေ (၂၀၀) မြင့်သော အဆောက်အအုံတွင် ဇောက်ထိုးဆွဲထားရာမှ အနှောင်အဖွဲ့က လွတ်မြောက်အောင် ပြုလုပ်ပြသမည့်ပြကွက် ဖြစ်သည်။ ထို

ပြကွက်သည် ပြသခြင်းမပြုမီကပင် သတင်းကြီးခဲ့သောပြကွက် ဖြစ်တော့၏။ ဤပြကွက်ကို လူပေါင်းတစ်သောင်းကျော် တက်ရောက် ကြည့်ရှုခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့၏။

ဟူဒီနီသည် အုတ်ကလင်မြို့မှ အမေရိကန်ပြည်ထောင်စု မြို့တော် ဝါရှင်တန်သို့ ရောက်လာခဲ့သည်။ သူ၏ ရည်ရွယ်ချက်မှာ ဝါရှင်တန်မြို့တော် အဆင့်မြင့်ရုံကြီးတွင် သူ့ပြကွက်များပြသရခြင်းထက် ဝါရှင်တန်တွင် ဟိုးဟိုးကျော်စေမည့် လူသိရှင်ကြား စွန့်စားခန်းတစ်ခုကို ဝါရှင်တန်မြို့တော် လူထုမျက်မှောက်တွင် ပြုလုပ်ပြသမည်ဟု အားခဲထား၏။ သူသည် ယခင်က အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျားသို့ သွားရောက်၍ သူ့ကိုတုပနေသော အခြားပဥ္စလက်ဆရာများ မပြုလုပ်ဝံ့သော တံတားကြီးများပေါ်မှ ခုန်ချပြသော စွန့်စားခန်းများကို ပြခဲ့သော်လည်း ဝါရှင်တန်မြို့တော်တွင်မူ သူ၏ လူသိရှင်ကြား လူထုမျက်မှောက်တွင် ပြုလုပ်ပြသသောစတန့်မျိုး ပြုလုပ်ပြသဖူးခြင်း မရှိခဲ့ပေ။ သို့ဖြစ်၍ လူထုရှေ့မှောက်ပြသမည့် စွန့်ဝံ့သူစတန့်ပြကွက်ကို ဝါရှင်တန်မြို့တော် အာဏာပိုင်များနှင့် ကြိုတင် ညှိနှိုင်းပြင်ဆင်ထားခဲ့၏။

၁၉၁၆ ခုနှစ်၊ ဧပြီလ (၁၉) ရက်နေ့ မွန်းလွဲပိုင်းတွင်မူ ဟူဒီနီသည် သူ၏ စွန့်ဝံ့သူပြကွက် ပြုလုပ်ပြသမည့် ဝါရှင်တန်မြို့တော် လူစည်ကားရာ ပန်းခြံအလယ်သို့ ထွက်ခွာလာခဲ့သည်။ သူ့အား ဇောက်ထိုးဆွဲမည့် အဆောက်အအုံရှေ့တွင်မူ လူထုပရိသတ် နှစ်သောင်းကျော် တက်ရောက်ခဲ့ကြသဖြင့် မကြုံစဖူး အထူးများပြားသော ပရိသတ်ဖြစ်သည်ဟု နောက်တစ်နေ့ထုတ်ဝေသော သတင်းစာများတွင် ဖော်ပြခဲ့သည်။ ဤစွန့်ဝံ့သူပြကွက်တွင်လည်း ဟူဒီနီသည် တင်းကျပ်သော ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားပြီး လက်များကို လက်ထိတ်ခတ်စေကာ ပေ (၂၀၀) ကျော်အမြင့်မှ ဇောက်ထိုးဆွဲထားစေသည်။ ဤကဲ့သို့ သည်းထိတ်ရင်ဖိုဖွယ် အနေအထားမှ ဟူဒီနီသည် မိနစ်ပိုင်းအတွင်း လက်ထိတ်များ၊ ကိုယ်ကျပ်အင်္ကျီစသော အနှောင်အဖွဲ့မှ လွတ်ထွက်ပြသခဲ့သဖြင့် ဟူဒီနီမှာ ဟိုးဟိုးကျော်ခဲ့ရပြန်၏။

နောက်တစ်နေ့ထုတ်ဝေသော ဝါရှင်တန်ပို့(စ်)သတင်းစာကြီးတွင် ဟူဒီနီ၏ သည်းထိတ်ရင်ဖိုဖွယ်ရာ စွန့်ဝံ့သူစတန့်ပြကွက်အကြောင်း မျက်နှာဖုံးသတင်းဖြင့် ဖော်ပြခဲ့သည်။ ထိုပြပွဲနေ့က တက်ရောက်ကြည့်ရှုကြသော ပရိသတ်အချို့နှင့် ဝါရှင်တန်ပို့(စ်)သတင်းစာမှ သတင်းထောက်တို့ တွေ့ဆုံခန်းကို ဓာတ်ပုံသာဓကအထောက်အထားများနှင့် ဖော်ပြပေးခဲ့၏။

ဧပြီလ (၂၁) ရက်နေ့တွင် ပြသသော ဟူဒီနီ၏ ပြပွဲသို့ အမေရိကန်ပြည်ထောင်စု သမ္မတကြီး ဝု(ဒ်)ရိုဝီလဆင်နှင့် ဇနီးတို့ တက်ရောက်အားပေးကြည့်ရှုခဲ့ပြီး ဟူဒီနီ၏ ရှေးခေတ် တရုတ်ပြည်တွင် သုံးခဲ့သော

ရေနှင့် ညှည်းပမ်းနိုပ်စက်သည့်နည်းအသွင် ပြုလုပ်ခဲ့သည့် 'ဟူဒီနီအား ဇောက်ထိုးဆွဲခြင်း' ပြကွက်ကို အထူး ချီးမွမ်းသွားခဲ့သည်ဟု ဆိုသည်။ နောက်တစ်နေ့တွင် ဟူဒီနီသည် ဝါရှင်တန်မြို့တော်တွင် ကျင်းပနေသည့် အမေရိကန်ဆီးနိတ်လွှတ်တော် အထူးအစည်းအဝေးသို့ သွားရောက် လေ့လာခဲ့၏။ ဟူဒီနီအား အမေရိကန်ပြည်ထောင်စု ဒုတိယသမ္မတကြီး သောမတ်(စ်)မာရှယ်ကိုယ်တိုင် လေးလေးစားစား နှုတ်ဆက်ခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု ပဥ္စလက်ပညာရှင်များသမိုင်းတွင် နိုင်ငံတော်မှ တာဝန်ရှိသူများက လေးလေးစားစား ပြုမူခြင်းခံရသူမှာ ပဥ္စလက်ပညာရှင် မဟာဟူဒီနီတစ်ယောက်သာ ဖြစ်သည်ဟု ဆိုကြသည်။ ဟူဒီနီအဖို့ သူထာဝစဉ် မျှော်မှန်းထားသော ပဥ္စလက်ပညာဖြင့် ကမ္ဘာ့အရေးအခင်းကြီးများတွင် တစ်ခန်းတစ်ကဏ္ဍက ပါဝင်ကပြမည်ဟူသောအချက်သည် ပြည့်စုံလာခဲ့ပြီ ဖြစ်သည်ဟု ဆိုရပေတော့မည်။

ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့သည်မှာ သုံးနှစ်ရှိခဲ့ပြီ ဖြစ်၏။ ဥရောပစစ်မျက်နှာတွင်မူ စစ်မက်ဖြစ်ပွားနေသောနိုင်ငံများမှ စစ်သည်တော်များ သန်းနှင့်ချီ၍ သေဆုံးခဲ့ရပြီး အပြစ်မဲ့ ပြည်သူများမှာလည်း ထောင်သောင်းချီ၍ သေဆုံးခဲ့ရသည်။ အဏ္ဏဝါပြင်တစ်နံတစ်လျား ဂျာမန်ကိုင်ဇာဘုရင် ရေတပ်မတော်မှ တိုက်သင်္ဘောများ၊ ရေငုပ်သင်္ဘောများသည် ကြားနေနိုင်ငံမှ လူစီးကုန်တင်သင်္ဘောများကို နှစ်မြှုပ်ပစ်ခဲ့သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူအများ စိတ်မချမ်းမသာဖြစ်ခဲ့ရတော့၏။ အမေရိကန်ပြည်ထောင်စုအစိုးရကလည်း ကြားနေနိုင်ငံများမှ သင်္ဘောများအား ဂျာမန်ကိုင်ဇာဘုရင် ရေတပ်မတော်မှ ရေငုပ်သင်္ဘောများက ပစ်ခတ်နှစ်မြှုပ်ခြင်းအား ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ပြီး သတိပေးခဲ့၏။ ရုရှားနိုင်ငံတွင် ပြည်တွင်းစစ်မီးကြီးတောက်လောင်လာခဲ့ပြီး နိုင်ငံရေးအခြေအနေများ ပြောင်းလဲသွားခဲ့၏။

၁၉၁၇ ခုနှစ်၊ ဧပြီလ (၆) ရက်နေ့တွင် ကမ္ဘာကျော် ပဥ္စလက်ဆရာ မဟာဟူဒီနီ အသက် (၄၃)နှစ်ပြည့်ခဲ့သောနေ့ ဖြစ်သည်။ ထိုနေ့ကို ဟူဒီနီသည် ခမ်းခမ်းနားနား မွေးနေ့ပွဲသဘင် ကျင်းပခဲ့သည်။ သူ့မိတ်ဆွေများ၊ ပြပွဲကန်ထရိုက်များ၊ စာနယ်ဇင်းလောကမှ မိတ်ဆွေများ၊ ပဥ္စလက်ဆရာများ၊ စစ်ဘက်နယ်ဘက်မှ ထိပ်တန်းအရာရှိများ၊ အမေရိကန်ပြည်ထောင်စုမှ သန်းကြွယ်သူဌေးများ တက်ရောက်ခဲ့သည်ဟု သိရ၏။ မှတ်တမ်းများအရ အမေရိကန်ပြည်ထောင်စု စစ်ဦးစီးချုပ်ကိုယ်တိုင် ကြွရောက်ချီးမြှင့်ခဲ့သည်ဟု ဆိုကြသည်။

မဟာဟူဒီနီသည် အသက်လေးဆယ်ကျော်ခဲ့ပြီ။ သူမျှော်လင့်ထားသော အောင်မြင်ပေါက်ရောက်ကျော်ကြားမှုများ ရခဲ့ပြီ ဖြစ်၏။ သူ စိတ်အလိုရှိသမျှ ဆောင်ရွက်နိုင်ခဲ့သည်။ အထိုက်အလျောက် ချမ်းသာကြွယ်ဝလာခဲ့ပြီး သူ့ဆွေမျိုးသားချင်းများကို စောင်မကြည့်ရှုနိုင်ခဲ့ပြီ ဖြစ်၏။

တိုက်တိုက်ဆိုင်ဆိုင်ဟုဆိုရမည် ဖြစ်သည်။ ဟူဒိနီ အသက် (၄၃) နှစ်ပြည့်မြောက်သော မွေးနေ့သဘင် ဆင်ယင်ကျင်းပသည့်နေ့တွင်ပင် အမေရိကန်ပြည်ထောင်စုသမ္မတကြီး ဝု(ဒ်)ရိုဝီလဆင်သည် ဂျာမနီနိုင်ငံနှင့် မဟာမိတ်တို့ စစ်ကြေညာပြီး ကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှနှင့် မဟာမိတ်တို့ဘက်မှ ပါဝင်တိုက်ခိုက်ခဲ့တော့၏။

ဟူဒိနီသည် သူ၏(၄၃)နှစ်မြောက်မွေးနေ့သဘင် ဆင်ယင်ကျင်းပနေစဉ် အမေရိကန်ပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတကြီး၏ ဂျာမနီနိုင်ငံနှင့် မဟာမိတ်များအပေါ် စစ်ကြေညာလိုက်သည်နှင့် ချက်ချင်းဆိုသလို သူ့မွေးနေ့တက်ရောက်လာကြသော အမေရိကန် ပဥ္စလက်ပညာရှင်များ အစည်းအရုံးဝင်များကို အရေးပေါ် အစည်းအဝေးကျင်းပပြီး အမေရိကန်ပြည်ထောင်စု ပဥ္စလက်ပညာရှင်များအသင်း၏ အထူးကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်၌ အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျား နေထိုင်လျက်ရှိကြသော ပဥ္စလက်ပညာသည်ကြီးများသည် အမေရိကန်ပြည်ထောင်စု သမ္မတကြီး ဝု(ဒ်)ရိုဝီလဆင်၏ စစ်ကြေညာချက်ကို အပြည့်အဝထောက်ခံကြောင်း၊ ပဥ္စလက်ပညာရှင်ကြီးများသည် မိမိတို့တတ်နိုင်သလောက် တစ်ဖက်တစ်လမ်းမှ ကူညီကြမည်ဖြစ်ကြောင်း၊ စစ်ရန်ပုံငွေကိုလည်း ပဥ္စလက်ပညာရှင်တစ်ဦးချင်းအနေဖြင့် ထည့်ဝင်မည်ဖြစ်သည့်အပြင် ပဥ္စလက်ပညာရှင်များ စုပေါင်း၍ စစ်ကြီးရန်ပုံငွေအလှူငွေပွဲများ တတ်နိုင်သလောက် ပြသရန်ကိုလည်း ထိုကြေညာချက်တွင် ရေးသား ဖော်ပြထားခဲ့သည်။ ယခင်က ဟူဒိနီအား တုပ၍ အတိုက်အခံပြုခဲ့ကြသော ပဥ္စလက်ဆရာများကလည်း ဤကြေညာချက်ကို တညီတညွတ်တည်း ထောက်ခံခဲ့သည်ဟု သတင်းစာကြီးများက ဖော်ပြခဲ့၏။

မဟာဟူဒိနီနှင့် အမေရိကန်ပြည်ထောင်စု ပဥ္စလက်ပညာရှင်ကြီးများအသင်းမှ အသင်းဝင်အချို့ ပူးပေါင်း၍ ပထမကမ္ဘာစစ်ကြီး ရန်ပုံငွေအတွက် ပဥ္စလက်အလှူပွဲများကို ဒီတရွိုက်၊ ချီကာဂို၊ ဘိုစတုန်၊ ဆန်ဖရန်စစ္စကို၊ နယူးယောက်မြို့များတွင် ကျင်းပခဲ့ကြ၏။ ပြည်သူလူထုကလည်း ရုံပြည့်လျှံအောင် တက်ရောက်ခဲ့ကြသဖြင့် ရန်ပုံငွေ အတော်အသင့် ရရှိခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့သည်။ အမေရိကန်ပြည်ထောင်စု သမ္မတကြီး ဝု(ဒ်)ရိုဝီလဆင်ကလည်း အမေရိကန်ပြည်ထောင်စု ပဥ္စလက်ပညာရှင်ကြီးများအစည်းအရုံးမှပေးပို့သော သဝဏ်လွှာအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း၊ အမေရိကန်ပြည်သူလူထုကိုယ်စား အထူးဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း သဝဏ်လွှာ ပြန်လည် ပေးပို့ခဲ့သည်ဟုဆိုသည်။ မဟာဟူဒိနီကလည်း သူ့တစ်ကိုယ်တော် အယူအဆအတိုင်း သမ္မတကြီးထံ ထောက်ခံသည့်စာပေ ပေးပို့ခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု ပဥ္စလက်ပညာသည်ကြီးများ၊ အစည်းအရုံးဝင်များသည် ရှေ့တန်းချီတက်မည့် တပ်မတော်သားများထံ သွားရောက်၍ ဖျော်ဖြေခြင်း၊ စစ်သားစုဆောင်းရေးတပ်ဖွဲ့များသို့ သွားရောက်ဖျော်ဖြေခြင်းများကိုလည်း တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ကြ၏။

နယူးယောက်မြို့တော်ရှိ အဆင့်မြင့် ပြဇာတ်ရုံကြီးဖြစ်သော ဟီပိုဒရွန်းရုံတော်ကြီးတွင် အမေရိကန်ကမ်းခြေတက်တပ်မတော်မှ ပဥ္စလက်ပညာဝါသနာပါသူ အပျော်တမ်း ပဥ္စလက်သမားများနှင့် ဟူဒီနီတို့ ပူးပေါင်း၍ ပထမကမ္ဘာစစ်ကြီးရန်ပုံငွေ ရရှိရေးအတွက် ပဥ္စလက်ပြပွဲများပြသခဲ့ရာ မျှော်လင့်ထားသည်ထက် ရရှိခဲ့သည်ဟု သိရ၏။ မဟာဟူဒီနီသည် သူ အနှစ်နှစ်အလလ စုဆောင်းထားသောငွေများမှ ထိုစဉ်က ဒေါ်လာ (၇၀၀၀) (ယခုတန်ဖိုး ၂၅၀၀၀၀) ကို စစ်ကြီးရန်ပုံငွေအဖြစ် လှူဒါန်းခဲ့၏။ ထိုနှစ်မှာပင် နယူးယောက်မြို့တော် ပြည်သူ့ဆေးရုံကြီး တိုးချဲ့အဆောင်တစ်ဆောင် ဆောက်လုပ်နိုင်ရန် ကွယ်လွန်သူ သူ့မိခင်ကြီးအမည်ဖြင့် ငွေများ လှူဒါန်းခဲ့သည်ဟု မှတ်တမ်းများအရ သိရ၏။

ဟူဒီနီတို့အဖွဲ့သည် ထိုစဉ်က ဒေါ်လာ (၅၀၀၀၀) ရန်ပုံငွေရရှိအောင် ဆောင်ရွက်ပေးခဲ့သည်ဟု ဆိုသည်။ ပဥ္စလက်ပညာရှင်ကြီးများ၏ စစ်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အကူအညီပေးမှုအကြောင်း အသေးစိတ်အချက်အလက်များကို အမေရိကန်ပြည်ထောင်စုမှ ဩဇာတိက္ကမကြီးမားသော နယူးယောက်တိုင်း(မ်)သတင်းစာကြီးက ရေးသားဖော်ပြခဲ့သည်ဟုလည်း သိရ၏။

၁၉၁၇ ခုနှစ်၊ ဇူလိုင်လတွင်မူ ဟူဒီနီသည် အမေရိကန်ပြည်ထောင်စု ကြက်ခြေနီအသင်းကြီးရန်ပုံငွေအတွက် ပဥ္စလက်ပြကွက်များပြခဲ့ရသည်။ ပစ်ဘတ်(ခ်)မြို့နှင့် ကင်ဆမြို့တွင် ဟူဒီနီ၏ ပဥ္စလက်ပြပွဲများမှာ ပရိသတ်အများက ရှုပြည့်လျှံအောင် အားပေးခဲ့ကြသဖြင့် ကြက်ခြေနီအသင်းကြီးအတွက် ရန်ပုံငွေမှာ မျှော်လင့်သည်ထက် ရရှိခဲ့သည်ဟု သိရ၏။ ပြပွဲအားလပ်ရက်များတွင် ဥရောပတိုက် ရှေ့တန်းသို့ထွက်ခွာမည့် တပ်မတော်သားများအတွက် သီးသန့်ဖျော်ဖြေပြပွဲများ ပြုလုပ်ပေးခဲ့ရသည်။

ဖျော်ဖြေပွဲတစ်ပွဲတွင် ဟူဒီနီအား ထိုစဉ်က လက်ဝှေ့ချန်ပီယံဖြစ်သူ ဂျက်ဒင်ဆေးက လက်သီးဖြင့် ထိုးပြသည့်ပွဲ ပါဝင်သည်။ လက်ဝှေ့ချန်ပီယံ ဂျက်ဒင်ဆေးမှာ ဟဲဗီးဝိတ်လက်ဝှေ့သမားတစ်ဦး ဖြစ်၏။ သူ၏ လက်သီးကို သာမန်လူတစ်ယောက်အထိုးခံရန်မလွယ်။ မူးမေ့လဲကျသွားနိုင်သည်။ ဟူဒီနီအား ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံက အားသွန်ခွန်စိုက် လက်သီးဖြင့် ထိုးသော်လည်း ဟူဒီနီက အပြုံးမပျက်ပေ။ ထိုပြပွဲအား အမေရိကန်ကြည်းတပ်မတော်သားများက အထူးကြိုက်နှစ်သက်ကြသည်ဟု သိရသည်။

အမေရိကန်ပြည်ထောင်စု ဒုတိယကမ္ဘာစစ်ကြီးအတွင်းဝင်ရောက်ခဲ့၍ (၁၄) လကြာမြင့်ခဲ့သော ၁၉၁၈ ခုနှစ်၊ ဇွန်လတွင်မူ မဟာဟူဒီနီသည် သူတီထွင်ထားသော ပြကွက်အသစ်အဆန်းများကို နယူးယောက်မြို့ ဟစ်ပိုဒရုန်း ခေတ်မီအဆင့်မြင့်ပြဇာတ်ရုံကြီးတွင် အထူးပွဲအဖြစ် ပြသခဲ့၏။ ထိုအထူးပြပွဲတွင် ယခင်ပြကွက်ဟောင်းများဖြစ်သော ရုပ်ခွဲနာမ်ခွဲနိုင်သူ၊ မဟာလွတ်မြောက်မှု၊ ဘိုင်လာအိုးတွင်းမှ လွတ်မြောက်မှု၊ ဟူဒီနီအား ဇောက်ထိုးဆွဲခြင်း၊ နွားနို့စည်အတွင်းမှ လွတ်မြောက်မှု စသော ပြကွက်များအပြင် သူ နောက်ဆုံးတီထွင်ထားသော အမေရိကန်ပြည်ထောင်စု ရင်ဂလင်ညီနောင်နှင့် ဘီတီဘာနမ်တို့တင်ဆက်သော ထူးဆန်းထွေလာ ဆပ်ကပ်မဟာအဖွဲ့မှ ဆင်မကလေးဂျင်နီအား ငှားရမ်း၍ ဇာတ်စင်ပေါ်တွင် ဖျောက်ပြသောပြကွက် ဖြစ်၏။

ဆင်မကလေးဂျင်နီမှာ နာမည်ကျော် ပြည်သူ့အသည်းစွဲ ဂျမ်ဘို၏ သမီး ဖြစ်သည်။ ဇာတ်စင်ပေါ်တွင် ဆင်တစ်ကောင်လုံးအား ဖျောက်ပြမည့်ပြကွက်မှာ ပဥ္စလက်ပညာသမိုင်းတွင် အထူးဆန်းဆုံး ဖြစ်နေသည်။ ယခင် ပဥ္စလက်ဆရာများ ပြသခြင်းမပြုခဲ့သော ပြကွက်ဖြစ်သဖြင့် အမေရိကန်ပြည်သူအများက စိတ်ဝင်စားခဲ့ကြသည်။ ပထမပွဲတွင်မူ ဝင်ခွင့်လက်မှတ်မရသူများက ဆူဆူပူပူပြုလုပ်ကြသဖြင့် နယူးယောက်မြို့ ရဲအဖွဲ့ဝင်များက ထိန်းသိမ်းပေးခဲ့ရသည်ဟု ဆိုသည်။ ပထမပွဲစဉ်မှာ ရုံပြည့်လျှံသဖြင့် တံခါးများကို ဖွင့်ထားခဲ့ကြရသည်။

ပြပွဲစသည်နှင့် ဆင်မကလေး ဂျင်နီအား ရုံအတွင်းသို့ မောင်းလာရာ ခပ်စောစောပိုင်းက တစ်ဦးနှင့်တစ်ဦး စကားပြောကြသဖြင့် ကျွက်ကျွက်ညံနေသော ပရိသတ်ကြီးသည် ရုတ်ခြည်းပင် အပ်ကျသံကြားရလောက်အောင် ငြိမ်သက်သွားတော့၏။ တင်ဆက်မည့် အံ့ဖွယ်ပြကွက်ဆန်းကို မျက်တောင်မခတ် ရှုစားနေကြလေသည်။ ထိုပြကွက်မှာ တစ်သက်လုံး မေ့မရမည့်ပြကွက် ဖြစ်သည်ဟု ယူဆထားကြ၏။ သို့ဖြစ်၍ ပွဲကြည့်ပရိသတ်တို့က ဇာတ်စင်ပေါ်သို့သာ စူးစိုက်ကြည့်နေကြသည်။

ဟူဒီနီကမူ ပိုက်ဆံကြေးပြားတစ်ပြားကို ပရိသတ်မြင်ကွင်းမှ ရုတ်တရက် ဖျောက်ပြရခြင်းနှင့် ပမာဏကြီးမားသော ဆင်မကလေးဂျင်နီအား ဖျောက်ပြရသောပညာသည် ထပ်တူပင်ဖြစ်ကြောင်း၊ ကွာခြားမှုမရှိပါကြောင်း၊ ယခု ပြည်သူ့အချစ်တော်ကလေးဂျင်နီကို ဇာတ်စင်ပေါ်မှ ပရိသတ်ရှေ့မှောက်တွင် ဖျောက်ပြမည်ဖြစ်ကြောင်း၊ ပရိသတ်များ သေသေချာချာ ကြည့်ရှုကြစေလိုကြောင်း ပြောသည်နှင့် ပရိသတ်ကြီးမှာ ထူးထူးခြားခြား ငြိမ်သက်သွားတော့၏။ ဇာတ်စင်အောက်မှ တီးမှုတ်နေသော ဂီတဝိုင်းတော်သားများကလည်း တေးသံစဉ်များကို ခေတ္တရပ်လိုက်သည်။ ဂျင်နီကလေးကို ဇာတ်စင်ပေါ်သို့ တင်လိုက်ကြမှပင် တေးဂီတဝိုင်းတော်များသည် သံစဉ်များကို ဆက်လက် တီးမှုတ်ကြတော့သည်။

ကတ္တီပါကားလိပ်များတပ်ထားသော သံပိုက်လုံးဘောင်ခွေများကို တွန်းယူလာပြီး ဆင်မကလေးဂျင်နီကို ဖုံးအုပ်လိုက်ကြသည်။ စူးရှသော မီးမောင်းကြီးကလည်း ကတ္တီပါကားကို ထိုးထားသည်။ ဇာတ်စင်အောက်က ဂီတဝိုင်းတော်သားများက တေးသီချင်းများကို ကျယ်လောင်စွာ တီးမှုတ်ကြတော့၏။ မိနစ်အနည်းငယ်အတွင်း ဟူဒီနီက လက်ခုပ်တီးလိုက်သည်နှင့် ဟူဒီနီအဖွဲ့သားများသည် ကတ္တီပါကားလိပ်ကို ဖွင့်လိုက်ရာ ဇာတ်စင်ပေါ်တွင် ဆင်မကလေးဂျင်နီကို မတွေ့ရတော့။ ပရိသတ်အများ၏ မျက်မှောက်တွင်ပင် ဂျင်နီကလေးမှာ ဇာတ်စင်ပေါ်မှ ပျောက်ခြင်းမလှ ပျောက်သွားတော့သည်။ မီးမောင်းကြီးကလည်း ဇာတ်စင်ပေါ်တစ်လုံး ရွေ့လျားကစားထိုးပြထားသည်။ ဇာတ်စင်ပေါ်တွင် ဂျင်နီနှင့်တူသော အရာ ဘာမှမရှိတော့။ ပရိသတ်ကြီးကလည်း တအံ့တသြဖြစ်သွားသည်။

မိနစ်အနည်းငယ်ကြာလာသည်နှင့် ဟူဒီနီသည် ကတ္တီပါကားလိပ်ကို ဂျင်နီ မိနစ်ပိုင်းအတွင်းရပ်နေသောနေရာကို ကာထားလိုက်ပြန်သည်။ မိနစ်အနည်းငယ်အတွင်း ကတ္တီပါကားလိပ်ကို ဖွင့်လိုက်သည်နှင့် ဂျင်နီကလေးကို တွေ့ရတော့သည်။ ဟူဒီနီက ဂျင်နီကလေးရှေ့မှ ဦးညွှတ်၍ ဂါဝရပြုလိုက်သောအခါ ပရိသတ်ထုကြီးထဲမှ ရုံကွဲလုမတတ် လက်ခုပ်သံများ၊ လေချွန်သံများ ထွက်ပေါ်လာတော့သည်။

ဤပြကွက်မှာ ပရိသတ်အကြိုက်ဆုံးပြကွက် ဖြစ်တော့၏။ ခေတ်အဆက်ဆက်ပြောင်းခဲ့ပြီး အသက်အရွယ်ရလာခဲ့ပြီဖြစ်သော မဟာဟူဒီနီမှာ ပင်ပန်းလျက်ရှိနေသည်။ သူ၏ ခေတ်ပြိုင် ပဥ္စလက်ဆရာများ မပြုလုပ်ဝံ့သောနေရာများတွင် သူတို့ မည်သည့်အခါကမျှ မလုပ်နိုင်ခဲ့သော ပြကွက်ဆန်းများကို လူထုမျက်မှောက်တွင် ပြုလုပ်ပြသခဲ့ရာ မျှော်လင့်ထားသည်ထက် အောင်မြင်မှုရခဲ့သည်။ နိုင်ငံတကာမှလူထုက မဟာဟူဒီနီ၏ စွမ်းဆောင်မှုများသည် ဇာတ်ရုံကြီးများထဲက ဇာတ်ခုံပေါ်တွင်သာ ပြုလုပ်ပြသနိုင်သည်မဟုတ်။ ကမ္ဘာကြီးပေါ်ရှိ မည်သည့်နေရာမဆို ပြသနိုင်သည်ဟု လူထုက ယူဆထားသည်။ ဟူဒီနီ အမြဲတမ်းဖြစ်လိုသော ကမ္ဘာကျော်ပဥ္စလက်ဆရာကြီး ဖြစ်လာခဲ့သည်။

၁၉၁၄ ခုနှစ်၊ ဩဂုတ်လက စတင်ခဲ့သော ပထမကမ္ဘာစစ်ကြီးသည် ၁၉၁၈ ခုနှစ်၊ နိုဝင်ဘာလ(၁၁)ရက်နေ့ နံနက်(၁၀) နာရီတွင်ပြီးဆုံးခဲ့ သည်။ ကမ္ဘာ့ဇာတ်ခုံပေါ်တွင် အပြောင်းအလဲများ ပေါ်ပေါက်လာခဲ့၏။ ထိပ်တန်းလက်နက်နိုင်ငံတစ်နိုင်ငံဖြစ်သော ဂျာမနီနိုင်ငံမှာ စစ်ရှုံးနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ရပြီး ရုရှားလက်နက်နိုင်ငံတော်ကြီးမှာ ပြိုကွဲခဲ့ရကာ ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ ဖြစ်လာခဲ့သည်။ တစ်ချိန်က နေမဝင်သော အင်ပါယာကြီးဟု လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော ဗြိတိသျှ အင်ပါယာကြီးမှာ ယိမ်းယိုင်စပြုလာပြီး အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့မှာ အင်အားကြီးနိုင်ငံများ ဖြစ်လာသည်။

ဤသို့ အပြောင်းအလဲများဖြစ်လာခဲ့ရသော်လည်း မဟာဟူဒီနီမှာ ဟိုးဟိုးကျော်နေသော ပဥ္စလက်ဆရာတစ်ဆူဖြစ်လာသည်သာမက တစ်မိုးလုံးဖျောက်ဆိပ်ဟု ဆိုရလောက်အောင် အောင်မြင်ပေါက်ရောက်လာသည်။

မဟာဟူဒီနီသည် သူ၏ အောင်မြင်ပေါက်ရောက်သော ပဥ္စလက်ပြကွက်များကို အခြေခံ၍ ရုပ်ရှင်ရိုက်ကူးရန် စိတ်ဝင်စားလာသည်။ အမှန်အားဖြင့် ဟူဒီနီသည် ပြင်သစ်နိုင်ငံ ပါရီမြို့တော်တွင် ခေတ္တသောင်တင်နေသော ၁၉၀၁ ခုနှစ်ခန့်ကပင် သူ၏ အောင်မြင်ပေါက်ရောက်သော ပဥ္စလက်ပြကွက်အချို့ကို မှတ်တမ်းတင် ရုပ်ရှင်တိုကလေးများအဖြစ် ရိုက်ကူးခဲ့၏။ အတော်အသင့်အောင်မြင်သော မှတ်တမ်းကားများဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုနှင့် အင်္ဂလန်နိုင်ငံတို့တွင် ရုပ်ရှင်ရိုက်ကူးသောလုပ်ငန်းသည် အောင်မြင်စပြုလာခဲ့ပြီ ဖြစ်၏။

အင်္ဂလန်နိုင်ငံမှ စီးပွားရေးသမားများသည် စီးပွားရေးလာဘ်မြင်သူများ ဖြစ်သည်။ သို့ဖြစ်၍ ၁၉၁၂ ခုနှစ်အတွင်း လျှမ်းလျှမ်းတောက်ကျော်ကြားနေသော ဟူဒီနီအား အဓိကဇာတ်ဆောင်ထား၍ ရုပ်ရှင်ရိုက်ကူးရလျှင် စို့စို့ပို့ပို့ အမြတ်ငွေရမည်ဟု တွက်ဆထားသည်။ အမေရိကန်ပြည်ထောင်စုမှ ရုပ်ရှင်ကုမ္ပဏီအချို့ကလည်း ဟူဒီနီအား အဓိကဇာတ်ဆောင်ထား၍ ရုပ်ရှင်ရိုက်ကူးရလျှင် သေသေချာချာ အောင်မြင်ပေါက်ရောက်မည်ဟု ကျိန်းသေတွက်ဆထား၏။ ထိုစဉ်က ကမ္ဘာကျော်စပြုနေသော ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီသည် ဟူဒီနီအား အဓိကရုပ်ရှင်သရုပ်ဆောင်ထား၍ စကားကမ်းလှမ်းခဲ့သည်။ ထိုစဉ်က ဟူဒီနီမှာ နာမည်ကျော်တံတားခုန်ချပွဲများပြုလုပ်ခြင်း၊ ရေကန်များ၊ မြစ်များအတွင်း လက်ထိတ်များ၊ ခြေချင်းများခတ်ထားရာမှ လွတ်မြောက်ပြသည့် လူသိရှင်ကြားစတန့်များ ပြုလုပ်ပြသခြင်းဖြင့် ဟိုးဟိုးကျော်နေသောအချိန် ဖြစ်သည်။

ရုပ်ရှင်ကုမ္ပဏီကြီးမှ ကျွမ်းကျင်သော ရုပ်ရှင်ထုတ်လုပ်သူများနှင့် ဒါရိုက်တာများကမူ ရေကူး၊ ရေငုပ်ကျွမ်းကျင်သော ဟူဒီနီအား ရေကူးရေငုပ်ခန်းအများဆုံးပါသော ဇာတ်လမ်းကို အခြေခံထား၍ ရိုက်ကူးရလျှင် အောင်မြင်ပေါက်ရောက်သော ရုပ်ရှင်ကားတစ်ကားဖြစ်လာနိုင်သည်ဟု ယူဆထားကြ၏။ သို့ဖြစ်၍ ဟူဒီနီအား ဇာတ်ဆောင်ထား၍ ရိုက်ကူးခဲ့သည်။ ရုပ်ရှင်ကားအတွက် ဇာတ်လမ်းများ စနစ်တကျရွေးချယ်ခဲ့ကြ၏။ ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီမှ တာဝန်ရှိသူအများကမူ ဟူဒီနီနှင့် အသင့်တော်ဆုံးဇာတ်လမ်းမှာ အဏ္ဏဝါအတွင်းစွန့်စားမှု ဖြစ်သည်။ သို့ဖြစ်၍ ပြင်သစ်စာရေးဆရာကြီး ဂျူးဗန်းရေးသော **အဏ္ဏဝါရေအောက်ခရီး** (Twenty Thousand League Under The Sea) ဖြစ်သည်။ (ယင်းဝတ္ထုကို ဆရာကြီးဒဂုန်ရွှေမျှားက **အဏ္ဏဝါရေအောက်ခရီး**ဟု မြန်မာဘာသာပြန်ဆိုခဲ့ပြီး နောင်အခါ ဝေါ(ဒ်)ဒစ်စနေးရုပ်ရှင်ကုမ္ပဏီမှ မင်းသားကြီး

ဂျိမ်းမေဆင်ကို ဇာတ်ဆောင်ထား၍ ရိုက်ကူးပြခဲ့ပြီး ဖြစ်ပါသည်။) ထို ရုပ်ရှင်ကားကြီးရိုက်ကူးရန် ၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလက ကမ်းလှမ်း ကြသော်လည်း အကြောင်းကြောင်းကြောင့် ရိုက်ကူးနိုင်ခြင်းမရှိခဲ့ပေ။

ဟူဒီနီကမူ သူ၏ တံတားခုန်ပွဲများ၊ ဟူဒီနီအား ဇောက်ထိုးဆွဲခြင်း နှင့် စွန့်ဝံ့သူ စသော စတန့်များကိုမူ မှတ်တမ်းတင်ရုပ်ရှင်ကားများ ရိုက် ကူးထားခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့ပါသည်။ နောင်အခါ ဟူဒီနီ သည် သူ့ကိုယ်ပိုင် ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခု ထူထောင်ပြီး လျှို့ ဝှက်သည်းဖို စွန့်စားခန်းနှင့် ရင်သိမ့်တုန်ဒီပ (Terror Island) တို့ကို ရိုက် ကူးခဲ့သော်လည်း အသင့်အတင့်သာ အောင်မြင်ခဲ့၏။

ပထမကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သည်နှင့် ဟူဒီနီသည် ဥရောပတိုက်သို့ ခြေဆန့်ရန် ပြင်ဆင်သည်။ သူ စိတ်ပြေရာပြေကြောင်းကြိုးစားပြီး လုပ်ငန်း ခွင်တွင် နှစ်မြှုပ်ရန်ကြိုးစားနေရသော်လည်း သူ့မိခင်ကြီး၏ ဝိညာဉ်နှင့် တွေ့ဆုံနိုင်ရန် စိတ်အားထက်သန်လျက်ရှိနေသည်။ ထို့ကြောင့် ပြပွဲစဉ် များမှ အားလပ်သည့်ရက်များတွင် ကွယ်လွန်သူတို့၏ ဝိညာဉ်နှင့် အမှန် တကယ် ဆက်သွယ်နိုင်သည့် နတ်ဝင်သည်ရှာပုံတော်ဖွင့်ခဲ့၏။ အမေရိ ကန်ပြည်ထောင်စု တစ်နံတစ်လျား အကြိုအကြားပါမကျန် နတ်ဝင်သည် ဆိုသူများကို သွားရောက်တွေ့ဆုံသည်။ လေ့လာသည်။ နတ်ဝင်သည်များ ၏ ဝိညာဉ်ခေါ်ပွဲများကိုတက်၍ စူးစမ်းလေ့လာခဲ့သည်။ သူတို့ဆွေးနွေး ပြောပြချက်များကို အချိန်ကုန်ခံ၍ နားထောင်ခဲ့သော်လည်း ဘဝင်မကျ။ လျှမ်းလျှမ်းတောက်ကျော်ကြားသော နတ်ဝင်သည်များ၊ တမလွန်လောက မှ ဝိညာဉ်ဘုံသားများ ဝင်ရောက် ပူးကပ်နိုင်သည်ဆိုသော ပုဂ္ဂိုလ်ထူးများ ကို အပင်ပန်းခံပြီး သွားတွေ့သည်။ သူတို့လမ်းညွှန်ချက်အတိုင်း တစ် သဝေမတိမ်းလိုက်နာပြီး ကွယ်လွန်သူမိခင်ကြီး၏ ဝိညာဉ်နှင့် ဆက်သွယ် ခဲ့သော်လည်း အကြောင်းမထူး။

နတ်ဝင်သည်အချို့သည် လာရောက်မေးမြန်းသူများ ယုံကြည်စေ ရန် လိမ်ညာနေကြသည်ကို တွေ့လာသည်။ တမလွန်လောကမှ ဝိညာဉ် မှပူး၍ ပြောသယောင်ယောင် ဟန်ဆောင်ပြနေသည်ကို တွေ့ခဲ့ရ၏။ ကွယ်လွန်သူတို့၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည်ဟုဆိုသော အချို့နတ် ဝင်သည်အများသည် ရေရာခြင်းမရှိသော စကားအမျိုးမျိုးကိုပြော၍ အဓိ ပ္ပာယ်အမျိုးမျိုးကို လိုသလိုကောက်ယူပြီး တမလွန်ဘဝမှ ဝိညာဉ်က ပြော သယောင် ပြုလုပ်ကြသဖြင့် ဟူဒီနီက နတ်ဝင်သည်လောကအပေါ် စိတ် ပျက်သည်။ သို့သော် အတုအယောင်ရှိလျှင် အမှန်တကယ် ဝိညာဉ် လောကနှင့် ဆက်သွယ်နိုင်သော နတ်ဝင်သည်ရှိရမည်ဟု ယုံကြည်သည်။

သူ့အဖို့ ထိုနတ်ဝင်သည် အစစ်အမှန်ကို ရေမြေဆုံးတိုင်ရှာဖွေ၍ ကွယ်လွန်သူမိခင်ကြီး၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်မည် ယူဆထား၏။ ပြပွဲစဉ်များအားလပ်ချိန်တွင် အနားမယူဘဲ နတ်ဝင်သည်အစစ်အမှန်ကို

ရှာဖွေရန်ကြိုးစားနေသော ဟူဒီနီအတွက် ဇနီးဖြစ်သူဘက်(ခ်)က ရင်နာမိသည်။ ညစဉ်ညတိုင်း 'မေမေရေ၊ မေမေ့အသံကို သားမကြားရတော့ဘူးလား' ဟု ဟူဒီနီအိပ်ပျော်နေစဉ် ယောင်၍ တမ်းတနေသံများကို ကြားရလေလေ ဇနီးဖြစ်သူ ဘက်(ခ်)က စိတ်မချမ်းမြေ့ဖြစ်လာရ၏။

ဟူဒီနီသည် သူ့မိတ်ဆွေအပေါင်းအသင်းများနှင့် ကတိထားကြသည်။ သူတို့အထဲမှ မည်သူ ဦးစွာကွယ်လွန်သည်ဖြစ်စေ ဝိညာဉ်အဖြစ် တမလွန်လောကတွင်ရှိနေပါက ဖြစ်သောနည်းဖြင့် သူနှင့်ဆက်သွယ်ရန် အချင်းချင်း ကတိပေးကြ၏။ ထိုသို့ အချင်းချင်းဆက်သွယ်ရာတွင် ရုတ်တရက် သိရှိနိုင်ရန် လျှို့ဝှက်စကားတို့ကိုပါ မှာကြားထားကြသည်။

ဟူဒီနီအဖို့ အခိုင်မာဆုံး ဝိညာဉ်မေတ္တာကတိ သစ္စာထားသူမှာ သူ့ဇနီး ဘက်(ခ်) ဖြစ်၏။ သူနှင့် ဇနီး ဘက်(ခ်)တို့ အရင်သေဆုံးသူက ကျန်ရစ်သူထံ ဝိညာဉ်အဖြစ် လာတွေ့ရန် သို့မဟုတ် လာရောက်၍ဆက်သွယ်ရန် ဖြစ်သည်။ သူတို့ဇနီးမောင်နှံကြား လျှို့ဝှက်ထားသော စကားလုံး ဆယ်လုံးပါဝင်သည်ဟု ဆိုသည်။ ပထမစကားလုံးကား 'ရို(စ်)ဘယ်(လ်)' ဖြစ်သည်။ သူတို့နှစ်ယောက်အတွက် 'ရို(စ်)ဘယ်(လ်)' ဟူသော စကားသည် အသည်းခိုက်အောင် အဓိပ္ပာယ် နက်နဲလှ၏။ ကျန်စကားလုံးကိုးလုံးမှာမူ တစ်လုံးစီ ဂဏန်းများကို ကိုယ်စားပြုထားသည်။ ထိုစကားလုံးများမှာ-

(၁) ဖြေပါ (၆) ပြောပါ
(၂) ပြောပါ (၇) ဖြေပါ
(၃) ရှိခိုးပါ (၈) ပြောပါနှင့်
(၄) ဖြေပါ (၉) ဖြေပါ ဖြစ်ပါသည်။
(၅) ကြည့်ပါ

ထိုစကားလုံး၏ အဓိပ္ပာယ်ကို အပြည့်ဖော်ထုတ်ပါက 'ရို(စ်)ဘယ်(လ်) ရေ ယုံပါကွယ်' ဟု ရသည်။ ဟူဒီနီက သူအရင်ကွယ်လွန်လိမ့်မည်ဟု ထာဝစဉ် ယူဆထား၏။ သူ့အဖို့ ထာဝစဉ် အသက်အန္တရာယ်နှင့် နီးလေသည်။ ထို့ကြောင့် သူကွယ်လွန်သည်နှင့် ဝိညာဉ်အဖြစ် သူ့ဇနီးထံ ပြန်လာမည်ဟု ဆုံးဖြတ်ထား၏။ အမှန်အားဖြင့် ဝိညာဉ်အနေဖြင့် အသက်ရှင်သူတို့ထံ ပြန်လာနိုင်မည်၊ မနိုင်မည်မှာ မသေချာ။ သူ့အနေဖြင့် ဝိညာဉ်အဖြစ် ပြန်လာနိုင်ပါက ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည်ကို တိတိကျကျ သက်သေပြနိုင်မည်ဟု သူက တွက်ဆထား၏။

❐

## (၁၈)

ပထမကမ္ဘာစစ်ကြီးပြီးဆုံးခဲ့ပြီ ဖြစ်သည်။ ဤစစ်ကြီးတွင် ဗြိတိန်နိုင်ငံနှင့် မဟာမိတ်နိုင်ငံများသည် စစ်အောင်သည့်နိုင်ငံများ ဖြစ်ကြ၏။ အမှန်အားဖြင့် ပထမကမ္ဘာစစ်ကြီးသည် စစ်ရှုံးသောနိုင်ငံများတွင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ကျန်းမာရေး စသော လူမှုဒုက္ခအပေါင်း တွေ့ရသကဲ့သို့ စစ်အောင်သော နိုင်ငံအများတွင်လည်း စစ်ရှုံးသောနိုင်ငံများနည်းတူ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသော လူမှုဒုက္ခအပေါင်းနှင့် ကြုံခဲ့ရသည်။ အမေရိကန်ပြည်ထောင်စုနှင့်အင်္ဂလန်နိုင်ငံတို့တွင် တောက်လောင်ခဲ့ပြီးသော ပထမကမ္ဘာစစ်ကြီးကြောင့် စီးပွားရေးပျက်သည့် ဖြစ်ရပ်များနှင့် ကြုံတွေ့လာရ၏။ အမေရိကန်ပြည်ထောင်စု၌ အလုပ်လက်မဲ့ဦးရေ တစ်နေ့တခြား များပြားလာခဲ့ရပြီး စီးပွားရေးကျပ်တည်းသော အလှည့်အပြောင်းနှင့် ကြုံလာရ၏။ ဟူဒီနီတို့ဦးဆောင်နေသော ပဥ္စလက်ပြပွဲများမှာလည်း အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့လာခဲ့ရပြီး ဂယက်ရိုက်ခတ်လာခဲ့၏။

မဟာဟူဒီနီအဖို့ အသက်လေးဆယ်ကျော်၍ ငါးဆယ်အတွင်းရောက်ခဲ့လာခဲ့ပြီ ဖြစ်သည်။ သူ့အား ဆရာဝန်အများက တတ်နိုင်သလောက် အားသွန်ခွန်စိုက်ပြုလုပ်ရသောပြကွက်များအား စွန့်လွှတ်ရန် အကြံပေးကြသည်။ သို့ဖြစ်၍ ပဥ္စလက်လောကကို ကျောခိုင်း၍ ရုပ်ရှင်လောကသို့ ခြေစုံပစ်၍ဝင်ရမည်လောဟု စဉ်းစားမိသည်။ သူ့တွင် စွဲလမ်းနေသော ဝိညာဉ်လောကနှင့် ပတ်သက်၍ သဘာဝကျသောအဖြေကိုရှာလိုသည်။ ဝိညာဉ်လောကနှင့် အမှန်တကယ် ဆက်သွယ်နိုင်သည်ဟူသောအချက်ကို တိတိကျကျသိလိုက်သည်။ သို့ဖြစ်၍ တစ်ချက်ခုတ်နှစ်ချက်ပြတ်အဖြစ်မျိုးနှင့်ကြုံစေရန် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာရန် ဆုံးဖြတ်သည်။ ထိုစဉ်က စစ်ပြီးစ အင်္ဂလန်နိုင်ငံတွင် သူကဲ့သို့ ဝိညာဉ်လောကကို စွဲလမ်းနေသူတွေ ဒုနှင့်ဒေး ရှိနေသည်။ ပထမကမ္ဘာစစ်မီးကြီးကြောင့်

လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ကြရသည်။ အိမ်ထောင်စုတိုင်း၌ ချစ်လှစွာသော ခင်ပွန်း၊ သား၊ ဦးလေး၊ ဖခင်၊ တူ၊ ညီအစ်ကိုမောင် စသော အရွယ်ရောက် အမျိုးသားတစ်ဦးဦး စစ်တွင်ကျဆုံးခဲ့ရ၏။ အသေအပျောက်များခြင်းကြောင့် ဝိညာဉ်လောကအပေါ် စိတ်ဝင်စားလာသည်။ လူတန်းစားအမျိုးမျိုးမှ လူအများလေးစားကြရသော ပုဂ္ဂိုလ်ကြီးများသည် ဝိညာဉ်လောကရှိသည်ဟူသော အယူအဆကို လက်ခံလာကြ၏။

ထိုပုဂ္ဂိုလ်ကြီးများတွင် နိုင်ငံတကာမှ လေးစားကြရသော စာရေးဆရာကြီးများ၊ တက္ကသိုလ်ကျောင်းတိုက်ကြီးများမှ ပါမောက္ခများ၊ သိပ္ပံပညာရှင်များ၊ ဆေးပညာရှင်များ ပါဝင်ခဲ့ကြသည်။ ထိုပုဂ္ဂိုလ်ကြီးများသည် အင်္ဂလန်နိုင်ငံ၌ ၁၈၈၂ ခုနှစ်ကပင် စတင် တည်ထောင်ခဲ့သော ဗြိတိသျှ မနောသုတေသနအသင်းကြီးတွင် ပါဝင်ခဲ့ပြီး ဝိညာဉ်လောကနှင့် ပတ်သက်သော ဖြစ်ရပ်များကို စနစ်တကျ သိပ္ပံနည်းကျ စူးစမ်းလေ့လာခဲ့ကြသည်။ ဤပုဂ္ဂိုလ်ကြီးများအနက် စာပေလောကကို ကျောခိုင်း၍ ဝိညာဉ်လောကတို့ စနစ်တကျ စူးစမ်းလေ့လာရန် ခြေစုံပစ်ဝင်ခဲ့သူမှာ ကမ္ဘာကျော်စာရေးဆရာကြီးနှင့် ဆရာဝန်ကြီး ဆာအာသာကိုနင်ဒွိုင်း ဖြစ်သည်။ ဆရာကြီးဖန်တီးရေးသားခဲ့သော ရှားလော့ဟုမ်းဝတ္ထုများမှာ ထိုစဉ်က ရောင်းမလောက်အောင်စွံခဲ့သည်။ အကြိမ်ကြိမ်ထုတ်ဝေလျက်ရှိပြီး စာဖတ်ပရိသတ်သည် ရှားလော့ဟုမ်း (မောင်စံရှား) ဟူသော အလွတ်စုံထောက် အမှန်တကယ်ရှိသည်ဟု ယူဆထားသည်။ သူ့ဝတ္ထုများကို အင်္ဂလိပ်ဘာသာမှ နိုင်ငံအသီးသီးက မိမိတို့ဘာသာဖြင့် ပြန်ဆိုရေးသားထုတ်ဝေခဲ့သဖြင့် ဆရာကြီးကိုနင်ဒွိုင်းမှာ နိုင်ငံတကာမှ အထူးလေးစားရသောပုဂ္ဂိုလ်ကြီး ဖြစ်သည်။

အမှန်အားဖြင့် ဆရာကြီးသည် ရှားလော့ဟုမ်းဝတ္ထုများကို ရေးသားနေစဉ် သူ့အိမ်အနီးတွင်နေထိုင်သော အငြိမ်းစားဗိုလ်ချုပ် ဒရေဆန်ဆိုသူနှင့် ခင်မင်လာခဲ့၏။ ဗိုလ်ချုပ်ဒရေဆန်မှာ ဝိညာဉ်ဝါဒကို သက်ဝင်ယုံကြည်သူတစ်ဦးဖြစ်သည်သာမက ဗြိတိသျှ မနောသုတေသနအသင်းကြီး မူဝါဒများနှင့် စနစ်တကျ သိပ္ပံနည်းကျ စူးစမ်းလေ့လာမှုများကို ထာဝစဉ် ထောက်ခံသူ ဖြစ်၏။ ဗိုလ်ချုပ် ဒရေဆန်မှာ စိတ်ဝိညာဉ်ဝါဒဆိုင်ရာ ရှားပါးစာအုပ်စာတမ်းများကို စုဆောင်းထားသူလည်း ဖြစ်သည်။

တစ်နေ့တွင် ဗိုလ်ချုပ်ဒရေဆန်သည် ကွယ်လွန်သူ သူ၏ညီတော်သူ၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်ပုံကို ဆရာကြီးဒေါက်တာကိုနင်ဒွိုင်းအား လက်တွေ့ပြသခဲ့ရာမှ ဆရာကြီးကိုနင်ဒွိုင်းမှာ တမလွန်လောကမှ ဝိညာဉ်များနှင့် ဆက်သွယ်နိုင်မှုကို ယုံကြည်လာသည်။ တမလွန်ဘုံသားများနှင့် ဆက်သွယ်ရေးဘက်သို့ စိတ်ကိုင်းညွတ်လာခဲ့သည်။ ပထမကမ္ဘာစစ်ကြီးဖြစ်ပွားနေစဉ် ဆရာကြီးကိုနင်ဒွိုင်းသည် ကမ္ဘာကျော် သိပ္ပံပညာရှင် ပါမောက္ခ ဆာအော်လီဗာလော့(ဂျ်)နှင့် ခင်မင်လာခဲ့သည်။

ထိုစဉ်က ဥရောပအနောက်ဘက် စစ်မျက်နှာသည် ကမ္ဘာ့သမိုင်းတွင် ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ရပ် အများဆုံး မှတ်တမ်းတင်နိုင်သော စစ်မျက်နှာ ဖြစ်၏။ ဗြိတိသျှနှင့် မဟာမိတ်များဘက်မှလည်းကောင်း၊ ဂျာမနီနိုင်ငံ၏ မဟာမိတ်များဘက်မှလည်းကောင်း အရာရှိ၊ အရာခံ၊ အကြပ်တပ်သားနှင့် အပြစ်မဲ့အရပ်သူအရပ်သားပေါင်း သိန်းချီ၍ ကျဆုံးခဲ့ရ၏။ ထိုဥရောပအနောက်ဘက်စစ်မျက်နှာ ပရ်(လ်)ဟူသော ကျေးရွာကလေးအနီးတွင် ပါမောက္ခ ဆာအော်လီဗာလော့(ဂျ်)သားဖြစ်သူ ရေမွန်မှာ ကျဆုံးခဲ့ရ၏။ ပါမောက္ခကြီးနှင့် ဇနီးဖြစ်သူတို့သည် ကျဆုံးသွားသော သားဖြစ်သူ ရေမွန်၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်ရေးကို နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့သည်။

ဆာအော်လီဗာလော့(ဂျ်)၏ ဇနီးဖြစ်သူ လေဒီလော့(ဂျ်)သည် မိတ်ဆွေတစ်ဦး၏ အကူအညီနှင့် စိတ်ချယုံကြည်ရသော နတ်ဝင်သည်တစ်ဦးနှင့် တွေ့ဆုံခဲ့ရပြီး ဥရောပစစ်မျက်နှာတွင် ကျဆုံးသွားသော သားဖြစ်သူ ရေမွန်နှင့် ဆက်သွယ်နိုင်သည်။ ဤကဲ့သို့ ဆက်သွယ်ရာတွင် စနစ်တကျ စုံးစမ်းစစ်ဆေးပြီးမှ လက်ခံခြင်းဖြစ်သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့ပါသည်။ နတ်ဝင်သည်မသည် မည်သူမျှမသိရသော ပါမောက္ခကြီးတို့မိသားစု၏ လျှို့ဝှက်ချက်များ၊ သေဆုံးသူ ရေမွန် သေသေချာချာ လျှို့ဝှက်ထားသဖြင့် မိသားစုများ ရှာမတွေ့ရသော ရေမွန်၏ပစ္စည်းများ၊ ရေမွန်၏ လူသိနည်းသော ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်များကိုပါ နတ်ဝင်သည်နှင့် ဆက်သွယ်မေးမြန်းရာမှ တိတိကျကျ မှန်မှန်ကန်ကန် သိလာရသဖြင့် ပါမောက္ခဖြစ်သူ သိပ္ပံပညာရှင်နှင့် ဗြိတိသျှမနောသုတေသနအသင်းကို တည်ထောင်သူ ဆာအော်လီဗာလော့(ဂျ်)သည် သူနှင့် ဥရောပအနောက်ဘက် စစ်မျက်နှာ၌ ကျဆုံးခဲ့ရသော သူ၏သားဖြစ်သူ ရေမွန်၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည်ဟု ကြေညာချက်ထုတ်ခဲ့သည်။ ထိုစဉ်က အင်္ဂလန်နိုင်ငံမှထုတ်ဝေသော သတင်းစာကြီးများတွင် ပါမောက္ခကြီး၏ ကြေညာချက်နှင့် ကွယ်လွန်သူရေမွန်၏ ဝိညာဉ်နှင့် ဆက်သွယ်ပုံ သတင်းအချက်အလက်များကို သက်သေသာဓက အထောက်အထား စုံစုံလင်လင်နှင့် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးခဲ့သဖြင့် လူအများ စိတ်ဝင်စားဖွယ်သတင်း ဖြစ်လာသည်။

ပါမောက္ခဆာအော်လီဗာလော့(ဂျ်)သည် ဗြိတိသျှမနောသုတေသနအသင်း၏ အကူအညီနှင့် (Ramond) **ရေမွန်** ဆိုသော စာအုပ်နှင့် **သေသည်၏အခြားကမ္ဘာ** (Life Beyond the Veil) ဟူသော စာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော စာအုပ်များ ဖြစ်၏။ ဆရာကြီးကိုနင်ဒွိုင်းကလည်း ပါမောက္ခကြီးနှင့်အတူ ဝိညာဉ်လောကနှင့် ဆက်သွယ်ရေး သုတေသနများကို တစိုက်မတ်မတ်ပြုလုပ်ခဲ့တော့သည်။ ဗြိတိသျှမနောသုတေသနအသင်းကလည်း တမလွန်

လောကနှင့် ဆက်သွယ်နိုင်သည်ဆိုသော နတ်ဝင်သည်များကို စနစ်တကျ သိပ္ပံနည်းကျ စူးစမ်းမှုများပြုလုပ်ခဲ့ပြီး ထိုစူးစမ်းလေ့လာမှုမှတ်တမ်းများ၊ ထူးခြားဖြစ်စဉ်များကို အသင်းမှထုတ်ဝေသော သုတေသနဂျာနယ်တွင် ဖော်ပြပေးခဲ့သည်။

ထိုသုတေသနဂျာနယ်များနှင့် သတင်းဆောင်းပါးများကို ဖတ်ရှုရသော ဟူဒီနီသည် ထူးထူးခြားခြား စိတ်ဝင်စားလာသည်။ သို့ဖြစ်၍ ဟူဒီနီသည် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာလာသည်။ သူ့ရည်ရွယ်ချက်မှာ ပဥ္စလက်ပြပွဲများပြသရေးထက် ဆရာကြီးကိုနင်ဒွိုင်း အပါအဝင် ဗြိတိသျှမနောသုတေသနအသင်းမှ သုတေသီပုဂ္ဂိုလ်ကြီးများနှင့်တွေ့ဆုံ၍ ဝိညာဉ်လောကနှင့်ဆက်သွယ်ရေးကို စူးစမ်းရန် ဖြစ်၏။ ဟူဒီနီသည် လန်ဒန်ရောက်သည်နှင့် သူ့မိတ်ဆွေဟောင်းများ၊ ကန်ထရိုက်တာဟောင်းများ၏ မေတ္တာရပ်ခံချက်အရ လန်ဒန်မြို့တော်၏ အဆင့်မြင့်အယ်(လ်)ဟမ်ဘရာပြဇာတ်ရုံကြီးတွင် သူတီထွင်ထားသည့် ပဥ္စလက်ပြကွက်သစ်များကို တင်ဆက်ပြသခဲ့ရ၏။

အင်္ဂလန်လူထုသည် ပထမကမ္ဘာစစ်ကြောင့် ဟူဒီနီ၏ ပဥ္စလက်ပြကွက်သစ်များကို ကြည့်ရှုခွင့်မရကြသည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်သဖြင့် ရုံပြည့်လျှံမျှ အားပေးခဲ့ကြ၏။ သူ၏ ဟူဒီနီအား ဇောက်ထိုးဆွဲခြင်း၊ နွားနို့သံစည်ပုံးကြီးအတွင်းမှလွတ်မြောက်မှု၊ ထူးဆန်းသော ငွေအင်္ကျီများဘည့်သော သေတ္တာကလေးတို့အား တအံ့တသြဖြစ်ကြသည်။ ဟူဒီနီသည် ဤပဥ္စလက်ပြကွက်သစ်များ တင်ဆက် ပြသခဲ့သော်လည်း သူ့စိတ်မှာ ဝိညာဉ်လောကနှင့် ဆက်သွယ်ရေးကို အားသန်နေသည်။ အင်္ဂလန်နိုင်ငံတွင် ရုပ်ရှင်ရိုက်ကူးရန်လည်း ကြံစည်ထားသည်။

အချိန်အားသည်နှင့် ဆရာကြီးကိုနင်ဒွိုင်းထံ မိတ်ဆက်စာရေးသားခဲ့၏။ သူရေးသားခဲ့သော **'ပဥ္စလက်ဆရာ ရောဘတ်ဟူဒင်၏လျှို့ဝှက်ချက်များကို ထုတ်ဖော်ခြင်း'** ဟူသော စာအုပ်တစ်အုပ်ကိုလည်း လက်ဆောင်အဖြစ် ပို့ပေးလိုက်သည်။ ၁၉၂၀ ပြည့်နှစ်၊ မတ်လ (၁၅) ရက်နေ့တွင်မူ ဆာအာသာကိုနင်ဒွိုင်းသည် မဟာဟူဒီနီထံ စာပြန်ကြားခဲ့၏။ ထိုစာတွင် ဟူဒီနီပေးပို့သည့်စာရရှိကြောင်းနှင့် ပေးပို့သည့်စာအုပ်ကို ဖတ်ရှုပြီးဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုတွင် တစ်ချိန်က လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ဒီဗွိုင်းပို့ညီနောင်အကြောင်းကိုလည်း မေးမြန်းခဲ့၏။

ဒီဗွိုင်းပို့ညီနောင်မှာ အမေရိကန်ပြည်ထောင်စု ပဥ္စလက်ပညာရှင်များလောကတွင် ထူးထူးခြားခြား ထင်ရှားခဲ့သူများ ဖြစ်၏။ အထူးသဖြင့် ထိုညီနောင်နှစ်ဦးမှာ လောကီပညာရှင်များဖြစ်ကြပြီး တမလွန်လောကနှင့် ဆက်သွယ်နိုင်သူများဖြစ်သည်ဟု ပရိသတ်က ယူဆထားကြ၏။ သူတို့ပြသသော ပဥ္စလက်ပြကွက်အချို့အား တမလွန်လောကမှ ပရလောက

သားတို့က ပံ့ပိုးကူညီခဲ့သည်ဟုလည်း ယုံကြည်ထားသည်။ ဟူဒီနီကမူ ဆရာကြီးကိုနင်ဒွိုင်းထံ စာရေးသားရာတွင် အထူးသတိထား၍ ရေးသားခဲ့သည်။ သူရေးသားသည့်စာများတွင် ဟူဒီနီက သူသည် ဝိညာဉ်လောကကို မယုံကြည်ကြောင်း၊ ဝိညာဉ်လောကနှင့် ဆက်သွယ်နိုင်သည်ဟုဆိုသော နတ်ဝင်သည်အများမှာ လူလိမ်လူညာများသာဖြစ်ကြောင်း စသဖြင့် သူ အမေရိကန်ပြည်ထောင်စုတွင်တွေ့ရသော နတ်ဝင်သည်များအကြောင်း ထည့်သွင်း ရေးသားခဲ့၏။

ဆာအာသာကိုနင်ဒွိုင်းကမူ ဝိညာဉ်လောက ဆိုသည်မှာ အမှန်တကယ်ရှိကြောင်း၊ သူ့တွင် ဝိညာဉ်လောက တကယ်ရှိသည် ဆိုသော အချက်အလက်များကို ပြသနိုင်ရန် သက်သေသာဓက အခိုင်အမာရှိကြောင်း၊ ဝိညာဉ်လောကနှင့် ပတ်သက်၍ လူလိမ်လူညာများရှိကြောင်း၊ လူလိမ်လူညာရှိသလို ဝိညာဉ်လောကနှင့် အမှန်တကယ် ဆက်သွယ်နိုင်သူများလည်းရှိကြောင်း ရှင်းပြခဲ့၏။ ဆာအာသာကိုနင်ဒွိုင်းသည် ဟူဒီနီ၏ ဝိညာဉ်နှင့် အမှန်တကယ် ဆက်သွယ်နိုင်သူဟု ယူဆထားသော နတ်ဝင်သည်များ၏စာရင်းနှင့် ထိုသူတို့နေထိုင်သော နေရပ်လိပ်စာများကိုပါ ဟူဒီနီထံ ပေးပို့ခဲ့၏။

ဟူဒီနီထံ ဆရာကြီးကိုနင်ဒွိုင်းပေးပို့သော နတ်ဝင်သည်များစာရင်းတွင် မစ္စစ်အယ်နီဘရစ်တိန်ဆိုသူ ပါဝင်ခဲ့၏။ မစ္စစ်အယ်နီမှာ ထိုစဉ်က အင်္ဂလန်နိုင်ငံတွင် အတော်အသင့် ထင်ရှား၍ ရိုးသားဖြောင့်မတ်သော နတ်ဝင်သည်တစ်ဦး ဖြစ်သည်ဟု အများက ယူဆထားသည်။ ဗြိတိသျှမနောသုတေသနအသင်း၏ မှတ်တမ်းများအရဆိုရလျှင် မစ္စစ်အယ်နီဘရစ်တိန်ထံ သွားရောက်၍ စုံစမ်း လေ့လာသူအများအား မစ္စစ်အယ်နီဘရစ်တိန်သည် ရာခိုင်နှုန်းပြည့်နီးပါး မှန်ကန်အောင် ပြောဆိုပြနိုင်သဖြင့် တမလွန်လောကနှင့်ဆက်သွယ်နိုင်သည်ဟု ယူဆဖွယ်ဖြစ်သည်ဟု ဆိုသည်။

ဧပြီလ (၂၅) ရက်နေ့တွင် ဟူဒီနီနှင့် သူ့ဇနီး ဘက်(စ်)တို့သည် နတ်ဝင်သည်မစ္စစ်အယ်နီဘရစ်တိန်နှင့် သွားရောက်တွေ့ဆုံခဲ့သော်လည်း ဟူဒီနီကမူ ဘဝင်မကျခဲ့ပေ။ ရက်သတ္တပတ် နှစ်ပတ်ခန့်ရှိသောအခါ ဟူဒီနီသည် ဆရာကြီးကိုနင်ဒွိုင်းနှင့် တွေ့ဆုံခဲ့ပြီး ဝိညာဉ်လောကနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ဆရာကြီးကိုနင်ဒွိုင်းကမူ သူကိုယ်တိုင် သူ၏ ကွယ်လွန်သူ သားနှင့် (၅)ကြိမ်တိုင်တိုင် ဆက်သွယ်နိုင်ခဲ့ကြောင်း၊ ဤသို့ဆက်သွယ်ရာတွင် ကွယ်လွန်သူသားနှင့် မိသားစုများသာသိသော လျှို့ဝှက်ချက်များနှင့် အခြားကိစ္စရပ်များကိုပါ သိရှိရကြောင်း စသဖြင့် ထုတ်ဖော်ပြောခဲ့သည်ဟု နောင်အခါ ဟူဒီနီက ရေးသား ဖော်ပြခဲ့၏။

ဒေါက်တာကိုနင်ဒွိုင်းကမူ အမှန်အားဖြင့် ဟူဒီနီ အောင်မြင်ပေါက်ရောက်စွာပြုလုပ်ခဲ့သော ပဥ္စလက်ပြကွက်များ၊ တံတားခုန်စွန့်စား

ခန်းများ၊ သူ၏ ရုပ်ခွဲနာမ်ခွဲနိုင်သူ စသော ပြကွက်အများ၊ သာမန်ပဉ္စလက်ဆရာများ ပြသရန်ခဲယဉ်းသော ပြကွက်များသာ ဖြစ်ကြောင်း မည်မျှအပင်ပန်းခံ လေ့ကျင့်ရသည်ဖြစ်စေ ဤကဲ့သို့ သည်းထိတ်ရင်ဖိုပြကွက်များမှာ တစ်စုံတစ်ယောက်သော စွမ်းအင်ရှိသူ၏ အကူအညီပေးခြင်းကြောင့်သာဖြစ်နိုင်ကြောင်း၊ ဟူဒီနီ ဤကဲ့သို့ အောင်မြင်ပေါက်ရောက်သော ပဉ္စလက်ဆရာ ဖြစ်ခဲ့ရသည်မှာ ပရလောက၏အကူအညီ ပါဝင်နိုင်ကြောင်း ပြောပြခဲ့သော်လည်း ဟူဒီနီကမူ သူ၏ ထူးခြားသော အပင်ပန်းခံ၍ လေ့ကျင့်မှုကြောင့်သာ ဖြစ်သည်ဟု ယူဆထား၏။

ဒေါက်တာကိုနင်ဒွိုင်းနှင့် ဇနီး(ဒုတိယဇနီး)ဖြစ်သူတို့မှာ ဝိညာဉ်လောကကို ထူးထူးခြားခြား ယုံကြည်သူများ ဖြစ်ကြ၏။ ဆရာကြီးသည် သူ၏ရှားလော့ဟုမ်းဝတ္ထုများကို ဆက်လက် ရေးသားခြင်းမပြုတော့ဘဲ ဇနီးနှင့်အတူ ဝိညာဉ်လောကနှင့်ပတ်သက်သော သုတေသနများကိုသာ တစိုက်မတ်မတ် ပြုလုပ်ခဲ့သည်။ ဆရာကြီးသည် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင်လည်း စိတ်ဝိညာဉ်ဆိုင်ရာ ဆောင်းပါးများကို ရေးသားခဲ့၏။ **'စိတ်ဝိညာဉ်ဆိုင်ရာသမိုင်း'** စာအုပ်ကြီးကိုလည်း ပြုစုနေခဲ့သည်။ ဇနီးဖြစ်သူမှာလည်း တမလွန်လောကနှင့် ဆက်သွယ်နိုင်သည်ဟု ထင်ပေါ်ကျော်ကြားနေသူ ဖြစ်၏။ သို့သော် ထိုစဉ်က မနောသုတေသီတို့၏ စူးစမ်း လေ့လာချက်များအရ နတ်ဝင်သည်အများမှာ လူလိမ်လူညာများ ဖြစ်နေသည်။ အချို့ မနောသုတေသီအများကမူ နတ်ဝင်သည်များကို လေ့လာရာတွင် ၎င်းတို့၏ သွားလာလှုပ်ရှားမှုကို စုံစမ်းထောက်လှမ်းခြင်းနှင့် ၎င်းတို့ မလိမ်နိုင်အောင် ကြိုတင်ကာကွယ်ခြင်းပြုလုပ်ပြီးမှ စေ့စေ့စပ်စပ် လေ့လာကြ၏။

ထိုလေ့လာခဲ့သော သုတေသီတို့အဆိုအရ အချို့သော နတ်ဝင်သည်များမှာ လိမ်လည်လှည့်စားခြင်းမရှိ။ မည်သည့်ပရိသတ်ကိုမျှလည်း မသုံးဘဲ ကွယ်လွန်သူ၏အကြောင်းကိုသော်လည်းကောင်း၊ နတ်ဝင်သည်အား လာရောက် မေးမြန်းသူတို့၏ ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်းများအကြောင်းကိုသော်လည်းကောင်း တိကျမှန်ကန်စွာ ပြောပြနိုင်သည်ကို တွေ့ရသည်။ ဒေါက်တာကိုနင်ဒွိုင်းသည် နတ်ဝင်သည်အများကို စူးစမ်း လေ့လာရာတွင် စနစ်တကျ သိပ္ပံနည်းကျ စုံစမ်းလေ့လာခဲ့သဖြင့် နတ်ဝင်သူတိုင်းအား လူလိမ်လူညာများဟုထင်ရန် မသင့်ဟု ဟူဒီနီအား သေသေချာချာ ရှင်းပြခဲ့၏။

ဆရာကြီးကိုနင်ဒွိုင်း၏ ဇနီးဖြစ်သူသည်လည်း တမလွန်လောကနှင့် ဆက်သွယ်နိုင်သည်ဟု နာမည်ကျော်ကြား၏။ လေဒီကိုနင်ဒွိုင်းကမူ တမလွန်လောကနှင့် ဆက်သွယ်ရာတွင် အချို့ နတ်ဝင်သည်တို့ကဲ့သို့ ကွယ်လွန်သူတို့နှင့် တိုက်ရိုက်ပြောခြင်း၊ သူတို့မှတစ်ဆင့်ပြောခြင်းများပြုလုပ်ခြင်းမပြုဘဲ အလိုအလျောက်စာရေးနည်း (Automatic Writing) ကို

အသုံးပြုသည်ဟု သိရ၏။ ထိုနည်းမှာ နတ်ဝင်သည်လက်ထဲတွင် ခဲတံတစ်ချောင်းကို ခပ်မော့မော့ ကိုင်ထား၍ အခြားအရာတစ်ခု၌ အာရုံစူးစိုက်နေစဉ် ခဲတံများ အလိုလို မသိမသာ ရွေ့လျား၍ အဓိပ္ပာယ်ရှိသော စာသားများပေါ်လာ၏။ ဤနည်းကို လေဒီကိုနင်ဒွိုင်းသည် အများဆုံးအသုံးပြုခဲ့သည်ဟု သိရ၏။ ဟူဒီနီကမူ ဤကဲ့သို့ တမလွန်လောကနှင့်ဆက်သွယ်ခြင်းကိုလည်း ဘဝင်မကျခဲ့ပေ။ အင်္ဂလန်နိုင်ငံတွင် ခြောက်လကြာမျှနေထိုင်စဉ် သူသည် ဝိညာဉ်လောကနှင့်ဆက်သွယ်နိုင်သူဟူသော နတ်ဝင်သည်များ၊ ဝိညာဉ်လောကအကြောင်း တစိုက်မတ်မတ် လေ့လာနေသော မနောသုတေသီများကိုတွေ့ဆုံ၍ ဆွေးနွေးခဲ့သည်။

မှတ်တမ်းများအရ မဟာဟူဒီနီသည် အင်္ဂလန်နိုင်ငံတွင် ခေတ္တနေထိုင်စဉ် ဝိညာဉ်အပူးခံပွဲပေါင်း (၁၀၀) ကျော်နှင့် ဝိညာဉ်ခေါ်ပွဲအများကို တက်ရောက် လေ့လာခဲ့သည်။ ထိုစဉ်က အင်္ဂလန်နိုင်ငံတွင် ဝိညာဉ်ခေါ်ယူပုံမှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ မီးမှိန်မှိန်ထွန်းထားသော စားပွဲဝိုင်းကြီးတစ်ခုကိုဝိုင်းလျက် ကွယ်လွန်သူတို့၏ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများနှင့်အတူ နတ်ဝင်သည်ပါရော၍ ထိုင်ကြရ၏။ ၎င်းတို့အားလုံး၏လက်များကို စားပွဲပေါ်၌မှောက်လျက် တစ်ဦး၏ဝဲလက်နှင့် တစ်ဦး၏ယာလက်ကိုထပ်ကာ တစ်ဦးနှင့်တစ်ဦး ဓာတ်ဆက်သကဲ့သို့ ချထားရသည်။ ထို့နောက် နတ်ဝင်သည်က ကွယ်လွန်သူ မည်သူမည်ဝါ လာရောက်ပါဟုခေါ်ပြီး ပြင်းထန်သောစိတ်ဖြင့် အာရုံပြုကြရ၏။ ထိုအခါ တမလွန်ဘုံတွင်ရောက်နေသော တမလွန်လောကသား၏ ဝိညာဉ်သည် ရောက်ရှိလာပြီး နတ်ဝင်သည်ကို မနောဖြင့်ပြောကြားသည်။ မေးသမျှဖြေကြားသည်။ နတ်ဝင်သည်က သူကြားသိသမျှကို တစ်ဆင့်ပြန်ပြောပြီး ဆွေမျိုးမိတ်သင်္ဂဟများက မေးသမျှကို ဝိညာဉ်က အဖြေပေးသည်ဟု ဆိုသည်။

ထိုဝိညာဉ်နှင့်ဆက်သွယ်ပွဲများတွင် တက်ရောက်ခဲ့သော ဟူဒီနီသည် သူ့မိခင်၏ဝိညာဉ်နှင့် ဆက်သွယ်ရန် ကြိုးစား၏။ ကွယ်လွန်သူတို့၏ ဝိညာဉ်နှင့်ဆက်သွယ်သူ နတ်ဝင်သည်အများမှာ သူ့မိခင်၏ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည်ဟု ဆိုကြ၏။ ဟူဒီနီကလည်း ထိုနတ်ဝင်သည်များကို သိလိုသောမေးခွန်းများကို မေးသောအခါ မရေမရာ ထင်မြင်ရာများကိုသာ ဖြစ်နေသည်။ မိခင်ထံမှပေးပို့သော စကားများမှာလည်း သဘာဝမကျ ထွင်လုံးများသာ ဖြစ်နေသည်။ ခိုင်လုံသော သက်သေအထောက်အထားမပြနိုင်။ သို့ဖြစ်၍ နတ်ဝင်သည်များသည် လိမ်ညာနေသူများဟု ယူဆပြီး သူ့အတွေ့အကြုံများကို စာဖြင့်ရေးသား၍ ကိုနင်ဒွိုင်းထံ ပေးပို့တော့၏။

ဆရာကြီးကိုနင်ဒွိုင်းကမူ ဟူဒီနီ အင်္ဂလန်နိုင်ငံ တစ်နံတစ်လျားသို့ သွားရောက်၍ နယ်လှည့်ဖျော်ဖြေနေသော ပြပွဲသတင်းများကို နားစွင့်နေခဲ့

သည်။ သတင်းစာများ၊ ဂျာနယ်များတွင်ပါဝင်သော ဟူဒီနီပြပွဲသတင်းများကို သေသေချာချာ ဖတ်သည်။ ဟူဒီနီ၏ ခက်ခဲသောပြကွက်များ၊ ရေစည်များ၊ နွားနို့အိုးကြီးများ၊ ဘွိုင်လာအိုးများ၊ သံရေကန်များ၊ အာမခံမီးခံသေတ္တာများမှာ လွတ်ထွက်ပြသောသတင်းများ၊ မြင့်မားသော တံတားကြီးများပေါ်မှ မြစ်အတွင်းခုန်ချပြသည့်ပွဲများ မြင့်မားသောအဆောက်အအုံကြီးများပေါ်မှ ဇောက်ထိုးဆွဲထားသောပြကွက်များသည် သာမန်သဘာဝနည်းဖြင့် ဖန်တီးတီထွင်ထားသောပြကွက်များ မဟုတ်နိုင်။ ပယောဂပါရပေလိမ့်မည်။ လောကီပညာဖြင့်သာ ဤပြကွက်အချို့ကို ပြုလုပ်ပြသနိုင်ခြင်း ဖြစ်သည်ဟု ကောက်ချက်ချသည်။

သို့ဖြစ်၍ ဆရာကြီး ဒေါက်တာကိုနင်ဒွိုင်းက ဟူဒီနီထံ စာတစ်စောင် ရေးသားခဲ့ပြန်၏။ ထိုစာတွင် မိမိကိုယ်တိုင်က သာမန် ပဉ္စလက်ဆရာတို့ သဘာဝနည်းဖြင့်မလုပ်နိုင်သောကိစ္စများကို တစ်ချိန်လုံးလုပ်ပြနေလျက် အဘယ်ကြောင့် ဝိညာဉ်လောကအတွက် သက်သေသာဓကရှာနေရသနည်းဟု မေးလိုက်သည်။ ထို့ပြင် ဟူဒီနီ ဝိညာဉ်လောကနှင့် အဆက်အသွယ်မလုပ်နိုင်သည်မှာ သူ့တွင်ရှိသောစွမ်းအင်များကို မှန်ကန်စွာ အသုံးမချသေးသောကြောင့်သာ ဖြစ်ရမည်ဟူ၍လည်း ထောက်ပြ၏။ ဟူဒီနီသည် ဝိညာဉ်လောကအကြောင်းသိလျက်နှင့် သူ၏ ပဉ္စလက်ပြကွက်များကို ကြည့်ရှုကြသော ပရိသတ်အား သူ့ပြကွက်များသည် သူ၏ကြိုးစားမှု၊ တီထွင်မှုကြောင့်သာဖြစ်သည်ဟု လွဲမှားစွာ အထင်ရောက်စေအောင်ပြုလုပ်နေခြင်းသာ ဖြစ်သည်ဟု စွပ်စွဲခဲ့၏။ မည်သို့ပင်ဖြစ်စေကာမူ ဟူဒီနီကမူ ဝိညာဉ်လောကစူးစမ်းရေးကို အလျှော့မပေးခဲ့။ ဆက်လက် စူးစမ်းရမည်ဟု ယူဆထားခဲ့၏။

ဤသို့အတွင်း လန်ဒန်မြို့မှထုတ်ဝေသော ဒေးလီးမေ(လ်)သတင်းစာ၊ ဒေးလီးနယူး(စ်)သတင်းစာ၊ ဒေးလီးတယ်လီဂရက်(ဖ်)သတင်းစာနှင့် ဒေးလီးမိုင်ယာသတင်းစာများတွင် အင်္ဂလန်နိုင်ငံ ယော့ရှိုင်းယားပြည်နယ်ကော့ တင်ဂလီကျေးရွာကလေးမှ ရွာသားတစ်ဦး၏သမီးဖြစ်သူနှင့် သူငယ်ချင်းမကလေးများ ရိုက်ကူးသည့် ဓာတ်ပုံတွင် တမလွန်လောကမှ နတ်သမီးကလေးများ၏ပုံများ ပါဝင်နေသည်ကို အံ့ဩဖွယ်တွေ့ရသည့်သတင်းကို ဓာတ်ပုံသာဓက အထောက်အထားများဖြင့် ဝေဝေဆာဆာ ရေးသားဖော်ပြထားခဲ့သည်ကို ဟူဒီနီ ဖတ်ရှုခဲ့ရသည်။

အမှန်အားဖြင့် ဤသတင်းသည် ဟူဒီနီအဖို့ ထူးလျက်နှင့်မဆန်းဟု ဆိုရမည် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ခရစ်နှစ် ၁၉၆၂ ခုနှစ်ခန့်ကလည်း အမေရိကန်ပြည်ထောင်စု ဘိုစတုန်မြို့မှ ဓာတ်ပုံဆရာ ဝီလျံမမ္မလာဆိုသူသည် ကွယ်လွန်သူတို့ဝိညာဉ်ကို ဓာတ်ပုံရိုက်၍ ရခဲ့သည်ဟု ထုတ်ဖော်ပြောဆိုခဲ့သဖြင့် အမေရိကန်ပြည်ထောင်စုတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရဖူး၏။ မမ္မလာသည်

ဓာတ်ပုံရိုက်ကင်မရာကို ခုံတစ်လုံးပေါ်တွင်တင်၍ ဓာတ်ပုံပြန်ရိုက်ခြင်း ဖြစ်၏။ ဓာတ်ပုံကို ကူးကြည့်သောသောအခါ ဓာတ်ပုံတွင် မမ္ဗလာ့ကိုယ်ပေါ်သို့ သက်သောင့်သက်သာမှီနေသော အသက် (၁၂) နှစ်ခန့်ရှိသော ကလေးမတစ်ဦး၏ မှုန်ဝါးဝါးပုံတစ်ပုံ ပေါ်နေသည်ကို တွေ့ရသည်။ ထိုကလေးမကလေးမှာ လွန်ခဲ့သော (၁၀) နှစ်ကျော်ကာလက ကွယ်လွန်ခဲ့သော သူ့ညီမဝမ်းကွဲတော်စပ်သူဖြစ်နေ၏။ ထိုဓာတ်ပုံ၏နောက်ကျောတွင် ‘ဤဓာတ်ပုံကို ရိုက်ကူးရာတွင် အခန်းအတွင်း ရိုက်ကူးခြင်း ဖြစ်ပါသည်။ ရိုက်ကူးခဲ့စဉ်က မည်သူတစ်ဦးတစ်ယောက်မှ မရှိပါ။ ကျွန်တော့်ရဲ့ ညာဘက်မှ မှုန်ဝါးဝါးဖြစ်နေသူမှာ လွန်ခဲ့သော (၁၀) နှစ်ခန့်က ကွယ်လွန်ခဲ့သော ကျွန်မ၏ ညီမလေး ဖြစ်ပါသည်’ ဟု စာရေးသားထား၏။

ထိုစဉ်က အမေရိကန်ပြည်ထောင်စု ဘိုစတုန်မြို့မှထုတ်ဝေသော နာမည်ကျော် ဘိုစတုန်ကမ္ဘာလုံးသတင်းစာကြီးတွင် ထိုဓာတ်ပုံနှင့် ဓာတ်ပုံနောက်ကျောပါ စာတန်း၏ စာသားများကိုပါ ဖော်ပြခဲ့၏။ ထိုသတင်းကို ပင်အခြား သတင်းစာကြီးများကလည်း လူအများစိတ်ဝင်စားဖွယ် ခေါင်းစဉ်များတပ်၍ ဖော်ပြပေးခဲ့သဖြင့် ထူးထူးခြားခြား ဂယက်ရိုက်ခဲ့ရသော သတင်း ဖြစ်သည်။ ထိုဓာတ်ပုံသည် နာမည်ကျော်စပြုပြီး လူအများ စိတ်ဝင်စားနေသော ဝိညာဉ်အပေါ် စိတ်ဝင်စားစေရန် နှိုးဆွပေးသကဲ့သို့ ဖြစ်၏။

လူအများသည် ဓာတ်ပုံဆရာ မမ္ဗလာထံသို့ သွားရောက်၍ ဝိညာဉ်ဓာတ်ပုံ ရိုက်ကူးပေးရန် တောင်းဆိုကြသည်။ ကွယ်လွန်သူ သမ္မတကြီး လင်ကွန်း၏ဇနီးဖြစ်သူ မေရီတုတ်သည် မထင်မရှားရုပ်ဖျက်၍ မမ္ဗလာထံ ဝိညာဉ်ဓာတ်ပုံရိုက်ကူးစေခဲ့ရာ ဓာတ်ပုံထဲ၌ ကွယ်လွန်သူသမ္မတကြီး လင်ကွန်း၏မျက်နှာ မှုန်ဝါးဝါးကိုတွေ့ကြသဖြင့် လူအများ အံ့သြခဲ့ရပြန်သည်။ မမ္ဗလာ၏ဓာတ်ပုံသည် အစစ်အမှန် ဝိညာဉ်ဓာတ်ပုံလောသို့မဟုတ် ဓာတ်ပုံအတုလောဆိုသည်ကို မည်သူမျှ တိတိကျကျမပြောနိုင်။

သို့သော် ခရစ်နှစ် ၁၈၆၈ ခုနှစ်တွင် ထိုဓာတ်ပုံများသည် အတုဖြစ်သည်ဟု သတင်းအစအနများ ထွက်ပေါ်လာခဲ့၏။ မူလဓာတ်ပုံပေါ်တွင် အခြားဓာတ်ပုံတစ်ပုံကို ထပ်ကူး၍ မှုန်ဝါးဝါးဖြစ်ပေါ်စေပြီး ဝိညာဉ်ဓာတ်ပုံဖြစ်ရန် ဖန်တီးထားခြင်း ဖြစ်သည်ဟု သိလာရပြီး မမ္ဗလာကလည်း ဝန်ခံသဖြင့် ဂယက်ထခဲ့ရ၏။

ထိုကဲ့သို့ အစဉ်အလာရှိခဲ့သဖြင့် ယခု ယော့ရှိုင်းယားပြည်နယ် ကော့တင်ဂလီကျေးရွာမှ အင်ဂျင်နီယာ တေသာရိုက်နှင့် ဇနီးပေါ်လီရိုက်တို့၏ သမီးဖြစ်သူ အယ်(လ်)စီရိုက် ရိုက်ကူးခဲ့သည်ဆိုသော ဝိညာဉ်ဓာတ်ပုံသည် အတုလော၊ အစစ်လောဆိုသည်ကို စနစ်တကျ စူးစမ်းရန်လိုအပ်သည်ဟု ဟူဒီနီက ယူဆထား၏။ ဤဝိညာဉ်ဓာတ်ပုံနှင့် ပတ်သက်၍

ဆရာကြီးကိုနင်ဗွိုင်းထံသို့ ဟူဒီနီသည် သွားရောက် ဆွေးနွေးမေးမြန်းခဲ့၏။ ဆရာကြီးကိုနင်ဗွိုင်းကမူ ထိုဝိညာဉ်ဓာတ်ပုံများသည် ဓာတ်ပုံပညာရှင်များနှင့် ဗြိတိသျှမနောသုတေသနအသင်းမှ သုတေသီများကိုယ်တိုင် စနစ်တကျ စုံစမ်းလေ့လာခဲ့ပြီးဖြစ်၍ အမှန်တကယ် ဝိညာဉ်ဓာတ်ပုံများဖြစ်ကြောင်း၊ လိမ်ညာရိုက်ကူးထားသော ဝိညာဉ်ဓာတ်ပုံများ ရှိကောင်းရှိနိုင်ပါကြောင်း စသဖြင့် ရှင်းပြခဲ့သည်။ ဟူဒီနီကမူ ဝိညာဉ်ဓာတ်ပုံနှင့် ပတ်သက်၍လည်း ဘဝင်မကျဖြစ်ခဲ့၏။ သူ အင်္ဂလန်နိုင်ငံတွင် လာရောက်ခဲ့သည့် (၆) လတာမျှအတွင်း ဝိညာဉ်ဝါဒနှင့်ပတ်သက်၍ လေ့လာမှုများ၊ စူးစမ်းမှုများ ပြုလုပ်ခဲ့သော်လည်း ဘဝင်မကျဖြစ်ခဲ့ရသည်။ သူ အထူးလေးစားသည့် ဆရာကြီးဆာအာသာကိုနင်ဗွိုင်းအပေါ်တွင်လည်း အားထားရာမမြင်ခဲ့ဟု ယူဆထား၏။

အင်္ဂလန်နိုင်ငံတွင် လက်ခံထားသောပွဲစဉ်များ ပြီးဆုံးသည်နှင့် အမေရိကန်ပြည်ထောင်စုသို့ ပြန်ရန်ပြင်ဆင်ခဲ့သည်။ သူ့အဖို့ ဝိညာဉ်လောကနှင့် ဆက်သွယ်နိုင်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးစားခဲ့သော်လည်း မရသေးဟု ယူဆသည်။ ဝိညာဉ်ဓာတ်ပုံရိုက်ကူးနိုင်သည်ဆိုသူများမှာလည်း လူထုအား လိမ်ညာနေသူများဖြစ်သည်။ သို့ဖြစ်၍ သူတို့၏ လိမ်နည်းနှင့် နတ်ဝင်သည်ဆိုသူများ၏ လိမ်နည်းညာနည်းများကို လူထုသိအောင် ဖွင့်ချ၍ပြမည်ဟု ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချခဲ့၏။ ဇူလိုင်လ (၃) ရက်နေ့တွင် ဟူဒီနီတို့အဖွဲ့သည် အမေရိကန်ပြည်ထောင်စုသို့ ပြန်လာခဲ့သည်။ ထိုနှစ်တွင် သူ နှစ်ပေါင်းများစွာ လေ့လာလေ့ကျင့်ထားသော ပဥ္စလက်ပညာများ၊ အခြားပဥ္စလက်ဆရာများပြသသည့် ပဥ္စလက်ပညာရပ်လေ့လာထားချက်များကိုအခြေခံ၍ (Miracle Mongers and Their Method) အံ့ဖွယ်နည်းလမ်းများအမည်ဖြင့် စာအုပ်တစ်အုပ် လေ့လာထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် မီးတောက်မီးလျှံများအား ဝမ်းတွင်းမျိုချပြသသူများ၊ ဓားများ သံချွန်များကို မျိုချပြသူများ၏ နည်းလမ်းနှင့် လျှို့ဝှက်ချက်များကို ဖော်ထုတ် ရေးသားထားသောစာအုပ် ဖြစ်သဖြင့် အရောင်းရအသွက်ဆုံးစာအုပ် ဖြစ်သည်။

❐

## (၁၉)

၁၉၂၂ ခုနှစ်၊ ဇွန်လတွင် ကမ္ဘာကျော် စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းနှင့်မိသားစုသည် အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် အတ္တလန္တိတ်စီးတီးမြို့၌ အနားယူရန် အင်္ဂလန်မှ ထွက်ခွာလာကြသည်။ သူတို့ရောက်ရှိခြင်းမရှိမီကပင် အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော သတင်းစာကြီးများတွင် ကမ္ဘာကျော်အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်းကိုဖန်တီးသူနှင့် ဗြိတိသျှမနောသုတေသနအသင်းမှ အမှုဆောင်တစ်ဦးဖြစ်သူ စာရေးဆရာကြီးကိုနင်ဒွိုင်း အလည်ရောက်ရှိမည့်သတင်းကို မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြထားကြ၏။ အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းနှင့် အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းမှထုတ်ပြန်သော ကြေညာချက်များတွင် ဆရာကြီးကိုနင်ဒွိုင်းနှင့် ဇနီးလေဒီကိုနင်ဒွိုင်းတို့သည် စာပေရေးရာကိစ္စရပ်များသာမက စိတ်ဝိညာဉ်ဆိုင်ရာ သုတေသနာအတွေ့အကြုံကိစ္စရပ်များကိုပါ ဟောပြောပို့ချဆွေးနွေးမည်ဟု ဖော်ပြထားသည်။ အမေရိကန်ပြည်ထောင်စုမှ စာပေဝါသနာရှင်များ၊ စိတ်ဝိညာဉ်ဆိုင်ရာ သုတေသနကိစ္စရပ်များတွင် စိတ်ဝင်စားကြသော ပရိသတ်များသည် ဆရာကြီးတို့မိသားစုများအား ဖိတ်ကြား၍ ဟောပြောပွဲများကျင်းပရန် စီစဉ်ခဲ့ကြ၏။

မှတ်တမ်းများအရ ထိုစဉ်က အမေရိကန်ပြည်ထောင်စုတွင် တမလွန်လောကရှိသည်ကို ယုံကြည်ကြပြီး ဝိညာဉ်လောကနှင့် ဆက်သွယ်နိုင်သူ၊ ဝိညာဉ်အပူးခံနိုင်သူ လူတစ်သန်းနီးပါးရှိသည်ဟု သိရ၏။ ဒေါက်တာကိုနင်ဒွိုင်းကမူ သူ အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျားရှိ မြို့ကြီးများတွင် စိတ်ဝိညာဉ်ဆိုင်ရာ ကိစ္စရပ်များကို ဟောပြောပို့ချခြင်းဖြင့် တမလွန်လောက၊ ဝိညာဉ်လောကရှိသည်ကို ယုံကြည်သူဦးရေ အမြောက်အမြား တိုးပွားလာရမည်ဟု မျှော်လင့်ထား၏။ သူနှင့် ခင်မင်ရင်းနှီးသူ မပာဟူဒီနီမိသားစုကိုလည်း ဝိညာဉ်လောကကို ယုံကြည်လာအောင်

ပညာရွှေတောင်စာအုပ်တိုက်

ပြုလုပ်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။

သို့ဖြစ်၍ ဟူဒီနီနှင့် ဇနီးတို့အား အတ္တလန္တိတ်စီးတီးသို့ သူတို့နှင့် အတူ လာရောက် အပန်းဖြေပါရန် ဆရာကြီးကိုနင်ဒွိုင်းက ဖိတ်ကြားခဲ့၏။ ဟူဒီနီနှင့် ဘက်(ခ်)တို့သည် ဇွန်လ (၉) ရက်နေ့တွင် အတ္တလန္တိတ်စီးတီးသို့ ထွက်ခွာလာခဲ့၏။ ဟူဒီနီသည် အမေရိကန်ပြည်ထောင်စုမှထုတ်ဝေသော သတင်းစာများတွင် ဆရာကြီးကိုနင်ဒွိုင်းကို ဝိညာဉ်လောကနှင့် ပတ်သက်၍ ဟောပြောပို့ချချက်သတင်းများ၊ အမေရိကန်ပြည်ထောင်စုမှ နတ်ဝင်သည်များနှင့် ဆရာကြီးကိုနင်ဒွိုင်း၏ဇနီးတို့ တွေ့ဆုံကြပုံ၊ ဝိညာဉ်ခေါ်ပွဲကျင်းပပုံများကို အသေးစိတ် ရေးသား ဖော်ပြခဲ့ကြ၏။

ဇွန်လ (၁၇) ရက်နေ့တွင် ဟူဒီနီနှင့် ဇနီးဘက်(ခ်)တို့သည် အတ္တလန္တိတ်စီးတီး ပင်လယ်ကမ်းခြေ၌ နေပူစာလှုံနေကြစဉ် စာရေးဆရာကြီး ကိုနင်ဒွိုင်း ရောက်လာပြီး သူ့ဇနီးဖြစ်သူ လေဒီကိုနင်ဒွိုင်းက ဟူဒီနီ၏ ကွယ်လွန်သူ မိခင်ကြီးနှင့် အလိုအလျောက် စာရေးသားဆက်သွယ်နည်းဖြင့် ဆက်သွယ်ပုံကို လက်တွေ့ ပြသလိုကြောင်း။ ထိုကိစ္စမှာ ဟူဒီနီ၏ ကိုယ်ရေးကိုယ်တာ ကိစ္စဖြစ်သဖြင့် တစ်ဦးတည်း လာရောက်ပါရန်နှင့် ဇနီးဖြစ်သူ ဘက်(ခ်) နေရစ်ရန်ကိုလည်း ပြောပြခဲ့၏။

သို့ဖြစ်၍ ဟူဒီနီသည် ဆရာကြီးကိုနင်ဒွိုင်းတို့မိသားစု တည်းခိုနေသော သံအမတ်ကြီးဟိုတယ်သို့ သွားရောက်ခဲ့၏။ ဟူဒီနီအား ဆီးကြိုနေသော ဒေါက်တာကိုနင်ဒွိုင်းသည် သူတို့တည်းခိုနေသော အခန်းအတွင်း ခေါ်ယူသွားခဲ့၏။ လေဒီကိုနင်ဒွိုင်းကမူ ဟူဒီနီအခန်းအတွင်းရောက်သည်နှင့် စားပွဲပေါ်တွင် အသင့်တင်ထားသော ခဲတံကို ကိုင်ယူလိုက်သည်နှင့် ခဲတံကိုင်ထားသောလက်သည် တဖြည်းဖြည်း လှုပ်လာသည်။ အသင့်ချထားသောစက္ကူပေါ်တွင် ခုန်ဆွခုန်ဆွနှင့် ရွေ့လျားလာသည်။ လေဒီကိုနင်ဒွိုင်းကမူ သူ့အား ဝိညာဉ်တစ်ခု ဝင်ကပ်ရောက်ပြီ ဖြစ်သည်ဟု ပြောပြလိုက်သည်။ ဟူဒီနီ၏မျက်နှာကို စူးစိုက်ကြည့်ပြီး ဝိညာဉ်ရှိသည်ကို ယုံကြည်သလား၊ ဘုရားသခင်ကိုယုံကြည်ပါသလားဟု မေးလိုက်၏။

ဟူဒီနီကလည်း ပူးကပ်နေသော ဝိညာဉ်သည် သူ့မိခင်ကြီး၏ ဝိညာဉ် ဖြစ်ပါသလားဟု မေးသည်။ လေဒီကိုနင်ဒွိုင်းကမူ သူ့လက်ဖြင့် စားပွဲကို သုံးကြိမ်ခေါက်၍ ဝိညာဉ်သည် ဟူဒီနီမိခင်ကြီး၏ ဝိညာဉ်ဖြစ်သည်ဟု ဆိုသည်။ ထို့နောက် လေဒီကိုနင်ဒွိုင်း၏လက်သည် စက္ကူပေါ်တွင် သူ့လက်မှ ခဲတံသည် ခပ်သွက်သွက်လှုပ်ရှားနေသည်။ အချိန်အနည်းငယ်ကြာလာသည်နှင့် ဆရာကြီးကိုနင်ဒွိုင်းသည် စားပွဲမှ အလိုအလျောက် ရေးသားထားသော စာရွက်ကိုယူ၍ ဟူဒီနီလက်သို့ ကမ်းပေးလိုက်တော့၏။

ထိုစာမှာ -

အို- ချစ်သောသား

*ဘုရားသခင်ကျေးဇူးတော်အဟုန်ကြောင့် မင်းထံသို့ ငါ ရောက်လာခဲ့လေပြီ။ ယခင်က ငါ အကြိမ်ကြိမ်ကြိုးစားသော်လည်း သင့်ထံရောက်မလာနိုင်။ ယခု ငါစိတ်ချမ်းသာလာပြီ။ အဘယ်ကြောင့်ဆိုသော် မင်းကို တွေ့ချင်၍ မင်းနှင့် စကားပြောချင်တာ ကြာပါပြီ။*

ဟု ရေးသားသည်ကို တွေ့ရသည်။

ဟူဒိနီအဖို့ ဟုတ်မှဟုတ်ပါ့မလားဟု သံသယဖြစ်နေသည်။ ဒေါက်တာကိုနင်ဒွိုင်းသည် စားပွဲပေါ်မှ နောက်ထပ်စာရွက်တစ်ရွက်ကို ယူပေးလိုက်ပြန်သည်။

*သား၊ မင်း ငါ့အသည်းနှလုံးက ငိုကြွေးနေတယ်ဆိုတာ မင်းသိပြီပေါ့။ မင်းကို ဘုရားသခင် စောင်မစောင့်ရှောက်ပါစေ။ ဘုရားသခင် အကြိမ်ပေါင်းထောင်ပေါင်းများစွာ စောင့်ရှောက်ပါစေ။ မင်း ဝမ်းနည်းမနေပါနဲ့။ မင်းလိုချင်သော သက်သေသာဓကတွေ အားလုံးရပါလိမ့်မယ်။*

ဆရာကြီး ဒေါက်တာကိုနင်ဒွိုင်း၏ဇနီး လေဒီကိုနင်ဒွိုင်းသည် စားပွဲပေါ်တွင်ရှိသော စာရွက်များပေါ်တွင် ခဲတံကလေးကို ခပ်ဖွဖွကိုင်ပြီး တင်ထား၏။ သူ့လက်သည် အလိုအလျောက် ရေးခြစ်နေသည်။ ဆရာကြီး ကိုနင်ဒွိုင်းကလည်း သူ့ဇနီးရေးခြစ်ထားသော စာရွက်များကို တစ်ရွက်ပြီး တစ်ရွက်ယူ၍ ဟူဒီနီအား ပေးသည်။ ဟူဒီနီ၏ ဟန်အမူအရာမှာ ဝမ်းနည်းကြေကွဲပြီး ဖျော့တော့အားနည်းနေသည်။ အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ သံသယရှိခြင်း စသော အမူအရာများလည်း သူ့မျက်နှာပေါ်တွင် ပေါ်လျက်ရှိနေသည်။ အချိန်အတော်အသင့်ကြာလာသည်နှင့် ဝိညာဉ်ထွက်သွားသည်ဆိုပြီး အလိုအလျောက် စာရေးသားနေခြင်း ရပ်သွားသည်။

ဟူဒီနီသည် မှေးမှိန်သောအလင်းရောင်မင်းမူနေသော ဆရာကြီး ကိုနင်ဒွိုင်းတို့ ဟိုတယ်ခန်းမမှ ထွက်လာခဲ့၏။ သူ့လက်တွင်း၌ တမလွန်လောကရောက်နေသော မိခင်၏ ရေးပြသည်ဟုဆိုသော လေဒီကိုနင်ဒွိုင်း ရေးထားသော စာရွက်များကို ဆုပ်ကိုင်လျက် ရှိသည်။ စာတွင်ပါသော စာသားအားလုံးမှာ တိတိကျကျဆိုလိုသောအချက် မတွေ့ရပေ။ သူ့မိခင်သည် ငယ်စဉ်ကလေးဘဝကပင် ရဟူဒီဘာသာကို ကိုးကွယ်သည်။ ယခု သူ့မိခင်ဝိညာဉ်က ပူး၍ရေးပြသည်ဆိုသောစာရွက်တွင် ခရစ်တော် လက်ဝါးကပ်တိုင် ရေးပြထား၏။ သို့ဖြစ်၍ ဆီလျော်ခြင်းမရှိဟု ဟူဒီနီက ယူဆထားသည်။ သူ့မိခင်သည် ငယ်စဉ်ကပင် ဂျာမန်ဘာသာကိုသာ ရေးတတ်၊ ပြောတတ်သည်။ အင်္ဂလိပ်စကားကို ထမင်းစားရေသောက်လောက်တောင် မပြောတတ်၊ မရေးတတ်ပေ။ သို့သော် ယခု ကွယ်လွန်သူမိခင်

ကြီးဝင်စီး၍ ရေးသည့်စာများမှာ အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်သူတစ်ဦး ရေးပြနေသကဲ့သို့ ဖြစ်နေသည်။ သူ့မိခင်၏ ဝိညာဉ်ဝင်ပူးကပ်သည်၊ သူ့မိခင်ဝိညာဉ် ဝင်ပူး၍ ရေးသည်ဆိုသော စာများသည် အမှန်တကယ်ဖြစ်သလော ရယ်မောစရာဖြစ်နေသည်။ သို့သော် လေဒီကိုနင်ဒွိုင်းနှင့် ဆရာကြီးကိုနင်ဒွိုင်းတို့သည် စိတ်ချယုံကြည်ရသောပုဂ္ဂိုလ်များဖြစ်သည်။ သူတို့ဇနီးမောင်နှံသည် သူ့အား တကယ် လေးစားခင်မင်သည်။ သူ့ပညာရပ်ကိုလည်း လေးစားသည်။ သူ့တွင် အခြား ပဋ္ဌလက်ဆရာများထက် လူအများနားမလည်နိုင်သော စိတ်စွမ်းအင်ရှိသည်ဟု ယူဆထားကြ၏။ သို့ဖြစ်၍ သူတို့ဇနီးမောင်နှံကို အားနာလွန်း၍သာ သည်းခံပြီးစောင့်နေခြင်း ဖြစ်သည်။

သူဝိညာဉ်လောကနှင့် နတ်ဝင်သည်တို့အပေါ် စိတ်ပျက်အားလျော့သွားသည်ဆိုသောအချက်ကို ဒေါက်တာကိုနင်ဒွိုင်းတို့ဇနီးမောင်နှံ မရိပ်မိစေရန် ဟန်ဆောင်နေရသည်။ သူနှင့် ဆရာကြီးကိုနင်ဒွိုင်းတို့ ဇနီးမောင်နှံတို့သည် ဘုရားဝတ်ပြု ဆုတောင်းပြီးနေချိန်တွင် သူ့မိခင်၏ ဝိညာဉ်သည် သူ့ထံလာတွေ့လိုပါက လာစရာကောင်းသည်။ သို့သော် ထိုနေ့က လာရောက်ခဲ့ခြင်းမရှိဘဲ ယနေ့မှ အလိုအလျောက် စာဖြင့်ရေးသားပြနေသည်ဆိုသည်မှာ ဖြစ်နိုင်ပါမည်လော။ ဂျာမန်ဘာသာဖြင့် ရေးပြခြင်းမပြုဘဲ အင်္ဂလိပ်ဘာသာဖြင့်သာ ရေးပြခြင်းမှာ ယုတ္တိရှိပါသလောစသည်ဖြင့် စဉ်းစားလာမိ၏။

ဒေါက်တာကိုနင်ဒွိုင်းနှင့် လေဒီကိုနင်ဒွိုင်းတို့သည် နယူးယောက်မြို့မှ ဘိုစတုန် ဝါရှင်တန်ဒီစီနှင့် ဖီ(လ်)လာဒီ(ဖ်)ယာသို့ ထွက်ခွာခဲ့ကြပြီး ဟောပြောပွဲများတွင် ဝိညာဉ်ဆိုင်ရာ ကိစ္စရပ်များကိုသာ အဓိကထား၍ ဟောပြောခဲ့ကြသည်။ ရက်သတ္တပတ်နှစ်ပတ်ကြာမြင့်ခဲ့ပြီး နယူးယောက်မြို့သို့ ပြန်ရောက်ခဲ့၏။ ဟူဒီနီကမူ ထိုစဉ်က နယူးယောက်မြို့တွင် ကျင်းပနေသော အမေရိကန်ပြည်ထောင်စု ပဋ္ဌလက်ပညာရှင်ကြီးများ အစည်းအဝေးသို့ ကိုနင်ဒွိုင်းအား တက်ရောက်ရန် ဖိတ်ကြားခဲ့သည်။ ဆရာကြီးကိုနင်ဒွိုင်းကလည်း ထိုအစည်းအဝေးကြီးသို့ ဖိတ်ကြား၍ တက်ရောက်သူအဖြစ် တက်ရောက်ခဲ့သည်။

ထိုအစည်းအဝေးကြီးတွင် မဟာဟူဒီနီအား အမေရိကန်ပြည်ထောင်စု ပဋ္ဌလက်ဆရာများအသင်း၏ ဥက္ကဋ္ဌကြီးဖြစ် တညီတညွတ်တည်း တင်မြှောက်ခဲ့ကြ၏။ ဤအစည်းအဝေးတွင် ဆရာကြီးကိုနင်ဒွိုင်းအား စိတ်ဝိညာဉ်ဆိုင်ရာ သုတေသနကိစ္စရပ်များ၊ တမလွန်လောကရှိ ဝိညာဉ်များနှင့် ဆက်သွယ်ရေးကိစ္စရပ်များကိုပါ ဟောပြောခဲ့သည်ဟု ဆိုသည်။ ဤဆွေးနွေးပွဲအပြီးတွင် ဆရာကြီးကိုနင်ဒွိုင်းသည် ပဋ္ဌလက်ဆရာအချို့နှင့် ဝိညာဉ်ခေါ်ပွဲပြုလုပ်ခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့ပါသည်။

ဟူဒီနီအဖို့ ဟိုးဟိုးကျော်၍ လူအများလေးစားရသော ပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့ပြီ ဖြစ်သည်။ သူ့အား အမေရိကန်ပြည်ထောင်စု ပဥ္စလက်ပညာသည်ကြီးများအသင်း၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ထိုစဉ်က အမေရိကန်ပြည်ထောင်စု သမ္မတကြီးဟာဒင်က ပေးပို့ခဲ့သည်ဟု သိရ၏။ အမေရိကန်ပြည်ထောင်စုမှ ဩဇာတိက္ကမကြီးမားသော သတင်းစာကြီးများဖြစ်သော နယူးယောက်တိုင်း(စ်)သတင်းစာ၊ ဝါရှင်တန်ပို့(စ်)သတင်းစာနှင့် ဘိုစတုန်ဂလုပ်(ကမ္ဘာလုံး)သတင်းစာကြီးများကမူ ဟူဒီနီအား အမေရိကန်ပြည်ထောင်စု ပဥ္စလက်ပညာရှင်များအသင်း၏ ဥက္ကဋ္ဌအဖြစ် ကန့်ကွက်သူမရှိ ရွေးချယ်တင်မြှောက်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သတင်းများကို မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးခဲ့၏။

ဟူဒီနီအဖို့ ဝိညာဉ်လောကနှင့်ဆက်သွယ်ရေးကိစ္စများကို ဘဝင်မကျဖြစ်ခဲ့ရသော်လည်း ဆရာကြီးကိုနင်ဒွိုင်းမိသားစုနှင့်မူ ဆွေမျိုးသားချင်းများကဲ့သို့ ခင်မင်ရင်းနှီးသွားခဲ့သည်။ နယူးယောက်မြို့တွင် ရောက်ရှိနေသော ဆရာကြီးကိုနင်ဒွိုင်းမိသားစုများထံသို့ ဟူဒီနီသည် မကြာခဏသွားရောက် တွေ့ဆုံသည်။ ဆရာကြီးကိုနင်ဒွိုင်း၏ သားများအားလည်း ရေကူးသင်ပေးခဲ့သည်ဟု ဆိုသည်။ ဆရာကြီးကိုနင်ဒွိုင်းကိုယ်တိုင် ဟူဒီနီ ရိုက်ကူးနေသော (The Man from Beyond) **တမလွန်လောကမှလူသား** ဟူသော ရုပ်ရှင်ကားရိုက်ကွင်းသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို အကြံပေးခဲ့သည်ဟု ဆိုသည်။

ဟူဒီနီသည် ဝိညာဉ်လောကနှင့် ဆက်သွယ်ရေးကိစ္စရပ်များကို စိတ်ပျက်စပြုလာသည်။ သူ့မိခင်ကြီး၏ဝိညာဉ်နှင့် တွေ့လိုသောကိစ္စကို မည်သူမျှ ဖြည့်ဆည်းပေးနိုင်လိမ့်မည်မဟုတ်ဟူ၍ ထင်လာသည်။ သူလေးစားအထင်ကြီးသော ဆရာကြီးကိုနင်ဒွိုင်းတို့ ဇနီးမောင်နှံသည်ပင်လျှင် သူ့ဆန္ဒကို မဖြည့်နိုင်။ နတ်ဝင်သည်ဆိုသူများသည် လူလိမ်လူညာများသာ ဖြစ်သည်။ ပဥ္စလက်နည်းဖြင့် လူထုအား လှည့်စားနေသူများဖြစ်သည်။ တမလွန်လောကနှင့် ဆက်သွယ်နိုင်သူ ဆိုသူအများမှာလည်း ပရိသတ်ယုံကြည်အောင် ပဥ္စလက်နည်းဖြင့် အံ့ဖွယ်သရဲများ ပြုလုပ်ပြသပြီး လိမ်ညာနေသူများသာ ဖြစ်သည်။ ထိုသူများကို စနစ်တကျ စုံစမ်းလေ့လာ၍ ဖော်ထုတ်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

သူ ဤသို့ ဆုံးဖြတ်သည်ဆိုသောသတင်း ကြားရသော ဆရာကြီးကိုနင်ဒွိုင်းသည် သူ့ထံစာရေး၍ ဤကဲ့သို့ မဆုံးဖြတ်သင့်ကြောင်း၊ အမှန်တကယ် ဝိညာဉ်လောက ရှိပါကြောင်း၊ ထိုလောကနှင့် ဆက်သွယ်နိုင်သူများလည်း ရှိပါကြောင်း စာရေးသားခဲ့သည်။ ဟူဒီနီကမူ သူ့ဆုံးဖြတ်ချက်ကို ပြုပြင်ခြင်းမရှိခဲ့။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ထိုနှစ် အောက်တို

ဘာလတွင် ဝိညာဉ်ဝါဒလက်ခံသူများ၏ အထွေထွေညီလာခံကြီးကို ကျင်းပခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်နိုင်ငံနှင့် ဥရောပတိုက်မှ ဝိညာဉ်ဝါဒကို လက်ခံယုံကြည်ကြသူများ၊ လေ့လာလိုက်စားသူများ၊ သိပ္ပံပညာရှင်များ၊ ဗြိတိသျှမနောသုတေသနအသင်းနှင့် အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းမှ သုတေသီများ တက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေးကြီးတွင် နတ်ဝင်သည်အချို့သည် ဝိညာဉ်ဝါဒကို ညှိုးနွမ်းအောင်ပြုလုပ်လျက်ရှိကြောင်း၊ မိမိသည် နတ်ဝင်သည်အချို့၏ လိမ်နည်းညာနည်းများကို လူသိရှင်ကြား ထုတ်ဖော်မည်ဖြစ်ကြောင်း၊ သူသည် နတ်ဝင်သည် အတော်များများနှင့် အတွင်းကျကျ ပေါင်းသင်းခဲ့သူဖြစ်၍ သူတို့၏ ပရိသတ်အား လိမ်နည်းညာနည်းများကို အသေးစိတ်သိထားသူဖြစ်ကြောင်း စာနယ်ဇင်းသမားများအား ထုတ်ဖော်ပြောပြခဲ့ပြီး နယူးယောက်မြို့မှထုတ်ဝေသော နယူးယောက်သူရိယသတင်းစာတွင် နတ်ဝင်သည်များအားတိုက်ခိုက်သည့် ဆောင်းပါးရှည်တစ်စောင် ထည့်သွင်းခဲ့သဖြင့် အမေရိကန်ပြည်ထောင်စုရှိ နတ်ဝင်သည်များ၏လောကတွင်သာမက အခြားနိုင်ငံအသီးသီးရှိ နတ်ဝင်သည်များ၊ မနောသုတေသီများအတွင်း ထူးထူးခြားခြား ဂယက်ထခဲ့သောသတင်း ဖြစ်သည်။ ဟူဒီနီသည် နယူးယောက်မြို့၌ကျင်းပနေသော စိတ်ဝိညာဉ်ဝါဒ လက်ခံသူများ၏ အထွေထွေညီလာခံတွင် နာမည်ကျော်နတ်ဝင်သည်များ၊ တမလွန်လောကမှ ဝိညာဉ်နှင့် အဆက်အသွယ်ပြုလုပ်နိုင်သူတို့ ပြုလုပ်ပြသသော အလိမ်အညာအတုတို့ကို သူ လူသိရှင်ကြားပြုလုပ်ပြသနိုင်ကြောင်း၊ သူလုပ်မပြနိုင်ပါက ဒေါ်လာ (၅၀၀၀၀) ပေးလျော်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြော၍ စိန်ခေါ်ခဲ့သည်။

သတင်းစာအချို့ကမူ ဤလုပ်ရပ်သည် မဟာဟူဒီနီ ပြုလုပ်နေကျဖြစ်သော လူသိရှင်ကြား ဟိုးဟိုးကျော်စေသောစတန့်သာ ဖြစ်သည်။ သူသည် တံတားကြီးများပေါ်မှ ခုန်ချ၍ပြသခြင်း၊ မြင့်မားသောအဆောက်အအုံကြီးများမှ ဇောက်ထိုးဆွဲချပြခြင်း၊ လေယာဉ်ဖြင့် အာကာသတွင် ပျံဝဲ၍ မဟာလွတ်မြောက်မှုပြကွက်များပြသခြင်း စသော စတန့်များကို ပြသခဲ့ရာတွင် ရိုးလာခဲ့ကြောင်း၊ ပရိသတ်အဖို့ ထိုပြကွက်များ၊ စတန့်များကို ရိုးအီလာပြီကိုသိသော ဟူဒီနီသည် နတ်ဝင်သည်များ၊ တမလွန်လောကသားများနှင့် ဆက်သွယ်နိုင်သည်ဆိုသူများကို စိန်ခေါ်ခြင်းဖြင့် စတန့်တစ်မျိုးထွင်ခြင်းဖြစ်သည်ဟု စွပ်စွဲရေးသားခဲ့၏။

ဟူဒီနီသည် သူ့ပဥ္စလက်ပြပွဲစဉ်များကို ခေတ္တရပ်ထားပြီး ဝိညာဉ်အပူးခံရပါသည်။ တမလွန်လောကနှင့် ဆက်သွယ်နိုင်သည်ဆိုသော နတ်ဝင်သည်များ၏ လိမ်နည်းညာနည်းများအကြောင်းကို အမြို့မြို့အရွာရွာသို့သွား၍ ဟောပြောပို့ချသည်။ အချို့ဟောပြောပွဲများတွင် ထိုသူတို့၏ လိမ်နည်းညာနည်းများကို လက်တွေ့ပြသခဲ့၏။ သူ့ဟောပြောပွဲများမှာ

ကြိတ်ကြိတ်တိုး စည်ကားသည်။ သတင်းစာကြီးများ၊ ဂျာနယ်ကြီးများက လည်း ထိုသတင်းများကို ဓာတ်ပုံသာဓကအထောက်အထားများ ဝေဝေ ဆာဆာနှင့် ဖော်ပြခဲ့ကြ၏။ ဝိညာဉ်လောကကို ယုံကြည်သူများ၊ နတ်ဝင် ဆရာများကလည်း ဝိညာဉ်လောက အမှန်ရှိကြောင်း၊ ကွယ်လွန်သူတို့၏ ဝိညာဉ်နှင့် အမှန်တကယ်ဆက်သွယ်နိုင်ကြောင်း ဟောပြောပို့ချကြသည်။ ဤကဲ့သို့ ဟောပြောပို့ချကြသဖြင့် ငွေကြေးစို့စို့ပို့ပို့ရကြသည်။ သတင်းစာ ကြီးများကလည်း ပွဲဆူစေသော သတင်းဆောင်းပါးများ ထည့်သွင်းဖော် ပြခြင်းဖြင့် သတင်းစာစောင်ရေ တိုးလာသည်။

ဝိညာဉ်လောက၏ ဂယက်လှိုင်းတံပိုးသည် ပြင်းထန်လာခဲ့၏။ ဆာအာသာကိုနင်ဒွိုင်းတို့မိသားစုသည် နယူးယောက်မြို့ ရစ်ကာ(လ်)တန် ဟိုတယ်တွင် တည်းခိုနေစဉ် ဝိညာဉ်ခေါ်ပွဲများ၊ တမလွန်လောကနှင့် ဆက်သွယ်သောပွဲများ ဆက်လက်ကျင်းပခဲ့သည်။ ဟူဒီနီထံသို့လည်း ဤ ကဲ့သို့ စိတ်ဝိညာဉ်လောကနှင့် နတ်ဝင်သည်များလောကကို အတိုက်အခံ မပြုသင့်ကြောင်း၊ ဤကဲ့သို့ အတိုက်အခံပြုသဖြင့် မည်သည့်အကျိုးထူးမျှ မရနိုင်ကြောင်း၊ သူ့အပေါ် မုန်းတီးသူများလာနိုင်ကြောင်း၊ ပြည်သူချစ် သော ပဥ္စလက်ပညာရှင်တစ်ဦးအဖြစ် အေးအေးဆေးဆေး လူအများနှင့် ခင်ခင်မင်မင်နေသင့်ကြောင်း၊ နတ်ဝင်သည် အလိမ်အညာများရှိသလို နတ်ဝင်သည် အစစ်အမှန်ရှိပါကြောင်း၊ သိပ္ပံပညာအဖြင့် လက်လှမ်းမမီ သော, သိပ္ပံပညာဖြင့် ရှင်းလင်းနိုင်ခြင်းမရှိသေးသော လျှို့ဝှက်နက်နဲသည့် ပညာရပ်များရှိပါကြောင်း၊ ဤပညာရပ်များမှာ ချက်ချင်း လွယ်လွယ်ကူကူ နှင့် မသိနိုင်ကြောင်း၊ စိတ်ရှည်လက်ရှည်ထား၍ လေ့လာသင့်ကြောင်း စာရေးသားခဲ့၏။

အမေရိကန်ပြည်ထောင်စုတွင် ဝိညာဉ်လောကနှင့် ပတ်သက်၍ ငြင်းခုံမှုများ၊ ဟောပြောကြမှုများ၊ သတင်းစာများတွင် အပြန်အလှန် ရေး သားကြမှုများကြောင့် ပွဲဆူလာသည်။ ဝိညာဉ်လောကကို ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ဤအကြောင်းစလိုက်သည်နှင့် ငွေလွယ်လွယ်ရနိုင်သော လမ်းများ ပွင့်လာသည်။ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များတွင် ဤအကြောင်း ရေးသားဖော်ပြခြင်းမပြုလျှင် ခေတ်မမီဟု ယူဆကြသည်။ တကယ့် ဩဇာတိက္ကမကြီးမားသော သတင်းစာကြီးများကပင် ထိုဝိညာဉ် လောကနှင့် ဆက်သွယ်နိုင်သည့်သတင်းများ၊ နတ်ဝင်သည်များ၏ ဝိညာဉ် နှင့် ဆက်သွယ်သောသတင်းများ၊ နတ်ဝင်သည်များ၏ဓာတ်ပုံများ ဖော်ပြခဲ့ သည်။

ဝိညာဉ်ခေါ်ပွဲကျင်းပသည့်သတင်းများကိုလည်း လူအများ စိတ်ဝင် စားလာအောင် ချဲ့ထွင်ရေးသားကြသည်။ နယူးယောက်မြို့တော် လူကုံထံ များနေထိုင်သောရပ်ကွက်များတွင် ဝိညာဉ်ခေါ်ပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပ ကြတော့၏။ ထိုဝိညာဉ်ခေါ်ပွဲများသို့ တက်ရောက်သူအများမှာ လူအများ

လေးစားကြရသော ပုဂ္ဂိုလ်များ ဖြစ်နေကြသည်။

ဤကဲ့သို့ ဝိညာဉ်လောကနှင့် ပတ်သက်သောကိစ္စရပ်များ သည်း သည်းလှုပ်နေသော ၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက် မွန်းလွဲပိုင်း၌ လွန်ခဲ့သော နှစ်ပေါင်း (၃၀၀၀) ကျော်ခန့်က (ခရစ်တော်မပေါ်မီ) ဘီစီ ၁၃၅၀ ပြည့်နှစ်ခန့်က ကံတော်ကုန်ခဲ့သော အီဂျစ်ဘုရင် တူတမ်ခမွန် ဘုရင်ကလေး၏ သင်္ချိုင်းဂူကြီးကို တွေ့ရှိရသည်ဟူသောသတင်း ပျံ့နှံ့လာ သည်။ တူးဖော်တွေ့ရှိသူများမှာ အီဂျစ်ရှေးဟောင်းသမိုင်းကို ကျွမ်းကျင် သူနှင့် သုတေသီ ဗြိတိသျှအမျိုးသား ဟောင်ဝ(ဒ်)ကာတာနှင့် ထိုသင်္ချိုင်းဂူ ကြီးကို ရှာဖွေရာတွင် ကုန်ကျသည့် ငွေလုံးငွေရင်းစိုက်ထုတ်သူ လော့(ဒ်) ကာနဗွန်တို့၏သတင်းသည် ဝိညာဉ်လောကနှင့် ပတ်သက်သော သတင်း များကို လွှမ်းသွားခဲ့သည်။

အမေရိကန်ပြည်ထောင်စုမှ သတင်းစာများ၊ ဂျာနယ်များတွင် ထို သတင်းကို ဦးစားပေးဖော်ပြခဲ့ကြ၏။ တူတမ်ခမွန်ဘုရင်ကလေး၏ သင်္ချိုင်း ဂူအတွင်းမှ အဖိုးမဖြတ်နိုင်အောင် ထိုက်တန်သော ရတနာများနှင့် အနု ပညာလက်ရာပေါင်း (၅၀၀၀) ကျော်လောက်ကို စနစ်တကျ ပြောင်းရွှေ့ ရန် ပြင်ဆင်နေသည့်သတင်းများလည်း ထွက်ပေါ်လာခဲ့သဖြင့် ကမ္ဘာ့နိုင်ငံ အသီးသီးက အာရုံစိုက်ခဲ့ရသောကိစ္စကြီးဖြစ်လာပြီး ထိုကိစ္စနှင့်ပတ်သက် ၍ သတင်းသမားများက တညီတညွတ်တည်း နှစ်လိုချီးကျူးဖော်ပြကြ သည်။ သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် အသားပေးရေးခဲ့ကြ သည်။

ထိုသတင်းနှင့်အတူ တူတမ်ခမွန်ဘုရင်ကလေး၏ ကျိန်စာသတင်း ပျံ့နှံ့လာသည်။ ထိုသင်္ချိုင်းဂူအတွင်း၌တွေ့ရသော ခေါင်းတလားပေါ်တွင် 'ငါ၏ အိပ်စက်ခြင်းကို နှောင့်ယှက်သူများသည် ဘေးဒုက္ခအပေါင်းနှင့် တွေ့ရသည်' ဟု စာတန်းကို တွေ့ရသည်ဟု သတင်းများ ပျံ့နှံ့လာခဲ့သည်။ ထိုသတင်းများနှင့်အတူ လော့(ဒ်)ကာနဗွန်အား အမျိုးအမည်မဖော်ပြနိုင် သော ပိုးကောင်တစ်ကောင် လည်ပင်းတွင် အကိုက်ခံရသည်ဟု သတင်း များထွက်လာခဲ့၏။

ထိုအကိုက်ခံရသည့်ညတွင်ပင် လော့(ဒ်)ကာနဗွန်၏ လည်ပင်း တွင် အကြိတ်များထွက်လာပြီး အဖျားဝင်လာသဖြင့် ကိုင်ရိုသို့ ပြန်ခဲ့ရ၏။ ရက်သတ္တပတ်အကြာတွင်မူ လော့(ဒ်)ကာနဗွန်မှာ ပြင်းထန်သောဝေဒနာ ခံစားလာရသည်။ အီဂျစ်နိုင်ငံမှ အထူးကုဆေးပါရဂူများ ကြပ်မတ်ကုသ နေသည့်အကြားမှပင် ဧပြီလ (၅) ရက်နေ့တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ ကွန်တီနယ်တယ်ဟိုတယ်၌ ရုတ်တရက် ကွန်လွန်သွားခဲ့သည်။ ကွယ်လွန် သည့်အချိန်အထိ မည်သည့်ရောဂါဝေဒနာကပ်ရောက်၍ ကွယ်လွန်ခဲ့ရ သည်ဆိုခြင်းကို မည်သူမျှ ရှင်းမပြနိုင်။

အံ့သြဖွယ်ကောင်းနေသည်မှာ လော့(ဒ်)ကာနဗွန် ကွယ်လွန်သည့်

အချိန်တွင် ကိုင်ရိုမြို့တော်တစ်မြို့လုံး လျှပ်စစ်ဓာတ်အားပြတ်သွားပြီး မှောင်ကျသွား၏။ မည်သည့်အတွက် အမှောင်ကြီးကျသွားရသည်ကို လျှပ်စစ်အင်ဂျင်နီယာများ၊ ဆေးပညာရှင်အချို့နှင့် မှုခင်းဆေးပညာပါရဂူများကမူ လော့(ဒ်)ကာနဗွန် သေဆုံးရခြင်းသည် အဆိပ်ရှိသော ပိုးကောင်တစ်ကောင်ကိုက်ရာမှ အဖျားဝင်ပြီး ကွယ်လွန်ရခြင်းဖြစ်သည်ဟု ဆို၏။

သို့သော် ထူးခြားအံ့ဖွယ်ကောင်းနေသည်မှာ တူးဖော်ရရှိသော တူတမ်ခမွန်ဘုရင်ကလေး၏ ဝဲဘက်ပါးတွင် အနီရောင်အကွက်ကလေး ပေါ်နေသကဲ့သို့ ကာနဗွန်အလောင်း၏ ဝဲဘက်ပါးတွင် အနီကွက်ကလေး တွေ့ရှိရသည်ဟု ဆိုသည်။

ဤအဖြစ်ဆန်းကို ပံ့ပိုးသကဲ့သို့ဖြစ်ရသော ဖြစ်စဉ်မှာ လော့(ဒ်)ကာနဗွန်၏ အချစ်တော်ခွေးကြီး၏ ထူးခြားဖြစ်စဉ် ဖြစ်၏။ လန်ဒန်နေအိမ်တွင် နေထိုင်လျက်ရှိသော လော့(ဒ်)ကာနဗွန်၏သားဖြစ်သူကမူ ဖခင်ကိုင်ရိုမြို့တော် ကွန်တီနယ်တယ်ဟိုတယ်၌ ကွယ်လွန်ချိန်တွင် လော့(ဒ်)ကာနဗွန်၏ခွေးကြီးမှာ ဆွဲဆွဲငင်ငင်အူ၍ လဲကျသေဆုံးခဲ့ရသည်ဟု ပြောပြခဲ့၏။

လော့(ဒ်)ကာနဗွန်နှင့်အတူ တူတမ်ခမွန်ဘုရင်ကလေး၏ သင်္ချိုင်းအတွင်း ဝင်ရောက်ခဲ့သူ အမေရိကန်ပြည်ထောင်စုသား သန်းကြွယ်သူဌေး အာသာအေ့ ဆိုသူမှာလည်း ရုတ်တရက် သေဆုံးခဲ့ရ၏။ ဆေးပညာရှင်များက သူသေဆုံးရခြင်းမှာ မည်သည့်ရောဂါဝေဒနာကြောင့်ဖြစ်သည်ကို ထုတ်ဖော်နိုင်စွမ်းမရှိ။ လော့(ဒ်)ကာနဗွန်၏ ကိုယ်ရေးအရာရှိအပါအဝင် လူခြောက်ဦးတို့မှာ လပိုင်းအတွင်း ရုတ်တရက် ကွယ်လွန်သွားခဲ့သဖြင့် လန်ဒန်တိုင်း(မ်)သတင်းစာကြီးတွင် တူတမ်ခမွန်ဘုရင်ကလေး၏ ကျိန်စာကြောင့်ဟု ရေးသားဖော်ပြပေးခဲ့သဖြင့် တမလွန်လောကမှ ဝိညာဉ်သည် ကလဲ့စားချေနိုင်သလော။ ဤလောကီလွန် သဘာဝလွန်ဖြစ်ရပ်ဆန်း သတင်းသည် ဝိညာဉ်လောကနှင့် ပတ်သက်၍ စိတ်ဝင်စားနေသော အမေရိကန်ပြည်ထောင်စုလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့သွားခဲ့၏။။

သတင်းစာကြီးများကလည်း ထိုသတင်းကို လူထုအများ ပို၍ စိတ်ဝင်စားအောင် အမျိုးမျိုး ချဲ့ထွင်ရေးသားလာခဲ့သည်။ ထိုကျိန်စာသတင်းသည် တမလွန်လောကရှိသည်၊ တမလွန်လောကမှ ဝိညာဉ်များနှင့် ဆက်သွယ်နိုင်သည်ဆိုသော ဝိညာဉ်ဝါဒကို ယုံကြည်သူများ၊ နတ်ဝင်သည်များအကြား ထူးထူးခြားခြား ဂယက်ရိုက်ခဲ့၏။ ဆရာကြီး ဒေါက်တာကိုနင်ဒွိုင်းကလည်း ထို တူတမ်ခမွန်ဘုရင်ကလေးကျိန်စာသင့်မှုသတင်းများကို အလေးအနက်ထားသင့်ကြောင်း၊ ထိုသတင်းများအရ တမလွန်လောက ရှိသည်၊ မရှိသည်ကို အငြင်းပွားမနေသင့်တော့ကြောင်း စသဖြင့် စာတစ်စောင်ရေး၍ ဝိညာဉ်လောကအပေါ် စိတ်ပျက်နေသော ပဋ္ဌလက်ဆရာကြီး ဟူဒီနီထံ စာတစ်စောင်ရေးသားခဲ့သည်။

ဟူဒီနီကမူ ဤဖြစ်ရပ်များသည် လွန်ခဲ့သော နှစ်ပေါင်း (၃၀၀၀) ကျော်က ကွယ်လွန်ခဲ့သော တူတမ်ခမွန်ဘုရင်ကလေးနှင့် သက်ဆိုင်ခြင်း မရှိကြောင်း၊ ထန်းသီးကြွေခိုက် ကျိုးရသောဖြစ်စဉ်များသာဖြစ်ကြောင်း၊ လော့(ဒ်)ကာနဗွန် ကွယ်လွန်ရခြင်းမှာလည်း အဆိပ်ရှိသော ပိုးမွှားတစ်ကောင်ကိုက်မိရာမှ အဆုတ်အအေးမိ အဖျားရောဂါဝင်သဖြင့် ကွယ်လွန်ရခြင်းကို သတင်းမှုဆိုးများ ချဲ့ထွင်ရေးသားရာမှ ကျိန်စာသင့်ခြင်းသာဖြစ်ကြောင်း ရှင်းပြခဲ့၏။ စာနယ်ဇင်းသမားများကိုလည်း ကျိန်စာသင့်ခြင်း မဖြစ်နိုင်ကြောင်း၊ တိုက်ဆိုင်မှုများသာဖြစ်သည်ဟု ထုတ်ဖော် ပြောဆိုခဲ့၏။

ဤဖြစ်ရပ်၏ဂယက်ကြောင့် ဝိညာဉ်လောကအကြောင်းသည် သတင်းစာကြီးများတွင် ပြန်လည် ဆန်းသစ်လာခဲ့သည်။ ဤအကြောင်းများကို ငြင်းခုံကြသူများ၏ ဆောင်းပါးများ၊ သတင်းများကို ဖော်ပြကြရသဖြင့် သတင်းစာစောင်ရေများ နေ့ချင်းညချင်း ထိုးတက်သွားတော့၏။

ဟူဒီနီကမူ သူ့ပဉ္စလက်ပြပွဲစဉ်များ နားထားသည့်ရက်များတွင် ဝိညာဉ်လောကမရှိကြောင်း၊ နတ်ဝင်သည်အများသည်လည်းကောင်း၊ တမလွန်လောကမှ ဝိညာဉ်များနှင့် ဆက်သွယ်နိုင်သည်ဆိုသူအများသည်လည်းကောင်း လိမ်ညာနေသူများသာဖြစ်သည်ဟု ဟောပြောပွဲများကျင်းပ၍ ပြောင်ပြောင်တင်းတင်း ပြောခဲ့သည်သာမက နတ်ဝင်သည်များကိုပါ စိန်ခေါ်ခြင်းပြုခဲ့သည်။

ဤကဲ့သို့ ဝိညာဉ်လောကနှင့်ပတ်သက်၍ ပွဲဆူနေစဉ်တွင် အမေရိကန်ပြည်ထောင်စုမှ ဩဇာကြီးမားသော သိပ္ပံမဂ္ဂဇင်းကြီး (Scientific American) အယ်ဒီတာအဖွဲ့နှင့် ထုတ်ဝေသူများက စိတ်ဝိညာဉ်လောကအား စနစ်တကျ သိပ္ပံနည်းကျ စူးစမ်းလေ့လာရန်နှင့် ဝိညာဉ်လောက အမှန်ရှိသည် သို့မဟုတ် ဝိညာဉ်လောကနှင့် အမှန်တကယ် ဆက်သွယ်နိုင်သည်ကို အထောက်အထား ခိုင်ခိုင်မာမာနှင့် သက်သေပြနိုင်သူကို ဒေါ်လာ (၂၅၀၀) ဆုပေးမည်ဟု ကြေညာခဲ့၏။

ထိုသက်သေပြနိုင်သူများကို ကြီးကြပ်ရွေးချယ်ရန် ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းခဲ့၏။ ယင်းကော်မတီတွင်ပါဝင်သူများမှာ ပြည်သူလူထု ယုံကြည်စိတ်ချရသော အသိပညာရှင်များ၊ အတတ်ပညာရှင်များ ပါဝင်ခဲ့သည်။ ထိုပုဂ္ဂိုလ်ကြီးများမှာ အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်ကျောင်းတိုက်ကြီး၏ စိတ္တဗေဒဌာနမှ ပါမောက္ခ ဝီလျံမက်ဒူးဂဲယ်၊ အမေရိကန်ပြည်ထောင်စု မက်ဆက်ကျူးဆက်ပြည်နယ် စက်မှုတက္ကသိုလ်မှ ပါမောက္ခဒယ်နီရယ်ဖရော(ခ်)ကမ်စတော၊ အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းမှ မနောသုတေသီစိတ်ရောဂါကုဆရာဝန်ကြီး ဒေါက်တာဝေါ(လ်)တာဖရင်ကလင်ပရင်(ခ်)၊ မနောသုတေသနလုပ်ငန်းများတွင် တစိုက်မတ်မတ် နှစ်ပေါင်း (၃၀) ကျော် သုတေသနပြုခဲ့ပြီး စိတ်ဝိညာဉ်ဆိုင်ရာစာအုပ်များ၊ ဆောင်းပါးများ ရေးသားနေသော

မနေသာသုတေသီ ဟီရာဝါ(ဒ်)ကာရင်တန်နှင့် အမေရိကန်ပြည်ထောင်စု ပဉ္စလက်ပညာရှင်များအသင်းဥက္ကဋ္ဌဖြစ်သူနှင့် ကမ္ဘာကျော်ပဉ္စလက်ဆရာကြီးဟူဒီနီတို့ကို ကန့်ကွက်သူမရှိ တညီတညွတ်တည်း ရွေးချယ်ခဲ့ကြသည်။

ထိုကော်မတီသို့ အဖွဲ့ဝင်တစ်ဦးအဖြစ် ရွေးချယ်ခံရသောအချိန်တွင် ဟူဒီနီသည် အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းပြည်နယ်များသို့ ပဉ္စလက်ပြပွဲများပြသရန် ခြောက်လကြာ ခရီးထွက်ရတော့မည်ဖြစ်သည်။ ထိုပြည်နယ်များမှ ကန်ထရိုက်တာများနှင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုပြီးဖြစ်နေ၏။ သို့သော် ဟူဒီနီကမူ သူ့အား ပေးအပ်သောတာဝန်ကို တိတိကျကျပြုလုပ်မည် ဖြစ်သည်။ အကယ်၍ စစ်ဆေးရမည့်ကိစ္စရပ်များ ရှိပါက ပြပွဲတာဝန်များကို ခေတ္တနား၍ လာရောက်မည်ဟု ကတိပေးသွားသည်။ အမှန်အားဖြင့် ဤကဲ့သို့ နတ်ဝင်သည်ဆိုသူများ၊ ဝိညာဉ်လောကနှင့် ဆက်သွယ်နိုင်သူများအား စနစ်တကျ သိပ္ပံနည်းကျ စူးစမ်းမှုကို ဗြိတိသျှမနေသာသုတေသနအသင်းကြီးသည် ဆောင်ရွက်ပြီ ဖြစ်သည်။

ထိုစဉ်က နာမည်ကျော် နတ်ဝင်သည် မစ္စစ်အော့(ခ်)ဗွန်လီအိုနက်သည် ဗြိတိသျှမနေသာသုတေသနအသင်းက အထူးစေ့စပ်သေချာစွာ လေ့လာခဲ့သော နတ်ဝင်သည် ဖြစ်၏။ သူ့ကိုလေ့လာရာ၌ သူ့ထံသွားရောက်သူများအကြောင်း သူမသိစေရန် အထူးလျှို့ဝှက်ထား၏။ ထိုနတ်ဝင်သည်၏ လှုပ်ရှားမှုကို စုံထောက်များလွှတ်၍ စုံစမ်းစေသည်။ သို့သော် ဤကဲ့သို့ တင်းကျပ်သော အစီအစဉ်များချထားလျက် ထိုနတ်ဝင်သည်မသည် သူ့ထံ သွားရောက် မေးမြန်းသူများအကြောင်းကို အသေးစိတ် မှန်ကန်အောင် ပြောပြနိုင်သည်။

ထိုစဉ်က မစ္စစ်လီအိုနက်ကဲ့သို့ ထင်ရှားကျော်ကြား၍ ဗြိတိသျှမနေသာသုတေသနအသင်းက အထူးလေ့လာခြင်းခံရသော နတ်ဝင်သည်မှာ အမေရိကန်ပြည်ထောင်စုမှ အမျိုးသမီးနတ်ဝင်သည် မစ္စပိုက်ပါ ဖြစ်၏။ သူ့အား နှစ်ပေါင်းများစွာ စူးစမ်းလေ့လာသူမှာ နတ်ဝင်သည်ဆိုသူများကို လုံးဝ အယုံမရှိသူ စိတ္တဗေဒပါမောက္ခ ဝီလျံဂျိမ်းနှင့် ဗြိတိသျှမနေသာသုတေသနအသင်းမှ ဒေါက်တာ ချက်ဟော့(ဒ်)ဆင် ဖြစ်၏။

မစ္စစ်ပိုက်ပါမှာ အမေရိကန်ပြည်ထောင်စု၌ ထူးထူးခြားခြား ကျော်ကြားလှသဖြင့် အင်္ဂလန်နိုင်ငံသို့ဖိတ်ခေါ်၍ ဗြိတိသျှမနေသာသုတေသနအသင်းမှ ပါမောက္ခ ဆာအော်လီဗာလော့ကိုယ်တိုင် စနစ်တကျ စူးစမ်းလေ့လာခဲ့၏။ ဒေါက်တာဟော့(ဒ်)ဆင်ကလည်း လေ့လာခဲ့ပြီး မစ္စစ်ပိုက်ပါမှာ လိမ်ညာသူမဟုတ်။ အမှန်တကယ် ကွယ်လွန်သူများနှင့် ဆက်သွယ်နိုင်သည်ဟုဆိုသည်။ ဗြိတိသျှမနေသာသုတေသနအသင်းနှင့် အမေရိကန်ပြည်ထောင်စု မနေသာသုတေသနအသင်းတို့သည် မစ္စစ်ပိုက်ပါအား (၁၅) နှစ်တိတိ စောင့်ကြည့် စူးစမ်းစစ်ဆေးခဲ့ရာ ထိုစဉ်က ဒေါ်လာငွေတစ်သိန်း

ငါးသောင်းခန့် ကုန်ကျခဲ့ပြီး သူ့အကြောင်း သုတေသနမှတ်တမ်းများမှာ စာမျက်နှာ သုံးထောင်ကျော် ရှိသည်ဟု ဆို၏။ ဤကဲ့သို့ နတ်ဝင်သည်များအား စူးစမ်းခဲ့မှုအစဉ်အလာရှိခဲ့၏။ ယခုကော်မတီကမူ အမှန်တကယ် တမလွန်လောကနှင့် ဆက်သွယ်နိုင်သည်ဆိုသူသည် ကော်မတီထံ လျှောက်လွှာတင်ရ၏။ ထိုသူအား ကော်မတီဝင်များက စုံစမ်းစစ်ဆေးပြီး အမှန်တကယ် တမလွန်လောကနှင့် ဆက်သွယ်နိုင်သည်ဟု တွေ့ရှိပါက ဆုငွေဒေါ်လာ (၂၅၀၀) ပေးမည် ဖြစ်သည်။

ဟူဒီနီသည် သူ့ပြပွဲခရီးစဉ်များအတိုင်း သွားရောက်ခဲ့သော်လည်း သူ့ကတိအတိုင်း လာရောက်စစ်ဆေးရန် ခေါ်ယူခဲ့ပါက တာဝန်ပေးသည့်အတိုင်း လာရောက် စစ်ဆေးပေးလေသည်။ ပထမဆုံး ကော်မတီသို့ စစ်ဆေးရန်လျှောက်ထားသူမှာ စပိန်နိုင်ငံသား အက်ဂါမာဆေးလျှ ဆိုသူဖြစ်၏။ သူသည် စပိန်နိုင်ငံ ကျေးလက်တောရွာတစ်ရွာတွင် ဖွားမြင်ခဲ့သည်။ ငယ်စဉ်က ကျောင်းနေခဲ့ရသူ မဟုတ်ပေ။ သို့သော် တမလွန်လောကမှ ဝိညာဉ်တို့၏အကူအညီနှင့် အမြင်ဓာတ်ရသူဟု နာမည်ကျော်ကြား သတင်းကြီးခဲ့သည်။ သူ့မျက်စိအား ထူထဲသော အဝတ်များဖြင့် အထပ်ထပ်ပတ်ထားသောနာရီကို စမ်းသပ်ကြည့်ခြင်းဖြင့် အချိန်နာရီကို တိတိကျကျ ပြောပြနိုင်သဖြင့် သူ့အား အိတ်ရေး(စ်) (ဓာတ်မှန်) အမြင်ဓာတ်ရသူဟု စာနယ်ဇင်းသမားများက ကင်ပွန်းတပ်ထားခဲ့သည်။

စပိန်နိုင်ငံ မက်ဒရစ်မြို့မှထုတ်ဝေသော အောဘီစီသတင်းစာကြီးတွင် ဓာတ်မှန်အမြင်ဓာတ်ရသူ အက်ဂါမာဆေးလျှအား စပိန်သိပ္ပံပညာရှင်များက စနစ်တကျ စမ်းသပ်စစ်ဆေးရာတွင် အမှန်တကယ် အမြင်ဓာတ်ရသူဖြစ်ကြောင်း၊ သူ့အား စပိန်နိုင်ငံမှ သိပ္ပံပညာရှင်များက စမ်းသပ်စုံစမ်းပုံ အသေးစိတ်ကို ဓာတ်ပုံသာဓက အထောက်အထား ဝေဝေဆာဆာ ဖော်ပြပေးခဲ့သဖြင့် ထင်ရှားလာခဲ့၏။ အမေရိကန်ပြည်ထောင်စုသို့ ရောက်လာခဲ့သည်နှင့် ပြဇာတ်ရုံများ၊ လမ်းဘေးပြပွဲရုံများတွင် အိတ်ရေး(စ်)ဓာတ်မှန်အမြင်ဓာတ်ရသူအဖြစ် ပြသခဲ့သည်သာမက လူတို့၏ အနာဂတ်ကို ဟောပြောနိုင်သူဟူ၍လည်း သတင်းများ ထွက်ပေါ်လာသည်။ သူ ဤကဲ့သို့ အမြင်ဓာတ်ရရှိအောင် တမလွန်လောကမှ ဝိညာဉ်များက အကူအညီပေးသည်ဟူ၍လည်း သတင်းများပြန့်နေသည်။

ဤသည်တွင် သိပ္ပံမဂ္ဂဇင်းကြီးက အမှန်တကယ် တမလွန်လောကနှင့် ဆက်သွယ်နိုင်သူ သို့မဟုတ် သဘာဝလွန်၊ လောကီလွန် အံ့ဖွယ်သရဲများ လူသိရှင်ကြား ပြသနိုင်သူများသည် အမှန်တကယ် တမလွန်လောကသားတို့၏ အကူအညီရယူခြင်းဖြစ်ကြောင်း ပြသနိုင်လျှင် ဒေါ်လာငွေ (၂၅၀၀) ပေးမည်ဟု ကြေညာခဲ့သဖြင့် သူ့အား စုံစမ်းစစ်ဆေးပေးပါရန် ကော်မတီသို့ လျှောက်ထားခဲ့၏။ သို့ဖြစ်၍ အထူးစုံစမ်းစစ်ဆေးရေးကော်မတီသည် အမေရိကန်ပြည်ထောင်စုတွင် ရောက်ရှိနေသူ ထူးခြား

သော အိတ်ရေး(စ်)ဓာတ်မှန်အမြင်ဓာတ်ရသူ အက်ဂါမာဆေးလျှအား စစ်ဆေးခဲ့ကြသည်။ အက်ဂါမာဆေးလျှအား သူအသင့်ယူဆောင်လာသောနာရီကို သူ၏မျက်စိအား အဝတ်စည်းထားစေပြီး အချိန်အတိအကျကိုပြောစေသော စမ်းသပ်နည်းဖြင့် စမ်းသပ်ကြသည်။

အက်ဂါမာဆေးလျှ၏ မျက်လုံးများအား စုံစမ်းစစ်ဆေးသူများက အဝတ်ဖြင့် သေသေချာချာ စည်းထားခဲ့ကြ၏။ အက်ဂါမာဆေးလျှသည် နာရီအား လက်ထဲတွင် ဆုပ်ကိုင်ထားပြီး နှစ်ကြိမ်၊ သုံးကြိမ်မြောက်၍ တစ်စုံတစ်ရာအား အမိန့်ပေးသည့် ဟန်အမူအရာပြုလုပ်ပြီး နာရီတွင် ဖော်ပြနေသောအချိန်အတိအကျကို ပြောပြခဲ့နိုင်သည်။ ကော်မတီဝင်အချို့ကမူ အက်ဂါမာဆေးလျှတွင် ထူးခြားသော ဆဋ္ဌမအာရုံရှိသည်ဟူ၍လည်းကောင်း၊ သူ့အား တမလွန်လောကမှ ပရလောကသားတစ်ဦးက အချိန်ကိုပြောပြသဖြင့် သိနိုင်သည်ဟု မှတ်ယူခဲ့ကြ၏။

ဟူဒီနီကမူ အက်ဂါမာဆေးလျှ၏ လက်မြောက်သည့်ဟန်ကို အသေးစိတ် အကဲခတ်လိုက်သည်နှင့် သက်ာမကင်းဖွယ်ဖြစ်စဉ်ကို ရိပ်မိသည်။ အက်ဂါယူလာသောနာရီမှာ အဖွင့်အပိတ်လွယ်ကူသောနာရီ ဖြစ်သည်။ သူလက်မြောက်စဉ် နာရီအဖုံးကို လျင်မြန်စွာဖွင့်ပြီး စမ်းသပ်ခြင်းဖြင့် အချိန်နာရီကို သိသည်ဟု ပဥ္စလက်ဆရာ မဟာဟူဒီနီက သိသည်။ အက်ဂါ၏ လက်အနေအထား လက်ရွေ့လျားမှုများကို သေသေချာချာ စူးစမ်းမိသည်နှင့် အဖွင့်အပိတ် ခဲယဉ်းသော နာရီတစ်လုံးကိုယူလာခဲ့ပြီး အိတ်ရေး(စ်)အမြင်ဓာတ်ရသူဟု ဟိုးဟိုးကျော်နေသူအား စမ်းခိုင်းသောအခါ အမြင်ဓာတ်ရသူမှာ အချိန်နာရီကိုပြောမပြနိုင်တော့။ အက်ဂါမာဆေးလျှသည် သူ ယခင်က လိမ်၍ပြောခဲ့မိကြောင်း ဝန်ခံရတော့သည်။

ထိုဖြစ်စဉ်ကို ပဥ္စလက်ဆရာကြီး ဟူဒီနီက သတင်းစာတိုက်များသို့ သတင်းပေးပို့ခဲ့သည်။ သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော သတင်းစာကြီးများသည် 'ပဥ္စလက်ဝိဇ္ဇာမဟာဟူဒီနီက တမလွန်လောကနှင့် ဆက်သွယ်နိုင်သူဟု လူထုအား လိမ်ညာနေသူကိုဖော်ထုတ်နိုင်ခဲ့ပြီ' ဟု မျက်နှာဖုံးမှာ စာလုံးမည်းကြီးများဖြင့် ဖော်ပြခဲ့သဖြင့် ဟိုးဟိုးကျော်ခဲ့ရတော့၏။ နတ်ဝင်သည်လောကနှင့် ဝိညာဉ်ဝါဒကို ယုံကြည်သူများအဖို့ တုန်လှုပ်ချောက်ချားခဲ့ရသောဖြစ်ရပ် ဖြစ်တော့၏။

ဒုတိယအကြိမ်တွင်လည်း ဟူဒီနီသည် နာမည်ကျော်နတ်ဝင်သည်တစ်ဦးကို လူလိမ်တစ်ယောက်ဖြစ်သည်ကို လက်ဆုပ်လက်ကိုင်ထုတ်ဖော်နိုင်ခဲ့သည်။ ထိုနတ်ဝင်သည်မှာ အီတလီနိုင်ငံသား ပီကိုရာရီဆိုသူ ဖြစ်၏။ ထိုသူ အီတလီနိုင်ငံတွင် တစ်ချိန်က လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော နတ်ဝင်သည် ယူစာပီယာပါလာဒီနို ဖြစ်၏။ ပါလာဒီနိုသည် အီတလီပြည်မှ ကျေးတောသူအမျိုးသမီးတစ်ဦး ဖြစ်၏။ သူသည် ဥရောပတိုက်နိုင်ငံအချို့တွင်လည်းကောင်း အမေရိကန်ပြည်ထောင်စုတွင်

လည်းကောင်း ပညာစွမ်းပြသခဲ့သူ ဖြစ်၏။ သူ့ကိုလည်း လိမ်လည်လှည့်စားသည်ဟု အချို့က စွပ်စွပ်ခဲ့ကြ၏။ သို့သော် အင်္ဂလန်နိုင်ငံနှင့် ဥရောပတိုက်နိုင်ငံအချို့မှ မနောသုတေသီများ၊ အသိပညာရှင်များသည် နှစ်ပေါင်း (၅၀) တိတိ စူးစမ်းလေ့လာခဲ့ကြသည်။ ဗြိတိသျှမနောသုတေသနအသင်းကလည်း ပါလာဒီနိုကို စနစ်တကျစုံစမ်းလေ့လာရန် ကိုယ်စားလှယ်သုံးဦးကို စေလွှတ်လိုက်သည်။

ထိုသုတေသီသုံးဦး၏ မှတ်တမ်းများအရ ဖော်ပြရမည်ဆိုလျှင် ပါလာဒီနိုသည် သဘာဝလွန်အံ့ဖွယ်သရဲများ ပြုလုပ်ပြသနိုင်သည်ဟု ဆိုကြ၏။ သာဓကအားဖြင့် ညှော်သည်များထိုင်နေသော စားပွဲသည် လှုပ်ရှားလာပြီး အပေါ်သို့ လျင်မြန်စွာ မြင့်တက်သွားသည်။ ထိုင်နေသော ညှော်သည်များကို မမြင်ရသောလက်များက ထိတွေ့ကိုင်တွယ် စမ်းသပ်ခြင်း၊ ထိုင်ခုံများ အလိုလိုရွေ့လာခြင်း၊ တူရိယာပစ္စည်းများ အလိုအလျောက် သံစုံမြည်ခြင်း စသော သဘာဝလွန်များကို ပြသသည်။ ဤသို့ပြသရာတွင် အခကြေးငွေယူ၍ ပြသသည်ဟု ဆိုသည်။ သို့သော် သူ့အားအချို့ကမူ ပဉ္စလက်နည်းဖြင့် ပြသခြင်းသာ ဖြစ်သည်။ တမလွန်လောကမှ ပရလောကသားတို့ ကူညီပံ့ပိုးမှုဖြင့် ပြသခြင်းမဟုတ်ဟု ဆိုကြ၏။

ယခု ဟူဒီနီတို့ စူးစမ်းလေ့လာသည့် အီတလီနိုင်ငံသား ပီကိုရာရီဆိုသူမှာ အထက်ဖော်ပြပါ ကမ္ဘာကျော်နတ်ဝင်သည် ပါလာဒီနို၏ လက်စွဲတော်တပည့်တစ်ဦး ဖြစ်သည်။ နှစ်ပေါင်းများစွာ ပါလာဒီနိုနှင့် အတူနေထိုင်ခဲ့ပြီး ထူးဆန်းသော အံ့ဖွယ်သရဲများကို ပြုလုပ်ပြသနိုင်သည်သာမကဟူဒီနီကဲ့သို့ မဟာလွတ်မြောက်မှု၊ အထူးအဆန်း သဘာဝလွန်၊ လောကီလွန်ပြကွက်များ ပြသနိုင်သူဟု လူသိများနေသည်။ သူ့အား မည်မျှရှည်လျားသောကြိုးဖြင့် ခိုင်အောင် တုပ်ထားစေကာမူ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း ထိုအနှောင်အဖွဲ့မှ လွတ်မြောက်နိုင်သည်ဟု နာမည်ကျော်နေ၏။ သူ့ပြကွက်များကို ကြည့်ရှုဖူးသူများကမူ ပီကိုရာရီသည် တမလွန်လောကမှ ပရလောကသားတို့၏ အကူအညီနှင့် ထိုအနှောင်အဖွဲ့များမှ လွတ်မြောက်ခြင်း ဖြစ်နိုင်သည်ဟု ယူဆထားသည်။ ပီကိုရာရီကလည်း သူသည် အံ့ဖွယ်သရဲများ၊ ဤကဲ့သို့ သည်းထိတ်ရင်ဖို မဟာလွတ်မြောက်မှုပြကွက်များကို တမလွန်ဘုံသားတို့၏ အကူအညီနှင့်သာ ပြုလုပ်နိုင်ခြင်းဖြစ်သည်ဟု ဆိုသည်။

သို့ဖြစ်၍ စစ်ဆေးရေးကော်မတီဝင်များသည် ပီကိုရာရီအား စေ့စပ်စွာ စုံစမ်းစစ်ဆေးရာတွင် ဟူဒီနီကဲ့သို့ ပဉ္စလက်လောကကို ထုံးလိုခြေရေလိုနှောက်လိုသော အစွမ်းရှိသောပုဂ္ဂိုလ်ကသာလျှင် စနစ်တကျ စူးစမ်းလေ့လာသင့်သည်ဟု ယူဆထား၏။ ထိုစဉ်က ဟူဒီနီမှာ အာကင်စပြည်နယ် ကျောက်ဆောင်ကလေး (Little Rock) ဆိုသော မြို့ငယ်တစ်မြို့တွင် ပြပွဲပြသနေသည်။ သို့သော် ဟူဒီနီသည် ကော်မတီဝင်များ ရိုက်လိုက်

သော ကြေးနန်းစာရသည်နှင့် ပြပွဲစဉ်များကို ခေတ္တရပ်နားခဲ့ပြီး နယူးယောက်မြို့သို့ ပြန်လာခဲ့သည်။ ဟူဒီနီကမူ ပဥ္စလက်လောကကို အသေးစိတ်သိထားသူ ဖြစ်၏။ ပီကိုရာရို၏ လက်စွမ်းပြပုံများကို ကြားသိထားရသည်နှင့်ပင် ပီကိုရာရိုသည် ပရိသတ်အား ပဥ္စလက်နည်းဖြင့် လိမ်ညာနေသည်ဟု ယူဆလိုက်သည်။ ပီကိုရာရို၏ ပြသသောနည်းများကို အနီးကပ်လေ့လာသည်။ ပတ်ဝန်းကျင်လေ့လာမှုကို ပြုလုပ်သည်။ ပီကိုရာရို၏ လျှို့ဝှက်ချက်များကို အတော်အသင့် သိခွင့်ရသည်နှင့် ပီကိုရာရိုအား ဟူဒီနီက သူ၏ ကိုက် (၁၈၀) ရှည်လျားသောကြိုးဖြင့် ချည်နှောင်မည်ဟု ပြောပြီး သူပိုင်ကြိုးဖြင့် သေသေချာချာ ချည်နှောင်လိုက်သည်။

ပီကိုရာရို ကမူ တမလွန်လောကမှ ပရလောကသားတို့ကိုယ်တိုင်လာ၍ ဟူဒီနီချည်နှောင်ထားသော ကြိုးများကို ဖြေပေးလိမ့်မည်ဟု ပြောထားသည်။ စက္ကန့်မှ မိနစ်၊ မိနစ်မှ နာရီ ကူးလာခဲ့သော်လည်း မည်သည့် ပရလောကသားမှ ပေါ်မလာ။ သူကိုယ်တိုင် အားသွန်ခွန်စိုက် အနှောင်အဖွဲ့မှ လွတ်မြောက်အောင် ကြိုးစားသော်လည်း သဲထဲရေသွန်ဖြစ်ရသည်။ တစ်နာရီနှင့် မိနစ်သုံးဆယ်ရှိသော်လည်း မည်သည့် ပရလောကသားမှ ပေါ်မလာ။ ပီကိုရာရိုမှာ နွမ်းလျခွေယွေ့လာသဖြင့် သူအရှုံးပေးပြီဖြစ်ကြောင်း၊ သူ့ပရိသတ်ကြီးအား လိမ်ညာမိပါကြောင်း ဝန်ခံပြောဆိုခဲ့ရတော့၏။

နယူးယောက်ဆန်း (သူရိယ) သတင်းစာကြီးနှင့် နယူးယောက်တိုင်း(စ်) သတင်းစာကြီးကမူ 'ပဥ္စလက်ဝိဇ္ဇာမဟာဟူဒီနီ ဒုတိယအကြိမ် အလိမ်ဖော်ပေးခြင်း' ဟူသော စီးစီးပိုင်ပိုင်ရှိသော ခေါင်းစဉ်ဖြင့် ထိုသတင်းကို မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးခဲ့သဖြင့် မဟာဟူဒီနီမှာ ဟိုးဟိုးကျော်ခဲ့ရပြန်သည်။ ထိုသတင်းကိုပင် အခြားသတင်းစာကြီးများက ပဥ္စလက်ဆရာ မဟာဟူဒီနီက အမေရိကန်ပြည်ထောင်စု သိပ္ပံမဂ္ဂဇင်းကြီး၏ အယ်ဒီတာအဖွဲ့မှ ရွေးချယ်ထားသော 'ကော်မတီအား အလိမ်အညာ မခံရအောင် မိမိကိုယ်မိမိ နတ်ဝင်သည်ဆိုသူ၏ လှည့်ကွက်ကို ဖော်ထုတ်ပေးလိုက်ခြင်း' ဟူသော ခေါင်းစဉ်ဖြင့် စာဖတ်သူများ စိတ်ဝင်စားဖွယ် ရေးသားဖော်ပြခဲ့သဖြင့် အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျားရှိ နတ်ဝင်သည်များ၊ တမလွန်လောကနှင့် ဆက်သွယ်နိုင်သည်ဟုဆိုကာ အံ့ဖွယ်သရဲများပြုလုပ်သူများ တုန်လှုပ်ချောက်ချားသွားကြ၏။

ဤကဲ့သို့ သတင်းစာအများက ဟူဒီနီအား ချီးကျူးခဲ့ကြသော်လည်း ဆန်ဖရန်စစ္စကိုမြို့မှ ထုတ်ဝေသော 'အီတ်ဇင်မင်းနား' သတင်းစာကြီးကမူ ဟူဒီနီသည် နတ်ဝင်သည် လူလိမ်လူညာဆိုသူများကို ဖော်ထုတ်လိုခြင်းထက် သူ၏ ပဥ္စလက်ပညာကို အသုံးချ၍ သူ့ကိုယ်သူ ထင်ပေါ်ကျော်ကြားစေရန် ပြုလုပ်ပြသခြင်းများကို ပြုလုပ်နေသည်ဟု စွပ်စွဲခဲ့သည်။ နတ်ဝင်သည် အချို့ကမူ ဟူဒီနီကိုယ်တိုင် သူ၏ ပြကွက်များကို ပရ

လောကသား သို့မဟုတ် တမလွန်ဘုံသားတို့၏အကူအညီနှင့် ပြသနေလင့်ကစား နာမည်ကျော်ကြား လူသိများစေရန် တမလွန်လောကဆိုသည်မှာ မရှိကြောင်း၊ တမလွန်လောကသားတို့နှင့် ဆက်သွယ်နိုင်ခြင်း မရှိနိုင်ကြောင်းကို စတန့်ပြုလုပ်ပြသခြင်းသာ ဖြစ်သည်ဟု စွပ်စွဲခဲ့ကြ၏။ ဟူဒီနီအဖို့ ပြိုင်ဘက် ပဉ္စလက်ဆရာအချို့သာမက နတ်ဝင်သည်ဆိုသူများ၊ ဝိညာဉ်အပူးခံနိုင်သူဆိုသူများ၊ တမလွန်လောကနှင့် ဆက်သွယ်နိုင်သူများ၏ အငြိုငြင်ခြင်းခံရတော့၏။ သူ့ဇနီးဖြစ်သူ ဘက်(ခ်)နှင့် သူ၏ ကိုယ်ရေးကိုယ်တာ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သူ ဥပဒေပညာရှင် ဘားနတ်(ဒ်)တို့ကမူ ဟူဒီနီအား ရန်များစေသောကိစ္စရပ်များမှ အတတ်နိုင်ဆုံးရှောင်ရှားရန် သတိပေးခဲ့ကြ၏။

ဟူဒီနီ၏ဘဝသည် တဖြည်းဖြည်းပြောင်းလဲလာသည်ဟု ဆိုရမည်ဖြစ်၏။ ပဉ္စလက်ပြပွဲစဉ်များ ပြသရေးထက် တမလွန်လောကရှိသည်ဟုဆို၍ လူထုအား လိမ်ညာနေသော နတ်ဝင်သည်တို့၏ အရှုပ်တော်ပုံကိုဖော်ထုတ်ရေးကို အားသန်လာသည်။ စိတ်ဝိညာဉ်ဆိုင်ရာ ဟောပြောမှုကိုလိုလားသည်။ လူထုကလည်း ဟူဒီနီ၏ ဟောပြောပွဲများကို ကြိတ်ကြိတ်တိုး လာရောက် နားထောင်ကြသည်။ ကမ္ဘာကျော်ပဉ္စလက်ဆရာကြီးဟု ဟိုးဟိုးကျော်ခဲ့သော ဟူဒီနီသည် အောင်မြင်ပေါက်ရောက်သော စိတ်ဝိညာဉ်ဆိုင်ရာကိစ္စရပ်များကို ဟောပြောပို့ချသည့် တရားဟောဆရာဖြစ်လာသည်။ ၁၉၂၄ ခုနှစ်အတွင်း ဟောပြောပွဲပေါင်း (၂၄) ပွဲ ဟောပြောရန် ကန်ထရိုက်တာများနှင့် စာချုပ်ချုပ်ခဲ့ရသည်။ လက်ဖျားငွေသီးခဲ့သော ဟူဒီနီသည် လက်ဖျားငွေသီးသော အခကြေးငွေယူ၍ ဟောပြောနေသည့် ကထိကကြီးတစ်ဆူ ဖြစ်လာရတော့၏။

အမှန်အားဖြင့် သူ့အဖို့ ရရှိသော အခကြေးငွေသည် အကြောင်းမဟုတ်ပေ။ သူ့ဘဝတစ်လျှောက်လုံး ရှာဖွေခဲ့သော တမလွန်လောကနှင့် ပတ်သက်သော အကြောင်းအရာများကို ယခုမှတွေ့ရခြင်း ဖြစ်သည်။ သူ့တာဝန်မှာ ကမ္ဘာကြီးအတွက် အလုပ်အကျွေးပြုရန် ဖြစ်၏။ လူသားအားလုံးအတွက် တစ်ခုခု အကျိုးပြုအလုပ်လုပ်ရန် ဖြစ်သည်။ လူသားများအား လိမ်ညာနေသော နတ်ဝင်သည်တို့အား ဖော်ထုတ်ရမည်မှာ သူ၏ မဟာတာဝန်ဖြစ်သည်ဟု ယူဆတော့သည်။

သို့ဖြစ်၍ တစ်ဖက်တစ်လမ်းမှ ပဉ္စလက်ပညာ ကြီးပွားထွန်းကားလာရန်ဆောင်ရွက်ပြီး တစ်ဖက်မှလည်း စိတ်ဝိညာဉ်ဆိုင်ရာကိစ္စရပ်များကို လေ့လာသုတေသနပြုရင်း လူထုအား လိမ်ညာနေသူများကို ဖော်ထုတ်ရမည်ဟု မှတ်ယူထားသည်။ ပြသပြီး ပဉ္စလက်ပြကွက်များကို ရိုးမသွားစေရန် မွမ်းမံပြုပြင် ပြင်ဆင်ဖြည့်စွက်သည်သာမက ပြင်ပမြင်ကွင်းများတွင် သူ၏ စွန့်ဝံ့သူပြကွက်များကိုလည်း ပြသလျက် ရှိသည်။ အဆန်းတကြယ် စတန့်ပြုလုပ်မှုများကိုလည်း အချိန်ရသလောက် ပြုလုပ်ပြသ

သည်။ ပဉ္စလက်ပြကွက်သစ်များကို တီထွင်သည်။ လေ့ကျင့်သည်။ စိတ်ဝိညာဉ်ဝါဒကိုအကြောင်းပြု၍ ဝိညာဉ်ဓာတ်ပုံများ ရိုက်ကူးနိုင်သည်ဟုဆိုကာ လိမ်ညာသူတစ်စုကိုလည်း ဝိညာဉ်ဓာတ်ပုံဟုဆိုကာ မည်သို့မည်ပုံ ဓာတ်ပုံကို မှုန်ဝါးဝါးဖြစ်အောင် ရိုက်ကူးကြပုံများကို သက်သေပြသည်။ လူအများရှေ့တွင် ဝိညာဉ်ဓာတ်ပုံ မည်သို့ရိုက်ကူးနိုင်ကြောင်း လက်တွေ့ပြသဖြင့် ပွဲဆူလာရသည်။ သူကိုယ်တိုင် ဝိညာဉ်ဓာတ်ပုံရိုက်ကူးပြီး ထိုဓာတ်ပုံကို မည်ကဲ့သို့ရိုက်ကူးခဲ့ကြောင်း ဝန်ခံချက်ဖြင့် စာနယ်ဇင်းသမားများအား ဖြန့်ဝေပေးသည်။ အမှန်အားဖြင့် ဟူဒီနီ၏ စေတနာမှာ လူထုအများ အလိမ်အညာမခံရရေး ဖြစ်၏။ သို့သော် သူ့အဖို့ ရန်သူများတစ်ဦးပြီးတစ်ဦး ပေါ်လာခဲ့ရ၏။

သူသည် လူထုပရိသတ်အား စိတ်ဝိညာဉ်ဝါဒအကြောင်းနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်သာမက ဖျော်ဖြေရေးပါ တွဲဖက်ပြုလုပ်ခဲ့သည်။ သူရောက်ရှိသောမြို့ကြီးများတွင် နတ်ဝင်သူများ၊ တမလွန်လောကနှင့် ဆက်သွယ်နိုင်သည်ဟုဆိုသူများ၊ ဝိညာဉ်အပူးခံရသူ၊ စွဲကပ်ခံရသူများသည် လူအများ ယုံလောက်အောင် မည်သို့မည်ပုံ ပိပိရိရိ လှည့်စားပုံကို ဟောပြောပို့ချသည်သာမက လက်တွေ့ပြုလုပ်ပြသခဲ့သည်။ နတ်ဝင်သည်များသည် သူတို့ လျှို့ဝှက်ချက်ကို လူအများမသိစေရန် မီးမှိန်မှိန်ထွန်းထားသောအခန်းအတွင်း တူရိယာပစ္စည်းများ အလိုအလျောက် မည်သို့မြည်လာပုံ၊ စားပွဲ, ကုလားထိုင်များ ကြမ်းပြင်မှကြွတက်လာအောင်ပြုလုပ်၍ လူအများယုံလောက်အောင် အံ့ဖွယ်သရဲများ ပြုလုပ်ပြသပုံများကို ပြဇာတ်ရုံကြီးများအတွင်း ပွဲကြည့်ပရိသတ်ရှေ့တွင် ပြုလုပ်ပြသသည်။

အချို့နတ်ဝင်သည်များသည် လူကမလုပ်ဘဲ ခေါင်းလောင်းများမြည်လာပုံ၊ အခန်းအတွင်းထောင်ထားသော ကျောက်သင်ပုန်းပေါ်တွင် စာများပေါ်လာစေခြင်းဖြင့် ဝိညာဉ်က ပြုလုပ်ပေးသယောင် လုပ်ပြပုံများကို သူကိုယ်တိုင် ပြုလုပ်ပြသခဲ့ရာ လူအများက သဘောကျခဲ့ကြသည်။ သူ့လက်တွေ့ပြပွဲများ၊ ဟောပြောပွဲများတွင် ရုံလျှံခဲ့သည်ဟု ဆိုသည်။ သူ၏ ပြပွဲကြော်ငြာများတွင် 'တမလွန်လောကမှ ဝိညာဉ်သည် အမှန်တကယ်ပြန်လာနိုင်သလော။ နတ်ဝင်သည် ဦးကလိမ်၊ မယ်ကလိမ်များကို ဖော်ထုတ်ပြမည့် မဟာဟူဒီနီ' ဟူသော စာသားများ ရေးသားစေခဲ့သည်။

ချီကာဂိုမြို့တော် အဆင့်မြင့်ပြဇာတ်ရုံကြီးတွင်ကျင်းပသော မဟာဟူဒီနီ၏ ဟောပြောပွဲနှင့် ပဉ္စလက်ပြပွဲတွင် ဇာတ်ရုံကြီး၏ရှေ့၌ 'ချီကာဂိုမြို့မှ နတ်ဝင်သည်တို့၏ လိမ်ညာသည့်နည်းပညာများကို ဖော်ထုတ်ပြမည်' ဟု ပိုစတာကြီးထူထားခဲ့၏။ ဟူဒီနီသည် တမလွန်လောကနှင့် ဆက်သွယ်နိုင်သည်ဟု လူထုအား လိမ်ညာနေသော နတ်ဝင်သည်တို့၏ လိမ်

နည်းညာနည်းများကို ပြသခဲ့သည်သာမက သူ အသစ်တီထွင်သော ပဉ္စလက်ပြကွက်များကို ပြသခဲ့သည်။

ချီကာဂိုတွင်မူ သူ၏ နာမည်ကျော် ဟူဒီနီအား ဇောက်ထိုးဆွဲခြင်း၊ ဘွိုင်လာအိုးအတွင်းမှ လွတ်မြောက်မှုနှင့် နွားနို့အိုးသဏ္ဍာန်သံစည်အတွင်းမှ လွတ်မြောက်မှုအပြင် သူတီထွင်သော ဗီးနပ်(စ်)အချစ်နတ်သမီးအား ဖျောက်ပြခြင်း ဟူသော ပြကွက်ကို တင်ဆက်ခဲ့သည်။ ယင်းပြကွက်မှာ ပရိသတ် တအံ့တဩဖြစ်ရသည့်ပြကွက် ဖြစ်၏။ ချောမောလှပသော ဂရိအချစ်နတ်သမီးကဲ့သို့ ဝတ်ဆင်ထားသော အမျိုးသမီးငယ်တစ်ဦးအား အိန္ဒိယတိုင်းရင်းသား ဟိန္ဒူအမျိုးသားဝတ်စုံ ဝတ်ဆင်ထားသည့် အမျိုးသားနှစ်ဦးက ကြီးမားသောမှန်ခေါင်းတလားကြီးအတွင်း ဝင်အိပ်စေသည်။ ပရိသတ်ရွေးချယ်ထားသော ကိုယ်စားလှယ်များက မှန်ခေါင်းတလားကြီးနှင့် ဇာတ်စင်ကြမ်းပြင်ကို သေသေချာချာ စစ်ဆေးစေသည်။ သူတို့ သေသေချာချာ စူးစမ်းစစ်ဆေးပြီးသည်နှင့် သံဘောင်များခတ်ထားသော ကတ္တီပါကားလိပ်ကို အဖွဲ့သားနှစ်ဦးကယူလာပြီး မှန်ခေါင်းတလားအား ဖုံးထားလိုက်သည်။ ခေါင်းတလားခြေရင်း၊ ခေါင်းရင်းတွင်မူ ဟိန္ဒူဝတ်စုံဝတ်ထားသူနှစ်ဦးက ရပ်စောင့်နေကြသည်။

ဇာတ်စင်အောက်မှ တေးဂီတဝိုင်းတော်သားများကလည်း သည်းထိတ်ရင်ဖိုဖွယ် တေးသံသာများကို တီးမှုတ်နေကြသည်။ ပရိသတ်ကြီးကလည်း ရင်တဖိုဖိုနှင့် ဇာတ်စင်ပေါ်ရှိ ကတ္တီပါကားလိပ်ငယ်ကလေး အုပ်ထားသော မှန်ခေါင်းတလားနှင့် မတ်မတ်ရပ်နေသော ဟိန္ဒူဝတ်စုံဝတ်ထားသော အမျိုးသားနှစ်ဦးအား မျက်ခြည်မပြတ်ကြည့်နေကြသည်။ ပဉ္စလက်ဆရာကြီး ဟူဒီနီသည် ဂရိအချစ်နတ်သမီးကလေးကို မည်ကဲ့သို့ ပျောက်အောင်ဖျောက်ပြမည်နည်း။ မီးမောင်းကြီးကလည်း ဇာတ်စင်ပေါ်တွင်ရှိနေသော မဟာဟူဒီနီနှင့် ဟိန္ဒူအမျိုးသားနှစ်ဦးအား တစ်လှည့်စီထိုးပြနေသည်။

မိနစ်အနည်းငယ်ကြာသည်နှင့် ဟူဒီနီသည် သူ့တပည့်တစ်ယောက်အား ကတ္တီပါကားလိပ်ကို ဖွင့်စေလိုက်သည်နှင့် ပွဲကြည့်ပရိသတ်မှာ ဟာခနဲဖြစ်သွားသည်။ လူပေါင်း (၂၀၀၀) ကျော် စူးစိုက် မျက်ခြည်မပြတ် ကြည့်နေသည့်ကြားမှ ဂရိအချစ်နတ်သမီးကလေးမှာ ဇာတ်စင်ပေါ်မှ ပျောက်ခြင်းမလှပျောက်သွားခဲ့လေပြီ။

မဟာဟူဒီနီသည် မည်သည့်နည်းဖြင့် ဖျောက်ခဲ့သနည်း။ သူကိုယ်တိုင် တမလွန်လောကနှင့်ပတ်သက်၍ လည်းကောင်း၊ ဝိညာဉ်လောကနှင့် ပတ်သက်၍ လည်းကောင်း၊ စူးစမ်းလေ့လာနေသူ ဝိညာဉ်လောကကို လိမ်ညာနေသူများကို ဖော်ထုတ်နေသူတစ်ဦးက တမလွန်လောကသားတို့ အကူအညီနှင့် ဤကဲ့သို့ လျှို့ဝှက်ဆန်းကြယ်သော ပဉ္စလက်ပြကွက်သစ်များကို တီထွင်နေပေသလော။

ဟူဒီနီသည် မိနစ်အနည်းငယ်အတွင်း လူတစ်ယောက်လုံးကို ဖျောက်ပြပြီးနောက် တပည့်ဖြစ်သူများက မည်သူမျှမရှိသော မှန်ခေါင်းတလားကို ကတ္တီပါကားလိပ်ကလေးဖြင့် ကာထားလိုက်သည်။ ဟိန္ဒူအမျိုးသားကြီးနှစ်ဦးကမူ တာဝန်ပေးထားသည့်အတိုင်း ခေါင်းတလားခေါင်းရင်းနှင့် ခြေရင်းတွင် မတ်တတ်ရပ်နေတော့သည်။ မိနစ်အနည်းငယ်ရှိသည်နှင့် ဟူဒီနီသည် တပည့်တစ်ဦးအား ကတ္တီပါကားလိပ်ကိုဖွင့်စေသည်နှင့် လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံ၊ လေချွန်သံများ ရုံကြီးတစ်ရုံလုံး ညံသွားသည်။

မိနစ်ပိုင်းအတွင်း ပျောက်ခြင်းမလှပျောက်သွားသော ဂရိအချစ်နတ်သမီးကလေးမှာ မှန်ခေါင်းအတွင်း လဲလျောင်းအိပ်စက်လျက်ရှိနေတော့သည်။ ဂရိနတ်သမီးကလေး ရုတ်တရက် ပျောက်သွားရာမှ မည်သို့ပြန်ရောက်လာခဲ့သနည်း။ မဟာဟူဒီနီမှာ ပြိုင်ဘက်ကင်းသော ပဥ္စလက်ဆရာဟု ဟိုးဟိုးကျော်ခဲ့သည်။

ချီကာဂိုမှ စောင်ရေအများဆုံးထုတ်ဝေရပြီး ဩဇာကြီးမားသော ချီကာဂိုထရီဗြူန်းသတင်းစာကြီးကမူ မဟာဟူဒီနီ၏ ပဥ္စလက်အစွမ်းမှာ အံ့မခန်းလောက်ပါပေသည်ဟု ချီးမွမ်းရေးသားပြီး သူဟောပြောပို့ချသည့် နတ်ဝင်သည်များ၏ လူထုအား လိမ်ညာနည်းများ၊ ထိုလိမ်ညာနည်းများကို သူမည်ကဲ့သို့ ဖော်ထုတ်ခဲ့ရပုံများကိုလည်းကောင်း၊ လိမ်နည်းညာနည်း သရုပ်ပြပုံကိုလည်းကောင်း ဓာတ်ပုံသာဓက အထောက်အထား စုံစုံလင်လင်နှင့် ရေးသား ဖော်ပြခဲ့ကြ၏။

သို့ဖြစ်၍ ဟူဒီနီမှာ လူလိမ်နတ်ဝင်သည်များ၏ အမုန်းဆုံး နံပါတ်တစ်ရန်သူ ဖြစ်လာရသည်။ သူတို့၏ လိမ်နည်းညာနည်းများကို လူသိရှင်ကြား သရုပ်ပြ၍ ဖော်ပြသဖြင့် သူတို့အဖို့ အရှက်ရခဲ့သည်။ အမေရိကန်ပြည်ထောင်စု သိပ္ပံပညာမဂ္ဂဇင်းက ဖွဲ့စည်းပေးထားသော နတ်ဝင်သည်များ စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ဟူဒီနီသည် လူစွာလုပ်သည်ဟု ယူဆကြ၏။ သူတို့အား လူထုနှင့် ရန်တိုက်ပေးသူဟူ၍ သတ်မှတ်သည်။ သူတို့၏ ဂုဏ်သိက္ခာကို သေးသိမ်အောင်ပြုလုပ်ပြီး သူတို့ထမင်းအိုးကို ရိုက်ခွဲသူဖြစ်၍ သူ့အား တစ်နည်းနည်းဖြင့် လက်စားချေမည်ဟု ဆုံးဖြတ်ထားကြ၏။

ဟူဒီနီအား သိက္ခာကျစေသော လုပ်ကြံသတင်းများဖြန့်သည်။ ဟူဒီနီသည် မှော်ဆရာ ဖြစ်သည်။ ရိုးသားဖြောင့်မတ်သော မနောသုတေသီများကို အယုံသွင်း၍ နတ်ဝင်သည်များကို ပုတ်ခတ်ပြောဆိုခြင်း၊ သိက္ခာချခြင်းများ ပြုလုပ်နေသောသူ ဖြစ်သည်။ သိပ္ပံမဂ္ဂဇင်းကြီးက ဖွဲ့စည်းတည်ထောင်ပေးသော ကော်မတီကို ခုတုံးပြုလုပ်၍ တမလွန်လောကနှင့် ဆက်သွယ်နိုင်သူဆိုသူများ၊ နတ်ဝင်သည်များကို အပြစ်ရှာနေသူ ဖြစ်သည်။ ကမ္ဘာကျော်စာရေးဆရာကြီးကိုနင်ဒွိုင်းနှင့် ဇနီး လေဒီကိုနင်ဒွိုင်းတို့ကို

ဂုဏ်သိက္ခာကျဆင်းစေရန် ပြုလုပ်နေသည်ဟူ၍လည်းကောင်း၊ လူထုမျက်ကွယ်တွင် အရက်သောက်သူ၊ ဘိန်းရှူသူ၊ ပြည့်တန်ဆာများနှင့် ရောရောထွေးထွေးနေသူဟူ၍လည်း စွပ်စွဲ၍ သားပုပ်လေလွင့်ပြောကြသည်။

အချို့နတ်ဝင်သည်များကမူ သူ့အား ပုပ်ရဟန်းမင်းကြီးက ငွေပေးငှားရမ်းထားပြီး နတ်ဝင်သည်လောကကို ဖျက်ဆီးစေသည်ဟူ၍လည်း စွပ်စွဲကြ၏။ အချို့ကမူ ဟူဒီနီသည် ဂျူးမျိုးနွယ်ဝင် ဖြစ်သည်။ သို့ဖြစ်၍ ခရစ်ယာန်ဘာသာကို ဖျက်ဆီးရန် ဂျူးလျှို့ဝှက်အသင်းတစ်သင်းက တာဝန်ပေးထားသည်ဟူ၍ တီးတိုးဝါဒဖြန့်ကြသည်။ ဟူဒီနီကိုယ်တိုင်လည်း သူ့အား ဘေးအန္တရာယ်များဝိုင်းနေသည်ဟု သိနေသည်။ သတင်းစာကြီးများကမူ အမေရိကန်သိပ္ပံပညာအသင်းကြီး၏ နတ်ဝင်သည် အစစ်အမှန်ဖော်ထုတ်ရေးကို မဟာဟူဒီနီက တာဝန်ကျေပွန်စွာ ဆောင်ရွက်နေသည်ဟု ရေးသား ဖော်ပြခဲ့ကြသည်။

ဤသို့အတွင်း အမေရိကန်ပြည်ထောင်စုတွင်သာမက ဥရောပတိုက်နိုင်ငံအသီးသီးကိုပါ ဂယက်ရိုက်ခတ် ကျော်ကြားနေသော အမေရိကန်ပြည်ထောင်စု ဘိုစတုန်မြို့မှ နတ်ဝင်သည် မာဂျိုရီ ဆိုသူ၏ ကိစ္စရပ်ပေါ် ပေါက်လာသည်။ မာဂျိုရီမှာ နှယ်နှယ်ရရနတ်ဝင်သည်တစ်ယောက်မဟုတ်ပေ။ အသက်အရွယ်အားဖြင့် (၃၀) ကျော်ခန့်သာရှိပြီး ရုပ်ရည်ချောမောလှပ၍ အပေါင်းအသင်းဆံ့သူတစ်ယောက် ဖြစ်၏။ သူ၏ခင်ပွန်းဖြစ်သူမှာ ဘိုစတုန်မြို့မှ နာမည်ကျော် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာကရင်ဒန် ဖြစ်သည်။ အမှန်အားဖြင့် မစ္စက်ကရင်ဒန်ခေါ် မစ်မာဂျိုရီမှာ ကနေဒါနိုင်ငံသူ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ဘိုစတုန်မြို့သို့ ပြောင်းရွှေ့လာခဲ့ပြီး ဘိုစတုန်မြို့တွင် အခြေချနေထိုင်ခဲ့ရာမှ အထွေထွေပစ္စည်းရောင်းချသော စတိုးဆိုင်ပိုင်ရှင် မစ္စတာအာ(လ်)ရင်နှင့် လက်ထပ်ခဲ့သည်။ မာဂျိုရီ၏ မောင်ငယ်ဖြစ်သူမှာ မီးရထားဌာနတွင် အမှုထမ်းခဲ့ရာမှ စက်ခေါင်းမီးထိုးသူ ဖြစ်လာသည်။ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် မီးရထားမတော်တဆမှောက်မှုကြီးတွင် မာဂျိုရီ၏မောင်ဖြစ်သူ ဝေါ(လ်)တာမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့ရာမှ ကွယ်လွန်ခဲ့ရသည်။ သူ့မောင်ကွယ်လွန်သည့်နေ့ကစ၍ မောင်ဖြစ်သူ၏ဝိညာဉ်နှင့် အဆက်အသွယ်ရသည်ဆိုကာ နေ့ချင်းညချင်း မာဂျိုရီမှာ နတ်ဝင်သည်တစ်ဦး ဖြစ်လာခဲ့ရ၏။ နှစ်နှစ်အကြာတွင် မာဂျိုရီသည် ကလေးငယ်တစ်ယောက် ဖွားမြင်ခဲ့သည်။

ဤကဲ့သို့ ကလေးငယ်တစ်ဦးဖွားမြင်ခဲ့ပြီး ခြောက်လခန့်အကြာတွင် အူရောင်ငန်းဖျားရောဂါဝေဒနာ ရရှိသဖြင့် ဘိုစတုန်မြို့ဆေးရုံကြီးတွင် ခွဲစိတ်ကုသမှုခံယူခဲ့ရ၏။ သူ့အား ခွဲစိတ်ကုသပေးသူ ခွဲစိတ်ကုဆရာဝန်ကြီး ကရင်ဒန်နှင့် ခင်မင်ရင်းနှီးလာခဲ့သည်။ မာဂျိုရီသည် သူ့ပထမခင်ပွန်းဖြစ်သူ စတိုးဆိုင်ပိုင်ရှင် မစ္စတာအာ(လ်)ရင်နှင့် ကွာရှင်းပြတ်စဲခဲ့ပြီး

ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာကရင်ဒန်နှင့် လက်ထပ်ခဲ့သည်။

ခွဲစိတ်ကုဆရာဝန်ကြီး ကရင်ဒန်မှာ စိတ်ဝိညာဉ်ဆိုင်ရာကိစ္စရပ်များတွင် စိတ်ဝင်စားသူ ဖြစ်၏။ သို့ဖြစ်၍ တမလွန်လောကမှ မောင်ဖြစ်သူ ဝေါ(လ်)တာ၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်သူ မာဂျိုရီမှာ လိုက်ဖက်သော ဇနီးမောင်နှံ ဖြစ်လာသည်။ ဒေါက်တာကရင်ဒန်ကလည်း ကွယ်လွန်သူတို့၏ဝိညာဉ်ကို ဓာတ်ပုံရိုက်ကူး၍ရနိုင်သည်ဟု ယုံကြည်ထားသူဖြစ်သည်။ သူ အပျော်တမ်းရိုက်ကူးသည့် ဝိညာဉ်ဓာတ်ပုံများကို စာရေးဆရာကြီး ဒေါက်တာကိုနင်ဒွိုင်းထံ ပေးပို့ခဲ့သည်။ ဒေါက်တာကိုနင်ဒွိုင်းနှင့် ဇနီးတို့ ဘိုစတုန်မြို့သို့ လာရောက်ခဲ့စဉ်က ဒေါက်တာကရင်ဒန်တို့ဇနီးမောင်နှံနှင့် တွေ့ဆုံခဲ့ကြပြီး သူတို့နေအိမ်တွင် ဝိညာဉ်ခေါ်ပွဲများ ကျင်းပခဲ့သည်ဟု ဆိုကြ၏။ ဒေါက်တာကိုနင်ဒွိုင်းနှင့် လေဒီကိုနင်ဒွိုင်းတို့ကမူ မာဂျိုရီသည် တမလွန်လောကမှ မောင်ဖြစ်သူ ဝေါ(လ်)တာ၏ ဝိညာဉ်နှင့် အမှန်တကယ် ဆက်သွယ်နိုင်သည်ဟု ယုံကြည်ထားသည်။ ဒေါက်တာကရင်ဒန်တို့နေအိမ်တွင် ဝိညာဉ်ခေါ်ပွဲများ ကျင်းပခဲ့စဉ်က မာဂျိုရီပြသသော အံ့ဖွယ်သရဲပြုလုပ်ချက်များသည် အမှန်တကယ် တမလွန်လောကမှဝိညာဉ်၏ အကူအညီနှင့် ပြုလုပ်ပြသနိုင်ခြင်းဖြစ်သည်ဟု ဒေါက်တာကိုနင်ဒွိုင်းက ယုံကြည်သည်။

ထိုဝိညာဉ်ခေါ်ယူပွဲတွင် မာဂျိုရီ၏ စွမ်းအင်ကြောင့် ပေါင် (၂၀) ခန့် အလေးချိန်ရှိသော စားပွဲတစ်လုံးသည် တစ်စုံတစ်ဦးက မ,ယူလိုက်သကဲ့သို့ လေထဲသို့ (၁၀) လက်မခန့် မြင့်တက်လာခဲ့သည်။ မှေးမှိန်သောအလင်းရောင်အောက်တွင်ထိုင်နေသော မာဂျိုရီသည် နှုတ်မှ တစ်စုံတစ်ရာကို ရွတ်ဆိုလိုက်သည်နှင့် ထူးဆန်းသော အဖြူရောင်တန်းကြီးနှစ်ခုလက်များမှ ထွက်လာသည်ဟုလည်း ဆိုသည်။ စာကြည့်ခန်း မှန်ဗီရိုအတွင်း အလှပြထားသော ဂစ်တာသည်လည်း အလိုအလျောက် အသံများမြည်လာပြီး ဝိညာဉ်ခေါ်ပွဲ တက်ရောက်သူအားလုံးတို့၏ ဦးခေါင်းများ၊ ပခုံးများ၊ လက်များကို မမြင်ရသော တစ်စုံတစ်ယောက်က လိုက်တို့သည်။ ဝိညာဉ်ခေါ်ယူပွဲကျင်းပသည့်အခန်းအတွင်း ခေါင်းလောင်းသံများ၊ ချူသံများလည်း ကြားကြရပြီး အခန်းနံရံများ၊ တံခါးများကိုလည်း တစ်စုံတစ်ယောက်က လာ၍ခေါက်သည့်အသံများ ကြားကြရသည်။ ဆရာကြီးကိုနင်ဒွိုင်းနှင့် လေဒီကိုနင်ဒွိုင်းတို့ရှေ့ရှိ စားပွဲပေါ်တွင်တင်ထားသော မီးခြစ်များ၊ ဆေးလိပ်ပြာခွက်၊ ဖန်ခွက်၊ လက်သုတ်ပဝါ စသည်တို့သည် အလိုအလျောက် မ,လိုက်သကဲ့သို့ လေပေါ်တွင် မြင့်တက်သွားသည်။

ဒေါက်တာကိုနင်ဒွိုင်းအဖို့ ပိုမိုအံ့ဩစေရသောမြင်ကွင်းမှာ မူလက ဧည့်သည်များရှေ့တွင် မည်သည့်အရာမျှ မရှိသော်လည်း စားပွဲတစ်လုံးကို တစ်စုံတစ်ဦးက မ,ယူလာပြီး သူတို့ရှေ့တွင်ချထားလိုက်သည်။ ထိုစားပွဲကို အခန်းဝဲဘက်နေရာဟောင်းသို့ ပြန်ရွှေ့ရန် ဧည့်သည်နှစ်ဦးက

ကြိုးစားခဲ့ကြ၏။ ဒေါက်တာကရင်ဒန်ကိုယ်တိုင် ပါဝင်ကူညီခဲ့သော်လည်း စားပွဲမှာ မ,၍မရကြ။ သူတို့သုံးဦးစလုံး အားစိုက်သော်လည်း မရကြတော့။ တစ်စုံတစ်ယောက်က ဖိထားသကဲ့သို့ ဖြစ်နေ၏။ ဤအချိန်တွင် နတ်ဝင်သည် မာဂျီရီသည် လက်များကို သူ့ရှေ့ရှိ စားပွဲပေါ်တွင် ဖြန့်ချထားပြီး မိန်းမောနေသည့်အလား ဖြစ်နေတော့၏။

ဧည့်သည်များအား တစ်စုံတစ်ဦးက လိမ်လည်လှည့်ဖြားခြင်း ဖြစ်သလော။ ဧည့်သည်အများစုမှာ ဂုဏ်သရေရှိလူကြီးလူကောင်းများ၊ ပညာရှင်များသာ ဖြစ်သည်။ ဤဝိညာဉ်ခေါ်ပွဲအကြောင်း အပြည့်အစုံကို ဘိုစတုန်မြို့မှ ထုတ်ဝေသော ဘိုစတုန်ဂလုပ်သတင်းစာကြီးတွင် အပြည့်အစုံ ရေးသားဖော်ပြခဲ့သဖြင့် ဒေါက်တာကရင်ဒန်၏ဇနီးဖြစ်သူမှာ နေ့ချင်းညချင်း သတင်းကြီးမားလာသည်။ ဘိုစတုန်ဂလုပ်ပါသတင်းကို ကိုးကား၍ အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော သဟင်းစာအများကပင် စာဖတ်ပရိသတ် စိတ်ဝင်စားအောင် ချဲ့ထွင်ရေးသားခဲ့ကြသဖြင့် ဟိုးဟိုးကျော်ခဲ့ရသည်။ သူတို့နေအိမ်သို့ တမလွန်လောကနှင့် ဆက်သွယ်လိုသောလူအများ ဝင်ထွက်သွားလာကြသည်။ ဂျာနယ်များ၊ မဂ္ဂဇင်းများကလည်း ထိုသတင်းကို ဓာတ်ပုံသာမက အထောက်အထားများနှင့် ရေးသားဖော်ပြခဲ့ကြ၏။ ယင်းသတင်းစာများ၊ မဂ္ဂဇင်းများကို ကိုးကား၍ အင်္ဂလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံတို့မှ သတင်းစာကြီးများကလည်း ဖော်ပြခဲ့သဖြင့် မာဂျရီမှာ ကမ္ဘာကျော်ခဲ့ရသည်။

ဒေါက်တာကိုနင်ဒွိုင်းတို့ဇနီးမောင်နှံမှာမူ မာဂျီရီသည် အစစ်အမှန် နတ်ဝင်သည်တစ်ဦးဖြစ်သည်ဟု ယုံကြည်သွားခဲ့၏။ မာဂျီရီနှင့် ဆရာကြီး ကိုနင်ဒွိုင်းတို့ဇနီးမောင်နှံနှင့် တွေ့ကြရပုံနှင့် ဝိညာဉ်ခေါ်ပွဲ၏ ထူးခြားဖြစ်စဉ်အကြောင်းကို အင်္ဂလန်နိုင်ငံမှ စောင်ရေအများဆုံးထုတ်ဝေရသော စိတ်စွမ်းအင်သတင်းစာကြီးတွင် အခန်းဆက်ဆောင်းပါးရှည်အဖြစ် ထည့်သွင်းဖော်ပြပေးခဲ့၏။ ဆရာကြီးကိုနင်ဒွိုင်းကမူ အတိုင်းတိုင်းအပြည်ပြည်တွင် နတ်ဝင်သည်များရှိကြကြောင်း၊ ထိုနတ်ဝင်သည်များအနက် မာဂျရီမှာ အတော်ထူးခြားဆန်းကြယ်သူဖြစ်သည်ဟု စာနယ်ဇင်းသမားများနှင့် တွေ့ဆုံရာတွင် ထုတ်ဖော်ပြောဆိုခဲ့သည်ဟု ဆိုကြသည်။

ဒေါက်တာကိုနင်ဒွိုင်းက ဟူဒီနီထံပေးစာတွင် ဘိုစတုန်မြို့မှ နတ်ဝင်သည် မာဂျီရီမှာ အစစ်အမှန် နတ်ဝင်သည်တစ်ယောက်ဖြစ်သည်ဟု ဖော်ပြခဲ့၏။ ဟူဒီနီသိလိုသော တမလွန်လောကနှင့်ပတ်သက်သော ကိစ္စရပ်များကို မာဂျီရီထံမှ စူးစမ်းသင့်သည်ဟူ၍လည်း အကြံပေးခဲ့သည်။ ဟူဒီနီကမူ မည်သည့် နတ်ဝင်သည်ကိုမျှ လွယ်လွယ်ကူကူနှင့် အမှန်တကယ် တမလွန်လောကနှင့် ဆက်သွယ်နိုင်သည်ဟု ယူဆထားသူမဟုတ်ပေ။ ဒေါက်တာကိုနင်ဒွိုင်းပေးသည့်အကြံကို ချက်ချင်းလက်ခံခြင်းမပြုခဲ့။

အမှန်အားဖြင့် စာရေးဆရာကြီးကိုနင်ဒွိုင်းသည် ဟူဒီနီ၏ ပဥ္စလက်ဆရာဘဝတစ်လျှောက် သို့လောသို့လောဖြစ်နေသော ဝိညာဉ်လောက ရှိ၊ မရှိ ပြဿနာကြီးကို ကိုနင်ဒွိုင်းက နှိုးဆွပေးသကဲ့သို့ ဖြစ်နေတော့သည်။ နတ်ဝင်သည် မာဂျိုရီ၏ အံ့ဖွယ်သရဲပြုလုပ်ပြသမှု၊ မာဂျိုရီ၏ တမလွန်လောကနှင့် ဆက်သွယ်နိုင်မှု မာဂျိုရီ၏ခင်ပွန်းဖြစ်သူ ဒေါက်တာကရင်ဒန်၏ ဝိညာဉ်ဓာတ်ပုံကိစ္စရပ်များသည် ပြည်သူအများအား လိမ်ညာနေခြင်းများသာ ဖြစ်သည်။ မိမိတို့၏ အရှိန်အဝါ ဂုဏ်သိက္ခာကို အရင်းပြု၍ လိမ်ညာနေခြင်း ဖြစ်သည်ဟု ယုံကြည်ထားသည်။ သို့ဖြစ်၍ မာဂျိုရီ၏ ဝိညာဉ်ခေါ်ပွဲများကို သွားရောက်လေ့လာသည်။ ဒေါက်တာကရင်ဒန်၏ ဝိညာဉ်ဓာတ်ပုံများကိုလည်း သေသေချာချာ စူးစမ်းလေ့လာသည်။

မာဂျိုရီ၏ဝိညာဉ်ခေါ်ပွဲများတွင်တွေ့ရသော မမြင်ရသော လက်များ (တမလွန်လောကမှ ပရလောကသားတို့၏လက်) သည် ဝိညာဉ်ခေါ်ယူပွဲ တက်ရောက်သူများ၏ ပခုံးများ၊ ဦးခေါင်းများ၊ လက်များကို ထိတွေ့သည် ဟူသော ဖြစ်ရပ်များ၊ စားပွဲများ၊ စားပွဲပေါ်ရှိ ပစ္စည်းများ၊ ဆေးလိပ်ပြာခွက်များ၊ မီးခြစ်ဆံများ အလိုအလျောက် ပြန့်ကျဲပြုလုပ်ပြသမှုများသည် နတ်ဝင်သည်နှင့် တပည့်တို့၏ ပဥ္စလက်နည်းဖြင့် လိမ်ညာပြသမှုများသာ ဖြစ်သည်ဟု ဟူဒီနီက ယုံကြည်ထားသည်။

သို့ဖြစ်၍ ထိုဖြစ်စဉ်များကို အသေးစိတ်လေ့လာသည်။ အဘယ်ကြောင့် နတ်ဝင်သည်များသည် ဝိညာဉ်ခေါ်ပွဲများကို အလင်းရောင်မှေးမှိန်သောအခန်းများတွင် ပြုလုပ်ခဲ့ကြသနည်း။ ထိုဝိညာဉ်ခေါ်ပွဲကျင်းပသည့်အခန်းများကို အဘယ်ကြောင့် ထူထဲသောခန်းဆီးများကို အသုံးပြုသနည်း။ တမလွန်လောကမှ ပရလောကသားတို့ကိုယ်တိုင် တူရိယာပစ္စည်းများ အလိုအလျောက်တီးမှုတ်ခြင်းပြုသည်ဆိုလျှင် ထိုအခန်းကို အဘယ်ကြောင့် မှောင်ချထားသနည်း။

ဟူဒီနီသည် ထိုကိစ္စရပ်များကို နှိုက်နှိုက်ချွတ်ချွတ် အသေးစိတ်စုံစမ်းစစ်ဆေးသည်။ လက်တစ်ဆုံးနှိုက် လေ့လာထားသည်။ မာဂျိုရီ၏ အားနည်းချက်၊ လိမ်ညာချက်များကို တွေ့ထားခဲ့၏။ သို့ဖြစ်၍ ဆရာကြီးကိုနင်ဒွိုင်းထံသို့ စာပြန်ရေးသားခြင်းမပြုတော့ဘဲ အလိမ်အညာ နတ်ဝင်သည်တို့ ဖော်ထုတ်ရေးကိုသာ တစိုက်မတ်မတ် ဆောင်ရွက်နေခဲ့သည်။

မာဂျိုရီ၏ ဝိညာဉ်ခေါ်ပွဲမှ လေချွန်သံထွက်ပေါ်လာမှု၊ မာဂျိုရီ၏ ခင်ပွန်း ဒေါက်တာကရင်ဒန်၏ သေဆုံးသွားသောခွေးကြီး၏ ဟောင်သံကို ဝိညာဉ်ခေါ်ပွဲတက်ရောက်သူများ ကြားရသည်ဆိုသောအချက်အလက်တို့ကိုလည်း ဟူဒီနီက သေသေချာချာ လေ့လာထားပြီး ဖြစ်သည်။ ဤသို့အတွင်း နတ်ဝင်သည်မာဂျိုရီသည် အမေရိကန်ပြည်ထောင်စု သိပ္ပံပညာမဂ္ဂဇင်းကြီးက ဖွဲ့စည်းထားသော ကော်မတီထံ သူ့အား နတ်ဝင်သည်

အစစ်အမှန် ဟုတ်၊ မဟုတ် စစ်ဆေးအတည်ပြုပေးရန် လျှောက်လွှာပို့ခဲ့သည်။ ကော်မတီဝင်များကလည်း မာဂျီရီ၏ ဝိညာဉ်ခေါ်ပွဲများသို့ တက်ရောက်လေ့လာပြီး အဆုံးအဖြတ်ပေးမည်ဟု ပြန်ကြားခဲ့သည်။

ထိုကြီးကြပ်ရွေးချယ်ရေးကော်မတီဝင်များဖြစ်ကြသော ပါမောက္ခဝီလျံမက်ဒူးဂဲလ်၊ ပါမောက္ခဒယ်နီရယ်ဖရော့(ဖ်)ကမ်စတော၊ ဒေါက်ဝေါ(လ်)တာဖရင်ကလင်ပရင်(ခ်)နှင့် ဟီရာဝါ(ဒ်)ကာရင်တန်တို့သည် မာဂျီရီ၏ ဝိညာဉ်ခေါ်ယူပွဲနှင့် သရုပ်ပြပွဲများအား တက်ရောက်လေ့လာစူးစမ်းကြသည်။ ပဥ္စလက်ဆရာဟူဒီနီမှာ ပဥ္စလက်ပွဲစဉ်များရှိသဖြင့် တက်ရောက်နိုင်ခြင်းမရှိခဲ့။ သို့သော် ဟူဒီနီအနေဖြင့် မာဂျီရီ၏ ဝိညာဉ်ခေါ်ပွဲများကို မကြာခဏတက်ရောက်ပြီးဖြစ်၏။

ကြီးကြပ်ရွေးချယ်ရေးကော်မတီဝင်များသည် အသေးစိတ် စူးစမ်းစစ်ဆေးခဲ့ကြ၏။ ကော်မတီအတွင်းရေးမှူးဖြစ်သော ဟီရာဝါ(ဒ်)ကာရင်တန်သည် နတ်ဝင်သည် အလိမ်အညာများအား ထာဝစဉ် ဖော်ထုတ်ပေးခဲ့သူ ဖြစ်သည်။ သို့သော် မာဂျီရီ၏ သရုပ်ပြပွဲကို တက်ရောက်သောအခါ မာဂျီရီသည် အမှန်တကယ် ဝိညာဉ်လောကနှင့် ဆက်သွယ်နိုင်သော နတ်ဝင်သည်ဖြစ်သည်ဟု ယုံကြည်လာသည်။ ဝိညာဉ်ခေါ်ပွဲတွင် ပြသသော အံ့ဖွယ်သရဲပြုလုပ်မှုများသည် အမှန်တကယ် တမလွန်လောကမှ ပရလောကသားတို့က ပြုလုပ်ခြင်းဖြစ်သည်ဟု ယုံကြည်လာသည်။ ထိုပြပွဲတွင် ကြုံတွေ့ရသော အမှောင်ထဲမှ လေချွန်သံများကြားရခြင်း၊ ဒေါက်တာကရင်ဒန်၏ သေဆုံးသွားသော အချစ်တော်ခွေးကြီး၏ ဟောင်သံများ ကြားရခြင်းတို့မှာ အမှန်တကယ် ဝိညာဉ်လောကသားတို့၏ ဆောင်ရွက်ချက်များဖြစ်သည်ဟု ဆုံးဖြတ်ထားသည်။

ထိုစဉ်က ဘိုစတုန်မြို့တွင် ရောက်ရှိနေသော ဟူဒီနီသည် အဖွဲ့ဝင်များထံသို့ သူ ယခင်ကတွေ့ကြုံခဲ့ရသော နတ်ဝင်သည် မာဂျီရီ ဝိညာဉ်ခေါ်ပွဲ အတွေ့အကြုံများကို ရေးသားထားသောစာများကို ပို့ပေးခဲ့သည်။ မာဂျီရီသည် ထိုအံ့ဖွယ်သရဲပြုလုပ်ပြသချက်များကို ပဥ္စလက်နည်းပညာကို အသုံးပြု၍ သူ့အား အထင်ကြီးစေရန် စီမံပြုလုပ်ပြသခြင်းဖြစ်ကြောင်း၊ မာဂျီရီ၏ သရုပ်ပြမှုမျိုး သူပြုလုပ်ပြသမည်ဖြစ်ကြောင်း၊ မာဂျီရီမှာ လူထုအား လိမ်ညာနေသော နတ်ဝင်သည်သာဖြစ်သည်ဟု ဖော်ပြထားသည်။

သို့သော် အဖွဲ့ဝင်များကမူ မာဂျီရီသည် တမလွန်လောကနှင့် အမှန်တကယ် ဆက်သွယ်နိုင်ပြီး ပြုလုပ်ပြသသော အံ့ဖွယ်သရဲများမှာလည်း အစစ်အမှန် တမလွန်လောကသားတို့ ပြုလုပ်ခြင်းသာဖြစ်၍ အမေရိကန် သိပ္ပံပညာမဂ္ဂဇင်းကြီးမှ ချီးမြှင့်မည့် ဒေါ်လာ(၂၅၀၀)ဆုကို ပေးသင့်သည်ဟု ဆုံးဖြတ်ကြသည်။ ဤသတင်းသည် အမေရိကန်ပြည်ထောင်စု နတ်ဝင်သည်လောကတစ်ခုလုံး ဂယက်ရိုက်ခတ်သွားခဲ့သည်။ နယူးယောက်တိုင်း(စ်)သတင်းစာကြီးကလည်း ထိုသတင်းကို စာလုံးမည်းကြီး

များဖြင့် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးခဲ့၏။ နယူးယောက်ဆန်း (သူရိယ) သတင်းစာကြီးကလည်း ယင်းသတင်းကိုပင် လူထုစိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ချဲ့ထွင် ရေးသားဖော်ပြခဲ့၏။ ညနေထုတ်သတင်းစာကြီးများကလည်း သတင်းစာဖတ်ပရိသတ် စိတ်ဝင်စားဖွယ် ရေးသားဖော်ပြခဲ့သည်။

ဘိုစတုန်မြို့မှ ထုတ်ဝေသော ဘိုစတုန်ဂလုပ်သတင်းစာကြီးကမူ ဘိုစတုန်မြို့သူ နာမည်ကျော်နတ်ဝင်သည် မာဂျိုရီကို အမေရိကန်ပြည်ထောင်စု သိပ္ပံပညာမဂ္ဂဇင်း အယ်ဒီတာအဖွဲ့က ဖွဲ့စည်းပေးသော အထူးကော်မတီတစ်ရပ်က စေ့စေ့စပ်စပ် စူးစမ်းလေ့လာခဲ့ပြီး အမှန်တကယ် တမလွန်လောကနှင့် ဆက်သွယ်နိုင်သော နတ်ဝင်သည်တစ်ယောက် ဖြစ်သည်ဟု ရေးသား ဖော်ပြပေးခဲ့သည်။

ဤသတင်းများဖတ်ရှုရသော ဟူဒီနီသည် သူပြသနေသော ပြပွဲစဉ်များကို ရပ်ဆိုင်းထားခဲ့ပြီး နယူးယောက်မြို့သို့ ချက်ချင်း ပြန်လာသည်။ ကော်မတီအဖွဲ့ဝင်များအားလုံးကို လိုက်လံ တွေ့ဆုံပြီး နတ်ဝင်သည် မာဂျိုရီသည် အတုအယောင်ဆောင် နတ်ဝင်သည်တစ်ဦးသာ ဖြစ်သည်။ သူ့ဝိညာဉ်ခေါ်ပွဲများတွင်ပြသသော အံ့ဖွယ်သရဲများသည် သူ၏တပည့်များနှင့် ပူးပေါင်း၍ လုပ်ကြံပြသနေခြင်း ဖြစ်သည်။ ဤကဲ့သို့ လိမ်ညာမှုများကို ဖော်ပြရန် သူ့တွင် အထောက်အထား အပြည့်အစုံရှိကြောင်း၊ မာဂျိုရီသည် သူ၏ ဝိညာဉ်ခေါ်ပွဲကို အလင်းရောင်ကင်းမဲ့သော အထူးပြုလုပ်ထားသည့်အခန်းအတွင်း မမြင်ရသော ဝိညာဉ်၏ လက်များနှင့် ထိတွေ့မှုများ၊ ခေါင်းလောင်းများ၊ တူရိယာပစ္စည်းများ အလိုအလျောက် တီးမှုတ်ခြင်းကို ပြသနိုင်ကြောင်း၊ ထိုကဲ့သို့ အံ့ဖွယ်သရဲပြကွက်ကို သူသည် လူအများမြင်ကွင်းတွင် နေ့ခင်းကြောင်တောင်အချိန်၌ ပြသရန် အသင့်ရှိကြောင်း ပြောဆိုခဲ့သည်။ သို့ဖြစ်၍ ကော်မတီသည် မာဂျိုရီ၏ ဝိညာဉ်ခေါ်ပွဲကို ပြန်လည်စူးစမ်းရန် ဆုံးဖြတ်ခဲ့ပြီး ယခင် ဆုပေးရန်ရည်ရွယ်ထားမှုကို ရပ်ဆိုင်းထားလိုက်တော့၏။

ဟူဒီနီသည် ဤကိစ္စနှင့်ပတ်သက်၍ **မာဂျိုရီ၏ လျှို့ဝှက်ချက်များကို ထုတ်ဖော်ခြင်း** (Margery Exposed) ဟူသော လက်ကမ်းစာစောင်တစ်စောင်ကို ရိုက်နှိပ်၍ သတင်းစာတိုက်များ၊ စာနယ်ဇင်းသမားများ၊ အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းဝင်များနှင့် လူထုအတွင်း ဖြန့်ဝေခဲ့သည်။ သတင်းစာကြီးများကလည်း ထိုလက်ကမ်းကြော်ငြာချက်ကို အပြည့်အစုံဖော်ပြပေးခဲ့၏။ ထိုလက်ကမ်းစာတွင် မာဂျိုရီ၏ လိမ်လည်လှည့်ဖြားမှုများကို အသေးစိတ် ဖော်ပြရေးသားခဲ့သဖြင့် လူထုအတွင်း ထူးထူးခြားခြား ဂယက်ရိုက်ခဲ့တော့၏။

အင်္ဂလန်နိုင်ငံမှ စောင်ရေအများဆုံးထုတ်ဝေရသော စိတ်စွမ်းအင်သတင်းစာ (Psychic News) ကလည်း ကမ္ဘာကျော် ပဥ္စလက်ဆရာကြီး

ဟူဒီနီ၏ လက်ကမ်းစာပါ အချက်အလက်များကို အပြည့်အစုံ ဖော်ပြပေးခဲ့သည်။ အင်္ဂလန်နိုင်ငံမှ ဗြိတိသျှမနောသုတေသနအသင်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကမူ ဟူဒီနီနှင့် နတ်ဝင်သည်မာဂျိုရီတို့၏ နှစ်ဆောင်ပြိုင် အရေးအခင်းသည် စိတ်ပိညာဉ်ဝါဒအတွက် အထူးအရေးပါအရာရောက်သော ဖြစ်ရပ်ဖြစ်သည်ဟု ဆိုသည်။

ဆရာကြီးကိုနင်ဒွိုင်းကမူ ဟူဒီနီထံ စာတစ်စောင်ရေးသား၍ မာဂျိုရီနှင့် အငြင်းအခုံဖြစ်ပွားမှုကို ထိန်းထိန်းသိမ်းသိမ်းပြုလုပ်ရန် တိုက်တွန်းခဲ့သည်။ ဆရာကြီးကိုနင်ဒွိုင်းသည် အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော ဘိုစတုန်ဂလုပ်သတင်းစာကြီးထံ အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့ခဲ့သည်။ ထိုအိတ်ဖွင့်ပေးစာတွင် မာဂျိုရီသည် လိမ်ညာနေသော နတ်ဝင်သည်မဟုတ်ကြောင်း ထောက်ခံရေးသားခဲ့သဖြင့် ထူးထူးခြားခြားခင်မင်ရင်းနှီးခဲ့သော ဆရာကြီးကိုနင်ဒွိုင်းနှင့် မဟာဟူဒီနီတို့ကြား ကွဲအက်ရေးလမ်းစပေါ်လာခဲ့ပြီးမှ လူအများက မှတ်ယူလာသည်။

ဟူဒီနီကမူ ဆရာကြီးကိုနင်ဒွိုင်းသည် အမှန်တကယ် ရိုးသားဖြောင့်မတ်သူ တစ်ဦးဖြစ်ပြီး ဝိညာဉ်လောကကို ယုံကြည်ခဲ့သူ ဖြစ်၏။ သူ့အား ရိုးသားမှု၊ စာနာမှု၊ အားနာမှုများကိုအသုံးချ၍ နတ်ဝင်သည်များ၊ ဝိညာဉ်ဓာတ်ပုံရိုက်ကူးသူများက လိမ်ညာနေသည်ဟု စာနယ်ဇင်းသမားများအား ထုတ်ဖော်ပြောဆိုခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ဆရာကြီးကိုနင်ဒွိုင်းနှင့် ဟူဒီနီတို့ ဆက်ဆံရေးမှာ ချောမွေ့မလာခဲ့တော့ပေ။ သို့ဖြစ်၍ နောင်အခါတွင် ဟူဒီနီ၏မိတ်ဆွေနှင့် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဥပဒေအရာရှိ ဘားနတ်(ဒ်)သည် (Houdini and ConanDoyle) **ဟူဒီနီနှင့် ကွန်နင်ဒွိုင်း** ဟူသော စာအုပ်ကို ရေးသား ထုတ်ဝေခဲ့လေသည်။ ဆရာကြီး ကိုနင်ဒွိုင်းကမူ သူနှင့် ဟူဒီနီတို့ ယုံကြည်ချက်အချို့တွင် ကွဲလွဲကောင်းကွဲလွဲကြမည် ဖြစ်သော်လည်း ဟူဒီနီသည် အမှန်တကယ် အောင်မြင်ပေါက်ရောက်သော ပဥ္စလက်ဆရာတစ်ဦး ဖြစ်ပါသည်ဟု ဆိုသည်။

နတ်ဝင်သည် မာဂျိုရီကမူ ပဥ္စလက်ဆရာ ဟူဒီနီသည် သူ့ကိုယ်သူအထင်ကြီးနေသော ပဥ္စလက်ဆရာတစ်ဦးသာ ဖြစ်သည်။ ဝိညာဉ်လောကတွင် အတုအယောင် ရှိကောင်းရှိမည် ဖြစ်သော်လည်း အမှန်တကယ် တမလွန်လောကနှင့် ဆက်သွယ်နိုင်သူများ ရှိနိုင်ပါကြောင်း၊ သူ၏ ဂုဏ်သိက္ခာအားပျက်စီးအောင် ဟူဒီနီက လုပ်ဆောင်နေသည်ဟု စွပ်စွဲနေခဲ့သည်။ မာဂျိုရီအား အစစ်အမှန် နတ်ဝင်သည်ဖြစ်သည်ဟု ကြေညာထားသော အမေရိကန်ပြည်ထောင်စု သိပ္ပံပညာမဂ္ဂဇင်း အယ်ဒီတာအဖွဲ့မှ ဖွဲ့စည်းပေးသော နတ်ဝင်သည် စိစစ်ထုတ်ဖော်ရေးအဖွဲ့သည် ထိုကြေညာချက်ကို ရွှေ့ဆိုင်းလိုက်ခဲ့သဖြင့် အမေရိကန်ပြည်ထောင်စု နတ်ဝင်သည်လောကနှင့် မနောသုတေသနလောကတွင် ပွဲဆူသွားခဲ့သည်။

ခဲ့ကြသည်။ အင်္ဂလန်နိုင်ငံမှ ဆရာကြီးကိုနင်ဗွိုင်းကလည်း သူ့အား တမလွန်လောကမှပုဂ္ဂိုလ်များက ဟူဒီနီသည် တစ်နှစ်အတွင်း ဘေးအန္တရာယ်ဆိုးနှင့် တွေ့ရမည်ဟု သတိပေးနိုင်သည်ဟုဆိုကာ ဟူဒီနီထံ သတိပေးစာတစ်စောင် ရေးသား ပေးပို့ခဲ့၏။

မဟာဟူဒီနီကလည်း မိမိတွင် အန္တရာယ်များဝိုင်းနေပြီး အသက်အန္တရာယ် စိုးရိမ်နေရပြီဟု အလိုလိုသိနေသည်။ စာတိုက်မှ သူ့ကို ခြိမ်းခြောက်သည်စာများလည်း ရရှိလာသည်။ သို့သော် သူ့ပြပွဲခရီးစဉ်များကိုမူ ချိန်းဆိုထားသည့်ရက်များအတိုင်း ထွက်ခဲ့သည်။ အစစသတိထားနေခဲ့သည်။ ဘိုစတုန်၊ ဆန်ဖရန်စစ္စကို၊ ချီကာဂို၊ မစ်ချီဂင် စသော မြို့များတွင် ပြသခဲ့သည်။ ပဥ္စလက်ပြပွဲများတွင် နတ်ဝင်သည်တို့ကို စိန်ခေါ်ခဲ့သည်။ နတ်ဝင်သည်တို့၏ လိမ်ညာနည်းအမျိုးမျိုးကို ဖော်ထုတ်ပြသသည်။ သူတီထွင်ထားသော ပဥ္စလက်ပြကွက်သစ်များကိုလည်း မရိုးစေရန် ထုတ်ဖော်ပြသပေး၏။

၁၉၂၅ ခုနှစ်၊ နွေဦးရာသီတွင်မူ ဟူဒီနီသည် သူ့ပြပွဲများကို ဆက်လက်ပြသနိုင်ရန် ပဥ္စလက်ပြကွက်သစ်များ စီစဉ်သည်။ ထိုနှစ် ဧပြီလတွင်မူ ဟူဒီနီအသက် (၅၁) နှစ်ပြည့်ခဲ့ပြီ ဖြစ်၏။ သူ့အဖို့ သူလျှောက်ခဲ့ရသောလမ်းခရီးကို ပြန်လည်ကြည့်မိသောအခါ သူကိုယ်တိုင် ရိုးရိုးသားသားကြိုးစား အပင်ပန်းခံခဲ့ရသည်ကို တွေ့လာရသည်။ သူတို့ညီအစ်ကိုနှစ်ယောက် ဟူဒီနီညီနောင် ပဥ္စလက်ပြပွဲဟုဆိုကာ (၁၅) မိနစ်ကြာ ဖျော်ဖြေခဲ့ရသော ပဥ္စလက်ပွဲမှ ကမ္ဘာကျော် တော်ဝင်ပဥ္စလက်ဆရာကြီးအဖြစ် ဟိုးဟိုးကျော်ခဲ့ရပုံများကို ပြန်လည် သုံးသပ်ခဲ့သည်။ သူ့ သက်စွန့်ကြိုးစားအပင်ပန်းခံ လေ့ကျင့်ရခြင်းဖြင့် ဤကဲ့သို့ အောင်မြင်ပေါက်ရောက်သော ပဥ္စလက်ဆရာတစ်ယောက်ဖြစ်လာရခြင်း ဖြစ်သည်ဟူ၍ပင် ခိုင်မာစွာ ယုံကြည်ထားသည်။ သူ့အသက် (၅၁) နှစ်ကျော်လာသော်လည်း သူ့ကိုယ်သူ မအိုသေး။ စိတ်ပန်းခန္ဓာကိုယ်ပန်းသောပြကွက်များကို ပြုလုပ်ပြသရန် စိတ်စောလျက်ရှိနေသည်။ တံတားခုန်ပွဲများကဲ့သို့ လူမြင်သူမြင် ပြသသည့်ပြကွက်သစ်များ တင်ဆက်ရန် ကြံရွယ်လျက်ရှိသည်။ နေ့မအား၊ ညမအား အကြံဉာဏ်ထုတ်သည်။ သူကိုယ်တိုင်သာမက သူ့တပည့်များကိုလည်း လေ့ကျင့်စေသည်။

သို့သော် သူ့စိတ်တွင် ဆရာကြီးကိုနင်ဗွိုင်း၏ သတိပေးချက်အရ စိတ်ကထင့်နေသည်။ အမှန်ပင် သေမင်းတမန်နှင့် တွေ့ရပေတော့မည်လောဟု ထင်မြင်နေမိ၏။ သူ့ဇနီးဘက်(စ်)နှင့် သူ့မိတ်ဆွေ ဥပဒေပညာရှင် ဘားနတ်(ဒ်)တို့က ထိုနှစ်နွေရာသီတွင် ဟူဒီနီအဖို့ အနားယူသင့်သည်ဟု တိုက်တွန်းသည်။ ဟူဒီနီက လက်မခံ။ ပြပွဲခွင်အသစ်များအတွက် လေ့ကျင့်သည်။ ကန်ထရိုက်တာများနှင့်တွေ့ဆုံ၍ စာချုပ်များ ချုပ်ဆိုသည်။ ပြကွက်သစ်များ တင်ဆက်ရန် အစီအစဉ်များ ရေးဆွဲသည်။ ဟူဒီနီ

မာဂျီရီ၏ဝိညာဉ်ခေါ်ပွဲတွင် သူ့အား ဝင်ရောက်ပူးကပ်သူ ဝိညာဉ်က ပဉ္စလက်ဆရာ ဟူဒီနီသည် တစ်နှစ်အတွင်း ဘေးအန္တရာယ်ဆိုးနှင့် မလွဲမသွေတွေ့ရ၍ ကွယ်လွန်ရလိမ့်မည်ဟု နိမိတ်ပြောပြသည်ဟု သတင်းများထွက်လာခဲ့သည်။

ဆရာကြီးကိုနင်ဒွိုင်းကလည်း တစ်နှစ်အတွင်း ဟူဒီနီအဖို့ ဘေးအန္တရာယ်ဆိုးနှင့် တွေ့နိုင်သဖြင့် အစစအရာရာ သတိထား၍နေရန် စာရေး အကြောင်းကြားခဲ့သည်ဟု သတင်းများလည်း ထွက်ပေါ်လာခဲ့၏။ ဟူဒီနီကမူ နတ်ဝင်သည်တို့၏ လိမ်နည်းညာနည်းအဖြာဖြာ (အထူးသဖြင့် နတ်ဝင်သည် မာဂျီရီ၏ လိမ်ညာနည်း) တို့ကို နယူးယောက်မြို့ အဆင့်မြင့် ဟစ်ပိုဒရွန်းပြဇာတ်ရုံတော်ကြီးတွင် ပြသမည်ဟု ကြေညာထားခဲ့၏။ သူ၏ အထူးသရုပ်ပြပွဲသို့ အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းမှ အမှုဆောင်များ၊ တက္ကသိုလ်ကျောင်းတိုက်ကြီးများမှ ပါမောက္ခများ၊ စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များ၊ အမေရိကန်ပြည်ထောင်စု ပဉ္စလက်ပညာရှင်များအသင်းမှ ပုဂ္ဂိုလ်များ၊ အမေရိကန်ပြည်ထောင်စု သိပ္ပံပညာမဂ္ဂဇင်းမှ ဖွဲ့စည်းပေးသော နတ်ဝင်သည်များ စုံစမ်းစစ်ဆေးရေး ကော်မတီဝင်များပါ တက်ရောက်ခဲ့ကြသည်။

ဤသရုပ်ပြပွဲတွင် ဟူဒီနီသည် မာဂျီရီ၏ ဝိညာဉ်ခေါ်ပွဲ၌ ပြသသည့် အံ့ဖွယ်သရဲများကို ထွန်းလင်းတောက်ပနေသော အလင်းရောင်အောက်တွင် အများမြင်သာအောင် ရှင်းရှင်းလင်းလင်း ပြုလုပ်ပြသည်။ ခေါင်းလောင်းများ၊ ချူများ၊ တူရိယာပစ္စည်းများ အလိုအလျောက် အသံမြည်လာပုံ၊ ဇာတ်စင်ပေါ်တွင်တင်ထားသော ပရိဘောဂများ၊ စားပွဲများ အလိုအလျောက် အပေါ်မြင့်တက်လာပုံ၊ လေချွန်သံများထွက်လာပုံ စသည်များကို ထင်ထင်ရှားရှား ပြုလုပ်ပြသသည်။ ထိုပဉ္စလက်ဖြင့်သာ နတ်ဝင်သည်များသည် လူထုအား လှည့်စားနေခြင်းဖြစ်ကြောင်း၊ ဘိုစတုန်မြို့မှ တမလွန်လောကနှင့် ဆက်သွယ်နိုင်သူဟု လူထုအား လိမ်ညာနေသော နတ်ဝင်သည် မာဂျီရီဆိုသည်မှာလည်း ဤနည်းများကို အသုံးပြုနေသည်ဟု ရှင်းလင်းပြသခဲ့သည်။

မာဂျီရီအား တကယ့်နတ်ဝင်သည်ဟု အထင်ကြီးနေသော အမေရိကန်ပြည်ထောင်စု သိပ္ပံပညာမဂ္ဂဇင်းမှ အယ်ဒီတာများ၊ နတ်ဝင်သည် အစစ်အမှန် ရွေးချယ်ရေးကော်မတီများကိုမူ အနီးကပ်နေစေ၍ နတ်ဝင်သည်တို့၏ လိမ်ညာမှုများကို ပြသခဲ့သည်ဟူ၍လည်း သတင်းများက ဖော်ပြခဲ့၏။ ဟူဒီနီ၏ နတ်ဝင်သည်လောကကို အထူး ကိုင်လှုပ်ခဲ့သောပြပွဲဖြစ်သည်။ ဟူဒီနီ၏စေတနာကို အများပြည်သူတို့က လေးစားကြသော်လည်း ဝိညာဉ်လောကနှင့် နတ်ဝင်သည်တို့အား ထောက်ခံသူများကမူ ဟူဒီနီအား မလိုလားအပ်သူ၊ ဝိညာဉ်လောကအား ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ကြံဆောင်နေသော မိစ္ဆာတစ်ဦးသာဖြစ်သည်ဟု ပြစ်တင် စွပ်စွဲ

အဖို့ ငွေကြေးအကုန်အကျများခဲ့သဖြင့် ငွေလိုလာသည်။ ပြပွဲများလက်ခံပြီး ဆက်လက်ပြရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နတ်ဝင်သည်များနှင့် ရင်ဆိုင်ခဲ့ရပြီး အလိမ်အညာနတ်ဝင်သည်ဖော်ထုတ်ရေးအတွက် သူ့အဖို့ ဒေါ်လာငွေ လေးသောင်းကျော် အကုန်အကျခံခဲ့ရသည်။ သို့ဖြစ်၍ ပြပွဲပြသရန် ခရီးထွက်ခဲ့ရသည်။ သူ၏ ထာဝစဉ် အဆက်မပြတ် အံ့မခန်းပြကွက်များကြောင့် ဟူဒီနီပြပွဲများမှာ ရောက်သည့်မြို့များရှိ ဇာတ်ရုံများတွင် ရုံပြည့်လျှံနေသည်။ သူကြုံးဝါးခဲ့သည့်အတိုင်း မဟာဟူဒီနီ မအိုသေးဟု ဆိုရမည် ဖြစ်တော့၏။ အချို့မြို့ကြီးများတွင် သူ့ပဥ္စလက်ပြပွဲများကို ယခင်နှစ်များကထက် အားပေးခဲ့ကြသည်။ သူ၏ နတ်ဝင်သည်လိမ်ညာနည်းဖော်ထုတ်မှုပြကွက်ဆန်းကို လူထုက အားပေးကြသည်။ စိတ်ဝင်စားသည်။ ဟူဒီနီကား သူ၏ ရုပ်ခန္ဓာ တဖြည်းဖြည်း ယိုယွင်းကျစပြုလာသော်လည်း သူ့ပဥ္စလက်ပြပွဲများမှာ ထာဝစဉ် ပန်းပန်လျက် ရှိနေသည်။

❒

## (၂၀)

စက်တင်ဘာလတွင်မူ ဟူဒီနီသည် ဘိုစတုန်မြို့ တော်ဝင်အဆင့်မြင့် မြို့မရုံသစ်ကြီးတွင် တင်ဆက် ပြသခဲ့သည်။ သူ့အဖို့ ယခင် သူ့ပွဲစဉ်များကို ကိ(သ်)ဇာတ်ရုံကြီးတွင် အခါအားလျော်စွာ ပြသခဲ့သော်လည်း ယခုပွဲစဉ်များတွင်မူ သူ၏တီထွင်မှုအသစ်များကို ပြသခဲ့သည်။ သူ့ကိုယ်ခန္ဓာအား ရေကန်အတွင်း ဇောက်ထိုးဆွဲချထားခြင်းပြကွက်ကို ဆရာဝန်များက ပြသခြင်းမပြုရန် သူ့အား အကြံပေးသော်လည်း ဟူဒီနီက ခေါင်းမာသည်။ သူ့ကျန်းမာရေးသည် ယခင်ကအတိုင်း ဒေါင်ဒေါင်မြည်နေသည်ဟု ယူဆထား၏။ ပရိသတ်ကလည်း သူ့ပဥ္စလက်ပြကွက်အသစ်များကို ဆက်လက် အားပေးခဲ့ကြသည်။ ပွဲစဉ်တိုင်း ရုံပြည့်လျက်ရှိနေသည်။ ထိုပွဲစဉ်များတွင်လည်း ဟူဒီနီသည် ဒေသခံနတ်ဝင်သည်များကို စိန်ခေါ်ခဲ့သည်။ နတ်ဝင်သည်များ၏ လိမ်ညာနည်းများကို လူထုသိရှိနားလည်စေရန် ပြသပေးခဲ့သည်။

နယူးယောက်ဆန်းသတင်းစာကြီးနှင့် ဒေသခံသတင်းစာများတွင် ဟူဒီနီရေးသားသော နတ်ဝင်သည်များ လိမ်မှုဆောင်းပါးများ ဖော်ပြလျက်ရှိနေသဖြင့် နတ်ဝင်သည်အများမှာ စိတ်မချမ်းမသာဖြစ်ခဲ့ရသည်။ သူ့အဖို့လည်း တစ်နေ့တခြား လူမုန်းများလာခဲ့သည်။ ဖီလာဒီဖီယားမြို့ ပြဇာတ်ရုံကြီးတွင် ကျင်းပသော ပဥ္စလက်ပြပွဲတွင် ဟူဒီနီသည် ဒေသခံနတ်ဝင်သည် ဂျွန်စလတ်တားဆိုသူအား စိန်ခေါ်ခဲ့သည်။ ထိုသူမှာ နှယ်နှယ်ရရပုဂ္ဂိုလ်တစ်ဦး မဟုတ်ပေ။ ချမ်းသာကြွယ်ဝ၍ လူချစ်လူခင်ပေါများသူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ တမလွန်လောကနှင့် အမှန်တကယ်ဆက်ဆံနိုင်သူဟု သတင်းကြီးနေသူ ဖြစ်၏။ သူ၏ ဝိညာဉ်ခေါ်ပွဲများတွင်လည်း အခြား နတ်ဝင်သည်များနည်းတူ အံ့ဖွယ်သရဲများပြုလုပ်ပြသနိုင်သည်ဟု သတင်းကြီးခဲ့သည်။

ဟူဒီနီသည် သူ့ပဥ္စလက်ပြပွဲသို့ နတ်ဝင်သည် ဂျွန်စလက်တား

အား ဖိတ်ခေါ်၍ စိန်ခေါ်သည်။ ထိုပွဲတွင် ဟူဒီနီက ချိတ်ပိတ်ထားသော စာအား ဖတ်ပြပါဟုဆိုကာ ထိုသေတ္တာငယ်အား နတ်ဝင်သည်ဂ္ဂျန်စလက်တားလက်သို့ ပေးလိုက်သည်။ ဂ္ဂျန်စလက်တားက ထိုစာ၏အဓိပ္ပာယ်ကို ပြောပြရန် ငြင်းဆိုခဲ့သည်။ ထိုပွဲမှာ ပွဲဆူသောပွဲတစ်ပွဲ ဖြစ်ခဲ့ရသည်။ ဂ္ဂျန်စလတ်တားအား ထောက်ခံသူများနှင့် ဟူဒီနီအား ထောက်ခံသူများ ခိုက်ရန်ဖြစ်ပွားတော့မည့်အခြေအနေရောက်ခဲ့သည်ဟု ဒေသခံသတင်းစာများက ရေးသား ဖော်ပြခဲ့သည်။

ချီကာဂိုမြို့တွင်မူ မြို့ခံနတ်ဝင်သည် အမျိုးသမီးနှစ်ဦး၏ လိမ်ညာမှုကို ဟူဒီနီက သက်သေသာဓက အထောက်အထားစုံစုံလင်လင်နှင့် ဖော်ထုတ်ပေးခဲ့သဖြင့် ဟိုးဟိုးကျော်ခဲ့ရပြန်သည်။ ချီကာဂိုထရီဗြွန်း သတင်းစာကြီးကမူ ဟူဒီနီ၏ နတ်ဝင်သည်အလိမ်အညာများ ထုတ်ဖော်မှုကို မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးခဲ့ပြီး ဒေသခံသတင်းစာအများကလည်း နတ်ဝင်သည်တို့၏ လိမ်ညာမှုကို ပြစ်တင်ရှုတ်ရေးသားခဲ့ကြသည်။ ဟူဒီနီမှာမူ ဝိညာဉ်လောကကို သိက္ခာကျစေသော နတ်ဝင်သည်အလိမ်အညာများကို ဖော်ထုတ်သူ သူရဲကောင်းတစ်ဦး ဖြစ်လာခဲ့သော်လည်း သူ့အဖို့ အန္တရာယ်များလာခဲ့တော့၏။

ဝါရှင်တန်ဒီစီသို့ရောက်သည်နှင့် ဟူဒီနီသည် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ်များ၊ အောက်လွှတ်တော်အမတ်များနှင့်တွေ့ဆုံပြီး လူထုအား လိမ်ညာနေသော နတ်ဝင်သည်ဆိုသူများအား ဖော်ထုတ်နိုင်ရန် နတ်ဝင်သည် စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်းရေး ကော်မတီမှ စစ်ဆေးတွေ့ရှိရသော နတ်ဝင်သည် အတုအယောင်များကို ဝါရှင်တန်ဒီစီမှ နှင်ထုတ်ရေး ကြိုးပမ်းခဲ့သည်။

အထက်လွှတ်တော်အမတ်များနှင့် အောက်လွှတ်တော်အမတ်များသည် ဟူဒီနီအကြံပြုသည့်အတိုင်း ကော်မတီတစ်ရပ်ဖွဲ့စည်း၍ နတ်ဝင်သည် အတုအလိမ်များနှင့် ပတ်သက်သော ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ဟူဒီနီကလည်း ထိုကော်မတီရှေ့တွင် နတ်ဝင်သည်တို့ လိမ်နည်းညာနည်းများကို လက်တွေ့ သရုပ်ပြသခဲ့သည်။ ယင်းကော်မတီသည် ဝါရှင်တန်ဒီစီမြို့နယ်ရှိ နာမည်ကျော် နတ်ဝင်သည်များကို ခေါ်ယူ၍ စစ်ဆေးခဲ့ကြသော်လည်း တိကျမှန်ကန်သော အဆုံးအဖြတ်ပေးခြင်း မရှိခဲ့။ ဝါရှင်တန်ဒီစီမြို့နယ်မှ နတ်ဝင်သည်များကို နှင်ထုတ်သော ဥပဒေကိုလည်း ပြဋ္ဌာန်းခြင်းမရှိခဲ့ပေ။ ထိုကိစ္စနှင့်ပတ်သက်၍ ဝါရှင်တန်ဒီစီမှ ထုတ်ဝေသော ဩဇာကြီးများသည့် ဝါရှင်တန်ပို့(စ်)သတင်းစာကြီးကမူ အခန်းဆက်ဆောင်းပါးရှည်တစ်စောင် ထည့်သွင်းခဲ့သည်။ သတင်းစာကြီးက ဟူဒီနီ၏ တင်ပြချက်ကို အလေးအနက်ထားသင့်သည်ဟု အကြံပေးခဲ့၏။

နတ်ဝင်သည်အများကမူ ဟူဒီနီ၏ ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များကို ဖွင့်ထုတ် ဝေဖန်ခဲ့သည်။ ဟူဒီနီအားလည်း နတ်ဝင်သည်များ၏

ဂုဏ်သိက္ခာကိုထိပါးစေသည့်အတွက် တရားဥပဒေအရ အရေးယူဆောင်ရွက်ရန် စီစဉ်ခဲ့ကြ၏။ အချို့နတ်ဝင်သည်များကလည်း ဟူဒီနီ၏အသက်အန္တရာယ်ကိုပေးရန် ကြုံးရွယ်မှုများ၊ ခြိမ်းခြောက်မှုများ ပြုခဲ့ကြသည်။ သို့သော် ဟူဒီနီကမူ ဂရုပြုခြင်းမရှိခဲ့သည်သာမက နတ်ဝင်သည် အတုအယောင်ပပျောက်ရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့၏။

ဘိုစတုန်မြို့မှ နတ်ဝင်သူအများကမူ နတ်ဝင်သည်လောကအားရုပ်ပျက်ဆင်းပျက် သိက္ခာကင်းမဲ့အောင် တစိုက်မတ်မတ် ဆောင်ရွက်နေသော ဟူဒီနီအား တရားဥပဒေအရ အရေးယူနိုင်အောင် ဥပဒေပညာရှင်များ အကူအညီနှင့် ဆောင်ရွက်ခဲ့ကြသည်။ ဟူဒီနီကလည်း ယင်းကိစ္စရပ်များကို တုံ့ပြန်နိုင်ရန် စီစဉ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ဟူဒီနီနှင့်နတ်ဝင်သည်များ၏အရေးသည် အမေရိကန်ပြည်ထောင်စုအတွင်း ထူးထူးခြားခြား လူအများ စိတ်ဝင်စားသောကိစ္စရပ် ဖြစ်လာသည်။ စာနယ်ဇင်းသမားများအတွင်း ငြင်းခုံမှုများလည်းရှိလာသဖြင့် ပျားရည်တစ်စက်ကြောင့် ပြည်ပျက်ရကိန်းဆိုက်တော့သည်။ ဟူဒီနီကမူ တရားဥပဒေအကြောင်းအရ သူ့အား အရေးယူမှုပြုသည့်ကိစ္စရပ်များအတွက် ဒေါ်လာတစ်သန်း အကုန်အကျခံ၍ တုံ့ပြန်မည်ဟူ၍ ပြောဆိုသည့်သတင်းများကဖော်ပြခဲ့၏။

ဟူဒီနီကမူ သူ နယ်လှည့်ပြပွဲများတွင် ပြကွက်အသစ်အဆန်းများကိုသာ တီထွင် တင်ဆက်သည်။ သူ နောက်ဆုံး ပင်ပင်ပန်းပန်း ကြိုးစားတင်ဆက်သည့် ပဥ္စလက်ပြကွက်သစ်အမည်ကို **'အီဂျစ်မနုသသီဟာ၏ လျှို့ဝှက်ချက်များ'** (Mystery of Sphinx) ဟု ပေးထားသည်။ ထိုပြကွက်များမှာ တကယ့် သည်းထိတ်ရင်ဖိုပြကွက် ဖြစ်၏။ ရှေ့တွင် မှန်အပြည့် တပ်ထားသော မှန်လုံခေါင်းတလားကြီးအတွင်း ဟူဒီနီ လဲလျောင်းနေစဉ် ထိုမှန်ခန်းအား ဟူဒီနီ၏တပည့်များက သဲများဖြင့် အပြည့်ဖြည့်ပြသည့် ပြကွက်ဖြစ်၏။

ဤပြကွက်ဆန်းမှာ ပွဲလာပရိသတ်အဖို့ ရင်သိမ့်တုန်ဖွယ်ပြကွက်ဖြစ်သည်။ ဟူဒီနီကမူ အလုံပိတ်ထားသော မှန်ခေါင်းတလားအတွင်းနှင့်သဲများ၊ မြေများဖို့ထားသော မှန်သံကန်အတွင်းမှ မိနစ်ပိုင်းအတွင်း လွတ်မြောက်မှုကို ပြသခဲ့သည်။ ဤပြကွက်သည် ဟူဒီနီအတွက် အသက်အန္တရာယ် အထူးပေးနိုင်သောပြကွက် ဖြစ်၏။ တစ်ခုခု ချို့ယွင်းသွားပါကအသက်ရှူကျပ်၍ သေဆုံးနိုင်ပေသည်။ ဟူဒီနီ၏ဇနီးဖြစ်သူနှင့် မိတ်ဆွေများ၊ မိသားစုဆရာဝန်ကြီးကမူ ဟူဒီနီမှာ အသက် (၅၀) အတွင်း ရောက်လာခဲ့ပြီဖြစ်၍ ဤကဲ့သို့ အားသွန်ခွန်စိုက်ပြသရသောပြကွက်များကို မပြသင့်ကြောင်း ပြောပြကြသော်လည်း ပွဲကြည့်ပရိသတ်၏ သည်းထိတ်ရင်ဖိုမှုကို ပြသလိုသော ဟူဒီနီကမူ ဤပြကွက်ကို သူ့ပွဲခွင်ကျင်းပသည့်မြို့ကြီးတိုင်းတွင် ပြသခဲ့သည်။ ပွဲလာပရိသတ် ဟာခနဲ ဟင်ခနဲ ဖြစ်ရသော

ပြကွက်ဆန်း ဖြစ်သည်။

ဘိုစတုန်မြို့တော် ကိ(သ်)ပြဇာတ်ရုံကြီးတွင် ထိုပြကွက်ဆန်းကို ဦးစားပေး တင်ဆက်ခဲ့ရာ ပွဲတိုင်း ရုံပြည့်လျှံခဲ့၏။ ဘိုစတုန်ဂလုပ်သတင်းစာကြီးအပါအဝင် သတင်းစာများက ထိုပြကွက်သစ်အကြောင်း အလေးထား၍ ဖော်ပြပေးခဲ့၏။ ဝေဖန်အကဲဖြတ်သူအများကမူ ဟူဒီနီ ပြသလေ့ရှိသော မဟာလွတ်မြောက်မှုပြကွက်များတွင် ဤလွတ်မြောက်မှုပြကွက်မှာ ကြည့်ရသူအများ ရင်သိမ့်ဖိုဖွယ် ဖြစ်သည်။ သာမန် ပဥ္စလက်ပညာသည်များ ပြသခြင်းမရှိသော ပြကွက်ဆန်းကို မဟာဟူဒီနီက တင်ပြသည်မှာ ထူးဆန်းသော မှတ်ထိုင်ထူသင့်သောပြကွက် ဖြစ်သည်။ မဟာဟူဒီနီသည် သာမန်ပဥ္စလက်ဆရာမဟုတ်ကြောင်း လူသိရှင်ကြားပြသခြင်းသာ ဖြစ်သည်ဟု ဆိုသည်။

ဟူဒီနီအဖို့ မည်မျှ အတိုက်အခံများခဲ့သော်လည်း လူထုကမူ လေးစားကြည်ညိုကြဆဲ ဖြစ်၏။ သို့သော် ဟူဒီနီသည် သူ့တွင် အန္တရာယ်များဝိုင်းနေသည်ဟု အလိုလိုသိလာသည်။ ၁၉၂၅ ခုနှစ် ကုန်ဆုံးတော့မည့်လပိုင်းတွင် သူ့ချစ်ဇနီးဘက်(ခ်)အတွက် သူ တစ်စုံတစ်ခု ပြုလုပ်ထားရမည်ဟု မြင်လာသည်။ သူ့အား သေမင်းတမန်သည် စောင့်နေပြီဟူ၍လည်း ယူဆထား၏။ သူ့အသက်အား လုပ်ကြံလိုသူတွေရှိနေသည်ဟူသော သတိပေးစကားများလည်း ကြားနေရသည်။ သူ့မိတ်ဆွေ ဥပဒေအကျိုးဆောင် ဘားနတ်(ဒ်)ကလည်း သူ့အတွက် သေတမ်းစာတစ်စောင် ရေးသားထားရန် လိုအပ်သည်ဟူ၍လည်း အကြံပေးသည်။ သို့ဖြစ်၍ ဟူဒီနီသည် သူ့မိတ်ဆွေဥပဒေအကျိုးဆောင် ဘားနတ်(ဒ်)နှင့် တိုင်ပင်၍ သေတမ်းစာတစ်စောင် ရေးသားခဲ့သည်။

ထိုသေတမ်းစာအရဆိုရလျှင် ဟူဒီနီ အနှစ်နှစ်အလလ စုဆောင်းထားသော ပဥ္စလက်ပညာနှင့်ပတ်သက်သော ရှားပါးစာအုပ်စာတမ်းများ၊ သူ့အား နိုင်ငံတကာမှပေးခဲ့သော ဆုတံဆိပ်များ၊ အမှတ်တရပစ္စည်းများ၊ အမေရိကန်ပြည်ထောင်စုတွင် ဝယ်ယူထားသော အိမ်နှင့်ခြံများ၊ ဘဏ်များတွင် အပ်နှံထားသော ငွေများအားလုံးနှင့် သူရိုက်ကူးခဲ့သော ရုပ်ရှင်ကားများ၊ ရေးသားထုတ်ဝေခဲ့သောစာအုပ်များ၊ ဆောင်းပါးများအတွက် မူပိုင်အဖြစ် သူ့ဇနီးဘက်(ခ်) ရရှိမည် ဖြစ်၏။

သူဝယ်ယူစုဆောင်းထားသော ပဥ္စလက်ပြပွဲများတွင် အသုံးပြုသည့် ပစ္စည်းများကိုမူ သူ့ညီဖြစ်သူ သီယိုအား ပေးခဲ့သည်။ အချို့ခြံမြေများ၊ အိမ်များကိုမူ သူ့ညီများနှင့် ညီမများအား ပေးခဲ့လေသည်။ ဟူဒီနီအဖို့ သူပြုလုပ်သင့်သည့်ကိစ္စရပ်များ ပြီးဆုံးခဲ့ပြီ။ သူလိုလားသောဆန္ဒများလည်း ပြည့်ခဲ့သလောက်ရှိပြီ ဖြစ်သည်။ သို့ဖြစ်၍ သူ့အသက်အန္တရာယ်ကြုံတွေ့လာရသည့်တိုင်အောင် ပူပင်သောကရောက်စရာမလိုတော့။ သူပြုလုပ်ပြသမည်ဟု ရည်ရွယ်ထားသော ပြကွက်များသည် မည်မျှပင် အားသွန်

ခွန်စိုက် ပြုလုပ်ပြသရစေကာမူ ပြသမည်ဟု ဆုံးဖြတ်ထားသည်။

ဟူဒီနီသည် အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျားသို့ သွားရောက်၍ သူ့ပြပွဲများကို ပြသနေခဲ့စဉ် အီဂျစ်နိုင်ငံသား ဖကီးဘုန်းတော်ကြီး ရပ်မင်ဘေးဆိုသူ၏ ထူးဆန်းသောသတင်းများ ထွက်ပေါ်လာခဲ့သည်။ အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော သတင်းစာကြီးများကလည်း နယူးယောက်မြို့ ဟိုတယ်ကြီးတစ်ခုတွင် ရပ်မင်ဘေး၏ လောကီပညာအစွမ်းပြပွဲအကြောင်း ဝေဝေဆာဆာ ရေးသားဖော်ပြခဲ့ကြ၏။ ရပ်မင်ဘေးသည် တမလွန်လောကမှ ဝိညာဉ်များနှင့် ဆက်သွယ်နိုင်သည်ဟု သတင်းကြီးလာသည်။ သူ၏ အံ့ဖွယ်သရဲပြုလုပ်ပြသမှုများကို အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းမှ အမှုဆောင်များကိုယ်တိုင် တက်ရောက် လေ့လာခဲ့သည်ဟူသောသတင်းများ ထွက်လာသည်။

ရပ်မင်ဘေး၏ ထူးခြားသော မနောစွမ်းအင်နှင့် လျှို့ဝှက်ဆန်းကြယ်သော လောကီပညာရပ်များအကြောင်းကို အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်း၏ အမှုဆောင်တစ်ဦးဖြစ်သော ဟီရာဝါ(ဒ်) ကယ်ရင်တန်ကိုယ်တိုင် အသင်းတော်ကြီးမှထုတ်ဝေသော သုတေသနစာစောင်တွင် ဆောင်းပါးများ ရေးသား ဖော်ပြခဲ့သည်။ နယူးယောက်မြို့ လောင်အိုင်လင်မြို့နယ် သရုပ်ပြပွဲတွင် ဖကီးကြီးရပ်မင်ဘေးသည် သူ့ကိုယ်ခန္ဓာအား မြေမြှုပ်ပြသခဲ့သည် ဟူသောသတင်းများ ထွက်လာခဲ့သည်။

ဤသတင်းများထွက်ပေါ်လာခဲ့ပြီး မဟာဟူဒီနီကလည်း အားကျမခံ သူ့အား အရှင်လတ်လတ် မြေမြှုပ်သင်္ဂြိုဟ်ပြသမည့်ပြကွက်ကို ပြသမည်ဟု သတင်းစာကြီးများတွင် ကြေညာခဲ့သည်။ သူ့ဇနီးကမူ ဤသို့ အသက်အန္တရာယ်ကိုပေးနိုင်သောပြကွက်သစ်မျိုး မပြသင့်တော့ဟု စာရေးအကြောင်းကြားခဲ့၏။ ဟူဒီနီကမူ သူ့ထုံးစံအတိုင်း အရှင်လတ်လတ် မြေမြှုပ်ပြသည့်ပြကွက်ပြသနိုင်ရန် အပင်ပန်းခံ၍ လေ့ကျင့်သည်။ ကာလီဖိုးနီးယားပြည်နယ်မြို့များတွင် တင်ဆက်ပြသသော သူ့ပြပွဲများတွင် ဟူဒီနီအား အရှင်လတ်လတ် မြေမြှုပ်ပြသသောပြကွက်ကို တင်ပြခဲ့တော့သည်။ အနောက်တိုင်းသားတစ်ဦးက အရှေ့တိုင်းသားဖကီးများ၊ ဆာဒူးကြီးများကဲ့သို့ အရှင်လတ်လတ် မြေမြှုပ်စေပြီး အချိန်အတော်အသင့်ကြာမှ လွတ်မြောက်ပြသခြင်းကို ဟူဒီနီတစ်ယောက်သာ ရှိခဲ့သေးသည်ဟု ဆို၏။ ဟူဒီနီမှာ ရှာမှရှားသော ပဥ္စလက်ဆရာ အကျော်အမော်ဖြစ်ရတော့သည်။

သူ့အဖို့ သေလမ်းနှင့်နီးသော ပြကွက်များပြသခဲ့သည်မှာ တစ်နှစ်ကျော်ခဲ့ပြီ ဖြစ်သည်။ ဘိုစတုန်မြို့မှ နတ်ဝင်သည်မာဂျီရီက သူ့အား တစ်နှစ်အတွင်း သေစေရမည်ဟု နိမိတ်ဖတ်ခဲ့သည်။ သို့သော် ဟူဒီနီမှာ ပန်းပန်လျက်ရှိနေသည်။ တကယ့်သေမင်းနှင့် စစ်ခင်းရသည်ဟု ယူဆဖွယ်ပြကွက်များဖြစ်သော လူအရှင်လတ်လတ် မြေမြှုပ်ပြသခြင်း၊ အီဂျစ်

မနုဿဗီဟပြကွက်ကဲ့သို့ ခေါင်းတလားထဲ လူဝင်၍ ခေါင်းတလားအား ရေမြှုပ်ပြသခြင်း စသော ပြကွက်များပြသခဲ့ပြီး ဖြစ်၏။

၁၉၂၆ ခုနှစ်၊ စက်တင်ဘာလတွင်လည်း အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းပြည်နယ်များသို့ ပြပွဲခရီးထွက်လာခဲ့သည်။ သူ့ပြပွဲခွင် တစ်လျှောက်ရှိ မြို့ရွာအများမှ ပရိသတ်သည် ကြိတ်ကြိတ်တိုး အားပေးခဲ့ကြသည်။ ပြပွဲတိုင်း အရှင်းလတ်လတ်မြေမြှုပ်ပြသသည့် ပြကွက်ကို လူအများက သဘောကျသည်။ ပွဲတိုင်း ရုံပြည့်လျှံသည်။ ဟူဒီနီအဖို့ သူ့ကိုယ်သူ အသက် (၅၂) နှစ်ကျော်ခဲ့သော်လည်း လူငယ်တစ်ယောက်ကဲ့သို့ သွက်သွက်လက်လက် ပြုလုပ်ပြသနိုင်သဖြင့် လူတိုင်းက တအံ့တသြ ဖြစ်ရ၏။

အောက်တိုဘာလ (၇) ရက်နေ့တွင် ဘက်(ခ်)ဖျားသည်ဟူသော ကြေးနန်းရရှိသဖြင့် ဟူဒီနီသည် သူ၏ပွဲစဉ်များကို ဖျက်သိမ်းပြီး နယူးယောက်မြို့သို့ ပြန်လာခဲ့သည်။ ဘက်(ခ်) ယခင်နေမကောင်းစဉ်များက ပြုစုဖူးသော သူနာပြုဆရာမကိုခေါ်ယူ၍ ပြုစုစေသည်။ သူကိုယ်တိုင် သူ့ဇနီးဘေးတွင် ညလုံးပေါက်ထိုင်ကာ စောင့်ရှောက်သည်။ ဟူဒီနီအဖို့ လွန်ခဲ့သော အနှစ် (၃၀) ကျော်လောက်က ဆံပင်နက်နက်၊ မျက်နှာထား ချိုချို၊ ပိန်ပိန်ပါးပါး၊ သေးသေးသွယ်သွယ်နှင့် ချစ်စရာကောင်းသော ဘက်(ခ်)လို့သာ မြင်နေသည်။

ဟူဒီနီအဖို့ ဇနီးအတွက် စိုးရိမ်သောကရောက်နေရသည်။ ဟူဒီနီအား အန္တရာယ်မပေးနိုင်သော နတ်ဝင်သည်များသည် ဟူဒီနီ၏ ဇနီးဖြစ်သူ ဘက်(ခ်)အား လောကီပညာနည်းဖြင့် အပြင်းဖျားစေခြင်းဖြစ်သည် ဟူသော ကောလာဟလများ ပျံ့နှံ့နေတော့သည်။ ဟူဒီနီက မယုံကြည်။ နတ်ဝင်သည်များ ဤကဲ့သို့ စွမ်းအားရှိလျှင် သူ့ကိုသာ အန္တရာယ်ပေးပေလိမ့်မည်။ သူနှင့် နတ်ဝင်သည်များ၏ စိတ်ခေါ်ပွဲတွင် ဘာမှမဆိုင်သော သူ့ဇနီးဘက်(ခ်)ကို အန္တရာယ်ပြုမည်မဟုတ်ဟု ယုံကြည်ထားသည်။ ဘက်(ခ်)၏ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေအများကမူ ဘက်(ခ်)အတွက် စိုးရိမ်သောကရောက်ခဲ့၏။

ဘက်(ခ်)အား ဆွေမျိုးသားချင်းကဲ့သို့ပြုစုသော သူနာပြုဆရာမ ဆိုဖီကလည်း မအိပ်မနေ လိုလေသေးမရှိရအောင် အချိန်ပြည့် ပြုစုပေးသည်။ ဟူဒီနီကလည်း သူတို့လက်ထပ်ကစ ပျော်ပျော်ရွှင်ရွှင်နေခဲ့ကြပုံများ၊ ပထမဆုံး ခရီးထွက်စဉ်က ကြုံခဲ့ရသော ဖြစ်စဉ်များ၊ သူ့မိခင်ကြီး နေသောတိုက်ခန်းသို့ ရောက်ရှိသွားစဉ်က သူ၏ စိတ်ကူးရည်ရွယ်ချက်များကို ပြောပြခဲ့ပုံ၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ခေတ်မီဇာတ်ရုံကြီးများတွင် သူတို့နှစ်ယောက် မောင်တစ်ထမ်းမယ်တစ်ရွက် တင်ဆက်ပြသည့် ပဥ္စလက်ပြပွဲများအကြောင်း၊ သူနှင့် ဘက်(ခ်)တို့ ပထမဆုံး တင်ဆက်ပြသခဲ့သော ရုပ်ခွဲနာမ်ခွဲနိုင်သူပြကွက်ကို အောင်မြင်ပေါက်ရောက်အောင် ကြိုးစားခဲ့

ရပ်ပုံများကိုပါ ပြောပြသည်။

ဘက်(ခ်)အဖို့ ဤကဲ့သို့ ကျန်းမာရေးချို့ယွင်းလာရခြင်းသည် ရောဂါဝေဒနာထက် သူ့ခင်ပွန်းဖြစ်သူနှင့် နတ်ဝင်သည်တို့ စိန်ခေါ်ပွဲများ အကြောင်း စိတ်ဓာတ်ကျဆင်းလာရမှ ဤကဲ့သို့ အဖျားဝင်လာရခြင်း ဖြစ်သည်။ ခင်ပွန်းဖြစ်သူ၏ ယုယမှုနှင့် သူတို့မိတ်ဆွေ သူနာပြုဆရာမ ဆိုဖီ၏ ပြုစုမှုကြောင့် တစ်ရက်၊ နှစ်ရက်အတွင်း ဘက်(ခ်) မှာ သိသိသာသာ သက်သာလာခဲ့သည်။ အောက်တိုဘာလ (၉) ရက်နေ့တွင်မူ ဘက်(ခ်)မှာ သိသိသာသာ သက်သာလာခဲ့သည်သာမက အဖျားဝေဒနာမှာလည်း ယူပစ်လိုက်သလို ပျောက်ကင်းသွားတော့သည်။

သို့ဖြစ်၍ ဟူဒီနီနှင့် ဘက်(ခ်)တို့သည် အယ်ဘယ်နီမြို့သို့သွားရန် အသင့်ဖြစ်လာသည်။ ဟူဒီနီသည် အယ်ဘယ်နီမြို့ရှိ ပြပွဲကန်ထရိုက်တာ ထံသို့ ချိန်းဆိုထားသည့်ရက်အတိုင်း ပြပွဲကျင်းပမည်ဟု ကြေးနန်းဖြင့် အကြောင်းကြားခဲ့သည်။ အယ်ဘယ်နီမြို့မှ ပြပွဲကန်ထရိုက်တာကြီးက လည်း ဟူဒီနီ၏ ပဒ္မလက်ပြပွဲအတွက် အထူး ကြော်ငြာခဲ့သည်။ မြို့လူထု ကမူ ဟူဒီနီ၏ နာမည်ကျော် ဟူဒီနီအား ဖောက်ထိုးဆွဲခြင်း ဟူသော ပြကွက်နှင့် အီဂျစ်မနုသီဟ၏ လျှို့ဝှက်ချက်များပြကွက်သစ်၊ ဟူဒီနီအား မြေမြှုပ်ပြခြင်း စသော ပြကွက်ဆန်းများကို ကြည့်ရှုလိုကြသည်။

ဟူဒီနီကလည်း သူ့ဇနီးနေမကောင်းစဉ်က ပြုစုရသည့်အတွက် အိပ်ရေးဆက်တိုက်ပျက်ခဲ့သဖြင့် အားနည်းနေသည်။ သို့သော် သူ့ပြကွက် များကိုမူ ကြိုးစား၍ ပြသမည်ဟု ဆုံးဖြတ်ထားသည်။ ဘက်(ခ်)ကမူ တစ်ရက်၊ နှစ်ရက်ခန့် အနားယူသင့်ကြောင်း ပြောပြသော်လည်း ဟူဒီနီက လက်မခံ။ ပရိသတ်ကို ကြည့်ရမည်ဟုဆိုသည်။ မိသားစုဆရာဝန်ကြီးက လည်း ဟူဒီနီ၏ကိုယ်ခံအား သိသိသာသာ ကျဆင်းလာသဖြင့် ပင်ပန်း သောပြကွက်မျိုး မပြသင့်သေးဟုတားသည်။

အယ်ဘယ်နီမြို့ ဇာတ်ရုံသစ်ကြီးသို့ ရောက်သည်နှင့် ဟူဒီနီသည် ပြဇာတ်ရုံကြီးတစ်ရုံလုံး ပြည့်လျှံနေသောပရိသတ်ကို မြင်ရတော့၏။ ပထမပွဲစဉ်တွင် ပင်ပန်းသောပြကွက်အချို့ကိုပြုလုပ်ခြင်းမပြုဟု စဉ်းစား ထားသော်လည်း ကြိတ်ကြိတ်တိုးနေသော ပရိသတ်ကိုတွေ့သည်နှင့် သူ ၏ ပင်ပန်းနွမ်းနယ်နေခြင်းများ ပျောက်သွားရတော့၏။ ပရိသတ်လိုလား မျှော်လင့်တောင့်တနေသော ပြကွက်များကို ပြသမည်ဟု ဆုံးဖြတ်လိုက် သည်။

ဟူဒီနီသည် ပထမပိုင်းပြသော မဟာလွတ်မြောက်မှုပြကွက်၊ ရုပ် ပြောင်းနာမ်ပြောင်းနိုင်သူပြကွက်၊ ဘီှုင်လာအိုးကြီးအတွင်းမှ လွတ်မြောက် သည့်ပြကွက်၊ အီဂျစ်မနုသီဟပြကွက်များကို ပြသခဲ့သည်။ ပရိသတ် ကြီးကလည်း မကြုံစဖူး အားပေးသည်ကို တွေ့ရ၏။ သူ၏ နတ်ဝင်သည် များ စိန်ခေါ် ဟောပြောမှုများကိုလည်း ပွဲကြည့်ပရိသတ်က ထူးထူးခြားခြား

အားပေးခဲ့သည်သာမက ဟူဒီနီအား ဇောက်ထိုးဆွဲခြင်းဟူသော ရှေးခေတ် တရုတ်နိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်သည့်ပြကွက်ကို ဒုတိယပိုင်းတွင် တင် ဆက်ပြသပေးပါရန် တောင်းဆိုခဲ့သည်။

ပထမပိုင်းပြကွက်များတွင်ပင် ဟူဒီနီသည် ပင်ပန်းလာသည်ကို ရိပ်မိခဲ့သည်။ အိပ်ရေးများပျက်လာပြီး အသက်အရွယ်က ထောင်းလာ လေပြီဟု သူကိုယ်တိုင်ရိပ်မိသည်။ ပရိသတ်ကို ထိုပြကွက် နောက်တစ်နေ့ မှ ပြသရန်၊ ရွှေ့ဆိုင်းရန် တောင်းပန်ရမည်လော ဝေခွဲမရဖြစ်လာသည်။ ပရိသတ်ကြီး၏ တောင်းဆိုချက်ကို အားနာသည်။ ပဥ္စလက်ပြပွဲ၏ ဒုတိယ ပိုင်း ဟူဒီနီအား ဇောက်ထိုးဆွဲခြင်းပြကွက်ကိုတင်ဆက်ရန် ပြင်ဆင်နေ စဉ်မှာပင် သူ အလွန် မောပန်းလာသည်။ သူ့ကိုယ်ခန္ဓာသည် နာမ်ခန္ဓာကို မလိုက်နိုင်တော့သည်ကို သိလာသည်။ သို့သော် သူ့ပြပွဲပရိသတ်အား ကြော်ငြာထားပြီ ဖြစ်သည်။ ပရိသတ်စိတ်ပြိုငြင်မှုကိုမလိုလား။ ပရိသတ် ကြီးသည် သူ့အား အောင်မြင်ပေါက်ရောက်၍ ဟိုးဟိုးကျော်ခဲ့သော ပဥ္စ လက်ဆရာတစ်ဦးဖြစ်အောင် အားပေးခဲ့သည် မဟုတ်လော။

သို့ဖြစ်၍ သူ့တပည့်ဖြစ်သူ ကောလင်အား ဟူဒီနီအား ဇောက်ထိုး ဆွဲချင်းဟူသောပြကွက်ကိုပြသရန် ပြင်ဆင်ခိုင်းသည်။ ဇာတ်စဉ်အောက် မှ ဂီတဝိုင်းတော်သားများကလည်း ထိုပြကွက်အတွက် ‘ရေအောက်တွင် အိပ်ပျော်မည်’ အမည်ရှိသောသီချင်းကို ကျယ်လောင်စွာ တီးမှုတ်လိုက်ပါ တော့သည်။ ဇာတ်စင်ပေါ်တွင် ရေအပြည့်ထည့်ထားသော သံစည်ကြီး ကိုလည်း အသင့်ပြင်ထား၏။ ဟူဒီနီ၏တပည့်ဖြစ်သူ ကောလင်ကလည်း ဟူဒီနီခြေထောက်များအား ကြိုးဖြင့် တင်းကျပ်စွာချည်နှောင်ပြီး လေထဲ တွင် တွဲလွဲဆွဲရန်အတွက် စက်သီးဖြင့်ဆွဲတော့သည်။ ဇာတ်စင်အောက်မှ တီးဝိုင်းကလည်း ဆူညံစွာတီးမှုတ်လျက်ရှိနေပြီး ပွဲကြည့်ပရိသတ်များက လည်း ဟူဒီနီ၊ ဟူဒီနီဟု လက်ခုပ်လက်ဝါးတီး၍ အားပေးကြသည်။ သူ့ ခြေထောက်တွင်ခတ်ထားသော ခြေချင်းခလုတ်များ တဖြည်းဖြည်းတင်း ကျပ်လာသည်ကို တွေ့လာရသည်။ ယခင်ကဆိုလျှင် ဤကဲ့သို့ တင်းကျပ် လာမှုမျိုး မကြာခဏဆုံရသော်လည်း ယခုတစ်ချီတွင်မူ ယခင်ပြစဉ်က နှင့်မတူ။ ခြေချင်းဝတ်များ တဖြည်းဖြည်း နာလာသည်။ သူ့စိတ်ကို တင်း ထားပြီး နာကျင်မှုကို ပပျောက်လိုပပျောက်ငြား စောင့်ကြည့်သည်။ မနေ နိုင်အောင် နာကျင်လာသဖြင့် ပရိသတ်ကြီးအား တောင်းပန်၍ သူ့အား ဇာတ်စင်ကြမ်းပြင်ပေါ်သို့ ခေတ္တချလိုက်ရသည်။

ချက်ချင်း အယ်(လ်)ဘယ်နီမြို့မှ အရိုးကုဆရာဝန်ကြီး ဒေါက်တာ ဟာန်နေ့အား ခေါ်ယူခဲ့ရသည်။ ဒေါက်တာဟာန်နေ့သည် ဟူဒီနီ၏ ခြေ ချင်းခလုတ်များကိုပြန်ဖြေပြီး သေသေချာချာ စစ်ဆေးသည်။ သူ့ခြေချင်း ရိုးများကျိုးနေသည်ကို တွေ့ရသည်နှင့် ပြသနေသောပြကွက်များကိုရပ် ၍ ချက်ချင်း ဆေးရုံသို့တက်ရောက်ရန် တိုက်တွန်းသည်။ ပွဲစဉ်များကို

ဖျက်သင့်သည်ဟူ၍လည်း အကြံပေးသည်။

သို့သော် အရိုးကုဆရာဝန်ကြီး ဒေါက်တာဟန်နေ့၏ အကြံပေးချက်ကို လုံးဝ လက်မခံ။ သူ့တပည့်ဖြစ်သူ ကောလင်အား သက္ကလပ်အဝတ်ထူများကို ခံစည်းစေပြီး ဇာတ်စင်ပေါ်သို့ ပြန်တက်လာသည်။ သူ့ခြေထောက်များမှာ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲလာသည်။ သို့သော် ဟူဒီနီက စိတ်ကိုတင်းထားပြီး အချက်ပေးလိုက်သည်နှင့် တပည့်ဖြစ်သူများကလည်း နာကျင်ကိုက်ခဲ၍ သွင်သွင်ကျိုးနေသော ခြေထောက်နှစ်ချောင်းကို ခြေချင်းခတ်၊ ကြိုးဆွဲ၍ ရေကန်အတွင်း ဇောက်ထိုးနှစ်လောက်တော့သည်။

ဟူဒီနီအဖို့ မခံမရပ်နိုင်အောင် နာကျင်လာသည်။ ဤပြကွက်ကို ရပ်ရတော့မည်လောဟု စဉ်းစားမိသည်။ သူ့အဖို့ ရာဇဝင်ရိုင်းပေတော့မည်။ ဇာတ်အနာခံ၍ ပြကွက်ကို ပြသသွားခဲ့သည်။ ပရိသတ်ကြီးကလည်း ဩဘာလက်ခုပ်များ မိုးလုံးညံမျှတီး၍ အားပေးခဲ့သည်။

ယင်းပြကွက်ပြီးသည်နှင့် ဒေါက်တာဟန်နေ့သည် ဟူဒီနီအားလာ ရောက်တွေ့ဆုံပြီ ဆေးရုံသို့ ခေါ်ဆောင်သွားသည်။ ဆေးရုံတွင် သူ့ခြေချင်းဝတ်များကို ထပ်မံစစ်ဆေးပြီး ဆေးစည်းထားခဲ့သည်။ ဆရာဝန်ကြီးကမူ ပွဲစဉ်များကိုဖျက်သိမ်း၍ ခေတ္တအနားယူရန် တိုက်တွန်းသည်။ သို့သော် ဟူဒီနီက ပွဲစဉ်များကို မဖျက်လို။ ထိုညတွင် အလွန်နာကျင်ကိုက်ခဲသဖြင့် သူ မအိပ်နိုင်။ ရှေ့ဆက်ရမည့်ပွဲစဉ်များကလည်း ကျပ်နေသည်။

နောက်တစ်နေ့ (အင်္ဂါနေ့) တွင် ပတ်ဂီလ်တက္ကသိုလ်တွင် စိတ်ဝိညာဉ်ဆိုင်ရာနှင့် နတ်ဝင်သည်များနှင့်ပတ်သက်သော ဟောပြောပွဲတစ်ခုကျင်းပရန် စီစဉ်ထားသည်။ ထိုဟောပြောပွဲကို တက္ကသိုလ်အာဏာပိုင်များနှင့် ပညာရှင်များက စီစဉ်ထားခြင်းဖြစ်သဖြင့် ထိုအစီအစဉ်ကို မဖျက်လို။ ဟောပြောပွဲအတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရသည်။ ခြေထောက်အဆစ်များကလည်း နာကျင်ကိုက်ခဲလျက် ရှိသည်။ အရိုးကုဆရာဝန်ကြီးကမူ မက်ဂီလ်တက္ကသိုလ်တွင်ကျင်းပမည့် ဟောပြောပွဲအစီအစဉ်ကိုရွှေ့ဆိုင်းရန် အကြံပေးသည်။ သို့သော် ဟူဒီနီက သူပေးသောကတိကို မဖြတ်လို။ သွားဖြစ်အောင်သွား၍ ဟောပြောမည်ဟု ဆုံးဖြတ်ထားသည်။

သူ့ဇနီးဘက်(ခ်)ကလည်း ဟူဒီနီအဖို့ သုံး၊ လေးရက်ခန့် အနားယူသင့်သည့်အကြောင်း ပြောပြသည်။ သူ့မိတ်ဆွေ ကန်ထရိုက်တာများလည်း သူတို့ပြပွဲအစီအစဉ်များကို အတတ်နိုင်ဆုံး ရွှေ့ဆိုင်းပေးမည်ဖြစ်သဖြင့် ဟူဒီနီအား အရိုးကုဆရာဝန်ကြီး၏ အကြံပေးချက်အတိုင်း အနားယူရန် တိုက်တွန်းကြသော်လည်း ဟူဒီနီက လက်မခံ။

အောက်တိုဘာလ (၁၉) ရက်နေ့၊ ညနေ (၅)နာရီတိတိတွင် မဟာဟူဒီနီ ပက်ဂီ(လ်)တက္ကသိုလ် ကပွဲခန်းမဆောင်သို့ သွားရောက်ခဲ့သည်။

ပက်ဂီ(လ်)တက္ကသိုလ် ဟောပြောပွဲ ကျင်းပရေးကော်မတီများကလည်း ဟောပြောပွဲကျင်းပမည့် ကပွဲခန်းမဆောင်ကြီးကို ခမ်းခမ်းနားနားပြင်ဆင်ထား၏။ တက္ကသိုလ်ကျောင်းတိုက်ကြီးမှ ပါမောက္ခများ၊ ကထိကများ၊ ဆရာ၊ ဆရာမများအပြင် ပြင်ပစာနယ်ဇင်းသမားများနှင့် အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းမှ ပုဂ္ဂိုလ်များ၊ အခြားထင်ရှားသော မြို့မိမြို့ဖများကိုပါ ဖိတ်ကြားထားသည်။ ကျောင်းသားအများလည်း တက်ရောက်ကြသဖြင့် ကပွဲခန်းမဆောင်ကြီးတစ်ဆောင်လုံး ပြည့်လျှံနေသည်သာမက ခန်းမဆောင်ရှေ့ရှိ လူသွားစင်္ကြံများပေါ်တွင် ခုံများချထားပေးခဲ့ရသည်။

ဟူဒီနီကျင်းပခဲ့သော ဟောပြောပွဲများတွင် ထိုဟောပြောပွဲသည် နားထောင်သူ အများဆုံး တက်ရောက်ခဲ့သော ဟောပြောပွဲ ဖြစ်သည်။ အချို့ ကျောင်းသားငယ်အများကမူ ကျောင်းဆောင်အမိုးများပေါ်မှ တက်ရောက် ကြည့်ရှု နားထောင်ခဲ့ကြသည်ဟု ဆိုသည်။ အခမ်းအနားစသည်နှင့် ပါမောက္ခတိတ်သည် စင်မြင့်ပေါ်သို့ တက်ရောက်လာခဲ့ပြီး ဟောပြောမည့်ပုဂ္ဂိုလ် ဟူဒီနီမှာ ပဥ္စလက်ပြကွက်တစ်ခုပြသစဉ် မတော်တဆ ထိခိုက်ဒဏ်ရာရခဲ့သဖြင့် သူ့ခြေထောက်အဆစ်အမြစ်များမှာ ပြင်းပြင်းထန်ထန်ကိုက်ခဲလျက်ရှိကြောင်း၊ သို့သော် ပက်ဂီ(လ်)တက္ကသိုလ်ကျောင်းသူကျောင်းသားများကို ကတိပေးပြီးဖြစ်သဖြင့် သူ့ခမျာ အားခဲပြီးလာ၍ဟောပြောရခြင်းသာ ဖြစ်ပါကြောင်း ပြောပြသည်။ ဟူဒီနီအား စင်မြင့်ထက်ကြွရောက်ပါရန် ဖိတ်ခေါ်ခဲ့သည်။

ဟူဒီနီအား သူ့တပည့်တစ်ဦးကတွဲ၍ စင်ပေါ်သို့ခေါ်လာခဲ့သည်။ ပက်ဂီ(လ်)တက္ကသိုလ်ကျောင်းသားကျောင်းသူများမှာမူ တအံ့တသြဖြစ်သွားကြသည်။ ဟူဒီနီကား သာမန်လူတစ်ယောက်အသွင် ဖြစ်နေသည်။ လက်ထိတ်ဝိဇ္ဇာ၊ မဟာလွတ်မြောက်မှုဝိဇ္ဇာ၊ မဟာပဥ္စလက်ဆရာ၊ ရုပ်ရှင်သရုပ်ဆောင်၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ တောင်ဝင်မိသားစုများ၊ သန်းကြွယ်သူဌေးကြီးများ၊ ပညာရှင်များ လေးစားရပြီး နတ်ဝင်သည်လောကကို တုန်လှုပ်စေခဲ့သူ၊ ကမ္ဘာ့နိုင်ငံအသီးသီးမှထုတ်ဝေသော သတင်းစာကြီးများ၏ မျက်နှာဖုံးတွင် နေ့စဉ် နေရာယူထားသူတစ်ဦးမှာ သူလိုကိုယ်လို သာမန်လူတစ်ယောက် ဖြစ်နေသည်။ သူ့အား အလွန် အားကောင်းမောင်းသန်လူထွားလူသန်ကြီး ဖြစ်မည်ဟု မျှော်လင့်ထားကြသည်။

ဟူဒီနီ စင်မြင့်ပေါ်သို့ လူတွဲဖြင့်တက်လာသည့်အခါ ကပွဲရုံတစ်ရုံလုံး နားကွဲမတတ် သြဘာလက်ခုပ်များတီးကြသည်။ လက်ခေါက်မှုတ်သံ၊ လေချွန်သံများမှာလည်း ကပွဲခန်းမကြီး တုန်လှုပ်သွားအောင် ဆူညံသွားတော့၏။

ဟူဒီနီ စတင် စကားပြောသည်နှင့် ရုံကြီးတစ်ရုံလုံးမှာ အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။ စကားပြော

ကောင်းသော ဟူဒီနီကို ရာပေါင်းများစွာသော ကျောင်းသူကျောင်းသား များသည် တအံ့တသြဖြစ်သွားသည်။ ပထမတွင် ဟူဒီနီ၏ ရုပ်သဏ္ဌာန်ကိုကြည့်ပြီး အထင်သေးခဲ့သူများသည် ပါးစပ်အဟောင်းသားဖြစ်သွားပြီး ဩော်- ဒါကြောင့် မဟာဟူဒီနီဟု ကင်ပွန်းတပ်ခဲ့ကြသည်ဟု မှင်တက်မိသွားသည်။

ဟူဒီနီကလည်း ပဥ္စလက်ပညာနှင့်ပတ်သက်သည့် သမိုင်းအချက်အလက်များကိုရှင်းပြခဲ့ပြီး သူ ကမ္ဘာ့နိုင်ငံအသီးသီးတွင်ပြသခဲ့သော မဟာလွတ်မြောက်မှုပြကွက်များ၊ ရုပ်ပြောင်းနာမ်ပြောင်းနိုင်သူပြကွက်များ၊ ဘီွုင်လာအတွင်းမှ လွတ်မြောက်လာမှု၊ ဟူဒီနီအား ဇောက်ထိုးဆွဲခြင်းစသော ရေကန်အတွင်း ညှဉ်းပမ်းမှုပြကွက်၊ တံတားခုန်ပွဲများ၊ မြင့်မားသော အဆောက်အအုံကြီးများထိပ်မှ လွတ်မြောက်ပြသည့်ပြကွက်စသော ပြကွက်များသည် သူကိုယ်တိုင်လေ့ကျင့်ပြီး ကိုယ်စွမ်းကိုယ်စဖြင့်ပြသနိုင်ခဲ့သောပြကွက်များသာ ဖြစ်သည်။ လူသည် မိမိကိုယ်စွမ်းကိုယ်စကို ယုံကြည်ရန်သာ အဓိက ဖြစ်သည်။ လူတိုင်းတွင် ကိုယ်နှင့်တန်ရုံသောကိုယ်စွမ်းကိုယ်စရှိကြကြောင်း၊ ထိုမြုပ်နေသော ကိုယ်တွင်းစွမ်းအင်ကိုလေ့ကျင့်ပျိုးထောင်ပေးခြင်းနှင့် ထုတ်ဖော်နိုင်သဖြင့် လူအများအံ့သြစေခဲ့သော ပဥ္စလက်ပြကွက်များကို ပြသနိုင်ခြင်းသာဖြစ်ကြောင်း၊ လူအများထင်သလို လောကီပညာရှင်များ၏ အကူအညီ၊ တမလွန်လောက၏အကူအညီကြောင့်ဆိုသည်မှာ မဟုတ်မမှန် စွပ်စွဲမှုများသာဖြစ်ကြောင်း၊ ကမ္ဘာကျော် စာရေးဆရာကြီး ကိုနင်ဒွိုင်းကိုယ်တိုင်ပင် သူ ဤကဲ့သို့အံ့မခန်း အန္တရာယ်များသည့် ပဥ္စလက်ပြကွက်များကို ပြုလုပ်နိုင်သည်မှာလောကီပညာရှင်များ၏ အကူအညီကြောင့်ဟု ထင်ခဲ့ကြောင်း၊ ဆရာကြီးအားလည်း သူသည် မည်သည့် လောကီပညာရှင်ထံမှ လည်းကောင်း၊တမလွန်လောကမှ ပရလောကသားတို့၏ အကူအညီကိုလည်းကောင်း မယူကြောင်း၊ မိမိအစွမ်းကို အပင်ပန်းခံ၍ လေ့ကျင့်ယူခြင်းသာ ဖြစ်ကြောင်း၊ ကျောင်းသူကျောင်းသားအများလည်း ကိုယ်အစွမ်းအစကို ကိုယ်အထင်မသေးသင့်ကြောင်း၊ မိမိစိတ်ဓာတ်ကြံ့ခိုင်ရန် လေ့ကျင့်ယူသင့်ကြောင်း ပြောပြသည်။

ကျောင်းသားများမေးသည့် မေးခွန်းများကို ဖြေကြားပြီးသည်နှင့် လူထုအား လိမ်ညာနေကြသော နတ်ဝင်သည်ဆိုသူများနှင့် ဝိညာဉ်ဝါဒသမိုင်းကို ရှင်းလင်းဟောပြောသည်။ ပုဂ္ဂလကတိုက်မှုများတွင် တွေ့ရသောလူတို့၏ပြုလုပ်မှုမပါဘဲ သက်မဲ့ရုပ်များ၊ ဝတ္ထုများအား လှုပ်ရှားအောင်ပြုလုပ်နိုင်သူ၊ ဖန်တီးနိုင်သူဆိုသော ပုဂ္ဂိုလ်များမှာ နတ်ဝင်သည်ဟုဆိုသော ပုဂ္ဂိုလ်များသာ ဖြစ်ကြ၏။ ထိုသူတို့ဓာတ်စီးနေသောအခါများတွင် တမလွန်လောကမှ ပရလောကသားတို့နှင့် ဆက်သွယ်နိုင်သည်ဟု ဆိုကြောင်း၊ သို့ဖြစ်၍ ကွယ်လွန်လေပြီးသော မိဘ၊ ဆွေမျိုး၊ မိတ်ဆွေများ

၏သတင်းကို ကြားသိလိုကြသူများသည် နတ်ဝင်သည်တို့ကို ဆည်းကပ်ကြရကြောင်း၊ သူတို့သည် တမလွန်ဘုံသားများနှင့် ဆက်သွယ်နိုင်သည်ဟု လူအများယုံကြည်လာအောင် လောကီလွန်၊ သဘာဝလွန် အံ့ဖွယ်သရဲများ ပြုလုပ်လေ့ရှိကြောင်း၊ သူတို့ကျင်းပလေ့ရှိသော ဝိညာဉ်ခေါ်ပွဲများတွင် ကွယ်လွန်သူတို့ ကိုယ်ထင်ပြခြင်း၊ ကွယ်လွန်သူတို့၏အသံ၊ လေချွန်သံ စသော အသံများကြားစေခြင်း၊ မီးမှိန်ထားသော ဝိညာဉ်ခေါ်ပွဲကျင်းပသော အခန်းအတွင်း ဝိညာဉ်ခေါ်ပွဲကို တက်ရောက်နေသော လူများ၏ ကိုယ်ခန္ဓာများကို မမြင်ရသော ပုဂ္ဂိုလ်တစ်ဦးက ထိတွေ့သကဲ့သို့ဖြစ်စေခြင်း၊ အခန်းတွင်းရှိ သက်မဲ့ပစ္စည်းများ အလိုအလျောက် လှုပ်ရှားပြခြင်း၊ စားပွဲ၊ ကုလားထိုင်များသည် အလိုလိုလှုပ်ရှား၍ အပေါ်သို့မြောက်တက်ခြင်း၊ ကိုယ်မပါသောလက်များပေါ်လာ၍ လေ့လာသူများ ခေါင်းပေါ်မှ ပျံဝဲသွားခြင်း၊ တူရိယာပစ္စည်းများ အလိုလိုအသံမြည်ခြင်း၊ လေထဲ၌ ရွေ့လျားခြင်း စသည်များသည် ပဥ္စလက်နည်းဖြင့် ပြသခြင်းများသာ ဖြစ်ကြောင်း၊ သူသည် အသက် (၁၇) နှစ်သားခန့်ကပင် ဝိညာဉ်ခေါ်ပွဲများ အကြိမ်ကြိမ် တက်ရောက်ခဲ့ကြောင်း၊ သို့သော် နတ်ဝင်သည်ဆိုသူအများမှာ လူထုအားလိမ်ညာနေသည်များသာဖြစ်ကြောင်း၊ ထိုသူအများမှာလည်း လူထုထံမှ တံစိုးလက်ဆောင်နှင့် အခကြေးငွေကိုယူ၍ ပြသနေသူများ ဖြစ်သဖြင့် အစွမ်းကုန်လိမ်ညာကြကြောင်း၊ သူ့မိခင်ကွယ်လွန်ခဲ့ရာမှ သူသည် မိခင်ဖြစ်သူ၏ ဝိညာဉ်နှင့် ဆက်သွယ်ရန် ဝိညာဉ်အပူးခံနိုင်သည် ဟုဆိုသော ပုဂ္ဂိုလ်များအားလုံးနှင့် ဆက်သွယ်၍ လေ့လာခဲ့ကြောင်း၊ ထို အပူးခံနတ်ဝင်သည်များသည် မရေမရာပြော၍ လိမ်ညာသည်ကိုတွေ့ရကြောင်း၊ တစ်ကြိမ်တစ်ခါမှ သူ့မိခင်၏ဝိညာဉ်နှင့် တိတိကျကျ ဆက်သွယ်မှုမရခဲ့ဟု ဟောပြောသည်။

ကျောင်းသားများအဖို့ ကြောက်ရွံ့စိတ်ကို အတတ်နိုင်ဆုံးပယ်ရှားရမည် ဖြစ်သည်။ စိတ်စွမ်းအင်သည် အလွန်ထက်ကြောင်း၊ လူတိုင်း၌ ကိုယ်ပိုင်ထူးခြားသော စိတ်စွမ်းအင်ရှိကြောင်း၊ နာကျင်ခြင်းမရှိဟု မိမိစိတ်ကိုတင်းထားလျှင် တကယ် နာကျင်ခြင်းဝေဒနာ မရှိနိုင်ကြောင်း၊ သာဓကအားဖြင့် ဟူဒီနီသည် အပ်ချောင်းကြီးများနှင့် သူတစ်ပါးအား ထိုးပြသော်လည်း သွေးထွက်ခြင်း၊ နာကျင်ခြင်းမရှိကြောင်း ပြောပြသည်။

ဆက်လက်၍ နတ်ဝင်သည် အတုအလိမ်များသည် ပြည်သူများထံမှ ဒေါ်လာသန်းပေါင်းများစွာကို နှစ်စဉ် လိမ်ယူခဲ့ကြောင်း၊ သို့ဖြစ်၍ သူသည် သူပိုင်ငွေကြေး ဒေါ်လာလေးသန်းခန့် အကုန်အကျခံ၍ နတ်ဝင်သည် အတုအလိမ်များ ဖော်ထုတ်ရေးအတွက် သုံးစွဲခဲ့ကြောင်း၊ ဘိုစတုန်မြို့သူ နတ်ဝင်သည် မာဂျရီကိုယ်တိုင် တမလွန်လောကမှ ဝိညာဉ်က ဝင်ရောက်ပူး၍ ပြောသည်ဟုဆိုကာ သူ တစ်နှစ်အတွင်း ကွယ်လွန်ရမည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း၊ သို့သော် သူ့အဖို့ တတ်နိုင်သလောက် လိမ်ညာ

နေသော နတ်ဝင်သည်များကို ဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ မှန်ကန်သော၊ ရိုးသားစစ်မှန်သော နတ်ဝင်သည်တို့ ရှိကောင်းရှိမည် ဖြစ်သော်လည်း သူ့အဖို့ မတွေ့ရသေးပါကြောင်း ထုတ်ဖော် ပြောဆိုသည်။ ထို့နောက် ဟူဒီနီသည် နတ်ဝင်သည်တို့၏ လိမ်နည်းညာနည်းအချို့ကို လက်တွေ့ပြသခဲ့၏။

နိဂုံးတွင် သူ့အား ကမ္ဘာ့နိုင်ငံအသီးသီးမှ နတ်ဝင်သည်များအားလုံးက မုန်းတီးလျက်ရှိသည်ကိုသိကြောင်း၊ သို့သော် လူထုအတွက် အမုန်းခံ၍ ဤကဲ့သို့ ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ရှင်းပြခဲ့သည်နှင့် ပရိသတ်ကြီးသည် ကပွဲခန်းမကြီးတစ်ခုလုံး ညံအောင်အားပေးခဲ့ကြသည်။ ဟောပြောပွဲပြီးသည်နှင့် ကျောင်းသားများသည် ဟူဒီနီရှိရာသို့ ဝိုင်းဝန်းရောက်လာကြသည်။ စိတ်ဓာတ်ကြံ့ခိုင်လျှင် နာကျင်ခြင်းဝေဒနာကို ထိန်းထားနိုင်သည်ဟုဆိုသော ဟောပြောမှုနှင့် သူ့ပါးအား အပ်များဖြင့်ထိုးပြသော သရုပ်ပြပုံကို ကျောင်းသားအများက သဘောကျသည်။ ဟူဒီနီအား လေးစားကြသည်။ ကျောင်းသားအများသည် ဟူဒီနီနောက် စုရုံးလိုက်လာကြပြီး ဆွေးနွေးကြ၊ မေးမြန်းကြသည်။ ကျောင်းသားများအနက် စမန်းလီး ဆိုသူနှင့် ဂျက်ပရိုက်(စ်)ဆိုသူတို့ ဟူဒီနီအား လာရောက် တွေ့ဆုံကြသည်။ သူတို့သိလိုသော အချက်အလက်များကို မေးမြန်းကြ၏။ ဟူဒီနီကလည်း စိတ်ပါလက်ပါ ရှင်းပြခဲ့၏။

စမန်းလီးသည် ဟူဒီနီဟောပြောနေစဉ် သူ့ခဲတံဖြင့် ရေးဆွဲထားသော ပုံကြမ်းများကိုပြသသည်။ ဟူဒီနီကလည်း စမန်းလီးရေးဆွဲထားသော ခဲခြစ်ပုံကြမ်းများမှာ ထူးထူးခြားခြား သူ့ပုံနှင့်တူကြောင်း၊ စမန်းလီး၏ လက်ရာကိုချီးကျူးခဲ့သည်။ နောက်နေ့တွင် မွန်တီရီအော်(လ်)မြို့ မင်းသမီးခန်းမ အဆင့်မြင့်ပြဇာတ်ရုံကြီးတွင် ပြသမည့် သူ့ပဥ္စလက်ပွဲသို့ လာရောက်ကြည့်ရှုရန်နှင့် ထိုပွဲပြသပြီးပါက ဇာတ်ခုံနောက်ပိုင်းသို့လာရောက်၍ သူ့ပုံတူကို ထပ်မံလေ့လာရေးဆွဲပါရန် ဖိတ်ခေါ်ခဲ့သည်။ စမန်းလီးကလည်း ဝမ်းမြောက်ဝမ်းသာ သူ လာရောက်ပါမည်ဟု ကတိပြုသွားသည်။

ဟောပြောပွဲပြီးဆုံးသည်နှင့် ဟူဒီနီသည် မွန်ထရီအော်(လ်)မြို့ အသံလွှင့်ရုံသို့သွားရောက်ပြီး နတ်ဝင်သည်များ၏ လိမ်နည်းညာနည်းများကို အသံလွှင့်ရုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခန်းမှ ထုတ်လွှင့်ပေးခဲ့သည်။ သူ့အသံလွှင့်ပို့ချချက်များတွင် ဒေသခံနတ်ဝင်သည်အချို့၏ နာမည်များကိုပါ ထုတ်ဖော် ဝေဖန်ခဲ့သဖြင့် ဒေသခံပရိသတ်များအတွင်း ပွဲဆူခဲ့သော အသံလွှင့်ပို့ချချက်ဖြစ်သည်ဟု ဆိုကြ၏။ ထိုအသံလွှင့်ပို့ချချက် အသေးစိတ်ကို ဒေသခံသတင်းစာများမှ ထည့်သွင်း ဖော်ပြခဲ့ပြီး ဘိုစတုန်ဂလုပ်(ကမ္ဘာလုံး)သတင်းစာကြီးကလည်း ထိုသတင်းကို မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြခဲ့ပြန်သည်။ နတ်ဝင်သည်အသိုင်းအဝန်းကမူ ဟူဒီနီမှာ တကယ့် ဘုံရန်သူ ဖြစ်လာရတော့သည်။

(၂၂) ရက် သောကြာနေ့တွင်မူ ဟူဒီနီသည် မင်းသမီးအဆင့်မြင့် ဇာတ်ရုံကြီးတွင် သူ့ပဥ္စလက်ပြပွဲကို ပြသသည်။ မွန်တရီအော်(လ်)မြို့သူ မြို့သားများကလည်း ရုံပြည့်လျှံအောင် အားပေးကြသည်။ ဟူဒီနီအား သူ့ဇနီးဖြစ်သူနှင့် မိတ်ဆွေများက သတိပေးနေသည့်ကြားမှပင် ဟူဒီနီ သည် သူ့ပြကွက်များကို အပင်ပန်းခံ၍ အစွမ်းကုန်ပြသည်။ ပြပွဲပြီးသည် နှင့် ဟူဒီနီမှာ ထူးထူးခြားခြား မောဟိုက်လာခဲ့၏။ ဇနီးဖြစ်သူကလည်း အစာစားသောက်ပြီး ခေတ္တအနားယူရန် သတိပေးသည်။ အဆာပြေ ပေါင်မုန့်အသားညှပ်တစ်ခုစားပြီးသည်နှင့် တည်းခိုသောဟိုတယ်သို့ ပြန် ရင်ပြင်ဆင်ကြသည်။

ဟူဒီနီနှင့် ဇနီးတို့သည် မင်းသမီးဇာတ်ရုံဝမှ တည်းခိုသည့်ဟိုတယ် သို့ပြန်ရန် အငှားကားတစ်စင်းကိုငှားနေစဉ် ဟူဒီနီအားချစ်သော ပရိသတ် အများသည် ဝိုင်းလာကြကာ တစ်ယောက်တစ်မျိုး ချီးကျူးဝေဖန်ကြ၏။ ပရိသတ်အတွင်းမှ စမန်းလီးနှင့် ဂျက်ပရိုက်(စ်)တို့ကို မြင်မိသည်နှင့် သူ ယမန်နေ့က ဖိတ်ခေါ်ခဲ့သည်ကို သွားသတိရသည်။ ဟိုတယ်သို့မပြန်တော့ ဘဲ ကျောင်းသားနှစ်ဦးအား ဇာတ်ရုံကြီး၏နောက် အဝတ်အစားလဲခန်းသို့ ခေါ်သွားခဲ့သည်။

ကျောင်းသားနှစ်ဦးကလည်း ဟူဒီနီနောက်သို့ လိုက်သွားကြသည်။ အခန်းအတွင်းရောက်သည်နှင့် ဟူဒီနီသည် ခုတင်ပေါ်တွင်ထိုင်ပြီး သူ့ ထံသို့ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် အမေရိကန်ပြည်ထောင်စု အနယ်နယ် အရပ်ရပ်မှ ပရိသတ်များကပေးသောစာများကို ရွေးထုတ်နေသည်။ စမန်း လီးကလည်း ဟူဒီနီ စာများရွေးနေပုံကိုကြည့်ပြီး ခဲတံဖြင့် ပုံကြမ်းလောင်း နေသည်။ ဟူဒီနီသည် စမန်းလီးအားတောင်းပန်၍ သူ့ကုတ်အင်္ကျီကိုချွတ် ၍ ခုတင်ပေါ်တွင် သက်သက်သာသာလှဲနေသည်။ ဟူဒီနီကလည်း လဲ လျောင်းလျက် စမန်းလီးအား သူ အဘယ်ကြောင့် ဟယ်ရီဟူဒီနီဟူသော အမည်ကို ယူခဲ့ရပုံ၊ သူတို့ မြေစမ်းခရမ်းပျိုးသည့် ပဥ္စလက်ပြပွဲများကို ပထမဆုံးပြသသောပွဲများမှာ ဘီယာဆိုင်များရှိရာ ခန်းမများသာဖြစ်ပုံ၊ သူ မည်ကဲ့သို့ ရိုးရိုးသားသား ကြိုးစားခဲ့ရပုံ၊ သူတီထွင်သည့်ပြကွက်ဆန်း များ၊ သူ အသက်စွန့်၍ပြသခဲ့သော တံတားခုန်ပွဲများ၊ ဂျာမနီ၊ ရုရှား ဘယ်(လ်)ဂျီယန်၊ အင်္ဂလန်နိုင်ငံတို့တွင် စိန်ခေါ်သည့်ပွဲများအကြောင်း ပြောပြသည်။

စမန်းလီးကမူ စိတ်ဝင်စားစွာနားထောင်ရင်း ခဲပုံကြမ်းကို အပြီး သတ်နိုင်ရန် ကြိုးစားဆွဲသည်။ ဂျက်ပရိုက်(စ်)က ဟူဒီနီအား သူသိလို သော ပဥ္စလက်ပညာ၏ လျှို့ဝှက်ချက်များနှင့် နတ်ဝင်သည်တို့ အကြောင်း မေးခွန်းများထုတ်သည်။ ဟူဒီနီကလည်း လေးလေးစားစား ဖြေဆိုခဲ့၏။ ဤသို့အချိန်အတွင်း တံခါးခေါက်သံကြားရပြီး ကျောင်းသားတစ်ယောက် ဝင်လာပြန်သည်။ ဝင်လာသူမှာ အပြာရင့်ရောင် သက္ကလပ်ဝတ်စုံဝတ်

ဆင်ထားပြီး အတော်အရပ်ရှည်သော ကျောင်းသားတစ်ယောက် ဖြစ်သည်။ သူ့လက်တွင်း စာအုပ်လေးအုပ်ယူလာသည်။ ထိုသူမှာ ဟူဒီနီနှင့် ခင်မင်သူ ကျောင်းသားတစ်ဦး ဖြစ်၏။ ဟူဒီနီထံမှ ငှားရမ်းထားသော ပဥ္စလက်ပညာနှင့် ပတ်သက်သည့်စာအုပ်ကို လာပေးခြင်း ဖြစ်သည်။

ဟူဒီနီက ထိုသူနှင့် စမန်းလီးတို့အား မိတ်ဖွဲ့ပေးလိုက်သည်။ ထိုသူမှာ အသက် (၂၈) နှစ်ရှိပြီပြီး မက်ဂီတက္ကသိုလ်တွင် ဘာသာရေးဆိုင်ရာ ဘွဲ့လွန်သင်တန်းတက်နေသူ ဂျေဂေါ်ဒွန်ဝှိုက်ဟိ ဖြစ်သည်။ သူ့အခန်းအတွင်းဝင်လာသည်နှင့် ဆွေးနွေးပွဲတွင် သူက ဦးဆောင်လာသည်။ သမ္မာကျမ်းစာထဲမှာပါသော ထူးဆန်းသော သဘာဝလွန်ဖြစ်စဉ်များကို ဟူဒီနီ မည်ကဲ့သို့ ယူဆပါသနည်းဟု မေးခဲ့၏။

ဟူဒီနီကမူ ဘာသာရေးနှင့် ပတ်သက်၍မေးသည့် မေးခွန်းများကို ဖြေလိုခြင်းမရှိသဖြင့် ကြိုးစားပြီး ပြေပြေလည်လည်ဖြစ်စေရန် ဝေ့လည်ကြောင်ပတ်ဖြေသည်။ ဘာသာရေးဖြစ်သဖြင့် အမှားအယွင်း ဖြစ်သွားမည်ကို မလိုလား။

ဤတွင် ဂေါ်ဒွန်ဝှိုက်ဟိသည် မေးခွန်းကို ပြောင်းလိုက်သည်။ ဟူဒီနီ၏ ကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့် ပတ်သက်သော မေးခွန်းများကို နှိုက်နှိုက်ချွတ်ချွတ် မေးပြန်သည်။ သူမေးသည့်မေးခွန်းများကို ဟူဒီနီက သတိထားဖြေနေသည်ကို စမန်းလီးနှင့် ဂျက်ပရိုက်(စ်)က ရိပ်မိသည်။ စပ်စပ်စုစုမေးနေသော ဂေါ်ဒွန်ဝှိုက်ဟိကို စိတ်ပျက်နေကြ၏။ ဝှိုက်ဟိသည် ဟူဒီနီအား သူ့ဗိုက်ကို အပြင်းထန်ဆုံး လက်သီးနှင့် အထိုးခံနိုင်စွမ်းရှိသည် ဆိုသည်မှာ အမှန်ဖြစ်ပါသလားဟု တိုက်ရိုက်မေးလိုက်တော့၏။ ဟူဒီနီကမူ ဗိုက်ကို လက်သီးနှင့်ထိုးမည်ကို ကြိုတင် သိထားရလျှင် သူ့ဗိုက်ကို တင်းထားနိုင်ကြောင်း၊ ဤကဲ့သို့ တင်းထားစဉ် လက်သီးနှင့်ထိုးပါက အန္တရာယ်မရှိနိုင်ကြောင်း ရှင်းပြခဲ့၏။

သူ့လက်မောင်းသားများ၊ ကြွက်သားများ တောင့်တင်းသည့်အကြောင်း သူပြသသည့် သည်းထိတ်ရင်ဖို ပဥ္စလက်ပြကွက်များအားလုံးသည် သူ၏ အားကောင်းမောင်းသန် တောင့်တင်းသောကိုယ်ခန္ဓာကြောင့် ခံနိုင်ရည်ရှိကြောင်း၊ ဟူဒီနီအား ဇောက်ထိုးဆွဲခြင်းပြကွက်များ၊ ရှေးခေတ်တရုတ်နိုင်ငံတွင်သုံးခဲ့သော ရေနှင့်ညှင်းပန်းနှိပ်စက်သည့်နည်းဖြစ်ကြောင်း၊ သူပြသခဲ့သော ပြကွက်များအနက် အခက်ခဲဆုံးပြကွက်ဖြစ်ကြောင်း၊ သူ၏ ထူးဆန်းစွာ လွတ်လာသောပြကွက်များသည်လည်း မလွယ်ကူကြောင်း၊ သူ၏ တောင့်တင်းသောကိုယ်ခန္ဓာနှင့် သူ၏ အပင်ပန်းခံလေ့ကျင့်မှုတို့ကြောင့်သာ ဖြစ်သည်ဟုလည်း ပြောခဲ့၏။

ဟူဒီနီသည် သူ့ဝမ်းဗိုက်မှ ကြွက်သားများ၏ ကြံ့ခိုင်တောင့်တင်းမှုကို အထင်ကြီးနေသည်ဟု ကျောင်းသားများက ထင်ကြသည်။ ဤတွင် ဝှိုက်ဟိက သူ ဟူဒီနီ၏ဗိုက်အား အစမ်းထိုးကြည့်လျှင် ခံနိုင်ပါမည်လော

ဟု စိန်ခေါ်သည်။ ဟူဒီနီအဖို့ စိန်ခေါ်မှုတိုင်း ရင်ဆိုင်ရန် အသင့်ရှိ၏။ သတိထားသည်။ သို့သော် ပွိုက်ဟိ၏ စိန်ခေါ်မှုကိုမူ သတိမထားမိ။ သူ့ ဝမ်းဗိုက်ကြွက်သားများကို တင်းမထားမိ။ တင်းထားရန်အချိန်လည်း မရ လိုက်တော့။ ပွိုက်ဟိသည် ရုတ်ခြည်း လျှင်မြန်စွာ သူ့တွင်ရှိသော ခွန်အား ကိုသုံး၍ မဟာဟူဒီနီ၏ အရှိက်ကို ပစ်ထိုးလိုက်ရာ ဟူဒီနီမှာ နာကျင်သွား သည်။ ဆက်လက် ပြင်ဆင်ချိန်မရခင် ပွိုက်ဟိသည် နောက်ထပ် သူ့လက် သီးဖြင့် သုံးကြိမ်ဆက်တိုက် ထိုးလိုက်သည်။ ပွိုက်ဟိအား စမန်းလီးနှင့် ပရိုက်(စ်)တို့က ဆွဲထုတ်သွားခဲ့ရတော့၏။ ဟူဒီနီ၏ဗိုက်တွင် ပြင်းပြင်း ထန်ထန် ဒဏ်ရာရသွားခဲ့သည်။

သို့သော် ဟူဒီနီသည် အားတင်းထားခဲ့သည်။ ထိုနေ့ညစာ စားပွဲ တွင်မူ မထနိုင်တော့။ သူ့ဗိုက်မှာ တဖြည်းဖြည်း ကိုက်ခဲနာကျင်လာခဲ့ သည်။ နေ့လယ်တွင်လည်း သက်သာမလာ။ တိုး၍တိုး၍သာနာလာ သည်။ ထိုညပြပွဲကိုမူ အံကြိတ်ပြီး ပွဲပြဖြစ်အောင်ပြလိုက်သည်။ သို့သော် ဗိုက်ဒဏ်ရာက တဖြည်းဖြည်း ဆိုးရွားလာသည်။ ထိုနေ့ညက မအိပ်နိုင် တော့။ ဘယ်လူးညာလိမ့်ဖြင့်သာ အချိန်ကုန်ခဲ့သည်။ ဟူဒီနီကမူ ကြွက် သားများ နာခြင်းသာဖြစ်မည်ဟု ခပ်ပေ့ါပေ့ါဆတွက်ထားသည်။ နောက်နေ့ စနေနေ့တွင်မူ မာတီနီပွဲရုံတွင် တစ်ပွဲနှင့် ပြသဆဲပွဲရုံတွင် တစ်ပွဲရှိသည်။ ဟူဒီနီသည် ထိုနှစ်ပွဲစလုံးကို ကြိုးစားအံကြိတ်၍ပြသနိုင်ခဲ့သည်။ ထိုပွဲပြီး သည်နှင့် သူတို့အဖွဲ့သည် ခရီးဆက်ကြရမည် ဖြစ်သည်။ ဒီတရွိုက်တွင် ရက်သတ္တပတ်နှစ်ပတ်ကြာ ပြသရန် စာချုပ်ထားသည်။ သို့ဖြစ်၍ ဟူဒီနီ တို့အဖွဲ့သည် ဒီတရွိုက်သို့သွားရန် မီးရထားဘူတာရုံ ဆင်းခဲ့ကြရတော့၏။

❒

## (၂၂)

မီးရထား ဘူတာကြီးမှ စတင်ထွက်လာသည်နှင့် ဟူဒီနီ၏ဗိုက်မှ ဒဏ်ရာသည် တဖြည်းဖြည်း နာကျင်ကိုက်ခဲလာသည်။ ပထမတွင် ဟူဒီနီသည် သူ့ဇနီးဖြစ်သူ ရိပ်မိမည်ကို စိုးရိမ်သဖြင့် ဟန်ဆောင်ခဲ့သည်။ ကြာရှည်ဟန်ဆောင်၍မရတော့။ တစ်စတစ်စ ပို၍ နာကျင်ကိုက်ခဲလာသည်။ သို့ဖြစ်၍ သူ့ဗိုက်အား မက်ဂီတက္ကသိုလ်ကျောင်းသား ပို့က်ဟိဆိုသူက အကြိမ်ကြိမ်ထိုးခဲ့ကြောင်း ဘက်(ခ်)အား ပြောပြခဲ့သည်။ ဘက်(ခ်)အား ပြုစုနေသော သူနာပြုဆရာမကလည်း ဟူဒီနီအား သူနားလည်သလောက် စစ်ဆေးကြည့်ရှုသည်။ ဟူဒီနီ၏ ကိုယ်အပူရှိန်ကို တိုင်းကြည့်သောအခါ (၁၀၂) ဒီဂရီဖရင်ဟိုက်ရှိနေသည်ကိုတွေ့ရသဖြင့် ဒီတရွိုက်ရောက်သည်နှင့် ဆရာဝန်တစ်ဦးနှင့် ပြသရန် အကြံပေးသည်။

ဒီတရွိုက်မြို့သို့ရောက်သည်နှင့် ပြပွဲကန်ထရိုက်တာ၏အကူအညီနှင့် ဆရာဝန်တစ်ဦးကိုခေါ်ယူ၍ စစ်ဆေးခဲ့ရာ ဟူဒီနီတွင် အပင်ဒစ်ဆိုက်တစ်ခေါ် အူရောင်ရောဂါဖြစ်နေသည်ကို တွေ့ရတော့၏။ ရောဂါ၏အခြေအနေမှာ အဆိုးရွားဆုံးရောက်နေပြီဟု ဆရာဝန်က ပြောပြသည်။ ချက်ချင်း လူနာတင်ကားခေါ်ယူ၍ ဟူဒီနီအား ဆေးရုံတင်ရန်ပြင်ဆင်သည်။ ဟူဒီနီကမူ ထိုနေ့ညပွဲအတွက် ကြိုတင်လက်မှတ် ရောင်းချပြီး ဖြစ်နေသဖြင့် ဆေးရုံမတက်လို။ သူ့ဇနီးဘက်(ခ်)နှင့် မိတ်ဆွေများကလည်း ဆေးရုံတင်ရန် စီစဉ်သည်။ ဟူဒီနီကမူ သူ့ပွဲကြည့်ပရိသတ်ကို လေးစားသည်။ ပြည်သူချစ်သော ပဉ္စလက်ဆရာတစ်ယောက်အဖို့ သူ့ပရိသတ် စိတ်မချမ်းမသာမဖြစ်စေသင့်ဟု ယုံကြည်ထားသည်။ သို့သော် ထိုရောဂါဝေဒနာသည် သူ့အတွက် အဘယ်မျှဆိုးပါးတော့မည်ကို မည်သူမျှ မသိနိုင်။

ထိုနေ့ညသည် ရာသီဥတုသာယာသဖြင့် ဒီတရွိုက်မြို့ ဂါရစ်အဆင့်မြင့်ပြဇာတ်ရုံကြီးတွင် ရုံပြည့်လျှံလျက်ရှိနေသည်။ ဒီတရွိုက်မြို့

သားအများကလည်း ဟူဒီနီ၏ နောက်ဆုံးတီထွင်ထားသော ပဥ္စလက်ပြကွက်များနှင့် နတ်ဝင်သည်အလိမ်အညာတို့အား ဖော်ထုတ်သည့်ပြကွက်များကို ကြည့်လိုကြသည်။ သို့ဖြစ်၍ ပြည်သူအချစ်တော် မဟာဟူဒီနီကို စောင့်နေကြသည်။

ဟူဒီနီ၏ဗိုက်သည် ပြင်းပြင်းထန်ထန် နာကျင်လာခဲ့သည်။ သို့သော် ဟူဒီနီက ဟန်ဆောင်ကောင်းသည်။ သူ၏ မခံမရပ်နိုင်အောင် နာကျင်မှု၊ နွမ်းနယ်နေမှုကို ပရိသတ်များ ရိပ်မိမည်စိုးသဖြင့် သူသည် မိုင်ပေါင်းများစွာ မီးရထားစီးလာရသဖြင့် ခရီးပန်းလျက်ရှိကြောင်း၊ သို့သော် သူ့အား တောင့်တနေသည့် ပရိသတ်အတွက် သူ၏ပင်ပန်းနွမ်းနယ်မှုကို ခဝါချ၍ ပြသမည်ဖြစ်ပါကြောင်းပြောဆိုပြီး အံကြိတ်၍ ပြပွဲကို ပြီးဆုံးသည်အထိ ဟန်မပျက်ပြသသွားခဲ့၏။

(၂၅) ရက်နေ့တွင်မူ သူ့ဇနီးဘက်(ခ်)နှင့် မိတ်ဆွေများသည် ဒီတရွိုက်မြို့ ဂရေ(ခ်)ဆေးရုံကြီးသို့ ဟူဒီနီအား ဇွတ်ခေါ်ဆောင်သွားကြရသည်။ ဒီတရွိုက်မြို့မှထုတ်ဝေသော သတင်းစာကြီးများတွင် ဟူဒီနီအား မက်ဂီ တက္ကသိုလ်ကျောင်းသား ပွိုက်ဟိက စိန်ခေါ်၍ ဗိုက်ကို လက်သီးဖြင့် အချက်ပေါင်းများစွာထိုးခဲ့ရာမှ ပြင်းထန်သောဒဏ်ရာ ရရှိခဲ့သဖြင့် ပြပွဲစဉ်များကို ခေတ္တရပ်နားထားရသည့်သတင်းကို သတင်းထောက်များ ပေးပို့သော သတင်းများကိုကိုးကား၍ အခြားသတင်းစာကြီးများက ချဲ့ထွင်ရေးသားခဲ့ကြသည်။ နတ်ဝင်သည်အများကလည်း နတ်ဝင်သည် မာဂျရီတင်ကြိုဟောကိန်းထုတ်ခဲ့သည့်အတိုင်း ဟူဒီနီမှာ အန္တရာယ်တွေ့ရပြီဟု ကောလာဟလသတင်းများ ဖြန့်ခဲ့ကြသည်။

ဂရေ့(ခ်)ဆေးရုံကြီးမှ ခွဲစိတ်ကုသမားတော်ကြီး ဒေါက်တာကွန်း ခေါင်းဆောင်သောအဖွဲ့သည် ဟူဒီနီအား စနစ်တကျ အသေးစိတ် စစ်ဆေးခဲ့ကြပြီး ကွဲအက်သွားသော အူအပိုင်းကို ခွဲစိတ်ဖယ်ရှားကုသပေးခဲ့သည်။ ဒီတရွိုက်မြို့လူထုသည် သူတို့ချစ်သော ဟူဒီနီအတွက် သောကမအေးဖြစ်ခဲ့ကြသဖြင့် ဂရေ့(ခ်)ဆေးရုံကြီးသို့ သွားရောက် သတင်းမေးစုံစမ်းကြသည်။ ထိုစဉ်က မှတ်တမ်းများအရ ဂရေ့(ခ်)ဆေးရုံကြီးမှာ ပွဲလမ်းသဘင်မျှ စည်ကားသည်ဟု သိရတော့သည်။ ဒေါက်တာကွန်းအဖွဲ့ကလည်း ဟူဒီနီ၏ ဆေးကုသခံယူရမှုနှင့် ပတ်သက်၍ ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ဒေသခံသတင်းစာကြီးများက ထိုသတင်းအပြည့်အစုံကို ဖော်ပြပေးခဲ့သည်။

နိုင်ငံခြားသတင်းကိုယ်စားလှယ်များကလည်း ထိုသတင်းကို ဖြန့်ဝေခဲ့သဖြင့် နိုင်ငံတကာမှထုတ်ဝေသော သတင်းစာများတွင် ဟူဒီနီခွဲစိတ်ကုသခံရသည့်အခြေအနေကို အသေးစိတ် ဖော်ပြပေးခဲ့ရာ နိုင်ငံတကာမှ ဟူဒီနီကို လေးစားသော ပရိသတ်သည် စိုးရိမ်မကင်းဖြစ်ခဲ့ကြရသည်။ ဟူဒီနီအား ခွဲစိတ်ကုဆရာဝန်ကြီးများက အတတ်နိုင်ဆုံး ကွဲအက်သွား

သော အူအပိုင်းအစကို ဖယ်ရှားပေးနိုင်ခဲ့သော်လည်း သွေးအဆိပ်ဖြစ်သဖြင့် အဆိပ်ရည်သည် သွေးကြောထဲသို့ လွန်ခဲ့သော သုံးရက်ခန့်ကပင် စိမ့်ဝင်လျက်ရှိခဲ့လေပြီ။ ဆရာဝန်ကြီးများကမူ ဟူဒီနီကမူ မျှော်လင့်ချက်မရှိတော့။ နာရီပေါင်း (၁၂) နာရီသာ နေရတော့မည်ဟု ခန့်မှန်းသည်။

မွန်တရီအော်မြို့မှ နာမည်ကျော် အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာဂျော့လာဖေးဗာကိုယ်တိုင် လာရောက်ပြီး စစ်ဆေးကြည့်ရှုခဲ့သော်လည်း ဒီတရွိုက်မြို့ ဂရေ့(ခ်)ဆေးရုံကြီးမှ ဆရာဝန်များယူဆသည့်အတိုင်း ယူဆခဲ့သည်။ ဟူဒီနီက စိတ်ဓာတ်မာသူ ဖြစ်သည်။ ဆရာဝန်ကြီးများက လက်လျှော့ထားသည့်အခြေအနေကို ရိပ်မိသည်။ သို့သော် စိတ်မာန်အပြည့်ဖြင့် သေမင်းကို အံပြုသည်။ သေမင်းနှင့်စစ်ခင်းသည်။ (၇) ရက်ရှိလာခဲ့သော်လည်း ဆရာဝန်များပြောသလို ခရီးလွန်နေသောအဆင့်ရောက်နေသည်ဟုဆိုသော မှတ်ချက်မှာ မဖြစ်နိုင်ဟု ဟူဒီနီက ယူဆထားဆဲ ဖြစ်၏။ တနင်္ဂနွေနေ့ရောက်လာသောအခါ ဟူဒီနီမှာ အားအင်ကုန်ခန်းသွားသည့်အခြေအနေ ရောက်ခဲ့သည်။ ဘက်(ခ်)ကလည်း ဟူဒီနီအဖို့ မျှော်လင့်ချက်မရှိတော့ဟု သိခဲ့၏။

ဟူဒီနီသည် သူ့ဇနီးဘက်(ခ်)၏လက်ကို ရုတ်တရက် ဖမ်းကိုင်ထားလိုက်သည်။ သူ့မျက်လုံးများမှာလည်း မျက်ရည်များဝေလျက်ရှိနေသည်။ သူတို့ဇနီးမောင်နှံကိုမြင်ရသော မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများ၊ ဆရာဝန်ကြီးများ၊ သူနာပြုဆရာမများအဖို့ ဖြေဆည်၍မရအောင် ဖြစ်ရတော့၏။

ဟူဒီနီသည် သူ့ဇနီးလက်ကို သူ့နှလုံးသားပေါ်သို့ တင်ထားလိုက်သည်။ သူတို့နှစ်ဦး ယခင်ကထားခဲ့သောကတိကို သတိရလာသည်။ သူတို့နှစ်ဦးအနက် မည်သူ အရင်ကွယ်လွန်သည်ဖြစ်စေ ကွယ်လွန်သူသည် တမလွန်လောကမှ ဝိညာဉ်အဖြစ် လာတွေ့ရန် ဖြစ်သည်။ သူ့ဝိညာဉ်လာရောက်ကြောင်းသိစေရန် 'ရို(စ်)ဘယ်(လ်)' နှင့် 'ယုံကြည်ပါ' ဟူသော စကားဝှက်နှစ်လုံးကို စပြောရန် အချင်းချင်း ကတိပြုထားခဲ့သည်။ ထိုကတိကိုမမေ့ရန် သတိပေးသည်။ ယခု သူကွယ်လွန်သွားခဲ့သော် သူ့ဝိညာဉ်သည် ဘက်(ခ်)ထံလာရောက်၍ ပူးကပ်ပြောမည်ဟု ထပ်မံ ကတိပြုပြန်သည်။

သူနှင့်ခင်မင်သော သမားတော်ကြီးကနေဒီ၊ သူ့ညီများ၊ သူ့ညီမများ၊ ခင်မင်သော မိတ်ဆွေများသည် သူ့ခုတင်ဘေးတွင် ဝိုင်းနေကြပြီး အားပေးကြသည်။ သူ့ဇနီးဘက်(ခ်)မှာ အပြင်းဖျားနေသော်လည်း ဟူဒီနီ အိပ်ရာဘေးမှ တဖွဖွ အားပေးနေရှာ၏။ သူ့ခင်ပွန်းသည် တစ်ခုခုဖြစ်တော့မည်ဟု စိတ်ထင့်နေရှာသည်။ ဟူဒီနီ၏အခြေအနေမှာ စက္ကန့်တိုင်း၊ မိနစ်တိုင်း ဆိုးရွားလာသည်ဟု ထင်ရ၏။ ကြိုးစား၍ စကားပြောနေရာမှ မပြောနိုင်တော့။ ဟိုးဟိုးကျော်ခဲ့ရသော မဟာဟူဒီနီမှာ သူချစ်သောဇနီး၊

သူချစ်သောဆွေမျိုးသားချင်းများ၊ မိတ်ဆွေများ၊ သူချစ်သောပရိသတ်ကို ကျောခိုင်းတော့မည့်အချိန် ရောက်လာခဲ့ပြီ ဖြစ်၏။

ဘက်(ခ်)ကမူ သေမင်းနှင့်အံတုနေသော သူ့ခင်ပွန်းအပေါ် ငုံ့ကြည့်နေမိသည်။ ဟူဒီနီ၏လက်များကိုလည်း ပွေ့ပိုက်ထားသည်။ ဟူဒီနီကမူ စကားမပြောနိုင်သော်လည်း သူ့ဇနီး၏မျက်နှာကို စိုက်ကြည့်နေမိသည်။ ထူးဆန်းနေသည်မှာ ဟူဒီနီ၏မျက်လုံးများသည် ကြည်ကြည်လင်လင် ရှိနေသည်။ သူ့ရောဂါဝေဒနာက ကျွမ်းခဲ့ပြီ ဖြစ်၏။

သူ့မျက်လုံးများ မှိတ်ကျသွားပြီး ဟူဒီနီ အသက်ပျောက်သွားခဲ့လေပြီ။ ထိုအချိန်မှာ နေ့ခင်း (၁) နာရီ (၂၆) မိနစ်။ နေ့ကား အောက်တိုဘာလ (၃၁) ရက်။ ရဟူဒီဘာသာဝင်တို့ (ဂျူး)အလိုအရ ထိုအချိန်ကို ဟော်လိုဝင် (Halloween) ဟု ခေါ်သည်။ ဝိညာဉ်အားလုံး ကမ္ဘာမြေပြင်ပေါ်သို့ ရောက်လာပျော်မြူးသောအချိန်ဟု အဓိပ္ပာယ်ရလေသည်။ ဟူဒီနီ၏ အလောင်းအား ဒီတရွိုက်မြို့မှ နယူးယောက်မြို့သို့ သယ်ယူရန်ပြင်ဆင်ရတော့၏။

နိုဝင်ဘာလ(၂)ရက်နေ့တွင်မူ နယူးယောက်မြို့သူမြို့သားများသည် နယူးယောက်မြို့ ဗဟိုမီးရထားရုံကြီးသို့ စုဝေးရောက်ရှိလာကြသည်။ မြို့သူမြို့သားများသည် ဝတ်စုံနက်များဝတ်ဆင်ထားပြီး ထိုစဉ်က သတင်းစာများတွင် ဖော်ပြသော သတင်းများအရ လူထုပရိသတ် သောင်းချီ၍ရှိခဲ့သည်ဟု ဆိုသည်။ လူထုအားလုံးအဖို့ သောကဝေဒနာကြုံတွေ့နေရသည့်အသွင် ဖြစ်နေကြသည်။ အချို့ ကပွဲရုံများသည် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ပိတ်ထားခဲ့ကြသည်ဟု သတင်းများက ဖော်ပြခဲ့သည်။ သူ၏ ခေါင်းတလားအား ပွဲကျင်းပမည့်အယ်(လ်)အသင်းခန်းမဆောင် (Elks- Club) သို့ မီးရထားဘူတာရုံမှ သယ်ယူသောလမ်းတစ်လျှောက်တွင် ထောင်ပေါင်းသောင်းပေါင်းများစွာသော မြို့သူမြို့သား နယူးယောက်လူထုသည် ပူးဆွေတမ်းတသောမျက်နှာများဖြင့် ကြိုဆိုကြသည်။ လမ်းတစ်လျှောက် အော်ဟစ်ငိုကြွေးနေသော အမျိုးသမီးထုကြီးမှာ မကြည့်ရက်မမြင်ရက်ဖြစ်ရတော့သည်။ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သမိုင်းတွင် မကြုံစဖူး လူအစည်ကားဆုံး ဖြစ်သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့သည်။

ဟူဒီနီကွယ်လွန်ခြင်း အထိမ်းအမှတ် အထူးထုတ်အဖြစ် ထုတ်ဝေခဲ့သော နယူးယောက်ဆန်း(သူရိ)သတင်းစာကြီးမှာ ရောင်းမလောက်အောင် စောင်ရေခုန်တက်သွားသည်။ နယူးယောက်ကမ္ဘာ (The New York World) သတင်းစာကြီးကမူ 'တကယ့်လူတော်လူကောင်း ပဉ္စလက်ဆရာတစ်ဦး ဆုံးရှုံးရခြင်းဖြစ်ပြီး ဤရာစုနှစ်အတွင်း အစားထိုးမရနိုင်တော့ပါ' ဟု ရေးသားခဲ့၏။

အမေရိကန်ပြည်ထောင်စုမှ စောင်ရေအများဆုံးနှင့် ဩဇာတိက္ကမ

အကြီးမားဆုံး သတင်းစာကြီးတစ်စောင်ဖြစ်သော နယူးယောက်တိုင်း(စ်) သတင်းစာကြီးကမူ ဟူဒီနီမှာ အာဂပဉ္စလက်ဆရာဖြစ်သည်သာမက ပဉ္စလက်ပညာကို လူအများနားလည်အောင် နည်းပညာဖြန့်ဝေခဲ့သူ ဖြစ်သည်။ သူလိုလူများ ရှိကောင်းရှိမည်။ သို့သော် ရှားပါးသည်ဟု ရေးသား ဖော်ပြခဲ့၏။ နယူးယောက် နေ့စဉ်ထုတ်သတင်းစာ (The New York Daily News) ကြီးကမူလာမည့် ရာစုနှစ်များလောဟု ရေးသားခဲ့လေသည်။ ဟူဒီနီ၏ အောက်မေ့ဖွယ်အခမ်းအနားကျင်းပနေသည့်အချိန်တွင် ရှာက်ရောက်ကြသော ပရိသတ်အများမှ လူအများ မူးမေ့သွားကြ၏။ ဝမ်းနည်းကြေကွဲမှုကို မထိန်းသိမ်းနိုင်သော ရုပ်ရှင်သရုပ်ဆောင်အချို့မှာလည်း မူးမေ့လဲကျသွားကြသည်ဟု သတင်းများက ဖော်ပြကြ၏။ ဟူဒီနီအား နယူးယောက်မြို့ ဆိုက်ပရပ်တောင်ကုန်း မတ်(ချ်)ပီလ သုသာန်တွင် မြှုပ်နှံခဲ့ကြသည်။

မဟာဟူဒီနီ၏ဘဝသည် ပြည့်ဖုံးကားချခဲ့ပြီဟု ဆိုရမည်ဖြစ်သော်လည်း လူအများထင်သလို မဟုတ်ခဲ့။ သူ့မိတ်ဆွေ ပဉ္စလက်ဆရာများကပင် ဟူဒီနီ တကယ် ကွယ်လွန်ခြင်းမဟုတ်။ မကြာမီအတွင်း ပြန်လာမည်ဟု ယုံကြည်ထားကြသည်။ ဤသတင်းမှာ တောမီးပမာပျံ့နှံ့သွားကြသည်။ သတင်းစာကြီးများကလည်း ထိုသတင်းကို ချဲ့ထွင်ရေးသားကြသဖြင့် လူထုအတွင်း ကောလာဟလသတင်းအမျိုးမျိုး ပြန့်ခဲ့ရတော့သည်။ ဟူဒီနီ သရဲ်ချိုင်းဂူအား စောင့်ကြည့်ကြသည့်လူတွေ ဒုနှင့်ဒေးဖြစ်လာသည်။ ဟူဒီနီ အမှန်တကယ် သေ၊ မသေ ငြင်းခုံသူများ ရှိလာခဲ့သည်။

ဟူဒီနီ အသက်အာမခံထားခဲ့သောကုမ္ပဏီကလည်း လျော်ကြေးငွေကို အလျင်အမြန် ထုတ်ပေးခဲ့သည်။ ဘက်(ခ်)ကမူ သေတမ်းစာအရ ဟူဒီနီ အနှစ်နှစ်အလလ စုဆောင်းထားခဲ့သော စာအုပ်စာတမ်းများ၊ ရှေးဟောင်းပစ္စည်းများအား ပိုင်ဆိုင်ခွင့်ရခဲ့၏။ သို့သော် ဘက်(ခ်)သည် ထောင်ပေါင်းရာပေါင်းများစွာသော စာအုပ်စာတမ်းများကို အမေရိကန်ပြည်ထောင်စု ကွန်ဂရက်(ခ်)လွှတ်တော် စာကြည့်တိုက်ကြီးသို့ လှူဒါန်းခဲ့လေသည်။

ဆိတ်ငြိမ်သော ဟူဒီနီတို့ဇနီးမောင်နှံပိုင်ဆိုင်သော နေအိမ်တွင် တစ်ဦးတည်းကျန်ရစ်ခဲ့သော ဘက်(ခ်)သည် သူ့ခင်ပွန်းသည်၏ ဝိညာဉ်သည် တစ်နေ့လာရောက်ပေလိမ့်မည်ဟု မျှော်လင့်ထားသည်။ တနင်္ဂနွေနေ့တိုင်း ဟူဒီနီ အသက်ပျောက်သောအချိန်၊ သူ့ဝိညာဉ်ခန္ဓာကိုယ်မှ တမလွန်လောကသို့ ထွက်ခွာသွားသောအချိန်ကိုကိုက်ပြီး ဘက်(ခ်)သည် တစ်ယောက်တည်း ဘုရားဝတ်ပြုသည်။ ထိုအချိန်မျိုးတွင် တမလွန်လောကနှင့် ဆက်သွယ်နိုင်သည်ဟု နာမည်ကျော်နေသော နတ်ဝင်သည်များထံသွားပြီး မေးမြန်းသည်။ အချို့နတ်ဝင်သည်တို့သည် ဟူဒီနီ၏အသံနှင့် စကားပြောသည်။ သို့သော် ဟူဒီနီမကွယ်လွန်မီ သူနှင့် ကတိပေးထား

သော လျှို့ဝှက်စကားလုံးကို မပြောနိုင်ကြ။

ဟူဒီနီကွယ်လွန်ခဲ့သည်မှာ တစ်နှစ်နှင့် သုံးလတိတိကြာခဲ့လေပြီ။ သူ့ချစ်ဇနီးဘက်(ခ်)ကမူ သူ့ခင်ပွန်းဖြစ်သူသည် ပေးထားသောကတိအတိုင်း တမလွန်လောကမှ ဝိညာဉ်အဖြစ်ပြန်လာပြီး သူ့အား ဆက်သွယ်လိမ်မည်ဟု မျှော်လင့်ထားဆဲ ဖြစ်သည်။ အချို့ နတ်ဝင်သည်တို့ကလည်း အလိုအလျောက် စာရေးနည်း (Automatic Writing) ဖြင့် ဟူဒီနီနှင့် ဆက်သွယ်နိုင်သည်ဟု ဆိုကြသော်လည်း ဟူဒီနီပေးထားခဲ့သော လျှို့ဝှက်စကားကို မဖော်နိုင်။ သို့ဖြစ်၍ ဘက်(ခ်)အဖို့ မျှော်လင့်ချက်များနည်းလာသည်။

၁၉၂၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် အလွန်ထူးဆန်းသော ဖြစ်ရပ်ဆန်းနှင့် ကြုံရတော့၏။ တမလွန်လောကနှင့်ဆက်သွယ်နိုင်သူဟု နာမည်ကြီးနေသော သိက္ခာတော်ရ ခရစ်ယာန်ဘုန်းတော်ကြီး အာသာဖို့(ဒ်)နှင့်အဖွဲ့သည် ဟူဒီနီနှင့် ဘက်(ခ်)အိမ်သို့ ရောက်လာခဲ့၏။ အာသာဖို့(ဒ်)နှင့်အတူ အမေရိကန်ပြည်ထောင်စု သိပ္ပံပညာမဂ္ဂဇင်းမှ အယ်ဒီတာအဖွဲ့ဝင်များ၊ နယူးယောက်မြို့မှ သန်းကြွယ်သူဌေးကြီးနှစ်ဦး၊ နယူးယောက်ညနေထုတ်သတင်းစာမှ အယ်ဒီတာများနှင့် လူအများလေးစားရသော ပုဂ္ဂိုလ်များ လိုက်ပါလာခဲ့ကြသည်။ ဘက်(ခ်)၏ သဘောတူညီချက်နှင့် သူတို့နေအိမ်ဧည့်ခန်းတွင် ဝိညာဉ်ခေါ်ပွဲ ကျင်းပခဲ့ကြ၏။ အာသာဖို့(ဒ်)သည် မိန်းမောနေသည့်အတွင်း ဒေးဗစ်ဖလက်ချာဆိုသူ၏ ဝိညာဉ် ဝင်ရောက်လာသည်ဟု ဆိုသည်။

ဖလက်ချာ၏အသံနှင့် အမျိုးသမီးကြီးတစ်ဦးရောက်လာကြောင်း၊ ထိုအမျိုးသမီးကြီးက သူသည် ဟူဒီနီ၏မိခင်ဟု ပြောနေကြောင်း၊ သူ့သားသည် သူ့ထံမှ စကားတစ်လုံးရရန် နှစ်ပေါင်းများစွာစောင့်နေခဲ့ရကြောင်း၊ ထိုစကားလုံးမှာ 'ခွင့်လွှတ်ပါ' ဖြစ်ကြောင်း ပြောပြပါသည်။ ဘက်(ခ်)နှင့် ဟူဒီနီတို့ကြား ဆက်သွယ်ရေးတံခါးကြီး ပွင့်လာခဲ့လေပြီ။ ဤဝိညာဉ်ခေါ်ပွဲနှင့်ပတ်သက်၍ သတင်းအချက်အလက်အချို့ကို နယူးယောက်မှ ထုတ်ဝေသော နယူးယောက်ဆန်းသတင်းစာ (Sun) တွင် ဖော်ပြပေးသဖြင့် အမေရိကန်ပြည်ထောင်စု နတ်ဝင်သည်လောကအတွင်း အထူးဂယက်ရိုက်ခဲ့သည်။

အင်္ဂလန်နိုင်ငံမှထုတ်ဝေသော စိတ်စွမ်းအင်သတင်းစာတွင်လည်း ဟူဒီနီ၏ဇနီးဘက်(ခ်)နှင့် အာသာဖို့(ဒ်)၏ ဓာတ်ပုံများကို ဖော်ပြပြီး ယခင်ဟူဒီနီမကွယ်လွန်မီက ကွယ်လွန်သူ သူ့မိခင်ကြီး၏ဝိညာဉ်ထံမှ ပြောသည့်စကားကို ကြားလိုသဖြင့် အမျိုးမျိုး ကြိုးစားခဲ့သည်။ နတ်ဝင်သည်များနှင့်တွေ့ဆုံခဲ့သည်။ ဝိညာဉ်ခေါ်ပွဲပေါင်းများစွာကို တက်ရောက်ခဲ့သော်လည်း ကွယ်လွန်သူမိခင်ကြီးနှင့် ဆက်သွယ်ခွင့်မရ။ ယခုမှပင် စတင် ဆက်သွယ်နိုင်ခဲ့ပြီဟု ရေးသား ဖော်ပြခဲ့ကြသည်။ ဗြိတိသျှမနောသုတေသနအသင်းမှ သုတေသီများ၊ အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းမှ

ပုဂ္ဂိုလ်များကလည်း တအံ့တသြဖြစ်ခဲ့ရသည်။

သို့သော် ကွယ်လွန်သူ ဟူဒီနီထံမှ လျှို့ဝှက်စကားကိုမူ မကြားရသေး။ ဘက်(ခ်)သည် ကိုးလတိုင်တိုင် ဝိညာဉ်ခေါ်ပွဲများကို ကျင်းပခဲ့သည်။ ထိုပွဲများတွင် အာသာဖို့(ဒ်)ကိုယ်တိုင် တက်ရောက်သည်။ ကွယ်လွန်သူ ဖလက်ချာဆိုသူ၏ဝိညာဉ်က အာသာဖို့(ဒ်)အား စီး၍ပြောဆိုသော စကားများတွင် ဟူဒီနီ လျှို့ဝှက်စွာပေးထားသော စကားဝှက်ပါမလာ။ ထူးခြားခြင်းမရှိ ဖြစ်လာခဲ့သည်။

နိုဝင်ဘာလတွင်ကျင်းပသော ဝိညာဉ်ခေါ်ပွဲတွင် ဟူဒီနီပေးထားခဲ့သော လျှို့ဝှက်စကားလုံးဖြစ်သည့် 'ရို(စ်)ဘယ်(လ်)' စ၍ ကြားလာရသည်။ ဘက်(ခ်)အဖို့ ဝမ်းနည်းကြေကွဲမှုဖြစ်ခဲ့ရ၏။ ဤစကားလုံးကလေး တစ်လုံးပေါင်းနိုင်ရန် ရှစ်ကြိမ်တိုင်တိုင် ဖလက်ချာ၏ဝိညာဉ်က အာသာဖို့(ဒ်)အား ဝင်ပူးခဲ့ရသည်ဟု ဆိုသည်။

၁၉၂၉ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့တွင်ကျင်းပသော ဝိညာဉ်ခေါ်ပွဲတွင်မူ စကားလုံးများမှန်မှန် အဓိပ္ပာယ်ရှိရှိပြောနိုင်လာသည်။ ထိုစကားများမှာ -

*'ရို(စ်)ဘယ်(လ်)၊ ဖြေပါ၊ ပြောပါ၊ ရှိခိုးပါ၊ ဖြေပါ၊ ယုံကြည်ပါ၊ ပြောပါ၊ ဖြေပါ၊ ပြောပါ၊ ဖြေပါ'* တို့ ဖြစ်သည်။

ဘက်(ခ်) လပေါင်းများစွာ စောင့်ခဲ့ရသော လျှို့ဝှက်စကားကြားခဲ့ရလေပြီ။ တမလွန်လောကရောက် ဟူဒီနီနှင့် ဆက်သွယ်ရေးမှာ လမ်းပွင့်လာလေပြီ။ သို့သော် ဟူဒီနီဝိညာဉ်နှင့် ဘက်(ခ်)တို့ တိုက်ရိုက်စကားပြောခွင့်ကား မရသေး။ ဤဝိညာဉ်ခေါ်ပွဲသို့ အမေရိကန်ပြည်ထောင်စု စာနယ်ဇင်းလောကမှပုဂ္ဂိုလ်များ၊ သတင်းစာကြီးများမှ သတင်းထောက်များ၊ အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းမှ မနောသုတေသီများ တက်ရောက်ခဲ့သည်။ လူအများရှေ့တွင်ပင် ဟူဒီနီ၏ ဇနီးဖြစ်သူ ဘက်(ခ်)သည် ဟူဒီနီမကွယ်လွန်မီက သူ့အားပေးထားသည့် လျှို့ဝှက်စာကို မီးခံသေတ္တာတွင်းမှထုတ်ယူ၍ အများရှေ့တွင်ပင် ချိတ်ပိတ်ထားသောစာကို ဖွင့်၍ဖတ်ပြသည်။ ဟူဒီနီ၏ လျှို့ဝှက်စကားမှာ 'ရို(စ်)ဘယ်(လ်)ရေ ယုံပါ' ဖြစ်သည်။

ဘက်(ခ်)သည် ချက်ချင်း သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး အာသာဖို့(ဒ်)မှတစ်ဆင့် ကွယ်လွန်သူ ဟူဒီနီ၏ဝိညာဉ်နှင့် ဆက်သွယ်နိုင်ပါပြီဟု ထုတ်ဖော်ပြောသည်။ သတင်းစာကြီးများ၏ သတင်းထောက်များမေးသော မေးခွန်းများကို ရှင်းရှင်းလင်းလင်း ဘက်(ခ်)က ဖြေဆိုခဲ့သည်။ ထိုသတင်းစာရှင်းလင်းပွဲသတင်းနှင့် သတင်းစာကြီးများမှ သတင်းထောက်များနှင့် တွေ့ဆုံပွဲသတင်းကို နယူးယောက်မြို့မှ ညနေထုတ်သတင်းစာကြီးများတွင် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြခဲ့၏။

နောက်တစ်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော

သတင်းစာကြီးများအားလုံး ကွယ်လွန်သူ ပြည်သူ့အချစ်တော် မဟာဟူဒီနီ၏ဝိညာဉ်နှင့် ဆက်သွယ်နိုင်ခဲ့ပြီဟု မျက်နှာဖုံးသတင်းစာအဖြစ် ဖော်ပြခဲ့ကြသည်။ နိုင်ငံခြားသတင်းကိုယ်စားလှယ်များကလည်း သတင်းများကို ချက်ချင်း ဖြန့်ဝေခဲ့ကြသဖြင့် ကမ္ဘာတစ်ခွင်သို့လည်း ဝိညာဉ်ကပြောသော စကားအဖြစ် ဟိုးဟိုးကျော်သွားခဲ့ရသည်။ ဟူဒီနီကွယ်လွန်ခဲ့ရသော်လည်း ဝိညာဉ်ကမသေ။ ဆက်သွယ်လျက်ရှိသည်ဟုဆိုကာ အမေရိကန်ပြည်ထောင်စုပဥ္စလက်ပညာရှင်အသင်းမှ ပဥ္စလက်ဆရာများ၊ ဟူဒီနီအား မြတ်နိုးသူ ပြည်သူအများသည် ဟူဒီနီသင်္ချိုင်းဂူသို့ သွားရောက်၍ စောင့်ကြည့်ကြ၏။ လူတို့ကွယ်လွန်ခဲ့သော်လည်း တမလွန်ဘဝ ရှိသည်။ တမလွန်ဘဝမှ ဝိညာဉ်နှင့် ဆက်သွယ်နိုင်ကြောင်း စသော ကိစ္စတို့မှာ သံသယဖြစ်စရာမရှိအောင် မှန်ကန်နေပြီဟု လူအများက ယူဆလာကြသည်။

ထိုသတင်းသည် အမေရိကန်ပြည်ထောင်စုမှ လူထုအတွင်း ထူးထူးခြားခြား ဂယက်ရိုက်ခဲ့၏။ အချို့ကလည်း ပဥ္စလက်ဆရာများနှင့် နတ်ဝင်သည်တို့သည် အကွက်ဆင်၍ လုပ်ဇာတ်ဆင်ခြင်သာဖြစ်သည်ဟု ဆိုကြသည်။ ဟူဒီနီ၏ ဝိညာဉ်ဝင်ပူးသည်ဟု နာမည်ကျော်ကြား လူသိများခဲ့သော သိက္ခာတော်ရ ခရစ်ယာန်ဘုန်းတော်ကြီး အာသာဖို့(ဒ်)ကိုလည်း အမျိုးမျိုး စွပ်စွဲခဲ့ကြသည်။ သူသည် ယခင်က ဟူဒီနီ ဟောပြောခဲ့သော ပွဲများမှ စကားတစ်စွန်းတစ်စကို ရရှိသွားရာမှ လုပ်ဇာတ်ဆင်ခြင်း ဖြစ်သည်ဟူ၍ ဆိုကြသည်။ နယူးယောက်မြို့မှထုတ်ဝေသော နယူးယောက်ဂရပ်ဖစ်သတင်းစာကမူ ဟူဒီနီ၏ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည်ဆိုသည်မှာ အာသာဖို့(ဒ်) နှင့် ဟူဒီနီတို့၏ လုပ်ကြံဇာတ်လမ်းဆင်မှုသာဖြစ်သည်ဟု ရေးသားဖော်ပြခဲ့သဖြင့် ပွဲဆူလာခဲ့သည်။

ဘက်(ခ်)ကမူ ထိုသတင်းစာများ၏ စွပ်စွဲချက်သည် မှန်ကန်ခြင်း မရှိပါဟု ငြင်းဆိုခဲ့သည်။ သူသည် ခင်ပွန်းဖြစ်သူ၏ ဝိညာဉ်နှင့် အမှန်တကယ် ဆက်သွယ်နိုင်ခဲ့ပါသည်ဟု ထုတ်ဖော်ပြောပြခဲ့သည်။

နှစ်လတာရှည်လာခဲ့သည်။ ဟူဒီနီ၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည်ဆိုသော သတင်းများ မှေးမှိန်လာခဲ့၏။ ဟူဒီနီကွယ်လွန်သောနေ့ရောက်တိုင်း နှစ်ပတ်လည် အထိမ်းအမှတ်ပွဲများ ကျင်းပပြီး ဝိညာဉ်ခေါ်ပွဲများ ပြုလုပ်ခဲ့သည်။ ၁၉၃၆ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်တွင် ဘက်(ခ်)သည် ဟူဒီနီ၏ ဝိညာဉ်ခေါ်ပွဲကျင်းပခဲ့သည်။ ထိုနေ့သည် ဟူဒီနီသေဆုံးပြီး (၁၀) နှစ်မြောက်နေ့ ဖြစ်သည်။ ထိုနေ့တွင် ဘက်(ခ်)သည် ဟူဒီနီ၏မိတ်ဆွေများ၊ စာနယ်ဇင်းသမားများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်ဟု ဆိုသည်။ ဤခေါ်ယူပွဲကျင်းပပြီးနောက် ဟူဒီနီ၏ ဝိညာဉ်ခေါ်ပွဲကျင်းပခြင်း မပြုလုပ်ခဲ့တော့။ ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့ ယှက်သန်းလာခဲ့ပြီဖြစ်သဖြင့် ဟူဒီနီ၏သတင်းသည် မှေးမှိန်သွားခဲ့ရတော့၏။

ဘက်(ခ်)သည် ၁၉၄၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် ကွယ်လွန်ခဲ့ရသည်။ ထိုအချိန်တွင်မူ အမေရိကန်ပြည်ထောင်စုမှာလည်း ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့ပြီဖြစ်သဖြင့် ဘက်(ခ်) ကွယ်လွန်သွားခဲ့ရသည့်သတင်းကို လူသိနည်းခဲ့သည်ဟု ဆိုသည်။

၁၉၅၉ ခုနှစ် နွေဦးရာသီတွင် ကာလီဖိုးနီးယားပြည်နယ်ရှိ ဟူဒီနီနှင့် ဘက်(ခ်)တို့နေအိမ်အနီးတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ တာဝန်ရှိသူများကလည်း ကြိုးစား၍ မီးငြိမ်းသတ်ခဲ့ကြသော်လည်း ဟူဒီနီနှင့် ဘက်(ခ်)တို့၏ စံအိမ်ကြီးမှာ မီးလောင်ကျွမ်းသွားခဲ့ရတော့၏။

ဟူဒီနီ ကွယ်လွန်ခဲ့ပြီးနောက် လူအများကမူ ဟူဒီနီသည် သူ၏ လျှို့ဝှက်သော ပညာရပ်များကို သင်္ချိုင်းအထိ ယူဆောင်သွားလေပြီဟု ယူဆထားကြ၏။ အဘယ်ကြောင့်ဆိုသော် ဟူဒီနီမကွယ်လွန်မီ ရေးသားခဲ့သော (A Magiciam Among the Spirits) **ဝိညာဉ်တို့ကြားက ပဉ္စလက်ဆရာကြီး** အမည်ရှိ စာအုပ်တွင် -

'ကျွန်တော်ရဲ့ လျှို့ဝှက်သော ပဉ္စလက်နည်းများကို ထုတ်ဖော်ရေးသားရလျှင် သင့်တော်ပါသလားဟု ထာဝစဉ် စဉ်းစားမိတယ်။ ဒါပေမယ့် ဒီပညာရပ်တွေဟာ လူသားတွေအတွက် ကောင်းကျိုးမပေးပါ။ လူလိမ် လူမသမာ လူကောက်တွေ ဒီနည်းတွေကိုရသွားရင် လူသားတွေအတွက် အလွန် အန္တရာယ်များပါတယ်။ ဒါကြောင့် ဒါတွေအားလုံးကို သင်္ချိုင်းအထိ ယူသွားတော့မယ်'

ဟု ရေးသားခဲ့၏။

ယင်းစာအုပ်နှင့် အခြားဟူဒီနီ၏ဟောပြောပွဲများတွင် ဟောပြောပို့ချသော စကားများကြောင့် ဟူဒီနီ၏ ပဉ္စလက်ပညာရပ်များနှင့် လျှို့ဝှက်နည်းပညာများသည် သူ့ရုပ်ခန္ဓာနှင့်အတူ တမလွန်လောကသို့ ပါသွားလေပြီဟု လူအများက ယူဆကြ၏။ သို့သော် ဟူဒီနီကွယ်လွန်ပြီး နှစ်အနည်းငယ်အကြာတွင် သူ၏ ပဉ္စလက်ပညာရပ်၏ လျှို့ဝှက်မှာ အတော်အသင့် ဖော်ထုတ်လာခဲ့ကြ၏။ သူ၏ညီ ပဉ္စလက်ဆရာဟာဒင်အမည်ခံ ညီဖြစ်သူ သီယိုကလည်း **ပဉ္စလက်ဆရာတစ်ဦး၏ဘဝ** (Life and History of Harden) စာအုပ်တွင် သူနှင့် သူ့အစ်ကို ဟူဒီနီတို့၏ ပဉ္စလက်နည်းပညာအချို့ကို လည်းကောင်း ရေးသားဖော်ပြခဲ့ပြီး ပဉ္စလက်ဆရာနှင့် သုတေသီ ဝေါ(လ်) တာဘီဂစ်ဆင်ကလည်း (Houdini on Magic) **ဟူဒီနီ၏ ပဉ္စလက်နည်းပညာများ**စာအုပ်နှင့် (Houndini's Escape) **ဟူဒီနီ၏ မဟာလွတ်မြောက်မှုများ** ဟူသော စာအုပ်များတွင် ဟူဒီနီ၏ လျှို့ဝှက်ပဉ္စလက်နည်းများကို ခရေစေ့တွင်းကျ ဖော်ပြခဲ့သည်။ ဝေါ(လ်)တာဘီဂစ်ဆင်ကမူ ဤစာအုပ်များကို ရေးသားရာတွင် ဟူဒီနီကွယ်လွန်ခဲ့ပြီး သူ၏ ရှေ့နေဖြစ်သူက သိမ်းထားခဲ့သော စာရွက်စာတမ်းများ၊ မှတ်စုစာအုပ်များ၊ နေ့စဉ်မှတ်တမ်းများကို အထောက်အထားပြု၍ ရေးသားခဲ့သည်ဟု ဆိုသည်။

ဤကဲ့သို့ စာအုပ်များအပြင် လက်ဆစ်ချိုး၍ ရေတွက်မရသော ဆောင်းပါးများလည်း ထွက်ပေါ်လာသည်။ အခြားပဥ္စလက်ပညာ သုတေသီများရေးသော ဟူဒီနီ၏ ပဥ္စလက်ပညာနှင့် ပတ်သက်သောစာအုပ်များလည်း တန်းစီထွက်လာခဲ့၏။ သို့သော် ဟူဒီနီပြုလုပ်ပြသခဲ့သော ပဥ္စလက်ပြကွက်များသည် သဘာဝနည်းဖြင့် ပြုလုပ်ပြသသည်ဟု ထင်မှတ်ခြင်းမရှိဘဲ နာနာဘာဝအကူအညီနှင့် ပြုလုပ်ပြသသည်ဟု ယုံကြည်နေသူများ ရှိနေပေသည်။

ဟူဒီနီ ကွယ်လွန်ခဲ့သော်လည်း သူ၏အမည်၊ သူ၏ လျှို့ဝှက်နက်နဲသောပညာ၊ သူ၏ အာနိသင်ကား မသေခဲ့။ သူ့ပဥ္စလက်ပြကွက်များကို ကြည့်ဖူးသူတိုင်းကမူ သူသည် အံ့ဖွယ်ကောင်းသော လူထူးလူဆန်းဟု ဆိုကြပါသည်။ ဟူဒီနီကမူ သူ၏ ပဥ္စလက်ပညာအကြောင်း ရှင်းပြသည်ကို နားထောင်သူများကမူ မည်သို့ပင်ဖြစ်စေ ဟူဒီနီ၌ ထူးခြားသော စွမ်းအင်တစ်ခုရှိရမည်ဟု ကောက်ချက်ချသွားလေ့ရှိပေသည်။

ဟူဒီနီသည် ကွယ်လွန်သည်အထိ သူ့ကိုယ်သူ ထူးခြားသောစွမ်းအင်ရှိသောပုဂ္ဂိုလ်ဖြစ်သည်ဟု လူအများမသိစေလိုသောကြောင့် ဖုံးကွယ်ထားခဲ့ခြင်းလော မည်သူမျှ အမှန်မသိရဟု ဆိုကြပါကြောင်း။

*၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ(၂၅)ရက်၊*
*နံနက်(၄)နာရီ။*

လှမိုး (ပညာရေး)

## စာရေးသူ ထုတ်ဝေပြီး အခြားစာအုပ်များ

(၁) မနောသုတေသီများနှင့်တွေ့ဆုံခြင်း
(၂) ကိုယ်တွေ့ဝိညာဉ်လောကနှင့် သဘာဝလွန်ဖြစ်ရပ်များ
(၃) တမလွန်လောကမှ ချစ်ခြင်းမေတ္တာ
(၄) ရှားလော့ဟုမ်းနှင့် လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရဖြစ်ရပ်ဆန်းများ
(၅) ကမ္ဘာကျော်တို့၏ အရှုပ်တော်ပုံ
(၆) ရှမ်ဗဲလားရှာပုံတော်
(၇) ရာဇဝိန္ဒြာနတ်တကိုး
(၈) သမိုင်းကပြောသော ဂမ္ဘီရနယ်မြေများ
(၉) နဂါးတြိဂံနှင့် အတိတ်မှ လောကီလွန်ဖြစ်ရပ်များ
(၁၀) ဒုတိယကမ္ဘာစစ်နှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းပြား
(၁၁) မြန်မာပြည်ရောက် နိုင်ငံတကာစာဆိုများ
(၁၂) ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများနှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ
(၁၃) တိုက်တန်းနစ်၏လျှို့ဝှက်ချက်များ
(၁၄) ကမ္ဘာကျော်ဂန္ထဝင်မှုခင်းများ
(၁၅) ရှားလော့ဟုမ်းနှင့် မနောသုတေသီများ

❐

ပညာရွှေတောင်စာအုပ်တိုက်

# လှထိုး

(ပညာရေး)

မြန်မာပြန်

# ကတ္တီပါခန်းဆီးနောက်ကွယ်မှ
# ပဉ္စလက်ဆရာ



## The Secret Life of HOUDINI

William Kalush and Larry Sloman